ကျမ်းစာအမှတ်စဉ်-၁၄

ဆဋ္ဌသံဂါယနာ ပဉ္စမသန္နိပါတ

ဝိနယပိဋက

# သံဂါယနာအမေးအဖြေ

ဒုတိယအုပ်

(မဟာဝဂ္ဂပါဠိတော် နှင့် စူဠဝဂ္ဂပါဠိတော် အမေးအဖြေများ ပါဝင်သည်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့

သာသနာနှစ် ၂၄၉၈ ကောဇာနှစ် ၁၃၁၆

၂၇၆၀

ကျမ်းစာအမှတ်စဉ်-၁၄

ဆဋ္ဌသံဂါယနာ ပဌမသန္နိပါတ

ဝိနယပိဋက

# သံဂါယနာအမေးအဖြေ

ဒုတိယအုပ်


(မဟာဝါပါဠိတော် နှင့် စူဠဝါပါဠိတော် အမေးအဖြေများ ပါဝင်သည်)


ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့


သာသနာနှစ် ၂၄၉၈ ကောဇာနှစ် ၁၃၁၆



ဆဋ္ဌသံဂီတိ သံဃနာယက အဘိဓဇမဟာရဋ္ဌဂုရု
ကျေးဇူးတော်ရှင် ညောင်ရမ်းဆရာတော်ဘုရားကြီး၏ပုံတော်



ဆဋ္ဌသံဂီတိပုစ္ဆက
အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တသောဘန (မဟာစည်)
ဆရာတော်၏ပုံ



ဆဋ္ဌသံဂီတိဝိသဇ္ဇက
တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ
ဆရာတော်၏ပုံ

# ဆဋ္ဌသံဂါယနာ အမေးအဖြေ

# နိဒါန်း

ဤမည်သော ဆဋ္ဌသံဂါယနာ အမေးအဖြေ ကျမ်းတဆူ ထွက်ပြူလာခြင်း၏ အကြောင်းရင်း နိဒါန်းမှာ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်သော လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာတို့ကို ပေးတော်မူနိုင်သည့် သုတ်,အဘိဓမ္မာ,ဝိနည်း ဒေသနာတော်တို့ကို အနှစ်ငါးထောင်မက ကြာမြင့်သည်တိုင်အောင် တည်ရစ်ရန် အလို့ငှါ အဘိဇဓမဟာရဋ္ဌဂုရု ကျေးဇူးတော်ရှင် ညောင်ရမ်းဆရာတော်ဘုရားကြီးကို အမှူးထား၍ ပြည်ထောင်စု မြန်မာနိုင်ငံ, ယိုးဒယားနိုင်ငံ, သီဟိုဠ်နိုင်ငံ, ကမ္ဘောဒီးယားနိုင်ငံနှင့် လောနိုင်ငံ ပါအဝင် ထေရဝါဒ ဗုဒ္ဓဘာသာ ငါးနိုင်ငံတို့မှ လဇ္ဇီပေသလ သိက္ခာကာမ ပရိယတ္တိဝိသာရဒ ဖြစ်တော်မူကြသော သံဃနာယက, သံဃရာဇာ, သံဃုက္ကဋ္ဌ မထေရ်မြတ်ကြီးတို့ ဦးစီးရှေ့ဆောင်သော သံဂီတိကာရကမထေရ် ၂၅၀၀ ကျော်တို့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရကို သာသနာ့ဒါယကာအဖြစ် အမှီပြု၍ရင်း နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့နှင့် ပြည်ထောင်စု နိုင်ငံတော်သူ နိုင်ငံသားများကို စတုပစ္စယဒါယကာအဖြစ် အမှီပြု၍ရင်း ရန်ကုန်မြို့ သီရိမင်္ဂလာ ကုန်းမြေ ဆဋ္ဌသံဂီတိမဟာပါသာဏ ကျောက်လိုဏ်ဂူတော်ကြီး အတွင်းဝယ် သာသနာနှစ် ၂၄၉၇-ခုနှစ် ကောဇာနှစ် ၁၃၁၆-ခုနှစ် ကဆုန်လပြည့်နေ့မှစ၍ ခြောက်ကြိမ်မြောက် သံဂါယနာသဘင်ကို စတင်တော်မူခဲ့ကြလေသည်။

ဤသို့ ခြောက်ကြိမ်မြောက် သံဂါယနာ တင်တော်မူကြရာဝယ် ရှေးပဌမ သံဂါယနာ တင်တော်မူစဉ် အခါကာလက သံဃမဟာနာယက အရှင်မဟာကဿပ မထေရ်မြတ်ကြီးက တခုတခုသော သိက္ခာပုဒ်, တခုတခုသော တရားဒေသနာတော်ကို "ဘယ်မြို့ ဒေသ ဘယ်ဌာန၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အမှုအခင်း အကြောင်းရင်း ဝတ္ထုကြောင့် ပညတ်ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင် " စသည်ဖြင့် မေးမြန်းတော်မူသောအခါ ဝိနည်းဆိုင်ရာ၌ အရှင်ဥပါလိ မထေရ်မြတ်က ပညတ်ရာဌာန စသည်တို့ကို ရှင်းလင်းစွာ ဖြေကြား၍ သုတ်,အဘိဓမ္မာဆိုင်ရာ၌ အရှင်အာနန္ဒာ မထေရ်မြတ်က ဟောရာဌာန စသည်တို့ကို ရှင်းလင်းစွာ ဖြေကြားတော်မူကြသကဲ့သို့ ဆိုင်ရာဆိုင်ရာ သုတ်, အဘိဓမ္မာ, ဝိနည်း ဒေသနာတို့ကို မေးရန်, ဖြေရန် ကိစ္စအတွက်လည်း ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃ အဖွဲ့ကြီးက ကြိုတင်၍ စီစဉ်ခဲ့လေသည်။

သံဂါယနာတင်ရာ၌ သုတ်, အဘိဓမ္မာ, ဝိနည်းတရားတို့ကို အမေးအဖြေ ပြုလုပ်ရန် တာဝန်ကား လွယ်ကူလှသည် မဟုတ်ချေ၊ ပိဋကက ကျမ်းဂန်အရပ်ရပ်တို့၌

နှံ့စပ် ကျေပြွန် မွေ့နှောက် ချောက်ချားနိုင်သော တိက္ခဉာဏ်, ဇဝနဉာဏ်, ဂမ္ဘီရဉာဏ် ထက်သန်အားကောင်း၍ သံဃပရိသတ် လူပရိသတ် အလည်တွင် နှုတ်တက်ရွရွ တိကျပြတ်သားစွာ ကေသရာဇာ ခြင်္သေ့မင်းကဲ့သို့ ရဲတင်းသောစိတ်ဖြင့် မေးစွမ်းနိုင်, ဖြေစွမ်းနိုင်သော ဗျတ္တ, ပဋိဗလဂုဏ် ကုံလုံကြွယ်ဝသည့် ပုဂ္ဂလဝိသေသတို့၏ အရာသာ ဖြစ်ချေသည်။

သို့ကြောင့်ပင် ဆဋ္ဌသံဂါယနာ ဝန်ဆောင် သံဃအဖွဲ့ကြီးက ပဌမပါရာဇိက သိက္ခာပုဒ်ကို မေးတော်မူရန် ပုစ္ဆကထေရ်အဖြစ် ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇဝန မဟာထေရ်ကို၎င်း ဒုတိယပါရာဇိကမှစ၍ ဝိနယပိဋက သံဂါယနာတင်ပြီးသည်တိုင်အောင် မေးတော်မူရန် ပုစ္ဆကထေရ်အဖြစ် ရန်ကုန်မြို့ သာသနာ့ရိပ်သာ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘနထေရ် (မဟာစည်) ကို၎င်း ပဌမပါရာဇိက သိက္ခာပုဒ်မှစ၍ ဝိနယပိဋက သံဂါယနာ တင်ပြီးသည်တိုင်အောင် ဖြေကြားတော်မူရန် ဝိဿဇ္ဇက ထေရ်အဖြစ် စစ်ကိုင်းမြို့ မင်းကွန်းဓမ္မနာဒတိုက် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက, ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသထေရ်ကို၎င်း ရွေးကောက် တင်မြှောက်တော်မူခဲ့ကြလေသည်။

ဤသို့ ရွေးကောက် တင်မြှောက်ခဲ့သည့်အတိုင်း ဆဋ္ဌသံဂီတိ မဟာပါသာဏ ကျောက်လိုဏ်ဂူတော်ကြီးအတွင်း၌ ထေရဝါဒ ဗုဒ္ဓဘာသာ ငါးနိုင်ငံမှ ကြွရောက်လာကြကုန်သော သံဂီတိကာရက သံဃပရိသတ် လူပရိသတ်တို့၏ အလည်တွင် သံဃမဟာနာယက ဖြစ်တော်မူသော ဘဒ္ဒန္တ ရေဝတာဘိဓဇမဟာရဋ္ဌဂုရု မထေရ်မြတ်ကြီးက သြကာသဒါနကထာ မြွက်ကြားတော်မူ၍ ပုစ္ဆကထေရ်က ပုစ္ဆနဉာတ်ကိုထားပြီးလျှင် ရွှေပလ္လင်ထက်သို့ တက်ခါ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူ၍၎င်း ဝိဿဇ္ဇကထေရ်က ဝိဿဇ္ဇနဉာတ်ကိုထားပြီးလျှင် ဆင်စွယ်ဖြင့်စီအပ်သော ယပ်ဝန်းကို ကိုင်လျက် ရွှေပလ္လင်ထက်သို့ တက်ကာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူ၍၎င်း ရွံ့ရှားခြင်းကင်း ရဲတင်းသော စိတ်ဖြင့် ရှေးရှေးသော သံဂါယနာ အစဉ်အလာနှင့် အညီ မြတ်စွာဘုရား၏ **အာဟစ္စဘာသိတ** ဒေသနာတော်တို့ကို ပါဠိမြန်မာ နှစ်ဘာသာတို့ဖြင့် တိကျပြတ်သားရှင်းလင်းစွာ နှုတ်တက်ရွရွ မေးဖြေတော်မူခဲ့ကြလေပြီ၊ မေးဖြေတိုင်းသော ဒေသနာ အစဉ်တို့ကိုလည်း နိုင်ငံတော်အသံလွှင့်ဌာနမှ အသံသွင်းစက်ဖြင့် အသံသွင်းယူပြီးလျှင် မြန်မာ့အသံမှ တဆင့် အသံလွှင့်ခဲ့လေသည်၊ ထိုသို့ အသံလွှင့်ခဲ့သည်ကို ကြားနာကြရသော ရဟန်းရှင်လူ အပေါင်းတို့သည် အားရတင်းတိမ်ခြင်း မရှိကြသဖြင့် ကျမ်းစာအုပ်တဆူအနေ စက်တင်ပုံနှိပ် ထုတ်ဝေပါရန် တောင်းပန်ကြလေသည်၊

နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့ကလည်း ပိဋကတော်၏ အဆီအနှစ် သဖွယ် ဖြစ်သော ဤ သံဂါယနာ အမေးအဖြေတို့ကို မပျောက်မပျက်ရန် အလို့ငှါ၎င်း

လေ့လာကျင့်သုံး ပွါးများလိုကြသူဘို့အတွက် လွယ်လင့်တကူ ကြည့်ရှု နိုင်ရန် အလို့ ငှါရင်း

၁။ ကျမ်းစာအုပ်အဖြစ် စက်ဘင်ပုံနှိပ်ရန်

၂။ ဓါတ်ပြားသွင်းရန်

အစီအစဉ် ရှိခဲ့သည့်အတိုင်း အမေးအဖြေ ဒေသနာတော် အသံတို့ကို အသံသွင်းဓာတ်ကြိုးမှ ကူးယူ၍ စက်ဘင်ပုံနှိပ်ခဲ့သောကြောင့် သံဂါယနာ အမေးအဖြေ ဟူသော ဤကျမ်းစာတဆူ ထွက်ပြူလာခဲ့ခြင်း ဖြစ်ပါသည်၊

အထူးအားဖြင့် ဤသံဂါယနာ အမေးအဖြေကျမ်း၌ ဆရာတော်နှစ်ပါးမေးဖြေတော်မူကြသော အချက်အလက် များမှာ နာရီပိုင်းမျှ အခွင့်ရသော အချိန်ကာလအတွင်း၌ "အမြတ်ရတနာ အစုအပုံထည်းမှ သင့်ရာသင့်ရာ ရတနာတို့ကို ထုတ်ဆောင်ပြသကဲ့သို့" ဆိုင်ရာဆိုင်ရာ ပိဋကတို့မှ အရေးကြီးသော အချက်အလက်များကိုသာ အချိန်ကာလနှင့် နှိုင်းချိန်၍ မေးဖြေတော် မူကြခြင်း ဖြစ်ပါသောကြောင့် ထို့ထက် ကျယ်ဝန်းပြည့်စုံသော အနက်အဓိပ္ပါယ် မြတ်စွာဘုရား၏ စကားတော်များကို သိလိုကြပါသော သူတော်စင် အပေါင်းတို့သည် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့မှ ပုံနှိပ် ထုတ်ဝေ ဖြန့်ဖြူးလျက်ရှိပြီဖြစ်ပါသော ပိဋကမြန်မာပြန်ကျမ်းကြီးများ၌ ဘတ်ရှုကြည်ညိုနိုင်ကြပါသည်၊

သို့ဖြစ်၍ အံ့ဘွယ် ရှစ်ပါးနှင့် ပြည့်စုံသော မဟာသမုဒ္ဒရာအတွင်း၌ နစ်မြုပ်၍ နေကြကုန်သော ရတနာ ခုနစ်ပါးတို့ကို ယူဆောင်၍ ပြလိုက်သကဲ့သို့ အံ့ဘွယ် ရှစ်ဖြာ သာသနာမှ ဝိမုတ္တိရသ အမတ်မြိုက် ချမ်းသာတည်းဟူသော အဆီအနှစ် ဒေသနာတို့ကို ထုတ်ဆောင်၍ ပြရာဖြစ်သော ဤ **သံဂါယနာ အမေးအဖြေ** ကျမ်းကို ရဟန်းရှင်လူ ခပ်သိမ်းသူတို့ ဘတ်ရှုလေ့လာ ကျင့်သုံးနိုင်ကြ ပါစေကုန်သတည်း။

**[ပုံ] အသျှင်နာဂဝံသာဘိဝံသ**

**[ပုံ] အသျှင်ဝိသုဒ္ဓါဘိဝံသ**

**အကျိုးတော်ဆောင်ဆရာတော်များ**

**ဆဋ္ဌသံဂါယနာဝန်ဆောင်သံဃအဖွဲ့**

**၁၃၁၇-ခု၊ ဒုတိယဝါဆိုလဆန်း ၇-ရက် အင်္ဂါနေ့**

## ဆဋ္ဌသံဂါယနာ အမေးအဖြေ
## ဝိနယပိဋက မဟာဝါပါဠိတော် အမေးအဖြေ
# မာတိကာ


အကြောင်းအရာ ... စာမျက်နှာအမှတ်

သံဂါယနာ အမေးအဖြေ စကားချီး .... .... .... ၁

**၁–မဟာခန္ဓက**

မဟာဗောဓိပင်၌ စံတော်မူခဏ်း .... .... .... ၃
အဇပါလ ညောင်ပင်၌ စံတော်မူခဏ်း .... .... .... ၄
မုစလိန္ဒာ ကျည်းပင်ရင်း၌ စံတော်မူခဏ်း.... .... .... ၄
လင်းလွန်းပင်ရင်း၌ စံတော်မူခဏ်း .... .... .... ၅
တရားမဟောရန် စိတ်တော်ယိမ်းပုံ .... .... .... ၆
သဟမ္ပတိ ဗြဟ္မာ တောင်းပန်ခဏ်း .... .... .... ၇
ဓမ္မစကြာ တရားဦး ဟောခဏ်း .... .... .... ၉
သံဃရတနာ စတင်ပေါ်လာခဏ်း .... .... .... ၁၀
တရားဟော လွှတ်တော်မူခဏ်း .... .... .... ၁၂
သရဏဂုံဖြင့် ရဟန်းအဖြစ် ခွင့်ပြုတော်မူခဏ်း .... .... ၁၃
ကျောင်းအရာမ်များ အလှူခံခွင့်ပြုခဏ်း .... .... ၁၄
သာဝကကြီး နှစ်ပါး ရဟန်းပြုတော်မူခဏ်း .... .... ၁၆
ဥပဇ္ဈာယ်ဆရာ ခွင့်ပြုတော်မူခဏ်း .... .... .... ၂၀
ဉတ်ကမ္မဝါစာဖြင့် ရဟန်းအဖြစ် ခွင့်ပြုခဏ်း .... .... ၂၁
ရဟန်းခံရာ၌ မှတ်ဘွယ်ရာ အခဏ်း .... .... .... ၂၃
ဥပဇ္ဈာယ်ဆရာ မလုပ်ရန် တားမြစ်ခဏ်း .... .... .... ၂၆
နိဿယည်း ဆရာ ခွင့်ပြုခဏ်း .... .... .... .... ၂၈
ရှင်ပြု, ရဟန်းခံ မပေးရန် တားမြစ်ခဏ်းများ .... .... ၂၉

**၂–ဥပေါသထက္ခန္ဓက**

ဥပုသ်နေ့များ၌ တရားဟောရန် ခွင့်ပြုခဏ်း .... .... ၄၆

| အကြောင်းအရာ | စာမျက်နှာအမှတ် |
|---|---|
| **၂-ဥပေါသထက္ခန္ဓက** | |
| ပါတိမောက်ပြရန် ခွင့်ပြုခဏ်း .... .... .... .... | ၄၇ |
| သိမ်သမုတ်ရန် ခွင့်ပြုခဏ်း .... .... .... .... | ၄၈ |
| ဥပုသ်အမျိုးအစားများ .... .... .... .... | ၄၉ |
| **၃-ဝဿူပနာယိကက္ခန္ဓက** | |
| ဝါဆိုဘို့ရန် ပညတ်ခဏ်း .... .... .... .... | ၅၂ |
| ဝါပန်နိုင်ရန် ခွင့်ပြုခဏ်း .... .... .... .... | ၅၄ |
| ဝါမဆိုကောင်းသည့် နေရာများ .... .... .... | ၅၈ |
| **၄-ပဝါရဏာက္ခန္ဓက** | |
| ပဝါရဏာပြုရန် ခွင့်ပြုခဏ်း .... .... .... .... | ၆၂ |
| **၅-စမ္မက္ခန္ဓက** | |
| ဘိနပ်စီးရန် စတင်ခွင့်ပြုပုံ (သောဏမထေရ်ဝတ္ထု).... .... | ၆၇ |
| အလုံးစုံညိုသော ဘိနပ်စသည်ကို တားမြစ်တော်မူပုံ .... | ၇၀ |
| ဘွတ်ဘိနပ်စသည်ကို တားမြစ်တော်မူပုံ .... .... .... | ၇၂ |
| သစ်သားဘိနပ်စသည်ကို တားမြစ်တော်မူပုံ .... .... | ၇၃ |
| သက်ရှိ ယာဉ်စီနင်းခြင်းကို တားမြစ်တော်မူပုံ .... .... | ၇၄ |
| မကျန်းမာသူအား ယာဉ်စီးခွင့်ပြုပုံ .... .... .... | ၇၅ |
| မြင့်သောနေရာ မြတ်သောနေရာကို တားမြစ်ပုံ .... .... | ၇၆ |
| နွားရေကို တားမြစ်တော်မူပုံ .... .... .... .... | ၇၆ |
| ပစ္စန္တရစ် ဇနပုဒ်များ၌ အထူးခွင့်ပြုချက် ငါးရပ် .... .... | ၇၈ |
| **၆-ဘေသဇ္ဇက္ခန္ဓက** | |
| ထောပတ် စသည့် ဆေးငါးမျိုး ခွင့်ပြုခြင်း .... .... | ၈၂ |
| အမြစ် ဆေး စသည်များ ခွင့်ပြုခြင်းနှင့် ကိုယ်တိုင် ချက်ပြုတ်မှုကို တားမြစ်ခြင်း | ၈၃ |

အကြောင်းအရာ စာမျက်နှာအမှတ်

### ၆-ဘေသဇ္ဇက္ခန္ဓက


လူသားကို ပယ်မြစ်ခြင်း (သုပ္ပိယာ အမျိုးသမီးဝတ္ထု) .... ၈၄
ဆင်သား, မြင်းသားတို့ကို ပယ်မြစ်ခြင်း .... .... .... ၈၇
ခွေးသား, မြွေသားတို့ကို ပယ်မြစ်ခြင်း .... .... .... ၈၈
ခြင်္သေ့သား, ကျားသား စသည်ကို ပယ်မြစ်ခြင်း .... ၈၉
တင်လဲခဲကို ခွင့်ပြုခြင်း .... .... .... .... .... ၉၀
ရည်စူး၍ သတ်ဖြတ်သော အသားကို တားမြစ်၍ .... ၉၁
ပံသုကူအသားကို စားခွင့်ပြုခြင်း
ခရီးဆောင် ရိက္ခာခွင့်ပြုပုံ (မေဏ္ဍက သူဌေးဝတ္ထု).... .... ၉၄
အဖျော်ရှစ်ပါး ခွင့်ပြုပုံ (ကေဏိယ ရသေ့ဝတ္ထု).... .... ၉၆
ဟင်းရွက်, ဟင်းသီး မုံ့ခဲဖွယ်များကို ခွင့်ပြုခြင်း .... .... ၉၇
(ရောဇမလ္လာမင်းဝတ္ထု)
မကောင်းသော အမှုကို ပြုလုပ်ရန် မနှိုးဆော်ရ ဟု ပယ်မြစ်ခြင်း ၉၈
(တောထွက်ရဟန်းကြီး သုဘဒ်ဝတ္ထု)
သံဃိကမြေ, ပုဂ္ဂလိကမြေ၌ စိုက်ပျိုးသော အသီးအနှံ ခွဲဝေပုံ ၉၉
ဝိနည်းဆိုင်ရာ မဟာပဒေသကြီး လေးပါး .... .... ၁၀၀
ကာလလေးပါး ပစ္စည်းများကို ရောနှောလျှင် သုံးဆောင်ရမည့် ၁၀၁
ကာလ


### ၇-ကထိနက္ခန္ဓက


ကထိန်သင်္ကန်း ခွင့်ပြုခဏ်း .... .... .... .... ၁၀၄


### ၈-စီဝရက္ခန္ဓက


ဒါယကာတို့ လှူဒါန်းသော သင်္ကန်းကို စတင် ခွင့်ပြုပုံ .... ၁၀၆
(သမားတော် ဇီဝကဝတ္ထု)
သင်္ကန်း ဆိုးရည် ၆-ပါး ခွင့်ပြုပုံ .... .... .... .... ၁၀၇
မအပ်သော သင်္ကန်း ပယ်မြစ်ခြင်း .... .... .... ၁၀၈
သင်္ကန်း ချုပ်လုပ်ပုံ .... .... .... .... .... ။

အကြောင်းအရာ — စာမျက်နှာအမှတ်

**၈–စီဝရက္ခန္ဓက**

သင်္ကန်းကို ဖာထေး၍ ဝတ်သော ရဟန်းအား ချီးကျူးခြင်း.... ၁၁၀
ဝိသာခါအား ဆုရှစ်မျိုး ခွင့်ပြုခြင်း .... .... .... ၁၁၁
သဒ္ဓါဒေယျ ပစ္စည်းများ ခွင့်ပြုခြင်းနှင့် တားမြစ်ခြင်း .... ၁၁၄
ဝါမဆိုသည့်ကျောင်းမှ သင်္ကန်းဝေစုကို မခံယူရခြင်း .... ၁၁၅
မကျန်းမာသော ရဟန်းအား စောင့်ရှောက်ပြုစုရန် ပညတ်ခြင်း ၁၁၇
အဝတ် မဝတ်သည့် အကျင့်ကို တားမြစ်ခြင်း .... .... ၁၁၉
မအပ်သော သင်္ကန်းများ .... .... .... .... ၁၂၀
အင်္ကျီ နှင့် ခေါင်းပေါင်း ပယ်မြစ်ခြင်း .... .... .... ၁၂၂

**၉–စမ္ပေယျက္ခန္ဓက**

ကဿပဂေါတ္တ မထေရ် အကြောင်း .... .... .... ၁၂၄

**၁၀–ကောသမ္ဗကက္ခန္ဓက**

ကောသမ္ဗီပြည်၌ သံဃာအဓိကရုဏ်းမှုကြီး ဖြစ်ခြင်း .... .... ၁၂၇
ဘုရားရှင် ချပေးသည့် ညီညွတ်ရေးလမ်းစဉ်
သံဃသာမဂ္ဂီ ပြုရန်နှင့် သာမဂ္ဂီ ဥပုသ်ပြုရန် ခွင့်ပြုတော်မူခြင်း .... ၁၃၀

**မဟာဝါပါဠိတော် အမေးအဖြေ ပြီး၏**

## စူဠဝါပါဠိတော် အမေးအဖြေ

# မာတိကာ

အကြောင်းအရာ — စာမျက်နှာအမှတ်


**၁–ကမ္မက္ခန္ဓက**

တဇ္ဇနီယ ကံ ခွင့်ပြုခဏ်း .... .... .... .... ၁၃၃
တဇ္ဇနီယ ကံ ပြေငြိမ်းကြောင်း ကျင့်ဝတ် (၁၈)ပါး .... ၁၃၄
နိယဿ ကံ ခွင့်ပြုခဏ်း .... .... .... .... ၁၃၆
နိယဿ ကံ ပြေငြိမ်းကြောင်း ကျင့်ဝတ် (၁၈)ပါး .... ၁၃၇
ပဗ္ဗာဇနီယ ကံ ခွင့်ပြုခဏ်း
(အဿဇိ ပုနဗ္ဗသုက ရဟန်းတို့၏ သာသနာဖျက် လမ်းစဉ်များ) ၁၃၈
ပဋိသာရဏီယ ကံ ခွင့်ပြုခဏ်း
(စိတ္တသူကြွယ်နှင့် အရှင်သုဓမ္မထေရ် ဝတ္ထု) .... .... ၁၄၀
ကိုယ်စားလှယ်နှင့် ဝန်ချဘို့ ခွင့်ပြုခဏ်း .... .... .... ၁၄၃
ပဋိသာရဏီယ ကံ ငြိမ်းအေးစေကြောင်း ကျင့်ဝတ် (၁၈) ပါး ၁၄၅
ဥက္ခေပနီယ ကံ သုံးမျိုး
(၁) အာပတ်ကို မရှုခြင်း (၂) မကုစားခြင်းကြောင့် .... ၁၄၆
ဥက္ခေပနီယ ကံ ခွင့်ပြုခြင်း
ကျင့်ဝတ် (၄၃)ပါး .... .... .... .... .... ၁၄၇
ကျင့်ဝတ်ကို လိုက်နာသဖြင့် ကံ ပြေငြိမ်းခွင့် ပြုခြင်း .... ၁၄၈
(၃) ယုတ်မာသော အယူမှားကို မစွန့်၍ ဥက္ခေပနီယ ကံ ပြုခြင်း ၁၄၉
ကံ ပြေငြိမ်းကြောင်း ကျင့်ဝတ်(၄၃)ပါး .... .... .... ၁၅၀

**၂–ပါရိဝါသိကက္ခန္ဓက**

ပရိဝါသ် မာနတ် ကျင့်နေဆဲ ရှိခိုးခြင်း စသည်ကို မခံရခြင်း .... ၁၅၂
ကျင့်ဝတ် (၉၄)ပါး .... .... .... .... .... ၁၅၃

**၃–သမုစ္စယက္ခန္ဓက**

အာပတ် အကျဉ်းချုပ် .... .... .... .... ၁၅၄

အကြောင်းအရာ စာမျက်နှာအမှတ်

၄-သမထကဏ္ဍက

မျက်ကွယ်၌ နိဂ္ဂဟ ကံ (၇) မျိုး မပြုရခြင်း .... .... ၁၅၅
သတိ ဝိနည်းပေးခဏ်း (အရှင်ဒဗ္ဗ မထေရ်ဝတ္ထု) .... .... ၁၅၆
တရားသဖြင့် သတိ ဝိနည်းပေးခြင်း ငါးမျိုး .... .... ၁၆၁
အမူဠ္ဌ ဝိနည်း ပေးခြင်း ခွင့်ပြုခဏ်း (ဂဂ္ဂ ရဟန်းဝတ္ထု) .... ၁၆၂
အမူဠ္ဌ ဝိနည်း မတရားပေးခြင်း သုံးမျိုး .... .... ၁၆၄
တရားသဖြင့် ပေးခြင်း သုံးမျိုး.... .... .... .... ၁၆၆
ဝန်မခံဘဲ နိဂ္ဂဟ ကံများ မပြုရခြင်း .... .... .... ၁၆၇
တရားမဝင်သော ဝန်ခံမှုများ .... .... .... .... ၁၆၈
တရားဝင်သော ဝန်ခံမှုများ .... .... .... .... ၁၆၉
ယေဘုယျသိကာ ဝိနည်း ခွင့်ပြုခဏ်း .... .... .... ၁၇၀
ဓမ္မဝါဒီ မဲများရာဖြင့် ဆုံးဖြတ်ရပုံ .... .... .... ၁၇၁
မတရား မဲပေးခြင်း ဆယ်မျိုး .... .... .... .... ၁၇၃
တရားသဖြင့် မဲပေးခြင်း ဆယ်မျိုး .... .... .... ၁၇၅
တဿပါပိယသိကာ ဝိနည်းကို ခွင့်ပြုခဏ်း .... .... ၁၇၅
တရားဝင်သော ကံ ပြုခြင်း ငါးမျိုး .... .... .... ၁၇၆
ကံ အပြုခံရသော ပုဂ္ဂိုလ်၏ ကျင့်ဝတ်(၁၈)ပါး .... .... ၁၇၇
အဓိကရဏ်း လေးပါး .... .... .... .... .... ၁၇၈
ဝိဝါဒါဓိကရဏ်း၏ အကြောင်းရင်း မူလ .... .... .... ၁၇၉
အနုဝါဒါဓိကရဏ်း၏ အကြောင်းရင်း မူလ .... .... ၁၈၀
အာပတ္တာဓိကရဏ်း၏ အကြောင်းရင်း မူလ .... .... ၁၈၁
ကိစ္စာဓိကရဏ်း၏ အကြောင်းရင်း မူလ .... .... .... ၁၈၃

၅-ခုဒ္ဒကဝတ္ထုကၡန္ဓက

ရေချိုးရာ၌ ပယ်ပြစ်မှု နှင့် ခွင့်ပြုမှုများ .... .... .... ၁၈၄
လက်ဝတ်တန်းဆာ စသည်ကို တားမြစ်ခြင်း .... .... ၁၈၆
ဆံရှည်ထားမှုကို တားမြစ်ခြင်း .... .... .... .... ၁၈၇
ဆံပင်ကို ဖီးလိမ်းမှု မပြုရ .... .... .... .... ၁၈၈
မှန် မကြည့်ရန် ပညတ်ခြင်း .... .... .... .... ၁၈၉

အကြောင်းအရာ စာမျက်နှာအမှတ်

၅-ခုဒ္ဒကဝတ္ထုက္ခန္ဓက

အနာရောဂါရှိလျှင် မှန် ကြည့်ရန် ခွင့်ပြုခြင်း .... .... ၁၉၀
ပေါင်ဒါ, မျက်နှာချေစသည် မလိမ်းကျံရခြင်း .... .... ၁၉၁
ပွဲလမ်းသဘင်များကို တားမြစ်ခြင်း .... .... .... ၁၉၂
အာပတ်သင့်သော အချက်, မသင့်သော အချက်ကို ခွဲပြခြင်း ၁၉၂
တရားတော်ကို သီခြင်းလို မဆိုရခြင်း .... .... .... ၁၉၄
သီချင်းလို သီဆိုမှု၌ အပြစ်ငါးပါး ॥
သစ်သားသပိတ် တားမြစ်ခဏ်း .... .... .... .... ၁၉၆
ရာဇဂြိုဟ်ပြည်၌ အရှင်ပိဏ္ဍောလ မထေရ် တန်းခိုးပြခြင်း .... ॥
သံသပိတ်နှင့် မြေသပိတ်ကိုသာ ခွင့်ပြုခြင်း — .... ၁၉၈
သပိတ်သိမ်းဆည်းမှု နှင့် စပ်ဆိုင်ရာများ .... .... .... ၁၉၉
လူခေါင်းခွံ သပိတ်ပြုလုပ်မှုနှင့် အလုံးစုံ ပံ့သုကူစုတင် ဆောင်မှုများ ၂၀၀
စားကြွင်း, စားဖတ်, အရိုးအရင်းများ .... .... .... ၂၀၁
ဘိနပ်ထည့်စရာ အိတ် ခွင့်ပြုခြင်း .... .... .... ၂၀၂
ရေစစ်နှင့် စပ်ဆိုင်ရာများ (ခရီးသွား ရဟန်းနှစ်ပါးဝတ္ထု) .... ၂၀၃
ပန်းမွေ့ရာ၌ အိပ်ခွင့်မပြုခြင်း .... .... .... .... ၂၀၅
တခွက်တည်းစား, တအိပ်ရာထည်း အိပ်ခြင်းများ .... .... ॥
ယပ်တောင် သုံးမျိုး ခွင့်ပြုခြင်း .... .... .... .... ၂၀၆
လက်သည်း, ခြေသည်း အရှည်မထားရခြင်း .... .... ၂၀၇
ဆံပင်ကို ကတ်ကျေးဖြင့် မဖြတ်ရခြင်း .... .... .... ၂၀၉
နှာခေါင်းမွေး အရှည်မထားရခြင်း .... .... .... ၂၁၀
နားဖာကလော် ဆယ်မျိုး ခွင့်ပြုခြင်း .... .... .... ॥
သက်နိုး အာယောဂပတ် ဖွဲ့၍ထိုင်မှု .... .... .... ၂၁၁
ခါးပန်းကြိုး မပါဘဲ မသွားရခြင်း .... .... .... ၂၁၂
လူဝတ်ကြောင်တို့ကဲ့သို့ ဝတ်,ရုံ ဆင်မြန်းမှုများ တားမြစ်ခြင်း ၂၁၃
ဆိုင်း,ထမ်းပိုးဖြင့် ထမ်းဆောင်မှု တားမြစ်ခြင်း .... .... ၂၁၄
ရုပ်ဝါဒ ကျမ်းများကို သင်ကြား,ပို့ချမှု တားမြစ်ခြင်း .... ၂၁၅
တိရစ္ဆာနဝိဇ္ဇာ အတတ်ပညာရပ်များကို တာမြစ်ခြင်း .... ၂၁၇

အကြောင်းအရာ စာမျက်နှာအမှတ်

**၅-ခုဒ္ဒကဝတ္ထုက္ခန္ဓက**

ချေးဆတ်ရာ၌ ဇီဝတု အသက်ရှည်ပါစေ(ဆိတ်ဖွား) ဟု ဆိုကြမှု .... ၂၁၇
ကျင်ကြီး,ကျင်ငယ် စည်းကမ်းမရှိ စွန့်မှုများ .... .... ၂၁၉
ခုဒ္ဒကဝတ္ထုက္ခန္ဓက၌ အာပတ် အကျဉ်းချုပ် .... .... ၂၂၀

**၆-သေနာသနက္ခန္ဓက**

ကျောင်းငါးမျိုး ခွင့်ပြုခြင်း .... .... .... .... ၂၂၁
ရာဇဂြိုဟ်သူဌေး၏ နေ့ချင်းပြီး ကျောင်းပေါင်းခြောက်ဆယ် ၂၂၂
ကျောင်းလှုပတင့်တယ်စေမှု၌ ပယ်မြစ်ချက်နှင့် ခွင့်ပြုချက် ၂၂၄
သီတင်းကြီး ပုဂ္ဂိုလ်အား ဦးစားပေး၍ ရှိသေရန် ခါမင်းဝတ္ထု ဟောခြင်း .... .... ၂၂၅
ရဟန်းတပါးတည်း နှစ်ကျောင်း လက်ခံမှု .... .... ၂၂၇
သီတင်းငယ်ဆရာနှင့် သီတင်းကြီးတပည့် နေထိုင်နည်း .... ၂၂၈
တန်းတူနေထိုင်ရေး ခွင့်ပြုခြင်း .... .... .... ၂၃၀
ခုတင်တခု, အင်းပျဉ်တခု၌ နှစ်ပါးသာ နေထိုင်ခွင့်ပြုခြင်း .... ၂၃၁
နေရာဆန့်လျှင် နေထိုင်ခွင့်ပြုခြင်း .... .... .... ၂၃၂
ဂရုဘဏ္ဍ ပစ္စည်းကို မပေးကမ်းနိုင်ခြင်း .... .... .... ၂၃၃
ဂရုဘဏ္ဍ ပစ္စည်းကို ဝေဘန်ခွဲခြမ်းမှု မပြုနိုင်ခြင်း .... .... ၂၃၄
သံဃိက ကျောင်းပစ္စည်းကို လှူဒါန်းရာမှ အခြားဌာန၌ မသုံးစွဲနိုင်ခြင်း .... ၂၃၆
ဘိနပ်စီးခြင်း စသည်ဖြင့် အိပ်ရာ,နေရာပေါ် သို့ မတက်ရခြင်း.... ။
စည်းကမ်းမရှိ တံတွေးထွေးမှု, မှီ၍ ထိုင်မှု မပြုရခြင်း .... ၂၃၇
သေနာသနက္ခန္ဓက၌ အာပတ် အကျဉ်းချုပ် .... .... ၂၃၈

**၇-သံဃဘေဒက္ခန္ဓက**

သာကီဝင် မင်းသား ခြောက်ဦးနှင့် ဥပါလိ ရဟန်းပြုခဏ်း .... ၂၄၀
ပကာသနီယ ကံ ခွင့်ပြုခြင်း .... .... .... .... ၂၄၁
ပကာသနီယ ကံကို ကျေညာစေခြင်း .... .... .... ၂၄၃

| အကြောင်းအရာ | စာမျက်နှာအမှတ် |
|---|---|
| **၇–သံဃဘေဒက္ခန္ဓက** | |
| ဒေဝဒတ် ကျောက်တုံးလှိမ့်ချခြင်း .... .... .... | ၂၄၄ |
| တိက ဘောဇဉ် ပညတ်ခြင်း .... .... .... .... | ၂၄၅ |
| သံဃာသင်းမခွဲရန် ဩဝါဒ ပေးတော်မူခြင်း .... .... | ၂၄၆ |
| မေ့သံဝေဂ ဥဒါန်း ကျူးရင့်တော်မူခြင်း .... .... .... | ၂၄၇ |
| နောက်လိုက် ရဟန်းတို့အား ထုလ္လစ္စည်း အာပတ် ပညတ်ခြင်း | ၂၄၈ |
| ဒေဝဒတ်၏ နောက်ပိုင်းဖြစ်ထွေ .... .... .... .... | ။ |
| သံဃာကွဲပြားခြင်း, အက်ကြောင်းထင်ခြင်း နှစ်မျိုးရှင် းပြချက် | ၂၅၃ |
| သံဃာ ကွဲပြားပြီ ဟု ဆိုရသည့် အခြေအနေ .... .... | ၂၅၄ |
| သံဃာ ညီညွတ်နေသည့် အခြေအနေ .... .... .... | ၂၅၅ |
| သံဃာ သင်းခွဲမှု အပြစ်ကြီး .... .... .... .... | ၂၅၆ |
| သံဃာ ညီညွတ်အောင် ပြုလုပ်မှု အကျိုး .... .... | ၂၅၇ |
| အာပတ် အကျဉ်းချုပ် .... .... .... .... .... | ။ |
| **၈–ဝတ္တက္ခန္ဓက** | |
| အာဂန္တုက (ဧည့်သည်)ရဟန်းတို့၏ ကျင့်ဝတ်များ .... | ၂၅၈ |
| အာဝါသိက(ကျောင်းရှင်)ရဟန်းတို့၏ ကျင့်ဝတ်များ .... | ၂၆၀ |
| ခရီးသွားဆဲ ရဟန်းတို့၏ ကျင့်ဝတ်များ .... .... .... | ၂၆၃ |
| ဆွမ်းကျွေးရာ၌ တရားဟောကြားရန် ခွင့်ပြုခြင်း .... .... | ၂၆၄ |
| ဆွမ်းစားရာဌာန၌ ကျင့်ဝတ်များ .... .... .... | ၂၆၅ |
| ကျောင်း၌ ပြုလုပ်ဖွယ် ကျင့်ဝတ်များ .... .... .... | ၂၆၇ |
| အာပတ် အကျဉ်းချုပ် .... .... .... .... .... | ၂၆၈ |
| **၉–ပါတိမောက္ခဌပနက္ခန္ဓက** | |
| အာပတ်တန်းလန်း ပုဂ္ဂိုလ်ရှိလျှင် ပါတိမောက် မပြရခြင်း .... | ၂၇၀ |
| အာပတ် အကျဉ်းချုပ် .... .... .... .... .... | ၂၇၂ |
| **၁၀–ဘိက္ခုနိက္ခန္ဓက** | |
| ဂရုဓံ ရှစ်ပါးဖြင့် ရဟန်းအဖြစ် ခွင့်ပြုခြင်း.... .... .... | ၂၇၃ |
| မိထွေးတော် ဂေါတမီ ဝတ္ထု .... .... .... .... | ။ |

အကြောင်းအရာ　　　　　　　　　　　　　　　　စာမျက်နှာအမှတ်

**၁၀–ဘိက္ခုနိက္ခန္ဓက**

သာကီဝင်မင်းသမီး ငါးရာတို့ ရဟန်းပြုဘို့ ခွင့်ပြုခြင်း .... ၂၇၅
ဘိက္ခု, ဘိက္ခုနီ သံဃာနှစ်ဘက်လုံး၌ ရဟန်းပြုရခြင်း .... ၂၇၆
အာပတ် အကျဉ်းချုပ် .... .... .... .... ၂၇၇

**၁၁–ပဉ္စသတိကက္ခန္ဓက**

ပဌမ သံဂါယနာ စပ်ဆိုင်ရာ အကျဉ်းချုပ် .... .... ၂၇၉

**၁၂–သတ္တသတိကက္ခန္ဓက**

ဒုတိယ သံဂါယနာ စပ်ဆိုင်ရာ အကျဉ်းချုပ် .... .... ၂၈၀

**ယခု သံဂါယနာတင်သည့် ဝိနည်းပိဋကတော်ကို စိစစ်ခဏ်းများ**

ဝိနည်းဒေသနာတော်ကို အဘယ်ပုဂ္ဂိုလ်ဟောကြားပညတ်ခဲ့သနည်း ၂၈၁
သိက္ခာ သုံးပါးကို ကျင့်သုံးဆဲ ပုဂ္ဂိုလ် .... .... .... ။
ကျင့်သုံးပြီး ပုဂ္ဂိုလ် .... .... .... .... .... ၂၈၂
ဝိနည်းပညတ်တော် တည်ရာပုဂ္ဂိုလ် .... .... .... ။
ဝိနည်းဒေသနာကို ဆောင်ဆောင်ခဲ့သည့် ပုဂ္ဂိုလ်များ .... ။


**မာတိကာ ပြီးပြီ**

# ဝိနယပိဋက

## မဟာဝဂ္ဂပါဠိတော်

# သံဂါယနာအမေးအဖြေ

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**သံဂါယနာအမေးအဖြေ စကားချီး**

ပုစ္ဆာ။ ။ဥဘတော ဝိဘင်္ဂါနန္တရံ အာဝုသော ပေါရာဏကေဟိ သံဂီတိကာရမဟာထေရေဟိ ကံ နာမ ပါဝစနံ သံဂီတံ။

ဝိဿဇ္ဇနာ။ ။ဥဘတော ဝိဘင်္ဂါနန္တရံ ဘန္တေ ပေါရာဏကေဟိ သံဂီတိကာရမဟာထေရေဟိ ခန္ဓကာ သံဂီတာ။

အမေး။ ။ဥဘတော ဝိဘင်း၏ အခြားမဲ့၌ အရှင်မဟာကဿပ အစရှိသော ရှေးရှေးသော သံဂါယနာတင် မထေရ်မြတ်တို့သည် အဘယ်မည်သော မြတ်စွာဘုရား၏ စကားတော်ကို သံဂါယနာတင်ထားတော်မူခဲ့ ကြပါသနည်း ငါ့ရှင်။

အဖြေ။ ။အရှင်မဟာကဿပ အစရှိသော ရှေးရှေးသော သံဂါယနာတင် မထေရ်သူမြတ်တို့သည် ဥဘတောဝိဘင်းကို သံဂါယနာ တင်တော်မူကြပြီးသည်၏ အခြားမဲ့၌ အသေးစိတ် အစိတ်စိတ်ဖြစ်သော ဝိနယ ပညတ်တို့တည်းဟူသော ခန္ဓက ပါဠိတော်တို့ကို သံဂါယနာ တင်တော် မူအပ်ပါကုန်သည် အရှင်ဘုရား။

ပုစ္ဆာ။ ။တေ ပန အာဝုသော ခန္ဓကာ ဝဂ္ဂဘေဒေန ကတိဝိဓာ။

ဝိဿဇ္ဇနာ။ ။တေ ပန ဘန္တေ ခန္ဓကာ ဒုဝိဓာ ဝဂ္ဂဘေဒေန မဟာဝဂ္ဂေါ စူဠဝဂ္ဂေါတိ။

အမေး။ ။ထိုခန္ဓက ပါဠိတော်တို့သည် ဝဂ်အကွဲအပြား အားဖြင့် အဘယ်မျှအပြား ရှိပါကုန်သနည်း ငါ့ရှင်။

အဖြေ။ ။ထို ခန္ဓကတို့သည် အစုအစု တည်းဟူသော ဝဂ်အပြား အားဖြင့် မဟာဝဂ္ဂ, စူဠဝဂ္ဂ ဟူ၍ နှစ်ပါးအပြားရှိပါကုန်သည် အရှင်ဘုရား။

ပုစ္ဆာ။ ။မဟာဝဂ္ဂေ အာဝုသော ကတိ ခန္ဓကာ ပရိယာပန္နာ။

ဝိဿဇ္ဇနာ။ ။မဟာဝဂ္ဂေ ဘန္တေ ဒသခန္ဓကာ ပရိယာပန္နာ၊ သေယျထိဒံ၊ မဟာခန္ဓကော ဥပေါသထက္ခန္ဓကော ဝဿူပနာယိကက္ခန္ဓကော ပဝါရဏာက္ခန္ဓကော စမ္မက္ခန္ဓကော ဘေသဇ္ဇက္ခန္ဓကော ကထိနက္ခန္ဓကော စီဝရက္ခန္ဓကော စမ္ပေယျက္ခန္ဓကော ကောသမ္ဗကက္ခန္ဓကောတိ။

အမေး။ ။မဟာဝဂ် ပါဠိတော်၌ အဘယ်မျှသော ခန္ဓကတို့ အသေးစိတ်အားဖြင့် ပါဝင်ကြပါသနည်း ငါ့ရှင်။

အဖြေ။ ။မဟာဝဂ္ဂပါဠိတော်၌ ၁-မဟာခန္ဓက၊ ၂-ဥပေါသထက္ခန္ဓက-၃-ဝဿူပနာယိကက္ခန္ဓက၊ ၄-ပဝါရဏာက္ခန္ဓက၊ ၅-စမ္မက္ခန္ဓက၊ ၆-ဘေသဇ္ဇက္ခန္ဓက၊ ၇-ကထိနက္ခန္ဓက၊ ၈-စီဝရက္ခန္ဓက၊ ၉-စမ္ပေယျက္ခန္ဓက၊ ၁၀-ကောသမ္ဗကက္ခန္ဓက အားဖြင့် ဤဆယ်ပါးသော အစိတ် အစိတ် ခန္ဓကတို့သည် အတွင်းဝင်၍ တည်ကြပါကုန်သည် အရှင်ဘုရား။

ပုစ္ဆာ။ ။မဟာခန္ဓကေ အာဝုသော ဗဟူ ကထာယော၊ ကတမာ တာသံ အာဒိကထာ။

ဝိဿဇ္ဇနာ။ ။မဟာခန္ဓကေ ဘန္တေ ဗောဓိကထာ အာဒိ။

အမေး။ ။မဟာခန္ဓက၌ ကထာပေါင်း များစွာတို့ ပါဝင်လျက် ရှိကြကုန်၏၊ ထို ကထာများစွာတို့တွင် အဘယ်ကထာသည် အစဆုံးကထာ ဖြစ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။မဟာခန္ဓက၌ များစွာသော ကထာအပေါင်းတို့တွင် ဗောဓိကထာသည် အစအဦးဆုံး ဖြစ်ပါသည် အရှင်ဘုရား။

# ၁—မဟာခန္ဓက

## မဟာဗောဓိပင်၌ စံတော်မူခဏ်း

ပုစ္ဆာ။ ။တသ္မာတိဟ အာဝုသော တတော ပဌာယ တံ ပုစ္ဆိဿာမိ၊ ဘဂဝါ အာဝုသော ပဌမာဘိသမ္ဗုဒ္ဓကာလေ ကတ္ထ ကိံဝိဇိရံ ကေနာကာရေန ဝိဟာသိ။

ဝိဿဇ္ဇနာ။ ။ဘဂဝါ ဘန္တေ ပဌမာဘိသမ္ဗုဒ္ဓေါ ဗောဓိရုက္ခမူလေ သတ္တာဟံ ဧကပလ္လင်္ကေန ဝိဟာသိ ဝိမုတ္တိသုခံ ပဋိသံဝေဒီ။

အမေး။ ။မဟာဝဂ္ဂပါဠိတော်၌ မဟာခန္ဓကသည် အစဆုံးဖြစ်၍ ထို မဟာခန္ဓက၌လည်း ဗောဓိကထာသည်ပင် အစဆုံးဖြစ်သောကြောင့် ထိုဗောဓိကထာမှစ၍ ငါ့ရှင်ကို မေးမြန်းပေအံ့၊

မြတ်စွာဘုရားသခင်သည် သစ္စာလေးပါးတရားကို သယမ္ဘုဉာဏ်ဖြင့် ထိုးထွင်း၍ သိတော်မူပြီးလျှင် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးစ အခါကာလ ဝယ် အဘယ်အရပ်ဒေသ၌ အဘယ်မျှလောက်ကြာအောင် အဘယ်သို့သော အခြင်းအရာဖြင့် သီတင်းသုံးနေတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။မြတ်စွာဘုရားသခင်သည် ဘုရားဖြစ်ပြီးစ ပဌမခုနစ်ရက် ပတ်လုံး မဟာဗောဓိပင် ရွှေပလ္လင်၌ ဝိမုတ္တိသုခကို ခံစားတော်မူလျက် ခုနစ် ရက်ပတ်လုံး သီတင်းသုံး နေတော်မူပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။တဒါ အာဝုသော ဘဂဝါ ကိံဒိသံ ဓမ္မံ မနသိကတွာ ကိံဒိသံ ဥဒါနံ ဥဒါနေသိ။

ဝိဿဇ္ဇနာ။ ။တဒါ ဘန္တေ ဘဂဝါ ရတ္တိယာ ပဌမံ ယာမံ ရတ္တိယာ မဇ္ဈိမံ ယာမံ ရတ္တိယာ ပစ္ဆိမံ ယာမံ ပဋိစ္စသမုပ္ပါဒံ အနုလောမံ ပဋိလောမံ မနသိကတွာ တီဏိ ဥဒါနာနိ ဥဒါနေသိ။

အမေး။ ။ဗောဓိပင်အောက် ရတနာပလ္လင်ထက်ဝယ် ခုနစ်ရက် ပတ်လုံး ဝိမုတ္တိသုခကို ခံစားတော်မူလျက် တခုတည်းသော ထက်ဝယ် ဖြင့် သီတင်းသုံး ထိုင်နေတော်မူသောအခါ မြတ်စွာဘုရားသည် အဘယ်သို့ သော တရားကို နှလုံးသွင်း ဆင်ခြင်တော်မူ၍ အဘယ်သို့သော ဝမ်းမြောက် ဝမ်းသာ ဥဒါန်းစကားကို ကျူးရင့်တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။မြတ်စွာဘုရားသည် မဟာဗောဓိပင်အောက် ရွှေပလ္လင်ထက်ဝယ် ခုနစ်ရက်ပတ်လုံး ဝိမုတ္တိချမ်းသာကို ခံစားတော်မူလျက် နေတော်မူသောအခါ ညဉ့်၏ ပဌမယံပတ်လုံးငင်း မဇ္ဈိမယံ ပတ်လုံးငင်း ပစ္ဆိမယံ ပတ်လုံးငင်း ပဋိစ္စသမုပ္ပါဒ် တရားတော်ကို အနုလုံ ပဋိလုံ အစုန်အဆန်အားဖြင့် နှလုံးသွင်းတော်မူပြီးလျှင် "ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊ အာတာပိနော ဈာယတော ဗြာဟ္မဏဿ" အစရှိသော သုံးပါးသော ဥဒါန်းတို့ကို ကျူးရင့်တော်မူပါသည် အရှင်ဘုရား။

မဟာဗောဓိပင်၌ စံတော်မူခဏ်း ပြီး၏

---

## အဇပါလ ညောင်ပင်၌ စံတော်မူခဏ်း

ပုစ္ဆာ။ ။တဿ အာဝုသော သတ္တာဟဿ အစ္စယေန ဘဂဝါ ကတ္ထ ဝိဟာသိ။

ဝိဿဇ္ဇနာ။ ။တဿ ဘန္တေ သတ္တာဟဿ အစ္စယေန ဘဂဝါ အဇပါလနိဂြောဓမူလေ ဝိဟာသိ၊ သတ္တာဟံ ဧကပလ္လင်္ကေန ဝိဟာသိ ဝိမုတ္တိသုခံ ပဋိသံဝေဒီ။

အမေး။ ။ထို မဟာဗောဓိပင်အောက်ဝယ် ခုနစ်ရက်ပတ်လုံး သီတင်းသုံးနေတော်မူသည့် သတ္တာဟ၏ အခြားမဲ့၌ အဘယ်အရပ်၌ မြတ်စွာဘုရားသည် သီတင်းသုံးတော်မူခဲ့ပြန်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို ပလ္လင်္ကသတ္တာဟ၏ နောက်ကာလ၌ ထိုပလ္လင်္ကသတ္တာဟ၏ လွန်ပြီးသော နောက်ကာလ၌ မြတ်စွာဘုရားသခင်သည် အဇပါလ ညောင်ပင်ရင်း၌ ခုနစ်ရက်ပတ်လုံး တခုသောထက်ဝယ်ဖြင့် ဝိမုတ္တိချမ်းသာကို ခံစားလျက် ခုနစ်ရက်ပတ်လုံး သီတင်းသုံး နေတော်မူပါသည် အရှင်ဘုရား။

အဇပါလ ညောင်ပင်၌ စံတော်မူခဏ်း ပြီး၏

---

## မုစလိန္ဒာ ကျည်းပင်ရင်း၌ စံတော်မူခဏ်း

ပုစ္ဆာ။ ။တဿပိ အာဝုသော သတ္တာဟဿ အစ္စယေန ဘဂဝါ ကတ္ထ ဝိဟာသိ။

ဝိဿဇ္ဇနာ။ ။တဿ ဘန္တေ သတ္တာဟဿ အစ္စယေန ဘဂဝါ မုစလိန္ဒမူလေ သတ္တာဟံ ဧကပလ္လင်္ကေန နိသီဒိ။

အမေး။ ။ထို အဇပါလဆိတ္တာဟ ကုန်လွန်ပြီးသော အခါကာလ၌ လည်း မြတ်စွာဘုရားသည် အဘယ်အရပ်၌ တဖန် သီတင်းသုံး နေတော်မူပြန် ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို အဇပါလ သတ္တာဟ လွန်ပြီးသော နောက်ကာလ၌ မြတ်စွာဘုရားသခင်သည် မုစလိန္ဒာ မည်သော 'ကျည်းပင်ရင်း ကျည်းပင်၏' အနီးဝယ် ခုနစ်ရက်ပတ်လုံး တခုသော ထက်ဝယ်ဖြင့် ဖလသမာပတ်ကို ဝင်စံ သုံးဆောင်တော်မူလျက် သီတင်းသုံးနေတော်မူပါသည် အရှင်ဘုရား။

မုစလိန္ဒာ ကျည်းပင်ရင်း၌ စံတော်မူခဏ်း ပြီး၏

---

## လင်းလွှန်းပင်ရင်း၌ စံတော်မူခဏ်း

ပုစ္ဆာ။ ။တဿပိ အာဝုသော သတ္တာဟဿ အစ္စယေန ဘဂဝါ ကတ္ထ ဝိဟာသိ။

ဝိဿဇ္ဇနာ။ ။တဿပိ ဘန္တေ သတ္တာဟဿ အစ္စယေန ဘဂဝါ ရာဇာယတန- မူလေ သတ္တာဟံ ဧကပလ္လင်္ကေန နိသီဒိ ဝိမုတ္တိသုခံ ပဋိသံဝေဒီ။

အမေး။ ။ထို မုစလိန္ဒ သတ္တာဟ ကုန်လွန်ပြီးသော အခါကာလ၌ မြတ်စွာဘုရားသခင်သည် အဘယ်အရပ်၌ သီတင်းသုံးတော်မူပြန်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို မုစလိန္ဒ သတ္တာဟ လွန်ပြီးသောအခါ မြတ်စွာဘုရား သခင်သည် လင်းလွှန်းပင်ရင်း၌ ခုနစ်ရက်ပတ်လုံး တခုသော ထက်ဝယ် တင်ပလ္လင်တော်ဖြင့် ဝိမုတ္တိချမ်းသာကို သုံးဆောင်ခံစားတော်မူလျက် သီတင်း သုံး နေတော်မူပါသည် အရှင်ဘုရား။

လင်းလွှန်းပင်ရင်း၌ စံတော်မူခဏ်း ပြီး၏

## တရားမဟောရန် စိတ်တော်ယိမ်းပုံ

ပုစ္ဆာ။ ။တဿပိ အာဝုသော သတ္တာဟဿ အစ္စယေန ဘဂဝါ ကတ္ထ ဝိဟာသိ။

ဝိဿဇ္ဇနာ။ ။တဿ ဘန္တေ သတ္တာဟဿ အစ္စယေန ဘဂဝါ ပုနဒေဝ အဇပါလနိဂြောဓမူလေ ဝိဟာသိ။

အမေး။ ။ထို ရာဇာယတန သတ္တာဟ ကုန်လွန်ပြီးသော အခါကာလ၌ မြတ်စွာဘုရားသခင်သည် အဘယ်အရပ်၌ သီတင်းသုံးတော်မူပြန်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို ရာဇာယတနသတ္တာဟ လွန်ပြီးသောအခါ မြတ်စွာဘုရား သခင်သည် တဖန် အဇပါလညောင်ပင်ရင်းသို့ ကြွရောက်တော်မူ၍ သီတင်းသုံး နေတော်မူပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။တသ္မိံ ပန အာဝုသော အဇပါလနိဂြောဓေ ဝိဟရန္တဿ ဘဂ-ဝတော ကထံ စေတသော ပရိဝိတက္ကော ဥဒပါဒိ။

ဝိဿဇ္ဇနာ။ ။တသ္မိံ ပန ဘန္တေ အဇပါလနိဂြောဓေ ဝိဟရန္တဿ ဘဂ-ဝတော ရဟောဂတဿ ပဋိသလ္လီနဿ ဓမ္မဂမ္ဘီရတာပဋိ-သံယုတ္တော စေတသော ပရိဝိတက္ကော ဥဒပါဒိ။

အမေး။ ။ထို အဇပါလ မည်သော ညောင်ပင်အောက်သို့ ပြန်လည်၍ ကြွရောက် သီတင်းသုံးတော်မူသောအခါဝယ် မြတ်စွာဘုရားသခင်အား အ ဘယ်သို့သော စိတ်နှလုံး အကြံအစည်တော် ဖြစ်ခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို အဇပါလညောင်ပင်အောက်သို့ တဖန် ကြွရောက် သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားအား—

အဓိဂတော ခေါ မျာယံ ဓမ္မော ဂမ္ဘီရော ဒုဒ္ဒသော
ဒုရနုဗောဓော သန္တော ပဏီတော အတက္ကာဝစရော
နိပုဏော ပဏ္ဍိတဝေဒနီယော။

ငါသည် လွန်စွာ့ လွန်စွာ နက်နဲလှသော သစ္စာလေးပါး အမြိုက်တရားကို ပိုင်းခြားကုန်စင် လက်ရောက် သိမြင်အပ်လေပြီ၊

အာလယရာမာခေါ ပနာယံ ပဇာ အာလယရတာ
အာလယသမ္မုဒိတာ၊

ဤ နတ်လူ ဗြဟ္မာ သတ္တဝါ တစုတဝေးသည်ကား အာရုံငါးပါး ကာမဂုဏ် တရားတည်းဟူသော **အာလယ**သာလျှင် မွေ့လျော်ရာရှိ၍ ထိုအာရုံငါးပါး ကာမဂုဏ်တရား တည်းဟူသော အာလယ၌ပင် နှစ်ခြိုက်မွေ့လျော် ပျော်ပိုက်၍ နေချေ၏တကား၊ ထို အာရုံငါးပါး ကာမဂုဏ်တရား၌ပင် အမြဲတစေ မငြီး မငွေ့ဘဲ နှစ်ခြိုက်မွေ့လျော် ပျော်ပိုက်၍ နေကုန်ချေ၏တကား၊

ဤသို့ အစရှိသည်ဖြင့် **တရားတော်**နှင့် **သတ္တဝါ**တို့ အလှမ်းကွာသည့် အရေးကို တွေးတော ဆင်ခြင်တော်မူခြင်းတည်းဟူသော **ဓမ္မဂမ္ဘီရ ပစ္စဝေက္ခဏာ**ကို ဆင်ခြင်တော်မူသော မြတ်စွာဘုရားအား ထို **ဓမ္မဂမ္ဘီရ** ဂုဏ်နှင့် စပ်ယှဉ်သော စိတ်တော်၏ အကြံအစည် ဖြစ်တော်မူခဲ့ပါသည် အရှင်ဘုရား။

## သဟမ္ပတိ ဗြဟ္မာ တောင်းပန်ခဏ်း

ပုစ္ဆာ။ ။ကထံ အာဝုသော တဒါ ဓမ္မဒေသနာယ ဗြဟ္မယာစနာ စ ဘဂဝတော ပဋိညာ စ အဟောသိ။

ဝိဿဇ္ဇနာ။ ။ဒေသေတု ဘန္တေ ဘဂဝါ ဓမ္မံ၊ ဒေသေတု သုဂတော ဓမ္မံ၊ သန္တိ သတ္တာ အပ္ပရဇက္ခဇာတိကာ အဿဝနတာ ဓမ္မဿ ပရိဟာယန္တိ၊ ဘဝိဿန္တိ ဓမ္မဿ အညာတာရောတိ ဣတိ ဘန္တေ ဗြဟ္မုနော ဓမ္မဒေသနာယ ယာစနာ အဟောသိ၊

"အပါရုတာ တေသံ အမတဿ ဒွါရာ၊
ယေ သောတဝန္တော ပမုဉ္စန္တု သဒ္ဓံ။
ဝိဟိံသသညီ ပဂုဏံ နဘာသိံ၊
ဓမ္မံ ပဏီတံ မနုဇေသု ဗြဟ္မေ"တိ။

ဧဝံ ခေါ ဘန္တေ ဘဂဝတော ဓမ္မဒေသနာယ ပဋိညာ စ အဟောသိ။

အမေး။ ။တရားတော်၏ နက်နဲခြင်းကို ဆင်ခြင်တော်မူသောအခါ ကာလ၌ မြတ်စွာဘုရားအထံသို့ တရားဟောရန် ဗြဟ္မာ၏ လာရောက်၍ တောင်းပန်ခြင်းသည်၎င်း မြတ်စွာဘုရားသခင်က တရားဟောရန် ဝန်ခံတော်မူခြင်းသည်၎င်း အဘယ်သို့သော အခြင်းအရာဖြင့် ဖြစ်ခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။တရားတော်၏ နက်နဲသော ဂုဏ်ကို ဆင်ခြင်တော်မူသဖြင့် မြတ်စွာဘုရား၏ စိတ်တော်သည် တရားမဟောဘဲ **အပ္ပေါသုက္က** ကြောင့်ကြမဲ့ နေဘို့ရန် စိတ်တော်ဦးခေါင်း ညွတ်လုလတ်သည်ရှိသော် သဟမ္ပတိ ဗြဟ္မာကြီးသည် မြတ်စွာဘုရား၏ စိတ်အကြံကို သိပြီးလျှင်—

နဿတိ ဝတ ဘော လောကော....

ဘော၊ အို....အချင်းတို့။ လောကော၊ သတ္တလောကကြီးသည်။ နဿတိ ဝတ၊ ပျက်စီးတော့မည် တကား။

ဤသို့ စကြာဝဠာတိုက်တသောင်း ကြားလောက်အောင် ငြီးတွားပြီးလျှင် အဘိညာဉ် ဈာန်တန်ခိုးဖြင့် တခဏအတွင်းဝယ် ဘုရားထံမှောက် လာရောက်ပြီးလျှင်—

ဒေသေတု ဘန္တေ ဘဂဝါ ဓမ္မံ....

ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းတောက်ပတော်မူသော မြတ်စွာဘုရား။ ဘဂဝါ၊ ဘုန်းတော်သခင် ရှင်ပင်ဘုရားသည်။ ဓမ္မံ၊ အလင်းထိန်လက် ဓမ္မစက်ကို။ ဒေသေတု၊ ဟောတော်မူပါဘုရား။ ဤသို့ အစရှိသည်ဖြင့် သဟမ္ပတိ ဗြဟ္မာကြီး၏ တရားဟောဘို့ရန် တောင်းပန်ခြင်းသည်၎င်း

သဟမ္ပတိဗြဟ္မာ အကြိမ်ကြိမ် အထပ်ထပ် ယာဝ တတိယက သုံးကြိမ်ကျအောင် တောင်းပန်လတ်သောအခါ ဗုဒ္ဓစက္ခုဖြင့် သတ္တလောကကို ကြည့်ရှုတော် မူပြီးလျှင်—

အပါရုတာ တေသံ အမတဿ ဒွါရာ၊
ယေ သောတဝန္တော ပမုဉ္စန္တု သဒ္ဓံ။

သဟမ္ပတိ ဗြဟ္မာကြီး....၊ နတ်လူဗြဟ္မာ သတ္တဝါတို့အတွက် အမြိုက်နိဗ္ဗာန် တံခါးသဖွယ် ဖြစ်သော မဂ္ဂင်ရှစ်ပါး တံခါးကြီး ရှင်ပေါက်တို့ကို အမြဲ တစေ ငါဘုရား ဖွင့်လှစ်၍ ထားအပ်ပါပေကုန်သည်၊

ဥာဏ်ပညာ နား-အကင်းပါးကြသည့် နတ်လူဗြဟ္မာ သတ္တဝါတို့သည် ငါဘုရား၏ အပေါ်၌ ယုံကြည်ခြင်း သဒ္ဓါတရားကို လွှတ်ကြပါကုန်စေ ဟု မြတ်စွာဘုရား ကိုယ်တော်မြတ်၏ တရားဒေသနာ ဟောတော်မူဘို့ရန် ဝန်ခံခြင်းသည်ပင်း ဤဆိုအပ်ခဲ့ပြီးသော အစဉ်ဖြင့် ဖြစ်ခဲ့ပါသည် အရှင်ဘုရား။

သဟမ္ပတိ ဗြဟ္မာ တောင်းပန်ခဏ်း ပြီး၏

---

## ဓမ္မစကြာတရားဦး ဟောခဏ်း

ပုစ္ဆာ။ ။ဧဝံ ခေါ အာဝုသော ဘဂဝါ ဓမ္မဒေသနာယ ပဋိညံ ကတွာ ပဌမံ ဓမ္မံ ဒေသေန္တော ကတ္ထ ကီဒိသံ ဓမ္မံ ကဿ ဒေသေသိ။

ဝိဿဇ္ဇနာ။ ။ဗာရာဏသိယံ ဘန္တေ ဣသိပတနေ မိဂဒါယေ ပဥ္စဝဂ္ဂိယ ဘိက္ခုပမုခါနံ ဗြဟ္မဂဏာနံ ဓမ္မစက္ကပဝတ္တနသုတ္တံ ဒေသေသိ။

အမေး။ ။ဤသို့သော အခြင်းအရာ အားဖြင့် မြတ်စွာဘုရား သခင်သည် တရားဟောဘို့ရန် ပဋိညာဉ် ပေးတော်မူပြီးလျှင် ရှေးဦးစွာ တရားကို ဟောတော်မူသောအခါ ဘယ်အရပ်၌ ဘယ်သို့သော တရားကို ဘယ်သို့သော ပုဂ္ဂိုလ်အား ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သဟမ္ပတိဗြဟ္မာ တောင်းပန်သဖြင့် တရားဟောဘို့ရန် ဝန်ခံတော် မူပြီးသောအခါ မြတ်စွာဘုရား သခင်သည် ရှေးဦးစွာ အာဠာရ ရသေ့အား တရားဟောဘို့ရန် အကြံဖြစ်သောအခါ လွန်ခဲ့သော ခုနစ်ရက်ကပင် အာဠာရ ရသေ့၏ စုတေ ကွယ်လွန်ခဲ့သည်၏ အဖြစ်ကို သိတော်မူပြီး၍ပင်း၊ တဖန် ဥဒက ရသေ့အား ရှေးဦးစွာ တရားဟောဘို့ရန် ဆင်ခြင်တော်မူပြန်သောအခါ ထို ဆင်ခြင်တော်မူသောနေ့မှ လွန်ခဲ့သော ညဉ့်ကပင် ဥဒက ရသေ့၏ စုတေကွယ်လွန်သော အဖြစ်ကိုပင်း ပိုင်းခြား ကုန်စင် သိမြင်တော်မူပြီး၍—

တဖန် မည်သူ့အား တရားဟောရမည်နည်း ဟု စဉ်းစားတော် မူပြန်သောအခါ ပဥ္စဝဂ္ဂီ မထေရ် ငါးဦးတို့ကို ဒိဗ္ဗဥာဏ်တော်၌ မြင်တော်မူ၍ ထို ပဥ္စဝဂ္ဂီ မထေရ် ငါးဦးတို့ရှိရာ ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန် တောအရပ်သို့ ကြွတော်မူပြီးလျှင် ပဥ္စဝဂ္ဂီ မထေရ် ငါးဦးတို့၏ **ဘုရားမဟုတ်ဘူး** ဟူသော

အထင်မှား အမြင်မှားကို အကြိမ်ကြိမ် ပယ်ရှားတော်မူပြီးလျှင် စကြာဝဠာ တိုက်တသောင်းမှ ခညောင်း ရောက်လာကြကုန်သော ဗြဟ္မာအပေါင်းတို့အား ပဥ္စဝဂ္ဂီမထေရ် ငါးဦးတို့ကို အမှူးထား၍ **"ဓမ္မစက္ကပဝတ္တန"** သုတ္တန်တရားကို ရှေးဦးစွာ ဟောကြား တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။တသ္မိံ ခေါ ပန အာဝုသော ဓမ္မစက္ကပဝတ္တနသုတ္တေ ဒေသိယမာနေ မနုဿလောကေ ကဿ ဓမ္မာဘိသမယော အဟောသိ။

ဝိဿဇ္ဇနာ။ ။အာယသ္မတော ဘန္တေ ကောဏ္ဍညဿ မမ္မာဘိသမယော အဟောသိ။

အမေး။ ။ထို ဓမ္မစက္ကပဝတ္တနသုတ် (ထို ဓမ္မစကြာတရားတော်မြတ်) ကို မြတ်စွာဘုရား ဟောကြားတော်မူသောအခါ လူ့ပြည်လောက၌ အဘယ် ပုဂ္ဂိုလ်အား သစ္စာလေးပါးတရားကို သိခြင်း အကျွတ်တရားရခြင်း ဖြစ်ပါ သနည်း ငါ့ရှင်။

အဖြေ။ ။ထို ဓမ္မစက္ကပဝတ္တန သုတ္တန် (ဓမ္မစကြာဒေသနာ) ကို မြတ်စွာဘုရား ဟောကြားတော် မူလတ်သည်ရှိသော် လူ့ပြည်လောက၌ **ကောဏ္ဍည** မထေရ်အား သစ္စာလေးပါးတရားကို သိခြင်း တည်းဟူသော ဓမ္မာ ဘိသမယ ကျေးဇူးရရှိ ဖြစ်ပွါးခဲ့ပါသည် အရှင်ဘုရား။

တရားဦး ဟောခဏ်း ပြီး၏

---

## သံဃရတနာ စတင်ပေါ်လာခဏ်း

ပုစ္ဆာ။ ။ကထံ နုခေါ အာဝုသော ဣမသ္မိံ ဗုဒ္ဓသာသနေ ပဌမံ ပဗ္ဗဇ္ဇာ စ ဥပသမ္ပဒါ စ အဟောသိ။

ဝိဿဇ္ဇနာ။ ။ဣမသ္မိံ ဘန္တေ ဗုဒ္ဓသာသနေ ပဌမံ ဟေိဘိက္ခုပသမ္ပဒါ အဟောသိ။

အမေး။ ။ဤမြတ်စွာဘုရား၏ သာသနာတော်၌ ရှေးဦးစွာ ရှင်ပြု ခြင်း ရဟန်းပြုခြင်းသည် အဘယ်သို့သော နည်းဖြင့် ဖြစ်ပေါ်ခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဤမြတ်စွာဘုရား၏ သာသနာတော်၌ အဦးအစဖြစ်သော အရှင်ကောဏ္ဍည မထေရ် သောတာပန် တည်ပြီးသော အခါ—

လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ၊
လဘေယျံ ဥပသမ္ပဒံ။

ရှင်ပင်ဘုရား.... တပည့်တော်သည် ရှင်တော်ဘုရား၏ အထံ၌ ရှင်အဖြစ် ရဟန်းအဖြစ်ကို ရလိုပါ၏ ဟု တောင်းပန်သောအခါ—

ဧဟိ ဘိက္ခု သွာခါတော ဓမ္မော၊ စရ ဗြဟ္မစရိယံ
သမ္မာ ဒုက္ခဿ အန္တကိရိယာယ။

"ချစ်သား ရဟန်း....၊ လာလော့ မြတ်သော မဂ်တည်းဟူသော အကျင့်ကို ကျင့်သုံးလော့" ဟု သဗ္ဗညုမြတ်စွာဘုရားသည် မိုဃ်းတိမ်ညိုအဆင်း ရှိသော သက်န်းတော်ကြားမှ ရွှေလက်တော်ကို ဆန့်တန်း၍ မြွက်ကြား ခေါ်တော်မူခြင်းဖြင့် အရှင်ကောဏ္ဍည၏ ရှင်အဖြစ် ရဟန်းအဖြစ် ပြီးမြောက် ရကား ဤဘုရားသာသနာ၀ယ် ရှေးဦးစွာ ဧဟိဘိက္ခုပသမ္ပဒါ ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကတရေသံ ပန အာဝုသော စတုန္နံ ပဉ္စဝဂ္ဂိယာနံ ကဒါ ဓမ္မာဘိ-
သမယော အဟောသိ။

ဝိဿဇ္ဇနာ။ ။ပါဋိပဒေ ဘန္တေ ဒိဝသေ အာယသ္မတော ဝပ္ပဿ၊ ဒုတိယေ ဘန္တေ ဒိဝသေ အာယသ္မတော ဘဒ္ဒိယဿ၊ တတိယေ ဘန္တေ ဒိဝသေ အာယသ္မတော မဟာနာမဿ၊ စတုတ္ထေ ဘန္တေ ဒိဝသေ အာယသ္မတော အဿဇိဿ ဓမ္မာဘိသမယော အဟောသိ။

အမေး။ ။အရှင်ကောဏ္ဍညမှ ကြွင်းကျန်သော ပဉ္စဝဂ္ဂီ အပါအဝင် လေးပါးသော ရဟန်းတို့အား အဘယ်အခါကာလ အဘယ်နေ့ရက်များ၌ သစ္စာလေးပါးတရားကို သိခြင်း ဓမ္မာဘိသမယ ဖြစ်ခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။အရှင်ကောဏ္ဍည မထေရ်မှတပါး ကျန်သော ပဉ္စဝဂ္ဂီဂိုဏ်း ဝင် အရှင်လေးဦးတို့တွင် ဝါဆိုလပြည့်ကျော် တရက်နေ့၌ အရှင်ဝပ္ပမထေရ်၊ ဝါဆိုလပြည့်ကျော် နှစ်ရက်နေ့၌ အရှင်ဘဒ္ဒိယမထေရ်၊ ဝါဆိုလပြည့်ကျော်

သုံးရက်နေ့၌ အရှင်**မဟာနာမ** မထေရ်၊ ဝါဆိုလပြည့်ကျော် လေးရက်နေ့၌ အရှင်**အဿဇိ** မထေရ်တို့အား အစဉ်အတိုင်း သစ္စာလေးပါးတရားကို သိခြင်း ဓမ္မာဘိသမယ ဖြစ်ခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။သဗ္ဗေသမ္ပိ အာဝုသော တေသံ ပဉ္စဝဂ္ဂိယာနံ ဘိက္ခူနံ ကဒါ အရဟတ္တပတ္တိ ဟောတိ။

ဝိဿဇ္ဇနာ။ ။သဗ္ဗေသမ္ပိ ဘန္တေ တေသံ ပဉ္စဝဂ္ဂိယာနံ ဘိက္ခူနံ ပက္ခဿ ပဉ္စမိယံ အနတ္တလက္ခဏသုတ္တေ ဒေသိယမာနေ အရဟတ္တ-ပတ္တိ ဟောတိ။

အမေး။ ။ပဉ္စဝဂ္ဂီရဟန်းတော် ငါးပါးလုံးတို့အား အဘယ်အခါကာလ အဘယ်နေ့ရက်၌ အရဟတ္တဖိုလ်သို့ ရောက်ခြင်း ဖြစ်ခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ပဉ္စဝဂ္ဂီ မထေရ် ငါးဦးလုံးပင် ဝါဆိုလပြည့်ကျော် ငါးရက်နေ့၌ အနတ္တလက္ခဏသုတ္တန်ကို ဟောကြားတော်မူသောအခါ အရဟတ္တဖိုလ်သို့ ရောက်ခြင်း ဖြစ်ပါသည် အရှင်ဘုရား။

သံဃရတနာ စတင်ပေါ်လာခဏ်း ပြီး၏

---

## တရားဟောလွှတ်တော်မူခဏ်း

ပုစ္ဆာ။ ။ကဒါ အာဝုသော ဘဂဝတာ ဘိက္ခူ တတ္ထ တတ္ထ စာရိကံ စရိတ္ဝာ ဓမ္မဒေသနတ္ထာယ ပေသိတာ။

ဝိဿဇ္ဇနာ။ ။ယသပ္ပမုခါနံ ဘန္တေ စတုပညာသ သဟာယကာနံ ပဗ္ဗဇိတ-ကာလေ ဘဂဝတာ ဘိက္ခူ တတ္ထ တတ္ထ စာရိကံ စရိတ္ဝာ ဓမ္မဒေသနတ္ထာယ ပေသိတာ။

အမေး။ ။မြတ်စွာဘုရားသခင်သည် အဘယ်အခါကာလ၌ ရဟန်းတို့ကို ထိုထိုအရပ်ဒေသတို့သို့ ဒေသစာရီ လှည့်လည် သွားရောက်ကာ တရားဓမ္မများကို ဟောကြားရန် စေလွှတ်တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။မြတ်စွာဘုရားသခင်သည် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ ဝါကပ်တော်မူသောအခါ ပဉ္စဝဂ္ဂီမထေရ်ငါးဦးတို့အား အရ

ဟတ္တဖိုလ်သို့ ရောက်တော်မူစေပြီး၍ရင်း၊ ယသ သူဌေးသား အမှူးရှိသော ငါးကျိပ်လေးယောက်သော သူငယ်ချင်းတို့အား ရဟန်းအဖြစ်သို့တိုင်ရောက် ရဟန္တာအဖြစ်သို့တိုင်ရောက်အောင် ခြီးမြှောက်ပြီးသောအခါ၌ မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ရဟန်းတော်တို့ကို ထိုထိုအရပ်ဒေသသို့ ဒေသစာရီ ကြွချီ၍ တရားဒေသနာဟောဘို့ရန် အလို့ငှါ တိုက်တွန်း စေလွှတ်တော်မူအပ်ပါသည် အရှင်ဘုရား။

တရားဟော လွှတ်တော်မူခဏ်း ပြီး၏

---

## သရဏဂုံဖြင့် ရဟန်းအဖြစ် ခွင့်ပြုတော်မူခဏ်း

ပုစ္ဆာ။ ။ကဒါ အာဝုသော ဘဂဝတာ တီဟိ သရဏဂမနေဟိ ပဗ္ဗဇ္ဇူပသမ္ပဒါ အနုညာတာ အဟောသိ။

ဝိဿဇ္ဇနာ။ ။ယသပ္ပမုခါနံ ဘန္တေ စတုပညာသာယ ဂိဟိ သဟာယကာနံ ပဗ္ဗဇိတွာ တတ္ထ တတ္ထ စာရိကံ စရိတွာ ဓမ္မဒေသနတ္ထာယ ပေသိတကာလေ ဘဂဝတာ တီဟိ သရဏဂမနေဟိ ပဗ္ဗဇ္ဇာ စ ဥပသမ္ပဒါ စ အနုညာတာ။

အမေး။ ။သရဏဂုံ သုံးပါးဖြင့်ပင် ရှင်ပြုပေးခြင်း ရဟန်းပြုပေးခြင်းကို မြတ်စွာဘုရားသခင်သည် အဘယ်အခါကာလ၌ ခွင့်ပြုတော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ယသ သူဌေးသား အမှူးပြုသော ငါးကျိပ်လေးဦးသော သူငယ်ချင်းတို့ကို ရဟန်းအဖြစ်သို့တိုင်ရောက် ရဟန္တာအဖြစ်သို့ တိုင်ရောက်အောင် ခြီးမြှောက်တော်မူပြီးသကာလ ဒေသစာရီ လှည့်လည် တရားဟောဘို့ရန် စေလွှတ်တော်မူသောအခါ များစွာသော ရဟန်းတို့သည် ထိုထိုသို့သော အရပ်ဒေသမှ ရဟန်းလောင်း ရှင်လောင်းတို့ကို မြတ်စွာဘုရား ကိုယ်တော်တိုင် ရှင် ရဟန်းပြုပေးလိမ့်မည်ဟု နှလုံးသွင်း၍ ဘုရားထံမှောက် ခေါ်ဆောင်ခဲ့ကြပါသည်၊ သို့ ခေါ်ဆောင်ခြင်းဖြင့် ရဟန်းလောင်း ရှင်လောင်းတို့နှင့် တကွ ရဟန်းတော်တို့ ပင်ပန်း နွမ်းနယ်ခြင်း ဖြစ်ကြရပါသည်၊

ထိုအခါ မြတ်စွာဘုရားသည် ထိုအခြင်းအရာကို ဆင်ခြင်တော်မူပြီးလျှင် "ငါဘုရားသည် ရဟန်းတော်တို့အား မိမိတို့ရောက်ရာ အရပ်ဒေသ၌ပင်လျှင် သရဏဂုံ သုံးပါးဖြင့် ရှင်ပြုပေးရန် ရဟန်းပြုပေးရန် ခွင့်ပြုရပါမူ ကောင်းလေစွ" ဟု အကြံဖြစ်တော်မူ၍—

အနုဇာနာမိ ဘိက္ခဝေ တုမှေဝ ဒါနိ တာသု တာသု
ဒိသာသု တေသု တေသု ဇနပဒေသု ပဗ္ဗာဇေထ
ဥပသမ္ပာဒေထ။

ချစ်သားတို့....၊ သင်ချစ်သားတို့ ကိုယ်တိုင်ပင်လျှင် ထိုထိုအရပ် ထိုထို ဇနပုဒ်တို့၌ ရောက်လာ ရောက်လာသော ရှင်လောင်း ရဟန်းလောင်းတို့ကို ရှင်ပြုပေးရန် ရဟန်းပြုပေးရန် ငါဘုရား ခွင့်ပြုတော်မူ၏ ဟု မိန့်ကြားလတ် ရကား—

ယသ မထေရ် အမှူးပြုသော ငါးကျိပ်လေးပါးသော ရဟန်းတို့ကို ဒေသ စာရီ လှည့်လည်ကြွသွား၍ တရားဟောဘို့ တိုက်တွန်းတော်မူပြီးသော်အခါ ကာလ၌ သရဏဂုံ သုံးပါးဖြင့် ရှင်ပြုခြင်း ရဟန်းပြုခြင်းကို ခွင့်ပြုတော်မူအပ် ပါသည် အရှင်ဘုရား။

သရဏဂုံ ရဟန်းအဖြစ် ခွင့်ပြုတော်မူခဏ်း ပြီး၏

---

## ကျောင်း အရာမ်များ အလှူခံခွင့်ပြုခဏ်း

## ဝေဠုဝန် ဉယျာဉ်တော် အလှူ

ပုစ္ဆာ။ ။ဘဂဝတာ အာဝုသော ဘိက္ခူနံ အာရာမော ပဋိဂ္ဂဏှိတုံ ကတ္ထ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတော။

ဝိဿဇ္ဇနာ။ ။ဘဂဝတာ ဘန္တေ ဘိက္ခူနံ အာရာမံ ပဋိဂ္ဂဏှိတုံ ရာဇဂဟေ အနုညာတော၊ ရာဇာ ဘန္တေ မာဂဓော သေနိယော ဗိမ္ဗိ-သာရော ဗုဒ္ဓပ္ပမုခဿ ဘိက္ခုသံဃဿ ဝေဠုဝနံ ဥယျာနံ အဒါသိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတော။

အမေး။ ။ကျောင်းတိုက် အရာမ်ကို အလှူခံရန် မြတ်စွာဘုရားသခင် သည် အဘယ်မြို့ဒေသ၌ အဘယ်သို့သော အကြောင်းဝတ္ထုကြောင့် ခွင့်ပြု တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။မြတ်စွာဘုရားသခင်သည် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ ဝါကျွတ်တော်မူပြီးသောအခါ ဥရုဝေဋ္ဌတောအုပ်သို့ ကြွရောက်တော်မူ၍ ဥရုဝေဋ္ဌ မထေရ် အမှူးရှိသော ရသေ့ညီနောင် ရှင်တထောင်တို့ကို အရဟတ္တဖိုလ်ပေါက် ခြီးမြှောက် ဆုံးမတော်မူပြီးလျှင် ထို ရဟန်းပေါင်း တထောင် ခြံရံလျက် ရာဇဂြိုဟ်ပြည်သို့ ကြွရောက်တော်မူသောအခါ ဗိမ္ဗိသာရမင်းသည် တသိန်း နှစ်သောင်းသော ဗြာဟ္မဏ မဟာသာလ (ပုဏ္ဏားသူဌေး) တို့ဖြင့် ခြံရံ၍ ဘုရားထံမှောက် လာရောက် တရားနာသောအခါ ဗိမ္ဗိသာရမင်းနှင့်တကွ တသိန်းတသောင်းသော ဗြာဟ္မဏ မဟာသာလတို့ **သောတာပန်** တည်ကြပါသည်၊ တသောင်းသော ဗြာဟ္မဏမဟာသာလတို့သည် **သရဏဂုံ** တည်ကြပါသည်၊

ထိုအခါ ဗိမ္ဗိသာရမင်းသည် ဘုရားအမှူးရှိသော သံဃာတော်ကို နက်ဖြန်ဆွမ်းအလို့ငှါ ပင့်လျှောက်ပြီးလျှင် နောက်တနေ့ နံနက် ဗိမ္ဗိသာရမင်း၏ နန်းတော်သို့ ဘုရားအမှူးရှိသော သံဃာတော်တို့ ကြွရောက်၍ ဗိမ္ဗိသာရမင်းသည် ဘုရားအမှူးရှိသော သံဃာတော်ကို ပဏီတဘောဇဉ်ဖြင့် ပြုစု လုပ်ကျွေးပြီးလျှင် အင်္ဂါငါးပါးရှိသော ကျောင်းအရာမ်ကို ဘုရားအား လှူဒါန်းရန် စဉ်းစား ကြံစည်မိသောအခါ မိမိပိုင် ဝေဠုဝန် ဉယျာဉ်၏ အင်္ဂါငါးပါးနှင့် ပြည့်စုံကြောင်းကို ကောင်းစွာ သိမြင်သဖြင့် ရွှေကရားကို လက်တော်ဖြင့် ကိုင်ပြီးလျှင်——

> တောဟံ ဘန္တေ ဝေဠုဝနံ ဉယျာနံ ဗုဒ္ဓပ္ပမုခဿ
> ဘိက္ခုသံဃဿ ဒမ္မိ ဟု——

ဝေဠုဝန်ဉယျာဉ်ကို ဘုရားအမှူးရှိသော သံဃာတော်အား လှူဒါန်းခဲ့ပါသည်၊ ဤသို့သော အကြောင်းဝတ္ထု၌ မြတ်စွာဘုရားသခင်သည် ရဟန်းတော်တို့အား ကျောင်းအရာမ်ကို ခံယူဘို့ရန်——

> အနုဇာနာမိ ဘိက္ခဝေ အာရာမံ။

ဟု ခွင့်ပြုပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ကျောင်း အရာမ်များ အလှူခံခွင့်ပြုခဏ်း ပြီး၏

## သာဝကကြီးနှစ်ပါး ရဟန်းပြုတော်မူခဏ်း

ပုစ္ဆာ။ ။ကထဉ္စ အာဝုသော ဒ္ဒိန္နံ အဂ္ဂသာဝကာနံ ပဗ္ဗဇ္ဇူပသမ္ပဒါ အဟောသိ။

ဝိဿဇ္ဇနာ။ ။ဒ္ဒိန္နံ ဘန္တေ အဂ္ဂသာဝကာနံ ဟေဝ ဘိက္ခုပသမ္ပဒါ အဟောသိ။

အမေး။ ။အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလ္လာန် တည်းဟူသော **အဂ္ဂသာဝက** မထေရ်မြတ်နှစ်ပါး တို့၏ ရှင်ရဟန်း ပြုခြင်းသည် အဘယ်သို့ ဖြစ်ခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလ္လာန်တည်းဟူသော **အဂ္ဂသာဝက** နှစ်ပါးတို့၏ ရဟန်းအဖြစ်ကို အနည်းငယ်ရှင်းလင်း လျှောက်ထားလိုပါသည်။

ထိုဆိုအပ်ခဲ့ပြီးသော အစဉ်အတိုင်း မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ကိန်းအောင်းမွေလျော် နေတော်မူသောအခါ **သိဉ္စည်း**ပရိဗိုဇ်သည် ပရိဗိုဇ်ပရိသတ် နှစ်ရာ့ငါးဆယ် အခြံအရံရှိ၍ ရာဇဂြိုဟ်ပြည်၌ နေပါသည်၊ ထိုအခါ အဂ္ဂသာဝကကြီး နှစ်ပါး၏ အလောင်းဖြစ်ကြသော **ဥပတိဿ**လုလင် **ကောလိတ**လုလင်တို့သည် သိဉ္စည်းပရိဗိုဇ်၏ အထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးဆဲ ရှိနေကြပါသည်၊

ထိုသူငယ်ချင်း နှစ်ယောက်တို့သည် အကြင်သူသည် အမြိုက်နိဗ္ဗာန်ကို ရအံ့, သိအံ့၊ ထိုသိသော သူသည် တပါးသော တခြားသောသူအား ပြောကြားရမည် ဟု ကတိကဝတ် ထားခဲ့ကြပါသည်၊ တနေ့သော် အရှင်အဿဇိ မထေရ်သည် အလွန်တည်ငြိမ်သော စက္ခုန္ဒြေတို့ဖြင့် ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံကြွတော်မူသည်ကို ဥပတိဿ ပရိဗိုဇ် (ရှင်သာရိပုတ္တရာအလောင်း) မြင်လတ်သောအခါ—

"ဤ အရှင်သူမြတ်သည် လောကဝယ် ရဟန္တာဟူ၍ သမုတ်အပ်သော ရဟန်းတော်တို့ အထည်းတွင် တပါး အပါအဝင် ဖြစ်လေရာ၏၊ ဤအရှင်မြတ်သို့ ချဉ်းကပ်၍ ငါသည် ဆရာနှင့်တကွ ကျင့်ဝတ်တရားတို့ကို မေးရမူ ကောင်းလေစွ" ဟု အကြံဖြစ်ပြီးလျှင် ဤအချိန်ကား ဆွမ်းခံချိန်ဖြစ်၍ ပုစ္ဆာပြဿနာ မေးရန် အချိန်ကာလ မဟုတ်၊ ဤရဟန်း နောက်က ကောက်ကောက်လိုက်ပြီးလျှင် အချိန်ရသောအခါ မေးအံ့ ဟု ဥပတိဿ ပရိဗိုဇ်သည် အရှင်အဿဇိ

နောက်မှ လိုက်လေသော် အရှင်အဿဇိသည် ရာဇဂြိုဟ်ပြည်၌ ဆွမ်းကို ခံယူ၍ ဆွမ်းစားကျောင်းသို့ ဖဲ့သွားတော်မူခဲ့ပါသည်၊

ဆွမ်းစား ကျောင်းသို့ ရောက်လျှင် ဥပတိဿ ပရိဗိုဇ်သည် အရှင်အဿဇိနှင့် ဝမ်းမြောက်ဝမ်းသာ စကားနှီးနှော ပြောဆိုပြီးလျှင်—

ဝိပ္ပသန္နာနိ ခေါ တေ အာဝုသော ဣန္ဒြိယာနိ။

ငါ့ရှင်....၊အသင်၏ စက္ခု သောတ အစရှိသော ဣန္ဒြေတို့ကား အလွန် အမင်း ကြည်လင် လှပါပေကုန်၏၊

ကံသိ တွံ အာဝုသော ဥဒ္ဒိဿ ပဗ္ဗဇိတော။

ငါ့ရှင်....၊အသင်သည် အဘယ်ဆရာကို ရည်မှန်း၍ ရဟန်း ပြုခဲ့ပါသနည်း၊

ကော ဝါ တေ သတ္ထာ။

သင့် ဆရာကား အသူဖြစ်ပါသနည်း။

ကဿ ဝါ တွံ ဓမ္မံ ရောစေသိ။

သင်သည် အဘယ်သူ၏ တရားကို နှစ်သက်ပါသနည်း ဟု မေးမြန်းသည်ရှိသော်—

အတ္ထာဝုသော မဟာသမဏော သကျပုတ္တော
သကျကုလာ ပဗ္ဗဇိတော။

ငါ့ရှင်....၊ဤလောက၌ အသမ္ဘိန္န သာကီဝင် မင်းမျိုးမှ ရဟန်းပြုသော ရဟန်းကြီး **ဂေါတမ** ဟူ၍ လောကဝယ် အထင်အရှား ရှိသည် မဟုတ်ပါလော၊ ထို ရှင်တော်ဘုရားကို ရည်မှန်း၍ ငါသည် ရဟန်းပြုပါသည် ငါသည် ထို ရှင်တော်ဘုရား၏ တရားကို နှစ်သက်ပါသည် ထို ရှင်တော်ဘုရားသည်ပင်လျှင် ငါ၏ ဆရာဖြစ်ပါသည် ဟု ပြန်ကြား တော်မူသောအခါ—

ကိံ ဝါဒီ ပနာယသ္မတော သတ္ထာ ကိမက္ခာယိ။

အရှင်ဘုရား....၊အရှင်၏ ဆရာဘုရားသည် အဘယ်ကို အဘယ်သို့သော ဝါဒ အဘယ်သို့သော တရားကို ပြောဆိုလေ့ ရှိပါသနည်း ဟု မေးလျှောက်သောအခါ—

ငါ့ရှင်....၊ငါတမူကား ယခုမှ သာသနာတော်သို့ ရောက်သစ်စ အလွန်ပင် ဝါနုလှပါသေးသည် သင့်အား ငါသည် အကျယ်တရားကို ဟောကြားခြင်းငှါ မစွမ်းနိုင်ပါ သို့သော် အကျဉ်းအားဖြင့် အနက်သဘောကို သင့်အား ငါဟော ကြားပါမည် ဟု မိန့်ကြားတော် မူပြီးလျှင်—

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော။
အာဟ တေသဉ္စ ယော နိရောဓော၊ ဧဝံ ဝါဒီ မဟာသမဏော။ ။

ဟူသော ဂါထာကို ဟောကြားလျှင် ဒုတိယပါဒ၏ အဆုံး၌ ဥပတိဿ ပရိဗိုဇ် သောတာပန် တည်ခဲ့ပါသည်၊ ထိုအကြောင်းကို ဥပတိဿ ပရိဗိုဇ်သည် ကောလိတ ပရိဗိုဇ်ထံ တဖန် ပြန်ကြားသောအခါ ထိုဂါထာကိုပင် ရွတ်ဘတ် ပြန်ကြားသောအခါ ကောလိတ ပရိဗိုဇ်သည်လည်း (ရှင်မောဂ္ဂလ္လာန် အလောင်း) ထိုဂါထာဝယ် ဒုတိယပါဒအဆုံးမှာပင် သောတာပန် ဖြစ်ပါသည်၊

ထိုအခါ ဥပတိဿ, ကောလိတ တည်းဟူသော ပရိဗိုဇ် နှစ်ဦးလုံးတို့သည် ပင် မိမိတို့၏ ဆရာ သိဉ္စည်း ပရိဗိုဇ်ထံ သွားရောက်ပြီးလျှင် အခြွေအရံ ပရိသတ် နှင့်တကွ ဘုရားထံမှောက် သွားရောက်ဘို့ရန် ပြောကြားသောအခါ—

အလံ အာဝုသော မာ အဂမိတ္ထ။

"ငါ့ရှင်တို့....၊မသွားကြနဲ့ မတော်ပါဘူး ငါတို့သုံးဦးလုံး ယခုရှိတဲ့ ပရိဗိုဇ် ဂိုဏ်းသံဃာကို စောင့်ရှောက် ကြပါကုန်အံ့" ဟု သုံးကြိမ်တိုင် တားမြစ်သော် လည်း ဥပတိဿ, ကောလိတ ပရိဗိုဇ် နှစ်ပါးတို့သည် မိမိတို့၏ အခြွေအရံ ပရိသတ်ဖြစ်သော နှစ်ရာ့ငါးဆယ်သော ပရိဗိုဇ်တို့ကို ခေါ်ယူ၍ သဗ္ဗညု မြတ် စွာဘုရား သီတင်းသုံးရာ ဝေဠုဝန်ကျောင်းသို့ သွားကြပါသည်၊

ထိုအခါ မြတ်စွာဘုရားသည် ဥပတိဿ, ကောလိတ ပရိဗိုဇ် နှစ်ပါးတို့ အခြွေအရံ ပရိသတ်နှင့် လာသည်ကို မြင်တော်မူလျှင် ရဟန်းတို့ကို—

ဧတေ ဘိက္ခဝေ ဒွေ သဟာယကာ အာဂစ္ဆန္တိ ကောလိတော
ဥပတိဿော စ ဧတံ မေ သာဝကယုဂံ ဘဝိဿတိ အဂ္ဂံ ဘဒ္ဒယုဂံ။

ချစ်သားတို့....၊ထို သူငယ်ချင်း နှစ်ယောက် ဥပတိဿ, ကောလိတ တို့ သည် ငါဘုရားထံမှောက်သို့ လာရောက်ကြလေပြီ ယခု လာရောက်ကြသည့်

ဥပတိဿ, ကောလိတ တို့သည် ငါဘုရား၏ **အဂ္ဂသာဝက** အစုံ ဖြစ်ပေလိမ့်မည် ဟု တင်ကြို၍ ဗျာဒိတ်စကား မိန့်ကြားခဲ့ပါသည်၊

ဥပတိဿ, ကောလိတ တည်းဟူသော အဂ္ဂသာဝက နှစ်ပါးတို့သည် မြတ်စွာဘုရား ထံမှောက်သို့ ရောက်ရှိကြသောအခါ မြတ်စွာဘုရား၏ ခြေတော်တို့၌ ဦးခေါင်းဖြင့် တုပ်ဝပ်ပြီးလျှင်....

လဘေယျာမ မယံ ဘန္တေ ဘဂဝတော သန္တိကေ
ပဗ္ဗဇ္ဇံ လဘေယျာမ ဥပသမ္ပဒံ။

ရှင်ပင်မြတ်ဘုရား....၊တပည့်တော်တို့သည် ရှင်တော် မြတ်ဘုရား၏အထံမှ ရှင်အဖြစ် ရဟန်းအဖြစ်ကို ရလိုပါကုန်၏ ဟူ၍ တောင်းပန် လျှောက်ထားသောအခါ သဗ္ဗညု မြတ်စွာဘုရားသည် မိုဃ်းတိမ်ညို အဆင်းရှိသော သင်္ကန်းတော်မှ ရွှေရောင်အဆင်းရှိသော ရွှေလက်တော်ကို ဆန့်တန်းတော် မူပြီးလျှင်——

ထေ ဘိက္ခဝေါ သွာခါတော ဓမ္မော၊ စရထ
ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယ။

"ချစ်သားတို့....၊လာလှည့်ကုန် နိဗ္ဗာန် မဂ်ဖိုလ်သို့ ရောက်ရန် ကောင်းစွာ အစ အလယ် အဆုံး သုံးပါးစုံ ကောင်းခြင်းဂုဏ်ဖြင့် ငါဘုရားသည် တရားတော်ကို ဟောကြား အပ်ခဲ့လေပြီ၊ သင် ချစ်သားတို့သည် သံသရာဝဋ်ဒုက္ခ၏ အဆုံးကို ပြုလုပ်ရန် အလို့ငှါ မြတ်သော မဂ်တည်းဟူသော အကျင့်ကို ကျင့်သုံးလှည့်ကြကုန်" ဟု ခေါ်တော်မူသောအခါ ဥပတိဿ, ကောလိတ ပရိဗိုဇ် နှစ်ဦးတို့သည် အခြွေအရံ ပရိသတ်နှင့်တကွ တန်ခိုးဖြင့် ပြီးသော ပရိက္ခရာ ရှစ်ပါး ဆင်မြန်းပြီးသား ရဟန်း ဖြစ်ကြပါသည်၊

သို့ရကား ဥပတိဿ, ကောလိတ——အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလ္လာန် တည်းဟူသော အဂ္ဂသာဝကကြီး နှစ်ပါးတို့၏ ဤသာသနာတော်၌ ရဟန်း ဖြစ်ရခြင်းသည် **ဟေိဘိက္ခုပသမ္ပဒါ** ရဟန်း ဖြစ်ပါသည် အရှင်ဘုရား။

သာဝကကြီးနှစ်ပါး ရဟန်းပြုတော်မူခဏ်း ပြီး၏

## ဥပဇ္ဈာယ်ဆရာ ခွင့်ပြုခဏ်း

ပုစ္ဆာ။ ။ဥပဇ္ဈာယော အာဝုသော ဝဏ်ိတုံ ဘဂဝတာ ကတ္ထ အနုညာတော၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတော။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ အနုညာတော၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ အနုပဇ္ဈာယကာ အနာစရိယကာ အနောဝဒိယမာနာ အနနုသာသိယမာနာ ဒုန္နိဝတ္ထာ ဒုပ္ပါ-ရုတာ အနောကပ္ပသမ္ပန္နာ ပိဏ္ဍာယ စရိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတော။

အမေး။ ။အပြစ်ကြီး အပြစ်ငယ်ကို ရှု၍ ဆိုဆုံးမသော ဥပဇ္ဈာယ်ဆရာကို ယူထား၍ ထို ဥပဇ္ဈာယ်ဆရာ၏ အဆုံးအမကို ခံယူကာ သီတင်းသုံးနေထိုင်ရန် မြတ်စွာဘုရားသခင်သည် ဘယ်မြို့ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော မှုခင်း ကိစ္စကြောင့် ခွင့်ပြုတော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ခွင့်ပြုတော် မူအပ်ပါသည်၊

မြတ်စွာဘုရားသခင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော် မူသောအခါ ဥပဇ္ဈာယ်ဆရာ, နိဿယည်းဆရာကို ခွင့်မပြုရသေးသဖြင့် များစွာသော ရဟန်းတို့သည် ဥပဇ္ဈာယ်ဆရာ, နိဿယည်းဆရာ မရှိကြဘဲ အဆုံးအမ ဩဝါဒ အကံမြစ်ကို မရရှိကြသဖြင့် မကောင်းတရောင်း ဝတ်ခြင်း မကောင်းတရောင်း ရုံခြင်း မလျောက်ပတ်သော အသွင်အပြင်တို့နှင့် ပြည့်စုံကြကုန်သည်ဖြစ်၍ မြို့တွင်း ရွာတွင်းသို့ ဆွမ်းခံ လှည့်လည် ကြပါကုန်သည် ထိုအခါ များစွာသော လူတို့၏ ကဲ့ရဲ့ ရှုတ်ချခြင်းကို ခံရပါသည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ဥပဇ္ဈာယ်ဆရာကို ယူဘို့ရန် သဗ္ဗညုမြတ်စွာဘုရား ခွင့်ပြု ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ဥပဇ္ဈာယမှိ အာဝုသော န သမ္မာဝတ္တန္တဿ ဒုက္ကဋံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ သမ္မဟုလေ သဒ္ဒိဝိဟာရိကေ အာရဗ္ဘ ပညတ္တံ၊ သမ္မဟုလာ ဘန္တေ သဒ္ဒိဝိဟာရိကာ ဥပဇ္ဈာယမှိ န သမ္မာဝတ္တိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဥပဇ္ဈာယ်ဆရာ၌ ပြုထိုက်သော ကျင့်ဝတ်များကို ကျေပြွန်စွာ မပြုကျင့်သော ရဟန်းအား ဒုက္ကဋ်အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်၌ များစွာသော သဒ္ဒိဝိဟာရိက ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်။

ရာဇဂြိုဟ်ပြည်၌ မြတ်စွာဘုရား သီတင်းသုံး နေတော်မူသောအခါ သဒ္ဒိဝိဟာရိက တပည့် ရဟန်းတို့သည် ဥပဇ္ဈာယ်ဆရာ၌ ပြုလုပ်ရန်ရှိသော ဝတ်ကြီးဝတ်ငယ်တို့ကို ပြည့်စုံစွာ မပြုမကျင့်ကြပါကုန်ပြီ။ ထိုသို့သော မှုခင်းကိစ္စ။ပ။ အရှင်ဘုရား။

ဥပဇ္ဈာယ်ဆရာ ခွင့်ပြုခဏ်း ပြီး၏

---

## ဉာတ်ကမ္မဝါစာဖြင့် ရဟန်းအဖြစ် ခွင့်ပြုခဏ်း

ပုစ္ဆာ။ ။ကဒါ အာဝုသော ဘဂဝတာ တီဟိ သရဏဂမနေဟိ ဥပသမ္ပဒံ ပဋိက္ခိပိတွာ ဉတ္တိစတုတ္ထေန ကမ္မေန ဥပသမ္ပဒါ အနုညာတာ။

ဝိဿဇ္ဇနာ။ ။ရာဓဗြာဟ္မဏဿ ဘန္တေ ပဗ္ဗဇိတကာလေ ဘဂဝတာ တီဟိ သရဏဂမနေဟိ ဥပသမ္ပဒံ ပဋိက္ခိပိတွာ ဉတ္တိစတုတ္ထေန ကမ္မေန ဥပသမ္ပဒါ အနုညာတာ။

အမေး။ ။အဘယ်အခါ ကာလ၌ မြတ်စွာဘုရား သခင်သည် သရဏဂုံ သုံးပါးတို့ဖြင့် ရဟန်းပြုပေးခြင်းကို ပယ်မြစ်တော် မူပြီးလျှင် ဉာတ်လျှင် လေးကြိမ်မြောက်ရှိသော ကမ္မဝါဖြင့် ရဟန်းပြုပေးခြင်းကို ခွင့်ပြုတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။မြတ်စွာဘုရားသခင် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံး နေတော်မူသောအခါ **ရာဓ** အမည်ရှိသော ပုဏ္ဏားသည် ရဟန်းတို့ထံ ချဉ်းကပ်၍ ရှင်ရဟန်းအဖြစ်ကို တောင်းပန်ပါသည် ထို ရာဓပုဏ္ဏားကို ရဟန်းပြုဘို့ရန် ရဟန်းတော်တို့သည် အလိုမရှိကြပါကုန်၊

သို့ ရဟန်းအဖြစ်ကို မရသဖြင့် ကြုံလှီသော ရုပ်အဆင်းပျက်၍ နေသော ရာဓ ပုဏ္ဏားကို မြတ်စွာဘုရား မြင်လတ်သော်—

ကောနု ခေါ ဘိက္ခဝေ တဿ ဗြာဟ္မဏဿ အဓိကာရံ သရတိ။

ချစ်သားတို့....၊ဤရဟန်း ပရိသတ်တို့တွင် အဘယ်ပုဂ္ဂိုလ်သည် ထိုပုဏ္ဏား၏ ကျေးဇူးကို အောက်မေ့ သိရှိပါသနည်း ဟု မေးမြန်းတော် မူလတ်သော် အရှင်သာရိပုတ္တရာ မထေရ်သည်

အဟံ ခေါ ဘန္တေ တဿ ဗြာဟ္မဏဿ အဓိကာရံ သရာမိ။

ဘုန်းတော်နေဝန်း ထွန်းတောက်ပ တော်မူသော မြတ်စွာဘုရား····၊ ဘုရားတပည့်တော်သည် ထို ရာဓပုဏ္ဏား၏ ကျေးဇူးကို အောက်မေ့ သိရှိပါသည်ဘုရား ဟု လျှောက်ထားလေသော်—

သင်ချစ်သားသည် ထို ပုဏ္ဏား၏ အဘယ်သို့ သဘောရှိသော ကျေးဇူးကို အောက်မေ့သိရှိပါသနည်း ဟု မေးမြန်းတော်မူလေလျှင်—

တပည့်တော်သည် တချိန်က ဤရာဇဂြိုဟ်ပြည် အရပ်ဝယ် ဆွမ်းခံလှည့်လည်သောအခါ ထို ရာဓပုဏ္ဏားသည် တယောက်ချို့မျှသော တစွန်းမျှသော ဆွမ်းကို လောင်းလှူခဲ့ဘူးပါသည် ထို ကျေးဇူးကို တပည့်တော်သည် အမြဲတစေ အောက်မေ့သိရှိ၍ နေပါသည်ဘုရား ဟု လျှောက်ထားလေရာ—

သာဓု သာဓု သာရိပုတ္တ၊ ကတညုနော ဟိ သာရိပုတ္တ သပ္ပုရိသာ ကတဝေဒိနော။

ချစ်သား....သာရိပုတ္တရာ၊ ပညာရှိ သူတော်ကောင်းတို့သည် သူ့ကျေးဇူးကို သိကြမြဲ ဓမ္မတာ ဖြစ်ကုန်သည် ဟု မိန့်ကြားတော်မူပြီးလျှင် သို့တပြီးကား သင်ချစ်သားသည် ထို ရာဓပုဏ္ဏားကို ရှင်ရဟန်း ပြုပေးပါလေလော့ ဟု မိန့်ကြားတော် မူပြန်လေရာ မြတ်စွာဘုရားအလိုတော်ကို သိရှိတော်မူသော အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် သရဏဂုံသုံးပါးဖြင့် ရဟန်းပြုရန် ခွင့်ပြုပြီးသား ဖြစ်သည်ကို သိရှိပါလျက်လည်း ဉတ္တိစတုတ္ထ ကမ္မဝါဖြင့် ရဟန်းပြုဘို့ရန် ဘုရားကိုယ်တော်မြတ်၏အလိုကို သိရှိတော်မူသဖြင့်—

ကထာဟံ ဘန္တေ တံ ဗြာဟ္မဏံ ဥပသမ္ပာဒေမိ။

ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား ··၊တပည့်တော်သည် ထို ရာဓပုဏ္ဏားကို ဘယ်ပုံ ဘယ်ပန်း ဘယ်သို့သော အခြင်းအရာဖြင့် ရဟန်းပြု၍ ပေးရပါမည်နည်းဘုရား ဟု လျှောက်ကြားသော ဝတ္ထုဝယ်—

ယာသာ ဘိက္ခဝေ မယာ တီဟိ သရဏဂမနေဟိ ဥပသမ္ပဒါ-အနုညာတာ၊ တံ အဇ္ဇတဂ္ဂေ ပဋိက္ခိပါမိ။

ချစ်သားတို့ ···၊သရဏဂုံ သုံးပါးဖြင့် ရဟန်းပြုခွင့်ကို ပဌမဝါ ဗာရာဏသီပြည် အရပ်၌ ချဉ်းကပ်တော်မူစဉ်ကပင် ခွင့်ပြုတော်မူခဲ့လေပြီ၊ ထိုသို့ သရဏဂုံ သုံးပါးဖြင့် ရဟန်းပြုခြင်းကို ယနေ့မှ အစပြု၍ ငါဘုရား ပယ်မြစ်တော်မူလိုက်ပြီ၊

အနုဇာနာမိ ဘိက္ခဝေ ဉတ္တိစတုတ္ထေန ကမ္မေန ဥပသမ္ပာဒေတုံ။

ယနေ့မှ စ၍ ဉတ်လျှင် လေးကြိမ်မြောက်ရှိသော ကမ္မဝါဖြင့် ရဟန်းပြုခြင်းငှါ ငါဘုရား ခွင့်ပြုတော်မူသည် ဟု မိန့်ကြားတော်မူခဲ့ပါပြီ၊

ဤသို့လျှင် ရာဓပုဏ္ဏားကို ရှင်ပြုပြီးသော အခါ၌ မြတ်စွာဘုရားသည် သရဏဂုံ သုံးပါးဖြင့် ရဟန်းပြုခြင်းကို ပယ်တော်မူ၍ ဉတ်လျှင် လေးကြိမ်မြောက်ရှိသော ကမ္မဝါဖြင့် ရဟန်းပြုဘို့ရန် ခွင့်ပြုပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ဉတ်ကမ္မဝါစာဖြင့် ရဟန်းအဖြစ် ခွင့်ပြုခဏ်း ပြီး၏

---

## ရဟန်းခံရာ၌ မှတ်ဘွယ်ရာအခဏ်း

ပုစ္ဆာ။ ။အယာစိတကံ အာဝုသော ဥပသမ္ပဒါပေက္ခံ ဥပသမ္ပာဒေန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ အညတရံ ဘိက္ခုံ အာရဗ္ဘ ပညတ္တံ၊ အညတရော ဘန္တေ ဘိက္ခု ဥပသမ္ပန္နသမနန္တရံ အနာစာရံ အစရိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ရဟန်း ပြုပေးပါရန် သံဃာအား လျှောက်ထားတောင်းပန်ခြင်းမရှိဘဲ ထိုသို့ မလျှောက်ထား မတောင်းပန်သော ရဟန်းလောင်းကို ရဟန်းပြုပေးသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ အညတရ ရဟန်းလောင်းတပါး (ရဟန်းသစ်) တပါးကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

ရာဇဂြိုဟ်ပြည်၌ မြတ်စွာဘုရား သီတင်းသုံးတော်မူစဉ် တယောက်သော ရဟန်းလောင်းသည် ရဟန်းပြုပြီးသည်၏ အခြားမဲ့၌ သာသနာတော်ဝယ် မသင့်လျော်သော အကျင့်ကို ကျင့်ပါသည်၊

ထိုအခါ ရဟန်းတို့က "ငါ့ရှင် ဤသို့သဘောရှိသော မလျောက်ပတ် မအပ်စပ်သော အကျင့်ကို မကျင့်ပါလေနှင့်" ဟု ဆုံးမကံမြစ်သည်ရှိသော်—

"တပည့်တော်သည် အရှင်ဘုရားတို့ကို ရဟန်းပြုပေးပါ ဟု မတောင်းပန်ခဲ့၊ အဘယ့်ကြောင့် အရှင်တို့သည် မတောင်းပန်အပ်ပါဘဲ ဘုရားတပည့်တော်ကို ရဟန်းပြု၍ ပေးကုန်ဘိသနည်း" ဟု နှုတ်လုံထိုးသော ဝတ္ထုဝယ် ထို ဒုက္ကဋ်အာပတ်ကို။ပ။ အရှင်ဘုရား။

ပုစ္ဆာ။ ။စတုန္နံ့ အာဝုသော နိဿယာနံ အာစိက္ခဏာ ဘဂဝတာ ကတ္ထ အနုညာတာ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတာ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ အညတရံ ဘိက္ခုံ အာရဗ္ဘ အနုညာတာ၊ အညတရော ဘန္တေ ဘိက္ခု ဥဒရဿ ကာရဏာ ပဗ္ဗဇိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတာ။

အမေး။ ။လေးပါးသော မှီရာတို့ကို ရဟန်းဖြစ်သော ပုဂ္ဂိုလ်အား ပြောကြားရန် မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပေ၏၊ ထိုခွင့်ပြုချက်ကို ဘယ်မြို့ ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အမှုခင်း ကိစ္စကြောင့် ခွင့်ပြုတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်ဝယ် ဝမ်းရေးကြောင့်ကြသော ရဟန်းတပါးကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေတော်မူစဉ် နေ့စဉ် နေ့စဉ် ဆွမ်းလှည့်တို့သည်ကား မပြတ်မစဲ ရှိပါကုန်သည်၊ ထိုအခါ တယောက်သော ပုဏ္ဏားသည် "ဤရဟန်းတို့ကား မွန်မြတ်သော ခဲဘွယ်ဘောဇဉ်တို့ကို စားသောက် သုံးစွဲလျက် လေတိုက်သော အရပ်တို့၌ မပင်မပန်း ချမ်းသာစွာ ကျိန်းစက်ရကုန်သည် ငါသည် သာသနာတော်တွင်းသို့ ဝင်ရောက်၍ ရှင်ရဟန်းပြုရမူကား အစားအသောက် မပင်မပန်း ချမ်းသာလိမ့်မည်" ဟု မှတ်ရည်၍ ရဟန်းတို့ထံ ရှင်ရဟန်းပြုရန် တောင်းပန်ပါသည် ရဟန်းတော်တို့သည် ထို ပုဏ္ဏားအား ရှင်ရဟန်းပြုပေးကြပါကုန်သည်၊

ထိုပုဏ္ဏား ရှင်ရဟန်းပြုပြီးသည်နှင့် တပြိုင်နက် ရာဇဂြိုဟ်ပြည်ဝယ် ရှေး ရှိရင်းစွဲ ဖြစ်သော ဆွမ်းစဉ် ဆွမ်းလှည့်တို့သည် ပြတ်ခဲ့ပါကုန်သည် ထိုအခါ ရဟန်းတော်တို့က —

ဧဟိ ဒါနိ အာဝုသော ပိဏ္ဍာယ စရိဿာမ။

ငါ့ရှင် လာလေ....မြို့တွင်းသို့ ဆွမ်းခံ လှည့်လည်ကြကုန်အံ့ ဟူ၍ ခေါ် သည်ရှိသော် —

တပည့်တော်သည် ဆွမ်းခံ လှည့်လည်အံ့ဟူ၍ သာသနာတော်သို့ ဝင် ရောက်ခြင်း မဟုတ်ပါ အကယ်၍ အရှင်ဘုရားတို့ ဆွမ်းပေးသည်ရှိသော်တပည့် တော် စားသောက်ပါမည် အကယ်၍ မပေးပါမူ တပည့်တော်သည် သာသနာ တော်မှ လျောကျပါမည် ဟု ပြန်ကြား လျှောက်ထား လေသည်ရှိသော် —

အသို့နည်း ငါ့ရှင် သင်သည် ဝမ်းရေးဟူသော အကြောင်းကြောင့် ဤ ဓမ္မ ဝိနယ သာသနာတော်ဝယ် ရဟန်း ပြုပါသလား ဟု မေးမြန်းသည်ရှိသော် ဟုတ်ပါသည့် အကြောင်း ပြန်ပြောင်း၍ လျှောက်သည်တွင် —

ကထံ ဟိ နာမ ဘိက္ခု ဧဝံ သွာက္ခာတေ ဓမ္မဝိနယေ ဥဒရဿ ကာရဏာ ပဗ္ဗဇိဿတိ။

"ဘယ့်နှယ်ကြောင့် ရဟန်းသည် ဤကဲ့သို့ သွာခါတ ကောင်းစွာ ဟော ကြားအပ်သော သုတ် အဘိဓမ္မာ ဝိနည်းတို့ဖြင့် သဂြိုဟ်ရေတွက်အပ်သော ဤ ဘုရားသာသနာတော်၌ ဝမ်းရေး ကြောင့်ကြ၍ ရှင် ရဟန်း ပြုဘိသနည်း" ဟု

များစွာသော အကြောင်းတို့ဖြင့် ကဲ့ရဲ့သမှု ပြုကြပါသည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့် မှီရာ ပစ္စည်းလေးပါးတို့ကို ရဟန်းဖြစ်သော ပုဂ္ဂိုလ်တို့အား ပြောကြားရန် မြတ်စွာဘုရားသည် ပညတ်ခွင့်ပြုတော် မူခဲ့ပါသည် အရှင်ဘုရား။

ရဟန်းခံရာ၌ မှတ်ဘွယ်ရာအခဏ်း ပြီး၏

---

## ဥပဇ္ဈာယ်ဆရာ မလုပ်ရန် တားမြစ်ခဏ်း

ပုစ္ဆာ။ ။ဦနဒသဝဿေန အာဝုသော ဥပသမ္ပာဒေန္တေသ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ အာယသ္မန္တံ ဥပသေနံ ဝင်္ဂန္တပုတ္တံ အာရဗ္ဘ ပညတ္တံ၊ အာယသ္မာ ဘန္တေ ဥပသေနော ဝင်္ဂန္တပုတ္တော ဧကဝဿော သဒ္ဓိဝိဟာရိကံ ဥပသမ္ပာဒေသိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။မိမိက ဆယ်ဝါ မရသေးပါဘဲလျက် သူတပါးကို ရဟန်းပြုပေးသော ဥပဇ္ဈာယ် ရဟန်းအား ဒုက္ကဋ်အာပတ်။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်၌ပင် ဝင်္ဂန္တပုဏ္ဏား၏သား အရှင် **ဥပသေန**ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊

အရှင်ဥပသေနသည် မိမိက ဆယ်ဝါမရှိသေး တဝါမျှသာ ရရှိသေးပါလျက် သဒ္ဓိဝိဟာရိက တပည့်တပါးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံ ပေးခဲ့ပါပြီ၊ ဝါကျွတ်လတ်သော် ရှင်ဥပသေနသည် နှစ်ဝါရပြီးဖြစ်၍ တဝါရပြီးသော သဒ္ဓိဝိဟာရိက တပည့်နှင့် အတူ ဘုရားထံမှောက် အဖူးအမြော် ရောက်ပါသည် ရောက်ရှိသောအခါ မြတ်စွာဘုရားက 'သမ္မောဒနီယ' စကား ပြောကြားပြီးသည်၏ အဆုံး၌ "သင်ချစ်သား အဘယ်နှစ်ဝါ ရှိပြီနည်း" ဟု မေးမြန်းတော်မူလေသော် "မြတ်စွာဘုရား တပည့်တော် နှစ်ဝါ ရှိပါပြီ" ဟု လျှောက်ထားလေလျှင် "သင်၏အနီးအပါး သင့်နောက်နားမှာ ရှိသော ရဟန်းကား အဘယ်နှစ်ဝါ ရှိပြီနည်း" ဟု မေးမြန်းလေလျှင် တဝါ ရှိပါကြောင်း လျှောက်ထား လေသည်၊

"သင်ချစ်သားနှင့် ထို ရဟန်း မည်သို့ တော်စပ်ပါသနည်း" ဟု မေးမြန်းတော်မူသည် ရှိသော် ထိုရဟန်းသည် ဘုရားတပည့်တော်၏ သဒ္ဓိဝိဟာရိက တပည့် ဥပဇ္ဈာယ်ယူသော တပည့် ဖြစ်ပါသည် ဟု လျှောက်ထား လေလျှင် မြတ်စွာဘုရား များစွာ ကဲ့ရဲ့တော်မူခဲ့ပါသည်၊

အဘယ့်ကြောင့် မိမိကိုယ်တိုင်က သူတပါးတို့၏ အဆုံးအမ ဩဝါဒကို နာခံရမည့်အရွယ် ဖြစ်ပါလျက် သူတပါးကို ဆုံးမကောင်းသည် ကံမြစ်ကောင်းသည် ဟူ၍ မှတ်ထင်ဘိသနည်း၊ ဤသို့ ပြုခြင်းသည် သာသနာတော်ဝယ် မကြည်ညိုသေးသော သူတို့ကြည်ညိုရန်လည်း မဖြစ် ကြည်ညိုပြီးသော ပုဂ္ဂိုလ်တို့ သဒ္ဓါတရား ပျက်ပြားဘို့ရန်သာ ဖြစ်သည် အစရှိသည်ဖြင့် ကဲ့ရဲ့တော်မူခဲ့ပါသည်၊

ထိုသို့ အရှင်ဥပသေန မထေရ်၏ တဝါရသေးလျက် သဒ္ဓိဝိဟာရိက တပည့်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးသော ဝတ္ထုဝယ် ထို ဒုက္ကဋ်အာပတ်ကို။ပ။ အရှင်ဘုရား။

ပုစ္ဆာ။ ။ဗာလေန အာဝုသော အဗျတ္တေန ဥပသမ္ပာဒေန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ "ဒသဝဿမှာ ဒသဝဿမှာ"တိ ဗာလာ အဗျတ္တာ ဥပသမ္ပာဒေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဆယ်ဝါရပင် ရငြားသော်လည်း ဝိနည်း သိက္ခာပုဒ် တတ်သိနားလည်ခြင်း မရှိပါဘဲ တပည့် တပန်းတို့ကို အချိုးတကျ သွန်သင် ဆုံးမရန် စွမ်းဆောင် နိုင်ခြင်းလည်း မရှိပါဘဲ သဒ္ဓိဝိဟာရိက တပည့်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးသော ရဟန်းအား ဒုက္ကဋ်အာပတ်။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊

ရှင်ဥပသေန ဝတ္ထုဝယ် မြတ်စွာဘုရား သခင်က ဆယ်ဝါရှိမှ ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးရမည် ဟု ခွင့်ပြုတော် မူလတ်သော် များစွာသော ရဟန်းတို့

သည် မိမိကိုယ်တိုင် ဝိနည်း သိက္ခာပုဒ်ဝယ် မကျွမ်းကျင် မလိမ်မာကြပါကုန်ဘဲလျက် "ငါတို့သည် ဆယ်ဝါ ရှိကုန်ပြီ ငါတို့သည် ဆယ်ဝါရှိကုန်ပြီ" ဟု ပြောဆို၍ သဒ္ဓိဝိဟာရိက တပည့်တို့ကို ဥပဇ္ဈာယ်ပြုကာ ရဟန်းခံ ပေးကြပါကုန်ပြီ၊

ထိုအခါ တပည့် တပန်းတို့က ဝိနည်းသိက္ခာပုဒ်၌ ကျွမ်းကျင်လိမ်မာ၍ ဆရာဥပဇ္ဈာယ်တို့က ဝိနည်း သိက္ခာပုဒ်တို့၌ မကျွမ်းကျင် မလိမ်မာမှု ကမောက်ကမ ဖြစ်မှု ခံရပါသည် ထို အကြောင်းကို များစွာသော ရဟန်းတို့သည် ကဲ့ရဲ့ကြပါသည်၊ ထိုသို့သော မှုခင်း ကိစ္စကြောင့် ထို ဒုက္ကဋ်အာပတ်။ပ။ အရှင်ဘုရား။

ဥပဇ္ဈာယ်ဆရာ မလုပ်ရန် တားမြစ်ခဏ်း ပြီး၏

---

## နိဿယည်းဆရာ ခွင့်ပြုခဏ်း

ပုစ္ဆာ။ ။အာစရိယော အာဝုသော ဂဏှိတုံ ဘာဂဝတာ ကတ္ထ အနုညာတော၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတော။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ အနုညာတော၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ ဥပဇ္ဈာယေသု ပက္ကန္တေသု ပိ ဝိဗ္ဘန္တေသု ပိ ကာလင်္ကတေသု ပိ ပက္ခသင်္ကန္တေသု ပိ အနာစရိယကာ အနောဝဒိယမာနာ အနနုသာသိယမာနာ ဒုန္နိဝတ္ထာ ဒုပ္ပါရုတာ အနာကပ္ပသမ္ပန္နာ ပိဏ္ဍာယ စရိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတော။

အမေး။ ။သွန်သင်ဆုံးမပေးရန် မှီရာ ဆရာကိုယူ၍ ထို မှီရာ နိဿယည်း ဆရာ၏ အဆုံးအမ ဩဝါဒဖြင့် နေထိုင်ရန် မြတ်စွာဘုရားသခင်သည် ဘယ်မြို့။ပ။ ခွင့်ပြုတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ခွင့်ပြုတော်မူအပ်ပါသည်၊

ရာဇဂြိုဟ်ပြည်၌ မြတ်စွာဘုရားသီတင်းသုံးနေတော်မူစဉ် များစွာသော ရဟန်းတို့သည် ဥပဇ္ဈာယ်ဆရာတို့ အရပ်တပါးသို့ ဖဲသွားကုန်သော်၎င်း

သာသနာတော်မှ လျောကျကုန်သော်၎င်း ဘဝတမလွန် စွန့်သွန်ကြကုန်သည် ရှိသော်၎င်း တိတ္ထိတို့ဘောင်သို့ ပြောင်းသွားကြကုန်သည်ရှိသော်၎င်း မြတ်စွာဘုရားက နိဿယည်းဆရာ ခွင့်မပြုသေးသဖြင့် နိဿယည်းဆရာ မရှိကြကုန်ဘဲ အဆုံးအမ ဩဝါဒကို မရကြကုန်သဖြင့် မကောင်းသော ဝတ်ရုံခြင်း ရှိကြသဖြင့် ရဟန်းတို့ အသွင်အပြင်နှင့် မလျောက်ပတ်သော အသွင်အပြင်ရှိကြကုန်လျက် မြို့တွင်း ရွာတွင်းသို့ ဆွမ်းခံ လှည့်လည် ကျက်စားကြပါကုန်သည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့် နိဿယည်းဆရာ ယူဘို့ရန် နိဿယည်းဆရာကို မြတ်စွာဘုရား ခွင့်ပြုတော် မူအပ်ပါသည် အရှင်ဘုရား။

နိဿယည်းဆရာ ခွင့်ပြုခဏ်း ပြီး၏

---

## ရှင်ပြု, ရဟန်းခံ မပေးရန် တားမြစ်ခဏ်းများ

ပုစ္ဆာ။ ။ပဉ္စဟိ အာဗာဓေဟိ ဖုဋ္ဌံ ပဗ္ဗာဇေန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ ပဉ္စဟိ အာဗာဓေဟိ ဖုဋ္ဌံ ပဗ္ဗာဇေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ငါးမျိုးသော အနာကြီးတို့ဖြင့် စွဲကပ်နေသောသူကို ရှင်ပြုပေးသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို မြတ်စွာဘုရား။ ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

ရာဇဂြိုဟ်ပြည်၌ မြတ်စွာဘုရား သီတင်းသုံးနေတော်မူသောအခါ အညတရ မထင်ရှားသော ယောကျ်ားတယောက်သည် ကုဋ္ဌ, ဂဏ္ဍ စသော အနာကြီး ငါးမျိုးဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ ဆရာဇီဝကထံ ချဉ်းကပ်ပြီး ဆေးကုပေးပါရန် အကြိမ်ကြိမ်တောင်းပန်သော်လည်း အခွင့်မရသဖြင့် "ငါသည် ရဟန်းတော်တို့ထံ ချဉ်းကပ်၍ ရှင်ရဟန်းပြုရပါမူ ရဟန်းတော်တို့၏ အလုပ်အကျွေး အပြုစုကိုလည်း ခံရလိမ့်မည် ရှင်ဇီဝက၏ ဆေးကုခြင်းကိုလည်း ခံရလိမ့်မည် ထိုသို့ ရဟန်းတော်တို့က ပြုစု ရှင်ဇီဝက,က ဆေးကုသဖြင့် ဤအနာ

ရောဂါမှ ထမြောက်ပါမူ ငါသည် လူထွက်ပေအံ့” ဟု နှလုံးသွင်း၍ ရဟန်းတော်တို့ထံ ချဉ်းကပ်ပြီး ရှင်ရဟန်းအဖြစ်ကို တောင်းပန်လတ်သော် ရဟန်းတော်တို့သည် ရိုးရိုးသဘောဖြင့် ရှင်ရဟန်းပြု၍ ပေးပြီးလျှင် ပြုစုကျွေးမွေးကြပါကုန်သည် ဆရာဇီဝက ကလည်း ဆေးကုခဲ့ပါသည်၊ သို့ဖြင့် ထို ရဟန်းစွဲခဲ့ရင်း အနာကြီးရောဂါ ကင်းပျောက်သောအခါ ထို ရဟန်းသည် မူလရည်ရွယ်ချက်အတိုင်း လူထွက်ခဲ့ပါသည်၊

ထိုလူထွက်ကို ဆရာဇီဝက မြင်သည်ရှိသော် “အမောင် သင်သည် ရဟန်းတို့ထံ၌ ရဟန်းပြုဘူးသည် မဟုတ်ပါလော” ဟု မေးမြန်းပါသည်၊ “မှန်ပါကြောင်း” ပြန်၍ ပြောကြားလေလျှင် “အဘယ့်ကြောင့် ဤသို့ မသင့်မတော်သည်ကို အမောင်ပြုဘိသနည်း” ဟု မေးမြန်းသည်ရှိသော် မိမိ၏ မူလရည်ရွယ်ချက်နှင့် တကွ အကြောင်းကြောင်းကို ပြန်ပြောင်း ဖြေကြားလေသော် ဆရာဇီဝကသည် မြတ်စွာဘုရားထံမှောက်သို့ သွားရောက်၍—

သာဓု ဘန္တေ အယျာ ပဉ္စဟိ အာဗာဓေဟိ ဖုဋ္ဌံ န ပဗ္ဗာဇေယျုံ....

ရှင်တော်မြတ်ဘုရား....၊အရှင်ကောင်း အရှင်မြတ်တို့သည် အနာကြီးငါးမျိုးတို့ဖြင့် တွေ့ထိ နှိပ်စက်အပ်သော ပုဂ္ဂိုလ်ကို ရှင်ရဟန်းပြု၍ မပေးရန် ဘုရားတပည့်တော် တောင်းပန်ပါသည် ဟု လျှောက်ထားခဲ့ပါသည်၊ ထိုသို့သော မူခင်းကိစ္စကြောင့် သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ရာဇဘဋံ အာဝုသော ပဗ္ဗာဇေန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ ရာဇဘဋံ ပဗ္ဗာဇေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။မင်းခ ယောကျ်ားကို ရှင်ရဟန်းပြုပေးသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

များစွာသော ရဟန်းတို့သည် ဗိမ္ဗိသာရမင်း၏ အမှုတော်ထမ်း စစ်သည် သူရဲကောင်းတို့ကို ရဟန်းပြု၍ ပေးခဲ့ပါကုန်ပြီ၊ ထိုအခါ **ဓမ္မဝိနိစ္ဆယ** အမတ်ကြီး တို့က တရားစီရင်လတ်သည် ရှိသော် "ဥပဇ္ဈာယ်ဆရာအား ဦးခေါင်းကို ဖြတ် ထိုက်သည် ကမ္မဝါဆရာအား လျှာကို ဖြတ်ထိုက်သည် ဂိုဏ်းသံဃာအား နံရိုး ကို ချိုးပစ်ထိုက်သည်" ဟု တရားလွန် တရားကျူး ဆုံးဖြတ်ကြပါသည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် ဗိမ္ဗိသာရမင်းသည် ဘုရားထံမှောက် သွားရောက်ပြီးလျှင် နောက်နောင်အခါဝယ် ရဟန်းတော်တို့သည် မင်းချင်း ယောကျာ်းကို ရဟန်းပြု၍ မပေးရန် တောင်းပန် လျှောက်ထားခဲ့ပါသည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့်။ပ။ အရှင်ဘုရား။

ပုစ္ဆာ။ ။ဓဇဗန္ဓံ အာဝုသော စောရံ ပဗ္ဗာဇေန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေယေဝ ဘန္တေ အင်္ဂုလိမာလံ စောရံ အာရဗ္ဘ ပညတ္တံ၊ အင်္ဂုလိမာလော ဘန္တေ စောရော ဘိက္ခူသု ပဗ္ဗဇိတော ဟောတိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။အလံ တမ်းခွန် စိုက်ထူထားသည့်အလား လောက၌ အလွန် ထင်ရှား ကျော်စော၍ နေသော ခိုးသူ ဓားပြအား ရဟန်းပြုပေးသော ရဟန်း အား ဒုက္ကဋ်အာပတ်။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ပင်လျှင် အင်္ဂုလိမာလ ခိုးသူကို အ ကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊

မြတ်စွာဘုရားသခင် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံး နေတော်မူစဉ် အင်္ဂုလိမာလ ခိုးသားသည် ရဟန်းတော်တို့ အထံ၌ ရဟန်းပြုခဲ့ပါသည် ထို အခါ ထိုခိုးသား ရဟန်းကို မြင်ကြလေလျှင် များစွာသော လူအပေါင်းတို့ သည် ရှောင်တိမ်း ပြေးလွှား ကြပါကုန်သည် များစွာလည်း ကဲ့ရဲ့ကြပါကုန် သည်၊ ထိုသို့သော မှုခင်း ကိစ္စကြောင့်။ပ။ အရှင်ဘုရား။

ပုစ္ဆာ။ ။ကာရဘေဒကံ အာဝုသော စောရံ ပဗ္ဗာဇေန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေယေဝ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊
သမ္ဗဟုလာ ဘန္တေ ဘိက္ခူ ကာရဘေဒကစောရံ ပဗ္ဗာဇေသုံ၊
တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။အကျဉ်းထောင်မှ တိတ်တဆိတ် ထွက်ပြေးသော အကျဉ်းသားကို ရှင် ရဟန်း ပြုပေးသော ရဟန်းအား ဒုက္ကဋ်အာပတ်။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်၌ပင် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံး နေတော်မူသောအခါ တယောက်သော ခိုးသား ယောကျ်ားသည် အကျဉ်းထောင်ကို ဖောက်ထွင်း၍ ထွက်ပြေးပြီးလျှင် ရဟန်းတော်တို့ အထံ၌ ရှင်ရဟန်း ပြုခဲ့ပါသည်၊

ထိုခိုးသားကို အရပ်သားတို့ မြင်သောအခါ ဤသူသည်ပင် ထောင်ကို ဖောက်ထွင်း၍ ထွက်ပြေးသော ခိုးသား ဖြစ်သည်၊ ဗိမ္ဗိသာရ မင်းကြီးထံ ယခု ဆောင်ယူကြကုန်အံ့ ဟူ၍ ပြောကြားကြသော် တချို့သော အမျိုးသားတို့က "အမောင်တို့ ဤသို့ မဆိုလင့် သာသနာတော်ဝယ် ဝင်ရောက်၍ ရဟန်းပြုသော ပုဂ္ဂိုလ်တို့သည် ဘေးမဲ့ ဖြစ်ကြကုန်သည်" ဟု ပြောကြားလျှင် "ရဟန်းတော်တို့ သည် အဘယ့်ကြောင့် ထောင်ကို ဖောက်ထွင်း ထွက်ပြေးသော ခိုးသားကို ရဟန်း ပြုကုန်ဘိသနည်း" ဟု လူဒါယကာများ ကဲ့ရဲ့ကြပါကုန်သည်၊ ထိုသို့ သော မှုခင်းကိစ္စကြောင့်။ပ။ အရှင်ဘုရား။

ပုစ္ဆာ။ ။လိခိတကံ အာဝုသော ပဗ္ဗာဇေန္တဿ ဒုက္ကဋံ ဘဂဝတာ
ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေယေဝ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊
သမ္ဗဟုလာ ဘန္တေ ဘိက္ခူ လိခိတကံ ပဗ္ဗာဇေသုံ၊ တသ္မိံ
ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ကြေးမြီရှိသောသူကို ရှင် ရဟန်း ပြုပေးသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ် ပြည်၌ပင် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊

များစွာသော ရဟန်းတို့သည် ကြွေးမြီ တင်သောသူကို ရှင် ရဟန်း ပြုပေးခဲ့ကြပါကုန်သည် ကြွေးရှင် မြီရှင်တို့သည် ထို ရဟန်းကို မြင်လတ်သော အခါ "ဤသူကား ငါတို့၏ မြီးစားတည်း ဤသူ့ကို ဆောင်ကြကုန်အံ့" ဟု ပြောကြားသည်ရှိသော် အကြောင်း သိသော လူများက "အမောင်တို့ ဤသို့ မဆိုလင့် ဗိမ္ဗိသာရမင်းက ရဟန်းပြုသော သူတို့အား ဘေးမဲ့ ပေးထားပြီး ဖြစ်သည်" ဟု ပြောကြားလျှင် ကြွေးရှင် မြီရှင်တို့က ရဟန်းတော်တို့ကို များစွာ ကဲ့ရဲ့ ရှုတ်ချမှု ပြုကြပါသည်၊ ထိုသို့သော မှုခင်း။ပ။ အရှင်ဘုရား။

ပုစ္ဆာ။ ။ဒါသံ အာဝုသော ပဗ္ဗာဇေန္တဿ ဒုက္ကဋ္ဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ယေဝ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ ဒါသံ ပဗ္ဗာဇေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။မလွတ်လပ်သော ကျေးကျွန်ဖြစ်သော သူကို ရှင်, ရဟန်း ပြုပေးသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်၌ပင် များစွာသော ရဟန်းတို့ကို အကြောင်း ပြု၍ ပညတ်တော်မူအပ်ပါသည်၊

ရှေးဆိုအပ်ပြီးသော ကြွေးမြီတင်သော သူကို ရဟန်းပြုသော ဝတ္ထုကဲ့သို့ များစွာသော ရဟန်းတော်တို့၏ မလွတ်လပ်သော ကျွန်ယောကျ်ားကို ရဟန်း ပြုသော ဝတ္ထု၌ ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ဘဏ္ဍုကမ္မာယ အာဝုသော အပလောကနံ ဘဂဝတာ ကတ္ထ အနုညာတံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေယေဝ ဘန္တေ အညတရံ ကမ္မာရဘဏ္ဍုပုတ္တံ အာရဗ္ဘ အနုညာတံ အညတရော ဘန္တေ ကမ္မာရဘဏ္ဍုပုတ္တော မာတာပိတူဟိ သဒ္ဓိံ ဘဏ္ဍိတွာ ဘိက္ခူသု ပဗ္ဗဇိတော ဟောတိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတံ။

အမေး။ ။ရှင်လောင်း ရဟန်းလောင်းအား ရှင်ရဟန်း ပြုပေးရန် အတွက် ခေါင်းရိတ်လိုသောအခါ ထိုသို့ ခေါင်းကို ရိတ်ရန် ကျောင်းတိုက်

အတွင်း၌ ရှိသော သံဃာတော်အား ပန်ကြားရန် မြတ်စွာဘုရားသည် ဘယ်မှို။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ ပန်းထိမ်သည်သား သူငယ်တယောက်ကို အကြောင်းပြု၍ ခွင့်ပြု ပညတ်တော်မူအပ်ပါသည်၊

ရာဇဂြိုဟ်ပြည်၌ မြတ်စွာဘုရားသီတင်းသုံး နေတော်မူစဉ် တယောက်သော ပန်းထိမ်သည်သား သူငယ်သည် မိဘတို့နှင့် ခိုက်ရန် ငြင်းခုံခြင်း ဖြစ်ပွါးပြီးလျှင် ရဟန်းတော်တို့ထံ လာရောက်၍ ရှင် ရဟန်းပြုပေးခဲ့ပါသည်၊

မိဘတို့သည် မိမိတို့သားကို ရှာဖွေသော အခါ ကျောင်းတိုက် အရာမ်သို့ သွား၍ အရှင်ဘုရားတို့.... ဤမည်သော သူငယ်ကို ဤသို့ အဆင်းရှိသော သူငယ်ကို မြင်ကြပါကုန်သလော တွေ့မြင်ကြပါကုန်သလော ဟု မေးမြန်းလတ်သည် ရှိသော် ရဟန်းတော်တို့သည် မမြင်၍ မမြင်ပါ, မသိသဖြင့်သာ မသိပါ ဟု ဖြေကြားကြကုန်သည်၊

ထိုအခါ မိဘတို့သည် ကျောင်းအရာမ်အတွင်းသို့ လှည့်လည် ရှာဖွေသော အခါ ထိုသူငယ်ကို ရဟန်းတော်တို့အထံ၌ ရှင်ပြု၍ နေသည်ကို တွေ့ရှိသဖြင့်——

မုသာဝါဒိနော ဣမေ သမဏာ သကျပုတ္တိယာ၊ "ဤသာကီဝင်မင်းသား ဘုရားသားတော်အမည်ခံ ရဟန်းတော်တို့သည် မုသားစကားကို ပြောကြားကြပါလေကုန်၏၊ ဤသူငယ်သည် ရဟန်းတို့ထံ ရဟန်းပြု၍ နေပါလျက် ငါတို့မမြင်ဘူး မသိဘူး ဟု ဘူးကွယ်ကာ မုသားစကား ပြောကြားကြလေကုန်ဘိ၏" ဟု ကဲ့ရဲ့ရှုတ်ချခဲ့ပါသည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် ရှင်သာမဏေ ပြုလိုသော ရှင်လောင်း ရဟန်းလောင်းများ ရှင်သာမဏေပြုခါနီးဝယ် ဆံ မုတ်ဆိတ်ကို ပယ်သော အခါ သိမ်အတွင်း၌ ရှိသော သံဃာအား ပန်ကြားခြင်းအမှု ကို ခွင့်ပြု ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ဦနဝီသတိဝဿဿ အာဝုသော ပုဂ္ဂလဿ ဥပသမ္ပဒါ ဘဂဝတာ ကတ္ထ ပဋိက္ခိတ္တာ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပဋိက္ခိတ္တာ။

ဝိသဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ သမ္မဟုလေ ဘိက္ခူ အာရဗ္ဘ ပဋိက္ခိတ္တာ၊
သမ္မဟုလာ ဘန္တေ ဘိက္ခူ ဦနဝီသတိဝဿံ ပုဂ္ဂလံ ဥပသမ္ပာ-
ဒေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပဋိက္ခိတ္တာ။

အမေး။ ။အသက်နှစ်ဆယ် မပြည့်သေးသော ပုဂ္ဂိုလ်ကို ရဟန်းခံ၍ မပေးရန် မြတ်စွာဘုရားသခင်သည် ပယ်မြစ်တော်မူခဲ့၏၊ ထို ပယ်မြစ်တော်မူချက်ကို ဘယ်မြို့။ပ။ ငါ့ရှင်၊

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပယ်မြစ်တော်မူအပ်ပါသည်၊

မြတ်စွာဘုရားသခင် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေတော်မူသောအခါ တဆယ့်ခုနစ် အစုရှိသော သူငယ်ချင်း အစုတို့ ရှိကြပါသည် ထိုအစုတွင် **ဥပါလိ**သူငယ်သည် အကြီးအမှူး ဖြစ်ပါသည် ဥပါလိ၏ မိခင် ဘခင်တို့မှာ "ဘယ်ပုံ ဘယ်ပန်း ဘယ်အခြင်းအရာအားဖြင့် ငါတို့ကွယ်လွန်သည်ရှိသော် ဥပါလိသည် ချမ်းသာစွာ နေရပါအံ့နည်း" ဟု ကြံစည်ကြပါသည်၊

ထိုအခါ ဥပါလိ၏ အမိအဘတို့မှာ ဤသို့သော အကြံအစည်ဖြစ်ပါသည် "ဥပါလိသည် အကယ်၍ ဂဏန်းသင်္ချာကို သင်ယူသည်ဖြစ်အံ့ ထိုသို့သင်ယူလျှင် ဥပါလိသည် ငါတို့ ကွယ်လွန်ပါက မပင်မပန်း ချမ်းသာစွာ နေရစ်လိမ့်မည် ဟု အကြံအစည် ဖြစ်ပြီးမှ ဥပါလိသည် အကယ်၍ ဂဏန်းသင်္ချာကို သင်ယူလျှင် ရင်ပတ်၏ ဆင်းရဲခြင်း ဖြစ်လိမ့်မည် ဤသို့ စသည်ဖြင့် လောကီမှု အဝဝကို စဉ်းစားပြီးသည့် နောက်ကာလ၌ ဤ ရဟန်းတော်တို့သည် မပင်မပန်း ချမ်းသာစွာ နေရခြင်း ရှိကြကုန်သည် ဥပါလိသည် ရဟန်းတော်တို့ထံ ဝင်ရောက်၍ ရဟန်းပြုပါမူ မပင်မပန်း ချမ်းသာစွာ နေရစ်ရလိမ့်မည်" ဟု တိုင်ပင် ဆွေးနွေးကြသော အသံကို ဥပါလိသူငယ် ကြားလတ်သည်ရှိသော် အဖော်သူငယ်ချင်းတို့ထံ သွားရောက်၍ သာသနာတော်တွင်း၌ ရဟန်းပြုဘို့ ရန် ပြောကြားလျှင်—

အကယ်၍ အမောင် သာသနာတွင်း၌ ရဟန်းပြုပါမူ ငါတို့အားလုံး ရဟန်းပြုပါမည် ဟု ညီညွတ်သော စိတ်နှလုံးရှိကြပြီးလျှင် မိဘတို့ထံ အသီး အသီး ခွင့်ပန်ကြသဖြင့် အမိ အဘတို့ ထံမှ ရဟန်းပြုရန် ခွင့်ရကြ၍ ရဟန်း တော်တို့ထံ ဝင်ရောက်ပြီး ရှင်အဖြစ် ရဟန်းအဖြစ် တောင်းခံပြီးလျှင် ရဟန်း တော်တို့ကလည်း ရှင်ရဟန်းပြုပေးကြပါသည်၊

ထိုအခါ ထိုသတ္တရသဝဂ္ဂီ တဆယ့်ခုနစ်ယောက် အစုရှိသော ရဟန်းငယ်တို့သည် နံနက် မိုးသောက်ထသောအခါ အိပ်ရာမှ ထ၍—

ယာဂုံဒေထ-ယာဂုပေးကြပါ

ဘတ္တံဒေထ-ထမင်းပေးကြပါ

ခါဒနီယံဒေထ-ခဲဖွယ်ပေးကြပါ

စသည်ဖြင့် ပြင်းစွာ ငိုကြွေးပါကြကုန်သည်၊

ထိုအခါ ရဟန်းတော်တို့က ငါ့ရှင်တို့ မိုးလင်းအောင် ဆိုင်းငံ့ကြပါဦး မိုးလင်း၍ **ယာဂု**ရလျှင် သောက်ရပါလိမ့်မည် **ဆွမ်း** ရလျှင် စားရပါလိမ့်မည် **ခဲဖွယ်** ရလျှင် စားရပါလိမ့်မည် အကယ်၍ **ယာဂု ဆွမ်း ခဲဖွယ်**မှ မရခဲ့လျှင် ဆွမ်းခံလှည့်လည်၍ ဆွမ်းရပါလိမ့်မည် ထိုအခါ ဆွမ်းစားရပါလိမ့်မည် ဟု ချော့မော့ ပြောဆိုကြသော်လည်း ငိုမြဲပင် ငို၍ နေကြပါကုန်သည်၊

ထိုအသံကို မြတ်စွာဘုရား ကြားတော်မူသဖြင့်——

ကိံ နုခေါ သော အာနန္ဒ ဒါရကသဒ္ဒေါ—-ချစ်သား အာနန္ဒာ....၊ယခု ခလေးသူငယ်တို့ ငိုကြွေးသံသည် ဘယ်အသံ ဖြစ်သနည်း ဟု မေးမြန်းတော်မူလတ်သည်ရှိသော် ရှင်အာနန္ဒာက တဆယ့်ခုနစ်ယောက် အစုရှိသော ဥပါလိသူငယ် အမှူးပြုသည့် **သတ္တရသဝဂ္ဂီ** ရဟန်းငယ်တို့ အိပ်ရာကထ၍ ဆာလောင်မွတ်သိပ်လှသဖြင့် ယာဂု ဆွမ်း ခဲဘွယ် တောင်းရမ်းသော အသံဖြစ်ကြောင်း လျှောက်ထားသည်တွင်—

"ချစ်သားတို့ အသက်နှစ်ဆယ် မပြည့်သေးသော သူငယ်သည် သုခ ဒုက္ခ အဝဝကို သည်းခံ နိုင်ရည်မရှိသေး အသက်နှစ်ဆယ် ပြည့်ဖိုးကြွယ်သော သူငယ်မှသာလျှင် သုခ ဒုက္ခ အဝဝကို သည်းခံနိုင်သော အရည်ရှိသည်" ဟု မိန့်ကြားတော် မူပြီးလျှင်——

န ဘိက္ခဝေ ဇာနံ ဦနဝီသတိဝဿော ပုဂ္ဂလော
ဥပသမ္ပာဒေတဗ္ဗော၊ ယောဥပသမ္ပာဒေယျ၊ ယထာ-
ဓမ္မော ကာရေတဗ္ဗော။

"ချစ်သားတို့ အသက်နှစ်ဆယ် မပြည့်မှန်း သိလျက် အသက်နှစ်ဆယ် မပြည့်သော ပုဂ္ဂိုလ်ကို ရဟန်းပြု၍ မပေးအပ် မပေးစကောင်း၊ အကြင် ရဟန်း

သည့် ရဟန်း ပြုပေးငြားအံ့ ဝိနည်းတရားတော် လာရှိတိုင်း ပါစိတ်အာပတ် ဖြင့် ဆုံးဖြတ်ရမည်” ဟု ရာဇဂြိုဟ်ပြည် အရပ်ဝယ် များစွာသော ရဟန်း တော်တို့ကို အကြောင်းပြု၍ အသက်နှစ်ဆယ် မရှိသေးသော ပုဂ္ဂိုလ်အား ရဟန်းပြုခြင်းကို မြစ်တားတော်မူအပ် ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။မာတာပိတူဟိ အာဝုသော အနနုညာတံ ပုတ္တံ ပဗ္ဗာဇေန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သက္ကေသု ဘန္တေ ပညတ္တံ၊ ရာဇာ ဘန္တေ သုဒ္ဓေါဒနော ဘဂဝန္တံ ဥပသင်္ကမိတွာ ဝရံ ယာစိ၊ သာဓု ဘန္တေ အယျာ-အနနုညာတံ မာတာပိတူဟိ ပုတ္တံ ပဗ္ဗာဇေယျုန္တိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။မိခင် ဘခင်တို့က ရှင် ရဟန်းပြုရန် ခွင့်မပြုသော သတို့သား သူငယ်ကို ရှင်ရဟန်းပြုသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို မြတ်စွာဘုရား ပညတ်တော် မူခဲ့ပေ၏၊ ထို ဒုက္ကဋ်အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။သက္ကတိုင်း ကပိလဝတ်ပြည် အရပ်၌ ပညတ်တော် မူအပ်ပါ သည် မြတ်စွာဘုရား သခင်သည် ရာဇဂြိုဟ်ပြည်မှ သက္ကတိုင်း ကပိလဝတ်ပြည် သို့ ကြွရောက်တော်မူ၍ နိဂြောဓာရုံကျောင်း၌ ကိန်းအောင်း မွေ့လျော် နေ တော်မူပြီးလျှင် နံနက်အခါ ကပိလဝတ် ပြည်တွင်းသို့ ဆွမ်းခံကြွတော် မူလတ်သည် ရှိသော် ရာဟုလမာတာ ယသောဓရာ မိဖုရားသည် ရာဟုလ မင်းသားကို····

ဧသော တေ ရာဟုလ ပိတာ ··· ချစ်သား ရာဟုလာ၊ လမ်းမ၌ ကြွသွား သော ပုဂ္ဂိုလ်သည်ကား သင်ချစ်သား၏ ဘ–ခမည်းတော် ဖြစ်ပါသည်၊

ဂစ္ဆဿု ဒါယဇ္ဇံ ယာစာဟိ....သင်ချစ်သား သွားပါချေ၊ သခ် မည်သော ရွှေအိုး ဇေယျ မည်သော ရွှေအိုး ဥပ္ပလ မည်သော ရွှေအိုး ပုဏ္ဍရိက မည် သော ရွှေအိုးကြီး လေးလုံးရှိသည့်အနက် သခ် ရွှေအိုးသည် တဂါဝုတ် ကျယ် ပြန့်ပါသည် ဇေယျ ရွှေအိုးသည် နှစ်ဂါဝုတ် ကျယ်ပြန့်ပါသည် ဥပ္ပလ ရွှေအိုး သည် သုံးဂါဝုတ် ကျယ်ပြန့်ပါသည် ပုဏ္ဍရိက ရွှေအိုးသည် လေးဂါဝုတ် ကျယ် ပြန့်ပါသည်၊ သင်၏ ဘခမည်းတော် တောထွက်တော် မူသောအခါမှစ၍

ထိုရွှေအိုးကြီး လေးလုံး ပျောက်ခြင်းမလှ ပျောက်ခဲ့ပါသည် သင် ချစ်သား သွားပါချေ သခ် ဇေယျ ဥပ္ပလ ပုဏ္ဍရိက တည်းဟူသော ရွှေအိုးကြီးလေးလုံး အမွေအနှစ်ကို သင် ချစ်သား သွားတောင်းပါလေ ဟု လွှတ်လိုက်ပါသည်၊

ထိုအခါဝယ် မြတ်စွာဘုရားသည် သုဒ္ဓေါဒန မင်းကြီး၏ နန်းတော်ဝယ် သီတင်းသုံး နေတော်မူဆဲ ဖြစ်ပါသည် ရာဟုလာမင်းသားသည် ဘုရားထံ မှောက်သို့ ရောက်ပြီးလျှင် ဘုရား ရှေ့တော်ဝယ်—

သုခါ တေ သမဏ ဆာယာ....ကိလေသာ ခပ်သိမ်း ငြိမ်းတော်မူပြီး သော မြတ်စွာဘုရား၊ အရှင်၏ အရိပ်တော်သည် အလွန်ပင် အေးမြပါသည် ဟု လျှောက်ထား၍ ဘုရား၏ မျက်မှောက်၌ မတ်မတ် ရပ်တည်၍ နေပါသည်၊

ထိုအခါ မြတ်စွာဘုရားသည် နေရာတော်မှ ထ၍ နိဂြောဓာရုံ ကျောင်း တော်သို့ ကြွပါသည် ရာဟုလာ မင်းသားသည်လည်း—

ဒါယဇ္ဇံ မေ သမဏ ဒေဟိ ဒါယဇ္ဇံ မေ သမဏ ဒေဟိ....ကိလေသာ ခပ်သိမ်းငြိမ်းတော်မူပြီးသော ခမည်းတော်မြတ်ဘုရား၊ ဘုရားသားတော်အား ရွှေအိုးကြီးလေးလုံး အမွေကို ပေးတော်မူပါ ဟု ဘဝါးထက်ချပ် နောက်တော် ပါးမှ အစဉ်တစိုက် နိဂြောဓာရုံ ကျောင်းတော်သို့ လိုက်ခဲ့ပါသည်၊ နိဂြော ဓာရုံကျောင်းတော်သို့ ရောက်သောအခါ အရှင်သာရိပုတ္တရာကို အပ်နှင်း၍ ရာဟုလာမင်းသားကို မြတ်စွာဘုရားက ရှင်ရဟန်း ပြုစေပါသည်၊

ထိုအခါ သုဒ္ဓေါဒနမင်းကြီး နိဂြောဓာရုံကျောင်းတော်သို့ လာရောက်၍ မြတ်စွာဘုရားအား ရိုသေစွာ ရှိခိုးပြီးလျှင် "ဧကာဟံ ဘန္တေ ဘဂဝန္တံ ယာစာမိ" သားတော်မြတ်ဘုရား....အရှင်ဘုရားကို တပည့်တော်သည် ဆုတခု ကို တောင်းယူ လိုပါသည် ဟု လျှောက်ထားသောအခါ—

ဂေါတမအနွယ်ဖွား ဖြစ်တော်မူသော ခမည်းတော် မင်းတရားကြီး၊ ရှေးဘုရားတို့အတူ လာခြင်း ကောင်းတော်မူသော မြတ်စွာဘုရားတို့မှာ လွန်မြောက်ပြီးသော ဆုပေးခြင်း ရှိကြပါကုန်သည်၊

ဤကဲ့သို့ မိန့်ကြားတော်မူပြီးလျှင် ယခု တပည့်တော် တောင်းမည့်ဆုမှာ အပ်လည်း အပ်ပါသည် အပြစ်လည်း မရှိ ဟု လျှောက်ထား လေလျှင်—

သို့တပြီးကား ဂေါတမ အနွယ်၌ ဖြစ်သော ခမည်းတော် မင်းတရား လျှောက်ထား ပါလေ ဟု အခွင့်ပြုတော် မူလတ်သော်—

ရှင်တော်ဘုရား....၊ရှင်တော်ဘုရား တောထွက်တော် မူသောအခါ တပည့်တော်မှာ အနပ္ပကမ်း ဂဏန်းချ၍ မပြနိုင်အောင် ပင်ပန်းလှပါသည် နန္ဒ မင်းသားကို ရဟန်းပြုသောအခါ ထိုအတူပင်ပန်း ခဲ့လှပါသည် ရာဟုလာ မြေးတော်ကို ရှင်ပြု၍ ပေးသောအခါ အတိုင်းထက်အလွန် လွန်လွန်ကဲကဲ ပင်ပန်းခဲ့လှပါသည် "ပုတ္တပေမံ ဘန္တေ ဆဝိံ ဆိန္ဒတိ" သားသမီးတို့ အပေါ်၌ ချစ်ခင်သော မိဘတို့၏ အချစ်ဓာတ် စိတ်နှလုံးသည် အရေကိုဖောက်၍ တည် ပါသည် အရေပါးကို ဖောက်ပြီးလျှင် အရေထူကို ဖောက်ပြန်ပါသည် အရေ ထူကို ဖောက်ပြီးလျှင် အသားကို ဖောက်ပြန်ပါသည် အသားကို ဖောက် ပြီးလျှင် အရိုးကို ဖောက်ပြန်ပါသည် အရိုးကိုဖောက်ပြီးလျှင် ရိုးတွင်းချဉ်ဆီ သို့ခိုက်၍ တည်ပါသည်၊

ဘုရားတပည့်တော် တောင်းပန်လိုသည်မှာ အမိ အဘတို့ ခွင့်မပြုသော သားကို ရဟန်းတော်များသည် ရှင်ပြု၍ မပေးစေလိုပါ ဟု တောင်းပန် လျှောက်ထားလတ်သော်—

မြတ်စွာဘုရားသည် သုဒ္ဓေါဒနမင်းကြီးအား တရားဓမ္မ ဟောဖော်ပြ၍ သုဒ္ဓေါဒနမင်းကြီး ပြန်သွားလျှင် ဤ သုဒ္ဓေါဒနမင်းကြီး၏ တောင်းပန် လျှောက်ထားသော အကြောင်းဝတ္ထု၌—

န ဘိက္ခဝေ အနနုညာတော မာတာပိတူဟိ ပုတ္တော
ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊ အာပတ္တိဒုက္ကဋဿ။

ချစ်သားတို့....၊မိခင် ဘခင် ကျေးဇူးရှင်တို့ ခွင့်မပြုသောသားကို ရှင် ရဟန်းပြု၍ မပေးအပ် မပေးစကောင်း အကြင် ရဟန်းသည် ရှင်, ရဟန်းပြုပေး ငြားအံ့ ဒုက္ကဋ်အာပတ် သင့်စေ ဟု သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူအပ် ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ထေယျသံဝါသကဿ အာဝုသော ဥပသမ္ပဒါ ဘဂဝတာ ကတ္ထ ပဋိက္ခိတ္တာ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပဋိက္ခိတ္တာ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အညတရံ ပုရာဏကုလပုတ္တံ အာရဗ္ဘ ပဋိက္ခိတ္တာ၊ အညတရော ဘန္တေ ပုရာဏကုလပုတ္တော ခီဏ ကောလညော သာမံ ပတ္တစီဝရံ ပဋိယာဒေတွာ ကေသမဿုံ

> သြဟာရေတွာ ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒေတွာ အာရာမံ ဂန္တွာ ဘိက္ခူဟိ သဒ္ဓိံ သံဝသိ၊ တသ္မိံ ဘဏ္ဍေ ဝတ္ထုသ္မိံ ပဠိက္ခိတ္တာ။

အမေး။ ။ရဟန်းသံဃာတော်တို့က ရှင်ရဟန်းပြုမပေးပါဘဲ မိမိကိုယ်တိုင် သင်္ကန်းဝတ်၍ ရှင်ရဟန်းယောင် ဆောင်ကာ ရဟန်းသံဃာတို့ထံ၌ ဝင်ရောက်၍ ရဟန်းသံဃာတို့နှင့် အတူတကွ ရောနှောဆက်ဆံနေသဖြင့် ရဟန်းသံဃာတို့ ထံမှ ပေါင်းသင်း ဆက်ဆံခြင်းကို ခိုးယူရာ ရောက်သောကြောင့် ထေယျသံဝါသက အမည်ရသော ပုဂ္ဂိုလ်အား ရဟန်းပြုမပေးရ ဟု မြတ်စွာဘုရား ပယ်မြစ်တော်မူခဲ့၏၊ ထို ပယ်မြစ်ချက်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ မထင်မရှား တယောက်သော စီးပွါးပျက် အမျိုးသားကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

တယောက်သော အမျိုးကောင်းသားသည် စီးပွါးပျက်သဖြင့် ကိုယ်တိုင်ပင် သပိတ် သင်္ကန်းကို ပြုပြင်စီရင်ပြီးလျှင် မိမိဘာသာ ဆံမုတ်ဆိတ်ကို ပယ်စွန့်၍ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ဆင်ပြီးလျှင် ရဟန်းတော်တို့ သီတင်းသုံးရာ ကျောင်းအရာမ်သို့ သွားရောက်၍ ရဟန်းတော်တို့ကို ရှိခိုးခဲ့ပါသည်၊

ထိုအခါ ရဟန်းတော်တို့က ကတိ ဝဿောတိ တံ့ အာဝုသော– ငါ့ရှင် အသင် ဘယ်နှစ်ဝါရှိပြီနည်း ဟု မေးလတ်သောအခါ ရဟန်းတို့၏ ဝေါဟာရစကားကို နားမလည်သဖြင့် "ကိံ တေံ အာဝုသော ကတိ ဝဿောနာမ" ငါ့ရှင်တို့....၊ဘယ်နှစ်ဝါဆိုတဲ့ ဘယ်အဓိပ္ပါယ်ရှိသတုံး ဘယ်လိုပြောတာတုံး ဟု မေးမြန်းပြန်ပါသည်၊

ကော ပန တေ ဥပဇ္ဈာယော····ငါ့ရှင်၏ ဥပဇ္ဈာယ်ဆရာ အဘယ်သူနည်း ဟု တဖန်ထပ်၍ မေးပြန်သောအခါ "ကိံ တေံ အာဝုသော ဥပဇ္ဈာယော နာမ —ငါ့ရှင်တို့....၊ဥပဇ္ဈာယ်ဆိုတာ ဘာကိုခေါ်ပါသလဲ" ဟု ရဟန်းတို့ ဝေါဟာရ၌ လုံးဝနားမလည်သဖြင့် ပြန်ကြား မေးမြန်းပြန်ပါသည်၊

ထိုအခါ ရဟန်းတို့က ဝိနည်းတရားသူကြီး ဖြစ်တော်မူသော အရှင်ဥပါလိထံ ထို လိင်ခိုး ရဟန်းကို မေးမြန်း စစ်ဆေးစေသောအခါ ဥပါလိမထေရ်မြတ် မေးမြန်းအပ်သဖြင့် ဟုတ်တိုင်း မှန်ရာ ပြန်ကြား လျှောက်ထား

သဖြင့် ဥပါလိမှတဆင့် ရဟန်းတော်တို့အား ပြန်ကြားပါသည် ရဟန်းတော်တို့မှတဆင့် မြတ်စွာဘုရားအား လျှောက်ထားကြပါကုန်သည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် မိမိဘာသာ ရဟန်းပြုခြင်းတည်းဟူသော လိင်ခိုး, တပါးသော ရဟန်းတို့ကဲ့သို့ ဝါကိုရေတွက်ခြင်း သီတင်းကြီးစဉ်အလိုက် နေခြင်းတည်းဟူသော သံဝါသခိုး ဤနှစ်မျိုးသော ထေယျ သံဝါသက ပုဂ္ဂိုလ်၏ ရဟန်းအဖြစ်ကို မြတ်စွာဘုရား ပယ်မြစ်တော်မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။တိရစ္ဆာနဂတဿ အာဝုသော ဥပသမ္ပဒါ ဘဂဝတာ ကတ္ထ ပဋိက္ခိတ္တာ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပဋိက္ခိတ္တာ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အညတရံ နာဂံ အာရဗ္ဘ ပဋိက္ခိတ္တာ၊ အညတရော ဘန္တေ နာဂေါ မာဏဝကဝဏ္ဏေန ဘိက္ခူ ဥပသင်္ကမိတွာ ပဗ္ဗဇ္ဇံ ယာစိ၊ တံ ဘိက္ခူ ပဗ္ဗာဇေသုံ ဥပသမ္ပာဒေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပဋိက္ခိတ္တာ။

အမေး။ ။လူ၏ အသွင်ဖြင့် အသွင်ဆောင်၍ လာသော နဂါးစသော ပုဂ္ဂိုလ်အား ရဟန်းပြုမပေးရန် မြတ်စွာဘုရား ပယ်မြစ်တော်မူခဲ့ပေ၏၊ ထို ပယ်မြစ်ချက်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်၌ တယောက်သော နဂါးကို အကြောင်းပြု၍ ပယ်မြစ်တော်မူအပ်ပါသည်၊

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူသောအခါ တယောက်သော နဂါးသည် နဂါး၏ ဘဝကို စက်ဆုပ်ငြီးငွေ့လှသဖြင့် လုလင်အသွင်ဖြင့် ရဟန်းတို့ထံ ဝင်ရောက်၍ ရဟန်းအဖြစ်ကို တောင်းလေသော် ရဟန်းတော်တို့သည် အကယ်စင်စစ် လူဖြစ်၏ ဟု မှတ်ထင်ကြ၍ ရှင်ရဟန်းပြုပေးကြပါသည်၊

ထိုနဂါးရဟန်းသည် တပါးသော ရဟန်းနှင့် အတူတကွ ကျောင်းတိုက်၏ အစွန်အဖျား တခုသော ကျောင်း၌ နေပါသည် ထိုသို့နေသောအခါ အဖော်ရဟန်းသည် မိုးသောက်ထအခါ ဟင်းလင်းအပြင် လွင်တီးခေါင်သို့ ထွက်၍ စင်္ကြံရှောက်ခဲ့ပါသည် ထိုအခါ နဂါးရဟန်းသည် လူရဟန်း ပြင်ဘက်သို့ ထွက်သည်ကို သိရှိ ရိပ်မိသဖြင့် လွတ်လွတ်လပ်လပ် အိပ်၍ နေသောအခါ

တကျောင်းလုံးပင် နဂါးဖြင့် ပြည့်၍ နေပါသည် လေသာနန်းပြူတင်းတို့မှ အခွေတို့သည် အပုံလိုက် အပုံလိုက် ကျ၍ နေပါသည်၊

ထိုအခါ ထိုရဟန်းသည် ကျောင်းသခ်မ်းအတွင်းသို့ ဝင်အံ့ ဟု အောက်မေ့၍ တံခါးရွက်ကို တွန်းလေလျှင် တကျောင်းလုံး နဂါးဖြင့် ပြည့်၍ နေလတ်သည်ကို မြင်လတ်သဖြင့် ကြောက်ရွံ့စွာ အော်ဟစ်ခဲ့ပါသည် ထိုအသံဖြင့် များစွာသော ရဟန်းတို့ ပြေးလာ၍ အကြောင်းကြောင်းကို မေးမြန်းကြသောအခါ ရဟန်းတော်အချင်းချင်း ပြောကြားသောအသံဖြင့် ထိုနဂါးရဟန်း နိုးပြီးလျှင် မိမိ၏ နေရာ၌ မူလရဟန်းအသွင်ဖြင့် ထိုင်နေပြန်ပါသည်၊

ရဟန်းတော်တို့က အသင်သည် အသူနည်း ဟု မေးလတ်သောအခါ နဂါးဖြစ်ကြောင်း ပြန်ပြောင်း၍ လျှောက်ထားပါသည် အဘယ့်ကြောင့် ဤကဲ့သို့ ပြုလုပ်ရသနည်း ဟု မေးလတ်သည်ရှိသော် မိမိ အကြောင်းရင်းကို ပြန်ပြောင်း လျှောက်ထားသဖြင့် ဘုရားထံမှောက် ရဟန်းတော်တို့ သွားရောက်၍ လျှောက်ထားလေလျှင်—

တုမှေ ခေါ်တ္ထ နာဂါ အဝိရုဠှိဓမ္မာ ဣမသ္မိံ ဓမ္မဝိနယေ····အသင်နဂါး၊ အသင်နဂါးတို့သည် ဤဘုရားသဖြင့် ဆုံးမရာ ငါဘုရား သာသနာ၌ မဂ်ရောက်ဖိုလ်တည် ပွါးစီးနိုင်သော သဘောမရှိနိုင်ပါကုန်၊

အသင်နဂါးသည် သွားပါချေ ထိုနဂါးပြည်မှ ပင်လျှင် လဆန်း လဆုတ်ရှစ်ရက် လပြည့် လကွယ် ဥပုသ်စောင့်၍ သူတော်ကောင်းတရားကို အားထုတ်ပါလျှင် နဂါးပြည်မှ လွန်မြောက်၍ လူအဖြစ်သို့လည်း အသင်ရောက်ပါလိမ့်မည် ဟု မြတ်စွာဘုရားက ဟောကြား၍ လွှတ်လိုက်ပါသည်၊

ဤသို့ သာဝတ္ထိပြည်အရပ်၌ တယောက်သော လူယောင်ဆောင်သော နဂါးကို အကြောင်းပြု၍ တိရစ္ဆာန် ဇာတ်ဖြစ်သော သူအား ရဟန်းပြုပေးခြင်းကို မြတ်စွာဘုရား ပယ်မြစ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။မာတုဃာတကဿ စ အာဝုသော ပိတုဃာတကဿ စ ဥပသမ္ပဒါ ဘဂဝတာ ကတ္ထ ပဋိက္ခိတ္တာ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပဋိက္ခိတ္တာ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံဝိဟရတိ ဘန္တေ အညတရံ မာဏဝကံ အာရဗ္ဘ ပဋိက္ခိတ္တာ၊ အညတရော စ ဘန္တေ မာဏဝကော အည- တရော စ မာဏဝကော မာတရံ ဇီဝိတာ ဝေါရောပေသိ ပိတရံ ဇီဝိတာ ဝေါရောပေသိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပဋိက္ခိတ္တာ။

အမေး။ ။အမိကို သတ်ဘူး၍ မာတုဃာတကကံ ထိုက်ပြီးသော ပုဂ္ဂိုလ်အားငှင်း အဘကို သတ်မိ၍ ပိတုဃာတကကံ ထိုက်ပြီးသော ပုဂ္ဂိုလ် အားငှင်း ရဟန်းပြုမပေးရန် မြတ်စွာဘုရား ပယ်မြစ်တော်မူခဲ့ပေ၏၊ ထို ပယ် မြစ်ချက်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ တယောက်သော လုလင်ကို အ ကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

သာဝတ္ထိပြည်၌ မြတ်စွာဘုရား သီတင်းသုံး နေတော်မူသောအခါ တယောက်သော လုလင်ငယ်သည် မိခင်ကို ဇီဝိတိန္ဒြေမှ ချခဲ့ သတ်ခဲ့ပါသည်၊ အခြားတယောက်သော လုလင်ငယ်သည်လည်း ဘခင်ကို ဇီဝိတိန္ဒြေမှ သတ် ဖြတ်ခဲ့ပါသည်၊

ထိုလုလင်တို့သည် အစဉ်သဖြင့် မိမိတို့၏ အကုသိုလ်တို့မှ ထိတ်လန့်ရ ကား အကုသိုလ်မှ လွတ်ရာလွတ်ကြောင်း ကြံကောင်း ကြံရာ ကြံပြီးလျှင် ရဟန်းတော်တို့ထံ လာရောက်၍ ရဟန်းအဖြစ်ကို တောင်းခံကြပါသည်၊

ထိုအခါ ရဟန်းတော်တို့က အရှင်ဉပါလိကို ငါ့ရှင် ဉပါလိ··· ၊ရှေးအခါ ကလည်း နဂါးသည် လုလင်ယောင်ဆောင်၍ ရဟန်းပြုဘူးသည်၊ ယခုလည်း လုလင်တယောက် လာပြန်သည် ဤလုလင်ကို အသင်သည် စစ်ဆေးမေးမြန်း ပါလော့ ဟု အပ်နှင်းကြပါသည်၊

ထိုအခါ ရှင်ဉပါလိ စစ်ဆေးသောအခါ ဟုတ်မှန်သည့်အတိုင်း မိခင်ကို သတ်ခဲ့သည့်အကြောင်း နောက်တယောက်က ဘခင်ကို သတ်ခဲ့သည့်အ ကြောင်း ပြန်ပြောင်း၍ လျှောက်ထားသည်တွင် ရှင်ဉပါလိမှ တဆင့် ရဟန်း တော်များအား ပြန်ကြားလျှောက်ထားပါသည်၊

ထိုအခါ မြတ်စွာဘုရားသည်—

မာတုဃာတကော ဘိက္ခဝေ အနုပသမ္ပန္နော နဥပ-
သမ္ပာဒေတဗ္ဗော၊ ဥပသမ္ပန္နော နာသေတဗ္ဗော၊ ပိတု-
ဃာတကော ဘိက္ခဝေ အနုပသမ္ပန္နော နဥပသမ္ပာ-
ဒေတဗ္ဗော၊ ဥပသမ္ပန္နော နာသေတဗ္ဗော။

ချစ်သားတို့....၊အမိကို သတ်သဖြင့် မာတုဃာတကကံ ထိုက်သောသူ ဘခင်ကို သတ်သဖြင့် ပိတုဃာတကကံ ထိုက်သောသူကို ဤငါဘုရား၏ တရားသဖြင့် ဆုံးမရာဖြစ်သော သာသနာတော်၌ ရဟန်းပြု၍ မပေးရ မပေးစကောင်း မတော်တဆ မသိ၍ ရဟန်းပြု၍ ပေးမိစေကာမူ လိင်ပြန်စေရမည် ဖျက်ဆီးပစ်ရမည် ဟု တင်းကြပ်စွာ သဗ္ဗညုမြတ်စွာဘုရား ပယ်မြစ်တော်မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။အပတ္တစီဝရကံ ဝါ အာဝုသော ယာစိတပတ္တစီဝရကံ ဝါ ဥပသမ္ပာ-
ဒေန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ
ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊
သမ္ဗဟုလာ ဘန္တေ ဘိက္ခူ အပတ္တစီဝရကံ ဥပသမ္ပာဒေသုံ၊
ယာစိတကေန ပတ္တစီဝရေန ဥပသမ္ပာဒေသုံ၊ တသ္မိံ ဘန္တေ
ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။သပိတ် သင်္ကန်း မရှိသော ရဟန်းလောင်းကို သော်ငင်း ငှါးရမ်းထားသော သပိတ် သင်္ကန်းရှိသော ရဟန်းလောင်းကိုသော်ငင်း ရဟန်းပြုပေးသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထို ဒုက္ကဋ်အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

များစွာသော ရဟန်းတို့သည် သပိတ်သင်္ကန်း လုံးလုံးမရှိသော ရဟန်းလောင်းကိုလည်း ရှင်ရဟန်းပြုပေးခဲ့ကြပါကုန်သည် ငှါးရမ်းသော သပိတ်သင်္ကန်းရှိသော ရဟန်းလောင်းကိုလည်း ရဟန်းပြုပေးခဲ့ကြပါကုန်သည်

ရဟန်းခံပြီးသောအခါ ဆိုင်ရာ ဆိုင်ရာ သပိတ်ရှင်တို့ သပိတ် သက်န်းကို ပြန်၍ ဆောင်သောအခါ သာသနာပြင်ပ တိတ္ထိတို့ကဲ့သို့ ဆွမ်းခံကြသည်ကို လူအများ တို့ ကဲ့ရဲ့ကြပါသည် ထိုသို့သော မှုခင်းကိစ္စကြောင့် သပိတ် သင်္ကန်း မရှိသော ရဟန်းကိုဝင်း ခေတ္တငှါးရမ်းသော သပိတ် သင်္ကန်းရှိသော ရဟန်းကိုဝင်း ရဟန်းပြုပေးသော ရဟန်း၏ ဒုက္ကဋ်အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ် တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ဥပသမ္ပဒံ ပုစ္ဆိသာံ၊ သနိဒါနံ သဥဒ္ဒေသံ။
သမုက္ကဋ္ဌပဒါနံ အာဝုသော ကတိ အာပတ္တိယော။

ဝိဿဇ္ဇနာ။ ။ဥပသမ္ပဒံ ဝိဿဇ္ဇိသာံ၊ သနိဒါနံ သနိဒ္ဒေသံ။
သမုက္ကဋ္ဌပဒါနံ ဘန္တေ ဒွေ အာပတ္တိယော။

အမေး။ ။ပဗ္ဗဇ္ဇာခန္ဓကဟူ၍ဝင်း မဟာခန္ဓကဟူ၍ဝင်း ခေါ်ဝေါ်အပ် သော ဥပသမ္ပဒက္ခန္ဓကကို နိဒါန်း နိဒ္ဒေသနှင့် တကွ မေးမြန်းပေအံ့၊ ဥပသမ္ပ ဒက္ခန္ဓက၌ ပါဝင်သော ဥပသမ္ပဒက္ခန္ဓက၌ လာသော ပညတ်တော်ပုဒ်တို့နှင့် သက်ဆိုင်သော အာပတ်တို့သည် အဘယ်မျှ ရှိပါကုန်သနည်း ငါ့ရှင်။

အဖြေ။ ။ဤ ဥပသမ္ပဒက္ခန္ဓက (တနည်း) ဤ မဟာခန္ဓက၌ မြတ်စွာ ဘုရား ရွှေနှုတ်တော်ထွက် ဟောကြားတော်မူအပ်သော မြတ်သော ပုဒ် ဝါကျ တို့နှင့် စပ်ဆိုင်ရာ အာပတ်အမျိုးအစားကား ဒုက္ကဋ်အာပတ် ပါစိတ်အာပတ် ဟူ၍ နှစ်မျိုးနှစ်စား ရှိပါကုန်သည် အရှင်ဘုရား။

**မဟာခန္ဓက ပြီး၏**

# ၂—ဥပေါသထကွန္ဓက

## ဥပုသ်နေ့များ၌ တရားဟောရန် ခွင့်ပြုခဏ်း

ပုစ္ဆာ။ ။စာတုဒ္ဒသေ စ အာဝုသော ပန္နရသေ စ ပက္ခဿ စ အဋ္ဌမိယာ သန္နိပတိတွာ ဓမ္မံ ဘာသိတုံ ဘဂဝတာ ကတ္ထ အနုညာတံ၊ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ အနုညာတာ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ စာတုဒ္ဒသေ ပန္နရသေ အဋ္ဌမိယာ စ ပက္ခဿ သန္နိပတိတွာ တုဏှီ နိသီဒိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတာ။

အမေး။ ။လဆုတ် တဆယ့်လေးရက်နေ့၌၎င်း လဆန်း လဆုတ် တဆဲ့ငါးရက်နေ့၌၎င်း လဆန်း လဆုတ် ရှစ်ရက်နေ့၌၎င်း စည်းဝေး၍ တရားဟောရန် မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပေ၏၊ ထိုခွင့်ပြုချက်ကို ဘယ်မြို့ဒေသ၌ ဘယ်သို့သော အကြောင်းဝတ္ထုကြောင့် ခွင့်ပြုတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ခွင့်ပြုတော်မူအပ်ပါသည်၊

အနည်းငယ်မျှ လျှောက်ထားလိုပါသည် မြတ်စွာဘုရား သခင်သည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးနေတော်မူသောအခါ သာသနာပြင်ပ ပရိဗိုဇ် တိတ္ထိယ ရဟန်းတို့သည် ရှစ်ရက် သီတင်း လပြည့် လကွယ်နေ့တို့၌ စည်းဝေးပြီးလျှင် လူတို့အား တရားဟောကြားကြပါသည် များစွာသော လူတို့သည် ထို တိတ္ထိတို့ ထံသို့ သွားရောက်၍ တရားနာခြင်းဖြင့် တိတ္ထိတို့၌ ကြည်ညိုခြင်း ချစ်ခင်ခြင်း တိတ္ထိတို့အား အသင်းအပင်း မြားမြောက်ခြင်း ဖြစ်ခဲ့ပါသည်၊

ထိုအကြောင်းအရာကို ဗိမ္ဗိသာရမင်း စဉ်းစားမိသဖြင့် “မြတ်စွာဘုရား၏ တပည့်သား ရဟန်းတော်တို့သည်လည်း ရှစ်ရက် သီတင်း လပြည့် လကွယ်နေ့ တို့၌ တညီတညွတ်တည်း စည်းဝေး၍ တရားဟောပါမူ ကောင်းလေစွ” ဟု အကြံဖြစ်ပြီးလျှင် ဘုရားထံမှောက် သွားရောက်၍ မြတ်စွာဘုရား၏ တပည့်

သား အရှင်ကောင်း အရှင်မြတ်များတို့သည် ရှစ်ရက် သီတင်း လပြည့် လက္ခယ်နေ့တို့၌ ညီမူ စည်းဝေးစေလိုကြောင်း တောင်းပန်သောအခါ မြတ်စွာဘုရားက ရဟန်းတော်တို့အား—

အနုဇာနာမိ ဘိက္ခဝေ စာတုဒ္ဒသေ ပန္နရသေ အဋ္ဌ-
မိယာ စ ပက္ခဿ သန္နိပတိတုံ။

ချစ်သားတို့....၊ရှစ်ရက်သီတင်း လပြည့် လက္ခယ်နေ့များ၌ တညီတညွတ်တည်း စည်းဝေးဘို့ရန် ငါဘုရားခွင့်ပြုတော်မူသည် ဟု အနုညာတ သိက္ခာပုဒ်ဖြင့် ခွင့်ပြုတော်မူသောအခါ များစွာသော ရဟန်းတို့သည် ရှစ်ရက် သီတင်း လပြည့် လက္ခယ်နေ့၌ တညီတညွတ်တည်း စည်းဝေးပြီးလျှင် တရား မဟော စကားမပြော တုဏှိဘောဖြင့်သာ နေကြပါကုန်သည်၊

များစွာသော လူတို့သည် တရားနာရနိုးနှင့် ရဟန်းတော်တို့အား ဆည်းကပ်သော်လည်း တရားနာရခြင်း မရှိပါ သို့ဖြစ်၍ များစွာသော လူတို့က—

နနု နာမ သန္နိပတိတေဟိ ဓမ္မော ဘာသိတဗ္ဗော။

စည်းဝေးမိတယ်ဆိုလျှင် တရားဟောရမည် မဟုတ်ပါလား အစရှိသည် ဖြင့် ကဲ့ရဲ့ကြပါသည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် တဆဲ့လေးရက် တဆဲ့ငါးရက် လဆန်း လဆုတ်ရှစ်ရက် ဉပုသ်နေ့တို့၌ တညီတညွတ်တည်း စည်းဝေး၍ တရားဟောဘို့ရန် မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပါသည် အရှင်ဘုရား။

## ပါတိမောက်ပြရန် ခွင့်ပြုခဏ်း

ပုစ္ဆာ။ ။ကဒါ အာဝုသော ဘိက္ခူနံ ပါတိမောက္ခုဒ္ဒေသော ဘဂဝတာ အနုညာတော။

ဝိဿဇ္ဇနာ။ ။ယဒါ ဘန္တေ ဘဂဝတော ရဟောဂတဿ ပဋိသလ္လီနဿ ဧဝံ စေတသော ပရိဝိတက္ကော ဉဒပါဒိ "ယံနူနာဟံ ယာနိ မယာ ဘိက္ခူနံ ပညတ္တာနိ သိက္ခာပဒါနိ၊ တာနိ နေသံ ပါတိ-မောက္ခုဒ္ဒေသံ အနုဇာနေယျံ၊ သော နေသံ ဘဝိဿတိ

ဥပေါသထကမ္မ”န္တိ တဒါ ဘန္တေ ဘဂဝတာ ဘိက္ခူနံ ပါတိမောက္ခုဒ္ဒေသော အနုညာတော။

အမေး။ ။ရဟန်းတော်တို့အား ပါတိမောက်ပြရန် မြတ်စွာဘုရားသခင်သည် အဘယ်အခါ ကာလ၌ ခွင့်ပြုတော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရဟန်းတော်တို့အား ဆိုအပ်ပြီးသော အတိုင်း ရှစ်ရက်သီတင်း လပြည့် လကွယ်နေ့တို့၌ တရားဟောဘို့ရန် ခွင့်ပြုတော် မူပြီးသည်မှ နောက်ကာလ၌ မြတ်စွာဘုရားအား တကိုယ်တော်တည်း ကိန်းတော် မူစဉ် အကြံ ဖြစ်တော် မူသည်မှာ····

”ငါဘုရားသည် ရဟန်းတော်တို့အား ပညတ်၍ ထားအပ်သော သိက္ခာပုဒ် အပေါင်းသည် ထင်ရှားစွာ ရှိကုန်၏၊ ထို သိက္ခာပုဒ် အပေါင်းကို ရဟန်းတော်တို့အား ပါတိမောက်ပြခြင်း အမှု ခွင့်ပြုရမူ ကောင်းလေစွ” ဟု အကြံ ဖြစ်တော်မူပါသည်၊

ထိုသို့ အကြံဖြစ်တော်မူသော အခါကာလ၌ မြတ်စွာဘုရားသည် ရဟန်းတော်တို့အား ပါတိမောက် ပြဘို့ရန် ထို အကြံဖြစ်သောနေ့ ညနေချမ်း အခါ၌ပင် ခွင့်ပြု ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

## သိမ်သမုတ်ရန် ခွင့်ပြုခဏ်း

ပုစ္ဆာ။ ။သီမံ အာဝုသော သမ္မနိတုံ ဘဂဝတာ ကတ္ထ အနုညာတံ၊ ကိသ္မိံ စ ဝတ္ထုသ္မိံ အနုညာတံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ အနုညာတံ၊ ရာဇဂဟေ ဘန္တေ ဘဂဝတိ ဝိဟရတိ ဘိက္ခူနံ တေဒဟောသိ “ဘဂဝတာ ပညတ္တံ တွောဝတာ သာမဂ္ဂီ၊ ယာဝတာ ကောဝါသော တိ ကိတ္တာဝတာနုခေါ ကောဝါသော ဟောတီ”တိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတံ။

အမေး။ ။ကံကြီးကံငယ်ကို ဆောင်ရွက်ရာ၌ သိမ်အတွင်း နယ်ပယ်အတွင်းရှိ သံဃာတို့ကို တညီတညွတ်တည်း စုဝေး စေနိုင်ရန် အလို့ငှါ သိမ်သမုတ်ရန် မြတ်စွာဘုရားသည် ဘယ်သို့သော အကြောင်းဝတ္ထုကြောင့် ခွင့်ပြုတော် မူအပ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်၌ ခွင့်ပြုတော်မူအပ်ပါသည်၊ ရာဇဂြိုဟ်ပြည်၌ မြတ်စွာဘုရား သီတင်းသုံး၍ ပါတိမောက် ပြဘို့ရန် ခွင့်ပြုပြီးသော နောက်ကာလဝယ် ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် မိမိတို့၏ ပရိသတ်၌ပင် ပါတိမောက် ပြကြပါသည်၊ အသီးအသီး ဂိုဏ်းခွဲထား၍ ပါတိမောက် ပြသဖြင့် မြတ်စွာဘုရားက—

အနုဇာနာမိ ဘိက္ခဝေ သမဂ္ဂါနံ ဥပေါသထကမ္မံ···· "ချစ်သားတို့ စိတ်တူကိုယ်မျှ သမဂ္ဂသံဃာအတွက်သာ ဥပုသ်ကံကို ငါဘုရား ခွင့်ပြုခြင်းဖြစ်သည်" ဟု ပညတ်တော်မူလတ်သော် "အဘယ်သို့ဖြစ်လျှင် သံဃာသာမဂ္ဂီ ဖြစ်သနည်း" ဟု ရဟန်းတော်တို့ အကြံဖြစ်သဖြင့် ဘုရားထံမှောက် သွားရောက်၍ လျှောက်ထားသောအခါ—

အနုဇာနာဟိ ဘိက္ခဝေ ဧတ္တာဝတာ သာမဂ္ဂီ၊ ယာဝတာ ဧကာဝါသော "ချစ်သားတို့ တတိုက်တည်း အာရာမ်တခုတည်း၌ တညီတညွတ်တည်း အတူတကွ နေလတ်သော် သာမဂ္ဂီ ဖြစ်ပေသည်" ဟု ခွင့်ပြုတော်မူပြန်ပါသည်၊

ထိုအခါ ရဟန်းတော်တို့သည် "အဘယ်သို့ဖြစ်လျှင် ဧကာဝါသ ခေါ်သော တတိုက်တည်း တနေရာတည်း၌ အတူတကွ ပေါင်းစည်းနေရာ ဖြစ်သနည်း" ဟု အကြံဖြစ်လတ်သဖြင့် မြတ်စွာဘုရားအား လျှောက်ထားကြပါကုန်သည်၊

ထိုသို့ လျှောက်ထားသော ဝတ္ထု၌ သိမ် ဟူ၍ ဝိနည်း ဝေါဟာရ ခေါ်ယူရသော ရဟန်းတော်တို့ သံဃာကံကြီးကံငယ်ကို ပြုလုပ်ရန် ဖြစ်သော အပိုင်းအခြား နယ်သမုတ်ခြင်းကို သဗ္ဗညုမြတ်စွာဘုရား ခွင့်ပြုတော် မူခဲ့ပါသည် အရှင်ဘုရား။

## ဥပုသ်အမျိုးအစားများ

ပုစ္ဆာ။ ။ကတိ အာဝုသော ဥပေါသထာ ဒိဝသဝသေန စ ကာရကပုဂ္ဂလဝသေန စ ကာတဗ္ဗာကာရဝသေန စ။

ဝိဿဇ္ဇနာ။ ။ဒိဝသဝသေန ဘန္တေ တယော ဥပေါသထာ၊ ပုဂ္ဂလဝသေန စ ဘန္တေ တယော ဥပေါသထာ၊ ကာတဗ္ဗာကာရဝသေန စ ဘန္တေ တယော ဥပေါသထာ။

အမေး။ ။ဥပုသ်နေ့ အလိုအားဖြင့်ရင်း ဥပုသ်ပြုသော ကာရက ပုဂ္ဂိုလ်၏ အလိုအားဖြင့်ရင်း ဥပုသ်ပြုပုံ အခြင်းအရာ၏ အလိုအားဖြင့်ရင်း ဥပုသ်တို့သည် အဘယ်မျှ ရှိပါကုန်သနည်း ငါ့ရှင်။

အဖြေ။ ။ဥပုသ်ပြုသော နေ့၏ အစွမ်းအားဖြင့် တဆဲ့လေးရက် ဥပုသ်နေ့, တဆဲ့ငါးရက် ဥပုသ်နေ့, သံဃာညီညွတ်သည့် သာမဂ္ဂီ ဥပုသ်နေ့ဟူ၍ နေ့၏ အစွမ်းဖြင့် ဥပုသ် သုံးမျိုး ဖြစ်ပါသည်၊

ဥပုသ်ပြုသော ပုဂ္ဂိုလ်၏ အစွမ်းဖြင့် သံဃာပြုသော ဥပုသ်, နှစ်ပါး သုံးပါးဂိုဏ်းပြုသော ဥပုသ်, တပါးတည်း ပုဂ္ဂိုလ်အနေအားဖြင့် ပြုသော ဥပုသ်အားဖြင့် ပြုတတ်သော ပုဂ္ဂိုလ်၏ အလိုအားဖြင့် ဥပုသ်သည် သုံးမျိုး ဖြစ်ပါသည်၊

ဥပုသ်ပြုပုံ ကာတဗ္ဗာကာရ အခြင်းအရာ၏ အစွမ်းအားဖြင့် ပါတိမောက် ပြ၍ ဥပုသ်ပြုခြင်း တည်းဟူသော သုတ္တုဒ္ဒေသ သံဃဥပုသ်, ရဟန်းနှစ်ပါး ရဟန်းသုံးပါး အချင်းချင်း ပါရိသုဒ္ဓိကို ကြား၍ ဥပုသ်ပြုခြင်း, ရဟန်း တပါးတည်း အဓိဋ္ဌာန်ပြု၍ ဥပုသ်ပြုခြင်း ဟူ၍ ဥပုသ်ပြုပုံ အခြင်းအရာ အားဖြင့် ဥပုသ်အပြားသည် သုံးပါး ရှိပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကတိ အာဝုသော ဥပေါသထကမ္မာနိ တေသု စ ကီဒိသံ ဥပေါသထကမ္မံ ဘဂဝတာ အနုညာတံ၊ ကီဒိသံ အနနုညာတံ။

ဝိဿဇ္ဇနာ။ ။စတ္တာရိမာနိ ဘန္တေ ဥပေါသထကမ္မာနိ၊ အဓမ္မေန ဝဂ္ဂံ ဥပေါသထကမ္မံ၊ အဓမ္မေန သမဂ္ဂံ ဥပေါသထကမ္မံ၊ ဓမ္မေန ဝဂ္ဂံ ဥပေါသထကမ္မံ၊ ဓမ္မေန သမဂ္ဂံ ဥပေါသထကမ္မံ။ တတြ ဘန္တေ ယဒိဒံ အဓမ္မေန ဝဂ္ဂံ ဥပေါသထကမ္မံ၊ အဓမ္မေန သမဂ္ဂံ ဥပေါသထကမ္မံ၊ ဓမ္မေန ဝဂ္ဂံ ဥပေါသထကမ္မံ၊ ဧဝရူပံ ဘန္တေ ဥပေါသထကမ္မံ အနနုညာတံ၊ တတြ ဘန္တေ ယဒိဒံ ဓမ္မေန သမဂ္ဂံ ဥပေါသထကမ္မံ၊ ဧဝရူပံ ဘန္တေ ဥပေါသထကမ္မံ အနုညာတံ။

အမေး။ ။ဥပုသ်ကံတို့သည် အမျိုးအစား အကွဲအပြား အားဖြင့် အဘယ်မျှ ရှိပါကုန်သနည်း၊ ထို ဥပုသ်ကံ များစွာတို့တွင်လည်း အဘယ်သို့သော ဥပုသ်ကံကို မြတ်စွာဘုရား ခွင့်ပြု၍ အဘယ်သို့သော ဥပုသ်ကံကို မြတ်စွာဘုရား ခွင့်မပြုဘဲ ပယ်မြစ်တော်မူပါသနည်း ငါ့ရှင်။

အဖြေ။ ။ဥပုသ်ကံတို့သည် အမျိုးအစားအားဖြင့် အဓမ္မဝဂ္ဂ ဥပုသ်ကံ, အဓမ္မသမဂ္ဂ ဥပုသ်ကံ, ဓမ္မေနဝဂ္ဂ ဥပုသ်ကံ, ဓမ္မေနသမဂ္ဂ ဥပုသ်ကံ ဟူ၍ လေးမျိုးရှိပါကုန်သည်၊

ပြုသင့်ပြုထိုက်သော နည်းလမ်းအတိုင်း မပြုသော ဥပုသ်ကံကို အဓမ္မ ဥပုသ်ကံ, သိမ်တခုတည်းဝယ် သံဃာတော်တို့ နှစ်တောင့်ထွာ ဟတ္ထပါသ်မှ ပြင်ပ၌ အစုအစု ကွဲ၍ ပြုလုပ်သော ဥပုသ်ကံကို ဝဂ္ဂ ဥပုသ်ကံ ဟု ခေါ်ဆို ပါသည်၊

ထို လေးပါးသော ဥပုသ်ကံ အမျိုးအစားတို့တွင် အဓမ္မဝဂ္ဂ ဥပုသ်ကံ အဓမ္မသမဂ္ဂ ဥပုသ်ကံ ဓမ္မေနဝဂ္ဂ ဥပုသ်ကံ ဤဥပုသ်ကံ သုံးပါးကို မြတ်စွာ ဘုရား ပယ်မြစ်တော်မူအပ်ပါသည်၊

ထို ဥပုသ်လေးပါးတို့တွင် ဓမ္မေနသမဂ္ဂ အမည်ရသော စတုတ္ထ ဥပုသ် ကံကိုသာလျှင် တရားလည်း တရားသဖြင့် သံဃာတော်တို့လည်း ညီညွတ် သဖြင့် သဗ္ဗညုမြတ်စွာဘုရား ခွင့်ပြုတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ဥပေါသထံ ပုစ္ဆိဿံ၊ သနိဒါနံ သနိဒ္ဒေသံ။
သမုက္ကဋ္ဌပဒါနံ အာဝုသော ကတိ အာပတ္တိယော။

ဝိဿဇ္ဇနာ။ ။ဥပေါသထံ ဝိဿဇ္ဇိဿံ၊ သနိဒါနံ သနိဒ္ဒေသံ ။
သမုက္ကဋ္ဌပဒါနံ ဘန္တေ တိဿော အာပတ္တိယော။

အမေး။ ။ဥပေါသထက္ခန္ဓကကို နိဒါန်း နိဒ္ဒေသတို့နှင့်တကွ မေးမြန်း ပေအံ့၊ ဥပေါသထက္ခန္ဓကလာ ပညတ်တော်ပုဒ်တို့နှင့် သက်ဆိုင်သော အာပတ် တို့သည် အကျဉ်းချုပ်အားဖြင့် အဘယ်မျှ ရှိပါကုန်သနည်း ငါ့ရှင်။

အဖြေ။ ။နိဒါန်း နိဒ္ဒေသနှင့် တကွသော ဥပေါသထက္ခန္ဓကကို ဖြေ ကြား လျှောက်ထားပါမည်၊ ဤ ဥပေါသထက္ခန္ဓက၌ မြတ်စွာဘုရား ရှေ့နှုတ် တော်ထွက် မြင့်မြတ်လှသော အက္ခရာပုဒ်ဝါကျတို့နှင့် စပ်သွယ်သော အာပတ် အပေါင်းတို့သည်ကား အချုပ်အားဖြင့် ဒုက္ကဋ်အာပတ်, ပါစိတ်အာပတ်, ထုလ္လစ္စည်းအာပတ်ဟူ၍ ဥပေါသထက္ခန္ဓကဆိုင်ရာ အာပတ်အပြား သုံးပါးရှိ ကုန်သည် အရှင်ဘုရား။

၂-ဥပေါသထက္ခန္ဓက ပြီး၏

# ၃—ဝဿူပနာယိကက္ခန္ဓက

## ဝါဆိုဘို့ရန် ပညတ်ခဏ်း

ပုစ္ဆာ။ ။ဝဿူပနာယိကံ အာဝုသော ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ သမ္ဗဟုလာ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ ဟေမန္တံ ပိ ဂိမှံ ပိ ဝဿံ ပိ စာရိကံ စရိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။မိုးဃ်းတွင်းကာလ ဝါတွင်းကာလ၌ မိုးဃ်းလုံ လေလုံ လုံခြုံသော ကျောင်းတိုက်၌ မိုးဃ်းခို၍ ဝါကပ်၍ နေထိုင်ရန် မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထိုပညတ်ချက်ကို ဘယ်မြို့ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ဘယ်သို့သော လွန်ကျူးမှုကြောင့် ပညတ်တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်အရပ်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

မြတ်စွာဘုရားသခင် ရာဇဂြိုဟ်ပြည်၌ ဝေဠုဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် သီတင်းသုံးနေတော်မူသောအခါ ဝါလပတ်လုံး ဝါဆိုဘို့ရန် ခွင့်မပြုရသေးသည်ဖြစ်ရကား များစွာသော ရဟန်းတို့သည် ဆောင်း နွေ မိုးဃ်းတည်းဟူသော ဥတုသုံးပါးတို့၌ပင် ဒေသစာရီ လှည့်လည် ကျက်စားကြပါကုန်သည်

ထိုအခါ လူတို့က ကဲ့ရဲ့ရှုတ်ချ အပြစ်တင်ကြသည်မှာ—

ဤရဟန်းတော်တို့သည် ဆောင်း နွေ မိုးဃ်းတည်းဟူသော ဥတုသုံးပါး ကာလပတ်လုံး စိမ်းရှင်သော မြက်,သစ်ပင်တို့ကို နင်းကုန်လျက်ငင်း တခုသော ဇီဝိတိန္ဒြေရှိသော သစ်ပင်တို့ကို ဖျက်ဆီးကုန်လျက်ငင်း မိုးဃ်းတွင်းအခါ ထိုထိုဤဤ လှည့်လည်ကျက်စားကြသော ပိုးသတ္တဝါ များကို ဖျက်ဆီးသတ်ဖြတ်ကုန်လျက်ငင်း ဒေသစာရီ လှည့်လည်ကြကုန်ဘိ၏၊

သာသနာတော်ပြင်ပ တိတ္ထိတို့သော်မှပင် မိုးဃ်းခိုရာ လ ကို ပိုင်းခြားသတ်မှတ်ကြ၍ မိုးဃ်းလပတ်လုံး မိမိတို့၏ မိုးဃ်းလုံလေလုံအရပ်၌ ဝါ ကပ်ကြကုန်ဘိသေး၏ လူပင်မဟုတ် တိရစ္ဆာန်ဖြစ်သော သတ္တဝါတို့ပင်သော်မှ မိုးဃ်းလ

အခါဝယ် မိုဃ်းလုံလေသုံ အသိုက်ကိုပြုလုပ်ကြ၍ ထိုအသိုက် အအုံ၌ပင် နေနိုင်ကြပါကုန်သေး၏၊

ဤသာကီဝင်မင်းသား ဘုရားသားတော်တို့သည်ကား မိုဃ်းလမှာလည်း မရှောင် ဆောင်း နွေ မိုဃ်း ဟူသော ဥတုသုံးပါးမှာပင် စိမ်းရှင်သော မြက်သစ်ပင်တို့ကို နင်းကုန်လျက်ငင်း တခုသော ဇီဝိတိန္ဒြေရှိသော သစ်ပင်ကို ဖျက်ဆီးကုန်လျက်ငင်း များစွာသော ပိုးငယ် တိရစ္ဆာန်တို့ကို နင်းချေသတ်ဖြတ်ကုန်လျက်ငင်း ဒေသစာရီ လှည့်လည် ကျက်စားကုန်ဘိ၏ ဟူ၍ ကဲ့ရဲ့ရှုတ်ချ အပြစ်တင်ကြပါကုန်သည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် မိုဃ်းလပတ်လုံး မိုဃ်းလုံ လေလုံကျောင်း၌ သီတင်းသုံး၍ ဝါကပ် ဝါဆိုဘို့ရန် သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကတိပနာဝုသော ဝဿူပနာယိကာ ဘဂဝတာ အနုညာတာ။

ဝိဿဇ္ဇနာ။ ။ဒွေမာ ဘန္တေ ဝဿူပနာယိကာ ဘဂဝတာ အနုညာတာ ပုရိမိကာ ပစ္ဆိမိကာ၊ အပရဇ္ဇုဂတာယ ဘန္တေ အာသဠိယာ ပုရိမိကာ ဥပဂန္တဗ္ဗာ၊ မာသဂတာယ ဘန္တေ အာသဠိယာ ပစ္ဆိမိကာ ဥပဂန္တဗ္ဗာ၊ ဣမာ ခေါ ဘန္တေ ဒွေ ဝဿူပနာယိကာ ဘဂဝတာ အနုညာတာ။

အမေး။ ။ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်သည် ဝါကပ်ခြင်းတို့ကို ဘယ်နှစ်မျိုးခွဲခြား၍ ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ဝါကပ်ခြင်း အမျိုးအစားတို့ကို

(၁) ဝါဆိုလပြည့်ကျော် တရက်နေ့၌ ပုရိမဝါကပ်ခြင်း

(၂) ဝါခေါင်လပြည့်ကျော်တရက်နေ့၌ ပစ္ဆိမဝါကပ်ခြင်း

ဤသို့အားဖြင့် နှစ်မျိုးနှစ်စား ခွဲ၍ပြုပညတ်တော် မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ဝဿံ အာဝုသော ဥပဂန္တွာ ပုရိမံ ဝါ တေမာသံ ပစ္ဆိမံ ဝါ တေမာသံ အဝသိတ္ဝာ စာရိကံ ပက္ကမန္တဿ ဒုက္ကဋံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ ဝဿံ ဥပဂန္တွာ အန္တရာ ဝဿံ စာရိကံ ပက္ကမိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။မိုးဦးတွင်းကာလ ဝါတွင်းကာလ၌ ဝါကပ်ပြီးလျှင် ရှေးဝါတွင်း သုံးလဖြစ်စေ နောက် ဝါတွင်းသုံးလဖြစ်စေ သီတင်းသုံးနေထိုင်ခြင်းကို မပြုမူ၍ အရပ်တပါးသို့ လှည့်လည်ဖဲ့သွားသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို မြတ်စွာဘုရားသည်။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်အရပ်၌ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဝါကပ်ပြီးမှ ဝါမကျွတ်သေးမီ ဝါတွင်းကာလဝယ် အရပ်တပါးသို့ လှည့်လည်ကျက်စား သွားလာကြပါကုန်သည် ထိုအခါ ရှေးနည်းအတူ များစွာသော လူတို့၏ အကဲ့ရဲ့ အရှုတ်ချကို ခံကြရပါသည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ဝါတွင်းကာလဝယ် အရပ်တပါးသို့ လှည့်လည်ကျက်စား သွားလာ လမ်းသလားသော ရဟန်း၏ ဒုက္ကဋ်အာပတ်ကို။ပ။ အရှင်ဘုရား။

## ဝါပန်နိုင်ရန် ခွင့်ပြုခဏ်း

ပုစ္ဆာ။ ။သတ္တာဟ ကရဏီယေန အာဝုသော ပဟိတေ ဂန္တုံ ဘဂဝတာ ကတ္ထ အနုညာတံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ အနုညာတံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ ဥဒေနေန ဥပါသကေန ပဟိတေ န ဂစ္ဆိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတံ။

အမေး။ ။ဝါတွင်းကာလ၌ ဝါကပ်နေပြီးသော ရဟန်းသည် ခုနစ်ရက်အတွင်း၌ သွား၍ ဆောင်ရွက်ရန် ကိစ္စပေါ်လာသောအခါ ခုနစ်ရက်အတွင်း သွား၍ ဆောင်ရွက်ပြီး ခုနစ်ရက်အတွင်းမှာပင် မိမိနေရာ ကျောင်းတိုက်သို့

ပြန်လာမည် ဟု နှလုံးထား၍ ခုနစ်ရက် ပြုဘွယ်ကိစ္စဖြင့် အခြားတပါးသော ပုဂ္ဂိုလ်များက ပင့်ဘိတ်မှသာလျှင် သွားရန် မြတ်စွာဘုရား ခွင့်ပြုတော် မူခဲ့ပေ၏၊ ထို ခွင့်ပြုချက်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်မှ သာဝတ္ထိပြည်သို့ ကြွ၍ ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူသောအခါ ကောသလတိုင်း တခုသော ဇနပုဒ်၌ **ဥဒေန** မည်သော တယောက်သော ဥပါသကာ ကျောင်းဒါယကာသည် သံဃာကို ရည်ညွှန်း၍ သံဃိက ကျောင်းဆောက်လုပ်ပြီး ကျောင်းရေစက်ချရန် သံဃာတော်တို့ကို ပင့်ဘိတ်သောအခါ ဝါတွင်းကာလ ဖြစ်သဖြင့် သာဝတ္ထိမြို့နေ သံဃာတော်တို့က—

ဒါယကာ ဥဒေန....မြတ်စွာဘုရားက ဝါတွင်းကာလဝယ် အရပ်တပါးသို့ မသွားရန် သိက္ခာပုဒ် ပညတ်ချက် ရှိပါသည် ဝါကျွတ်ရုံ ဆိုင်းငံ့လင့်ပါ ဝါကျွတ်သောအခါ အသင်ပင့်သော သံဃာတော်တို့ ကြွလာပါလိမ့်မည် တစုံတခု အရေးကြီးသော ကိစ္စရှိပါမူကား ထို သင်၏ နေရာ ဇနပုဒ်မှာပင် ရွာကျောင်းနေ သံဃာတော်တို့ဖြင့် ထိုသံဃိကကျောင်းကို ဆောက်လုပ်ရေစက်ချ၍ တည်ထားပါလေ ဟု ပြောကြားလေသည်တွင်—

အရှင်သူမြတ်တို့သည် အကျွန်ုပ်ကဲ့သို့သော ကျောင်းဒါယကာ သံဃာ၏ ဝေယျာဝစ္စကာရက သံဃာ၏ အလုပ်အကျွေးဖြစ်သူ ဥပါသကာ ဒါယကာက ပင့်ဘိတ်ပါလျက် အဘယ့်ကြောင့် မကြွရောက်ဘဲ နေကြကုန်ဘိသနည်း ဟု ကဲ့ရဲ့စကား ပြောကြားပါသည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် ရဟန်းယောကျ်ား ရဟန်းမိန်းမ သိက္ခမာန် သာမဏေယောကျ်ား သာမဏေမ ဥပါသကာ ဒါယကာ ဥပါသိကာ ဒါယိကာမ ဤခုနစ်ဦးတို့က ပင့်ဘိတ်လျှောက်ထားချက် ရှိပါမူကား ခုနစ်ရက်အတွင်း ပြန်လာအံ့ ဟု နှလုံးပိုက်၍ ခုနစ်ရက်အတွင်း ပြုလုပ်ပြီးစီးနိုင်သောကိစ္စဖြင့် ဝါတွင်းကာလမှာပင် အရပ်တပါးသို့ ကျက်စား သွားလာဘို့ရန် သဗ္ဗညုမြတ်စွာဘုရား ခွင့်ပြုပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။သတ္တာဟကရဏီယေန အာဝုသော သတ္တန္နံ အပဟိတေ ပိ ဂန္တုံ ဘဂဝတာ ကတ္ထ အနုညာတံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အညတရဿ ဘိက္ခုနော မာတုဂိလာန ဝတ္ထုသ္မိံ အနုညာတံ။

အမေး။ ။သီတင်း သုံးဘော် ငါးဦးနှင့်တကွ အမိ အဘ ဟူသော ဤနှစ်ဦးတို့နှင့် စပ်လျဉ်း၍ သွားရန် အကြောင်းကိစ္စ ရှိသောအခါ ထို နှစ်ဦး သော ပုဂ္ဂိုလ်တို့က မပင့် မဘိတ်ငြားသော်လည်း ခုနစ်ရက် ပြုဘွယ်ကိစ္စဖြင့် ခုနစ်ရက်အတွင်း ပြန်လာမည် ဟု နှလုံးထား၍ သွားလာရန် မြတ်စွာဘုရား ခွင့်ပြုတော် မူခဲ့ပေ၏။ ထိုခွင့်ပြုချက်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ ရဟန်း တပါး၏ မိခင် မကျန်းမမာမှု အ ကြောင်းပြု၍ ခွင့်ပြုတော် မူအပ်ပါသည် အနည်းငယ် လျှောက်ထားလိုပါ သည် မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော် မူသောအခါ အညတရ ရဟန်းတပါး၏ မိခင် မကျန်းမမာသောအခါ ထိုမိခင်က သားရဟန်း အထံသို့—

"အဟံ ဟိ ဂိလာနာ၊ မိခင်ဒါယိကာမကြီး မကျန်းမမာ ဖြစ်နေပါသည်၊ အာဂစ္ဆတု မေ ပုတ္တော၊ တပည့်တော်၏ သားရဟန်းကလေးသည် ကြွလာ တော်မူပါလော့၊ ဣစ္ဆာမိ ပုတ္တဿ အာဂတံ၊ သားရဟန်းတော်မြတ်၏ ကြွလာ တော် မူခြင်းကို အလိုရှိ တောင့်တပါသည်" ဟု ထိုရဟန်းထံ လျှောက်ထား လေသည်ရှိသော် ထိုရဟန်းသည် ဤသို့ အကြံဖြစ်ပါသည်၊

"မြတ်စွာဘုရားသခင်က ခုနစ်ဦးသော ပုဂ္ဂိုလ်တို့၏ အတွက် ခုနစ်ရက် အတွင်း ပြုလုပ်ရန်ကိစ္စဖြင့် ပင့်လျှောက်ချက် ရှိပါမူ သွားဘို့ရန် ခွင့်ပြုချက် ရှိပါသည် သီတင်းသုံးဘော် ငါးဦးအတွက်သာ ပင့်လျှောက်ချက် မရှိသော် လည်း ခုနစ်ရက် ပြုဘွယ်ကိစ္စဖြင့် သွားရောက်ရန် ခွင့်ပြုချက်ရှိသည် ယခု ငါ၏ဒါယိကာမကြီးလည်း မကျန်းမမာ ရှိခဲ့သည် ဒါယိကာမကြီးသည်လည်း ရတနာသုံးပါးကို ဆည်းကပ်တတ်သော ဥပါသိကာ မဟုတ်ခဲ့ (ဗုဒ္ဓဘာသာ မဟုတ်ခဲ့) သို့ရကား ခုနစ်ရက် သွားခွင့်ပြုသော ပုဂ္ဂိုလ်တို့ စာရင်းမှ လွတ် လျက် ရှိချေသည် အဘယ်သို့လျှင် ငါသည် ကျင့်ကြံ ပြုလုပ်ရပါမည်နည်း"

ဟု အကြံဖြစ်၍ မြတ်စွာဘုရား ထံမှောက် သွားရောက်၍ လျှောက်ထား သောအခါ—

အနုဇာနာမိ ဘိက္ခဝေ သတ္တန္နံ သတ္တာဟကရဏီယေန
အပဟိတေ ပိ ဂန္တုံ၊ ပဂေဝ ပဟိတေ။

ဤသို့ အစရှိသည်ဖြင့် သီတင်းသုံးတော် ငါးဦး အမိ အဘ ဤခုနစ် ယောက်သော ပုဂ္ဂိုလ်တို့၏ ကိစ္စဖြစ်ပါမူကား မပင့်မဘိတ်သော်လည်း ခုနစ် ရက်အတွင်း ပြုလုပ်ရန်ကိစ္စဖြင့် ခုနစ်ရက်အတွင်း မိမိ နေရင်း ကျောင်းသို့ ပြန် လာအံ့ ဟု နှလုံးသွင်းပြီးလျှင် လှည့်လည် ကျက်စား သွားလာနိုင်ကြောင်း ခွင့်ပြုတော် မူခဲ့ပါသည်ဘုရား။

ပုစ္ဆာ။ ။ကိသ္မိံ စ အာဝုသော အန္တရာယေ သတိ အန္တော ဝဿံ ပက္ကမိတုံ ဘဂဝတာ ကတ္ထ အနုညာတံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ အနုညာတံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ ကောသလေသု ဇနပဒေသု ဝဿံ ဥပဂစ္ဆိံသု၊ တေ ဝဿူပဂတာ ဝါဠေဟိ ဥဗ္ဗာဠှာ အဟေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတံ။

အမေး။ ။တစုံတခု အန္တရာယ်ဖြစ်ပါသော် ဝါတွင်း ကာလ၌လည်း အရပ်တပါးသို့ ဖဲသွားခြင်းငှါ မြတ်စွာဘုရား ခွင့်ပြုတော် မူခဲ့ပေ၏၊ ထို ခွင့်ပြု ချက်ကို ဘယ်မြို့။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ များစွာသော ရဟန်းတို့ကို အ ကြောင်းပြု၍ ခွင့်ပြုတော် မူအပ်ပါသည်၊

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်း မွေ့ လျော် နေတော် မူသောအခါ ကောသလတိုင်း ဇနပုဒ်တို့၌ ဝါကပ်ကုန်သော ရဟန်း တို့သည် သားရဲ သားကြမ်းတို့ဖြင့် လွှမ်းမိုး နှိပ်စက် အပ်ပါကုန်သည်၊

ထိုဝါကပ်သော ရဟန်းတို့ကို ဆင် ကျား အစရှိသော တောရဲ တိရစ္ဆာန် တို့သည် အစဉ်တစိုက် လိုက်လည်း လိုက်ကြပါကုန်သည် ကိုက်လည်း ကိုက်ဖြတ် ကြပါကုန်သည်၊

ထိုသို့သော အန္တရာယ်ဟူသော အကြောင်းကြောင့် ဝါတွင်း၌ပင်သော်လည်း အန္တရာယ်ရှိပါမူ အရပ်တပါးသို့ ပြောင်းရွှေ့သွား၍ နေထိုင်နိုင်ဘို့ရန် သဗ္ဗညု မြတ်စွာဘုရား ခွင့်ပြုတော် မူခဲ့ပါသည် အရှင်ဘုရား။

## ဝါမဆိုကောင်းသည့် နေရာများ

ပုစ္ဆာ။ ။ရုက္ခ သုသိရေ ဝါ အာဝုသော ရုက္ခဝိဋဘိယာ ဝါ အဇ္ဈောကာသေ ဝါ ဝဿံ ဥပဂစ္ဆန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ ရုက္ခသုသိရေ ပိ ရုက္ခဝိဋဘိယာ ပိ အဇ္ဈောကာသေ ပိ ဝဿံ ဥပဂစ္ဆိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။သစ်ပင်၏ အခေါင်းထည်း၌၎င်း သစ်ပင်၏ ခွဆုံ၌၎င်း အမိုးအကာမရှိသော လွင်ပြင် ကွင်းပြင် အရပ်၌၎င်း ဝါကပ်၍ နေသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို သဗ္ဗညု မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထိုဒုက္ကဋ် အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊

များစွာသော ရဟန်းတို့သည် သစ်ပင်၏ သစ်ခေါင်း အတွင်း၌ ဝါကပ်ကြပါကုန်သည် ထိုအခါ များစွာသော လူတို့က မြေဘုတ် ဘီလူးကဲ့သို့ ပါတကား ဟူ၍ ကဲ့ရဲ့စကား ပြောကြား ကြပါကုန်သည်၊

ထို သာဝတ္ထိပြည်မှာပင် များစွာသော ရဟန်းတို့သည် သစ်ပင်၏ သစ်ကိုင်းခွကြားတို့၌ ဝါကပ်ကြပါကုန်သည်၊ ထိုအခါ များစွာသော လူအပေါင်းတို့က သားလိုက် မုဆိုးတို့ ကဲ့သို့ပါတကား ဟု ကဲ့ရဲ့ကြပါကုန်သည်၊

ထိုသာဝတ္ထိပြည်၌ပင် များစွာသော ရဟန်းတို့သည် အမိုးအကာ နေစရာ မရှိ ဟင်းလင်းအပြင် လွင်တီးခေါင်၌ ဝါကပ်ကြပါကုန်သည် မိုးသည်းရွာလာသောအခါ သစ်ပင်ရင်းသို့၎င်း မိုးလုံရာ တံစက်မြိတ်အတွင်းသို့၎င်း အပြေးအလွှား သွားခဲ့ရပါကုန်သည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် သစ်ပင်ခေါင်း၌ရှင်း သစ်ပင်ခွကြား၌ ရှင်း ဟင်းလင်းအပြင် လွင်တီးခေါင်၌ရှင်း ဝါကပ်သော ရဟန်းတို့၏ ဒုက္ကဋ် အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။အသေနာသနိကေန အာဝုသော ဝဿံ ဥပဂစ္ဆန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။တသ္မိံယေဝ ဘန္တေ သာဝတ္ထိယံ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ အသေနာသနိကာ ဝဿံ ဥပဂစ္ဆိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဖွင့်နိုင် ပိတ်နိုင်သော တံခါးဖွဲ့နှင့်တကွ လေလုံ မိုးလုံ ကျောင်း မရှိပါဘဲလျက် ဝါကပ်၍ နေသော ရဟန်းအား ဒုက္ကဋ်။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ပင် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

များစွာသော ရဟန်းတို့သည် ကျောင်းမရှိကြဘဲ ဝါတွင်းကာလ၌ ဝါဆို နေကြပါကုန်သည် သို့နေသဖြင့် အအေး အပူ အချမ်းတို့ဖြင့် အချိန်မရွေး နှိပ်စက်ခံရပါသည် ထိုသို့သော မှုခင်းကိစ္စကြောင့် ဖွင့်ရန် ပိတ်ရန် တံခါးမရှိ သော မိုးလုံ လေလုံ ကျောင်းမရှိဘဲ ဝါကပ်သော ရဟန်း၏ ဒုက္ကဋ်အာပတ် ကို။ပ။ ဘုရား။

ပုစ္ဆာ။ ။ဆဝကုဋိကာယ ဝါ အာဝုသော ဆတ္တေ ဝါ စာဋိယာ ဝါ ဝဿံ ဥပဂစ္ဆန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံယေဝ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ ဆဝကုဋိကာယ ပိ ဆတ္တေ ပိ စာဋိယာ ပိ ဝဿံ ဥပဂစ္ဆိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။သုသာန် သင်းချိုင်းဝယ် လူသေကောင် အလောင်းကို ထားရာ အလောင်းစင် တဲအိမ်၌ဖြစ်စေ ထီး၌ဖြစ်စေ ရေလှောင်အိုးစရည်း ကြီး အတွင်း၌ဖြစ်စေ ဝါကပ်သောရဟန်းအား ဒုက္ကဋ်အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

များစွာသော ရဟန်းတို့သည် သုသာန်အရပ်ဝယ် ဥတုဇရုပ်ကလာပ် ထားရာ စရပ်တဲကုပ်၌ ဝါကပ်ကြပါကုန်သည် ထိုအခါ များစွာသော လူတို့က "သူကောင်မြိုက်သော ဒွန်းစဏ္ဍားတို့ကဲ့သို့ ပါတကား" ဟု ကဲ့ရဲ့စကား ပြောကြားကြပါကုန်သည်၊

ထိုသာဝတ္ထိပြည်မှာပင် များစွာသော ရဟန်းတို့သည် ထီး၏အောက်၌ ဝါကပ်ကြပါကုန်သည် ထိုအခါ များစွာသော လူအပေါင်းတို့က "နွားကျောင်းသားနှင့် တူလှဘိတကား" ဟု ကဲ့ရဲ့စကား ပြောကြားကြပါကုန်သည်၊

ထိုသာဝတ္ထိပြည်၌ပင် များစွာသော ရဟန်းတို့သည် ရေလှောင် အိုးစရည်း၏ အတွင်း၌ ဝါကပ်ကြပါကုန်သည်၊ ထိုအခါ လူအပေါင်းတို့က "သာသနာတော်ပြင်ပ တိတ္ထိတို့နှင့် တူလှချေတကား" ဟု ကဲ့ရဲ့စကား ပြောကြားကြပါကုန်သည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် သုသာန်စရပ်၌၎င်း ထီးရိပ်အောက်၌၎င်း ရေလှောင် အိုးစရည်း၌၎င်း ဝါကပ်သော ရဟန်း၏ ဒုက္ကဋ်အာပတ် သုံးမျိုးကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ပဋိသာဝံ အာဝုသော ဝိသံ ဝါဒေန္တဿ ဒုက္ကဋံ ဘဂဝတာ
ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အာယသ္မန္တံ ဥပနန္ဒံ သကျပုတ္တံ အာရဗ္ဘ ပညတ္တံ၊ အာယသ္မာ ဘန္တေ ဥပနန္ဒော သကျပုတ္တော ရညော ပသေနဒိဿ ကောသလဿ ဝဿံ ဝါသံ ပဋိဿုဏိတွာ ဝိသံဝါဒေသိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဒါယကာ၏ ကျောင်း၌ ယခုနှစ်ဝါကပ်၍ နေထိုင်ပါမည် ဟု ရိုးသားသော စိတ်ဖြင့် ဒါယကာအထံ၌ ပဋိညာဉ် ဝန်ခံချက်ပေးပြီးလျှင် နောက်အခါကာလ၌ တစုံတခုသော အကြောင်းကြောင့် ထိုကျောင်း၌ ဝါမကပ်ဘဲ တခြားကျောင်း၌ ဝါကပ်ခြင်းဖြင့် မိမိပေးပြီးသော ဝန်ခံချက်ကို ချွတ်ယွင်းစေသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို မြတ်စွာဘုရား ပညတ်တော် မူခဲ့ပေ၏၊ ထို ပဋိဿဝဝိသံဝါဒန ဒုက္ကဋ်အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်၌ သာကီဝင်မင်းသားဖြစ်သော အရှင်ဥပနန္ဒ မထေရ်ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

အရှင်ဥပနန္ဒ မထေရ်သည် ပသေနဒီကောသလမင်းကြီး၏ ကျောင်း၌ ပဌမဝါကပ်ရန် ဝန်ခံပြီးမှ ထိုကျောင်းသို့ သွားသောအခါ လမ်းခရီးအကြား၌ သင်္ကန်း လာဘ်လာဘ များစွာ ရရှိမည့် ကျောင်းနှစ်ကျောင်းတို့ကို တွေ့ရှိသောအခါ ဤကျောင်းတို့၌ ငါ ဝါကပ်ရပါမူ ကောင်းလေစွ ဟု အောက်မေ့ပြီးလျှင် ထိုကျောင်းတို့၌ ဝါကပ်၍ နေပါသည်၊

ထိုအခါ ပသေနဒီကောသလ မင်းသည် "အဘယ့်ကြောင့် သာကီဝင်မင်းသား ဖြစ်သော အရှင် ဥပနန္ဒ မထေရ်သည် ကျွန်ုပ်ကျောင်းဝယ် ဝါကပ်မည် ဟု ပဋိညာဉ် ဝန်ခံချက်ပေးပြီးမှ ချွတ်ယွင်းစေတော်မူဘိသနည်း မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က မုသားစကား ပြောကြားခြင်းကို များစွာသော အကြောင်းတို့ဖြင့် ကဲ့ရဲ့တော် မူအပ်သည် မဟုတ်ပါလော" ဤသို့ အစရှိသည်ဖြင့် ကဲ့ရဲ့ရှုတ်ချ စကား ပြောကြားခဲ့ပါပြီ၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ပဋိညာဉ် ဝန်ခံချက်ကို ဖျက်သော ရဟန်းအား ဒုက္កဋ်အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ဝဿူပနာယိကံ ပုစ္ဆိဿံ၊ သနိဒါနံ သနိဒ္ဒေသံ။
သမုက္ကဋ္ဌပဒါနံ အာဝုသော ကတိ အာပတ္တိယော။

ဝိဿဇ္ဇနာ။ ။ဝဿူပနာယိကံ ဝိဿဇ္ဇိဿံ၊ သနိဒါနံ သနိဒ္ဒေသံ။
သမုက္ကဋ္ဌပဒါနံ ဘန္တေ ဧကာ အာပတ္တိ။

အမေး။ ။နိဒါန်း နိဒ္ဒေသနှင့် တကွသော ဝဿူပနာယိကက္ခန္ဓကို မေးမြန်းပေအံ့၊ ဝဿူပနာယိကက္ခန္ဓကလာ မြတ်စွာဘုရား၏ ပညတ်တော်စကားတော်နှင့် သက်ဆိုင်သော အာပတ်တို့သည် အကျဉ်းချုပ်အားဖြင့် အဘယ်မျှ အပြားရှိပါကုန်သနည်း ငါ့ရှင်။

အဖြေ။ ။နိဒါန်း နိဒ္ဒေသနှင့် တကွသော ဝဿူပနာယိကက္ခန္ဓကကို အကျဉ်းချုပ် ဖြေဆိုပါအံ့၊ ဤ ဝဿူပနာယိကက္ခန္ဓက၌ မြတ်စွာဘုရားသခင် ရွှေနှုတ်တော် မြွက်၍ ဟောကြားတော် မူအပ်သော စကားရပ်တို့နှင့် စပ်သွယ်သော အာပတ် အပေါင်းသည်ကား အကျဉ်းချုပ်အားဖြင့် ဒုက္កဋ်အာပတ် တမျိုးသာ ဖြစ်ပါသည် အရှင်ဘုရား။

**၃-ဝဿူပနာယိကက္ခန္ဓက ပြီး၏**

# ၄–ပဝါရဏာခန္ဓက

## ပဝါရဏာပြုရန် ခွင့်ပြုခဏ်း

ပုစ္ဆာ။ ။ဝဿံ ဝုဋ္ဌာနံ အာဝုသော ဘိက္ခူနံ တီဟိ ဌာနေဟိ ပဝါရိတုံ.
ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ အနုညာတံ၊
သမ္ဗဟုလာ ဘန္တေ ဘိက္ခူ သန္ဒိဋ္ဌာ သမ္ဘတ္တာ အန္တောဝဿံ
နေဝ အာလပိံသု န သလ္လပိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ
အနုညာတံ။

အမေး။ ။ဝါကျွတ်ပြီးသော ရဟန်းတို့အား မြင်ခြင်း ကြားခြင်း ရှိရာခြင်း ဟူသော သုံးပါးသော ဌာနတို့ဖြင့် ဆိုဆုံးမရန်အတွက် ဘိတ်ကြားရန် အလို့ငှါ မြတ်စွာဘုရား ခွင့်ပြု ပညတ်တော်မူခဲ့ပေ၏၊ ထို ခွင့်ပြုပညတ်ချက်ကို ဘယ်မြို့။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊

မြတ်စွာဘုရားသခင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ကောသလတိုင်း ဇနပုဒ်၌ များစွာသော သန္ဒိဋ္ဌ သမ္ဘတ္တ အဆွေခင်ပွန်း ဖြစ်ကြသော ရဟန်းတော် တို့သည် တခုသော ကျောင်း၌ ဝါကပ်ကြပြီးလျှင်——

"ငါတို့သည် အဘယ်သို့သော အခြင်းအရာဖြင့် ဓမ္မ အဓမ္မ စသည်ဖြင့် ငြင်းခုံခြင်း မရှိကြဘဲ နှစ်လိုအားရ ဝမ်းမြောက်ဝမ်းသာ ချမ်းသာစွာ ဝါကပ်ရမည်နည်း" ဟု အကြံအစည် ဖြစ်ကြသောအခါ——

ငါတို့သည် ဤဝါတွင်း ကာလပတ်လုံး အချင်းချင်း စကားနှီးနှော မပြောဆိုရပါမူ ကောင်းလေစွ အကြင်ရဟန်းသည် ဆွမ်းခံရွာမှ ရှေးဦးဖဲ့ခဲ့၏ ထို ရဟန်းသည် သောက်ရေ သုံးရေ တည်ထားခြင်း ဆွမ်းဦး ထည့်စရာခွက်ကို တည်ထားခြင်း ဤသို့ စသော ပြုဘွယ်ကိစ္စကို ပြု၍ သွားရမည်၊

နောက်ရောက်သော ရဟန်းသည် ဆွမ်းဦးခွက်၌ ရှိသော ဆွမ်းကို အလိုရှိပါမူ စားသုံးရာ၏ အလိုမရှိပါမူ မိမိဆွမ်းနှင့်တကွ ကြွင်းကျန်သော ဆွမ်းအားလုံးကို စိမ်းသော မြက်သစ်ပင် မရှိရာ အရပ်၌ သော်လည်း စွန့်ရမည် ပိုးမရှိသော ရေထည်း၌ သော်လည်း စွန့်ရမည်၊

ထို နောက် ကျသော ရဟန်းသည် သောက်ရေ သုံးဆောင်ရေတို့နှင့်တကွ နေရာနှင့် ဆွမ်းဦးခွက်ကိုပါ သိမ်းဆည်း ခဲ့ရမည် ဆွမ်းစားကျောင်းကို တံမြက်လှဲရမည်၊

အကြင်ရဟန်းသည် သောက်ရေ သုံးဆောင်ရေ စသော ရေအိုးတို့၌ ရေမရှိသည်ကို မြင်ပါမူ ကိုယ်တိုင် တည်ထားရမည် ကိုယ်တိုင် တဦးတည်းမစွမ်းနိုင်ပါမှ အဘော်ရဟန်းကို နုတ်ဖြင့် မမြွက်ဘဲ လက်ယပ်ခေါ်ပြီးလျှင် နှစ်ဦးလက်ဘောင်ပြု၍ ရေအိုးကို လောင်းရမည် တည်ထားရမည်၊ ဤသို့ တိုင်ပင်ညီညွတ်၍ ဤ ကတိကဝတ်အတိုင်း ဝါတွင်း သုံးလကာလပတ်လုံး နေပြီးလျှင် မြတ်စွာဘုရားထံမှောက် ရောက်ကြသောအခါ—

ကစ္စိ ဘိက္ခဝေ ခမနီယံ— ဤသို့ စသည်ဖြင့် ချစ်သားတို့ ခန့်ကျန်းကြပါ၏လော ဣရိယာပထမျှတကြပါ၏လော ဝါတွင်းသုံးလပတ်လုံး အချင်းချင်း ကိုယ်စိတ်နှစ်ဖြာ ညီညွတ်၍ ဓမ္မအဓမ္မစသည် ညင်းခုံခြင်း မရှိပဲ နှစ်လိုအားရဝမ်းမြောက်စွာ ချမ်းသာစွာ ဝါလပတ်လုံး သီတင်းသုံးကြရ ပါကုန်၏လော ဟု မေးမြန်းတော် မူသည်ရှိသော် မပင်မပန်း ချမ်းသာကြောင်း လျှောက်ထားသည်တွင်—

ဘယ်ပုံ အခြင်းအရာဖြင့် မပင်မပန်း ချမ်းသာစွာ ဝါလပတ်လုံး သီတင်းသုံးခဲ့ကြောင်းကို မေးမြန်းတော်မူသည်တွင် မိမိတို့ နေထိုင်ခဲ့သော အကြောင်းအရာကို ပြန်ပြောင်း လျှောက်ထားပါသည်၊

ထိုအခါ မြတ်စွာဘုရားက—

ဤရဟန်းတို့သည် ဝိပ္ပလ္လာသတရား ဖောက်ပြားလှသဖြင့် ဆင်းရဲစွာ နေရသည်ကိုပင် ချမ်းသာစွာ နေရသည် ဟု ပဋိညာဉ် ဝန်ခံဘိလေသည်၊

သားတို့၏ နွားတို့၏ နေခြင်းမျိုးဖြင့် နေခဲ့ကြပါကုန်လျက် ဆင်းရဲကင်းစွာ ချမ်းသာစွာ နေကြရကုန်သည် ဟု ဝန်ခံကုန်ဘိသည်၊

အဘယ့်ကြောင့် ဤရဟန်းတို့သည် သူအ့တို့၏ အကျင့် တိတ္ထိတို့၏ ဆောက်တည်ချက်မျိုးဖြစ်သော အချင်းချင်း စကားမပြောမှု တည်းဟူသော တိတ္ထိတို့၏ အကျင့်မျိုးကို ကျင့်ကြံကုန်ဘိသနည်း၊

ဤသို့ စသည်ဖြင့် ကဲ့ရဲ့တော်မူပြီးလျှင်—

> အနုဇာနာမိ ဘိက္ခဝေ ဝဿံ ဝုဋ္ဌာနံ ဘိက္ခူနံ တီဟိ ဌာနေဟိ ပဝါရေတုံ၊ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ။

အစရှိသည်ဖြင့် ဝါကျွတ်သော ရဟန်းတို့အား မြင်ခြင်း ကြားခြင်း ရွံ့ရှာခြင်း တည်းဟူသော သုံးပါးသော အကြောင်းတို့ဖြင့် အဆုံးအမ ဩဝါဒပေးတော်မူပါ ဟု ဘိတ်ကြားခြင်း ပဝါရဏာပြုဘို့ရန် သဗ္ဗညုမြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကတိ အာဝုသော ပဝါရဏာ ဒိဝသဝသေန စ ပုဂ္ဂလဝသေန စ ကာတဗ္ဗာကာရဝသေန စ။

ဝိဿဇ္ဇနာ။ ။ဒိဝသဝသေန ဘန္တေ တိဿော ပဝါရဏာ၊ တထာ ပုဂ္ဂလဝသေန ကာတဗ္ဗာကာရဝသေနစ။

အမေး။ ။နေ့၏ အစွမ်းအားဖြင့်၎င်း ပြုသော ပုဂ္ဂိုလ်တို့၏အစွမ်းအားဖြင့်၎င်း ပြုပုံ အခြင်းအရာ၏ အစွမ်းအားဖြင့်၎င်း ပဝါရဏာတို့သည် အမျိုးအစား ဘယ်နှစ်ပါးရှိပါကုန်သနည်း ငါ့ရှင်။

အဖြေ။ ။နေ့၏အစွမ်းအားဖြင့် တဆဲ့ငါးရက် ပဝါရဏာနေ့ တဆဲ့လေးရက် ပဝါရဏာနေ့ တဆဲ့ငါးရက် တဆဲ့လေးရက်မှတပါး သံဃာညီညွတ်သော သာမဂ္ဂီ ပဝါရဏာနေ့ ဟူ၍ သုံးပါး၊

ပြုတတ်သော ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် ငါးပါးသော သံဃာတို့ ပြုသည့် သံဃပဝါရဏာ လေးပါး သုံးပါး နှစ်ပါးသော ဂိုဏ်းပုဂ္ဂိုလ်တို့ပြုသည့် ဂဏ ပဝါရဏာ ပုဂ္ဂိုလ်တဦးတည်း ပြုရသည့် ပုဂ္ဂလပဝါရဏာ ဟူ၍ သုံးပါး၊

ပြုပုံအခြင်းအရာအားဖြင့် သုံးကြိမ်တိုင်တိုင် ရွတ်ဆိုခြင်း တည်းဟူသော တေဝါစိက ပဝါရဏာ အခွင့်မရသဖြင့် နှစ်ကြိမ်သာ ရွတ်ဆိုရခြင်း ဒွေဝါစိက ပဝါရဏာ ထို့ထက် အခွင့်မရလောက်အောင် အကြောင်းထူးရှိသဖြင့် တကြိမ်

သာ ရွတ်ဆိုဘတ်ကြားရသော ကေဝါစိက ပဝါရဏာ ဟူ၍ ပြုပုံ ရွတ်ဆိုပုံ ဘိတ်ကြားပုံ အခြင်းအရာအားဖြင့် ပဝါရဏာ အပြား သုံးပါးရှိပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကတိနံ အာဝုသော သံဃေ ပဝါရေတုံ ဘဂဝတာ အနုညာတံ၊ ကတိနံ ပနာဝုသော အညမညံ ပဝါရေတုံ ဘဂဝတာ အနုညာတံ။

ဝိဿဇ္ဇနာ။ ။ပဉ္စန္နံ ဘန္တေ ဘိက္ခူနံ သံဃေ ပဝါရေတုံ ဘဂဝတာ အနုညာတံ၊ စတုန္နံ ဝါ ဘန္တေ တိဏ္ဏံ ဝါ ဒွိန္နံ ဝါ အညမညံ ပဝါရေတုံ အနုညာတံ။

အမေး။ ။အဘယ်မျှသော ရဟန်းတို့အား သံဃာ၌ ပဝါရဏာပြုရန် မြတ်စွာဘုရား ခွင့်ပြုတော် မူခဲ့ပါသနည်း၊ အဘယ်မျှသော ပုဂ္ဂိုလ်တို့အား အချင်းချင်း ပဝါရဏာပြုရန် မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ငါးပါး, ငါးပါးထက် ပိုလွန်သော ရဟန်းရှိသော သံဃာ အစုအား သံဃပဝါရဏာပြုလုပ်ရန်၊ လေးပါး, သုံးပါး, နှစ်ပါး အရေအတွက်ရှိသော ဂိုဏ်းသံဃာအား အညမည (အချင်းချင်း) ပဝါရဏာပြုရန် သဗ္ဗညု မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ဧကေန ပနာဝုသော ဝဿံဝုဋ္ဌေန ဘိက္ခုနာ ကထံ ပဋိပဇ္ဇိတဗ္ဗန္တိ ဘဂဝတာ အနုညာတံ။

ဝိဿဇ္ဇနာ။ ။ဧကေန ပန ဘန္တေ ဘိက္ခုနာ "အဇ္ဇ မေ ပဝါရဏာ"တိ အဓိဋ္ဌာတဗ္ဗန္တိ ဘဂဝတာ အနုညာတံ။

အမေး။ ။တပါးတည်းနေသော ကျောင်း၌ ဝါကျွတ်သော တပါး တည်းသော ရဟန်းသည်ကား အဘယ်သို့ ပြုကျင့်ရမည် ဟု မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။တခုတည်းသော ကျောင်း၌ တပါးတည်းနေထိုင်၍ တပါး တည်းသာ ဝါကျွတ်သော ရဟန်းအား မိမိနေရာကျောင်းဝယ် ရဟန်းတော်တို့ စည်းဝေးလောက်သော အရပ် သို့မဟုတ် သစ်ပင်ရင်း မဏ္ဍပ်၌ သောက်ရေ သုံးဆောင်ရေ တည်ထားပြီးလျှင် နေရာကိုလည်း ခင်းပြီးလျှင် ဆီမီးကိုလည်း

ညို့ထွန်းပြီးလျှင် တပါးသော ရဟန်းတို့ လာမည် မလာမည်ကို စောင့်၍ နေရပါမည်၊

အခြားတပါးသော ရဟန်းတို့ လာခဲ့သော် ထိုရဟန်းတို့နှင့် အတူတကွ အချင်းချင်း ပဝါရဏာ ပြုလုပ်ရပါမည်၊

အချိန်ကုန်၍မှ တပါးသော ရဟန်းတို့ မလာခဲ့သော် "အဇ္ဇ မေ ပဝါရဏာ ပန္နရသီ" ယန္ဒေ ငါ၏ ပဝါရဏာကား ပန္နရသီ—တဆဲ့ငါးရက်မြောက် ပဝါရဏာတည်းဟူ၍ ဆောက်တည်ရမည် ဟု သဗ္ဗညုမြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ပဝါရဏံ ပုစ္ဆိဿံ၊ သနိဒါနံ သနိဒ္ဒေသံ။
သမုက္ကဋ္ဌပဒါနံ အာဝုသော ကတိ အာပတ္တိယော။

ဝိဿဇ္ဇနာ။ ။ပဝါရဏံ ဝိဿဇ္ဇိဿံ၊ သနိဒါနံ သနိဒ္ဒေသံ။
သမုက္ကဋ္ဌပဒါနံ ဘန္တေ တိဿော အာပတ္တိယော။

အမေး။ ။နိဒါန်း နိဒ္ဒေသနှင့်တကွသော ပဝါရဏာက္ခန္ဓကကို မေးမြန်းပေအံ့၊ ပဝါရဏာက္ခန္ဓကလာ မြတ်စွာဘုရား၏ ပညတ်တော် စကားများနှင့် သက်ဆိုင်သော အာပတ်တို့သည် အကျဉ်းချုပ်အားဖြင့် အဘယ်မျှ ရှိပါကုန်သနည်း ငါ့ရှင်။

အဖြေ။ ။နိဒါန်း နိဒ္ဒေသနှင့်တကွသော ပဝါရဏာက္ခန္ဓကကို ဖြေကြားလျှောက်ထားပါအံ့၊ ဤပဝါရဏာက္ခန္ဓကဌ် ဘုရားရှေ့နူတ်တော်ထွက် ပညတ်ချက် စကားတော်တို့နှင့် စပ်ဆိုင်သော အာပတ်အစုတို့သည်ကား အကျဉ်းချုပ်အားဖြင့် ဒုက္ကဋ်အာပတ် ပါစိတ်အာပတ် ထုလ္လစ္စည်းအာပတ်ဟူ၍ အာပတ်သုံးမျိုးဖြစ်ပါသည် အရှင်ဘုရား။

ပဝါရဏာပြုရန်ခွင့်ပြုခဏ်း ပြီး၏

**ပဝါရဏာက္ခန္ဓက ပြီး၏**

# ၅—စမ္မဇ္ဇန္တက

## သောဏမထေရ် ဝတ္ထု

### ဘိနပ်စီးရန် စတင်ခွင့်ပြုပုံ

ပုစ္ဆာ။ ။ဥပါဟနံ အာဝုသော ဘဂဝတာ ကတ္ထ အနုညာတံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ အာယသ္မန္တံ သောဏံ အာရဗ္ဘ အနုညာတံ၊ အာယသ္မတော ဘန္တေ သောဏဿ အစ္စာရဒ္ဓဝီရိယဿ စင်္ကမတော ပါဒါ ဘိဇ္ဇိံသု၊ စင်္ကမော လောဟိတေန ဖုဋ္ဌော အဟောသိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတံ။

အမေး။ ။ဘိနပ် စီးခြင်းကို မြတ်စွာဘုရား ခွင့်ပြုတော် မူခဲ့သည်မှာ ဘယ်မြို့ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော မှုခင်းကိစ္စကြောင့် ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ အရှင်သောဏ မထေရ်ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

အနည်းငယ်မျှ လျှောက်ထားလိုပါသည်၊ မြတ်စွာဘုရားသခင် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးနေတော်မူသောအခါ ဗိမ္ဗိသာရမင်းသည် ရှစ်သောင်းသော ရွာတို့ကို အစိုးရပါသည်၊ ထိုအခါ စမ္ပာပြည်၌ **ကောဋိဝိသ** အနွယ်ဖြစ်သော သောဏမည်သော သူဌေးသားတယောက်သည် အလွန်နူးညံ့ပါသည် ထိုသူဌေးသား၏ ခြေဖဝါးတို့၌ မွေးညှင်းတို့ပင် ပေါက်ရောက်လျက် ရှိပါသည်၊

ဗိမ္ဗိသာရမင်းသည် သောဏသူဌေးသားနှင့်တကွ ရှစ်သောင်းသော ရွာသူကြီးတို့အား ခေါ်ယူ၍ မင်းမှုကိစ္စ အဝဝတို့ကို အဆုံးအမ ပေးပြီးသောအခါ "အသင်တို့အား ယခု ဝတ္တမာန် ပစ္စုပ္ပန်အရေးဖြင့် အဆုံးအမ ဩဝါဒကို ငါတို့

ပေးအပ်ပြီ မြတ်စွာဘုရားထံမှောက်သို့ သွားရောက်၍ တမလွန်အရေး နာယူကြကုန်” ဟု တိုက်တွန်းပါသည်၊

ထိုအခါ ရှစ်သောင်းသော ရွာသူကြီးအပေါင်းတို့သည် သောဏသူဌေးသားနှင့် တကွ ဘုရားရှိရာ ဂိဇ္ဈကုဋ်တောင်သို့ သွားရောက်ပြီးလျှင် မြတ်စွာဘုရားထံ၌ တရားနာယူ၍ ရှစ်သောင်းသော ရွာသူကြီးတို့ သောတာပန် တည်ကြပါသည်၊ ထိုရွာသူကြီး ရှစ်သောင်းတို့ ပြန်သွားသောအခါ သောဏသူဌေးသားသည် မြတ်စွာဘုရားထံမှောက်သို့ ချဉ်းကပ်၍ ရဟန်းအဖြစ်ကို တောင်းယူပါသည် ရဟန်းအဖြစ်ကို ရယူပြီးသောအခါ ယင်းတိုက်တော၌ သီတင်းသုံးနေပါသည်၊

ထိုယင်းတိုက်တော၌ သီတင်းသုံးလျက် သမထ ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းကို အလွန်အမင်း ကြိုးပမ်းအားထုတ်ရကား စင်္ကြံသွားလွန်း အားကြီးသဖြင့် ခြေဖဝါးတို့ပင် ကွဲပြဲခဲ့ပါကုန်သည်၊ သောဏမထေရ် သီတင်းသုံးရာ စင်္ကြံတပြင်လုံး အမဲသားငါးကို ဖျက်၍ ထားသော အရပ်ကဲ့သို့ သွေးခြင်းခြင်းနီလျက်ရှိပါသည်၊ အလွန်အမင်း အားထုတ်ပါသော်လည်း မဂ်ဖိုလ်ကို မရနိုင်သဖြင့် သောဏမထေရ် သူမြတ် အကြံဖြစ်သည်မှာ—

“ဤမြတ်စွာဘုရား သာသနာတော်ဝယ် ဝီရိယကို အားထုတ်သော ပုဂ္ဂိုလ်စာရင်းတွင် ငါသည် တပါးအပါအဝင် ဖြစ်ခဲ့ပါ၏ သို့ပါသော်လည်း ယနေ့တိုင် ငါသည် အရဟတ္တဖိုလ်သို့ မရောက်ရသေး ငါ၏ မိဘအိမ်မှာ များစွာသော စည်းစိမ်ဥစ္စာတို့ ရှိပါသည် ငါသည် သာသနာတော်မှ လျှောကျ၍ လူဘဝဖြင့်ပင် လူ၏ စည်းစိမ်တို့ကိုလည်း ခံစား၍ ကောင်းမှုကုသိုလ်များကိုလည်း အားထုတ်ကြိုးစားအံ့” ဟု အကြံဖြစ်သည်ကို မြတ်စွာဘုရားသခင်သည် စေတော ပရိယအဘိညာဏ်ဖြင့် သိမြင်တော်မူသဖြင့် ခဏခြင်းအတွင်းဝယ် အဘိညာဏ်တန်ခိုးဖြင့် ဂိဇ္ဈကုဋ်တောင်မှ ယင်းတိုက်တောသို့ များစွာသောရဟန်းအပေါင်း ခြံရံလျက် ကြွတော်မူပြီးလျှင် အရှင်သောဏမထေရ်၏ စင်္ကြံကျောင်းသို့ ရောက်သောအခါ စင်္ကြံတခုလုံး သွေးခြင်းခြင်းနီ၍ နေသည်ကို မြင်တော်မူသဖြင့် ရဟန်းတော်တို့အား မေးမြန်းတော်မူသည်တွင် အကြောင်းကြောင်း ပြန်ပြောင်းလျှောက်ထားသောအခါ အရှင်သောဏမထေရ်ရှိရာအရပ်သို့ ကြွတော်မူ၍—

သင် ချစ်သားအား ဤသို့ ဤသို့ အကြံဖြစ်သည် မဟုတ်ပါလော ဟု မေးမြန်းတော်မူသည်ရှိသော် "ဟုတ်မှန်ပါကြောင်း " ပြန်ကြား လျှောက်ထားသော အခါ—

သင် ချစ်သား၊....စဉ်းစားပါ အသင် ချစ်သားသည် ရှေးလူဖြစ်စဉ်ကာလ က စောင်းအတတ်၌ သင်ချစ်သား လိမ္မာကျွမ်းကျင်သည် မဟုတ်ပါလော ဤသို့ မေးသောအခါ ဟုတ်မှန်ပါကြောင်းပြန်ပြောင်းလျှောက်ထားပါသည်၊

အသင် ချစ်သား၊....စဉ်းစားပါလော့ အသင်၏ စောင်းများ၌ အကြင်အခါ၌ စောင်းညှိုးများသည် အလွန်အမင်း တင်း၍ နေပါကုန်၏၊ ထိုအခါ အသင်၏ စောင်းသံသည် သာယာသော အသံ ဖြစ်နိုင်ပါသလော၊

မဖြစ်နိုင်ပါဘုရား။

အကြင်အခါ၌ အသင်၏ စောင်းညှိုးတို့သည်အလွန်အမင်းလျော့(ရော့) ပါကုန်၏၊ ထိုအခါ၌ အသင်၏ စောင်းသံသည် သာယာနာပျော်ဘွယ် ရှိပါ၏လော၊

မရှိပါဘုရား။

အကြင်အခါ၌ အသင်၏ စောင်းသံသည် မလျော့လွန်း မတင်းလွန်း ညီမျှသော ဂုဏ်၌ တည်၍ နေ၏၊ ထိုအခါ အသင်၏ စောင်းသံသည် သာယာ ညှင်းပျောင်း ရှိပါ၏လား၊

ရှိပါသည်ဘုရား။

ထို့အတူပင် အသင်ချစ်သား အလွန်အမင်း အားထုတ်အပ်သော ဝီရိယ သည် ဥဒ္ဓစ္စ ပျံ့လွင့်ခြင်းငှါ ဖြစ်တတ်သည်၊ ဝီရိယကို အလွန်အမင်း လျော့ လျှင်လည်း ကောသဇ္ဇခေါ်သော ပျင်းရိသော ဓာတ်ဝင်၍ လာတတ်သည်၊ ထို့ကြောင့် အသင် ချစ်သားသည် ဝီရိယနှင့် သဒ္ဓါ ပညာ အစရှိသော ဣန္ဒြေတို့ မျှတအောင် ကြိုးစားအားထုတ်ပါ ဟု စောင်းဥပမာဖြင့် ဩဝါဒ ပေးခဲ့ပြီးလျှင် ယင်းတိုက်တောမှ ကွယ်တော်မူပြီး ဇေတဝန်ကျောင်းသို့ ပြန်ကြွတော်မူပါသည်၊

နောက် များမကြာမီ အရှင် သောဏမထေရ်သည် မြတ်စွာဘုရား ဟော ကြားခဲ့သော စောင်းဥပမာဖြင့် ဝီရိယကို မလျော့လွန်း မတင်းလွန်း မဇ္ဈိမ

ပဋိပဒါ အလယ် အလတ် ကျအောင်ထား၍ သမထ ဝိပဿနာတရား ပွါးများ အားထုတ်သဖြင့် အရဟတ္တဖိုလ်သို့ ရောက်ခဲ့ပါသည်၊

အရဟတ္တဖိုလ်သို့ ရောက်ကြောင်း ရဟန္တာအရှင်မြတ်တို့သာ ပြောကြား လေ့ရှိသော စကားတို့ဖြင့် ဘုရားထံမှောက် သွားရောက်၍ လျှောက်ထား သော အဆုံးဝယ် မြတ်စွာဘုရားသခင်က—

အသင်ချစ်သား သောဏ....အသင်ချစ်သားသည် အလွန်နူးညံ့ သိမ်မွေ့ လှပါဘိ၏၊ အသင် ချစ်သားအား တထပ်တလွှာရှိသော ဘိနပ်တို့ကို ငါဘုရား ခွင့်ပြုတော်မူပါ၏ ဟု မိန့်တော်မူသည်တွင်—

အရှင်ဘုရား တပည့်တော်တို့သည် လှည်းအစီး ရှစ်ဆယ် တိုက်ခန့်သော ရွှေငွေတို့ကိုလည်း ဆင်ခုနစ်ကောင် ခုနစ်ကောင်စီ ရှိသော ဆင်အုပ် ခုနစ်အုပ် ကိုလည်း စွန့်ပယ်၍ သဒ္ဓါပဗ္ဗဇိတ အဖြစ်ကို ရယူခဲ့ပါသည်၊ အကယ်၍ တထပ် တလွှာသော ဘိနပ်တို့ကို ဘုရားတပည့်တော် သုံးဆောင်ပါမူ ကဲ့ရဲ့ အပြစ်တင် သော ပုဂ္ဂိုလ်များ ပေါ် ပေါက်လာပါလိမ့်မည်၊ အကယ်၍ မြတ်စွာဘုရားသခင် သည် ရဟန်း သံဃာတော်အား ဘိနပ်ကို ခွင့်ပြုတော် မူပါမူ ဘုရားတပည့် တော်သည် သုံးဆောင်ပါမည်၊ အကယ်၍ မြတ်စွာဘုရားက ရဟန်းတော် များ အား ဘိနပ်စီးခွင့် မပြုလျှင် ဘုရားတပည့်တော်သည် မသုံးဆောင်ပါ ဟု ပြန် ကြား လျှောက်ထားသော ဝတ္ထု၌—

အနုဇာနာမိ ဘိက္ခဝေ ဧကပလာသိကံ ဥပါဟနံ၊ ချစ်သားတို့....တထပ် တလွှာသာရှိသော ဘိနပ်ကို သင်ချစ်သား တို့အား သုံးစွဲရန် ငါဘုရား ခွင့်ပြု တော်မူ၏ ဟု ရာဇဂြိုဟ်ပြည် အရပ်၌ အရှင်သောဏ မထေရ်ကို အကြောင်း ပြု၍ ဘိနပ်စီးရန် သဗ္ဗညု မြတ်စွာဘုရား ခွင့်ပြုတော် မူအပ်ပါသည် အရှင် ဘုရား။

ဘိနပ်စီးရန် စတင်ခွင့်ပြုပုံ ပြီး၏

---

## အလုံးစုံညိုသော ဘိနပ်စသည်ကို တားမြစ်တော်မူပုံ

ပုစ္ဆာ။ ။သဗ္ဗနီလိကာ ဝါ အာဝုသော သဗ္ဗပီတိကာ ဝါ သဗ္ဗလောဟိတိ- ကာ ဝါ သဗ္ဗမဉ္ဇိဋ္ဌိကာ ဝါ သဗ္ဗကဏှာ ဝါ သဗ္ဗမဟာရင်္ဂရတ္တာ ဝါ

သဗ္ဗမဟာနာမရတ္တာ ဝါ ဥပါဟနာယော ဓာရေန္တဿ ဒုက္ကဋံ
ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ သဗ္ဗနီလိကာယော ဥပါဟနာယော ဓာရေသုံ၊ သဗ္ဗပီတိကာယော သဗ္ဗလောဟိတိကာယော သဗ္ဗ-မဉ္ဇိဋ္ဌိကာယော သဗ္ဗကဏှာယော သဗ္ဗမဟာရင်္ဂရတ္တာ သဗ္ဗ-မဟာနာမရတ္တာယော ပိ ဥပါဟနာယော ဓာရေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။အလုံးစုံ ညိုသောအဆင်းရှိသောဘိနပ် အလုံးစုံဝါရွှေသော အဆင်းရှိသောဘိနပ် အလုံးစုံ နီမြန်းသော အဆင်းရှိသော ဘိနပ် အလုံးစုံ မောင်းသော အရောင် နီပြေပြေ အရောင်ရှိသော ဘိနပ် အလုံးစုံ မည်းနက်သော အဆင်းရှိသော ဘိနပ် အလုံးစုံ မဟာရင်္ဂဆိုးရေ မဟာနာမဆိုးရေတို့ဖြင့် ဆိုးထားသော ဘိနပ်တို့ကို သုံးဆောင် စီးနင်းသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို မြတ်စွာဘုရား ပညတ်တော် မူခဲ့သည်မှာ ဘယ်မြို့။ ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ ဆဗ္ဗဂ္ဂီ ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊

ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် အလုံးစုံသော ညိုသော အဆင်းရှိသော ဘိနပ်တို့ကိုလည်း သုံးဆောင်ကြပါကုန်သည်၊ အလုံးစုံဝါသော အဆင်းရှိသော ဘိနပ်တို့ကိုလည်း သုံးဆောင်ကြပါကုန်သည်၊ အလုံးစုံ နီတွေးသော အဆင်းရှိသော အလုံးစုံ မောင်းသော အဆင်းရှိသော အလုံးစုံမည်းနက်သော အဆင်းရှိသော အလုံးစုံမဟာရင်္ဂမည်သော ဆိုးရည် မဟာနာမ မည်သော ဆိုးရည်ဖြင့် တပ်စွန်းသော ဘိနပ်တို့ကိုလည်း သုံးဆောင် စီးနင်း ကြပါကုန်သည်၊

သို့ သုံးဆောင် စီးနင်းသဖြင့် လူဒါယကာများက ဤရဟန်းတော်များသည် လူဝတ်ကြောင်တို့ကဲ့သို့ပါတကား ဟု ကဲ့ရဲ့ရှုတ်ချ ကြပါကုန်သည်၊ ထိုသို့သော မှုခင်း ကိစ္စကြောင့် ထို ဘိနပ် ခုနစ်မျိုးကို စီးနင်းသုံးဆောင်သော ရဟန်း၏ ဒုက္ကဋ်အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

အလုံးစုံညိုသော ဘိနပ် စသည်ကို တားမြစ်ပုံ ပြီး၏

## ဘွတ်ဘိနပ်စသည်ကို တားမြစ်တော်မူပုံ

ပုစ္ဆာ။ ။ခလ္လကဗဒ္ဓာ ဝါ အာဝုသော ပုဋဗဒ္ဓာ ဝါ ပါလိဂုဏ္ဌိမာ ဝါ တူလပုဏ္ဏိကာ ဝါ တိတ္တိရပတ္တိကာ ဝါ မေဏ္ဍဝိသာဏဝဒ္ဓိကာ ဝါ အဇဝိသာဏဝဒ္ဓိကာ ဝါ ဝိစ္ဆိကာဠိကာ ဝါ မောရပိဉ္ဆပရိသိဗ္ဗိကာ ဝါ စိတြာ ဝါ ဥပါဟနာယော ဓာရေတ္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ ခလ္လကဗဒ္ဓာ ဥပါဟနာယော ပိ ဓာရေသုံ၊ ပုဋဗဒ္ဓာ ဥပါဟနာယော ပိ ဓာရေသုံ၊ ပါလိဂုဏ္ဌိမာ ဥပါဟနာယော ပိ ဓာရေသုံ၊ တူလပုဏ္ဏိကာ ဥပါဟနာယော ပိ ဓာရေသုံ၊ တိတ္တိရပတ္တိကာ ဥပါဟနာယော ပိ ဓာရေသုံ၊ မေဏ္ဍဝိသာဏဝဒ္ဓိကာ ဥပါဟနာယော ပိ ဓာရေသုံ၊ အဇဝိသာဏဝဒ္ဓိကာ ဥပါဟနာယော ပိ ဓာရေသုံ၊ ဝိစ္ဆိကာဠိကာ ဥပါဟနာယော ပိ ဓာရေသုံ၊ မောရပိဉ္ဆပရိသိဗ္ဗိတာ ဥပါဟနာယော ပိ ဓာရေသုံ၊ စိတြာ ဥပါဟနာယော ပိ ဓာရေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။နှောင်ကြိုး သိုင်းကြိုး တပ်ထားသော ဘိနပ်ကို သုံးဆောင်သော ရဟန်းအားရှင်း စစ်သည်တော်တို့ သုံးစွဲလေ့ရှိသော ခြေသလုံးပါ လုံခြုံသော ဘွတ်ဘိနပ်ကို သုံးဆောင်သော ရဟန်းအားရှင်း အရပ်သူ အရပ်သားတို့ သုံးစွဲလေ့ရှိသော နောက်ပိတ် ခြေစွပ် ဘိနပ်ကို သုံးဆောင်သော ရဟန်းအားရှင်း လဲသွတ်သော ဘိနပ်ကို သုံးဆောင်သော ရဟန်းအားရှင်း ခါတောင် အဆင်းရှိသော ဘိနပ်ကို သုံးဆောင်သော ရဟန်းအားရှင်း သိုးချို ဆိတ်ချို ကင်းမြီးကောက် လက်မသဏ္ဌာန် သဲကြိုးတပ်ထားသော ဘိနပ်ကို သုံးဆောင်သော ရဟန်းအားရှင်း ဒေါင်းမြီးတို့ဖြင့် ချုပ်ထားသော ဘိနပ်ကို သုံးဆောင်သော ရဟန်းအားရှင်း အဆန်းတကြယ် ပြုလုပ်ထားသော ဘိနပ်ကို သုံးဆောင်သော ရဟန်းအားရှင်း ဒုက္ကဋ် အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်အရပ်၌ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

ဆဗ္ဗဂ္ဂီရဟန်းတို့သည် မေးရာပါ ဆယ်မျိုးသော ရဟန်းတော်တို့နှင့် မသင့်မလျော်ပတ်သော အလွန့်အလွန် ဆန်းကြယ်စွာသော ဘိနပ်တို့ကို သုံးဆောင် စီးနင်းကြပါကုန်သည်၊ လူဒါယကာတို့ မြင်သဖြင့် "လူဝတ်ကြောင်တို့ကဲ့သို့ ပါတကား" ဟု ကဲ့ရဲ့စကား ပြောကြားသည်ကို ခံရပါသည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ထိုဘိနပ်ဆယ်မျိုးကို သုံးစွဲသော ရဟန်း၏ ဒုက္ကဋ် အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ဘွတ်ဘိနပ်စသည်ကို တားမြစ်တော်မူပုံ ပြီး၏။

---

## သစ်သားဘိနပ်စသည်ကို တားမြစ်တော်မူပုံ

ပုစ္ဆာ။ ။ကဋ္ဌပါဒုကာယော အာဝုသော ဓာရေန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ ဆဗ္ဗဂ္ဂိယေဝ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ ရတ္တိယာ ပစ္စူသသမယံ ပစ္စုဋ္ဌာယ ကဋ္ဌပါဒုကာယော အဘိရုဟိတွာ အဇ္ဈောကာသေ စင်္ကမန္တိ ဥစ္စာသဒ္ဒါ မဟာသဒ္ဒါ ခဋ္ဋခဋ္ဋသဒ္ဒါ အနေကဝိဟိတံ တိရစ္ဆာနကထံ ကထေန္တာ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။သစ်သားခြေနင်း ခုံဘိနပ်တို့ကို စီးသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို မြတ်စွာဘုရားသခင်သည်။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်အရပ်၌ ဆဗ္ဗဂ္ဂီရဟန်းတို့ကိုပင် အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

ဆဗ္ဗဂ္ဂီရဟန်းတို့သည် မိုးသောက်ထအခါ စောစောစီးစီး ထ၍ သစ်သားဘိနပ် ခုံဘိနပ်တို့ကို စီးပြီးလျှင် ဟင်းလင်းအပြင် လွင်တီးခေါင်၌ မင်းစကား စိုးစကား ခိုးသူစကား အမတ်ကြီးစကား အစရှိသော မဂ်ဖိုလ်အား ကျေးဇူးမများသည့် တိရစ္ဆာနကထာ စကားတို့ကို တဖောင်ဖောင် ပြောကြားကြကုန်လျက် တခေါက်ခေါက် နင်းကြကုန်လျက် လူးလာတုံ့ခေါက် စင်္ကြံရှောက်ကြပါကုန်သည် သို့ စင်္ကြံလမ်းရှောက်သဖြင့် ပိုးငယ်တို့ကိုလည်း နင်း၍ သေစေကြပါကုန်သည် သမာပတ် စင်စားသော ရဟန်းတော်များအားလည်း

သမာဓိမှ ရွေ့လျောစေခဲ့ကြပါကုန်သည်၊ ထိုအကြောင်းကို များစွာသော ရဟန်းတို့ ကဲ့ရဲ့ရှုတ်ချ ပြောကြားကြသဖြင့် မြတ်စွာဘုရားသည် များစွာ ကဲ့ရဲ့ပြီးလျှင် သစ်သားခြေနင်း ခံဘိနပ်စီးသော ရဟန်း၏ ဒုက္ကဋ် အာပတ်ကို ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

သစ်သားဘိနပ်စသည်ကို တားမြစ်တော်မူပုံ ပြီး၏

---

## သက်ရှိ ယာဉ်စီးနင်းခြင်းကို တားမြစ်တော်မူပုံ

ပုစ္ဆာ။ ။ယာနေန အာဝုသော ယာယန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ ယာနေန ယာယိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။နွားလှည်း မြင်းလှည်း မြင်းရထား စသော သက်ရှိ ယာဉ် ရထားကို စီးနင်းသော ရဟန်း၏ ဒုက္ကဋ် အာပတ်ကို ။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်။

ဆဗ္ဗဂ္ဂီရဟန်းတို့သည် အဖို-က,သောယာဉ် အမ-က,သောယာဉ် အမျိုးမျိုးကို စီးနင်းလျက် လှည့်လည် ကျက်စား သွားလာကြပါကုန်သည်၊ လူဒါယကာတို့ မြင်သဖြင့် "ဂင်္ဂါသဘင် မဟီသဘင်သို့ အပျော်အပါး လိုက်စား သွားလာကြသော လူဝတ်ကြောင်များနှင့် တူလှချေတကား" ဟု ကဲ့ရဲ့စကား ပြောကြားကြပါကုန်သည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် ဆင်ယာဉ် မြင်းယာဉ် ရထားယာဉ် အစရှိသော သက်ရှိသတ္တဝါက-သော ယာဉ်ရထားကိုစီး၍ သွားသောရဟန်း၏ ဒုက္ကဋ် အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

သက်ရှိ ယာဉ်စီးနင်းခြင်းကို တားမြစ်တော်မူပုံ ပြီး၏

## မကျန်းမာသူအား ယာဉ်စီးခွင့်ပြုပုံ

ပုစ္ဆာ။ ။ဂိလာနဿ အာဝုသော ယာနံ ဘဂဝတာ ကတ္ထ အနုညာတံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အညတရံ ဂိလာနံ ဘိက္ခုံ အာရဗ္ဘ အနုညာတံ၊ အညတရော ဘန္တေ ဘိက္ခု ကောသလေသု ဇနပဒေ သာဝတ္ထိံ ဂစ္ဆန္တော ဘဂဝန္တံ ဒဿနာယ အန္တရာမဂ္ဂေ ဂိလာနော ကုက္ကုစ္စာယန္တော ယာနံ နာဘိရုဟိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတံ။

အမေး။ ။မကျန်းမာသော ရဟန်းအား ယာဉ်ကို စီးနင်းရန် မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပေ၏၊ ထိုခွင့်ပြုချက်ကို ဘယ်မြို့။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ အညတရ ရဟန်းတပါးကို အကြောင်းပြု၍ ခွင့်ပြုတော်မူအပ်ပါသည်၊

အညတရ ရဟန်းတပါးသည် ကောသလတိုင်း ဇနပုဒ်၌ မြတ်စွာဘုရားကို ဖူးမျှော်ရန် သာဝတ္ထိပြည်သို့ သွားသောအခါ လမ်းခရီးအကြား၌ မမာမကျန်း ရှိသဖြင့် ခရီးမ-မှ ဖဲခဲ့၍ သစ်ပင် တပင်အောက်၌ ထိုင်နေပါသည်၊ ခရီးသွား လူတို့ မြင်သောအခါ အရှင်ဘုရား ဘယ်သို့ သွားမည်နည်း ဟု မေးသဖြင့် သာဝတ္ထိပြည်သို့ သွားမည့်အကြောင်း ပြန်ကြားသည်တွင် ကြွတော်မူပါ တပည့်တော်တို့နှင့် ယာဉ်စီး၍ လိုက်တော်မူပါ ဟု လျှောက်ထားလေသော်....

အလံ အာဝုသော—မသင့်ပါ ဒါယကာတို့၊ မြတ်စွာဘုရား သခင်က ယာဉ်ရထားကို ပယ်အပ်ပြီး ဖြစ်သည် ဟု မိန့်ကြားပြီးလျှင် အာပတ်သင့်မည် ကို စိုးခန့်တော် မူသဖြင့် ခရီးကြုံသော လှည်းယာဉ်ကိုမစီးဘဲ ခြေလျင်ခရီး ဖြင့်သာ သာဝတ္ထိပြည်သို့ ပင်ပန်းကြီးစွာ သွားရောက်ခဲ့ပါသည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် မကျန်းမာသော ရဟန်းအား ယာဉ်စီး နိုင်ရန် အခွင့်ကို သဗ္ဗညုမြတ်စွာဘုရား ခွင့်ပြုတော်မူအပ်ပါသည် အရှင်ဘုရား။

မကျန်းမာသူအား ယာဉ်စီးခွင့်ပြုပုံ ပြီး၏

## မြင့်သောနေရာ မြတ်သောနေရာကို တားမြစ်ပုံ

ပုစ္ဆာ။ ။ဥစ္စာသယနမဟာသယနာနိ အာဝုသော ဓာရေန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ ဥစ္စာသယနမဟာသယနာနိ ဓာရေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။မြင့်သောနေရာ, မြတ်သော နေရာတို့ကို သုံးဆောင်သော ရဟန်း၏ ဒုက္ကဋ်အာပတ်ကို မြတ်စွာဘုရားသခင်သည် ဘယ်မြို့။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်၌ ဆဗ္ဗဂ္ဂီ ရဟန်းတို့၏ ဥစ္စာသယန မဟာသယန တည်းဟူသော မြင့်သောနေရာ, မြတ်သောနေရာ အမျိုးအစားအား ဖြင့် နှစ်ဆယ်သော နေရာတို့ကို သုံးဆောင်သော မှုခင်းကိစ္စကြောင့် ထို ဒုက္ကဋ် အာပတ်ကို သဗ္ဗညု မြတ်စွာဘုရား ပညတ်တော် မူခဲ့ပါသည် အရှင်ဘုရား။

မြင့်သောနေရာ မြတ်သောနေရာကို တားမြစ်ပုံ ပြီး၏

---

## နွားရေကို တားမြစ်တော်မူပုံ

ပုစ္ဆာ။ ။ဂေါစမ္မာနိ အာဝုသော ဓာရေန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အညတရံ ပါပဘိက္ခုံ အာရဗ္ဘ ပညတ္တံ၊ အညတရော ဘန္တေ ဘိက္ခု ပါဏာတိပါတေ သမာဒပေသိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။နွားရေဖြင့် ပြီးသော သားရေနယ် အခင်းကို သုံးဆောင် သော ရဟန်းအား ဒုက္ကဋ်အာပတ်ကို သဗ္ဗညု မြတ်စွာဘုရား။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်၌ အညတရ ပါပဘိက္ခု ရဟန်းတပါးကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊

ယုတ်မာလှစွာသော ရဟန်းတပါးသည် ယုတ်မာလှစွာသော ဒါယကာ အိမ်၌ ဆွမ်းခံ ကိုယ်တော် ဖြစ်လျက် ရှိနေပါသည်၊ ထိုရဟန်းသည် ထို ဒါယကာအိမ်သို့ သွား၍ တနေ့သောအခါ ခင်းထားအပ်သော နေရာ၌ ထိုင်နေပါသည်၊

ထိုအခါ ယုတ်မာသော ဒါယကာသည် ရှိခိုးဝတ်ပြုပြီးလျှင် အနီး၌ နေပါ သည် ထိုဒါယကာ၏ နွားငယ်သည် အလွန်ဆန်းကြယ် တင့်တယ်လှပါသည် ထိုနွားငယ်ကို ထိုယုတ်မာသော ရဟန်း တစိမ့်စိမ့်ကြည့်၍နေသည်ကို ထို ယုတ်မာသော ဒါယကာမြင်သဖြင့် အရှင်ဘုရား အဘယ့်ကြောင့် ဤနွားကို တစိမ့်စိမ့်ကြည့်ပါသနည်း ဟု လျှောက်ထားသည်တွင် ဒါယကာ ဤနွားငယ်၏ အရေကို ငါအလိုရှိ၏ ဟု မိန့်ကြားသဖြင့် ထိုရဟန်း၏ မျက်မှောက်မှာပင် ထိုနွားငယ်ကို သတ်ဖြတ်၍ အရေကို ခွါပြီးလျှင် ထိုရဟန်းအား ပေးလှူပါ သည်၊

ထိုရဟန်းသည် ထိုအရေကို သင်္ကန်းဖြင့် ဖုံးအုပ်၍ ယူဆောင်သွားသော အခါ နွားငယ်၏ အမိသည် ထိုရဟန်းနောက်မှ တကောက်ကောက် လိုက်ပါ လာသည်ကို ကျောင်းသို့ ရောက်သောအခါ ရဟန်းတော်တို့ မေးမြန်းသည်မှာ ငါ့ရှင် အသင်၏နောက်သို့ ဤနွားမကြီးသည် တကောက်ကောက်နှင့် အဘယ့် ကြောင့် လိုက်သနည်း ဟု မေးမြန်းသည်တွင် "အဘယ့်ကြောင့် လိုက်သည်ဟု ငါမသိပါ" ဟု ဖုံးဖိကွယ်ဝှက်၍ ပြောကြားသော်လည်း ထို ရဟန်း၏ သင်္ကန်း တွင်းဝယ် နွားငယ်၏ အရေမှ တစက်စက်ကျသော သွေးတို့ဖြင့် သင်္ကန်း၌ လူးလည်းသည်ကို ရဟန်းတော်တို့ မြင်ကြသဖြင့် "ဤသင်္ကန်းကတော့ ဘာလုပ်ထားလဲ" ဟု တိုက်ရိုက်မေးမြန်းသည်တွင် မကွယ်နိုင် မဝှက်နိုင်ဘဲ ဟုတ်မှန်သည့်အတိုင်း ပြန်ပြောင်း လျှောက်ထားရပါတော့သည်၊

ထိုအခါ များစွာသော ရဟန်းတော်တို့ များစွာသော အခြင်းအရာဖြင့် ကဲ့ရဲ့ရှုတ်ချပြီးလျှင် မြတ်စွာဘုရားအား လျှောက်ထားပါသည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့် နွားရေဖြင့် ပြုလုပ်အပ်သော သားရေနယ်အခင်းကို ထိုင် သော အိပ်သော ရဟန်း၏ ဒုက္ကဋ်အာပတ်ကို သဗ္ဗညု မြတ်စွာဘုရား ပညတ် တော် မူအပ်ပါသည် အရှင်ဘုရား။

နွားရေကို တားမြစ်တော်မူပုံ ပြီး၏

## ပစ္စန္တရစ်ဇနပုဒ်များ၌ အထူးခွင့်ပြုချက် ငါးရပ်

ပုစ္ဆာ။ ။ပစ္စန္တိမေသု အာဝုသော ဇနပဒေသု ဝိနယဓရပဉ္စမေန ဂဏေန ဥပသမ္ပဒါ စ ဂုဏင်္ဂုဏူပါဟနံ စ ဓုဝနဟာနံ စ စမ္မာနိ အတ္ထရဏာနိ စ နိဿီမဂတာနံ စီဝရဒါနဥ္စာတိ ဣမာနိ ပဉ္စ ဘဂဝတာ ကတ္ထ အနုညာတာနိ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတာနိ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အာယသ္မန္တံ သောဏံ ကုဋိကဏ္ဏံ အာရဗ္ဘ အနုညာတာ၊ အာယသ္မာ ဘန္တေ သောဏော ကုဋိကဏ္ဏော တေသာနိ ပဉ္စဝတ္ထူနိ အာယသ္မတော မဟာကစ္စာနဿ ဝစနေန ဘဂဝန္တံ ယာစိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတာ။

အမေး။ ။ဣန္ဒိယနိုင်ငံ အလယ်ပိုင်းအရပ်ကို မဇ္ဈိမ ဒေသ ဟု ခေါ်၏ • ထိုမဇ္ဈိမ ဒေသမှ အပြင်အပဖြစ်သော ပစ္စန္တရစ် အရပ်တို့၌ ၁-ဝိနည်းဓိုရ် ကမ္မဝါ ဆရာလျှင် ငါးပါးမြောက် ရှိသော ပဉ္စဝဂ် သံဃာဖြင့် ရဟန်းခံခြင်းကိုလည်း မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပေ၏၊ ၂-အထပ်အလွှာများသော ဘိနပ်ကိုလည်း ခွင့်ပြုတော်မူခဲ့ပေ၏၊ ၃-နေ့စဉ်နေ့တိုင်း ရေချိုးခွင့်ကိုလည်း မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပေ၏၊ ၄-ဆိတ်ရေ သိုးရေ စသော သားရေ အခင်းများကိုလည်း မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပေ၏၊ ၅-ကျောင်းတိုက် အပြင်အပ ဥပစာရ သိမ်အပြင်အပ၌ တည်သော ရဟန်းတို့အား သင်္ကန်းလှူခြင်းကိုလည်း မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပေ၏၊ ဤ ငါးပါးသော ခွင့်ပြုချက်တို့ကို မြတ်စွာဘုရားသခင်သည် ဘယ်မြို့။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ ကုဋိကဏ္ဏ အမည်ရသော သောဏမထေရ်ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

အနည်းငယ်မျှ လျှောက်ထား ပြန်ကြားလိုပါသည်၊ မြတ်စွာဘုရားသခင် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူသော အခါ အရှင်ကစ္စည်း မထေရ်သည် အဝန္တိတိုင်း၌ သီတင်းသုံးနေတော်မူပါသည်၊

တကုဋ္ဌေတန် နှားတန်ဆာကို ဆင်ယင်ခြင်းကြောင့် ကုဋိကဏ္ဏ အမည်ရသော သောဏ ဥပါသကာသည် အရှင်မဟာ ကစ္စည်းထံ သုံးကြိမ်တိုင် တောင်းပန်ပြီးမှ ရှင်အဖြစ်ကို ရယူပြီးလျှင် အလွန်တရာ ပင်ပန်းနွမ်းနယ်ပြီးမှ တကျိပ်အတိုင်းအရှည်ရှိသော သံဃာအစုကို ရရှိ၍ ခဲယဉ်းပင်ပန်းစွာ ရဟန်းပြုရပါသည်၊

ထိုအခါ ဝါကျွတ်သောအခိုက် သောဏ မထေရ်အား တပါးတည်း ဆိတ်ငြိမ်ရာသို့ ကပ်ရောက်စဉ် ဤသို့ အကြံဖြစ်ပါသည်——

ထို ဘုန်းတော်အလွန်တရာကြီးမြတ်သော မြတ်စွာဘုရားကို ဤသို့လျှင် အရပ်ာ အစရှိသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူ၏ ဟု သတင်းစကား ကြားရုံသာ ငါ ကြားရဘူးသည် ကိုယ်တိုင် ဒိဋ္ဌ မဖူးတွေ့ရစဘူး၊ ငါ့ကို ဥပဇ္ဈာယ်ဆရာ ခွင့်ပြုတော်မူပါမူ ဘုရားဖူးသွားရလျှင် ကောင်းလေစွ ဟု အကြံ ဖြစ်ပြီးလျှင် ညနေချမ်းအခါ ဥပဇ္ဈာယ်ဆရာ အရှင်မဟာကစ္စည်းအား အကြောင်းစုံလျှောက်ထားသဖြင့် ရှင်မဟာကစ္စည်းသည် သွားဘို့ရန် ခွင့်ပြုပြီးလျှင် "ငါ့ရှင်သောဏ.... ဘုရားထံမှောက် ရောက်သောအခါ ငါ၏ စကားဖြင့် တပည့်တော်၏ ဥပဇ္ဈာယ်ဆရာ ရှင်မဟာကစ္စည်းသည် မြတ်စွာဘုရား၏ ခြေတော်အစုံ ကြာပဒုံတို့ကို ရှိခိုးလိုက်ပါကြောင်း——

ငင်းပြင် အဝန္တိတိုင်း၌ အလွန်တရာ သံဃာခေါင်းပါးလှကြောင်း သုံးနှစ်ကြာ လွန်မြောက်ပြီးမှ တကျိပ်အတိုင်းအရှည်ရှိသော သံဃာအစုကို ခဲယဉ်းစွာ စုဝေးပြီး ဘုရားတပည့်တော်အား ရဟန်းခံရကြောင်းကိုလည်း လျှောက်ထားပါ၊

လျှောက်ထားပြီးလျှင်——

(၁) အဝန္တိ,ဒက္ခိဏာပထတိုင်း၌ ဆယ်ပါးအောက် နည်းသော အရေအတွက်ရှိသော သံဃာဖြင့် ရဟန်းခံဘို့ရန် မြတ်စွာဘုရား ခွင့်ပြုတော်မူပါမူ ကောင်းလေစွ ဟု လည်း လျှောက်ထားပါ၊

(၂) အဝန္တိ,ဒက္ခိဏာပထတိုင်း၌ မြေကြီးကား အလွန်တရာ ကြမ်းတမ်းလှပါသည်၊ မြတ်စွာဘုရားသည် ဒက္ခိဏာပထတိုင်း၌ အထပ်ထပ်သော ဘိနပ်ကို ခွင့်ပြုပါမူ ကောင်းလေစွ ဟု လျှောက်ထားပါ၊

(၃) ၎င်းပြင် အဝန္တိ, ဒက္ခိဏာပထ တိုင်းသားတို့သည် ရေချိုးခြင်းကို အလေးပြုကြပါကုန်သည် နေ့စဉ်တစေ ရေချိုးကြပါကုန်သည်၊ မြတ်စွာဘုရားသည် ဒက္ခိဏာပထတိုင်း၌ နေ့စဉ် ရေချိုးရန် ခွင့်ပြုပါမူ ကောင်းလေစွ ဟု လျှောက်ထားပါလေ၊

(၄) ဒက္ခိဏာပထတိုင်း၌ သားရေအခင်းတို့ကို အသုံးအစွဲများပါသည်၊ မဇ္ဈိမတိုင်း၌ **ဧရဂူ မောရဂူ မဇ္ဇာရူ ဇန္တူ** ဟူသော မြက်အခင်းကို အသုံးအစွဲများသကဲ့သို့ အဝန္တိတိုင်း၌ သိုးရေ ဆိတ်ရေ သားရေတို့ကို အသုံးအစွဲ များပါသည်၊ အဝန္တိတိုင်း၌ ထိုအရေအခင်းကို မြတ်စွာဘုရား ခွင့်ပြုပါမူ ကောင်းလေစွ ဟု လျှောက်ထားပါလေ၊

(၅) ယခုအခါ သိမ်ပြင်ပသို့ ရောက်ကုန်သော မျက်ကွယ်၌ တည်ကုန်သော ရဟန်းတို့အား ဒါယကာတို့သည် သင်္ကန်းလှူကြပါသည် ထိုသင်္ကန်းကို ဆောင်သော ရဟန်းတို့သည် သင်္ကန်းအလှူခံရသော ရဟန်းတို့အား အ အကြောင်းကြားလျှင် နိဿဂ္ဂိ ဖြစ်မည်ကို စိုးရိမ်သဖြင့် မခံဝံ့ရှိကြပါသည်၊ မြတ်စွာဘုရားသည် သင်္ကန်း၌ သုံးဆောင် နိုင်လောက်သော အကြောင်း ဥပါယ်ကိုပြ၍ ခွင့်ပြုပါမူ ကောင်းလေစွ ဟု လျှောက်ထားပါ ဟု မှာကြားပြီးလျှင် အရှင်သောဏ မထေရ်ကို လွှတ်လိုက်ပါသည်၊

အရှင်သောဏမထေရ်သည် သာဝတ္ထိပြည်သို့ရောက်၍ မြတ်စွာဘုရားနှင့် တခုတည်းသော ကျောင်းဝယ် ညကျိန်းသောအခါ နံနက်မိုးသောက်ထအခါ၌ မြတ်စွာဘုရားသည် အရှင်သောဏကို "ချစ်သား....အသင်ချစ်သား၏ ဉာဏ်၌ တရားတော်များကို ရွတ်ဆိုရန် ထင်ပါလေ့" ဟု တိုက်တွန်းတော်မူသောအခါ အရှင်သောဏသည် **အဋ္ဌကဝဂ္ဂိက** အမည်ရသော **သုတ္တနိပါတ်** ပါဠိတော်တခုလုံးကို ပီပင်ပြတ်သားသော အသံဖြင့် ထင်ရှားစွာ ရွတ်ဆိုလျှောက်ထားသည်၏ အဆုံး၌ မြတ်စွာဘုရားသခင် သာဓုအနုမောဒနာ ပြုသောအခါ အခွင့်ရပြီဖြစ်၍ အရှင်သောဏသည် နေရာမှ ထပြီးလျှင် သင်္ကန်းကို လက်ကတော့တင်၍ မြတ်စွာဘုရား၏ ခြေတော်အစုံ ကြာပဒုံတို့၌ တုပ်ဝပ်ပြီးလျှင် အရှင်ကစ္စည်းမထေရ် မှာလိုက်သမျှသော စကားတို့ကို လျှောက်ထားပါသည်၊

ထိုသို့ အသျှင်သောဏမထေရ်၏ တောင်းပန်လျှောက်ထားသော မှုခင်းကိစ္စကြောင့် ထိုငါးမျိုးသော ခွင့်ပြုချက်တို့ကို သဗ္ဗညုမြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။စမ္မသညုတ္တံ ပုစ္ဆိဿံ၊ သနိဒါနံ သနိဒ္ဒေသံ။
သမုက္ကဋ္ဌပဒါနံ အာဝုသော ကတိ အာပတ္တိယော။

ဝိဿဇ္ဇနာ။ ။စမ္မသညုတ္တံ ဝိဿဇ္ဇိဿံ၊ သနိဒါနံ သနိဒ္ဒေသံ။
သမုက္ကဋ္ဌပဒါနံ ဘန္တေ တိဿော အာပတ္တိယော။

အမေး။ ။နိဒါန်းနိဒ္ဒေသ အကျယ်စကားနှင့်တကွသော စမ္မက္ခန္ဓကကို မေးမြန်းပေအံ့၊ စမ္မက္ခန္ဓကလာ မြတ်စွာဘုရား ပညတ်တော်မူသော ပညတ်ချက်နှင့် စပ်ဆိုင်သော အာပတ်တို့သည် အကျဉ်းချုပ်အားဖြင့် ဘယ်နှစ်မျိုး ရှိပါကုန်သနည်း ငါ့ရှင်။

အဖြေ။ ။အကျဉ်းချုပ် အားဖြင့် ဒုက္ကဋ်အာပတ် ပါစိတ်အာပတ် ထုလ္လစ္စည်း အာပတ် ဟူ၍ အာပတ် သုံးမျိုး ရှိပါသည် အရှင်ဘုရား။

ပစ္စန္တရစ်ဇနပုဒ်များ၌ အထူးခွင့်ပြုချက်ငါးရပ် ပြီး၏

**စမ္မက္ခန္ဓက ပြီး၏**

# ၆-ဘေသဇ္ဇက္ခန္ဓက

## ထောပတ်စသည့် ဆေးငါးမျိုး ခွင့်ပြုခြင်း

ပုစ္ဆာ။ ။ပဉ္စ အာဝုသော ဘေသဇ္ဇာနိ ပဋိဂ္ဂဟေတွာ ကာလေ ပိ ဝိကာလေ ပိ ပရိဘုဉ္ဇိတုံ ဘဂဝတာ ကတ္ထ အနုညာတံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ အနုညာတံ၊ သမ္ဗဟုလာနံ ဘန္တေ ဘိက္ခူနံ သာရဒိကေန အာဗာဓေန ဖုဋ္ဌာနံ ယာဂု ပိ န သမ္မာ ပရိဏာမံ ဂစ္ဆတိ၊ ဘတ္တမ္ပိ ဘုတ္တံ န သမ္မာ ပရိဏာမံ ဂစ္ဆတိ၊ တေ တေန ကိသာ အဟေသုံ လူခါ ဒုဗ္ဗဏ္ဏာ ဥပ္ပဏ္ဍုပ္ပဏ္ဍုကဇာတာ ဓမနိသန္ထတဂတ္တာ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတံ။

အမေး။ ။ဤသတ္တာဟကာလိက ဆေးငါးမျိုးတို့ကို အကပ်ခံ၍ နံနက်ပိုင်း၌ ဖြစ်စေ နေမွန်းလွဲ ညနေပိုင်း၌ဖြစ်စေ သုံးဆောင်ရန် မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပေ၏၊ ထိုခွင့်ပြုချက်ကို ဘယ်မြို့။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ခွင့်ပြုတော်မူအပ်ပါသည်၊

များစွာသော ရဟန်းတို့အား တန်ဆောင်မုန်းလအခါဝယ် ပူချည်အေးချည် ဥတုမညီသဖြင့် သည်းခြေပျက်ပြားသော **သာရဒိက အာဗာဓ** အနာမျိုး နှိပ်စက်အပ်သည်ဖြစ်၍ သောက်သော ယာဂုလည်း မကျေမကျက် စားသုံးသော ဆွမ်းလည်း မကျေမကျက် ဖြစ်ရပါသည်၊ သို့ အစာ မကျေမကျက်သဖြင့် တနေ့တခြား ကြုံလှီခြင်း အဆင်းပျက်ခြင်း ဖြစ်ကြပါသည်၊

ထိုသို့သော မူခင်းကိစ္စကြောင့် ထို ထောပတ် ဆီဦ ဆီ ပျား တင်လဲ တည်းဟူသော သပ္ပါယ ဆေးငါးပါး တို့ကို အကပ်ခံပြီးလျှင် နံနက်အခါ၌ရင်း နေမွန်းလွဲ ညနေပိုင်း အခါ၌ရင်း သုံးဆောင်ကြဘို့ရန် မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပါသည် အရှင်ဘုရား။

ထောပတ်စသည့် ဆေးငါးမျိုး ခွင့်ပြုခြင်း ပြီး၏

**အမြစ်ဆေး စသည်များ ခွင့်ပြုခြင်းနှင့် ကိုယ်တိုင်ချက်ပြုတ်မှုကို တားမြစ်ခြင်း**

ပုစ္ဆာ။ ။မူလာဒိဘေသဇ္ဇာနိ အာဝုသော ဘဂဝတာ ကတ္ထ အနုညာတာနိ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတာနိ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဂိလာနေ ဘိက္ခူ အာရဗ္ဘ အနုညာတာနိ၊ သမ္ဗဟုလာနံ ဂိလာနာနံ ဘိက္ခူနံ မူလေဟိ ဘေသဇ္ဇေဟိ အတ္ထော အဟောသိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတာနိ။

အမေး။ ။အမြစ်ဆေး အစရှိသော ယာဝဇီဝက ဆေးအမျိုးမျိုးတို့ကို မြတ်စွာဘုရားသည် ဘယ်မြို့ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အကြောင်းဝတ္ထုကြောင့် ခွင့်ပြုတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ များစွာသော ဂိလာန ရဟန်းတို့၏ အမြစ်ဆေး အရွက်ဆေး အခေါက်ဆေး အစရှိသော ဆေးအမျိုးမျိုးတို့ကို လိုအပ်သော များစွာသော မှုခင်းကိစ္စတို့ကြောင့် ယာဝဇီဝကဖြစ်သော စားဆေး သောက်ဆေး လိမ်းဆေး အစရှိသော ဆေးပစ္စည်းတို့ကို သဗ္ဗညု မြတ်စွာဘုရား ခွင့်ပြုတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။အန္တောဝုဋ္ဌံဝါ အာဝုသော အန္တောပက္ကံ ဝါ သာမံပက္ကံ ဝါ ပရိဘုဉ္ဇန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ အာယသ္မန္တံ အာနန္ဒံ အာရဗ္ဘ ပညတ္တံ၊ အာယသ္မာ ဘန္တေ အာနန္ဒော သာမံ တိလံ ပိ တဏ္ဍုလံ ပိ မုဂ္ဂံ ပိ ဝိညာပေတွာ အန္တော ဝါသေတွာ အန္တော သာမံ ပစိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ကပ္ပိယကုဋိမဟုတ်သော နေထိုင်ရာ အဆောက်အဦအတွင်း၌ ထားအပ်သော **အန္တောဝုဋ္ဌ** မည်သော စားဖွယ် သောက်ဖွယ်ကိုဖြစ်စေ ထိုအကပ္ပိယ အဆောက်အဦ အတွင်း၌ ချက်ပြုတ်သော **အန္တောပက္က** မည်သော စားဖွယ် သောက်ဖွယ်ကို ဖြစ်စေ မိမိကိုယ်တိုင် ချက်ပြုတ်သော **သာမံပက္က** မည်သော စားဖွယ် သောက်ဖွယ်ကို ဖြစ်စေ စားသောက် သုံးဆောင်သော ရဟန်း၏ ဒုက္ကဋ အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ အရှင်အာနန္ဒာကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊ အရှင်အာနန္ဒာ မထေရ်သည် မြတ်စွာဘုရား၏ လေနာကို အကြောင်းပြု၍ ကိုယ်တိုင်ပင် နှမ်းကိုင်း ဆန်ကိုင်း ပဲနောက်ကိုင်း တောင်းရမ်းပြီးလျှင် အကပ္ပိယကုဋိတွင်း၌ထား၍ အကပ္ပိယ အဆောက်အဦ ကျောင်းတွင်း၌ထား၍ ထို၌ပင် ကိုယ်တိုင် ချက်ပြုတ်၍ မြတ်စွာဘုရားအား ဆက်ကပ်ခဲ့ပါသည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် ထိုအန္တောဝုဋ္ဌ အန္တောပက္က သာမံပက္က ဒုက္ကဋ်အာပတ် သုံးမျိုးကို မြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

အမြစ်ဆေး စသည်များ ခွင့်ပြုပုံ ပြီး၏

---

## သုပ္ပိယာ အမျိုးသမီး ဝတ္ထု
## လူသားကို ပယ်မြစ်ခြင်း

ပုစ္ဆာ။ ။မနုဿမံသံ အာဝုသော ပရိဘုဉ္ဇန္တဿ ထုလ္လစ္စယံ စ အပ္ပဋိဝေက္ခိတွာ မံသံ ပရိဘုဉ္ဇန္တဿ ဒုက္ကဋံ စ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ဗာရာဏသိယံ ဘန္တေ အညတရံ ဘိက္ခုံ အာရဗ္ဘ ပညတ္တံ၊ အညတရော ဘန္တေ ဘိက္ခု အပ္ပဋိဝေက္ခိတွာ မနုဿမံသံ ဘုဉ္ဇိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။လူသားကို စားသော ရဟန်း၏ ထုလ္လစ္စည်း အာပတ်ကိုင်းမည်သည့် အသားမှန်း မသိပါဘဲ စုံစမ်းဆင်ခြင်ခြင်းကို မပြုမူ၍ အသားကို စားသော ရဟန်းအား ဒုက္ကဋ်အာပတ်ကိုင်း မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထို ထုလ္လစ္စည်း ဒုက္ကဋ် အာပတ် နှစ်မျိုးတို့ကို။ပ။ ငါ့ရှင်။

အဖြေ။ ။ဗာရာဏသီပြည် အရပ်၌ အညတရ ရဟန်းတပါးကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊

လျှောက်ထား လိုပါသည်၊ မြတ်စွာဘုရား သခင် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ သီတင်းသုံး နေတော်မူစဉ် ဗာရာဏသီပြည်၌ **သုပ္ပိယ** မည်သော ဥပါသကာ **သုပ္ပိယာ** မည်သော ဥပါသိကာ ဇနီးမောင်နှံတို့

ထင်ရှားရှိကြပါသည်၊ တနေ့သောအခါ သုပ္ပိယာ ဥပါသိကာမသည် ကျောင်းတိုက်အတွင်းသို့ လာရောက်ပြီးလျှင် ပရိဝုဏ်တခုမှ ပရိဝုဏ်တခုသို့ ကျောင်းတခုမှ ကျောင်းတခုသို့ သွားရောက်၍ "အဘယ်အရှင်မြတ်သည် နေမကောင်းထိုင်မသာ ရှိပါသနည်း အဘယ် အရှင်မြတ်အား ဘာကို ဆောင်ယူခဲ့စေလိုသနည်း" ဟု လျှောက်ထားပါသည်၊

ထိုအခါ ရဟန်းတပါးသည် ဝမ်းလားဆေးကို စားသောက် ပြီးစ ဖြစ်သဖြင့် အသားဟင်းကို အလိုရှိနေကြောင်း သုပ္ပိယာ ဥပါသိကာမအား ပြောကြားသောအခါ အသားဟင်းကို ဆောင်ယူလာပါစိမ့်မည် ဟု ထိုရဟန်းအား နှစ်သိမ့်စေ၍ မိမိအိမ်သို့ ပြန်ပြီးလျှင် အနီးနေ အစေအပါး ယောက်ျားတယောက်ကို သွားပါချေ အမောင်....ပံသုကူအသားကို ရှာပါချေ ဟု စေခိုင်းလိုက်သဖြင့် ထိုယောက်ျားသည် ဗာရာဏသီ တပြည်လုံး လှည့်လည်ပါသော်လည်း **အသက်မသတ်ရ** ဟု အမိန့်ထုတ်ထားသော နေ့ဖြစ်သဖြင့် ပံသုကူအသားကို မရခဲ့ကြောင်း သုပ္ပိယာ ဥပါသိကာမအား ပြန်ကြားသောအခါ သုပ္ပိယာ ဥပါသိကာမသည်—

"ထိုဂိလာနရဟန်းအား အသားဟင်းကို မရလျှင် အနာသော်လည်း တိုးလေရာ၏ ပျံလွန်တော်မူလည်း ပျံလွန်တော်မူရာ၏ ငါကဲ့သို့သော ပုဂ္ဂိုလ်အား အသားဟင်းကို ဆောင်ယူ ခဲ့ပါစေမည် ဟု ပဋိညာဉ် ဝန်ခံပြီးမှ မဆောင်ယူမပို့ရောက်ပါမူ မသင့်မလျောက်ပတ်ချေ" ဟု စဉ်းစား ဆင်ခြင်ပြီးလျှင် သားလှီးဓားကို မြဲစွာကိုင်လျက် မိမိ၏ ပေါင်သားကို လှီး၍ အစေခံ ကျွန်မအား—

အချင်း ကျွန်မ....ဤအသားကို ကောင်းစွာ ချက်ပြုတ်၍ ဤမည်သောကျောင်း၌ နေမကောင်းသော ရဟန်းတော် တပါး ရှိပါသည် ထိုရဟန်းအား လှူဒါန်းပါလေ ငါ့ကို မေးသော သူတို့အား နေမကောင်းကြောင်းကို ပြောကြားပါလေ ဟု မှာထား၍ အဝေါ်ရုံဖြင့် မိမိပေါင်ကို ပတ်ပြီးလျှင် အိပ်ရာတိုက်ခန်း ခံတင် (ခုတင်) ညောင်းစောင်း၌ လျောင်း၍ နေပါသည်၊

သုပ္ပိယ ဥပါသကာ အိမ်သို့ ရောက်သဖြင့် သုပ္ပိယာ အဘယ်မှာနည်း ဟု မေးသောအခါ အိပ်ရာ ညောင်စောင်း၌ လျောင်းနေကြောင်း အစေခံကျွန်မက ပြောကြားသဖြင့် သုပ္ပိယ ဥပါသကာ သွားရောက်၍ အကြောင်းကို မေးသောအခါ အကြောင်းကြောင်းကို ပြန်ပြောင်း ပြောဆိုသဖြင့်—

အလွန့်အလွန် အံ့ဩဘွယ် ရှိပါပေစွ....အလွန့်အလွန် သဒ္ဓါတရား ရှိပါပေစွ....ဤသုပ္ပိယာသည် မိမိ၏ အသားများကို သော်မှလည်း လှူဒါန်းနိုင်သေး၏၊ ဤသုပ္ပိယာအား မလှူဒါန်းနိုင်သော ဝတ္ထုဟူ၍ ရှိနိုင်မည် မဟုတ် ဟု ဝမ်းမြောက် ဝမ်းသာ ပြောကြားပြီးလျှင် မြတ်စွာဘုရား ထံမှောက် သွားရောက်၍ နောက်တနေ့ ဆွမ်းအလို့ငှါ ဘိတ်ကြားခဲ့ပါသည်၊

နောက်တနေ့ ရောက်၍ ဘုရားအမှူးရှိသော သံဃာတော်တို့ သုပ္ပိယဒါယကာ အိမ်သို့ ရောက်သောအခါ မြတ်စွာဘုရားက "သုပ္ပိယာ ဥပါသိကာ မအဘယ်မှာနည်း" ဟု မေးတော် မူသည်ရှိသော် နေထိုင် မကောင်းကြောင်း သုပ္ပိယ ဥပါသကာ လျှောက်ထားသဖြင့် သို့တပြီးကား လာပစေ ဟု မြတ်စွာဘုရားက ခေါ်စေပါသည်၊ မလာရောက် နိုင်ပါကြောင်း ပြန်ကြား လျှောက်ထားသောအခါ မလာရောက်နိုင်လျှင် ပွေ့ချီ၍သော်လည်း ဆောင်ယူခဲ့ရမည် ဟု မြတ်စွာဘုရား အမိန့်ရှိသဖြင့် သုပ္ပိယ ဥပါသကာ ကိုယ်တိုင်ပင်လျှင် သုပ္ပိယာ ဥပါသိကာမကို ပွေ့ချီ၍ ဘုရားမျက်မှောက် ဆောင်ယူခဲ့ပါသည်၊

သုပ္ပိယာ ဥပါသိကာမအား မြတ်စွာဘုရားကို ဖူးမြင်ရသည်နှင့် တပြိုင်နက် သို့စဉ်ကလောက် ကြီးမားလှသော အနာကြီးသည် ခဏခြင်းတွင် ပျောက်ကင်း၍ မူလအရေအသားအတိုင်း မွေးညှင်းများပင် ပေါက်၍ လာပါသည်၊ ထိုအခါ သုပ္ပိယ ဥပါသကာ, သုပ္ပိယာ ဥပါသိကာမတို့ များစွာ ခြိမ့်မွမ်း အံ့ဩကြလျက် ဘုရားအမှူးရှိသော သံဃာတော်တို့ကို မွန်မြတ်သော ဆွမ်းခဲဖွယ်တို့ဖြင့် ဆက်ကပ်ပြီးလျှင် မြတ်စွာဘုရားထံ တရား နာကြပါသည်၊

မြတ်စွာဘုရားသည် ကျောင်းတော်သို့ ရောက်လတ်သောအခါ သံဃာစည်းဝေး၍ အဘယ် ရဟန်းသည် သုပ္ပိယာ ဥပါသိကာမကို အသား တောင်းပါသနည်း ဟု မေးမြန်းတော်မူလတ်သော် အသားတောင်းသော ရဟန်းသည် ဘုရားတပည့်တော်သည် သုပ္ပိယာ ဥပါသိကာမကို အသား တောင်းပါကြောင်း လျှောက်ထားလေသောအခါ အသင်ချစ်သား....အသားကို ဆောင်ယူအပ်၏လော ဟု မေးမြန်းတော် မူပါသည်၊ ဆောင်ယူ အပ်ခဲ့ကြောင်း ပြန်ကြား လျှောက်ထားသော အခါ အသင် ချစ်သားသည် ထိုအသားကို စားသုံးပါသလော ဟု မေးမြန်းတော် မူပါသည်၊ စားသုံး ပါကြောင်း ပြန်ကြား လျှောက်ထားသောအခါ ဆင်ခြင် စဉ်းစား စုံစမ်းမှု သင်ချစ်သား ပြုပါ၏လော ဟု

မေးမြန်းတော် မူပါသည်၊ မပြုပါသည့် အကြောင်း ပြန်ကြား လျှောက်ထား သောအခါ—

အနန္တစ္ဆိဝိကံ မောဃပုရိသ—လုံး၀ မသင့်လျော်ပါ မင်ဖိုလ်မရ ကိစ္စ မပြီး အချည်းနှီးဖြစ်သော ရဟန်း....၊ အသင်ကား လူ၏ အသားကို စားမိခဲ့ ချေပြီ ဤသို့ အစရှိသဖြင့် များစွာသော အကြောင်းတို့ဖြင့် ကဲ့ရဲ့ရှုတ်ချ တော်မူပြီးလျှင်—

န ဘိက္ခဝေ မနုဿမံသံ ပရိဘုဉ္ဇိတဗ္ဗံ၊ ယော ပရိဘုဉ္ဇေယျ၊ အာပတ္တိ ထုလ္လစ္စယဿ၊ န စ ဘိက္ခဝေ အပ္ပဋိဝေက္ခိတွာ မံသံ ပရိဘုဉ္ဇိတဗ္ဗံ၊ ယော ပရိဘုဉ္ဇေယျ အာပတ္တိ ဒုက္ကဋဿ။

ချစ်သားတို့....လူသားကို မစားမသောက်ရ၊ စားသောက်သော ရဟန်း အား ထုလ္လစ္စည်း အာပတ်သင့်စေ၊ ချစ်သားတို့ စုံစမ်းစစ်ဆေး မေးမြန်းခြင်း မပြုဘဲ တစုံတခုသော မိမိမသိသော အသားကို မစားမသောက်ရ၊ စား သောက်သော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်စေ ဟု သဗ္ဗညုရှင်တော်ဘုရား ပညတ်တော်မူခဲ့ပါသည် အရှင်ဘုရား။

လူသားကို ပယ်မြစ်ခြင်း ပြီး၏

---

## ဆင်သား, မြင်းသားတို့ကို ပယ်မြစ်ခြင်း

ပုစ္ဆာ။ ။ဟတ္ထိမံသံ ဝါ အာဝုသော အဿမံသံ ဝါ ပရိဘုဉ္ဇန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ဗာရာဏသိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ ဟတ္ထိမံသံ ပိ အဿမံသံ ပိ ပရိ- ဘုဉ္ဇိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဆင်သား မြင်းသားကို သုံးဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ်ကို မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထိုဒုက္ကဋ် အာပတ် ကို။ပ။ ငါ့ရှင်။

အဖြေ။ ။ဗာရာဏသီပြည် အရပ်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

ဗာရာဏသီပြည် အရပ်၌ ဒုဗ္ဘိက္ခဘေး ဆိုက်ရောက်သောအခါ မင်း၏ ဆင်ရတနာ မြင်းရတနာတို့ ကွယ်လွန်သောအခါ လူများသည် ဒုဗ္ဘိက္ခဘေး နှိပ်စက်အပ်သဖြင့် ဆင်သား မြင်းသားတို့ကို စားသောက်ကြပါကုန်သည်၊ ဆွမ်းခံလှည့်လည်သော ရဟန်းတော်တို့အားလည်း ဆင်သား မြင်းသားတို့ကို လှူဒါန်းကြသဖြင့် ရဟန်းတော်တို့လည်း ဆင်သား မြင်းသားကို စားသောက်ကြပါကုန်သည်၊ ထိုအခါ များစွာသော လူအပေါင်းတို့က ကဲ့ရဲ့ရှုတ်ချစကား ပြောကြားကြသည်မှာ—

"သာကီဝင် မင်းသား ဘုရားသားတော်ဖြစ်ကြသော ရဟန်းတော်တို့သည် အဘယ့်ကြောင့် ဆင်သား မြင်းသားကို စားသုံးကြကုန်ဘိသနည်း၊ ဆင်ရတနာ မြင်းရတနာတို့မှာ **ရာဇာရဟ** မင်းတို့နှင့် ထိုက်တန်သော ရတနာ အပါအဝင် ဖြစ်ချေ၏တကား၊ မင်းတရားတို့ သိရှိပါမူ ဤရဟန်းတော်တို့အား မနှစ်သက်ခြင်း ဖြစ်လေရာ၏" ဟု ရှုတ်ချစကား ပြောကြားကြပါကုန်သည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ဆင်သား မြင်းသားကို စားသုံးသော ရဟန်း၏ ဒုက္ကဋ် အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ဆင်သား,မြင်းသားတို့ကို ပယ်မြစ်ခြင်း ပြီး၏

---

## ခွေးသား,မြွေသားတို့ကို ပယ်မြစ်ခြင်း

ပုစ္ဆာ။ ။သုနက္ခမံသံ ဝါ အာဝုသော အဟိမံသံ ဝါ ဘုဉ္ဇန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ဗာရာဏသိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ သုနက္ခမံသံ ပိ အဟိမံသံ ပိ ပရိဘုဉ္ဇိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ခွေးသားကိုဖြစ်စေ မြွေသားကိုဖြစ်စေ စားသောက် သုံးဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ်ကို မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထိုဒုက္ကဋ်အာပတ်ကို ဘယ်မြို့။ပ။ ငါ့ရှင်။

အဖြေ။ ။ဗာရာဏသီပြည် အရပ်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

ဗာရာဏသီပြည် အရပ်၌ ဒုဗ္ဘိက္ခဘေး ဆိုက်ရောက်သောအခါ များစွာသော လူတို့သည် ဆင်သား မြင်းသားကို စားလည်း စားသုံးကြပါကုန်သည်၊ ဆွမ်းခံကြသော ရဟန်းတော်တို့အားလည်း ဆင်သား မြင်းသားကို လှူဒါန်းကြပါကုန်သည် ရဟန်းတော်တို့လည်း လှူဒါန်းသည့်အတိုင်း ဆင်သား မြင်းသားကို စားသုံးကြပါကုန်သည်၊ ထိုအခါ များစွာသောလူအပေါင်းတို့က—

"သာကီဝင်မင်းသား ရဟန်းတော်တို့သည် အဘယ့်ကြောင့် ဆင်သား မြင်းသားကို စားသောက် သုံးစွဲကြကုန်ဘိသနည်း၊ ဆင်သား မြင်းသားသည် အလွန့်အလွန် စက်ဆုပ်ရွံရှာဘွယ် ကောင်းလေစွတကား" ဟု ရှုတ်ချစကား ပြောကြားကြပါသည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ဆင်သား မြင်းသားကို စားသုံးသော ရဟန်း၏ ဒုက္ကဋ်အာပတ် နှစ်ပါးကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ဆင်သား,မြင်းသားတို့ကို ပယ်မြစ်ခြင်း ပြီး၏

---

## ခြင်္သေ့သား, ကျားသားစသည်ကို ပယ်မြစ်ခြင်း

ပုစ္ဆာ။ ။သီဟမံသံ ဝါ အာဝုသော ဗျဂ္ဃမံသံ ဝါ ဒီပိမံသံ ဝါ အစ္ဆမံသံ ဝါ တရစ္ဆမံသံ ဝါ ဘုဉ္ဇန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ဗာရာဏသိယံယေဝ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ သီဟမံသံ ပိ ဗျဂ္ဃမံသံ ပိ ဒီပိမံသံ ပိ အစ္ဆမံသံ ပိ တရစ္ဆမံသံ ပိ ပရိဘုဉ္ဇိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ခြင်္သေ့၏ အသားကိုရင်း ကျားကြီး၏ အသားကိုရင်း ကျားသစ်၏ အသားကိုရင်း ဝက်ဝံ၏ အသားကိုရင်း အောင်း၏ အသားကိုရင်း စားသောက် သုံးဆောင်သော ရဟန်း၏ ဒုက္ကဋ် ငါးမျိုးကို။ပ။ ငါ့ရှင်။

အဖြေ။ ။ဗာရာဏသီပြည် အရပ်၌ ပင်လျှင် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊

ဗာရာဏသီပြည် မိဂဒါဝုန်တော၌ မြတ်စွာဘုရား သီတင်းသုံး နေတော်မူသောအခါ မုဆိုးတို့သည် ခြင်္သေ့ကိုငှင်း ကျားကိုငှင်း ကျားသစ် ဝက်ဝံ အောင်း သတ္တဝါကိုငှင်း သတ်ဖြတ်၍ ခြင်္သေ့သား ကျားသား ကျားသစ် ဝက်ဝံ အောင်းသားတို့ကို ကိုယ်တိုင်လည်း စားကြပါကုန်သည် ဆွမ်းခံကြွလာသော ရဟန်းတော်တို့အားလည်း လှူဒါန်း ကြပါကုန်သည်၊

ရဟန်းတော်တို့သည် ခြင်္သေ့သားကိုငှင်း ကျားသားကိုငှင်း ကျားသစ်သားကိုငှင်း ဝက်ဝံသားကိုငှင်း အောင်းသားကိုငှင်း စားသောက် ပြီးလျှင် တောကျောင်း၌ နေကြပါကုန်ပြီ၊ ခြင်္သေ့ ကျား ကျားသစ် ဝက်ဝံ အောင်းတို့သည် ခြင်္သေ့သားအနံ့, ကျားသားအနံ့, ကျားသစ်သားအနံ့, ဝက်ဝံသားအနံ့, အောင်းသားအနံ့ နံသဖြင့် ရဟန်းတော်တို့အား လိုက်ကြပါကုန်သည်၊ ထိုသို့သော ဘေးရန် ရှိလောက်သည့် မူခင်းကိစ္စကြောင့် ထိုဒုက္ကဋ် အာပတ်ငါးမျိုးကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ခြင်္သေ့သား ကျားသားစသည်ကို ပယ်မြစ်ခြင်း ပြီး၏၊

---

## တင်လဲခဲကို ခွင့်ပြုခြင်း

ပုစ္ဆာ။ ။ဂိလာနဿ အာဝုသော ဂုဠံ ဝါ အဂိလာနဿ ဂုဠောဒကံ ဝါ ဘဂဝတာ ကတ္ထ အနုညာတံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ အနုညာတံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ ဂိလာနဿေဝ ဘဂဝတာ ဂုဠော အနုညာတော နော အဂိလာနဿာတိ ကုက္ကုစ္စာယန္တာ ဂုဠံ န ဘုဉ္ဇိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတံ။

အမေး။ ။မကျန်းမမာသော ဂိလာန ပုဂ္ဂိုလ်အား တင်လဲအခဲကို သုံးဆောင်ရန်ငှင်း ကျန်းကျန်းမာမာ ရှိသော ပုဂ္ဂိုလ်အား တင်လဲ အရည်ကိုသာ

သုံးဆောင်ရန်ငှ‌‌‌ေး မြတ်စွာဘုရား ခွင့်ပြုတော် မူခဲ့ပေ၏၊ ထိုခွင့်ပြုချက်ကို ဘယ်မြို့။ ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ခွင့်ပြုတော် မူအပ်ပါသည်။

ရာဇဂြိုဟ်ပြည်၌ မြတ်စွာဘုရား သီတင်းသုံး နေတော်မူသောအခါ ကျောင်းတော်ဝယ် များစွာသော တင်လဲတို့ကို ဒါယကာတို့ လှူဒါန်းကြပါသည်၊ ထိုအခါ ရဟန်းတော်တို့သည် မြတ်စွာဘုရားက မမာမကျန်းသော ရဟန်းတော်အားသာ တင်လဲကို ခွင့်ပြုတော် မူရင်းဖြစ်၍ ကျန်းမာသော ရဟန်းအား ခွင့်ပြုခြင်း မဟုတ် ဟု ကုက္ကုစ္စ ရှိကြသဖြင့် တင်လဲခဲကို မစားဝံ့ မသုံးဝံ့ ရှိကြပါသည်။

ထိုသို့သော မှုခင်းကိစ္စကြောင့် ဂိလာန ရဟန်းအား တင်လဲခဲကို ကိုက်စားရန်ငှ‌ား ကျန်းမာသော ရဟန်းအား တင်လဲရည်ကို သောက်သုံး ရန်ငှ‌ား သဗ္ဗညုမြတ်စွာဘုရား ခွင့်ပြုတော် မူခဲ့ပါသည် အရှင်ဘုရား။

တင်လဲခဲကို ခွင့်ပြုခြင်း ပြီး၏

---

## ရည်စူး၍ သတ်ဖြတ်သော အသားကို တားမြစ်၍ ပံသုကူ အသားကို စားခွင့်ပြုခြင်း

ပုစ္ဆာ။ ။ဇာနံ အာဝုသော ဥဒ္ဒိဿ ကတံ မံသံ ပရိဘုဉ္ဇိတ္တဿ ဒုက္ကဋ္ဌံ ပညပေတွာ တိကောဋိပရိသုဒ္ဓံ မံသံ ဘဂဝတာ ကတ္ထ အနုညာတံ။

ဝိဿဇ္ဇနာ။ ။ဝေသာလိယံ ဘန္တေ သီဟဿ သေနာပတိနော ဝတ္ထုသ္မိံ အနုညာတံ။

အမေး။ ။ရဟန်း သံဃာတော်များ အတွက် ရည်စူး၍ သတ်ဖြတ် ကျွေးမွေးသော အသား ဟု သိပါလျက် ထိုသို့သော အသားကို စားသောက် သုံးဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ်ကို မြတ်စွာဘုရား ပညတ်တော် မူပြီးလျှင် မြင်ခြင်း ကြားခြင်း ရွံရှာခြင်း ဟု ဆိုအပ်သော အစွန်းသုံးပါးမှ လွတ်သော သန့်ရှင်း စင်ကြယ်သော **ပံသုကူ** အသားကိုကား စားသောက်

သုံးဆောင်ရန် မြတ်စွာဘုရား ခွင့်ပြုတော် မူခဲ့ပေ၏၊ ထိုခွင့်ပြုချက်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။ဝေသာလီပြည် အရပ်၌ သီဟစစ်သူကြီး၏ အကြောင်း ဝတ္ထု၌ ခွင့်ပြုတော် မူခဲ့ပါသည်၊

အနည်းငယ် လျှောက်ထား လိုပါသည်၊ မြတ်စွာဘုရားသခင် ဝေသာလီပြည် မဟာဝုန်တော၌ သီတင်းသုံး နေတော်မူသောအခါ ဝေသာလီပြည် လိစ္ဆဝီမင်းတို့သည် ညီမှု စည်းဝေးရာ စရပ်၌ တညီတညွတ်တည်း စည်းဝေး၍ ဘုရား တရား သံဃာ ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးတို့ကို ပြောကြားကြပါသည်၊ ထိုအခါ နိဂဏ္ဌတက္ကဒွန်းကြီး၏ တပည့် ဖြစ်သော သီဟစစ်သူကြီး၏ စိတ်၌—

"ဤမျှလောက် ဂုဏ်ကျေးဇူးကို ပြောကြားခြင်းကို ထောက်ပါက မြတ်စွာဘုရားသည် ကေန်ပင် အရဟံ သမ္မာသမ္ဗုဒ္ဓ စင်စစ် ဖြစ်တော်မူလိမ့်မည်၊ မြတ်စွာဘုရားကို ဖူးမျှော်ရန် သွားရမူ ကောင်းလေစွ" ဟု အကြံဖြစ်၍ နာဋပုတ္တ နိဂဏ္ဌ တက္ကဒွန်းဆရာကြီးထံ သွားရောက်ပြီး အကျိုးအကြောင်းကို လျှောက်ထားသောအခါ သီဟ....အသင်ကား ကိရိယဝါဒီသမား ဖြစ်လျက် အကိရိယဝါဒီသမား ဖြစ်သော ရဟန်းဂေါတမထံ အဘယ့်ကြောင့် ဆည်းကပ်၍ ဖြစ်နိုင်အံ့နည်း ဤသို့စသည်ဖြင့် မြစ်တား၍ နှစ်ကြိမ်တိုင် မြောက်အောင် သီဟ၏ သွားခြင်းသည် ပျက်စီးခဲ့ပါသည်၊

သုံးကြိမ်မြောက် လိစ္ဆဝီမင်းတို့ စည်းဝေး၍ ဘုရားတရားသံဃာ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးစကား ပြောကြားသည်ကို သီဟစစ်သေနာပတိကြီး ကြားသောအခါ "တက္ကဒွန်းတို့ကို ပန်ကြားသည်ဖြစ်စေ မပန်ကြားသည်ဖြစ်စေ အဘယ်မူစ အံ့နည်း၊ နိဂဏ္ဌ တက္ကဒွန်းဆရာကြီးတို့ကိုပင် မပန်ကြားမူ၍ ယခုပင် ဘုရားထံမှောက် ငါသွားရောက်မည်" ဟု အကြံဖြစ်ပြီးလျှင် ငါးရာသော ရထားတို့ဖြင့် နေမွန်းတည့် တောတော၌ ဘုရားထံမှောက် ရောက်ရှိပြီးလျှင်—

မြတ်စွာဘုရားကို လူသူအများက အကိရိယဝါဒ သမားကြီး ဟု ပြောကြားနေပါသည် ထိုသူတို့ ပြောကြားချက်သည် ဘုရားဟောအတိုင်း ဟုတ် မဟုတ်ကို မေးလျှောက်သောအခါ မြတ်စွာဘုရားက ရှစ်ပါးသော အရာတို့

ဖြင့် ကိုယ်တော်မြတ်အား ပြောဆိုလိုမှု ပြောဆိုနိုင်ကြောင်း အကျယ်တဝင့် ပြောကြားသည်ရှိသော် သီဟစစ်သူကြီးသည် သရဏဂုံ တည်ခဲ့ပါသည်၊

သရဏဂုံတည်သောအခါ မြတ်စွာဘုရားက "စဉ်းစဉ်းစားစား အသင် သီဟပြုပါ၊ အသင်သီဟတို့ကဲ့သို့ ထင်ရှားသော ပုဂ္ဂိုလ်တယောက်သည် စဉ်းစဉ်းစားစားပြုလုပ်မှ ကောင်းပါမည်" ဟု မိန့်ကြားသည်တွင် များစွာ နှစ်လိုအားရ ဝမ်းမြောက်လှသဖြင့် ဒုတိယအကြိမ် သရဏဂုံ ယူပြန်ပါသည်၊

တဖန် ထပ်၍ မြတ်စွာဘုရားက "အသင် သီဟ....အသင့်အိမ်သည် ရှေးအခါက နိဂဏ္ဌတက္ကဒ္ဒန်း ဆရာကြီးတို့၏ သောက်ရေအိုးသဖွယ်ဖြစ်ခဲ့ပါ သည် သောက်ရေတွင်းသဖွယ် ဖြစ်ခဲ့ပါသည်၊ ဤအကြောင်း ရှေးက အဟောင်းကို ထောက်ထားသောအားဖြင့် အသင့်အိမ်သို့ တက္ကဒ္ဒန်းဆရာ များ ဆည်းကပ်လှာလျှင် ဆွမ်းဟင်းစသည်ကို လှူဒါန်းရန် မမေ့ပါနှင့်" ဟု မိန့်ကြားတော်မူရာ လွန်စွာ့ လွန်စွာ အားရ နှစ်သက်သဖြင့် တတိယအကြိမ် မြောက် သရဏဂုံယူပြန်ပါသည်၊

ထိုအခါ မြတ်စွာဘုရားသည် သီဟသေနာပတိအား ဒါန, သီလ, ကာမာနံ အာဒီနဝ-အစရှိသော တရားဒေသနာအစဉ်ကို ဟောသဖြင့် သီဟ စစ်သူကြီး **သောတာပန်** တည်ပြီးသောအခါ နောက်တနေ့ဝယ် ဘုရား အမှူး ရှိသော သံဃာတော်အား ဆွမ်းစားပင့်ခဲ့၍ မိမိအိမ်သို့ ပြန်ရောက်ပြီးလျှင် အနီးနေ တပည့်တယောက်အား **ပံသုကူ အသား** ကို ရှာစေ၍ မွန်မြတ်သော ဆွမ်း ဆွမ်းဟင်းတို့ကို စီမံပြီးလျှင် နောက်တနေ့၌ ဘုရားအမှူးရှိသော သံဃာ တော်တို့ မိမိအိမ်သို့ရောက်၍ ဆွမ်းကပ်နေဆဲ ရှိပါသည်၊

ထိုအခိုက် များစွာသော တက္ကဒ္ဒန်းတို့သည် ဝေသာလီ ပြည်အတွင်းဝယ် ခရီးမတခုမှ ခရီးမတခုသို့ ခရီးဆုံတခုမှ ခရီးဆုံတခုသို့ လှည့်လည်ကျက်စား၍ "ယနေ့မူကား သီဟစစ်သေနာပတိကြီးသည် အလွန့်အလွန် ဆူဖြိုးသော နွား တကောင်ကို သတ်ဖြတ်၍ ရှင်ကြီးဂေါတမအတွက် ဆွမ်းကို ပြုလုပ်ပါပေသည်၊ သို့ ရှင်ကြီးဂေါတမသည် မိမိကိုယ်ကို ရည်စူး၍ ချက်ပြုတ် ပြုလုပ်အပ်သော အသားမှန်းသိလျက် စားသုံးပါဘိသည်" ဟု ကြွေးကြော်ကြပါကုန်သည်၊

ထိုအခါ လူတယောက် သီဟစစ်သေနာပတိကြီး အနီးသို့ ရောက်လာ ပြီးလျှင် နားရင်းသို့ကပ်၍ ထိုအကြောင်းကို ပြောကြားသောအခါ—

အမောင် တန်ပါတော့၊ ၎င်းတိတ္ထိဆရာကြီးတို့သည် ဘယ်သောအခါမှ မြတ်စွာဘုရားကို မဟုတ်မတရားပြောဆိုခြင်းဖြင့် ဆွေးမြေ့နိုင်မည် ရိုးသွားနိုင်မည် ဟူ၍ မရှိပါ၊ ငါတို့တမူကား မိမိ၏ အသက် ဟူသော အကြောင်း ကြောင့်ပင်သော်လည်း သတ္တဝါတဦးတယောက်ကို သတ်ဖြတ်ဘို့ရန် မဖြစ်နိုင်တော့ပါ အရိယမဂ်ဖြင့်ပင်လျှင် ထိုကဲ့သို့ သဘောရှိသော ဒုစရိုက်မျိုးကို အကြွင်းမဲ့ ပယ်သတ်ပြီး ဖြစ်ပါသည် ဟု ပြောဆိုပါသည်၊

ထိုအခါ သီဟစစ်သေနာပတိသည် ဘုရားအမှူးရှိသော သံဃာတော်အား မွန်မြတ်သော ဆွမ်း ခဲဖွယ် ဘောဇဉ်တို့ဖြင့် ဆက်ကပ်ပြီးလျှင် ဘုရားထံ တရားနာပါသည်၊ မြတ်စွာဘုရားသည် ကျောင်းတော်သို့ ရောက်လတ်သော အခါ များစွာသော ရဟန်းတို့ကို တရားဓမ္မ ဟောပြပြီးသည်၏ အဆုံး၌—

န ဘိက္ခဝေ ဇာနံ ဥဒ္ဒိဿ ကတံ မံသံ ပရိဘုဉ္ဇိတဗ္ဗံ၊ ယော ပရိဘုဉ္ဇေယျ၊ အာပတ္တိ ဒုက္ကဋဿ—ချစ်သားတို့.... မိမိဘို့ရန် ရည်မှန်း၍ သတ်ဖြတ် ချက်ပြုတ် ပြုလုပ်အပ်သော အသားမှန်းသိလျက် မစားမသုံးကောင်း အကြင် ရဟန်းသည် စားသုံးငြားအံ့၊ ဒုက္ကဋ် အာပတ် သင့်စေ ဟု ၎င်း

အနုဇာနာမိ ဘိက္ခဝေ တိကောဋိပရိသုဒ္ဓံ မစ္ဆမံသံ အဒိဋ္ဌံ အသုတံ အပရိသင်္ကိတံ—ချစ်သား ရဟန်းတို့.... မြင်ခြင်း ကြားခြင်း ရွံ့ရှာခြင်း တည်းဟူသော အစွန်းသုံးပါးမှ လွတ်သော အမဲသားငါးကို စားသုံးဘို့ရန် ငါဘုရား ခွင့်ပြုတော်မူသည် ဟု—

ထိုပယ်မြစ်ချက် ဒုက္ကဋ်အာပတ်, ခွင့်ပြုချက် သိက္ခာပုဒ် နှစ်ရပ်ကို မြတ်စွာဘုရား ပညတ်တော်မူခဲ့ပါသည် အရှင်ဘုရား။

ပံသုကူအသားကို စားခွင့်ပြုခြင်း ပြီး၏

---

**မေဏ္ဍက သူဌေး ဝတ္ထု**

**ခရီးဆောင်ရိက္ခာ ခွင့်ပြုပုံ**

ပုစ္ဆာ။ ။ပါထေယျံ အာဝုသော ပရိယေသိတုံ စ ကပ္ပိယကာရကာနံ ဟတ္ထေ ဥပနိက္ခိတ္တဟိရညတော နိဗ္ဗတ္တံ ကပ္ပိယပစ္စယံ သာဒိတုံ စ ဘဂဝတာ ကတ္ထ အနုညာတံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတံ။

ဝိသဇ္ဇနာ။ ။အန္တရာ စ ဘန္တေ ဘဒ္ဒိယံ အန္တရာ စ အင်္ဂုတ္တရာပံ မေဏ္ဍကံ ဂဟပတိံ အာရဗ္ဘ အနုညာတံ၊ မေဏ္ဍကော ဘန္တေ ဂဟပတိ ဘဂဝန္တံ ယာစိ "သန္တိ ဘန္တေ မဂ္ဂါ ကန္တာရာ အပ္ပောဒကာ အပ္ပဘက္ခာ န သုကရာ အပါထေယျေန ဂန္တုံ၊ သာဓု ဘန္တေ ဘဂဝါ ဘိက္ခူနံ ပါထေယျံ အနုဇာနာတူ"တိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတံ။

အမေး။ ။ခရီးသွားမည့်ဆဲဆဲဖြစ်သော ရဟန်းတို့အား ဆား ဆန် အစရှိသော ခရီးဆောင် ရိက္ခာကို ရှာမှီးရန်ငှင်း သဒ္ဓါတရားရှိသော ဒါယကာ ဒါယိကာမတို့က ကပ္ပိယကာရကတို့၏ လက်၌ ရွှေငွေကို အပ်နှံ၍ "ဤ ရွှေ ငွေ တို့ဖြင့် ရဟန်းတော်တို့ အလိုရှိအပ်သော ရဟန်းတော်တို့အား အပ်စပ်သော ပစ္စည်းလေးပါးကို ဝယ်ခြမ်း၍ လှူဒါန်းပါလေ" ဟု ဤသို့ အပ်နှံသော ရွှေ ငွေ တို့မှ အပ်စပ်စွာ ဖြစ်ပေါ်လာသော သက်န်း အစရှိသော အပ်သော ပစ္စည်းကို သာယာ လက်ခံသုံးဆောင်ရန်ငှင်း မြတ်စွာဘုရား ခွင့်ပြုတော် မူခဲ့ပေ၏၊ ထို ခွင့်ပြုချက်ကို ဘယ်မြို့။ပ။ ငါ့ရှင်။

အဖြေ။ ။ဘဒ္ဒိယပြည် အင်္ဂုတ္တရာပပြည် နှစ်ပြည်တို့၏ အကြား လမ်း ခရီးခဲ ကန္တာရဝယ် မေဏ္ဍက သူဌေးကို အကြောင်းပြု၍ ခွင့်ပြုတော် မူအပ်ပါ သည်၊

မေဏ္ဍက သူဌေးသည် ဘဒ္ဒိယပြည်နှင့် အင်္ဂုတ္တရာပမြို့၏ အကြား ခရီးခဲ ဝယ် မြတ်စွာဘုရား အမှူးရှိသော သံဃာတော်ကို ဆွမ်းကပ်ပြီးလျှင်—

"ရှင်တော်ဘုရား....ဤခရီးခဲတို့သည် လွန်စွာ့ လွန်စွာ ခဲယဉ်းလှပါကုန် သည် ရေလည်း မရှိပါ အစားအသောက်လည်း ရှားပါးလှပါသည်၊ သို့ ဖြစ်သောကြောင့် ရဟန်းတော်တို့အား ခရီးသွားရာ၌ သုံးဆောင်ရန် ခရီး ရိက္ခာကို ခွင့်ပြုတော်မူပါဘုရား" ဟု လျှောက်ထား တောင်းပန်ခဲ့ပါသည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် ခရီးသွား ရဟန်းတို့အား ခရီးရိက္ခာ ရှာမှီးရန် အလို့ငှါငှင်း သဒ္ဓါတရား ရှိသော လူဒါယကာတို့က ကပ္ပိယကာရက တို့ထံ ရွှေငွေကို အပ်နှံ၍ "ဤရွှေငွေတို့မှ ဖြစ်ပေါ်ရရှိသော ရဟန်းတော် အား အပ်စပ်သော ပစ္စည်းကို မထေရ်မြတ်အား လှူဒါန်းပါလေ" ဟု မှာစေ သဖြင့် လိမ်မာရေးခြားသော ထိုကပ္ပိယကာရကတို့ထံမှ ထိုရွှေငွေဖြင့်

ဖြစ်ပေါ်လာသော သက်နီးသပိတ် အစရှိသော ကပ္ပိယပစ္စည်းကို လက်ခံ သုံးဆောင်သာယာခြင်းငှါရင်း သဗ္ဗညုမြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပါသည် အရှင်ဘုရား။

ခရီးဆောင်ရိက္ခာ ခွင့်ပြုပုံ ပြီး၏

---

## ကေဏိယရသေ့ ဝတ္ထု
## အဖျော်ရှစ်ပါး ခွင့်ပြုပုံ

ပုစ္ဆာ။ ။အဋ္ဌ အာဝုသော ပါနာနိ ဘဂဝတာ ကတ္ထ အနုညာတာနိ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတာနိ။

ဝိဿဇ္ဇနာ။ ။အာပဏေ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ အနုညာတာနိ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ ကုက္ကုစ္စာယန္တာ ပါနာနိ န ပဋိဂ္ဂဏှိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတာနိ။

အမေး။ ။ရှစ်ပါးသော ဖျော်ရည်ကိုကို မြတ်စွာဘုရားသည် ဘယ်မြို့ ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ခွင့်ပြုတော် မူအပ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။အာပဏ နိဂုံးအရပ်၌ ကေဏိယ ရသေ့ လှူဒါန်းသော အဖျော် ရှစ်ပါးကို ရဟန်းတော်တို့ အလိုလို သံသယရှိသဖြင့် မခံယူဝံ့သော အကြောင်းဝတ္ထု၌ ခွင့်ပြုတော်မူအပ်ပါသည်၊ အနည်းငယ် လျှောက်ထားလို ပါသည်၊ မြတ်စွာဘုရား သခင်သည် အစဉ်သဖြင့် ဒေသစာရီ ကြွတော်မူသော အခါ အာပဏ နိဂုံးသို့ ရောက်ခဲ့ပါသည်၊

ထိုအခါ အာပဏ နိဂုံး၌ ရှိရင်းစွဲ အာဝါသိကဖြစ်သော ကေဏိယ ရသေ့ သည် ဘုရားသခင် အာပဏ နိဂုံးသို့ ရောက်ရှိကြောင်း ကြားလတ်သော အခါ မြတ်စွာဘုရားအထံ မည်ကဲ့သို့သော လက်ဆောင်ယူသွားရမည်နည်း ဟု ကြံလတ်သော် ရှေးရှေးသော အဋ္ဌက ဝါမက အစရှိသော ရသေ့တို့သည် အဖျော်ကို သုံးဆောင်သာယာကုန်၏၊ ရှင်ကြီး ဂေါတမသည်လည်း ထိုအတူ သုံးဆောင် သာယာပေလိမ့်မည် ဟု ကြံစည်ပြီးလျှင် များစွာသော အဖျော် တို့ကို စီရင်၍ ထမ်းပိုးတို့ဖြင့် ထမ်းဆောင်စေ၍ မြတ်စွာဘုရားထံမှောက်

ရောက်ရှိပြီးလျှင် ထိုအဖျော်ကြီးတို့ကို ဘုရားအမှူးရှိသော သံဃာအား ဆက်ကပ်ပါသည်၊

ရဟန်းတော်တို့သည် ကုက္ကုစ္စ အလိုလို ရှိကြသဖြင့် မခံယူဝံ့ဘဲ ရှိကြပါကုန်သည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့် အဖျော်ရှစ်ပါးတို့ကို သုံးဆောင်ရန် မြတ်စွာဘုရား ခွင့်ပြုတော်မူအပ်ပါသည် အရှင်ဘုရား။

အဖျော်ရှစ်ပါး ခွင့်ပြုပုံ ပြီး၏

---

**ရောဇမလ္လာမင်း ဝတ္ထု**

**ဟင်းရွက် ဟင်းသီး, မှုံ့ခဲဖွယ်များကို ခွင့်ပြုခြင်း**

ပုစ္ဆာ။ ။သဗ္ဗဥ္စ အာဝုသော ဉာကံ သဗ္ဗဥ္စ ပိဋ္ဌခါဒနီယံ ဘဂဝတာ ကတ္ထ အနုညာတံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတံ။

ဝိဿဇ္ဇနာ။ ။ကုသိနာရာယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ အနုညာတံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ ကုက္ကုစ္စာယန္တာ ဉာကဥ္စ ပိဋ္ဌခါဒနီယဥ္စ န ပဋိဂ္ဂဟေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတံ။

အမေး။ ။အလုံးစုံသော ဟင်းရွက်ပြုတ် ဟင်းရွက်စိမ်းကိုင်း အလုံးစုံသော မှုံ့ညက်ခဲဖွယ်ကိုင်း သုံးဆောင်ရန် မြတ်စွာဘုရားသည် ဘယ်မြို့ဒေသ။ပ။ ခွင့်ပြုတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ကုသိနာရုံပြည် အရပ်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ခွင့်ပြုတော်မူအပ်ပါသည်၊

မြတ်စွာဘုရား ကုသိနာရုံပြည်သို့ ကြွရောက်တော်မူသောအခါ ရောဇမည်သော မလ္လာမင်းသည် ရှေးဦးအစ၌ကား ဘုရား တရား သံဃာ ရတနာတို့ကို မကြည်ညိုသူ ဖြစ်လင့်ကစား မြတ်စွာဘုရား၏ ကြီးမားသော မေတ္တာရှိန်စော် အာနုဘော်တော်ဖြင့် သာသနာ၌ သက်ဝင် ယုံကြည် ခဲ့ပြီးလျှင် မြတ်စွာဘုရား တရားဟောသည်၏ အဆုံး၌ သောတာပန် ဖြစ်ခဲ့ပါသည်၊

ထိုရောဇ မည်သော မလ္လာမင်းသည် ဆွမ်းကျွေးရန် အလှည့်အကြိမ်ကို စောင့်မြော်ပါသော်လည်း အလှည့်အကြိမ်ကို မရခဲ့သဖြင့် ဆွမ်းစားကျောင်း

သို့ သွားရောက် ကြည့်ရှုသောအခါ, **ဟင်းရွက်အရသာ,** **ခဲဖွယ်မုံ့** ဤနှစ်ပါး ဆွမ်းစားကျောင်း၌ မရှိသည်ကို တွေ့မြင်သဖြင့် အရှင်အာနန္ဒာအား“ ထို နှစ်ပါးကို ဘုရားတပည့်တော်စီမံလျှင် မြတ်စွာဘုရား ခံယူပါမည်လား” ဟု လျှောက်ထားသောအခါ ရှင်အာနန္ဒာမှတဆင့် မြတ်စွာဘုရားသို့ လျှောက် ထားပါသည်၊ မြတ်စွာဘုရားကလည်း “စီမံလိုမူ စီမံပေစေ” ဟု ခွင့်ပြုတော်မူ ပါသည်၊

ထိုအခါ ရောဇမလ္လာမင်းသည် များစွာသော ဟင်းရွက်ဟင်း, များစွာ သော ခဲဘွယ်မုံ့တို့ကို စီမံပြီးလျှင် ဘုရားရှင်အား လှူဒါန်းပါသည် မြတ်စွာ ဘုရားက ရဟန်းတော်တို့အား လှူဒါန်းလေ ဟု မိန့်ကြားသောအခါ ရဟန်း တော်တို့သည် အပ်လေသလော မအပ်လေသလော ဟု အလိုလို ကုက္ကုစ္စရှိ သဖြင့် မခံဝံ့ဘဲ ရှိကြပါသည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ထို အလုံးစုံ သော ဟင်းရွက်မျိုး ထိုအလုံးစုံသော မုံ့ခဲဘွယ်မျိုးကို သဗ္ဗညုမြတ်စွာဘုရား ခွင့်ပြုတော် မူအပ်ပါသည် အရှင်ဘုရား။

ဟင်းရွက်, ဟင်းသီး, မုံ့ခဲဖွယ်များကို ခွင့်ပြုခြင်း ပြီး၏

---

### တောထွက်ရဟန်းကြီး သုဘဒ်ဝတ္ထု

### မပြုလုပ်ကောင်းသော အမှုကို ပြုလုပ်ရန် မန္တီးဆော်ရ ဟု ပယ်မြစ်ခြင်း

ပုစ္ဆာ။ ။အကပ္ပိယံ အာဝုသော သမာဒပေန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။အာတုမာယံ ဘန္တေ အညတရံ ဝုဍ္ဍပဗ္ဗဇိတံ အာရဗ္ဘ ပညတ္တံ၊ အညတရော ဘန္တေ ဝုဍ္ဍပဗ္ဗဇိတော အကပ္ပိယေ သမာဒပေတိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။မအပ်စပ်သော မပြုလုပ်ကောင်းသော အမှုကို ပြုလုပ်ရန် တိုက်တွန်း နှိုးဆော် ဆောက်တည်စေသော ရဟန်းအား ဒုက္ကဋ်အာမတ်ကို မြတ်စွာဘုရားသည် ဘယ်မြို့။ပ။ ငါ့ရှင်။

အဖြေ။ ။အာဘုမာမြို့ အရပ်၌ တောထွက်ရဟန်းကြီး သုဘဒ်ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊

တောထွက်ရဟန်းကြီး သုဘဒ်သည် မြတ်စွာဘုရား ကုသိနာရုံမှ အာတုမာ ပြည်သို့ ကြွလာကြောင်း သတင်းကြားသဖြင့် မိမိ၏ သားဖြစ်သော သာမဏေငယ်တို့ကို မြို့တွင်း ရွာတွင်းသို့ လှည့်လည်ပြီးလျှင် ယာဂုကျိုရန် ဆန် ဆီ ဆား အစရှိသည်ကို မအပ်မစပ်သော တောင်းရမ်းခြင်းမျိုးဖြင့် များစွာ ရအောင် တောင်းရမ်း စေခဲ့ပါပြီ၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ထို **အကပ္ပိယသမာဒါန** ဒုက္ကဋ်အာပတ်ကို မြတ်စွာဘုရား ပညတ်တော် မူအပ်ပါ သည် အရှင်ဘုရား။

တောထွက်ရဟန်းကြီး သုဘဒ်ဝတ္ထု ပြီး၏

---

## သံဃိကမြေ, ပုဂ္ဂလိကမြေ၌ စိုက်ပျိုးသော အသီးအနှံ ခွဲဝေပုံ

ပုစ္ဆာ။ ။သံဃိကာနိ ဝါ အာဝုသော ပုဂ္ဂလိကာနိ ဝါ ဗီဇာနိ ပုဂ္ဂလိကာယ ဝါ သံဃိကာယ ဝါ ဘူမိယာ ရောပိတာနိ ဘာဂံ ဒတွာ ပရိဘုဉ္ဇိတုံ ဘဂဝတာ ကတ္ထ အနုညာတံ၊ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အနုညာတံ၊ သာဝတ္ထိယံ ဘန္တေ ဘဂဝတိ ဝိဟရတိ သံဃိကာနိ ပိ ဗီဇာနိ ပုဂ္ဂလိကာယ ဘူမိယာ ရောပိယိံသု၊ ပုဂ္ဂလိကာနိ ပိ ဗီဇာနိ သံဃိကာယ ဘူမိယာ ရောပိယိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတံ။

အမေး။ ။**သံဃိက** သံဃာ့ ဥစ္စာဖြစ်သော သံဃာပိုင် မျိုးစေ့ကိုဖြစ်စေ, **ပုဂ္ဂလိက** ပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော ပုဂ္ဂိုလ်ပိုင် မျိုးစေ့ကိုဖြစ်စေ ပုဂ္ဂလိကမြေ, သံဃိကမြေတို့၌ စိုက်ပျိုးထားသည်ရှိသော် ထိုမျိုးစေ့တို့မှ ဖြစ်ပေါ်သော အသီးအနှံတို့ကို မြေနှင့် သက်ဆိုင်သော ပုဂ္ဂိုလ်, သံဃာတို့အား ဆယ်ပုံတပုံ ဆယ်ခိုင့်တခိုင် ပေး၍ သုံးဆောင်ရန် မြတ်စွာဘုရား ခွင့်ပြု ပညတ်တော်မူခဲ့ ပေ၏၊ ထိုခွင့်ပြုချက်ကို ဘယ်မြို့။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ခွင့်ပြုတော်မူအပ်ပါသည်၊ မြတ်စွာဘုရား သာဝတ္ထိပြည်၌ သီတင်းသုံး နေတော်မူစဉ် သံဃိက သံဃာ့ဥစ္စာဖြစ်သော မျိုးစေ့တို့ကို ပုဂ္ဂလိကမြေ၌ စိုက်ပျိုးအပ်ခဲ့ပါကုန်ပြီ၊ ပုဂ္ဂိုလ်ပိုင်ဖြစ်သော မျိုးစေ့တို့ကို သံဃာပိုင် သံဃိကမြေ၌ စိုက်ပျိုး အပ်ခဲ့ပါကုန်ပြီ၊

ထိုသို့သော မှုခင်းကိစ္စကြောင့် သံဃိက မျိုးစေ့တို့ကို ပုဂ္ဂလိကမြေ၌ စိုက်ပျိုးအပ်ခဲ့သည်ရှိသော် မြေပိုင်ရှင် ဖြစ်သော ပုဂ္ဂိုလ်တို့အား ဆယ်ခိုင့်တခိုင် ဆယ်ဘို့တဘို့ အသီးအပွင့်တို့ကို ပေး၍ သုံးဆောင်ရန် အလို့ငှါရင်း၊

ပုဂ္ဂလိက မျိုးစေ့တို့ကို သံဃိကမြေ၌ စိုက်ပျိုးခဲ့သည်ရှိသော် မြေကို ပိုင်ဆိုင်သော သံဃာတော်တို့အား ဆယ်ခိုင့်တခိုင် ဆယ်ဘို့တဘို့ ပေး၍ သုံးဆောင်ရန်အလို့ငှါရင်း မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပါသည် အရှင်ဘုရား။

သံဃိကမြေ, ပုဂ္ဂလိကမြေ၌ စိုက်ပျိုးသော အသီးအနှံ ခွဲဝေပုံ ပြီး၏

---

## ဝိနည်းဆိုင်ရာ မဟာပဒေသကြီး လေးပါး

ပုစ္ဆာ။ ။ဝိနယမဟာပဒေသသင်္ခါတာနိ အာဝုသော စတ္တာရိ ကပ္ပိယာ- ကပ္ပိယအနုလောမာနိ ဘဂဝတာ ကတ္ထ ပညတ္တာနိ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တာနိ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ ပညတ္တာနိ၊ သမ္ဗဟုလာနံ ဘန္တေ ဘိက္ခူနံ ကိသ္မိဉ္စိ ကိသ္မိဉ္စိဌာနေ ကုက္ကုစ္စံ ဥပ္ပဇ္ဇိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တာနိ။

အမေး။ ။ဝိနည်းမဟာပဒေသ လေးပါး ဟု ခေါ်ဆိုအပ်ကုန်သော ဝိနည်းဆိုင်ရာ အကျဉ်းချုပ် စည်းမျဉ်းဥပဒေသ ဟု ခေါ်ဆိုအပ်ကုန်သော ကပ္ပိယ အကပ္ပိယ အနုလောမ ဖြစ်သော လေးပါးသော အချုပ်အခြာအချက် အလက်တို့ကို မြတ်စွာဘုရားသည် ဘယ်မြို့ဒေသ၌။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊

များစွာသော ရဟန်းတို့အား အချို့ အချို့သော နေရာဌာန၌ အပ်သလော မအပ်သလော ဟု တွေးတောယုံမှား အလိုလို ကုက္ကုစ္စ ဖြစ်ခဲ့ကြပါသည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ထို မဟာပဒေသ လေးပါးတို့ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည်-အရှင်ဘုရား။

ဝိနည်းဆိုင်ရာ မဟာပဒေသကြီး လေးပါး ပြီး၏

---

## ကာလလေးပါး ပစ္စည်းများကို ရောနှောလျှင် သုံးဆောင်ရမည့်ကာလ

ပုစ္ဆာ။ ။ယာဝကာလိကာဒီဟိ သံသဋ္ဌာနံ အာဝုသော ယာမကာလိကာဒီနံ ပရိဘောဂကာလမရိယာဒံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ သမ္ဗဟုလာနံ ဘန္တေ ဘိက္ခူနံ ဧတဒဟောသိ "ကပ္ပတိ နုခေါ ယာဝကာလိကေန ယာမကာလိကံ သတ္တာဟကာလိကံ ယာဝဇီဝိကံ၊ န နုခေါ ကပ္ပတိ။ ကပ္ပတိနုခေါ ယာမကာလိကေန သတ္တာဟကာလိကံ ယာဝဇီဝိကံ၊ န နုခေါ ကပ္ပတိ။ ကပ္ပတိ နုခေါ သတ္တာဟကာလိကေန ယာဝဇီဝိကံ၊ န နုခေါ ကပ္ပတီ"တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။နေမွန်းမလွဲမီ အတွင်း၌သာ သုံးဆောင် စားသောက်ကောင်းသော **ယာဝကာလိက** မည်သော ခဲဖွယ်ဘောဇဉ်စသည်တို့နှင့် ရောနှောသော ယာမကာလိက, သတ္တာဟကာလိက, ယာဝဇီဝိက ဟူသော ကာလိက ၃-ပါး တို့ကို သုံးဆောင်ရန် အပိုင်းအခြားကို မြတ်စွာဘုရား ပညတ်တော် မူခဲ့ပေ၏၊ ထိုကာလအပိုင်းအခြားကို ဘယ်မြို့။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊ သာဝတ္ထိပြည်၌ မြတ်စွာဘုရား သီတင်းသုံးတော်မူစဉ် များစွာသော ရဟန်းတို့အား ဤသို့သော အကြံအစည်ဖြစ်ပါသည်၊

ယာဝကာလိက ခေါ်သော နေမွန်းမတည့်မီ သုံးဆောင်ကောင်းသော ခဲဖွယ်ဘောဇဉ်နှင့် ယာမကာလိက ခေါ်သော အဖျော်ရှစ်မျိုးတို့ကိုငှင်း သတ္တာဟကာလိကခေါ်သော ထောပတ် ဆီ ပျား တင်လဲ ဆီဉ တည်းဟူသော ဆေးငါးမျိုးကိုငှင်း ယာဝဇီဝိကခေါ်သောအခြားသော ဆေးပစ္စည်းတို့ကိုငှင်း ရောနှော၍ သုံးဆောင်မှု သုံးဆောင်ကောင်းပါလေစ—

ထိုအတူ ယာမကာလိကနှင့် ရောနှောသော သတ္တာဟကာလိက, ယာဝဇီဝိက ဆေးတို့ကို သုံးဆောင်ကောင်းလေသလော မသုံးဆောင်ကောင်းလေသလော၊ သတ္တာဟကာလိကနှင့် ရောနှောသော ယာဝဇီဝိက ဆေးပစ္စည်းတို့ကို သုံးဆောင်အပ်လေသလော မသုံးဆောင်အပ်လေသလော ဟု တွေးတောယုံမှား စဉ်းစားကြံစည်မှု ဖြစ်ခဲ့ကြပါသည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် **ယာဝကာလိက** နှင့် ရောနှောသမျှသော ယာမကာလိက, သတ္တာဟကာလိက, ယာဝဇီဝိကတို့ကို နံနက်အခါ၌သာ သုံးဆောင်ကောင်း၏ မွန်းလွဲသောအခါ မသုံးဆောင်ကောင်း၊

ယာမကာလိက တည်းဟူသော အဖျော်တို့နှင့် ရောနှောသော သတ္တာဟကာလိကဆေး, ယာဝဇီဝိကဆေးတို့ကို ယာမကာလိကသို့လိုက်၍ ယံအတွင်း၌သာလျှင် သုံးဆောင်ကောင်းသည် ယံကိုလွန်မြောက် နောက်တနေ့၌ မသုံးဆောင်ကောင်း၊

**သတ္တာဟကာလိက** ဆေးနှင့် ယာဝဇီဝိကဆေး ရောနှောခဲ့သည်ရှိသော် ခုနစ်ရက်အတွင်းသာ သုံးဆောင်ကောင်းသည် ခုနစ်ရက်လွန်သော် မသုံးဆောင်ကောင်း မအပ်စပ်ဟူ၍—

သဗ္ဗညုမြတ်စွာဘုရားသည် ထိုကာလအပိုင်းအခြားကို ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပုဋ္ဌာ။ ။ဘေသဇ္ဇကံ ပုဋ္ဌိယံ၊ သနိဒါနံ သနိဒ္ဒေသံ။
သမုက္ကဋ္ဌပဒါနံ အာဝုသော ကတိ အာပတ္တိယော။

ဝိဿဇ္ဇနာ။ ။ဘေသဇ္ဇကံ ဝိဿဇ္ဇိယံ၊ သနိဒါနံ သနိဒ္ဒေသံ။
သမုက္ကဋ္ဌပဒါနံ ဘန္တေ တိဿော အာပတ္တိယော။

အမေး။ ။နိဒါန်း နိဒ္ဒေသနှင့် တကွသော ဘေသဇ္ဇက္ခန္ဓကကို မေးမြန်းပေအံ့၊ ဘေသဇ္ဇက္ခန္ဓကလာ မြတ်စွာဘုရား ဟောကြား ပညတ်တော်မူသော ပညတ်ချက်တို့နှင့် စပ်ဆိုင်သော အာပတ် တို့သည် အကျဉ်းချုပ် အားဖြင့် ဘယ်နှစ်ပါးရှိပါကုန်သနည်း ငါ့ရှင်။

အဖြေ။ ။နိဒါန်း နိဒ္ဒေသနှင့်တကွသော ဘေသဇ္ဇက္ခန္ဓကကို ဖြေဆိုလျှောက်ထားပါအံ့၊ ဤဘေသဇ္ဇက္ခန္ဓကဌ် မြတ်စွာဘုရား၏ မုခပါဌ် မြတ်သော ပုဒ်ဝါကျတို့နှင့် စပ်ဆိုင်သော အာပတ် အမျိုးအစားတို့မှာ အကျဉ်းချုပ် အားဖြင့် ဒုက္ကဋ်အာပတ် ပါစိတ်အာပတ် ထုလ္လစ္စည်းအာပတ် အားဖြင့် သုံးပါး ဖြစ်ပါကုန်သည် အရှင်ဘုရား။

ကာလလေးပါး ပစ္စည်းရောနှောခြင်း ပြီး၏

**ဘေသဇ္ဇက္ခန္ဓက ပြီး၏**

# ၇-ကထိနက္ခန္ဓက

## ကထိန်သင်္ကန်း ခွင့်ပြုခဏ်း

ပုစ္ဆာ။ ။ဝဿံဝုဋ္ဌာနံ အာဝုသော ဘိက္ခူနံ ကထိနံ အတ္ထရိတုံ ဘဂဝတာ ကတ္ထ အနုညာတံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ တိံသမတ္တေ ပါဝေယျကေ ဘိက္ခူ အာရဗ္ဘ အနုညာတံ၊ တိံသမတ္တာ ဘန္တေ ပါဝေယျကာ ဘိက္ခူ သာဝတ္ထိံ အာဂစ္ဆန္တာ ဘဂဝန္တံ ဒဿနာယ ဥပကဋ္ဌာယ ဝဿူပနာယိကာယ နာသက္ခိံသု သာဝတ္ထိယံ ဝဿူပနာယိကံ သမ္ဘာဝေတုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတံ။

အမေး။ ။ပုရိမဝါမှုထသော ပုရိမဝါကျွတ်ပြီးသော ရဟန်းတို့အား ကထိန်ခင်းရန် မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့သည်မှာ ဘယ်မြို့ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော မှုခင်းကိစ္စကြောင့် ခွင့်ပြုတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်၌ သုံးကျိပ် အတိုင်းအရှည်ရှိကုန်သော ပါဝါတိုင်းသား ရဟန်းတော်များကို အကြောင်းပြု၍ ခွင့်ပြုတော် မူအပ်ပါသည်၊

❋ မြတ်စွာဘုရား သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် သုံးကျိပ် အတိုင်းအရှည်ရှိကုန်သော ပါဝါတိုင်းသား ဖြစ်တော်မူကြကုန်သော အာရည ကင် ဓုတင်ဆောင် ပိဏ္ဍပါတ် ဓုတင်ဆောင် ပံသုကူ ဓုတင်ဆောင် တိစီဝရိက် ဓုတင်ဆောင်ချည်း ဖြစ်တော်မူကြကုန်သော ညီနောင်ရဟန်းတို့သည် မြတ်စွာဘုရားကို ဖူးမျှော်အံ့သောငှါ သာဝတ္ထိပြည်သို့ လာကြကုန်သည် ရှိသော် ဝါဆိုရက် နီးကပ်သဖြင့် သာဝတ္ထိပြည်၌ ဝါဆိုရက်ကို မမှီနိုင်ကုန်ရကား လမ်းခရီးအကြားဝယ် **သာကေတ** မြို့ငယ်၌ ဝါကပ်ကြရပါကုန်သည်၊

ထို သာကေတမြို့၌ ငြီးငွေ့ဆန့်ကျင်သော စိတ်နှလုံးရှိကြ၍ "ငါတို့မှ မဝေး ခြောက်ယူဇနာမျှသော ခရီးအတွင်း၌ မြတ်စွာဘုရား ရှိပါပေသည် ငါတို့သည် မြတ်စွာဘုရားကို လျှင်မြန်စွာ ဖူးမျှော်ခွင့် မရခဲ့ကုန်တကား" ဟု စိတ်နှလုံးမချမ်းမသာ ဝါတွင်းပတ်လုံး သီတင်းသုံးကြပါသည်၊ ဝါကျွတ်သော

အခါ မိုးသဲးရေရှာသွန်းသည်ရှိသော် ရေတပြင်တည်း ရေတကြမ်းတည်း တည်ရှိသော ရွှံ့ညွန်တို့ဖြင့် ရောပြွမ်းသော လမ်းခရီး၌ ရေတို့ဖြင့် ပြည့်သော သင်္ကန်းတို့ဖြင့် ပင်ပန်းရိရှားစွာ ဘုရားထံမှောက် ရောက်ရှိကြပါသည်၊

မြတ်စွာဘုရားက ကစ္စိ ဘိက္ခဝေ ခမနီယံ—ချစ်သားတို့....ခန့်ကျန်း ပါ၏လား အစရှိသဖြင့် မေးမြန်းတော်မူသောအခါ ခန့်ကျန်းကြောင်း ဣရိယာပထ မျှတကြောင်း ပင်ပန်းကြီးစွာ လမ်းခရီးအကြား၌ ရေစိုစွတ် သော သင်္ကန်းတို့ဖြင့် လာခဲ့ရကြောင်း မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားပါသည်၊ ထိုသို့သော အကြောင်းဝတ္ထုကြောင့်—

"အနုဇာနာမိ ဘိက္ခဝေ ဝဿံဝုဋ္ဌာနံ ဘိက္ခူနံ ကထိနံ အတ္ထရိတုံ— ချစ်သားတို့.... ပဌမဝါပတ်လုံး သီတင်းသုံးပြီးကြသော ရဟန်းတော်တို့အား ကထိန်၏ အာနိသင် ငါးပါးကို ရသဖြင့် သံဃာ၏ ချမ်းသာစွာ နေထိုင်ရခြင်း အလို့ငှါ ကထိန်ခင်းခြင်းအလို့ငှါ ငါဘုရားခွင့်ပြုတော်မူသည်" ဟု ပဌမ ဝါကျွတ်ပြီးသော ရဟန်းတို့အား ကထိန်ခင်းရန် သဗ္ဗညုရှင်တော်ဘုရား ခွင့်ပြု တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကထိနကံ ပုစ္ဆိဿံ၊ သနိဒါနံ သနိဒ္ဒေသံ။
သမုက္ကဋ္ဌပဒါနံ အာဝုသော ကတိ အာပတ္တိယော။

ဝိဿဇ္ဇနာ။ ။ကထိနကံ ဝိဿဇ္ဇိဿံ၊ သနိဒါနံ သနိဒ္ဒေသံ။
သမုက္ကဋ္ဌပဒါနံ ဘန္တေ န ကတမာ အာပတ္တိ။

အမေး။ ။နိဒါန်း နိဒ္ဒေသနှင့်တကွသော ကထိနက္ခန္ဓကကို မေးမြန်း ပေအံ့၊ ကထိနက္ခန္ဓကလာ မြတ်စွာဘုရား၏ စကားတော် ပညတ်တော်တို့နှင့် သက်ဆိုင်သော အာပတ်တို့သည် အကျဉ်းချုပ်အားဖြင့် အဘယ်မျှ ရှိပါကုန် သနည်း ငါ့ရှင်။

အဖြေ။ ။နိဒါန်း အကျယ် နိဒ္ဒေသနှင့်တကွသော ကထိနက္ခန္ဓကကို ဖြေကြား လျှောက်ထားပါအံ့၊ ဤကထိနက္ခန္ဓက၌ သဗ္ဗညုမြတ်စွာဘုရား၏ ရွှေနှုတ်တော်ထွက် မုခပါဋ်ဖြစ်သော မြတ်သော ပုဒ်ဝါကျတို့နှင့် စပ်ဆိုင်သော တစုံတခုသော အာပတ်မျှမရှိ ဖြစ်ပါသည်အရှင်ဘုရား။

ကထိန်သင်္ကန်း ခွင့်ပြုခဏ်း ပြီး၏

**ကထိနက္ခန္ဓက ပြီး၏**

# ၈—စီဝရက္ခန္ဓက

## သမားတော် ဇီဝကဝတ္ထု

### ဒါယကာတို့ လှူဒါန်းသော သင်္ကန်းကို စတင် ခွင့်ပြုပုံ

ပုစ္ဆာ။ ။ဂဟပတိစီဝရံ အာဝုသော သာဒိယိတုံ ဘဂဝတာ ကတ္ထ အနုညာတံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ ဇီဝကံ ကောမာရဘစ္စံ အာရဗ္ဘ အနုညာတံ၊ ဇီဝကော ဘန္တေ ကောမာရဘစ္စော ဘိက္ခူနံ ဂဟပတိစီဝရံ အနုဇာနိတုံ ဘဂဝန္တံ ယာစိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတံ။

အမေး။ ။ဒကာ ဒကာမတို့က လှူသောသင်္ကန်းကို သာယာ လက်ခံ၍ သုံးဆောင်ရန် မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့သည်မှာ ဘယ်မြို့ဒေသ၌။ ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ ဇီဝကသမားတော်ကို အကြောင်းပြု၍ ခွင့်ပြုတော်မူအပ်ပါသည်၊

ဇီဝကသမားတော်သည် မြတ်စွာဘုရား အမှူးရှိသော သံဃာတော်တို့ ပံသုကူ သင်္ကန်းကို ဆောင်ယူသုံးစွဲကြသည်ကို မြင်သဖြင့် မိမိအား စဏ္ဍပဇ္ဇောတမင်းက သွေးအား ယုတ်လျော့ ဖြော့တော့သော အနာကို ကုစားသဖြင့် ဆုအဖြစ် ခြီးမြှင့်အပ်သော သိဝိတိုင်းဖြစ် အသစ်စက်စက် အနဂ္ဃမျိုးမှန် ဝတ်စုံတစုံကို ရရှိသဖြင့် ထိုဝတ်စုံတစုံကို ယူဆောင်လာပြီးကာ မြတ်စွာဘုရား သခင်ကို—

ဘဂဝါ ဘန္တေ ပံသုကူလိကော ဘိက္ခု သံဃောစ—အစရှိသည်ဖြင့် ရှင်တော်ဘုရား....ရှင်တော်ဘုရားနှင့်တကွ ရဟန်းသံဃာတော်တို့ ပံသုကူ သင်္ကန်းကိုသာ ဝတ်ရုံသုံးဆောင်ကြသည်ကို ဘုရားတပည့်တော် အသိပင် ဖြစ်ပါသည်၊ ယခု တပည့်တော် ယူဆောင်လာသော သိဝိတိုင်းပြည်ဖြစ် အသစ်စက်စက် ဝတ်စုံတစုံသည် များစွာသော ပုဆိုးအစုံတို့ထက် ပုဆိုးအစုံအရာ အထောင် အသောင်း အသိန်းတို့ထက် မွန်လည်း မွန်မြတ် သပ်လည်း

သပ်ယပ်လှပါပေသည်၊ ရှင်တော်ဘုရားသည် ဘုရားတပည့်တော်ကို သနား သော အားဖြင့် ဤဝတ်စုံကို အလှူခံတော်မူပါ ရဟန်းတော်တို့အားလည်း ဒါယကာတို့ လှူဒါန်းသော သက်န်းကို သာယာသုံးဆောင်ဘို့ရန် ခွင့်ပြုတော် မူပါ ဘုရား ဟု လျှောက်ထားတောင်းပန်ခဲ့ပါသည်၊

ထိုသို့ သမားတော် ဇီဝက လျှောက်ထားသော မှုခင်းကိစ္စကြောင့် ဒါယကာတို့ လှူဒါန်းသော သက်န်းကို ဆင်မြန်း ဝတ်ရုံ သုံးဆောင်နိုင်ရန် အလို့ငှါ သဗ္ဗညုမြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပါသည် အရှင်ဘုရား။

ဒါယကာတို့ လှူဒါန်းသောသက်န်း ခွင့်ပြုခဏ်း ပြီး၏

---

## သက်န်းဆိုးရည် ၆–ပါး ခွင့်ပြုပုံ

ပုစ္ဆာ။ ။ဆ အာဝုသော ရဇနာနိ ဘဂဝတာ ကတ္ထ အနုညာတာနိ၊ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတာနိ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ အနုညာတာနိ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ ဆကဏေန ပိ ပဏ္ဍုမတ္တိကာယ ပိ စီဝရံ ရဇိံသု၊ စီဝရံ ဒုဗ္ဗဏ္ဏံ ဟောတိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတာနိ။

အမေး။ ။သက်န်း ဆိုးရန်အတွက် အမြစ်ဆိုးရည် ပင်စည်ဆိုးရည် အခေါက်ဆိုးရည် အရွက်ဆိုးရည် အပွင့်ဆိုးရည် အသီးဆိုးရည် တည်းဟူသော ဆိုးရည်ခြောက်မျိုးတို့ကို မြတ်စွာဘုရား ခွင့်ပြုတော်မူသည်မှာ။ပ။ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါကုန်သည်၊ များစွာသောရဟန်းတို့သည် နွားချေးဖြင့်၎င်း ဖြော့တော့သော မြေညက်ဖြင့်၎င်း သက်န်းကို ဆိုးကြပါ ကုန်သည်၊ သို့ဖြင့် သက်န်းအဆင်းအရောင် ပျက်ခဲ့ပါသည်၊ ထိုသို့သော မှုခင်း ကိစ္စကြောင့် အမြစ်ဆိုးရည် ပင်စည်ဆိုးရည် အခေါက် ဆိုးရည် အရွက်ဆိုးရည် အပွင့်ဆိုးရည် အသီးဆိုးရည် တည်းဟူသော ဤဆိုးရည် ခြောက်ပါးကို သဗ္ဗညုမြတ်စွာဘုရား ခွင့်ပြုတော် မူအပ်ပါကုန်သည် အရှင်ဘုရား။

သက်န်းဆိုးရည် ၆-ပါး ခွင့်ပြုပုံ ပြီး၏

## မအပ်သောသက်န်း ပယ်မြစ်ခြင်း

ပုစ္ဆာ။ ။အစ္ဆိန္နကာနိ အာဝုသော စီဝရာနိ ဓာရေန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ အစ္ဆိန္နကာနိ စီဝရာနိ ဓာရေသုံ ဒန္တကသာဝါနိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဓားဖြင့် မဖြတ်သော သက်န်းတို့ကို ဝတ်ရုံသုံးဆောင်သော ရဟန်း၏ ဒုက္ကဋ်အာပတ်ကို မြတ်စွာဘုရားသခင်သည် ဘယ်မြို့။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်အရပ်၌ မြတ်စွာဘုရား သီတင်းသုံးနေတော်မူစဉ် များစွာသော ရဟန်းတို့သည် မဖြတ်မတောက် အပ်သော ဆင်စွယ်ရောင်အသွေး ဖြော့တော့သော အဆင်းရှိသော သက်န်းတို့ကို ဝတ်ရုံဆင်မြန်းကြပါသည် လူဒါယကာတို့က လူဝတ်ကြောင်တို့ကဲ့သို့ ပါတကား ဟု များစွာလျှင် ကဲ့ရဲ့စကား ပြောကြားကြပါကုန်သည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့် မဖြတ်မတောက် ရသော သက်န်းတို့ကို ဆင်မြန်းဝတ်ရုံသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

မအပ်သောသက်န်း ပယ်မြစ်ခြင်း ပြီး၏

---

## သက်န်းချုပ်လုပ်ပုံ

ပုစ္ဆာ။ ။ကဒါ အာဝုသော ဘဂဝါ အနုညာသိ ဆိန္နကံ သံဃာဋိံ ဆိန္နကံ ဥတ္တရာသင်္ဂံ ဆိန္နကံ အန္တရဝါသကံ။

ဝိဿဇ္ဇနာ။ ။ဒက္ခိဏာဂိရိတော ဘန္တေ ပစ္စာဂတကာလေ ဘဂဝါ အနုညာသိ ဆိန္နကံ သံဃာဋိံ ဆိန္နကံ ဥတ္တရာသင်္ဂံ ဆိန္နကံ အန္တရဝါသကံ။

အမေး။ ။သင်းပိုင် ကေစ္စီ နှစ်ထပ်သက်န်း ဟု ဆိုအပ်သောတိစီဝရိတ် သက်န်းတို့ကို ဖြတ်၍ ချုပ်၍ ဖြတ်ပြီး ချုပ်ပြီး မှသာလျှင် သုံးဆောင်ရန် မြတ်စွာဘုရားသည် ဘယ်အခါကာလ၌ ခွင့်ပြုတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။မြတ်စွာဘုရား သခင်သည် ရာဇဂြိုဟ်ပြည်မှ ဒက္ခိဏာဂိရိဇနပုဒ်သို့ ကြွတော်မူခဲ့ပါသည်၊ ထိုအခါ မြတ်စွာဘုရားသည် မဂဓတိုင်း၌ လယ်ခွက် အသီးသီးတို့ကို မျက်ကွင်းသဏ္ဍာန် ဖွဲ့အပ်သည်ကိုင်း ကံသင်း ဖွဲ့အပ်သည်ကိုင်း မြောင်းအသီးသီး ဖွဲ့အပ်သည်ကိုင်း မြင်တော်မူသောအခါ ရှင်အာနန္ဒာကို ထိုလယ်ကံသင်း မြောင်းအသီးသီးတို့ကို ပြတော်မူ၍ "သင်ချစ်သားသည် ဤပုံ ဤပန်း ရဟန်းတော်တို့၏ သင်္ကန်းကို စီမံခြင်းငှါ စွမ်းနိုင်ပါအံ့လော" ဟု မေးမြန်းတော်မူပါသည်၊ စွမ်းနိုင်ပါကြောင်း ရှင်အာနန္ဒာက ပြန်ကြားလျှောက်ထားခဲ့ပါသည်၊

မြတ်စွာဘုရားသည် ဒက္ခိဏာဂိရိဇနပုဒ်မှ ရာဇဂြိုဟ်ပြည်သို့ ပြန်ရောက်တော်မူသောအခါ အရှင်အာနန္ဒာသည် ယခုအခါ မြင်ရသော မြောင်းကြီး မြောင်းငယ် အသွယ်သွယ်တို့ဖြင့် ပြုပြင်စီရင်အပ်သော ရဟန်းတော်များစွာတို့၏ သင်္ကန်းတို့ကို ချုပ်လုပ် စီမံတော်မူပြီးလျှင် မြတ်စွာဘုရားထံမှောက်သို့ သွားရောက်၍ ပြသပါသည်၊ ထိုအခါ မြတ်စွာဘုရားသခင်က—

ပဏ္ဍိတော ဘိက္ခဝေ အာနန္ဒော မဟာပညော ဘိက္ခဝေ အာနန္ဒော— ချစ်သားတို့....အာနန္ဒာသည် လွန်စွာ လွန်စွာ ပညာရှိပါပေ၏၊ ငါဘုရားသည် အကျဉ်းမျှ ပြောကြားအပ်သော စကားကိုပင်လျှင် အကျယ်တဝင့် သိမြင်နိုင်ပါပေ၏၊

အစရှိသည်ဖြင့် ချီးမွမ်းတော်မူပြီးလျှင် ဝတ်ရုံဆင်မြန်းသော သင်္ကန်းကို မြင်သဖြင့်ပင် များစွာသော နတ် လူ ဗြဟ္မာ သတ္တဝါတို့သည် **"ဤအရှင်သူမြတ်တို့ကား ကောင်းမှုမျိုးကို စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်း သဖွယ် ဖြစ်ပါပေသည်"** ဟု ထင်ရှားစွာ သိမြင်ပါစေခြင်းအလို့ငှါ မြောင်းကြီး မြောင်းငယ် အသွယ်သွယ်တို့ဖြင့် ဖြတ်တောက် ချုပ်လုပ်အပ်သော သင်္ကန်းကြီး ကေစ္စီ သင်းပိုင် ဤသင်္ကန်း သုံးထည်မျိုးတို့ကို သဗ္ဗညုမြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပါသည် အရှင်ဘုရား။

သင်္ကန်းချုပ်လုပ်ပုံ ပြီး၏

## သက်န်းကို ဖာထေး၍ ဝတ်သော ရဟန်းအား ချီးကျူးခြင်း

ပုစ္ဆာ။ ။အင်္ဂုဒ္ဒိံ စ အာဝုသော တုန္နံ စ ဩဝဋ္ဋိကံ စ ကဏ္ဍုသကံ စ ဒဠှီကမ္မံ စ ဘဂဝတာ ကတ္ထ အနုညာတံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတံ။

ဝိဿဇ္ဇနာ။ ။ဗာရာဏသိယံ ဘန္တေ အညတရံ ဘိက္ခုံ အာရဗ္ဘ အနုညာတံ၊ အညတရော ဘန္တေ ဘိက္ခု အင်္ဂုဒ္ဒိံ အစ္ဆုပေသိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတံ။

အမေး။ ။သက်န်း ဟောင်းနွမ်း ဆွေးမြေ့၍ ပေါက်ရာ၌ ဖာထေးခြင်းကိုငှင်း ထိုသက်န်း၏ ပေါက်ရာ၌ ချည်ဖြင့် အစားထိုးခြင်းကိုငှင်း ထိုသက်န်းပေါက်ကို မချုပ်လုပ်နိုင်သည်ရှိသော် စု၍ စီရင်ထုံးဖွဲ့ ထားခြင်းကိုငှင်း သက်န်း၏ အထက်ဘက် အနားပတ်ပမာ ခေါင်ထပ် ခေါင်လွှာ ထည့်ခြင်းကိုငှင်း သက်န်းဆွေးမြေ့ရာ၌ မဖောက်မဖျက်ဘဲ ခိုင်စေခြင်းငှါ ထပ်၍ စပ်၍ ချုပ်ခြင်းကို မြတ်စွာဘုရားသည် ဘယ်မြို့ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော မှုခင်းကိစ္စကြောင့် ခွင့်ပြုတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဗာရာဏသီပြည် အရပ်၌ အညတရ ရဟန်းတပါးကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

မထင်မရှား အညတရ ရဟန်းတပါး၏ သက်န်းဝယ် ပေါက်၍ နေပါသည် ထိုအခါ ထိုရဟန်းသည် ထိုပေါက်သော သက်န်းကို ဖာထေး၍ နေပါသည်၊ မြတ်စွာဘုရားသခင် ဒေသစာရီ ကျောင်းစဉ် လှည့်လည်တော်မူသော အခါ ထိုရဟန်းကို မြင်တော်မူသဖြင့်—

ကိံ တွံ ကရောသိ—ချစ်သား အသင် ဘာကို ပြုနေသနည်း ဟု မေးမြန်းတော်မူပါသည်၊

အင်္ဂုဒ္ဒိံ ဘဂဝါ အစ္ဆုပေမိ—ဘုန်းတော်နေဝန်း ထွန်းတောက်ပ တော်မူသော မြတ်စွာဘုရား၊ ဘုရားတပည့်တော်သည် သက်န်းပေါက်၍ နေသည်ကို ဖာထေး၍ နေပါသည် ဟု လျှောက်ထားပါသည်၊

ထိုအခါ မြတ်စွာဘုရားက သာဓု သာဓု ဘိက္ခု၊ သာဓု ခေါ တွံ ဘိက္ခု အင်္ဂုဒ္ဒိံ အစ္ဆုပေသိ—ချစ်သား ကောင်းပါပေစွ ကောင်းပါပေစွ၊ သင်

ချစ်သား ဤကဲ့သို့ ပေါက်သော သင်္ကန်းကို ဖာထေး၍ နေခြင်းသည် **အပ္ပိစ္ဆ သန္တုဋ္ဌိ**အစရှိသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံသဖြင့် လွန်စွာ လွန်စွာ သင့်လျော်ပါပေသည်၊

အစရှိသည်ဖြင့် ခြီးမွမ်းတော်မူပြီးသည်၏ အဆုံး၌ ဖော်ပြအပ်သော သင်္ကန်း အသားဆွေးရာ၌ ဆွေးသော အသားကို ဖောက်ထုတ်၍ စပ်ဖာထေး ခြင်းကိုင်း ထို အသားဟောင်း နေရာ၌ အပ်ချည်တို့ဖြင့် ပိတ်သား ထိုးခြင်း ကိုင်း ထို အသားဟောင်းနေရာ၌ အသားသစ် မထိုးနိုင်ခဲ့သော် စု၍ ကျစ်ခြင်းကိုင်း ထိုသင်္ကန်းတို့၏ အထက် အနားပတ်နေရာ၌ အာဂန္တုက အထပ်အလွှာတပ်ခြင်းကိုင်း ထိုသင်္ကန်း ဆွေးမြေ့ရာ၌ ဆေးသော နေရာကို မပယ်မထုတ်မူ၍ ထို၏အပေါ်မှ တဖန် ထပ်၍ ခိုင်ဘို့ရန် အပေါ်လွှာ တင်ခြင်းကိုင်း သဗ္ဗညု မြတ်စွာဘုရား ခွင့်ပြုတော် မူခဲ့ပါသည် အရှင်ဘုရား။

သင်္ကန်းကို ဖာထေး၍ ဝတ်သောရဟန်းအား ချီးကျူးခြင်း ပြီး၏

---

## ဝိသာခါအား ဆုရှစ်မျိုး ခွင့်ပြုခြင်း

ပုစ္ဆာ။ ။ဝဿိကသာဋိကာ စ အာဂုသော အာဂန္တုကဘတ္တံ စ ဂမိကဘတ္တံ စ ဂိလာနဘတ္တံ စ ဂိလာနုပဋ္ဌာကဘတ္တံ စ ဂိလာနဘေသဇ္ဇံ စ ဓုဝယာဂု စ ဘိက္ခုနိသံဃဿ ဥဒကသာဋိကာစာတိ ဣမာ အဋ္ဌ ဘဂဝတာ ကတ္ထ အနုညာတာ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတာ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ဝိသာခံ မိဂါရမာတရံ အာရဗ္ဘ အနု-ညာတာ၊ ဝိသာခါ ဘန္တေ မိဂါရမာတာ ဘဂဝန္တံ အဋ္ဌဝရာနိ ယာစိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတာ။

အမေး။ ။မိုးသည်းရွာသော အခါ၌ မိုးရေခံ၍ ရေချိုးသော အခါ ရေသနုပ် အဖြစ်ဖြင့် ဝတ်ရန် **မိုးရေခံ သင်္ကန်း**ကိုင်း အရပ်တပါးမှ ဆိုက် ရောက်လာသော ဧည့်သည် ရဟန်းတို့အတွက် တည်ထားသော **အာဂန္တုက ဆွမ်း**ကိုင်း ခရီးသွားဆဲ ခရီးသည် ရဟန်းတို့အတွက် တည်ထားသော **ဂမိက**

**ဆွမ်း**ကိုင်း မကျန်းမမာသော ပုဂ္ဂိုလ်တိအတွက် တည်ထားသော **ဂိလာန** **ဆွမ်း**ကိုင်း မကျန်းမာသော ပုဂ္ဂိုလ်တို့အား ပြုစုသော ရဟန်းတော်တို့ အတွက် တည်ထားသော **ဂိလာနုပဋ္ဌာကဆွမ်း**ကိုင်း မကျန်းမမာသော ပုဂ္ဂိုလ်တို့အတွက် တည်ထားသော ဆေးတည်းဟူသော **ဂိလာနဘေသဇ္ဇ**ကို ငင်း **အမြဲတမ်းယာဂု** အလှူကိုင်း ဘိက္ခုနီသံဃာအား **ရေသနုပ်သက်န်း**ကို ငင်း ဤရှစ်မျိုးသော အရာဌာနတို့ကို မြတ်စွာဘုရားသည် ဘယ်မြို့။ပ။ ခွင့်ပြု တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ မိဂါရ သူဌေး၏ မိခင်အရာ၌ တည်သော ပုဗ္ဗာရုံကျောင်းအမ **ဝိသာခါ** ဥပါသိကာကို အကြောင်းပြု၍ ခွင့်ပြုတော်မူအပ်ပါသည်၊ ဝိသာခါ ဒါယိကာမကြီးသည် ရဟန်းတော် တို့အား....

(၁) ရဟန်းတော်တို့ မိုဃ်းရေခံ မပါဘဲ ရေချိုးခဲ့သည်ရှိသော် မသင့် မလျော်သည်ကို အကြောင်းပြု၍ သံဃာတော်အား အသက်ထင်ရှား ရှိသမျှ ကာလပတ်လုံး မိုဃ်းရေခံသက်န်း လှူဒါန်းရန် အလို့ငှါငင်း—

(၂) အာဂန္တုက ရောက်သစ်စ ရဟန်းသည် လမ်းခရီး၌ မကျွမ်းကျင် သဖြင့် ပင်ပန်း နွမ်းနယ်စွာ ဆွမ်းခံ လှည့်လည်ရမည့် အရေး မြော်တွေးပြီး လျှင် ရောက်သစ်စ အာဂန္တု ရဟန်းတို့အား အာဂန္တုက ဆွမ်း လှူဒါန်းရန် အလို့ငှါငင်း—

(၃) ခရီးသွားအံ့ဆဲဆဲ ရဟန်းသည် မိမိဆွမ်းကို မိမိရှာ၍ နေရသည် ရှိသော် လိုက်ပါရမည့် အဖော် တစုတဝေးမှ ကျန်ရစ်မည့်ဘေးကိုင်း၊ သွား လိုရာ အရပ်သို့ အချိန်မတော်မှ ရောက်မည့်ဘေးကိုင်း မြော်တွေး စဉ်းစား လျှောက်ထားပြီးလျှင် ခရီးသွား ရဟန်းတော်တို့အား မိမိတသက် ပတ်လုံး ဂမိက ဆွမ်းကို လှူဒါန်းရန် အလို့ငှါငင်း—

(၄) ဂိလာန ရဟန်းအား လျောက်ပတ်သော ဘောဇဉ်ကို မရခဲ့ပါမူ အနာသေ်မူလည်း တိုးပွါးမည် သို့မဟုတ် ပျံလွန်တော်သော်မူလည်း ပျံလွန်တော်မူမည့်အရေး မြော်တွေး စဉ်းစား လျှောက်ထားပြီးလျှင် မိမိ တသက်ပတ်လုံး မကျန်းမမာသော ရဟန်းတော်တို့အား ဆွမ်းဝတ် အမြဲ တည်ရန်ကိုင်း—

(၅) သူနာပြု ရဟန်းသည် အကယ်၍ မိမိအတွက် ဆွမ်းကို ရှာနေရပါမူကား မကျန်းမမာသော ရဟန်းအတွက် သင့်လျော် လျောက်ပတ်သော ဆွမ်းကို အလွန့်အလွန် နေမြင့်မှ ပို့ဆောင်လေရာ၏ သို့မဟုတ် ဂိလာနရဟန်းအား ဆွမ်းပြတ်အောင်သော်၎င်း ပြုလေရာ၏၊ သို့ဖြင့် ဂိလာနုပဋ္ဌာက သူနာပြုရဟန်းအား မိမိက သူနာပြု ဆွမ်းဝတ် တည်ထားလျှင် အချိန်မှန်မှန် ဂိလာနရဟန်းကို ဆွမ်းပို့နိုင်ခြင်းဖြင့် အကျိုးများမည့် အရေးကို မြော်တွေးစဉ်းစားလျောက်ထားပြီးလျှင် သူနာပြု ရဟန်းတော်တို့ အတွက် တသက်ပတ်လုံး ဆွမ်းဝတ် တည်ရန်ကို၎င်း—

(၆) မကျန်းမမာသော ရဟန်းတော်အား လျောက်ပတ်သော ဆေးကို မရပါမူ ရောဂါတိုးမည်၊ သို့မဟုတ် ပျံလွန်တော်မူသော်လည်း ပျံလွန်တော်မူမည့် အရေးကို မြော်တွေးစဉ်းစား လျောက်ထားပြီးလျှင် မိမိတသက်ပတ်လုံး မကျန်းမမာသော ရဟန်းတော်တို့အား ဆေးပစ္စည်း လှူဒါန်းရန် အလို့ငှါ၎င်း—

(၇) မြတ်စွာဘုရားသည် အန္ဓကဝိန္ဒ အရပ်၌ သီတင်းသုံး နေတော်မူစဉ် အကျိုးဆယ်ပါးကိုပြ၍ ယာဂုကို ခွင့်ပြုတော်မူခဲ့ပါသည်၊ ထို အကျိုးဆယ်ပါးကို မြော်ကိုးထောက်ထား စဉ်းစားသောအားဖြင့် မိမိ တသက်ပတ်လုံး သံဃာတော်အား ယာဂုဝတ် အမြဲတည်၍ လှူဒါန်းရန် အလို့ငှါ၎င်း—

(၈) ဘိက္ခုနီသံဃာအား ရေသနုပ်မပါဘဲ ရေချိုးခဲ့သည်ရှိသော် အမြင်မတော် မလျောက်ပတ်သည်ကို မြော်ခေါ်ထောက်ထား စဉ်းစားမိသဖြင့် ဘိက္ခုနီသံဃာအား တသက်ပတ်လုံး ရေသနုပ်သင်္ကန်း လှူဒါန်းရန် အလို့ငှါ၎င်း—

ဤရှစ်ပါးသော ဆုတို့ကို မြတ်စွာဘုရား ထံမှောက် သွားရောက်၍ အကြောင်းခြင်းတနှင့်တကွ ဖော်ပြတောင်းခဲ့ပါသည်၊ ထိုသို့သော အကြောင်းဝတ္ထုကြောင့် ဤရှစ်မျိုးသော အရာကို သဗ္ဗညုမြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပါသည် အရှင်ဘုရား။

ဝိသာခါအား ဆုရှစ်မျိုး ခွင့်ပြုခြင်း ပြီး၏

## သဒ္ဓါဒေယျပစ္စည်းများ ခွင့်ပြုခြင်းနှင့် တားမြစ်ခြင်း

ပုစ္ဆာ။ ။ဘဂဝတာ အာဝုသော မာတာပိတူနံ ဒါနံ အနုဇာနိတွာ သဒ္ဓါဒေယျံ ဝိနိပါတေန္တဿ ဒုက္ကဋံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အညတရံ ဘိက္ခုံ အာရဗ္ဘ ပညတ္တံ၊ အညတရဿ ဘန္တေ ဘိက္ခုနော ဗဟုံ စီဝရံ ဥပ္ပန္နံ အဟောသိ၊ သော စ တံစီဝရံ မာတာပိတူနံ ဒါတုကာမော အဟောသိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။လူ ဒါယကာ ဒါယိကာမတို့က ငါတို့သည် ဤ သင်္ကန်း စသော ဝတ္ထုပစ္စည်းတို့ကို ရဟန်းတော်တို့အား လှူဒါန်း ပေးကမ်းသည် ရှိသော် ရဟန်းတော်တို့သည် ထို ပစ္စည်းတို့ကို သုံးဆောင်လျက် မြတ်စွာဘုရား၏ သာသနာတော်၌ အလွန်မွန်မြတ်သော သီလ သမာဓိ ပညာ စသော ဂုဏ်ကျေးဇူးများကို ပြည့်စုံအောင် ကျင့်ကြံတော်မူကြပေလိမ့်မည် ဟူ၍၎င်း ထိုသို့ပေးလှူရသည့်အတွက်မှာလည်း လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရခြင်း၏ အကြောင်း မွန်မြတ်သော ကုသိုလ်ကောင်းမှု ဖြစ်ပေလိမ့်မည် ဟူ၍၎င်း ဤသို့သော ယုံကြည်ချက်ဖြင့် လှူဒါန်းသော သင်္ကန်းအစရှိသော ဝတ္ထုပစ္စည်းတို့ကို ရဟန်းသည် ပေးလိုက အမိ အဘတို့အား ပေးနိုင်ရန် မြတ်စွာဘုရားခွင့်ပြုတော်မူပြီးလျှင် ထိုသို့သော သဒ္ဓါတရားဖြင့် ပေးလှူသော ဝတ္ထုပစ္စည်းတို့ကို အမိ အဘမှတပါး အခြားသော ပုဂ္ဂိုလ်တို့အား ပေးကမ်းခြင်းဖြင့် **သဒ္ဓါဒေယျ ပစ္စည်း**ကို အလဟဿ ပျက်စီးစေသော ရဟန်းအား အကြင် ဒုက္ကဋ် အာပတ်ကို မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထို ဒုက္ကဋ် အာပတ်ကို ဘယ်မြို့။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ အညတရ ရဟန်းတပါးကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

မြတ်စွာဘုရား သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် အညတရ ရဟန်းတပါးအား များစွာသော **သဒ္ဓါဒေယျ သင်္ကန်း**တို့ ဖြစ်ပါသည် ရှိပါသည်၊ ထိုရဟန်းသည်လည်း ထိုသင်္ကန်းတို့ကို မိခင် ဘခင် ကျေးဇူးရှင်တို့အား

ကျေးဇူးဆပ်သောအနေ ခြီးမြှောက်ခြင်းငှါ အလိုရှိပါပေသည် ထိုသို့သော မှုခင်းကိစ္စကြောင့်—

မာတာပိတရောတိ ခေါ ဘိက္ခဝေ ဒဒမာနေ ကိံ ဝဒေယျာမ၊ အနုဇာနာမိ ဘိက္ခဝေ မာတာပိတူနံ ဒါတုံ၊ န စ ဘိက္ခဝေ သဒ္ဓါဒေယျံ ဝိနိပါတေတဗ္ဗံ၊ ယော ဝိနိပါတေယျ အာပတ္တိ ဒုက္ကဋဿ—

ချစ်သားတို့ မိခင် ဘခင် ဟူ၍ ဂုဏ်ကျေးဇူးကို အောက်မေ့ပြီးလျှင် ပေးလှူသည်ရှိသော် ငါဘုရား တစုံတခု မြစ်တားခြင်းကို မပြုပါ မိခင် ဘခင် တို့အား ပေးလှူဘို့ရန် ခွင့်ပြုပါသည်၊

သို့သော်လည်း ဒါယကာ ဒါယိကာမတို့က သဒ္ဓါသဖြင့် လှူဒါန်းအပ်သော သင်္ကန်း ဆွမ်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့ကို မိဘမှ တပါးသော ပုဂ္ဂိုလ်တို့အား ပေးကမ်းခြင်း စွန့်ကြဲခြင်း အလွဲသုံးစား ပြုလုပ်ခြင်းဖြင့် သဒ္ဓါဒေယျပစ္စည်းတို့ကို ဖရိုဖရဲ ပျက်စီးစေသော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်စေ ဟု သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

သဒ္ဓါဒေယျ ခွင့်ပြုခြင်းနှင့် တားမြစ်ခြင်း ပြီး၏

---

## ဝါမဆိုသည့်ကျောင်းမှ သင်္ကန်းဝေစုကို မခံယူရခြင်း

ပုစ္ဆာ။ ။အညတြ ဝဿံ ဝုဋ္ဌေန အာဝုသော အညတြ စီဝရဘာဂံ သာဒိယန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အာယသ္မန္တံ ဥပနန္ဒံ သကျပုတ္တံ အာရဗ္ဘ ပညတ္တံ၊ အာယသ္မာ ဘန္တေ ဥပနန္ဒော သကျပုတ္တော အညတြ ဝဿံ ဝုဋ္ဌော အညတြ စီဝရဘာဂံ သာဒိယိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။အခြားတပါးသော ကျောင်းတိုက်၌ ဝါကပ်နေထိုင်ခဲ့ပြီးလျှင် ထိုမှတပါး အခြားသော ကျောင်းတိုက်၌ စီဝရကာလ သင်္ကန်းကာလ ဝယ် သံဃာအား လှူထားသော သံဃိက သင်္ကန်းတို့ကို သက်ဆိုင်ရာ သံဃာ

တို့အား ဝေဘန်တိုက ပြုသော အခါကာလ၌ ထိုသင်္ကန်းတို့မှ ဝေစု ဝေပုံခံ၍ ယူသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို ပညတ်တော် မူခဲ့ပေ၏၊ ထို ဒုက္ကဋ် အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်၌ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသော အရှင်ဥပနန္ဒ မထေရ်ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊

အရှင်ဥနန္ဒ မထေရ်သည် သာဝတ္ထိပြည်၌ ဝါကျွတ်ပြီးလျှင် သာဝတ္ထိပြည် မှ မနီးမဝေး တခုသော ရွာငယ်ကျောင်းသို့ ရောက်ရှိပါသည်၊ ထိုကျောင်း၌ ကျောင်းနေ အာဝါသိက ရဟန်းတို့သည် သံဃိကသင်္ကန်းကို ဝေဘန်လုဆဲဆဲ အခါ အရှင်ဥပနန္ဒအားလည်း အစုအပုံကို ခံယူမည်လား ဟု မေးမြန်းသော အခါ ခံယူမည် ဟု ပြောကြားပြီးလျှင် ထိုကျောင်းမှ သံဃိက သင်္ကန်း ဝေစု ရယူပြီးလျှင် အခြားသော ကျောင်းသို့ သွားပြန်ပါသည်၊

ထိုကျောင်းမှလည်း ထို့အတူ သံဃိကသင်္ကန်း ဝေစုကို ခံယူပြီးလျှင် ကြီးစွာသော သင်္ကန်းထုပ်ကိုယူ၍ သာဝတ္ထိပြည် မိမိနေရင်းကျောင်းသို့ ပြန်ခဲ့ ပါသည်၊ ထိုအခြင်းအရာကို မြင်သော ရဟန်းတို့က—

မဟာ ပုညောသိ တွံ အာဝုသော ဥပနန္ဒ—ငါ့ရှင် ဥပနန်....အသင် သည် လွန်စွာ့ လွန်စွာ ဘုန်းကြီးလှပါပေတကား သင့်အား များစွာသော သင်္ကန်းတွေသည် ဖြစ်ခဲ့ပါပြီ တကား ဟု ပြောကြားလေလျှင် "ငါ့မှာ အဘယ် မှာလျှင် ဘုန်းကြီးခြင်းဖြစ်ပါအံ့နည်း ဤမည်သော ကျောင်းငယ်သို့သွား၍ သံဃိကသင်္ကန်းကို ဝေဘန် ခံယူခဲ့ကြောင်း၊ ထိုကျောင်းမှ တခြားသော ကျောင်းသို့ ထိုကျောင်းမှ တပါးသောကျောင်းသို့ ပြောင်းကာ ပြောင်းကာ သံဃိကသင်္ကန်းကို ဝေစုခံယူခဲ့ကြောင်း" ပြန်ပြောင်းလျှောက်ထားသည်တွင် များစွာသော ရဟန်းတော်တို့က—

"ငါ့ရှင်....သင်သည် တပါးသောကျောင်း၌ ဝါကျွတ်သူ ဖြစ်ပါလျက် တခြားသော ကျောင်း၌ သံဃိကသင်္ကန်းကို ဝေစု ခံယူပါသလော" ဟု မေးမြန်းသည်တွင်—

ဟုတ်မှန်ကြောင်း ဝန်ခံသဖြင့် အရှင်ဥပနန္ဒသည် အဘယ့်ကြောင့် တပါးသော ကျောင်း၌ ဝါကျွတ်သူ ဖြစ်ပါလျက် တခြားသောကျောင်း၌ သံဃိက သင်္ကန်းဝေစုကို ခံယူဘိသနည်း ဟု များစွာ ကဲ့ရဲ့ရှုတ်ချစကား ပြော

ကြားပြီးလျှင် မြတ်စွာဘုရားအား ထိုအကြောင်းကို လျှောက်ထားကြပါကုန်သည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ထို ဒုက္ကဋ် အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ဝါမဆိုသည့်ကျောင်းမှ သင်္ကန်းဝေစုကို မခံယူရခြင်း ပြီး၏

---

## မကျန်းမာသောရဟန်းအား စောင့်ရှောက်ပြုစုရန် ပညတ်ခြင်း

ပုစ္ဆာ။ ။အနာထက် အာဝုသော ဘိက္ခုံ ဂိလာနံ န ဥပဋ္ဌဟန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အညတရံ ဘိက္ခုံ အာရဗ္ဘ ပညတ္တံ၊ ဘဂဝတိ ဘန္တေ သာဝတ္ထိယံ ဝိဟရတိ အညတရဿ ဘိက္ခုနော ကုစ္ဆိဝိကာရာဗာဓော အဟောသိ၊ သော သကေ မုတ္တကရီသေ ပလိပန္နော သယိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဥပဇ္ဈာယ်ဆရာစသည့် စောင့်ရှောက် လုပ်ကျွေးမည့်သူ ရင်းနှီးသော ပုဂ္ဂိုလ် မရှိသည်ဖြစ်၍ ခိုကိုးရာမဲ့ အားကိုးရာမဲ့ ဖြစ်၍ နေသော **ဂိလာနရဟန်းကို** နီးစပ်သော ရဟန်းတို့က မပြုစုခဲ့လျှင် ထိုမပြုစုသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို မြတ်စွာဘုရား။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ မထင်မရှား အညတရ ဂိလာနရဟန်းတပါးကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် သီတင်းသုံးနေတော်မူစဉ် မထင်မရှား ရဟန်းတပါးအား ဝမ်းပျက်သော အနာရောဂါ လွှမ်းမိုးနှိပ်စက်လျက်ရှိပါသည် ထိုရဟန်းသည် တစုံတဦး ပြုစုမည့်သူ မရှိသဖြင့် မိမိ၏ ကျင်ကြီး ကျင်ငယ်၌ပင် လည်းလျောင်းလျက် ရှိပါသည်၊

မြတ်စွာဘုရားသခင်သည် ရှင်အာနန္ဒာကို ပစ္ဆာသမဏ အဖြစ်ခေါ် ယူ၍ ကျောင်းစဉ် ဒေသစာရီ လှည့်လည်ကြည့်ရှုတော် မူသောအခါ ထိုရဟန်း၏ ကျောင်းသို့ ရောက်သဖြင့် ထိုရဟန်းသည် မိမိ၏ အညစ်အကြေးတို့၌ လည်းလျောင်းသည်ကို မြင်တော်မူသဖြင့်——

ချစ်သား.... အသင်ချစ်သားအား အဘယ်ရောဂါနည်း ဟု မေးတော်မူပါသည်။

ဝမ်းပျက်သောရောဂါ ဖြစ်ပါသည်ဘုရား ဟု လျှောက်ထားလျှင် "သင် ချစ်သားအား ပြုစုလုပ်ကျွေးမည့် ရဟန်းများရှိပါသလား" ဟု မေးလေသော် "မရှိပါကြောင်း" ပြန်ပြောင်းလျှောက်ထားပါသည်၊

သင်ချစ်သားကို၊ အဘယ့်ကြောင့် သီတင်းသုံးဘော် ရဟန်းတော်တို့က မပြုစုကြဘိသနည်း ဟု မေးမြန်းတော်မူလေလျှင်—

တပည့်တော်သည် သီတင်းသုံးဘော် ရဟန်းတော်တို့၏ စကားကို မလိုက်နာ မကျင့်သုံးသော ပုဂ္ဂိုလ်ဖြစ်သဖြင့် သီတင်းသုံးဘော်တို့က လျစ်လျူရှုကာ မပြုမစုဘဲ ထားကြပါကြောင်း ပြန်ပြောင်းလျှောက်ထားသည်တွင်—

မြတ်စွာဘုရားသည် ရှင်အာနန္ဒာကို ရေခပ်စေ၍ ဘုရားကိုယ်တော်တိုင် ထိုဂိလာနရဟန်းအား ရေလောင်းပေးတော်မူပါသည် ရှင်အာနန္ဒာကိုယ်တိုင် ပွတ်သတ်သုတ်သင်၍ ပေးပါသည် ဘုရားကိုယ်တော်တိုင် ဦးခေါင်းမှ ပွေချီ၍ ရှင်အာနန္ဒာက ခြေရင်းမှ ပွေချီပြီးလျှင် ဘုရားနှင့်တကွ ရှင်အာနန္ဒာတို့ နှစ်ပါးလုံးပင် ထိုရဟန်းကို ခံတင် (ခုတင်) ညောင်စောင်း ထက်သို့ တင်ခဲ့ကြပါသည်၊

မြတ်စွာဘုရားသည် ဤအကြောင်း ကိစ္စဖြင့် ရဟန်း သံဃာ တို့ကို စည်းဝေးစေ၍ "ချစ်သားတို့ ဤမည်သောကျောင်းဝယ် ဂိလာနရဟန်း ရှိပါသလား" ဟု မေးသည်တွင် ရှိပါကြောင်း လျှောက်ထားကြပါသည်၊ "ထိုရဟန်းအား ပြုစုမည့်သူ ရှိပါသလား" ဟု မေးသည်တွင် မရှိပါကြောင်း ပြန်ပြောင်းလျှောက်ထားလေသော် "အဘယ့်ကြောင့် ထိုရဟန်းကို အဖော်ရဟန်းတို့ မစုပြုကြသနည်း" ဟု မေးမြန်းတော်မူလတ်သော် ထိုရဟန်းသည် သီတင်းသုံးဘော် အဖော်ရဟန်းတို့၏ စကားကို မလိုက်နာ မပြုလုပ်သဖြင့် လျစ်လျူရှုကာ မပြုမစုဘဲ ထားကြကြောင်း ပြန်ပြောင်း လျှောက်ထားသောအခါ—

နတ္ထိ ဝေါ ဘိက္ခဝေ မာတာ နတ္ထိ ပိတာ—ချစ်သားတို့....ဤငါဘုရား၏ သာသနာဝယ် သင်ချစ်သားတို့အား အန္တံအနာခံ၍ ပြုစုမည့် မိခင် ဘခင်

ဟူ၍မရှိခဲ့ပါတကား အသင် ချစ်သားတို့သည်ပင် အချင်းချင်း မပြုစုပါမူ ဘယ်သူတယောက် လာရောက်၍ ပြုစုပါအံ့နည်း၊

အကြင် ရဟန်းသည် ငါဘုရား၏ အဆုံးအမ ဩဝါဒကို လိုက်နာသော အားဖြင့် ငါဘုရားကို ပြုစုလုပ်ကျွေး နိုင်ပါမူ ထိုရဟန်းသည် ဂိလာနရဟန်းကို ပြုစုလုပ်ကျွေးနိုင်ရမည်၊

ဥပဇ္ဈာယ် ဆရာရှိလျှင် ဥပဇ္ဈာယ်ဆရာက နိဿယည်း ဆရာ ရှိလျှင် နိဿယည်းဆရာက သဒ္ဓိဝိဟာရိက တပည့်ရှိလျှင် သဒ္ဓိဝိဟာရိကတပည့်က အန္တေဝါသိက တပည့်ရှိလျှင် အန္တေဝါသိကတပည့်က ဥပဇ္ဈာယ်တူ သီတင်းသုံးဘော်ရှိလျှင် ထိုအဖော်က နိဿယည်းတူ သီတင်းသုံးဘော်ရှိလျှင် ထိုအဖော်က ဂိလာနပုဂ္ဂိုလ်အား အနာရောဂါ ကင်းရှင်းသည်တိုင်အောင် ပြုစုရမည်၊

အကယ်၍ ဥပဇ္ဈာယ်ဆရာ နိဿယည်းဆရာ သဒ္ဓိဝိဟာရိက တပည့် အန္တေဝါသိက တပည့် ဥပဇ္ဈာယ်တူ သီတင်းသုံးဘော် နိဿယည်း ဆရာတူ သီတင်းသုံးဘော် မရှိခဲ့သော်ကား နီးစပ်သော သံဃာအများကပင် ပြုစုရမည်၊

အကြင် သံဃာသည် မပြုမစုငြားအံ့ ထိုသံဃာသည် ဒုက္ကဋ် အာပတ် သင့်စေ ဟု သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

မကျန်းမာသောရဟန်းအား စောင့်ရှောက်ပြုစုရန် ပညတ်ခြင်း ပြီး၏

---

## အဝတ်-မဝတ်သည့်အကျင့်ကို တားမြစ်ခြင်း

ပုစ္ဆာ။ ။နဂ္ဂိယံ အာဝုသော တိတ္ထိယသမာဒါနံ သမာဒိယန္တဿ ထုလ္လစ္စယံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အညတရံ ဘိက္ခုံ အာရဗ္ဘ ပညတ္တံ၊ အညတရော ဘန္တေ ဘိက္ခု နဂ္ဂိယံ တိတ္ထိယသမာဒါနံ သမာဒိယိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။အဝတ်မဝတ်ဘဲ ခြိုးခြံစွာ ကျင့်ခြင်း ဟု ဆိုအပ်သော တိတ္ထိတို့၏ ကျင့်ဝတ်ကို ဆောက်တည်ကျင့်သုံးသော ရဟန်းအား ထုလ္လစ္စည်း အာပတ်ကို မြတ်စွာဘုရားသခင်သည် ဘယ်မှို့။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ အညတရ ရဟန်းတပါးကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

မထင်မရှား အညတရ ရဟန်းတပါးသည် အဝတ်မဆီး အချည်းနှီးဖြစ်၍ ဘုရားထံမှောက် သွားရောက်ပြီးလျှင်—

ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... ရှင်တော်ဘုရားသည် အလိုနည်းခြင်း ရောင့်ရဲလွယ်ခြင်း စသည်၏ ကျေးဇူးကို များစွာ ဟောကြားတော်မူပါပေသည်၊ ဤဘုရားတပည့်တော် ယခု ကျင့်သုံးအံ့ ဆဲဆဲဖြစ်သော အဝတ်မဆီး အချည်းနှီးနေခြင်းသည် ရှင်တော်ဘုရား အလိုတော်ကျ များစွာအလိုနည်းခြင်း ရောင့်ရဲလွယ်ခြင်း စသည်၏ အကြောင်းဖြစ်ပါသည်၊

မြတ်စွာဘုရားသည် ရဟန်းတော်တို့ကို အပ္ပိစ္ဆ,သန္တောသ တရား တိုးပွါးစေခြင်း အလို့ငှါ အဝတ်မဆီးခြင်း တည်းဟူသော အကျင့်ကို ခွင့်ပြုတော်မူပါ ဟု လျှောက်ထားသော မှုခင်းကိုစွဝယ် အဝတ်မဆီး အချည်းနှီးနေခြင်း တည်းဟူသော သာသနာပြင်ပ ဘုရား၏ ဆန့်ကျင်ဘက် တိတ္ထိတို့၏ အကျင့်မျိုးကို ကျင့်သုံးဆောက်တည်သော ရဟန်းအား ထုလ္လစ္စည်း အာပတ် သင့်စေ ဟု သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

အဝတ် မဝတ်သည့်အကျင့်ကို တားမြစ်ခြင်း ပြီး၏

---

## မအပ်သော သက်န်းများ

ပုစ္ဆာ။ ။သဗ္ဗနီလကာနိ ဝါ အာဝုသော စီဝရာနိ သဗ္ဗပီတကာနိ ဝါ သဗ္ဗလောဟိတကာနိ ဝါ သဗ္ဗမဉ္ဇိဋ္ဌကာနိ ဝါ သဗ္ဗကဏှာနိဝါတိ ဝေရူပါနိ စီဝရာနိ မာရေန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိသဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊
ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ သဗ္ဗနီလကာဒီနိ စီဝရာနိ ဓာရေသုံ၊
တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။အလုံးစုံ ညိုပြာသော အသွေးအရောင်ရှိသော သက်န်းကို ငင်း အလုံးစုံ နနွင်းရောင် ဝါထိန်သော အဆင်းရှိသော သက်န်းကိုငင်း အလုံးစုံ လယ်ခေါင်ရမ်းပန်းရောင် နီတွေးသော အရောင်ရှိသော သက်န်းကိုငင်း အလုံးစုံ မည်းနက်သော အရောင်ရှိသော သက်န်းကိုငင်း အလုံးစုံ မဟာရင်္ဂ ဆိုးရည်ဖြင့် ဆိုးထား၍ ကင်းခြေများ ကျောက်ကုန်း အဆင်းရှိသော သက်န်းကိုငင်း အလုံးစုံ မဟာနာမ ဆိုးရည်ဖြင့် ဆိုးထား၍ ဖက်ရွက်လျှော်ရောင် အဆင်းရှိသော သက်န်းကိုငင်း အမြိတ် အဆာ မဖြတ်ရ သေးသော သက်န်းကိုငင်း အမြိတ်အဆာဖြတ်သော်လည်း ရှည်သော အမြိတ်အဆာ ကြွင်းကျန်နေသေးသော သက်န်းကိုငင်း ပန်းပွင့် အမြိတ်အဆာရှိသော သက်န်းကိုငင်း မြွေပါးပျဉ်းသဏ္ဍာန် အမြိတ်အဆာပြားရှိသော သက်န်းကိုငင်း ဝတ်ရုံသုံးဆောင်သော ရဟန်းအား ဒုက္ကဋ် အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

ဆဗ္ဗဂ္ဂီရဟန်းတို့သည် အမေးပုစ္ဆာပြဿနာ၌ ပါရှိသောအတိုင်း အလုံးစုံ နီလာရောင် ပြာမှောင်သော အဆင်းရှိသော သက်န်း တို့ကိုလည်း ဝတ်ရုံခဲ့ကြပါကုန်ပြီ၊ အလုံးစုံ နနွင်းရောင် ဝါထိန်သော အဆင်းရှိသောသက်န်းတို့ကိုလည်း ဝတ်ရုံခဲ့ကြပါကုန်ပြီ၊ အလုံးစုံ နီမြန်းသော အဆင်းရှိသော သက်န်းတို့ကိုလည်း ဝတ်ရုံသုံးဆောင်ခဲ့ကြပါကုန်ပြီ၊ အလုံးစုံ မောင်းသော အဆင်းရှိသော သက်န်းတို့ကိုလည်း ဝတ်ရုံသုံးဆောင် ခဲ့ကြပါကုန်ပြီ၊ အလုံးစုံ အသွေးအရောင် နီမဲမှောင်သော သက်န်းတို့ကိုလည်း ဝတ်ရုံသုံးဆောင်ခဲ့ကြပါကုန်ပြီ၊ အလုံးစုံ မဟာရင်္ဂ မဟာနာမ ဆိုးရည်တို့ဖြင့် တပ်စွန်းအပ်သော ကင်း သန်း ကျောက်ကုန်း အဆင်းရှိသော သက်န်းတို့ကိုလည်း ဝတ်ရုံသုံးဆောင်ခဲ့ကြပါကုန်ပြီ၊ ဖက်ရွက်လျှော် အဆင်းရှိသော သက်န်းတို့ကိုလည်း ဝတ်ရုံသုံးဆောင်ခဲ့ကြပါကုန်ပြီ၊ အမြိတ်အဆာ မဖြတ်သော သက်န်းတို့ကိုငင်း ရှည်လျားသော အမြိတ်အဆာရှိသော သက်န်းတို့ကိုငင်း ပန်းပွင့် ပန်းခက် အမြိတ်အဆာ

ရှိသော သင်္ကန်းတို့ကိုငှင်း မြေပြပါးပျဉ်းသင်္ကန်းပြားသော အမြိတ်အဆာရှိသော သင်္ကန်းတို့ကိုငှင်း ဆင်မြန်း ဝတ်ရုံကြပါကုန်သည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ထိုဒုက္ကဋ်အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည်အရှင်ဘုရား။

မအပ်သော သင်္ကန်းများ ပြီး၏

---

## အင်္ကျီ နှင့် ခေါင်းပေါင်း ပယ်မြစ်ခြင်း

ပုစ္ဆာ။ ။ကဉ္စုကံ ဝါ အာဝုသော ဝေဌနံ ဝါ ဓာရေန္တဿ ဒုက္ကဋံ ဘဂဝတာ
ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ဆဗ္ဗဂ္ဂိယေဝ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊
ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ ကဉ္စုကံ ပိ ဓာရေသုံ ဝေဌနံ
ပိ ဓာရေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။အင်္ကျီကို ဝတ်သော ရဟန်းအားငှင်း ခေါင်းပေါင်း ဦးရစ်ပေါင်းသော ရဟန်းအားငှင်း ဒုက္ကဋ်အာပတ်ကို မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထို ဒုက္ကဋ်အာပတ် နှစ်မျိုးကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂ္ဂီ ရဟန်းတို့၏ အင်္ကျီကိုယ်ကျပ်စွပ်ကျယ် ဝတ်ရုံသော မှုခင်းကိစ္စကြောင့်ငှင်း ထိုဆဗ္ဗဂ္ဂီ ရဟန်းတို့သည်ပင်လျှင် ဦးရစ် ခေါင်းပေါင်းကိုပေါင်းသော ဝတ္ထုကြောင့်ငှင်း ထို ဒုက္ကဋ်အာပတ်နှစ်ပါးကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။စီဝရသညုတ္တံ ပုစ္ဆိဿံ၊ သနိဒါနံ သနိဒ္ဒေသံ။
သမုက္ကဋ္ဌပဒါနံ အာဝုသော ကတိ အာပတ္တိယော။

ဝိဿဇ္ဇနာ။ ။စီဝရသညုတ္တံ ဝိဿဇ္ဇိဿံ၊ သနိဒါနံ သနိဒ္ဒေသံ။
သမုက္ကဋ္ဌပဒါနံ ဘန္တေ တိဿော အာပတ္တိယော။

အမေး။ ။သက်နှင်းနှင့်စပ်၍ ပညတ်ထားသော ပညတ်အစုတည်းဟူသော စီဝရက္ခန္ဓကကို နိဒါန်း နိဒ္ဒေသနှင့် တကွ မေးမြန်းပေအံ့၊ စီဝရက္ခန္ဓကလာ မြတ်စွာဘုရား ပညတ်ထားသော ပညတ်တော်တို့နှင့် သက်ဆိုင်သော အာပတ်တို့သည် အဘယ်မျှ ရှိပါကုန်သနည်း ငါ့ရှင်။

အဖြေ။ ။နိဒါန်း နိဒ္ဒေသနှင့်တကွ သက်နှင်းနှင့် စပ်သဖြင့် ပညတ်တော်မူအပ်သော စီဝရက္ခန္ဓကကို ဖြေကြား လျှောက်ထားပါအံ့၊ ဤစီဝရက္ခန္ဓကဌာ မြတ်စွာဘုရား ရှေးနှုတ်တော်ထွက် မုခပါဠိ မြတ်သော စကားတော် အစဉ်တို့နှင့် စပ်ဆိုင်ရာ အာပတ် အမျိုးအစားတို့မှာ ဒုက္ကဋ်အာပတ် ပါစိတ်အာပတ် ထုလ္လစ္စည်းအာပတ် ဟူ၍ သုံးမျိုးသုံးစား အကျဉ်းအားဖြင့် ထင်ရှား ရှိကြပါသည် အရှင်ဘုရား။

အင်္ဂါ နှင့် ခေါင်းပေါင်း ပယ်မြစ်ခြင်း ပြီး၏

**စီဝရက္ခန္ဓက ပြီး၏**

# ၉—ဓမ္မေယျကတ္ထဝဏ္ဏ

## ကဿပဂေါတ္တ မထေရ် အကြောင်း

ပုစ္ဆာ။ ။သုဒ္ဓံ အာဝုသော ဘိက္ခုံ အနာပတ္တိကံ အဝတ္ထုသ္မိံ အကာရဏေ ဥက္ခိပန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။စမ္ပာယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ ဘဂဝတိ ဘန္တေ စမ္ပာယံ ဝိဟရတိ သမ္ဗဟုလာ ဘိက္ခူ ကာသီသု ဝါသဘဂါမေ သုဒ္ဓံ ကဿပဂေါတ္တံ ဘိက္ခုံ အနာပတ္တိကံ အဝတ္ထုသ္မိံ အကာရဏေ ဥက္ခိပိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။အာပတ်သင့်ခြင်း မရှိသော သီလသန့်ရှင်း စင်ကြယ်သော ရဟန်းကို အကြောင်းမဲ့ သက်သက်နှင်ထုတ်ခြင်း ဥက္ခိတ္တက ကံကို ပြုသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။စမ္ပာပြည် အရပ်၌ များစွာသော အာဂန္တုက ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊

မြတ်စွာဘုရားသခင် စမ္ပာပြည် ဂဂ္ဂရာ ရေကန်နား၌ သီတင်းသုံး နေတော်မူစဉ် ကာသိတိုင်း ဇနပုဒ်တို့၌ ဝါသဘ မည်သော ရွာရှိပါသည်၊ ထိုရွာ၌ ကဿပဂေါတ္တ အမည်ရှိသော ကျောင်းနေ ရဟန်းတော် သီလဝန္တ မထေရ် သူမြတ်တပါး ရှိပါသည်၊ ထိုမထေရ်သည် မိမိနေရာ ကျောင်း၏ သာသနာ အဓွန့်ရှည်စွာ ကြီးပွါးကြောင်း စည်ပင်ကြောင်းကို အမြဲတစေ အားထုတ်လျက် ရှိနေပါသည်၊

ထိုအခါ များစွာသော ရဟန်းတို့သည် ဝါသဘရွာသို့ ခရီးဒေသစာရီ လှည့်လည်လာသည်ကို ကဿပဂေါတ္တ ကျောင်းနေ သူတော်ကောင်း ရဟန်း မြင်သဖြင့် ခရီးဦးကြိုဆိုခြင်း နေရာခင်းခြင်း သောက်ရေ သုံးဆောင်ရေ တည် ထားခြင်း အစရှိသော ဝတ်ကြီးဝတ်ငယ်တို့ကို ပြုစုရုံမျှမက ထိုရဟန်းတို့

နေသမျှ ကာလပတ်လုံး ချီးရေ, ယာဂု, ဆွမ်း စသည်တို့ကိုလည်း ကြောင့်ကြ ကြိုးကုတ် အားထုတ်ပါသည်၊ ထိုအခါ ထိုအာဂန္တုရဟန်းတို့သည် ဤအာဝါသိက ကျောင်းနေ ကိုယ်တော်ကား လွန်စွာလွန်စွာ ကောင်းသည် ငါတို့သည် ဤကျောင်း၌ အမြဲနေကုန်အံ့ ဟု အမြဲနေသော နေဝါသိက အဖြစ် နေကြပါကုန်သည်၊

အတန်ကာလညောင်းသောအခါ ကဿပဂေါတ္တ ရဟန်းသူမြတ်သည် "ဤရဟန်း မထေရ်သူမြတ်တို့၏ အာဂန္တုက အပင်အပန်း အာဂန္တုက အနွမ်းအနယ်ကား ပြေပျောက် ခဲ့လေပြီ လမ်း ခရီး၌လည်း လိမ်မာ ကြကုန်ပြီ ဒါယကာ ဒါယိကာမတို့ထံ အခါခပ်သိမ်း ကာလရှည်လျားစွာ တောင်းရမ်း ရခြင်းသည်လည်း သာသနာတော်၌ မလျောက်ပတ်ခဲ့ အကြိမ်ကြိမ် တောင်း ရမ်းခြင်းကိုလည်း လူတို့သည် မနှစ်သက်အပ်ခဲ့ သို့ရကား ထိုရဟန်းတို့အတွက် ယာဂုဆွမ်း ကြိုးပမ်း အားထုတ်ခြင်းကို ငါမပြုတော့အံ့" ဟု အကြံဖြစ်ပြီးလျှင် ယာဂုကိစ္စ ဆွမ်းကိစ္စကို မစီမံသဖြင့် ထို အာဂန္တုက ရဟန်းတို့သည် တညီ တညွတ်တည်း စည်းဝေးကြပြီး ငါတို့သည် ဤကျောင်းနေ အာဝါသိက ကဿပဂေါတ္တ ရဟန်းကို ဥက္ခေပနီယကံ ပြုကြကုန်စို့ ဟု တညီတညွတ်တည်း တိုင်ပင်ကြပြီးလျှင် ကဿပဂေါတ္တ ရဟန်းကို အစည်းအဝေးသို့ ခေါ်ပြီး ငါ့ရှင် သင်သည် အာပတ်သို့ ရောက်ခဲ့ချေပြီ ထို အာပတ်ကို အသင်သည် ရှုလော့ ဟု ပြောဆိုကြပါသည်၊

ထိုအခါ ကဿပဂေါတ္တ ရဟန်းက တပည့်တော် အာပတ်ဟူ၍ ရှုစရာမရှိ ပါကြောင်း ပြန်ပြောင်း လျှောက်ထားသည်တွင် အာပတ်ကို မရှုခြင်းကြောင့် သံဃာ၌ နှင်ထုတ်ခြင်း တည်းဟူသော ဥက္ခေပနီယကံကို မတရားသဖြင့် ပြုကြ ပါကုန်သည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ထိုဒုက္ကဋ်အာပတ်ကို သဗ္ဗညု မြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။စမ္ပေယျကံ ပုစ္ဆိဿံ၊ သနိဒါနံ သနိဒ္ဒေသံ။
သမုက္ကဋ္ဌပဒါနံ အာဝုသော ကတိ အာပတ္တိယော။

ဝိဿဇ္ဇနာ။ ။စမ္ပေယျကံ ဝိဿဇ္ဇိဿံ၊ သနိဒါနံ သနိဒ္ဒေသံ။
သမုက္ကဋ္ဌပဒါနံ ဘန္တေ ဧကာ အာပတ္တိ။

အမေး။ ။နိဒါန်း နိဒ္ဒေသနှင့် တကွသော စမ္မေယျက္ခန္ဓကကို မေးမြန်းပေအံ့၊ စမ္မေယျက္ခန္ဓကလာ မြတ်စွာဘုရား၏ စကားတော် ပညတ်တော်တို့နှင့် သက်ဆိုင်သော အာပတ်တို့သည် အကျဉ်းချုပ်အားဖြင့် အဘယ်မျှ ရှိပါကုန်သနည်း ငါ့ရှင်။

အဖြေ။ ။နိဒါန်း နိဒ္ဒေသနှင့်တကွသော စမ္မေယျက္ခန္ဓကကို အကျဉ်းချုပ်အားဖြင့် ဖြေကြား လျှောက်ထားပါအံ့၊ ဤ စမ္မေယျက္ခန္ဓကဌ် မြတ်စွာဘုရားသခင်၏ မုခပါဌ် မြတ်သော စကားတော်တို့နှင့် စပ်ဆိုင်သော အာပတ်အမျိုးအစားတို့သည်ကား ဒုက္ကဋ် အာပတ် တပါးသာ ရှိပါသည် အရှင်ဘုရား။

ကဿပဂေါတ္တ မထေရ်အကြောင်း ပြီး၏

**စမ္မေယျက္ခန္ဓက ပြီး၏**

# ၁ဝ။ ကောသမ္ဗကက္ခန္ဓက

## ကောသမ္ဗီပြည်၌ သံဃအဓိကရုဏ်းမှုကြီး ဖြစ်ခြင်း

### ဘုရားရှင် ချပေးသည့် ညီညွတ်ရေး လမ်းစဉ်

ပုစ္ဆာ။ ။ဘေဒကရကေဟိ ဘိက္ခဝေ ဘိက္ခူဟိ န သော ဘိက္ခု အာပတ္တိယာ အဒဿနေ ဥက္ခိပိတဗ္ဗောတိ စ၊ ဘေဒကရကေန ဘိက္ခဝေ ဘိက္ခုနာ ပရေသမ္ပိ သဒ္ဓါယ အာပတ္တိဒေသေတဗ္ဗာတိ စ အာဝုသော အယံ သာမဂ္ဂိရသဩဝါဒေါ ဘဂဝတာ ကတ္ထ ဒိန္နော၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဒိန္နော။

ဝိဿဇ္ဇနာ။ ။ကောသမ္ဗိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ ဒိန္နော၊ ဘဂဝတိ ဘန္တေ ကောသမ္ဗိယံ ဝိဟရတိ အညတရော ဘိက္ခု အာပတ္တိံ အာပန္နော အဟောသိ၊ သော တဿာ အာပတ္တိယာ အာပတ္တိ ဒိဋ္ဌိ အဟောသိ၊ အညေ ဘိက္ခူ တဿာ အာပတ္တိယာ အနာပတ္တိ ဒိဋ္ဌိနော အဟေသုံ။ သော အပရေန သမယေန တဿာ အာပတ္တိယာ အနာပတ္တိဒိဋ္ဌိ အဟောသိ၊ အညေ ဘိက္ခူ တဿာ အာပတ္တိယာ အာပတ္တိဒိဋ္ဌိနော အဟေသုံ။ အထခေါ တေ ဘန္တေ ဘိက္ခူ သာမဂ္ဂိံ လဘိတွာ တံ ဘိက္ခုံ အာပတ္တိယာ အဒဿနေ ဥက္ခိပိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဒိန္နော။

အမေး။ ။ဗဟုဿုတဂုဏ် ဓမ္မဓရဂုဏ် လဇ္ဇီပေသလဂုဏ် စသည်တို့နှင့် ပြည့်စုံ၍ အလွန် ထင်ရှား ကျော်စောသော ရဟန်းအား အာပတ်ကို မရှုခြင်းကြောင့် ဥက္ခေပနီယကံ ပြုခဲ့သည်ရှိသော် သံဃာကွဲပြားခြင်း ဖြစ်သော်လည်း ဖြစ်လေရာ၏ ဟု သိမြင်သော ရဟန်းတို့သည် သံဃာမကွဲပြားခြင်း သံဃာ ညီညွတ်ခြင်းကို လေးစားသော အားဖြင့် ထိုသို့သော ရဟန်းကို ဥက္ခေပနီယကံ မပြုအပ် မပြုကောင်းဟူ၍ရင်း——

ဗဟုဿုတဂုဏ် ဓမ္မဓရဂုဏ် လဇ္ဇီပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံသော ရဟန်းတို့က မိမိအား အာပတ်ဖြင့် ပြောဆိုလှာလျှင် မိမိက ထိုအာပတ်ကို ဝန်မခံဘဲ မပြောကြား မကုစားဘဲ နေခဲ့သည်ရှိသော် သံဃာ

ကွဲပြားခြင်း ဖြစ်သော်လည်း ဖြစ်ရာ၏ ဟူ၍ သိမြင်သော ရဟန်းသည် သံဃာ မကွဲပြားခြင်း သံဃာညီညွတ်ခြင်းကို လေးစားသော အားဖြင့် မိမိ၌ သံသယ ကုက္ကုစ္စ မရှိငြားသော်လည်း ထိုပြောဆိုလှာသော ရဟန်းတို့၏ ဗဟုဿုတဂုဏ် သိက္ခာကာမဂုဏ် လဇ္ဇီပေသလဂုဏ် အစရှိသည်တို့ကို အာရုံပြု ကြည်ညို ယုံကြည်သောအားဖြင့် ထို အာပတ်ကို ပြောကြားရမည်ဟူ၍ငင်း—

ဤသို့သော သံဃာ ညီညွတ် ညီစေခြင်း **သာမဂ္ဂိရသ** ရှိသော အဆုံးအမ ဩဝါဒကို မြတ်စွာဘုရားသခင်သည် ရဟန်းသံဃာအား ပေးတော်မူခဲ့ပေ၏၊ ထိုအဆုံးအမ ဩဝါဒကို အဘယ်မြို့ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အကြောင်းဝတ္ထုကြောင့် ပေးတော်မူပါသနည်း ငါ့ရှင်။

အဖြေ။ ။ကောသမ္ဗီပြည် အရပ်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပေးသနားတော်မူခဲ့ပါသည်၊

အနည်းငယ် လျှောက်ထားလိုပါသည်၊ မြတ်စွာဘုရား ကောသမ္ဗီပြည် ဃောသိတာရုံ ကျောင်း၌ သီတင်းသုံး နေတော်မူစဉ် သုတ္တန် ပိဋကတ်တော် ဆောင် မထေရ်တပါးသည် **ဝစ္စကုဋီ**အိမ်သို့ သွားသောအခါ သန့်သက်ရေကို ဝစ္စကုဋိခွက်၌ အနည်းငယ် ချန်၍ ထားခဲ့သည်ကို ဝိနည်းဆောင်သော ပုဂ္ဂိုလ် နောက်တခါ ဝစ္စကုဋိသို့ သွားသောအခါ တွေ့ရှိသဖြင့် "ငါ့ရှင်သည် ဒုက္ကဋ် အာပတ်သို့ ရောက်ချေပြီ" ဟု စွပ်စွဲသည့်အကြောင်းကို မေးလတ်သည်ရှိသော် သန့်သက်ရေခွက်၌ သန့်သက်ရေကို ချန်ထားခဲ့ခြင်းကြောင့် ဟု ပြန်ပြောလျှင် ပဌမ သုတ္တန်ဆောင် ရဟန်းသည် "တပည့်တော်သည် သိက္ခာပုဒ်ကို လွန်ကျူး လိုသော စေတနာဖြင့် ထားခဲ့ခြင်း မဟုတ်ပါကြောင်း " ပြန်ပြောင်းပြောဆို သည်တွင် ဝိနည်းဆောင် မထေရ်မြတ်က "သိက္ခာပုဒ်ကို လွန်ကျူးလိုသော စေတနာမရှိပါမူ အာပတ် မသင့်တန်ရာ" ဟု ပြန်ကြားပြောဆို ခွဲခွါ သွားကြ ပါသည်၊

ဝိနည်းဆောင် ရဟန်းသည် မိမိ၏ တပည့်တပန်း ရဟန်းပရိသတ် အလည်၌ "ထိုသုတ္တန်ပိဋကတ်ဆောင် ကိုယ်တော်မြတ်သည် သိက္ခာပုဒ်ကို လဟုက သိက္ခာပုဒ် ကလေးကိုမျှ မိမိအာပတ်သင့်ကြောင်း မသိချေတကား" ဟု ကဲ့ရဲ့စကား ပြောကြားလျှင် ထိုဝိနည်းဆောင် ရဟန်း၏ တပည့်များက သုတ္တန်ဆောင် မထေရ်၏ တပည့်များကို "သင်တို့ ဆရာသည် အနည်းငယ်မျှ

လဟုဘ ဒုက္ကဋ္ဌ အာပတ်ကိုချ မသိချေတကား” ဟု ကဲ့ရဲ့စကား ပြောကြားကြသည်၊

ထို သုတ္တန်ဆောင် မထေရ်၏ တပည့်တို့ မိမိ ဆရာအား ပြန်ကြားလျှောက်ထားသည်တွင် သုတ္တန်ဆောင် မထေရ်သူမြတ်က “ထို ဝိနည်း ပိဋကဆောင် ကိုယ်တော်သည် မုသာဝါဒစကားကို ရေလဲ သုံးခဲ့ဘိ၏၊ သူသည်ပင် ရှေးဦးအစ အာပတ် သင့်သည် ဟု ပြောဘိ၏၊ သူသည်ပင် ရှေးဦးအစ အာပတ် မသင့် ဟု ပြောခဲ့၏၊ သူသည်ပင် ယခုအခါ အာပတ် သင့်သော အနေ ပြောပြန်ချေသည်” ဤသို့ ပြန်ကြားသည်တွင် သုတ္တန်ပိဋကဆောင် မထေရ်၏ တပည့်များက ဝိနည်းပိဋကဆောင် မထေရ်၏ တပည့်တို့ကို “သင်တို့ ဆရာသည် မုသားစကားကို ခုဖြူ ခုမည်း ခုပင် အာပတ်သင့် ခုပင် မသင့် အမျိုးမျိုး ချွတ်လွဲ၍ ပြောကြားပေ၏တကား”း ဟု ကဲ့ရဲ့စကား ပြောကြားခြင်းဖြင့် ကောသမ္ဗီပြည် သံဃာတို့ နှစ်စု ကွဲပြားကြပါသည်၊

ထိုအခါ ဝိနည်းပိဋကဆောင် ကိုယ်တော်ဘက်မှ သံဃာတို့ စုရုံး၍သုတ္တန်ပိဋကဆောင် ကိုယ်တော်အား အာပတ်ကို ရှုဘို့ရန် ပြောကြားလေလျှင် “ရှုရန် အာပတ် မရှိ” ဟု ပြန်ကြား ပြောဆိုသဖြင့် ထို သုတ္တန်ပိဋကဆောင် ကိုယ်တော်ကို အာပတ်ကို မရှုခြင်းကြောင့် ပြုလုပ်ရသော ဥက္ခေပနီယကံကို အဘင်းအကြပ် ပြုကြပါသည်၊ ဤနည်းဖြင့် ကောသမ္ဗီပြည်၌ သံဃာတို့ နှစ်စု ကွဲကြပါသည် သံဃာတို့ နှစ်စုကွဲရာမှ ကိုယ်စောင့်နတ် ဘုမ္မစိုး ရုက္ခစိုး အာကာသစိုး အစရှိသည်ဖြင့် စပ်ရာနွယ်ရာ နတ်ဗြဟ္မာတို့ နှစ်စုကွဲကြပါသည်၊

ထိုအခါ ရဟန်းတပါး ဘုရားထံမှောက် သွားရောက်၍ ဤအကြောင်းကို လျှောက်ထား သည်တွင် မြတ်စွာဘုရားသည်—

ဘိန္နော ဘိက္ခုသံဃော၊ ဘိန္နော ဘိက္ခုသံဃော-ရဟန်းသံဃာဖြင့် ကွဲပြားခဲ့လေပြီ ရဟန်းသံဃာကား ကွဲပြားခဲ့လေပြီ ဟု ဓမ္မသံဝေဂ ပြင်းစွာဖြင့် ညည်းတွားတော် မူပြီးလျှင် ရှေးဦးစွာ ဥက္ခေပနီယကံ ပြုသော ရဟန်းတို့ထံ သွားရောက်၍—

ချစ်သားတို့သည် ယံ ဝါ တံ ဝါ-ဟူးဟူးငြားငြားအနေဖြင့် ရဟန်းတပါးကို ဥက္ခေပနီယကံ ပြုကောင်းသည်ဟူ၍မမှတ်သင့်၊ အကယ်၍ ဥက္ခေပနီယကံ အပြုခံရမည့် ပုဂ္ဂိုလ်သည် ဗဟုဿုတ, အာဂတာဂမ, ဓမ္မဓရ-အစရှိသော ဂုဏ်အင်္ဂါနှင့် ပြည့်စုံသူ ဖြစ်ပါမူကား ထိုပုဂ္ဂိုလ်ကို ဥက္ခေပနီယကံ ပြုသဖြင့် သံဃာ

သင်းကွဲမည်ကို မြင်ပါမူကား သံဃာ သင်းကွဲမည်ကို စိုးခဲ့သော အားဖြင့် ထိုရဟန်းကို ဥက္ခေပနီယကံ မပြုသင့် မပြုထိုက် ဟူ၍ငင်း ထိုဥက္ခေပက ရဟန်းတို့ကို သြဝါဒ ပေးပြီးသည်နောက်၌ ဥက္ခေပနီယကံအပြုခံရသော ရဟန်းတို့ထံ ဘုရားကိုယ်တော်မြတ် ကြွရောက်၍—

"သင်ချစ်သားတို့သည် တစုံတခု အပြစ်ကို ကျူးလွန်ပြီးလျှင် ငါတို့ အာပတ် မသင့် ဟု ငါတို့ အာပတ် မရှိဘူး ဟု ဘူးကွယ်ရုံမျှဖြင့် အာပတ်မှ လွတ်သည်ဟူ၍ မှတ်ထင်ကြပါသလော၊ သင် ချစ်သားတို့သည် ကံပြုမည့် သံဃာတော်တို့သည် ဗဟုဿုတ, အာဂတာဂမ, ဓမ္မဓရ-အစရှိသော ဂုဏ်နှင့် ပြည့်စုံသော မထေရ်တို့ ပေတည်း ငါတို့ဟူသော အကြောင်းကြောင့်ငင်း တပါးသော ရဟန်းဟူသော အကြောင်းကြောင့်ငင်း အဂတိလေးပါး လိုက်စားမည် မဟုတ် ဟု သိရှိပါမူ မိမိအတွက် အာပတ် မသင့်ဘူး ဟု မှတ်ထင်စေကာမူ သံဃာ သင်းကွဲမည်ကို ဂရုပြုသောအားဖြင့် ထို ဝိနိစ္ဆယ, ဝိနိစ္ဆက ဆရာတော်တို့၏ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တို့ကို ယုံကြည်သောအားဖြင့် ထို သံဃာတို့ ချမှတ်သော အာပတ်ကို ဒေသနာကြားရမည်" ဟု မြတ်စွာဘုရားသည် ဤသာမဂ္ဂီရသ အဆုံးအမ သြဝါဒကို ကြီးမားလှသော မဟာကရုဏာတော်ဖြင့် ပေးတော် မူခဲ့ပါသည် အရှင်ဘုရား။

ဘုရားရှင်ချပေးသည့် ညီညွတ်ရေးလမ်းစဉ် ပြီး၏

---

## သံဃသာမဂ္ဂီပြုရန် နှင့် သာမဂ္ဂီဥပုသ်ပြုရန် ခွင့်ပြုတော်မူခြင်း

ပုစ္ဆာ။ ။သံဃဘေဒဿ အာဝုသော မူလဘူတေ ဘိက္ခုမှိ ဥက္ခိတ္တကေ ဩသာရိတေ တဿ ဝတ္ထုဿ ဝူပသမာယ သံဃသာမဂ္ဂီ စ ကာတုံ သာမဂ္ဂီ ဥပေါသထံ စ ကာတုံ ဘဂဝတာ ကတ္ထ အနုညာတံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ တေယေဝ ဥက္ခိတ္တကာနုဝတ္တကေ ဘိက္ခူ အာရဗ္ဘ အနုညာတံ၊ တေ ဘန္တေ ဥက္ခိတ္တကာနုဝတ္တကာ ဘိက္ခူ တံ ဥက္ခိတ္တကံ ဘိက္ခုံ ဩသာရေတွာ ယေန ဥက္ခေပကာ ဘိက္ခူ တေနုပသင်္ကမိံသု ဥပသင်္ကမိတွာ တေ ဥက္ခေပကေ ဘိက္ခူ ဧတဒဝေါစုံ "ယသ္မိံ အာဝုသော ဝတ္ထုသ္မိံ အဟောသိ

> သံဃဿ ဘဏ္ဍနံ ကလဟော ဝိဂ္ဂဟော ဝိဝါဒေါ သံဃဘေဒေါ သံဃရာဇီ သံဃဝဝတ္ထာနံ သံဃနာနာကရဏံ၊ သော ဧသော ဘိက္ခု အာပန္နော စ ဥက္ခိတ္တော စ ပဿိ စ ဩသာရိတော စ၊ ဟန္ဒ မယံ အာဝုသော တဿ ဝတ္ထုဿ ဝူပသမာယ သံဃသာမဂ္ဂိံ ကရောမာ”တိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတံ။

အမေး။ ။သံဃာကွဲပြားခြင်း၏ မူလ အကြောင်းရင်း ဖြစ်သော ဥက္ခေပနီယကံ အပြုခံရသော ဥက္ခိတ္တက ရဟန်းကို တရားနှင့်ညီစွာ ပြန်လည်၍ သွင်းခြင်းကို ပြုပြီးသည်ရှိသော် ထိုအခါကာလ၌ ထိုသံဃဘေဒဝတ္ထု အဓိကရုဏ်း၏ ငြိမ်းခြင်းအလို့ငှါ သံဃသာမဂ္ဂီကို ပြုရမည်ဟူ၍ရင်း သာမဂ္ဂီဥပုသ်ကို ပြုရမည် ဟူ၍ရင်း မြတ်စွာဘုရား ခွင့်ပြုတော် မူခဲ့ပေ၏၊ ထို ခွင့်ပြုချက်ကို ဘယ်မျှို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ယခင်လျှောက်ဆိုခဲ့ ပြီးသော ဥက္ခေပနီယကံ အပြုခံရသော သုတ္တန်ဆောင် မထေရ်၏ နောက်လိုက် ရဟန်းတို့ကို အကြောင်းပြု၍ ခွင့်ပြုတော် မူအပ်ပါသည်၊

ဥက္ခေပနီယကံ အပြုခံရသော သုတ္တန်ဆောင် မထေရ်၏ နောက်လိုက် တပည့် ရဟန်းတို့သည် မိမိတို့၏ဆရာ သုတ္တန်ဆောင် မထေရ်သူမြတ်က နောက်အခါဝယ် လဇ္ဇီဘာဝေါသက်၍ ကျမ်းဂန်တို့ကို နှီးနှောဆင်ခြင်သည် ရှိသော် အာပတ် သင့်သည်ကို ထင်စွာ သိသဖြင့် မိမိနောက်လိုက် ရဟန်းတို့အား ထိုအမှုသည် ဧကန်အာပတ် သင့်သော အမှုဖြစ်သည် ဟု ပြန်ကြား ပြောဆိုပါသည်၊

“ငါ့ရှင်တို့ ငါ့ကို **ဩသာရဏီယကံ** သံဃာ့ဘောင်သို့ တဖန် သွင်းလော့ ဩသာရဏီယကံ ပြုကြပါ” ဟု ပြန်ကြား လျှောက်ထားသည်ကို မြတ်စွာ ဘုရားအား အလုံးစုံ လျှောက်ထားသောအခါ ဩသာရဏီယ ခေါ်သော သံဃာ့ဘောင်သို့ ပြန်၍သွင်းရန် မြတ်စွာဘုရား ခွင့်ပြုချက်အရ ထိုနောက် လိုက် ရဟန်းတို့သည် ဥက္ခေပနီယကံ အပြုခံရသော သုတ္တန်ဆောင် မထေရ် မြတ်ကို ဩသာရဏီယကံ ပြုပြီးလျှင် မူလ ဥက္ခေပနီယကံ ပြုသော ဥက္ခေပက ရဟန်းတို့ အထံသို့ သွား၍—

“ငါ့ရှင်တို့.... အကြင် သုတ္တန်ဆောင် ရဟန်းတည်းဟူသော ဝတ္ထုကြောင့် သံဃာသင်းကွဲခဲ့ပါပြီ ထိုရဟန်းသည် ယခုအခါဝယ် အာပတ် သင့်ကြောင်း

လည်း ဝန်ခံခဲ့ပါပြီ အာပတ် သင့်သည့်အတိုင်း ငါ့ရှင်တို့လည်း ဥက္ခေပနီယကံ ပြုခဲ့ပါပြီ ဥက္ခေပနီယကံ ပြုပြီးသောအခါ ကောင်းစွာ လိုက်နာ ကျင့်ကြံခြင်း ဘုရားကိုယ်တော်မြတ် ခွင့်ပြုချက်အရ ငါတို့သည်လည်း ထိုရဟန်းကို သံဃာ့ ဘောင်သို့ တဖန်သွင်းသော ဩသာရဏီယကံကို ပြုခဲ့ပါပြီ ထို ဥက္ခေပနီယ ကံကို ငြိမ်းသတ်ခဲ့ပါပြီ၊ လာကြပါ ငါ့ရှင်တို့....ယခုအချိန်မှ စ၍ ထိုသံဃာ သင်းကွဲကြောင်း အကြောင်းဝတ္ထု ငြိမ်းအေးစေခြင်းအလို့ငှါ သံဃသာမဂ္ဂီ ပြုကြပါကုန်စို့” ဟု ပြောဆို တိုက်တွန်းကြပါသည်၊

ထိုအကြောင်းကို ဥက္ခေပနီယကံ ပြုသော ရဟန်းတော်တို့ ဘုရားထံ မှောက် သွားရောက်၍ လျှောက်ထားသည်တွင် မြတ်စွာဘုရား ကိုယ်တော် မြတ်သည် သံဃသာမဂ္ဂီ ကမ္မဝါဘတ်၍ သံဃသာမဂ္ဂီပြုလုပ်ရန် အလို့ငှါငင်း သာမဂ္ဂီ ဥပုသ် ပြုလုပ်ရန် အလို့ငှါငင်း ကြီးစွာသော မဟာကရုဏာတော်ဖြင့် သဗ္ဗညုမြတ်စွာဘုရား ခွင့်ပြုတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကောသမ္ဗကံ ပုစ္ဆိဿံ၊ သနိဒါနံ သနိဒ္ဒေသံ။
သမုက္ကဋ္ဌပဒါနံ အာဝုသော ကတိ အာပတ္တိယော။

ဝိဿဇ္ဇနာ။ ။ကောသမ္ဗကံ ဝိဿဇ္ဇိဿံ၊ သနိဒါနံ သနိဒ္ဒေသံ။
သမုက္ကဋ္ဌပဒါနံ ဘန္တေ ဧကာ အာပတ္တိ။

အမေး။ ။နိဒါန်း နိဒ္ဒေသနှင့် တကွသော ကောသမ္ဗကက္ခန္ဓကကို မေးမြန်းပေအံ့၊ ကောသမ္ဗကက္ခန္ဓက၌ လာသော မြတ်စွာဘုရား၏ ပညတ် တော်တို့နှင့် သက်ဆိုင်သော အာပတ်တို့သည် အကျဉ်းချုပ်အားဖြင့် ဘယ် နှစ်ပါးရှိပါကုန်သနည်း ငါ့ရှင်။

အဖြေ။ ။နိဒါန်း နိဒ္ဒေသနှင့် တကွသော ကောသမ္ဗကက္ခန္ဓကကို ဖြေ ကြား လျှောက်ထားပါအံ့၊ ဤ ကောသမ္ဗကက္ခန္ဓက၌ မြတ်စွာဘုရား၏ ရွှေ နှုတ်တော်ထွက် မြွက်သော စကားတော်တို့နှင့် စပ်ဆိုင်သော အာပတ် အစု ကား ဒုက္ကဋ် အာပတ် တခုသာ ရှိပါသည် အရှင်ဘုရား။

၁၀-ကောသမ္ဗကက္ခန္ဓက ပြီး၏

**မဟာဝဂ္ဂပါဠိတော် အမေးအဖြေ ပြီး၏**

# စူဠဝါပါဠိတော် အမေးအဖြေ

## ၁—ကမ္မက္ခန္ဓက

### တဇ္ဇနီယ ကံ ခွင့်ပြုခဏ်း

ပုစ္ဆာ။ ။ဘဏ္ဍနာဒိကာရကဿ အာဝုသော ဘိက္ခုနော တဇ္ဇနီယကမ္မံ ကာတုံ ဘဂဝတာ ကတ္ထ အနုညာတံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ပဏ္ဍုကလောဟိတကေ ဘိက္ခူ အာရဗ္ဘ အနုညာတံ၊ ပဏ္ဍုကလောဟိတကာ ဘန္တေ ဘိက္ခူ အတ္တနာ ဘဏ္ဍနကာရကာ ကလဟကာရကာ ဝိဝါဒကာရကာ ဘဿ-ကာရကာ သံဃေ အဓိကရဏကာရကာ၊ ယေပိ စညေ ဘိက္ခူ ဘဏ္ဍနကာရကာ ကလဟကာရကာ ဝိဝါဒကာရကာ ဘဿ-ကာရကာ သံဃေ အဓိကရဏကာရကာ တေ ဥပသင်္ကမိတွာ ဧဝမာဟံသု "မာ ခေါ တုမှေ အာယသ္မန္တော ဧသော အဇေသိ၊ ဗလဝါဗလဝံ ပဋိမန္တေထ၊ တုမှေ တေန ပဏ္ဍိတတရာ စ ဗျတ္တတရာ စ ဗဟုဿုတတရာ စ အလမတ္တ-တရာ စ၊ မာ စဿ ဘာယိတ္ထ၊ မယမ္ပိ တုမှာကံ ပက္ခာ ဘဝိဿာမာ" တိ၊ တေန အနုပ္ပန္နာနိ စေဝ ဘဏ္ဍနာနိ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာနိ စ ဘဏ္ဍနာနိ ဘိယျောဘာဝါယ ဝေပုလ္လာယ သံဝတ္တန္တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတံ။

အမေး။ ။ခိုက်ရန် ငြင်းခုံမှု စသည်တို့ကို ကိုယ်တိုင်လည်းပြု၍ ထို ခိုက်ရန် ငြင်းခုံမှု စသည်တိုးပွါးရန် အလို့ငှါ သူတပါး တို့အားလည်း တိုက်တွန်း နှိုးဆော်ပေးသော ရဟန်းအား ထိုသို့သော အမှုကို နောက်ထပ် တဖန် မပြုလုပ်ရဲ မပြုလုပ်ဝံ့အောင် **တဇ္ဇနီယ**ကံဖြင့် နှိပ်ကွပ်ဆုံးမရန် မြတ်စွာဘုရား ခွင့်ပြု ပညတ်တော်မူခဲ့ပေ၏၊ ထို တဇ္ဇနီယ ကံ ကို မြတ်စွာဘုရားသည် ဘယ် မြို့။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်၌ ပဏ္ဍုက မည်သော ရဟန်း လောဟိတကမည်သော ရဟန်းတို့ကို အကြောင်းပြု၍ ခွင့်ပြုပညတ်တော် မူအပ်ပါသည်၊

ပဏ္ဍုက, လောဟိတက ရဟန်းတို့သည် မိမိတို့ ကိုယ်တိုင်က မျက်ကွယ်အတင်း တိုင်ပင်ခြင်း ရှိကြကုန်သည်ဖြစ်၍ရင်း မျက်မှောက်အတင်း ငြင်းခုံခြင်း ရှိကြကုန်သည်ဖြစ်၍ရင်း ဆန့်ကျင်ဘက် စကားကို ပြောကြားကြကုန်သည်ဖြစ်၍ရင်း စကားများဘို့ကို ပြုကြကုန်သည်ဖြစ်၍ရင်း သံဃာ၌ အဓိကရုဏ်းကို ပြုတတ်ကုန်သည်ဖြစ်၍ရင်း မိမိတို့မှတပါး ခိုက်ရန်ခြင်းခုံမှု ပြုတတ်သော ရဟန်းတို့သို့ ကပ်ရောက်ပြီးလျှင်—

"အရှင်ဘုရားတို့ .... အရှင်တို့သည် ဤပုဂ္ဂိုလ်ကို အရှုံးမပေးကြပါကုန်လင့် အားရှိရာရာ တိုင်ပင်ကြကုန်လော့ အရှင်တို့သည် ဤပုဂ္ဂိုလ်ထက် အထူးသဖြင့် ပညာလည်း ရှိကြပါကုန်သည် အထူးသဖြင့် လိမ်မာလည်း လိမ်မာကြပါကုန်သည် အထူးသဖြင့် အကြားအမြင်လည်း များကြပါကုန်သည် အထူးသဖြင့် စွမ်းနိုင်သော သဘောလည်း ရှိကြပါကုန်သည် ထိုပုဂ္ဂိုလ်မှ မကြောက်ကြပါကုန်လင့် တပည့်တော်တို့သည်လည်း အရှင်တို့၏ အသင်း အပင်း ဖြစ်ပါကုန်သည်" ဟု မြှောက်ပင့်စကား ပြောကြားကြပါကုန်သည်၊

ထိုသို့ ပြောကြားခြင်းကြောင့် မဖြစ်သေးသော ခိုက်ရန်မှု, ငြင်းခုံမှုတို့လည်း အသစ်အသစ် ဖြစ်ကြပါကုန်သည် ဖြစ်ပြီးသော ခိုက်ရန်မှု, ငြင်းခုံမှုတို့သည်လည်း ပြန့်ပြောခြင်း, အတိုင်းထက် အလွန် ပွါးများခြင်းငှါ ဖြစ်ကြပါကုန်သည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် ထို တဇ္ဇနီယ ကံဖြင့် နှိပ်ကွပ်ရန် အလို့ငှါ သဗ္ဗညုမြတ်စွာဘုရား ခွင့်ပြုတော်မူအပ်ပါသည် အရှင်ဘုရား။

တဇ္ဇနီယကံ ခွင့်ပြုခဏ်း ပြီး၏

---

## တဇ္ဇနီယ ကံ ပြေငြိမ်းကြောင်း ကျင့်ဝတ် (၁၈) ပါး

ပုစ္ဆာ။ ။တဇ္ဇနီယကမ္မကတဿ အာဝုသော ဘိက္ခုနော ကတိသု ဝတ္တေသု သမ္မာ ဝတ္တန္တဿ တံ ကမ္မံ ပဋိပ္ပဿမ္ဘေတုံ ဘဂဝတာ ကတ္ထ အနုညာတံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတံ။

ဝိဿဇ္ဇနာ။ ။အဋ္ဌာရသသု ဘန္တေ ဝတ္တေသု သမ္မာ ဝတ္တန္တဿ တဇ္ဇနီယကမ္မကတဿ ဘိက္ခုနော တံ ကမ္မံ ပဋိပ္ပဿမ္ဘေတုံ ဘဂဝတာ သာဝတ္ထိယံ အနုညာတံ၊ တေ ယေဝ ပဏ္ဍုကလောဟိတကာ ဘိက္ခူ သံဃေန တဇ္ဇနီယကမ္မကတာ သမ္မာ ဝတ္တိတွာ သံဃံ ဥပသင်္ကမိတွာ ယာစိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတံ။

အမေး။ ။တဇ္ဇနီယ ကံ ပြုအပ်သော ရဟန်းသည် အဘယ်မျှသော ကျင့်ဝတ်တို့၌ ကောင်းမွန် ကျေပွန်စွာ ကျင့်သည်ရှိသော် ထိုပြုပြီးသော တဇ္ဇနီယ ကံကို ငြိမ်းအေးစေရန် မြတ်စွာဘုရားသည် ဘယ်မြို့ဒေသ။ပ။ ခွင့်ပြု ပညတ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဥပဇ္ဈာယ်ပြု၍ ရဟန်းခံမပေးခြင်း, နိဿယည်းဆရာ မပြု လုပ်ခြင်း, သာမဏေကို မမွေးမြူခြင်း, ဘိက္ခုနောဝါဒက သမ္မုတိကို မသာယာ ခြင်း, ပင်ကိုယ်က ဘိက္ခုနောဝါဒက သမ္မုတိ ရပြီးဖြစ်သော်လည်း ဘိက္ခုနီမ တို့ကို အဆုံးအမ ဩဝါဒ မပေးခြင်း ဤသို့ အစရှိသော တဆယ့်ရှစ်ပါးသော ကျင့်ဝတ်တို့၌ ကောင်းစွာ ကျင့်ကြံသော တဇ္ဇနီယကံ ပြုခံရသော ရဟန်း၏ ထို တဇ္ဇနီယ ကံကို ငြိမ်းအေးစေခြင်းငှါ မြတ်စွာဘုရားသည် ထို ပဏ္ဍုက လောဟိတက ရဟန်းတို့ကိုပင် အကြောင်းပြု၍ သာဝတ္ထိပြည်အရပ်၌ ခွင့်ပြု ပညတ်တော်မူအပ်ပါသည်၊

ထို ပဏ္ဍုက လောဟိတက ရဟန်းတို့သည် သံဃာတော်က တဇ္ဇနီယကံ ပြုအပ်သဖြင့် ဆိုခဲ့ပြီးသော ကံပြုခံရသော ရဟန်းတို့ လိုက်နာကျင့်ကြံရမည့် တဆယ့်ရှစ်ပါး သော ဝတ်တို့ကို ကောင်းစွာ ကျင့်ကြံပြီးလျှင် သံဃာတော်သို့ ချဉ်းကပ်၍ တဆယ့်ရှစ်ပါးသော အကျင့်တို့၌ ကောင်းစွာ ကျင့်ကြံခဲ့ပါ ကြောင်း မာန်မာန တည်းဟူသော အမွေးကို မထောင်လွှားပါကြောင်း ကံမှ ထွက်မြောက်ကြောင်း ကောင်းစွာသော အကျင့် ပဋိပတ်ကို ကျင့်ပါ ကြောင်း ထို တဇ္ဇနီယ ကံကို ငြိမ်းသတ်ပါမည့်အကြောင်း တောင်းပန်လျှောက် ထားကြပါသည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် ထို တဇ္ဇနီယ ကံကို ငြိမ်းသတ်စေခြင်းငှါ သဗ္ဗညု မြတ်စွာဘုရား ခွင့်ပြုတော် မူအပ်ပါသည် အရှင်ဘုရား။

တဇ္ဇနီယ ကံ ပြေငြိမ်းကြောင်း ကျင့်ဝတ် (၁၈) ပါး ပြီး၏

## နိယဿ ကံ ခွင့်ပြုခဏ်း

ပုစ္ဆာ။ ။ဗာလဿ အဗျတ္တဿ အာပတ္တိဗဟုလဿ အနပဒါ-
နဿ ဂိဟိသံသဋ္ဌဿ အနနုလောမိကေဟိ ဂိဟိသံသဂ္ဂေဟိ နိယဿ-
ကမ္မံ ကာတုံ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အာယသ္မန္တံ သေယျသကံ အာရဗ္ဘ ပညတ္တံ၊ အာယသ္မာ ဘန္တေ သေယျသကော ဗာလော အဟောသိ အဗျတ္တော အာပတ္တိဗဟုလော အနပဒါနော ဂိဟိသံသဋ္ဌော ဝိဟာသိ အနနုလောမိကေဟိ ဂိဟိသံသဂ္ဂေဟိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။မသင့်လျော်သော ရောနှောဆက်ဆံခြင်းဖြင့် လူတို့နှင့် ရောနှောဆက်ဆံမှု များသည် ဖြစ်၍ အစဉ်မပြတ် အာပတ် များလေ့ရှိသော ဝိနည်းအရာ၌ မတတ်သိ မလိမ္မာသော ဗာလ အဗျတ္တဖြစ်သော ရဟန်းအား နိဿယည်း ဆရာယူ၍ နိဿယည်း ဆရာ၏ အဆုံးအမ ဩဝါဒကို ခံပြီး နိဿယည်း ဆရာနှင့် အတူတကွ နေထိုင်ရန် ညွှန်ကြားဆုံးမသော **နိယဿ** ကံကို ပြုခြင်းငှါ မြတ်စွာဘုရား ခွင့်ပြုတော် မူခဲ့ပေ၏၊ ထို နိယဿကံကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ အရှင်သေယျသက မထေရ်ကို အကြောင်းပြု၍ ခွင့်ပြု ပညတ်တော် မူအပ်ပါသည်၊

အရှင်သေယျသက မထေရ်သည် ဝိနည်းအရာ၌ မလိမ္မာ မကျွမ်းကျင်သည်ဖြစ်၍ အာပတ် သင့်ခြင်း များလျက်နေပါသည် အစဉ်မပြတ် အာပတ် သင့်လျက် ရှိပါသည်၊ ထိုမှတပါး သာသနာတော်နှင့် မလျော် မလျောက်ပတ်သော လူတို့နှင့် ရောနှော နေထိုင်ခြင်းဖြင့်လည်း နေထိုင်သမှု ပြုခဲ့ပါသည်၊

ထိုသို့ အရှင်သေယျသက၏ ခဏ ခဏ အာပတ်သင့်သဖြင့် ပရိဝါသ် ပေးခြင်း,မူလာယပဋိကဿန ကံပြုခြင်း,မာနတ်ပေးရခြင်း,အဗ္ဘာန်သွင်းရခြင်း ဖြင့် ရဟန်းတော်တို့မှာ များစွာပင် လေ့လာချိန်ရှိသမျှ အရှင်သေယျသက အတွက်သာလျှင် ပရိဝါသ်ပေးခြင်း, မူလာယပဋိကဿန ကံ ပြုခြင်း, မာနတ်

ပေးခြင်း, အဗ္ဘာန်သွင်းခြင်း တည်းဟူသော ဝိနည်းကံဖြင့်သာ အချိန်ကို ကုန်လွန် စေကြရပါသည်၊

ထိုသို့ အရှင်သေယျသက မထေရ်၏ ခဏ ခဏ အာပတ် သင့်ခြင်း ဟူသော မှုခင်း ကိစ္စကြောင့် "သင်သည် ဆရာဥပဇ္ဈာယ်တို့ကို မှီ၍ နေရမည်" ဟု ပြောဆို နှိပ်ကွပ်သော နိယဿ ကံကို သဗ္ဗညု မြတ်စွာဘုရား ခွင့်ပြုတော် မူအပ်ပါသည် အရှင်ဘုရား၊

နိယဿ ကံ ခွင့်ပြုခဏ်း ပြီး၏

---

## နိယဿ ကံ ပြေငြိမ်းကြောင်း ကျင့်ဝတ် (၁၈) ပါး

ပုစ္ဆာ။ ။နိယဿကမ္မကတဿ အာဝုသော ဘိက္ခုနော ကတိသု ဝတ္တေသု သမ္မာ ဝတ္တန္တဿ တံ ကမ္မံ ပဋိပ္ပဿမ္ဘေတုံ ဘဂဝတာ အနုညာတံ။

ဝိဿဇ္ဇနာ။ ။အဋ္ဌာရသသု ဘန္တေ ဝတ္တေသု သမ္မာ ဝတ္တန္တဿ နိယဿ ကမ္မကတဿ ဘိက္ခုနော တံ ကမ္မံ ပဋိပ္ပဿမ္ဘေတုံ ဘဂဝတာ အနုညာတံ၊ န ဥပသမ္ပာဒေတဗ္ဗံ၊ န နိဿယော ဒါတဗ္ဗော၊ န သာမဏေရော ဥပဋ္ဌာပေတဗ္ဗော၊ န ဘိက္ခုနောဝါဒကသမ္မုတိ သာဒိတဗ္ဗာ၊ သမ္မတေန ပိ ဘိက္ခုနိယော န ဩဝဒိတဗ္ဗာ၊ ဧဝမာဒီသု ဘန္တေ အဋ္ဌာရသသု ဝတ္တေသု သမ္မာ ဝတ္တန္တဿ နိယဿကမ္မကတဿ ဘိက္ခုနော တံ ကမ္မံ ပဋိပ္ပဿမ္ဘေတုံ ဘဂဝတာ အနုညာတံ။

အမေး။ ။နိယဿ ကံ ပြုအပ်သော ရဟန်းသည် အဘယ်မျှသော ကျင့်ဝတ်တို့၌ ကောင်းမွန် ကျေပြွန်စွာ ကျင့်သည်ရှိသော် ထို ပြုထားသော နိယဿ ကံ ငြိမ်းစေရန် မြတ်စွာဘုရား ခွင့်ပြုတော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။တဆဲ့ရှစ်ပါး အပြားရှိသော ကျင့်ဝတ်တို့၌ ကောင်းစွာ ကျင့်ကြံ အားထုတ်သော နိယဿ ကံ အပြုခံရသော ရဟန်း၏သာ ထို နှိပ်ကွပ်ခြင်း နိယဿ ကံကို ငြိမ်းအေးစေဘို့ရန် ခွင့်ပြုတော် မူအပ်ပါသည်ဘုရား၊

တဆဲ့ရှစ်ပါးသော ဝတ်တို့မှာ ဥပဇ္ဈာယ်ဆရာပြု၍ ပဉ္စင်းခံ မပေးရခြင်း, နိဿယည်းဆရာ မပြုမလုပ်ရခြင်း, သာမဏေတို့ကို မမွေးမမြူရခြင်း, ဘိက္ခုနီမ

တို့ကို အဆုံးအမသြဝါဒ ပေးတတ်သော ဘိက္ခုနောဝါဒက သမ္မုတိကို မသာယာရခြင်း, ပင်ကိုယ်က ဘိက္ခုနောဝါဒက သမ္မုတိကို ရပြီးသော ပုဂ္ဂိုလ်ဖြစ်လင့်ကစား ထို နိယဿ ကံ အပြုခံထားရသော အခိုက်အတန့်၌ ဘိက္ခုနီမတို့ကို မဆုံးမရခြင်း, အကြင်အာပတ်ဖြင့် သံဃာက နိယဿ ကံကို ပြုအပ်၏ ထို အာပတ်ကိုငှင်း ထိုနှင့် တန်းတူ ထိုနှင့်သဘောတူ အခြားအာပတ်ကိုငှင်း ထို့ထက် ရုန့်ရင်း ကြမ်းတမ်းသော အာပတ်သို့ငှင်း မရောက်ရအောင် ရှောင်ကြဉ်ခြင်း အစရှိသော တဆဲ့ရှစ်ပါးသော ကျင့်ဝတ်တို့၌ ကောင်းစွာ ကျင့်ကြံသော ရဟန်းအားသာလျှင် သံဃာ၌ ပြုလုပ်ပြီး ဖြစ်သော နှိပ်ကွပ်ခြင်း နိယဿ ကံကို တဖန်ငြိမ်းစေခြင်း အကျိုးငှါ သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

နိယဿ ကံ ပြေငြိမ်းကြောင်း ကျင့်ဝတ် (၁၈) ပါး ပြီး၏

---

**ပဗ္ဗာဇနီယ ကံ ခွင့်ပြုခဏ်း**

**အဿဇိ, ပုနဗ္ဗသုက ရဟန်းတို့၏ သာသနာဖျက်လမ်းစဉ်များ**

ပုစ္ဆာ။ ။ကုလဒူသကဿ အာဝုသော ပါပသမာစာရဿ ဘိက္ခုနော ပဗ္ဗာဇနီယကမ္မံ ကာတုံ ဘဂဝတာ ကတ္ထ အနုညာတံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အဿဇိပုနဗ္ဗသုကေ ဘိက္ခူ အာရဗ္ဘ အနုညာတံ၊ အဿဇိပုနဗ္ဗသုကာ ဘန္တေ ဘိက္ခူ ကီဋာဂိရိသ္မိံ ကုလဒူသကာ အဟေသုံ ပါပသမာစာရာ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတံ။

အမေး။ ။ပန်းပင်ငယ် စိုက်ပျိုးခြင်း, ပန်းပင်ငယ်ကို ရေလောင်းခြင်း, ပန်းပေးခြင်း, သစ်သီးပေးခြင်း စသော ယုတ်ညံ့သော အလေ့ အကျင့် ရှိသည် ဖြစ်၍ ဒါယကာ ဒါယိကာမတို့၏ အစစ်အမှန် ဖြစ်သော သဒ္ဓါတရားကို ပျက်စေတတ်သော **ကုလဒူသက** ရဟန်းအား မိမိနေရာကျောင်းတိုက်မှ မိမိနေရာအရပ်မှ နှင်ထုတ်ခြင်း **ပဗ္ဗာဇနီယ** ကံကို ပြုရန် မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပေ၏။ ထိုပဗ္ဗာဇနီယ ကံကို ဘယ်မြို့။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ အဿဇိရဟန်း ပုနဗ္ဗသုကရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

မြတ်စွာဘုရားသခင် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူသောအခါ အဿဇိ,ပုနဗ္ဗသုက ရဟန်းတို့သည် ကီဋာဂိရိ ဇနပုဒ်၌ ကျောင်းနေ အာဝါသိက ရဟန်းတို့ ဖြစ်ကြပါသည်၊ ထို အဿဇိ, ပုနဗ္ဗသုက ရဟန်းတို့သည် ပန်းပင်ငယ် စိုက်ပျိုးခြင်း, သူ့ကို စိုက်ပျိုးစေခြင်း, ပန်းပင်ငယ်ကိုရေလောင်းခြင်း, သူ့ကို ရေလောင်းစေခြင်း,ပန်းခိုင် ပန်းဆိုင် ပန်းဖူး အစရှိသည်တို့ကို ကိုယ်တိုင်ပြုခြင်း, သူ့ကို ပြုစေခြင်း အစရှိသည်ဖြင့် များစွာသော သာသနာတော်၌ မလျောက်ပတ်သော အကျင့်တို့ကို ကျင့်ကြပါကုန်သည်၊

ထိုသို့ ကျင့်ခြင်းဖြင့် ဒါယကာတို့၏ သဒ္ဓါတရား အစစ်အမှန်များ ပျက်ပြားပြီးလျှင် **ဂေဟဿိတပေမ** ခေါ်သော **သဒ္ဓါတု သဒ္ဓါယောင်**သာလျှင် ထိုကီဋာဂိရိဇနပုဒ်ရှိ လူအများ သန္တာန်၌ ဖြစ်ပွါး၍ နေကြပါသည်၊

ထိုအခါ ကာသိတိုင်းမှ ရဟန်းတပါး ဝါကျွတ်၍ သာဝတ္ထိပြည်သို့ ဘုရားသခင်ကို ဖူးမျှော်ရန် လာရောက်သောအခါ ကီဋာဂိရိ ဇနပုဒ်သို့ ဝင်ရောက်၍ နံနက်အခါ ဆွမ်းခံကြွသည်ရှိသော် သဒ္ဓါတရား ပျက်စီးနေသော ကီဋာဂိရိ ဇနပုဒ်သူ ဇနပုဒ်သားတို့သည်——

ကွာယံ အဗလဗလော ဝိယ မန္ဒမန္ဒော ဝိယ ဘာကုဋိကဘာကုဋိကော ဝိယ – နုန့်နုန့် နုန့်နုန့်နှင့် ဤရဟန်းကား ဘယ့်နှယ် ရဟန်းပါပေနည်း မျက်မှောင် တကြုတ်ကြုတ် ရှိလှပါတကား ငါတို့၏ အရှင် ဖြစ်သော အဿဇိ မထေရ် ပုနဗ္ဗသုက မထေရ်တို့ကား ငါတို့ကို မြင်လျှင် ရှေးဦးစွာ စကားနှုတ်ခွန်း ဆက်ကြပါသည် ပြုံးရွှင်သော မျက်နှာထားဖြင့် ရှေးဦးစွာ စကား ပြောဆိုကြပါသည် ထိုအရှင်မျိုးကိုမှ ဆွမ်းလောင်းအပ်ပါသည် မဟုတ်ပါလော ဤသို့ စသည်ဖြင့် ပြောဆိုကြပါကုန်သည်၊

ထိုအခါ ဉပါသကာ ဒါယကာတယောက် ထိုရဟန်းထံမှောက် လာရောက်၍ "အရှင်ဘုရား.... ဆွမ်းကို ရအပ်ပါ၏လော " ဟု မေးမြန်းသည်တွင် မရကြောင်း ပြန်ကြားမိန့်ဆိုသဖြင့် "အရှင်ဘုရား....ဘုရားတပည့်တော်အိမ်သို့ ကြွတော်မူပါ" ဟု မိမိအိမ်သို့ ပင့်ဆောင်ပြီးလျှင် ထိုရဟန်းအား ဆွမ်းကပ်၍ "အရှင်ဘုရား....ယခု ဘယ်အရပ်သို့ ကြွတော်မူပါမည်နည်း" ဟု မေးလျှောက်

သည်ရှိသော် သာဝတ္ထိပြည်သို့ ကြွရောက်မည့်အကြောင်း ပြန်ပြောင်း မိန့်ကြားသဖြင့်—

ဘုရားထံမှောက် ရောက်ရှိသောအခါ တပည့်တော် မှာကြားလိုက်သော စကားဖြင့် မြတ်စွာဘုရား၏ ခြေတော်အစုံ ကြာပဒုံတို့ကို ရှိခိုးတော်မူပါ ဤသို့လည်း ကြားလျှောက်တော်မူပါ—

"ကီဋာဂိရိ အရပ်၌ ကျောင်းအရာမ်တို့သည်ကား ပျက်စီးလျက် ရှိပါပြီ အဿဇိ,ပုနဗ္ဗသုက အမည်ရသော "အာဝါသိက" ကျောင်းနေ ရဟန်းတို့သည် ပန်းပင်ငယ် စိုက်ပျိုးခြင်း, သူ့ကို စိုက်ပျိုးစေခြင်း, သစ်သီးပေးခြင်း, ပန်းပေး ခြင်း အစရှိသော သာသနာတော်ဝယ် မအပ် မလျော်သော အကျင့်တို့ကို ကျင့်ကြံ၍ နေကြပါသည်၊ ထိုသို့ သာသနာဝယ် မလျော်သော အကျင့်ကို ကျင့်ကြံ၍ နေခြင်းဖြင့် ရှေးရှိရင်းစွဲဖြစ်သော သံဃာ့လာဘ်များလည်း ပျက်စီး၍ ကုန်ပါပြီ၊ မြတ်စွာဘုရားသည် ကီဋာဂိရိဇနပုဒ်သို့ ပညာရှိ သီလဝန္တ ရဟန်းတော်တို့ကို စေလွှတ်တော်မူ၍ ကီဋာဂိရိဇနပုဒ်၌ ကျောင်းတိုက် တို့ကို အသစ်တည်ထောင်တော်မူပါရန် လျှောက်ထား တောင်းပန်ပါမည့် အကြောင်း" လျှောက်ထားလိုက်သည်ရှိသော်—

ထိုရဟန်းသည်လည်း သာဝတ္ထိပြည်သို့ရောက်၍ ဘုရားထံမှောက် အ ကြောင်းစုံ လျှောက်ကြားသောအခါ မြတ်စွာဘုရားသည် များစွာ ကဲ့ရဲ့တော် မူပြီးမှ ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလ္လာန်တို့ကို စေလွှတ်၍ ကီဋာဂိရိဇနပုဒ်၌ နေသော အဿဇိ,ပုနဗ္ဗသုက ရဟန်းတို့ကို မိမိနေရင်းကျောင်းတိုက်မှ နှင်ထုတ် ခြင်း ပဗ္ဗာဇနီယ ကံကို ပြုလုပ်ရန် အလို့ငှါ သဗ္ဗညုမြတ်စွာဘုရား ခွင့်ပြုတော် မူအပ်ပါသည် အရှင်ဘုရား။

ပဗ္ဗာဇနီယ ကံ ခွင့်ပြုခဏ်း ပြီး၏

---

## ပဋိသာရဏီယ ကံ ခွင့်ပြုခဏ်း

### စိတ္တသူကြွယ် နှင့် အရှင်သုဓမ္မထေရ် ဝတ္ထု

ပုစ္ဆာ။ ။ပဋိသာရဏီယကမ္မံ အာဝုသော ပုစ္ဆာမိ၊ သဒ္ဓံ အာဝုသော ပသန္နံ ဂဟပတိံ ဒါယကံ ကာရကံ သံဃုပဋ္ဌာကံ ဟီနေန ခုံသေန္တဿ

ဘိက္ခုနော ပဋိသာရဏီယကမ္မံ ကာတုံ ဘဂဝတာ ကတ္တ အနုညာတံ၊
ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတံ။

ဝိသဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အာယသ္မန္တံ သုဓမ္မံ အာရဗ္ဘ အနုညာတံ၊ ဘဂဝတိ ဘန္တေ သာဝတ္ထိယံ ဝိဟရတိ အာယသ္မာ သုဓမ္မော မစ္ဆိကာသဏ္ဍေ စိတ္တံ ဂဟပတိံ သဒ္ဓံ ပသန္နံ ဒါယကံ ကာရကံ သံဃုပဋ္ဌာကံ ဟီနေန ခုံသေသိ ဟီနေန ဝမ္ဘေသိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတံ။

အမေး။ ။ပဋိသာရဏီယ ကံကို မေးမြန်းပေအံ့၊ သဒ္ဒါတရားနှင့် ပြည့်စုံသော သာသနာတော်၌ အစစ်အမှန် သဒ္ဒါတရားနှင့် ကြည်ညိုသော သံဃာ၏ အကျိုးစီးပွါးကို ပြုလုပ်လေ့ရှိသော သံဃာ၏ အလုပ်အကျွေးဖြစ်သော လူ ဒါယကာကို ယုတ်ညံ့သော ဆဲဆိုခြင်းဖြင့် ဆဲဆိုသော ရဟန်းအား ပဋိသာရဏီယ ကံ မည်သော သက်ဆိုင်ရာ ဒါယကာကို ပြန်လည်၍ တောင်းပန် ဝန်ချလျက် ကျေနပ်အောင် ပြုစေ ဟူသော ကံကို ပြုရန် မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပေ၏၊ ထို ပဋိသာရဏီယ ကံကို ။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ အရှင်သုဓမ္မ မထေရ်ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ အရှင်သုဓမ္မ မထေရ်သည် မစ္ဆိကာသဏ္ဍ အမည်ရသော အရပ်၌ အနာဂါမ်တည် စိတ္တသူကြွယ်၏ ကျောင်းနေ အာဝါသိက ရဟန်း ဖြစ်ပါသည် စိတ္တသူကြွယ်သည် သံဃာကိုသော်ငင်း ဂိုဏ်းကိုသော်ငင်း ပုဂ္ဂိုလ်ကိုသော်ငင်း ဆွမ်းပြုစုလိုသည်ရှိသော် အရှင်သုဓမ္မကို တိုင်ပင် လျှောက်ထားပြီးမှ ဆွမ်းစား ပင့်လေ့ ရှိပါသည်၊

တနေ့သောအခါ အရှင်သာရိပုတ္တရာ အမှူးရှိသော မထေရ်သူမြတ်တို့ ခရီးဒေသစာရီ ကြွချီလာသောအခါ မစ္ဆိကာသဏ္ဍ အရပ်သို့ ရောက်ရှိလာ ကြောင်း စိတ္တသူကြွယ် ကြားသိသဖြင့် အရှင်သာရိပုတ္တရာ အစရှိသော မထေရ်မြတ်တို့ထံ သွားရောက်၍ တရားနာပါသည်၊

ထိုအခါ အရှင်သာရိပုတ္တရာ မထေရ်သည် စိတ္တသူကြွယ်အား တရားနှင့် ယှဉ်သော အဆုံးအမ ဩဝါဒ ပေးပါသည် တရားနာပြီးသောအခါ စိတ္တ သူကြွယ်သည် အရှင်သုဓမ္မကို မတိုင်ပင် မပန်ကြားဘဲ ရှင်သာရိပုတ္တရာအမှူးရှိ သော မထေရ် သူမြတ်တို့အား ခရီးသွား-ဂမိကဘတ်, ရောက်သစ်စ-အာဂန္တုက ဆွမ်းကို လှူဒါန်းဘို့ရန် လျှောက်ထားခဲ့ပါသည်၊

လျှောက်ထားခဲ့ပြီးမှ အပြန်ဝယ် အရှင်သုဓမ္မထံသို့ ဝင်ရောက်၍ အရှင် သုဓမ္မသည် နက်ဖြန်ခါအလို့ငှါ ရှင်သာရိပုတ္တရာအစရှိသော မထေရ်သူမြတ်တို့ နှင့် အတူတကွ ဆွမ်းစား ကြွဘို့ရန် လျှောက်ထားသည်ရှိသော် အရှင်သုဓမ္မ ၏ စိတ်ထည်း၌...."ရှေးအခါက ဤဒါယကာသည် သံဃာကိုဖြစ်စေ ဂိုဏ်းကို ဖြစ်စေ ပုဂ္ဂိုလ်ကိုဖြစ်စေ ငါ့ကို တိုင်ပင်ပြီးမှ ပင့်ဘိတ်လေ့ရှိသည် ယခုမူ ငါ့ကို မတိုင်ပင်ဘဲ ဘိတ်ခဲ့လေပြီ ယခုအခါ စိတ္တသူကြွယ်၏ သဒ္ဓါတရား စိတ်ထား ကား ပျက်ပြားခဲ့လေပြီ" ဟု အောက်မေ့၍ "ဒါယကာ သင်၏ဆွမ်းကို ငါလက်မခံ မသာယာ" ဟု ပြန်ကြားသည်တွင် သုံးကြိမ်တိုင်တိုင် လျှောက်ထားသော်လည်း လက်မခံသဖြင့် စိတ္တသူကြွယ်သည် မိမိအိမ်သို့ ပြန်ပြီးလျှင် နောက်တနေ့၌ မထေရ်သူမြတ်တို့ အလို့ငှါ မွန်မြတ်သော ဘောဇဉ်တို့ကို စီရင်နေဆဲ ရှိပါသည်၊

ထိုအခါ ရှင်သုဓမ္မသည် စိတ္တသူကြွယ်၏ အိမ်သို့ သွားရောက်ပြီးလျှင် မထေရ်သူမြတ်တို့ အလို့ငှါ စီရင်အပ်သော ဆွမ်းခဲဖွယ် ဘောဇဉ်တို့ကို ကြည့် ပြီးလျှင်—

ပဟုတံ ခေါ တေ ဣဒံ ဂဟပတိ ခါဒနီယံ ဘောဇနီယံ ပဋိယတ္တံ–သူကြွယ် ဒါယကာ.... အသင်သည် များစွာသော မွန်မြတ်သော ဆွမ်းခဲဖွယ် ဘောဇဉ် တို့ကို စီရင်ထားသည်ကား မှန်ပါပေ၏ သို့သော် ဤဆွမ်းပွဲထည်း၌ နှမ်းပျစ် တခုကား လိုပါပေသေးသည် ဟု စိတ္တသူကြွယ်အား မခံသာအောင် ပြော ကြားသည် ရှိသော် စိတ္တသူကြွယ်သည်—

"အရှင်ဘုရား၊....မြတ်စွာဘုရား၏ သာသနာတော်ဝယ် ပြောစရာ, ဟော စရာ တရားရတနာတွေ အများကြီး ရှိပါလျက် အရှင်သုဓမ္မသည် ပြောစရာ ရှိရှိရှားရှား တပည့်တော်ငယ်စဉ်, ဆင်းရဲစဉ်က ရောင်းဝယ် ဖောက်ကားခဲ့ရ သည့် နှမ်းပျစ် ဆိုသော စကားကိုမှ ပြောကြားရက် လေခြင်း" ဟု လျှောက်

ထားသည်တွင် 'ဒါယကာ သင်သည် ငါ့အား ဆဲရေးဘိ၏' ဟု ပြောင်းပြန် စကား ပြောကြားပါသည်၊ သင်၏ကျောင်း၌ ငါယခု မနေတော့ပါ ဟု ပြော သည်တွင် နှစ်ကြိမ်တိုင်တိုင် တောင်းပန်သော်လည်း သွားမည်ဟူ၍သာ ပြော သဖြင့် အရှင်ဘုရား ဘယ်အရပ်သို့ သွားမည်နည်း" ဟု မေးမြန်းပါသည် သာဝတ္ထိပြည် ဘုရားရှိရာသို့ သွားမည့်အကြောင်း ပြန်ပြောင်း မိန့်ဆိုသည်ရှိ သော်....

"သို့တပြီးကား ဘုရားထံမှောက် ရောက်လတ်သောအခါ အရှင်ဘုရား ပြောကြားသမျှသောစကား, ဘုရားတပည့်တော် လျှောက်ထားသမျှသော စကားကို မြတ်စွာဘုရားအား လုံးစေ့ ပါဌ်စေ့ မချန် လျှောက်ထားတော်မူပါ" ဟု တောင်းပန် လိုက်ပါသည်၊

အရှင်သုဓမ္မသည် သာဝတ္ထိပြည် ဘုရားထံမှောက် ရောက်ရှိသောအခါ စိတ္တသူကြွယ်အား မိမိက ပြောကြားသောစကား, စိတ္တသူကြွယ်က မိမိအား ပြန်ကြားလျှောက်ထားသောစကား အလုံးစုံကို မြတ်စွာဘုရားအား လျှောက် ထားပါသည်၊

ထိုအခါ မြတ်စွာဘုရားသည် အရှင်သုဓမ္မမထေရ်အား များစွာ ကဲ့ရဲ့ ရှုတ်ချလျက်—

တေနဟိ ဘိက္ခဝေ သံဃော သုဓမ္မဿ ဘိက္ခုနော ပဋိသာရဏီယ-ကမ္မံ ကရောတု "စိတ္တော တေ ဂဟပတိ ခမာပေတဗ္ဗော"တိ—

သို့တပြီးကား ချစ်သားရဟန်းတို့ သံဃာသည် သုဓမ္မရဟန်းအား "ငါ့ရှင် သင်သည် စိတ္တသူကြွယ်ကို ဝန်ချတောင်းပန်ရမည်" ဟု ပဋိသာရဏီယကံကို ပြုလေ" ဟု သဗ္ဗညု မြတ်စွာဘုရား ခွင့်ပြုပညတ်တော်မူအပ်ပါသည် အရှင် ဘုရား။

ပဋိသာရဏီယ ကံ ခွင့်ပြုခဏ်းပြီး၏

---

## ကိုယ်စားလှယ်နှင့် ဝန်ချတို့ခွင့်ပြုခဏ်း

ပုစ္ဆာ။ ။ပဋိသာရဏီယကမ္မကတဿ အာဝုသော ဘိက္ခုနော အနုဒူတံ ဒါတုံ စ တေန အနုဒူတေန သဒ္ဓိံ ဂန္တွာ ယထာခံ့သိတံ ဂဟပတိံ

ခမာပေတုံ စ ဘဂဝတာ ကတ္တ အနုညာတံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အာယသ္မန္တံ ယေဝ သုဓမ္မံ အာရဗ္ဘ အနုညာတံ၊ အာယသ္မာ ဘန္တေ သုဓမ္မော မစ္ဆိကာသဏ္ဍံ ဂန္တွာ မင်္ကုဘူတော နာသက္ခိ စိတ္တံ ဂဟပတိံ ခမာပေတုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတံ။

အမေး။ ။ပဋိသာရဏီယ ကံ အပြုခံရသော ရဟန်းအား အဖော်တမန် ပေးရန် အလို့ငှါငှင်း ထို အဖော်တမန်နှင့် အတူတကွ သွားရောက်၍ ရှုတ်ချ ဆဲဆိုမိသော ဒါယကာကို တောင်းပန်ရန် အလို့ငှါငှင်း မြတ်စွာဘုရားသည် ခွင့်ပြုပညတ်တော်မူခဲ့ပေ၏၊ ထို ခွင့်ပြု ပညတ်ချက်ကို ။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ အရှင် သုဓမ္မ မထေရ်ကို ပင်လျှင် အကြောင်းပြု၍ ခွင့်ပြုတော်မူအပ်ပါသည်၊ အရှင်သုဓမ္မ မထေရ်သည် သံဃာတော်က စိတ္တသူကြွယ်ကို ဝန်ချတောင်းပန်ရမည် ဟု ပဋိသာရဏီယ ကံ ပြုအပ်ပြီးသည်ရှိသော် မစ္ဆိကာသဏ္ဍ အရပ်သို့ သွားရောက်ပြီးလျှင် မျက်နှာမသာ မယာရှိ၍ စိတ္တသူကြွယ်ကို ဝန်ချတောင်းပန်ဘို့ရန် မဝံ့နိုင် မစွမ်းနိုင် ရှိသဖြင့် သာဝတ္ထိပြည်သို့ ပြန်လာပြီးလျှင် ရဟန်းတော်တို့အား လျှောက်ထားပါသည်၊

ရဟန်းတော်တို့မှတဆင့် မြတ်စွာဘုရားအား လျှောက်ထားပါသည်၊ ထိုအခါ မြတ်စွာဘုရားက သုဓမ္မရဟန်းအား "အနုဒူတ" ခေါ် အဖော်ရဟန်း ပေးဘို့ရန်, ထို အနုဒူတ ခေါ် အဖော်ရဟန်းနှင့် အတူတကွ မစ္ဆိကာသဏ္ဍအရပ်သို့ သွားရောက်ပြီးလျှင် အရှင်သုဓမ္မ၏ ကိုယ်စား အဖော်ရဟန်းက "ဒါယကာ ဤရဟန်းကို ကျေနပ်ပါ ဤရဟန်းသည် ဒါယကာကို ဝန်ချတောင်းပန်ပါသည်" ဟု ဝန်ချပြောကြားရမည်၊

သို့ပြောကြားသဖြင့် အရှုတ်ချခံရသော ဒါယကာ ကျေနပ်လျှင်ကောင်းပါသည်၊ ပဌမ ဤနည်းနှင့်မျှ မကျေနပ်ပါမူ ဒုတိယအကြိမ် "ဒါယကာ.... ဤရဟန်းကို ကျေနပ်ပါ ဒါယကာကို ငါ၊ ည် ဤရဟန်းကိုယ်စား တောင်းပန်ပါသည်" ဟု ပြောကြားရမည် ဤနည်းဖြင့် ကျေနပ်လျှင်လည်း ကောင်းပါသည်၊

ဤဒုတိယနည်းနှင့်မျှ မကျေနပ်ပါမူ "ဒါယကာ....သံဃာ၏ စကားဖြင့် အရှင်သုဓမ္မအား ကျေနပ်ပါ" ဟု ဝန်ချတောင်းပန်ရမည်၊

ဤနည်းနှင့်မျှ မကျေနပ်သေးပါမူ စိတ္တသူကြွယ် မြင်လောက် ကြားလောက်သော အရပ်၌ အရှင်သုဓမ္မကို မိမိဝယ် သင့်ရောက်သော အာပတ်ကို စိတ္တသူကြွယ်၏ မျက်မှောက်မှာပင် ဒေသနာ ကြားစေရမည် ဟု သဗ္ဗညု မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပါသည် အရှင်ဘုရား၊

စိတ္တသူကြွယ်ဝတ္ထု ပြီး၏

---

## ပဋိသာရဏီယ ကံ ငြိမ်းအေးစေကြောင်း ကျင့်ဝတ် (၁၈) ပါး

ပုစ္ဆာ။ ။ပဋိသာရဏီယကမ္မကတဿ အာဝုသော ဘိက္ခုနော ကတိသု ဝတ္တေသု သမ္မာ ဝတ္တန္တဿ တံ ကမ္မံ ပဋိပ္ပဿမ္ဘေတုံ ဘဂဝတာ အနုညာတံ။

ဝိဿဇ္ဇနာ။ ။အဋ္ဌာရသသု ဘန္တေ ဝတ္တေသု သမ္မာ ဝတ္တန္တဿ ပဋိသာရဏီယ ကမ္မကတဿ ဘိက္ခုနော တံ ကမ္မံ ပဋိပ္ပဿမ္ဘေတုံ ဘဂဝတာ အနုညာတံ။

အမေး။ ။ပဋိသာရဏီယ ကံ ပြုအပ်သော ရဟန်းသည် အဘယ်မျှသော ကျင့်ဝတ်တို့၌ ကောင်းမွန်ကျေပြွန်စွာ ကျင့်သည်ရှိသော် ထို ပြုပြီးသော ပဋိသာရဏီယကံကို တဖန်ပြန်၍ ငြိမ်းအေးစေခြင်းငှါ မြတ်စွာဘုရား ခွင့်ပြု ပညတ်တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။တဆယ့်ရှစ်ပါးသော ကျင့်ဝတ်တို့၌ ကောင်းစွာ လိုက်နာ ကျင့်ကြံသော ပဋိသာရဏီယ ကံ အပြုခံရသော ရဟန်းအား ထို ပဋိသာရဏီယ ကံကို သံဃာက ငြိမ်းအေးစေခြင်းငှါ ခွင့်ပြုတော်မူအပ်ပါသည်၊

တဆယ့်ရှစ်ပါးသော ကျင့်ဝတ်တို့ ဟူသည်မှာ ဥပဇ္ဈာယ်ပြု၍ ရဟန်းခံ မပေးရခြင်း, နိဿယည်း ဆရာ မပြုမလုပ်ရခြင်း,သာမဏေကို မမွေးမမြူရခြင်း, ဘိက္ခုနောဝါဒက သမ္မုတိကို မသာယာရခြင်း, ပင်ကိုယ်က ဘိက္ခုနောဝါဒက သမ္မုတိကိုရသော ရဟန်းပင် ဖြစ်လင့်ကစား ဘိက္ခုနီမတို့အား အဆုံးအမ ဩဝါဒ မပေးရခြင်း, အကြင် အာပတ်ဖြင့် သံဃာသည် ပဋိသာရဏီယကံကို

ပြုအပ်၏၊ ထို အာပတ်သို့ငှင်း ထို အာပတ်နှင့် အလားတူ အာပတ်သို့ငှင်း ထို့ထက် ရုန့်ရင်း ကြမ်းတမ်းသော အာပတ်သို့ငှင်း မရောက်မသင့်အောင် သတိဆောင်ရခြင်း, ပြုပြီးသော ကံကို မကဲ့ရဲ့ရခြင်း, ကံပြုသော သံဃာကို မကဲ့ရဲ့ရခြင်း ဤသို့ အစရှိသော တဆယ့်ရှစ်ပါးသော ကျင့်ဝတ်တို့၌ ပြည့်စုံကောင်းမွန်စွာ ကျင့်ကြံပြီးသော ပဋိသာရဏီယ ကံ အပြုခံရသော ရဟန်း၏ ပဋိသာရဏီယ ကံကို တဖန် ငြိမ်းအေးစေခြင်းငှါ သမ္ဗုဒ္ဓမြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပါသည် အရှင်ဘုရား။

ပဋိသာဏီယ ကံ ငြိမ်းအေးစေကြောင်း ကျင့်ဝတ်(၁၈)ပါး ပြီး၏

---

## ဥက္ခေပနီယ ကံ သုံးမျိုး

### (၁) အာပတ်ကိုမရှုခြင်း (၂) မကုစားခြင်းကြောင့် ဥက္ခေပနီယ ကံ ခွင့်ပြုခြင်း

ပုစ္ဆာ။ ။အာပတ္တိံ အာဝုသော အာပဇ္ဇိတ္ထာ တံ အာပတ္တိံ ပဿိတုံ ဝါ ပဋိကာတုံ ဝါ န ဣစ္ဆန္တဿ ဘိက္ခုနော အာပတ္တိယာ အဒဿနေ ဝါ အပ္ပဋိကမ္မေ ဝါ ဥက္ခေပနီယကမ္မံ ကာတုံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ကောသမ္ဗိယံ ဘန္တေ အာယသ္မန္တံ ဆန္နတ္ထေရံ အာရဗ္ဘ ပညတ္တံ၊ အာယသ္မာ ဘန္တေ ဆန္နော အာပတ္တိံ အာပဇ္ဇိတွာ န ဣစ္ဆိ တံ အာပတ္တိံ ပဿိတုံ ဝါ ပဋိကာတုံ ဝါ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။အာပတ် တစုံတခုသို့ သင့်ရောက်ပြီးလျှင် ထို သင့်ရောက်သော အာပတ်ကို ရှုခြင်းငှါလည်း ကုစားခြင်းငှါလည်း အလိုမရှိသော ရဟန်းအား အကြင်အာပတ်ကို မရှုခြင်း, မကုစားခြင်းကြောင့် ဥက္ခေပနီယ ကံ ပြု၍ သံဃာတော်က ပေါင်းသင်းဆက်ဆံခြင်း သမ္ဘောဂ, သံဝါသကိုမပြုဘဲ ကြဉ်ထုတ်ထားရန် မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပေ၏၊ ထို ဥက္ခေပနီယ ကံကို မြတ်စွာဘုရားသည် ဘယ်မှာ။ပ။ ငါ့ရှင်။

အဖြေ။ ။ကောသမ္ဗီပြည်အရပ်၌ အရှင်ဆန္န မထေရ်ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊ အရှင်ဆန္နမထေရ်သည် အာပတ်သို့ ရောက်ပြီးသင့်ပြီး ဖြစ်ပါလျက် ထို သင့်ရောက်သော အာပတ်ကို အာပတ်ဟူ၍

ရှုခြင်းငှါလည်း ထို သင့်ရောက်သော အာပတ်ကို ကုစားခြင်းငှါလည်း အလိုမရှိ ဖြစ်ခဲ့ပါသည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ထို ဥက္ခေပနီယကံ နှစ်ပါးကို မြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

အာပတ်ကို မရှုခြင်း, မကုစားခြင်း ကံ ပြုပုံ ပြီး၏

---

## ကျင့်ဝတ် (၄၃) ပါး

ပုစ္ဆာ။ ။အာပတ္တိယာ အာဝုသော အဒဿနေ ဝါ အပ္ပဋိကမ္မေ ဝါ ဥက္ခေပနီယ ကမ္မကတေန ဘိက္ခုနာ ကတိသု ဝတ္တေသု သမ္မာ ဝတ္တိတဗ္ဗံ။

ဝိဿဇ္ဇနာ။ ။တေစတ္တာလီသာယ ဘန္တေ ဝတ္တေသု သမ္မာ ဝတ္တိတဗ္ဗံ။

အမေး။ ။အာပတ်ကို မရှုခြင်းကြောင့် ဖြစ်စေ မကုစားခြင်းကြောင့် ဖြစ်စေ ဥက္ခေပနီယ ကံပြု၍ သံဃာတော်က သမ္ဘောဂ, သံဝါသ ပေါင်းသင်း ဆက်ဆံခြင်းကို မပြုဘဲ ကြဉ်ထုတ်ထားခြင်းကို ခံရသော ရဟန်းသည် ထို ဥက္ခေပနီယကံမှ လွတ်မြောက်စေရန် အဘယ်မျှသော ကျင့်ဝတ်တို့၌ ကောင်းစွာ ကျင့်ရပါသနည်း ငါ့ရှင်။

အဖြေ။ ။အာပတ်ကို မရှုခြင်း အာပတ်ကို မကုစားခြင်းကြောင့် ဥက္ခေပနီယ ကံ အပြုခံရသော ရဟန်းသည် ထို ဥက္ခေပနီယကံကို ငြိမ်းစေခြင်းငှါ ၄၃-ပါးသော ကျင့်ဝတ်တို့၌ ကောင်းစွာ ကျင့်ကြံအပ်ပါသည်၊

၄၃-ပါးကို အမြွက်မျှ လျှောက်ထားရပါမူ ဥပဇ္ဈာယ်ဆရာပြု၍ ရဟန်း မခံရခြင်း, နိဿယည်း မပေးရခြင်း, သာမဏေတို့ကို ဆရာပြု၍ မမွေးမြူရခြင်း, ဘိက္ခုနီမတို့ကို ဆုံးမတတ်သော ဘိက္ခုနောဝါဒက ရဟန်းဟူသော သမုတ်ချက်ကို မခံယူရခြင်း, ပင်ကိုယ်ကပင် ဘိက္ခုနောဝါဒက ရဟန်းဟူ၍ သမ္မုတိ ရပြီးဖြစ်စေကာမူ ဘိက္ခုနီမတို့ကို အဆုံးအမ ဩဝါဒမပေးရခြင်း, အကြင် အာပတ်ကို အကြောင်းပြု၍ သံဃာတော်က ဥက္ခေပနီယကံကို ပြုအပ်၏၊ ထို အာပတ်သို့လည်း ထိုအာပတ်နှင့် သဘောတူ အာပတ်သို့လည်း ထိုအာပတ်ထက် ရှုန့်ရင်းကြမ်းတမ်းသော အာပတ်သို့လည်း မရောက်မသင့်အောင် ကျင့်သုံး ရခြင်း, ပြုပြီးသော ကံကို မကဲ့ရဲ့မရှုတ်ချရခြင်း, ကံပြုသော သံဃာကို မကဲ့ရဲ့ မရှုတ်ချရခြင်း ဤသို့ အစရှိသည်ဖြင့် ၄၃-ပါး အပြားရှိပါသည် အရှင်ဘုရား။

ကျင့်ဝတ် (၄၃) ပါး ပြီး၏

## ကျင့်ဝတ်ကိုလိုက်နာသဖြင့် ကံပြေငြိမ်းခွင့်ပြုခြင်း

ပုစ္ဆာ။ ။ဥက္ခေပနီယကမ္မကတဿ အာဝုသော ဘိက္ခုနော သမ္မာ ဝတ္တန္တဿ တံ ကမ္မံ ပဋိပ္ပဿမ္ဘေတုံ ဘဂဝတာ ကတ္ထ အနုညာတံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတံ။

ဝိဿဇ္ဇနာ။ ။ကောသမ္ဗိယံ ဘန္တေ အာယသ္မန္တံ ယေဝ ဆန္နံ အာရဗ္ဘ အနုညာတံ၊ အာယသ္မာ ဘန္တေ ဆန္နော သံဃေန အာပတ္တိယာ အဒဿနေ ဝါ အပ္ပဋိကမ္မေ ဝါ ဥက္ခေပနီယကမ္မကတော သမ္မာ ဝတ္တေတိ လောမံ ပါတေတိ နေတ္ထာရံ ဝတ္တေတိ သံဃံ ဥပသင်္ကမိတွာ တဿ ကမ္မဿ ပဋိပ္ပဿဒ္ဓိယာ ယာစိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတံ။

အမေး။ ။အာပတ်ကို မရှုခြင်းကြောင့်ဖြစ်စေ မကုစားခြင်းကြောင့် ဖြစ်စေ ဥက္ခေပနီယကံပြု၍ ကြဉ်ထုတ် ထားသော ရဟန်းသည် ကျင့်သင့် ကျင့်ထိုက်သော ကျင့်ဝတ်တို့၌ ကောင်းစွာ ကျင့်ပြီးသောအခါကာလ၌ ထို ဥက္ခေပနီယကံကို တဖန်ပြန်၍ ငြိမ်းအေးစေခြင်းငှါ မြတ်စွာဘုရား ခွင့်ပြုတော် မူခဲ့ပေ၏၊ ထိုခွင့်ပြုချက်ကို ။ပ။ ငါ့ရှင်။

အဖြေ။ ။ကောသမ္ဗီပြည်အရပ်၌ အရှင်ဆန္နမထေရ်ကိုပင် အကြောင်း ပြု၍ ခွင့်ပြုတော် မူအပ်ပါသည်၊ အရှင်ဆန္နမထေရ်ကို အာပတ်ကို မရှုခြင်း မကုစားခြင်းကြောင့် သံဃာက အပေါင်းအသင်း မလုပ်ဘဲ နှင်ထုတ်သော ဥက္ခေပနီယကံပြုပြီးလျှင် အရပ်ရပ် ကျောင်းတိုက်တို့သို့လည်း ဆန္နရဟန်းကို သံဃာက အပေါင်းအသင်း မလုပ်ရန် ဥက္ခေပနီယကံ ပြုပြီး ဖြစ်ကြောင်း သတင်းစကား အဆင့်ဆင့် ပြောကြား၍ ထားပါသည်၊

အရှင်ဆန္နမထေရ်သည် မိမိနေရင်း ကျောင်းတိုက်၌ သံဃာတော်တို့က ဥက္ခေပနီယကံ ပြု၍ အပေါင်းအသင်း အဆက်အဆံ မပြုလုပ်သဖြင့် တခြား သော ကျောင်းတိုက်သို့ သွားပါသည်၊ ထိုကျောင်းတိုက်၌လည်း ရဟန်းတော် တို့သည် အရှင်ဆန္နကို အပေါင်းအသင်း အဆက်အဆံ မပြုမလုပ်ကြပါကုန် ရိုသေသမှု ရှိခိုးမှု တစုံတရာ မပြုကြပါကုန်၊

ထိုကျောင်းတိုက်၌ ရှိသေသမှု ရှိခိုးမှု အပြုမခံရ ပေါင်းသင်း ဆက်ဆံခြင်း အလျဉ်း မခံရသဖြင့် တခြားသော ကျောင်းတိုက်သို့ ပြောင်းရွှေ့ သွားပြန်ပါသည်၊

ထိုကျောင်းတိုက်၌လည်း ထိုနည်းအတူပင် သံဃာတော်တို့ အဆက်အဆံ မပြုလုပ်လျှင် အခြားတပါးသော ကျောင်းတိုက်သို့ ပြောင်းရွှေ့ သွားပြန်ပါသည် ထို ကျောင်းတိုက်၌လည်း ထို အတူ သံဃာတော်တို့ အပေါင်းအသင်း အဆက်အဆံ မပြုမလုပ်လျှင် မရိုသေမှု မဆက်ဆံမှုဖြင့် ပြင်းစွာ နှိပ်စက်အပ်သည် ဖြစ်၍ ကောသမ္ဗီပြည် နေရင်းကျောင်းတိုက်သို့ ပြန်လာပြီးလျှင် ဥက္ခေပနီယကံ အပြုခံရသော ရဟန်းတို့ ကောင်းစွာ လိုက်နာ ကျင့်ကြံရမည့် လေးဆယ့် သုံးပါးသော အကျင့်ဝတ်တို့ကို ကျိုးနွံစွာ ကျင့်ကြံပြီးလျှင် သံဃာတော်သို့ ချဉ်းကပ်၍ မိမိအား ပြုလုပ်သော ဥက္ခေပနီယကံကို ငြိမ်းသတ်တော်မူပါရန် တောင်းပန်စကား လျှောက်ထားခဲ့ပါသည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် လေးဆယ့်သုံးပါးသော အကျင့်ဝတ်တို့၌ ကောင်းစွာ ရိုသေ ကျိုးနွံ ကျင့်ကြံပြီးသော ဥက္ခေပနီယကံ အပြုခံရသော ရဟန်းအား ထိုဥက္ခေပနီယကံကို သံဃာတော်က ငြိမ်းအေးစေပါရန် သဗ္ဗညု မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပါသည် အရှင်ဘုရား။

ကျင့်ဝတ်ကိုလိုက်နာသဖြင့် ကံပြေငြိမ်းခွင့်ပြုခြင်း ပြီး၏

---

## (၃) ယုတ်မာသော အယူမှားကို မစွန့်၍ ဥက္ခေပနီယ ကံ ပြုခြင်း

ပုစ္ဆာ။ ။ပါပိကံ အာဝုသော ဒိဋ္ဌိံ ဂဟေတွာ တံ ဒိဋ္ဌိံ န ပဋိနိဿဇ္ဇန္တဿ ပါပိကာယ ဒိဋ္ဌိယာ အပ္ပဋိနိဿဂ္ဂေ ဥက္ခေပနီယကမ္မံ ကာတုံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အရိဋ္ဌံ ဘိက္ခုံ ဂဒ္ဓဗာဓိပုဗ္ဗံ အာရဗ္ဘ ပညတ္တံ၊ ဘဂဝတိ ဘန္တေ သာဝတ္ထိယံ ဝိဟရတိ အရိဋ္ဌဿ နာမ ဘိက္ခုနော ဂဒ္ဓဗာဓိပုဗ္ဗဿ ဧဝရူပံ ပါပကံ ဒိဋ္ဌိဂတံ ဥပ္ပန္နံ အဟောသိ "တထာဟံ ဘဂဝတာ ဓမ္မံ ဒေသိတံ အာဇာနာမိ၊ ယထာ-ယေမေ အန္တရာယိကာ ဓမ္မာ ဝုတ္တာ ဘဂဝတာ၊ တေ ပဋိ-

သေဝတော နာလံ အန္တရာယာယာ”တိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဝိသာခါဂ အာရုံ, ကာမဂုဏ် ဝတ္ထုတို့ကို သုံးဆောင်ငြားသော်လည်း ရဟန်းအား နတ်ရွာ နိဗ္ဗာန် ချျာန် မဂ်ဖိုလ် အန္တရာယ်ကို ပြုတတ်သော အပြစ်ကြီး မဖြစ်နိုင် ဟု ယုတ်ညံ့ ဆိုးယွား (ဆိုးဝါး) သော အယူကို ယူပြီးလျှင် ထို ယုတ်ညံ့ ဆိုးယွားသော အယူကို မစွန့်လွှတ်ဘဲ ယူမြဲယူ၍ နေသော ရဟန်းအား ထိုယုတ်ညံ့ ဆိုးယွားသော အယူကို မစွန့်လွှတ်ခြင်းကြောင့် ဥက္ခေပနီယ ကံ ပြု၍ သံဃာတော်က ပေါင်းသင်းဆက်ဆံခြင်း သမ္ဘောဂမပြုဘဲ ကြဉ်ထုတ်ထားရန် မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထို ဥက္ခေပနီယ ကံကို ဘယ်မြို့။ပ။ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်၌ အရိဋ္ဌမည်သော ငှင်းတသတ် အမျိုး၌ ဖြစ်သော ရဟန်းတပါးကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

မြတ်စွာဘုရားသခင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေလျော် တော်မူစဉ် ငှင်းတသတ် အမျိုး၌ဖြစ်သော အရိဋ္ဌမည်သော ရဟန်းဆိုးတပါးအား ဤဆိုလတ္တံ့သော ယုတ်မာသော သာသနာတော်နှင့်ဆန့်ကျင်သော မိစ္ဆာအယူဖြစ်ပါသည်၊ အဘယ်သို့ ဖြစ်ပါသနည်းဟူမူ——

“အကြင် အခြင်းအရာဖြင့် မှိဝဲသည်ရှိသော် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော နတ်ရွာနိဗ္ဗာန် မဂ်ဖိုလ်ချျာန်၏ အန္တရာယ်ကို ပြုတတ်သော အန္တရာယိကဓမ္မတို့ မသင့်၊ ထို အခြင်းအရာဖြင့် မြတ်စွာဘုရား ဟောကြားထားသော အကြောင်းကို ငါသိသည်” အစရှိသည်ဖြင့် မဟုတ်မလျော် ဖောက်ပြားသော မိစ္ဆာ အယူရှိပါသည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် ထိုဥက္ခေပနီယ ကံကို မြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ယုတ်မာသော အယူမှားကို မစွန့်၍ ဥက္ခေပနီယ ကံ ပြုခြင်း ပြီး၏

---

## ကံ ပြေငြိမ်းကြောင်း ကျင့်ဝတ် (၄၃) ပါး

ပုစ္ဆာ။ ။ပါပိကာယ အာဝုသော ဒိဋ္ဌိယာ အပ္ပဋိနိဿဂ္ဂေ ဥက္ခေပနီယကမ္မကတေန ဘိက္ခုနာ ကတိသု ဝတ္တေသု သမ္မာ ဝတ္တိတဗ္ဗံ။

ဝိဿဇ္ဇနာ။ ။တေစတ္တာလီသာယ ဘန္တေ ဝတ္တေသု သမ္မာ ဝတ္တိတဗ္ဗံ။

အမေး။ ။ယုတ်မာ ဆိုးယွား (ဆိုးဝါး) သော အယူကို မစွန့်ခြင်းကြောင့် ဥက္ခေပနီယကံ အပြုခံရသော ရဟန်းသည် အဘယ်မျှသော ကျင့်ဝတ်တို့၌ ကောင်းစွာ ကျင့်ရဘိသနည်း ငါ့ရှင်။

အဖြေ။ ။ယုတ်မာ ဆိုးဝါး ဘုရား အလိုတော်နှင့် ဆန့်ကျင်သော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် ဥက္ခေပနီယ ကံ အပြုခံရသော ရဟန်းသည် ဆိုအပ်ပြီးသော လေးဆယ့်သုံးပါးသော ကျင့်ဝတ်တို့၌ ကောင်းစွာ လိုက်နာရှိသေ ကျိုးနွံ ကျင့်ကြံရမည် ဖြစ်ပါသည် အရှင်ဘုရား။

ကံ ပြေငြိမ်းကြောင်း ကျင့်ဝတ် (၄၃) ပါး ပြီး၏

---

ပုစ္ဆာ။ ။ကမ္မက္ခန္ဓကံ ပုစ္ဆိဿံ၊ သနိဒါနံ သနိဒ္ဒေသံ။
သမုက္ကဋ္ဌပဒါနံ အာဝုသော ကတိ အာပတ္တိယော။

ဝိဿဇ္ဇနာ။ ။ကမ္မက္ခန္ဓကံ ဝိဿဇ္ဇိဿံ၊ သနိဒါနံ သနိဒ္ဒေသံ။
သမုက္ကဋ္ဌပဒါနံ ဘန္တေ ဧကာ အာပတ္တိ။

အမေး။ ။နိဒါန်း နိဒ္ဒေသနှင့်တကွ ကမ္မက္ခန္ဓကကို မေးမြန်းပေအံ့၊ ဤ ကမ္မက္ခန္ဓကလာ မြတ်စွာဘုရား၏ ပညတ်တော်တို့နှင့် သက်ဆိုင်သော အာပတ် တို့သည် အကျဉ်းချုပ်အားဖြင့် အဘယ်မျှ ရှိပါကုန်သနည်း ငါ့ရှင်။

အဖြေ။ ။နိဒါန်း နိဒ္ဒေသနှင့်တကွသော ကမ္မက္ခန္ဓကကို ဖြေကြားလျှောက်ထားပါအံ့၊ ဤ ကမ္မက္ခန္ဓက၌ သဗ္ဗညုမြတ်စွာဘုရား၏ မုခပါဌ် မြတ်သော စကားတော်အစဉ်တို့နှင့် စပ်ဆိုင်သော အာပတ် အပေါင်းတို့သည်ကား ဘုရား ပညတ်တော်မူအပ်သော တဆယ့်ရှစ်ရပ်သောဝတ်, လေးဆယ့်သုံးပါးသော ဝတ်တို့ကို မလိုက်နာ မကျင့်ကြံသော ရဟန်းအတွက် **"ဝတ္တဘေဒ"** ဒုက္ကဋ် အာပတ် တမျိုးသာ ရှိပါသည် အရှင်ဘုရား။

**ကမ္မက္ခန္ဓက ပြီး၏**

# ၂—ပါရိဝါသိကက္ခန္ဓက

## ပရိဝါသ်, မာနတ်ကျင့်နေဆဲ ရှိခိုးခြင်းစသည်ကို မခံရခြင်း

ပုစ္ဆာ။ ။ပါရိဝါသိကဿ အာဝုသော ပကတတ္တာနံ ဘိက္ခုူနံ အဘိဝါဒနာဒိနိ သာဒိယန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ပါရိဝါသိကေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ ပါရိဝါသိကာ ဘန္တေ ဘိက္ခူ သာဒိယိံသု ပကတတ္တာနံ ဘိက္ခုူနံ အဘိဝါဒနာဒိနိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ပရိဝါသ် ကျင့်သုံး၍နေရသော ရဟန်းသည် ပရိဝါသ်, မာနတ်စသည် ကျင့်သုံးခြင်း မရှိသော ပကတိ ရဟန်းတို့၏ ရှိခိုးခြင်း နေရာမှ ထပေးခြင်း အစရှိသော အရိုအသေပြုမှုတို့ကို သာယာလက်ခံ၍ နေသည် ရှိသော် ဒုက္ကဋ် အာပတ် သင့်စေ ဟု မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထို ဒုက္ကဋ် အာပတ်ကို ဘယ်မြို့။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်အရပ်၌ များစွာသော ပါရိဝါသိက ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊ ပရိဝါသ် ကျင့်သုံးဆောက်တည်ဆဲ ဖြစ်သော ဒဏ်သား ရဟန်းတို့သည် ပကတိ ဖြူစင်သော သီလ သမာဓိပညာရှိသည့် **ပကတတ်** ရဟန်းတို့၏ ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီမိုးခြင်း အရိုအသေပြုခြင်း နေရာဆောင်ခြင်း အိပ်ရာဆောင်ခြင်း ခြေဆေးရေ ခြေဆေး အင်းပျဉ် ခြေပွတ်အိုးခြမ်းတို့ကို ဆောင်ယူခြင်း သပိတ်သင်္ကန်းကို လှမ်းယူခြင်း ဆောင်ယူခြင်း ဤသို့ အစရှိသည်ကိုလက်ခံသာယာကြပါကုန်သည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ပါရိဝါသိက ရဟန်း၏ ပကတတ် ရဟန်းတို့ ပြုသော ရှိခိုးခြင်း အစရှိသော ရိုသေမှုကို ခံယူခဲ့သော် ဒုက္ကဋ် အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပရိဝါသ်, မာနတ်ကျင့်နေဆဲ ရှိခိုးခြင်းစသည်ကို မခံရခြင်း ပြီး၏

## ကျင့်ဝတ် (၉၄) ပါး

ပုစ္ဆာ။ ။ပါရိဝါသိကေန အာဝုသော ဘိက္ခုနာ ကတိသု ဝတ္တေသု သမ္မာ ဝတ္တိတဗ္ဗံ။

ဝိဿဇ္ဇနာ။ ။ပါရိဝါသိကေန ဘန္တေ ဘိက္ခုနာ စတုနဝုတိယာ ဝတ္တေသု သမ္မာ ဝတ္တိတဗ္ဗံ။

အမေး။ ။ပရိဝါသ် ကျင့်သုံးနေဆဲ ဖြစ်သော ရဟန်းသည် အဘယ်မျှသော ကျင့်ဝတ်တို့၌ ကောင်းမွန်ရိုသေစွာ ကျင့်ရပါသနည်း ငါ့ရှင်။

အဖြေ။ ။ပရိဝါသ် ကျင့်သုံး ဆောက်တည်နေဆဲဖြစ်သော ရဟန်းသည် ဥပဇ္ဈာယ်ပြု၍ ရဟန်းခံမပေးရခြင်း, နိဿယည်းဆရာ မပြုလုပ်ရခြင်း, သာမဏေတို့ကို မမွေးမမြူရခြင်း,ဘိက္ခုနောဝါဒက သမ္မုတိ အရာကို မသာယာ မခံယူရခြင်း, ပင်ကိုယ်က သမ္မုတိရပြီးဖြစ်သော်လည်း ဘိက္ခုနီမများကို အဆုံးအမ ဩဝါဒ မပေးရခြင်း ဤသို့ အစရှိသည်ဖြင့် ကိုးဆယ့်လေးပါးသော ကျင့်ဝတ်တို့၌ ကောင်းစွာ ကျင့်ကြံရပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ပါရိဝါသိကံ ပုစ္ဆိဿံ၊ သနိဒါနံ သနိဒ္ဒေသံ။
သမုက္ကဋ္ဌပဒါနံ အာဝုသော ကတိ အာပတ္တိယော။

ဝိဿဇ္ဇနာ။ ။ပါရိဝါသိကံ ဝိဿဇ္ဇိဿံ၊ သနိဒါနံ သနိဒ္ဒေသံ၊
သမုက္ကဋ္ဌပဒါနံ ဘန္တေ ဧကာ အာပတ္တိ။

အမေး။ ။နိဒါန်း အကျယ်နိဒ္ဒေသနှင့် တကွသော ပါရိဝါသိကက္ခန္ဓကကို မေးမြန်းပေအံ့၊ ဤပါရိဝါသိကက္ခန္ဓကလာ မြတ်စွာဘုရား၏ ပညတ်တော်စကားရပ်နှင့် သက်ဆိုင်သော အာပတ်တို့သည် အကျဉ်းချုပ် အားဖြင့် အဘယ်မျှ ရှိပါကုန်သနည်း ငါ့ရှင်။

အဖြေ။ ။နိဒါန်း နိဒ္ဒေသနှင့်တကွသော ပါရိဝါသိကက္ခန္ဓကကို ဖြေကြားလျှောက်ထားပါအံ့၊ ဤ ပါရိဝါသိကက္ခန္ဓက၌ မြတ်စွာဘုရား၏ ရွှေနှုတ်တော်ထွက် မုခပါဠ် မြတ်သော စကားတော် အစဉ်တို့ဖြင့် ဖော်ပြအပ်သော စကားတော် အစဉ်တို့နှင့် စပ်ဆိုင်သော အာပတ် အစုတို့သည်ကား ဒုက္ကဋ် အာပတ်တမျိုးသာ ဖြစ်ပါသည် အရှင်ဘုရား။

**ပါရိဝါသိကက္ခန္ဓက ပြီး၏**

# ၃-သမုစ္စယက္ခန္ဓက

## အာပတ် အကျဉ်းချုပ်

ပုစ္ဆာ။ ။သမုစ္စယံ ပုစ္ဆိဿံ၊ သနိဒါနံ သနိဒ္ဒေသံ။
သမုက္ကဋ္ဌပဒါနံ အာဝုသော ကတိ အာပတ္တိယော။

ဝိဿဇ္ဇနာ။ ။သမုစ္စယံ ဝိဿဇ္ဇိဿံ၊ သနိဒါနံ သနိဒ္ဒေသံ။
သမုက္ကဋ္ဌပဒါနံ ဘန္တေ ဧကာ အာပတ္တိ။

အမေး။ ။နိဒါန်း အကျယ် နိဒ္ဒေသနှင့် တကွသော သမုစ္စယက္ခန္ဓကကို မေးမြန်းပေအံ့၊ ဤ သမုစ္စယက္ခန္ဓကလာ မြတ်စွာဘုရား၏ ပညတ်တော် စကားတော်နှင့် သက်ဆိုင်သော အာပတ်တို့သည် အကျဉ်းချုပ်အားဖြင့် အဘယ်မျှ ရှိပါကုန်သနည်း ငါ့ရှင်။

အဖြေ။ ။နိဒါန်း အကျယ် နိဒ္ဒေသနှင့်တကွသော သမုစ္စယက္ခန္ဓကကို ဖြေကြား လျှောက်ထားပါအံ့၊ ဤ သမုစ္စယက္ခန္ဓက၌ မြတ်စွာဘုရား ဟော ကြားတော်မူအပ်သော စကားတော် အစဉ်တို့နှင့် စပ်ဆိုင်သော အာပတ် အမျိုးအစားတို့သည် အကျဉ်းချုပ်အားဖြင့် ဒုက္ကဋ် အာပတ်တမျိုးသာ ဖြစ်ပါသည် အရှင်ဘုရား။

သမုစ္စယက္ခန္ဓက ပြီး၏

# ၄ - သမထက္ခန္ဓက

## မျက်ကွယ်၌ နိဂ္ဂဟကံ (၇) မျိုး မပြုရခြင်း

ပုစ္ဆာ။ ။အသမ္မုခါကတာနံ အာဝုသော ဘိက္ခူနံ တဇ္ဇနီယံ ဝါ နိယဿံ ဝါ ပဗ္ဗာဇနီယံ ဝါ ပဋိသာရဏီယံ ဝါ ဥက္ခေပနီယံ ဝါ ကမ္မံ ကရောန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ အသမ္မုခီဘူတာနံ ဘိက္ခူနံ ကမ္မံ အကံသု တဇ္ဇနီယမ္ပိ နိယဿမ္ပိ ပဗ္ဗာဇနီယမ္ပိ ပဋိသာရဏီယမ္ပိ ဥက္ခေပနီယမ္ပိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။သံဃာ၏မျက်မှောက်၌ ထင်ရှားမရှိသော သံဃာ၏ မျက်ကွယ် တခြားတပါး၌ တည်ရှိနေသော ရဟန်းတို့အား တဇ္ဇနီယ ကံကို ဖြစ်စေ နိယဿ ကံကို ဖြစ်စေ ပဗ္ဗာဇနီယ ကံကို ဖြစ်စေ ပဋိသာရဏီယ ကံကို ဖြစ်စေ ဥက္ခေပနီယ ကံကို ဖြစ်စေ ဤနိဂ္ဂဟ ကံကို ပြုသော ရဟန်း သံဃာအား ဒုက္ကဋ် အာပတ်ကို မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထိုဒုက္ကဋ် အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ကံ ပြုခံရမည့်ရဟန်းတို့ မျက်မှောက်ဝယ် ထင်ရှားမရှိပါဘဲ မျက်ကွယ်၌ တည်ကြကုန်သော ရဟန်းတို့အား တဇ္ဇနီယ ကံကိုငင်း နိယဿ ကံကိုငင်း ပဗ္ဗာဇနီယ ကံကိုငင်း ပဋိသာရဏီယ ကံကိုငင်း ဥက္ခေပနီယ ကံ သုံးမျိုးကိုငင်း ပြုမှားကြပါကုန်ပြီ၊

ထိုသို့သော မှုခင်းကိစ္စကြောင့် မျက်မှောက်မဟုတ် မျက်ကွယ်၌ တည်သော ရဟန်းတို့ကို တဇ္ဇနီယ အစရှိသော နှိပ်ကွပ်ခြင်း နိဂ္ဂဟကံ ခုနစ်ပါးကို ပြုသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

မျက်ကွယ်၌ နိဂ္ဂဟကံ (၇) မျိုး မပြုရခြင်း ပြီး၏

## သတိ ဝိနည်းပေးခဏ်း

### အရှင်ဒဗ္ဗ မထေရ်ဝတ္ထု

ပုစ္ဆာ။ ။သတိဝေပုလ္လပတ္တဿ အာဝုသော ဘိက္ခုနော သတိဝိနယံ ဒါနံ ဘဂဝတာ ကတ္ထ အနုညာတံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ မေတ္တိယဘူမဇကေ ဘိက္ခူ အာရဗ္ဘ အနုညာတံ မေတ္တိယဘူမဇကာ ဘန္တေ ဘိက္ခူ အာယသ္မန္တံ ဒဗ္ဗံ မလ္လပုတ္တံ အမူလိကာယ သီလဝိပတ္တိယာ အနုဒ္ဓံသေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတံ။

အမေး။ ။ပြန့်ပြောကြီးမားသော သတိနှင့် ပြည့်စုံသော ရဟန်းအား သတိဝိနည်းကို ပေးရန် မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပေ၏၊ ထို သတိ ဝိနည်းကို ဘယ်မြို့ဒေသ၌။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ မေတ္တိယ, ဘူမဇက ရဟန်းတို့ကို အကြောင်းပြု၍ ခွင့်ပြုတော်မူအပ်ပါသည်၊

အနည်းငယ်မျှ လျှောက်ထားလိုပါသည်၊ မြတ်စွာဘုရားသခင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူသောအခါ မလ္လာမင်း၏သား အရှင်ဒဗ္ဗ မထေရ်သည် ခုနစ်နှစ်သား အရွယ်ကပင် ရဟန်းကိစ္စ ပြီးဆုံး ရဟန္တာ အဖြစ်သို့ ရောက်ရှိခဲ့ပါသည်၊

ရဟန္တာဖြစ်ပြီးသောအခါ မိမိသန္တာန်ဝယ် ရဟန်းကိစ္စ အခြားတပါး ပြုလုပ်ရန် မရှိသဖြင့် သံဃာတော်နှင့် စပ်လျဉ်းသော ဆွမ်းညွှန်းခြင်းကိစ္စ, နေရာခင်းခြင်းကိစ္စကို ရွက်ဆောင်ရမူ ကောင်းလေစွ ဟု အကြံဖြစ်၍ ဘုရားထံမှောက် ညနေချမ်းအခါဝယ် သွားရောက်ပြီးလျှင်—

"ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... ဘုရားတပည့်တော်သည် ရောက်လာ ရောက်လာ တိုင်းသော သံဃာတော် အရှင်မြတ်များ၏ နေရာခင်းခြင်း ထို သံဃာတော် အရှင်မြတ်တို့အား စာရင်း ဂဏန်း မမှားရအောင် ဆွမ်းညွှန်းခြင်း တည်းဟူသော သံဃာ့တာဝန်ကို အားသွန် ကြိုးပမ်းထမ်းဆောင်လိုပါကြောင်း ခွင့်တောင်းလျှောက်ထားပါသည်၊

ထိုအခါ မြတ်စွာဘုရားသည် အရှင်ဒဗ္ဗအား သာခု ကောင်းချီးပေး၍ သံဃာတော်အတွက် နေရာခင်းရန် သံဃာတော်အတွက် ဆွမ်းညွှန်းရန်ကို ခွင့်ပြုတော်မူပါသည်၊ ရဟန်း သံဃာတော် အရှင်မြတ်တို့အားလည်း အရှင်ဒဗ္ဗ အား ဆွမ်းညွှန်း ရဟန်းတော်အဖြစ်, နေရာခင်း ရဟန်းတော်အဖြစ် သမ္မုတိ ပေးဘို့ရန် ကမ္မဝါ ရွတ်ဘတ် သမ္မုတိပေးရန် မိန့်ကြားတော်မူပါသည်၊

သမ္မုတိ ရပြီးသော အရှင်ဒဗ္ဗ မထေရ်သည် သဘောတူရာ တူရာ ရဟန်း တော်တို့ကို ပေါင်းစု၍ နေရာခင်းခြင်း ဆွမ်းညွှန်းခြင်း အမှုကို ပြုပါသည်၊ ဥပမာ သုတ္တန်ပိဋကဆောင် ရဟန်းတော်အရှင်တို့ကို ဤမထေရ်သူမြတ်တို့ သည် မိမိတို့ ဆောင်ခဲ့သော သုတ္တန်ပိဋကကို တညီတညွတ်တည်း ရွတ်ဆို တော်မူကြပါလိမ့်မည် ဟု တပေါင်းတည်း တစုတည်း နေရာခင်း၍ ပေးခဲ့ ပါသည်၊

ဝိနည်းဓိုရ် ရဟန်းတော်မြတ်တို့ကိုလည်း ထိုအတူပင် ဝိနည်းပိဋကကို ဆုံးဖြတ်တော်မူကြလိမ့်မည် ဟု တပေါင်းတည်း တစုတည်း နေရာခင်း၍ ပေး ပါသည်၊

ဓမ္မကထိက ရဟန်းတော် အရှင်မြတ်တို့အားလည်း တရားတော်ကို ဆွေး နွေးတော်မူကြလိမ့်မည် ဟု တပေါင်းတည်း တစုတည်း နေရာခင်း၍ ပေးပါ သည်၊

ထို့မှတပါး ကိုယ်လက်ကြံ့ခိုင်ခြင်းကို လေးစားသော "ကာယဒဠှိ ဗဟုလ" ရဟန်းတို့အားလည်း ဤအရှင်တို့သည် ဤမည်သော မွှေလျော်ခြင်း ဖြင့် မွှေလျော်ကြပါစေ ဟု သဘောတူရာ ပေါင်းစု၍ နေရာခင်းပေးခဲ့ပါသည်၊

အထူးအားဖြင့် ရဟန်းတော် အရှင်မြတ်တို့သည် တမင်သက်သက် အရှင် ဒဗ္ဗ၏ တန်ခိုးအဘိညာဉ်ကို မြင်လိုလှသဖြင့် နီးရာဒေသကို မညွှန်ကြားဘဲ ဝေးလှစွာသော ဂိဇ္ဈကုဋ်တောင် အစရှိသည်တို့သို့ ငါတို့၏ နေရာကို ခင်းပေးပါ ဟု ညွှန်ကြားကြပါသည်၊ ညွှန်ကြားသမျှသော ရဟန်းတော်တို့အား အရှင် ဒဗ္ဗ မထေရ်သည် တေဇောကသိုဏ်းလျှင် အခြေ ပါဒကရှိသော အဘိညာဉ်ကို ဝင်စား၍ ညအခါဝယ် အဘိညာဉ်ဖြင့် ဖန်ဆင်းအပ်သော လက်ညှိုးမှ ထွက်

သော မီးအလျှံတို့ဖြင့် ရှေမှုကြပြီးလျှင် အာဂန္တုက ရဟန်းတို့ကို အသီး အသီး နေရာချထား ပေးခဲ့ပါသည်၊

ထိုစဉ်အခါ ရာဇဂြိုဟ်ပြည်၌ မေတ္တိယ ရဟန်း ဘူမဇက ရဟန်းတို့ ခေါင်း ဆောင်သော ဆဗ္ဗဂ္ဂီဂိုဏ်းဝင် ရဟန်းတို့သည် အလွန့်အလွန် ဘုန်းနည်းသော ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်၊ ကျောင်းတိုက်ထည်း၌ ဖြစ်စေ မြို့ထည်းရွာထည်း ၌ဖြစ်စေ ၎င်းတို့အား အလွန်ခေါင်းပါး ရုန့်ရင်း ကြမ်းတမ်းသော ဆွမ်းများ သာလျှင် ရောက်ရှိပါသည်၊

တနေ့သောအခါဝယ် ရာဇဂြိုဟ်ပြည်တွင်းမှ ဆွမ်းကောင်းကို လှူဒါန်း သဖြင့် "ကလျာဏဘတ္တိက" အမည်ရသော ဥပါသကာ ဒါယကာ၏ ဆွမ်း အလှည့်ကို မေတ္တိယ, ဘူမဇက ရဟန်းတို့ ရောက်ကြ ရကြပါသည်၊ နက်ဖြန်ခါ ဆွမ်းလှည့်ကျမည်ဆိုရသော ယနေ့အခါ ကလျာဏဘတ္တိက ဥပါသကာသည် အရှင်ဒဗ္ဗထံမှောက် လာရောက် တရားနာပြီးလျှင် "အရှင်ဘုရား နက်ဖြန် ဆွမ်းလှည့် တပည့်တော်၏ အိမ်သို့ မည်သည့်ရဟန်းတော်များ ကျပါသနည်း" ဟု မေးမြန်း လျှောက်ထားသည်ရှိသော် မေတ္တိယ, ဘူမဇက ရဟန်းတို့ ဆွမ်း လှည့်ကျရောက်ကြောင်း မိန့်ကြားတော် မူသည်ရှိသော် မျှားစွာ စိတ်နှလုံး မသာမယာ ဖြစ်၍ အိမ်သို့ ပြန်ပြီးလျှင် အိမ်ရှိ ကျွန်မအား....

"အချင်းကျွန်မ....၊နက်ဖြန်ခါ ဆွမ်းလှည့်ကျသော ကိုယ်တော်တို့အား တခါးမုခ်အတွင်းမှာပင် နေရာခင်း၍ ပုန်းရည်လျှင်နှစ်ခုမြောက် ဖြစ်သော ဆန်ကွဲ (ဇကွဲ) ထမင်းဖြင့် ကျွေးလေ" ဟု မှာကြားခဲ့ပါသည်၊

မေတ္တိယ, ဘူမဇက ရဟန်းတို့သည် နက်ဖြန်ခါ ကလျာဏဘတ္တိက ဒါယကာ အိမ်သို့ ဆွမ်းစားရမည့်အရေး တွေးကာ တွေးကာ ဝမ်းမြောက် ကြပြီးလျှင် ထိုညအဘို့ စိတ်ရှိသမျှ မအိပ်နိုင်ကြဘဲ ဝမ်းမြောက်ခြင်းဖြစ်၍ နေကြပါသည်၊

နံနက်မိုးသောက် ရောက်သောအခါ သပိတ်သင်္ကန်းကို ယူ၍ ကလျာဏ ဘတ္တိက ဒါယကာအိမ်သို့ ကြွရောက်ကြသောအခါ ကျွန်မသည် တံခါးမုခ်၌ နေရာခင်းပြီးလျှင် "ဤအရပ်၌ အရှင်တို့ သီတင်းသုံးတော်မူပါ" ဟု လျှောက် ထားသည်ရှိသော်....ငါတို့ကား နိစ္စဘတ် ကိုယ်တော်များ ဖြစ်သည် ဟု ပြန် ကြားကြပါသည်၊

အရှင်တို့ အမြဲဆွမ်းဝတ်တည်သော ကိုယ်တော်များ ဖြစ်ကြောင်း တပည့်တော် သိပါသည်၊ သို့သော် မနေ့ကပင် ကလျာဏဘတ္တိက သူကြွယ်က နက်ဖြန် ဆွမ်းအလှည့်ကျသော ကိုယ်တော်တို့အား ဤဌာန၌ ဆွမ်းကပ်ရမည် ဟု မိန့်မှာချက် ရှိပါသည်၊ ဘုဉ်းပေး သုံးဆောင်တော် မူကြပါ” ဟု ဆန်ကွဲထမင်း ပုန်းရေဟင်းမျှ ဆက်ကပ်ပါသည်၊

မေတ္တိယ ဘူမဇက ရဟန်းတို့သည် “ယမန်နေ့က ကလျာဏဘတ္တိက ဒါယကာသည် ဒဗ္ဗထံ သွားရောက်သည် ဧကန်ဒိဋ္ဌ ဒဗ္ဗသည် ငါတို့အား ကလျာဏဘတ္တိက ဒါယကာနှင့် စိတ်ဝမ်းကွဲပြား သဒ္ဓါတရားမဲ့အောင် ပြောဆို၍ လွှတ်လိုက်ပြီ” ဟု အရှင်ဒဗ္ဗအပေါ် မလျော်သော ရန်ညိုးဖြင့် စိတ်အဆိုးကြီး ဆိုးကြပြီးလျှင် စိတ်ရှိသလောက် ဆွမ်းမဘုဉ်းပေးနိုင်ဘဲ ကျောင်းသို့ ပြန်ရောက်၍ သပိတ်သက်န်း သိမ်းဆည်းပြီးလျှင် တံခါး မုခ်မှ ပြင်ဘက်၌ သက်န်းအာယောဂပတ် ဖွဲ့လျက် ကြုံမှိုင်၍ နေကြပါသည်၊

ထိုအခါ မေတ္တိယ, ဘူမဇက ဂိုဏ်းဝင် ရဟန်းတို့၏ တပည့်ဖြစ်သော “မေတ္တိယာ” ဘိက္ခုနီမ လာရောက်၍ “ဝန္ဒာမိ အယျာ—အရှင်ဘုရားတို့ကို ရှိခိုးပါ၏” ဟု ရှိခိုး ဝတ်ပြုသည်ရှိသော် သုံးကြိမ်တိုင်အောင်ပင် စကားမပြောဘဲ ရှိနေကြပါသည်၊ ထိုအခါ မေတ္တိယာ ဘိက္ခုနီမက “တပည့်တော်မသည် အရှင်တို့ကို မည်သို့ ပြစ်မှားပါဘိသနည်း အဘယ့်ကြောင့် တပည့်တော်မကို စကားမပြော တုဏှီဘော နေကြပါဘိသနည်း” ဟု လျှောက်ထားသည်ရှိသော်....

“သီတင်းသုံးဘော် ဖြစ်သော ချစ်နှမ....၊ ငါတို့ကို အရှင်ဒဗ္ဗ ထင်သလို နှိပ်စက်၍ နေသည်ကို အသင်သည် လျစ်လျူရှု၍ နေဘိ၏တကား” ဟု အပြစ်တင်စကား ပြောကြားသည်ရှိသော်—

“တပည့်တော်မ မည်သို့ ဆောင်ရွက်ရပါမည်နည်း” ဟု ပြန်ကြား လျှောက်ထားပါသည်၊

သို့တပြီးကား ယနေ့ပင် အရှင်ဒဗ္ဗကို သာသနာတော်မှ လျောကျစေနိုင်သော အကြောင်းဖြင့် စွပ်စွဲ ပြောကြားသည်ကို ငါတို့အလိုရှိသည် ဟု မေတ္တိယာ ဘိက္ခုနီမအား အားပေး အားမြှောက်စကား နည်းပေး လမ်းပြ

စကား ပြောကြား လွှတ်လိုက်ကြပါသည်၊ မေတ္တိယာ ဘိက္ခုနီမသည် ဘုရား ထံမှောက် သွားရောက်ပြီးလျှင်—

"ဣဒံ ဘန္တေ နစ္ဆန္နံ နပ္ပတိရူပံ—ရှင်တော်ဘုရား....၊ ဤအမှုကား လုံးဝ မသင့်တော် မလျော်ဖြစ်ပါသည်၊ အကြင်အရပ်မှ ဘေးမရှိ, ရန်မရှိ, ဥပဒ္ဒဝေါ မရှိ ထိုဘေးမရှိ ရန်မရှိ ဥပဒ္ဒဝေါမရှိ ရမည့် အရပ်မှ ဘေးတွေ ရန်တွေ ဥပဒ္ဒဝေါတွေ ဖြစ်ပွါး၍ လာခဲ့ပါသည် အကြင်အရပ်မှ လေတိတ်ပါသည် ထို လေတိတ်သော အရပ်မှပင် လေတိုက်၍ လာခဲ့ပါသည် ရေကပင် မီးဖြစ် ယောင်တကား....တပည့်တော်မကို အရှင်ဒဗ္ဗသည် ဖျက်ဆီးအပ်ပါပြီ ဘုရား" ဟု မိုးကြိုးကျသား မလျောက်ပတ်သော စကားဖြင့် မြတ်စွာဘုရားအား လျှောက်ထားပါသည်၊

ထိုအခါ မြတ်စွာဘုရားသည် အရှင်ဒဗ္ဗကို ဤဘိက္ခုနီမ ပြောကြားသည့် အတိုင်း မှန်ပါသလော ဤဘိက္ခုနီမ ပြောကြားသော အမှုကို ပြုမိသည် ဟု သင်ချစ်သား အောက်မေ့ပါသလော ဟု မေးမြန်းတော်မူသည် ရှိသော်—

ယထာ မံ ဘန္တေ ဘဂဝါ ဇာနာတိ—ဘုရားတပည့်တော်ကို ရှင်တော် ဘုရား အသိသား ဖြစ်ပါသည်ဘုရား ဟု သုံးကြိမ်တိုင်တိုင် လျှောက်ထားသည် ရှိသော်—

ချစ်သားဒဗ္ဗ....၊ ပညာရှိတို့သည် ဤကိစ္စမျိုးမှာ ပရိယာယ်ဖြင့် သွယ်ဝိုက်၍ ပြောကြားရိုးမရှိပါ အသင်ချစ်သား ပြုမှားလျှင် ပြုမှားမိပါသည် မပြုမှားလျှင် မပြုမှားမိပါ ဟု တိုက်ရိုက်ပင် သင်ချစ်သား လျှောက်ထား လေ ဟု မိန့်တော် မူသည်ရှိသော်—

"ရှင်တော်ဘုရား တပည့်တော်သည် အကြင် အချိန်အခါမှစ၍ သာသနာတော်ငန်ထမ်း ရဟန်းတော်၏အဖြစ် အရိယဇာတ်သို့ ရောက်ခဲ့ ပါသည်၊ ထိုအခါမှအစပြု၍ မေထုနဓမ္မကို အိပ်မက်မျှပင် မမက်ဘူးပါ နိုးကြားလျက်ကား အဘယ်မှာလျှင် ပြုဘူး ကျင့်ဘူး မှားဘူးပါအံ့နည်း" ဟု လျှောက်ထားသည်ရှိသော်—

"တေနဟိ ဘိက္ခဝေ မေတ္တိယံ ဘိက္ခုနိံ နာသေထ——ချစ်သား ရဟန်းတို့....သို့တပြီးကား ရဟန္တာ စင်စစ် ဖြစ်သော အရှင်ဒဗ္ဗကို မတရား အဓမ္မ စွပ်စွဲသော ဤမေတ္တိယာ ဘိက္ခုနီမကို အသင်ချစ်သားတို့သည် အသွင်ပြောင်းသောအားဖြင့် ဖျက်ဆီးပစ်ကြလေ မေတ္တိယာ ဘိက္ခုနီမကို အားပေးအားမြှောက်ပြုကြသော ရဟန်းများကိုလည်း စုံစမ်း စစ်ဆေး အမှု မပေါ်ပေါ်အောင် မေးမြန်းကြလေ" ဟု မိန့်ကြားတော်မူ၍ ကျောင်းတော်သို့ ဝင်ပါသည်၊

ထိုအခါ ရဟန်းတော်တို့သည် မေတ္တိယာ ဘိက္ခုနီမကို အဝတ်လဲစေမှု တည်းဟူသော အသွင်ကို ဖျက်ဆီးခြင်းဖြင့် ဖျက်ဆီးစေလတ်သည်ရှိသော် မေတ္တိယဘူမဇက ရဟန်းတို့သည် မိမိတို့က မေတ္တိယာ ဘိက္ခုနီမအား အားပေးအားမြှောက် ပြုလုပ်ခဲ့ကြောင်း မှန်ကန်သည့် အတိုင်း ဝန်ခံကြပါသည်၊

ဤသို့လျှင် မေတ္တိယ ဘူမဇက ရဟန်းတို့၏ ရဟန္တာစင်စစ် ဖြစ်၍ မည်သည့်အခါမျှ ပမာဒမေ့လျော့ခြင်း မဖြစ်နိုင်သော သတိပြန့်ပြောခြင်းသို့ ရောက်တော်မူပြီးသော အရှင်ဒဗ္ဗ မထေရ်ကို မြင်ခြင်း, ကြားခြင်း, ရှုံရှာခြင်း အလျဉ်းမရှိသော ပါရာဇိက အာပတ် သီလဝိပတ္တိဖြင့် စွပ်စွဲ နှိပ်စက်သော ဝတ္ထုကြောင့် သတိ ဝိနည်းကို ရဟန္တာ အရှင်မြတ်တို့အား ပေးဘို့ရန် အလို့ငှါ သဗ္ဗညုမြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပါသည် အရှင်ဘုရား။

အရှင်ဒဗ္ဗမထေရ်ဝတ္ထု ပြီး၏

---

## တရားသဖြင့် သတိ ဝိနည်းပေးခြင်း ငါးမျိုး

ပုစ္ဆာ။ ။ကတိပနာဝုသော ဓမ္မိကာနိ သတိဝိနယဒါနာနိ။

ဝိဿဇ္ဇနာ။ ။ပဉ္စိမာနိ ဘန္တေ ဓမ္မိကာနိ သတိဝိနယဿ ဒါနာနိ၊ သုဒ္ဓေါ ဟောတိ ဘိက္ခု အနာပတ္တိကော၊ အနုဝဒန္တိ စ နံ၊ ယာစတိ စ၊ တဿ သံဃော သတိဝိနယံ ဒေတိ ဓမ္မေန သမဂ္ဂေန၊ ဣမာနိ ခေါ ဘန္တေ ပဉ္စ ဓမ္မိကာနိ သတိ ဝိနယဿ ဒါနာနိ။

အမေး။ ။ဤ သတိ ဝိနည်းကို ပေးရာ၌ ပေးသင့် ပေးထိုက်သော အကြောင်းအားလျော်စွာ တရားနှင့်အညီ သတိ ဝိနည်းပေးခြင်းတို့သည် အဘယ် နှစ်ပါး ရှိပါကုန်သနည်း ငါ့ရှင်။

အဖြေ။ ။ဤ သတိ ဝိနည်းကို ပေးရာ၌ ပေးသင့် ပေးထိုက်သော ပုဂ္ဂိုလ်အား တရားနှင့်လျော်စွာ သတိ ဝိနည်းကို ပေးခြင်းတို့သည် ငါးမျိုး ရှိပါသည်၊

(၁) လုံးဝ အာပတ် မသင့် စင်ကြယ်သော ရဟန်းအား သတိ ဝိနည်းကို ပေးခြင်းတပါး၊

(၂) လုံးဝ အာပတ် မသင့် စင်ကြယ်သော ရဟန္တာသခင် အရှင်မြတ်ကို မေတ္တိယဘူမဇကတို့ကဲ့သို့ ရဟန်းဆိုး ရဟန်းယုတ်တို့က မြင်ခြင်း, ကြားခြင်း, ရွံ့ရှာခြင်း အရင်းမရှိသော အာပတ်ဖြင့် စွပ်စွဲသဖြင့် ပေးခြင်းတပါး၊

(၃) သို့ စွပ်စွဲခံရသဖြင့် အစွပ်စွဲခံရသော ရဟန္တာ မထေရ်မြတ်သည် သံဃာသို့ကပ်၍ သတိ ဝိနည်း ကို တောင်းရပါမည် သို့တောင်းသော ရဟန်းအား ပေးသော သတိ ဝိနည်း တပါး၊

(၄) တောင်းသည့်အတိုင်း တရားနှင့်လျော်စွာ ပေးခြင်းတပါး၊

(၅) သံဃာအညီအညွတ် ဖြစ်၍ ပေးခြင်းတပါး၊

ဤသို့လျှင် တရားအားလျော်သော သတိ ဝိနည်း ပေးခြင်းတို့သည် ငါးမျိုး အပြားရှိပါသည် အရှင်ဘုရား။

တရားသဖြင့် သတိ ဝိနည်းပေးခြင်း ငါးမျိုး ပြီး၏

---

## အမူဠ္ဍဝိနည်းပေးခြင်း ခွင့်ပြုခဏ်း

### ဂဂ္ဂ ရဟန်းဝတ္ထု

ပုစ္ဆာ။ ။အမူဠ္ဍဿ အာဝုသော ဘိက္ခုနော အမူဠ္ဍဝိနယံ ဒါတုံ ဘဂဝတာ ကတ္ထ အနုညာတံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ အနုညာတံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ ဂဂ္ဂံ ဘိက္ခုံ ဥမ္မတ္တကေန စိတ္တ-

ဝိပရိယာသကတေန အဇ္ဈာစိဏ္ဏေန အာပတ္တိယာ စောဒေသုံ "သရတာ ယသ္မာ ဧဝရူပိံ အာပတ္တိံ အာပဇ္ဇိတာ"တိ၊ သော ဧဝံ ဝဒေတိ "အဟံ ခေါ အာဝုသော ဥမ္မတ္တကော အဟောသိ စိတ္တဝိပရိယာသကတော၊ တေန မေ ဥမ္မတ္တကေန စိတ္တဝိပရိယာသကတေန ဗဟုံ အဿာမဏကံ အဇ္ဈာစိဏ္ဏံ ဘာသိတပရိက္ကန္တံ၊ နာဟံ တံ သရာမိ၊ မူဠှေန မေ တေံ ကတ"န္တိ။ ဧဝမ္ပိ နံ ဝုစ္စမာနာ စောဒေန္တေဝ "သရတာ ယသ္မာ ဧဝရူပိံ အာပတ္တိံ အာပဇ္ဇိတာ"တိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတံ။

အမေး။ ။စိတ်နှောက် ဖောက်ပြန်နေသဖြင့် မိမိပြုမိသည်ကိုပင် ဤသို့သော အမှုကို ငါပြုမိသည် ဟု အမှတ်သတိ မရနိုင်လောက်အောင် တွေဝေနေသော ရဟန်းအား ဝိနည်း သိက္ခာပုဒ်နှင့် စပ်လျဉ်း၍ စစ်ကြော မေးမြန်းခြင်း မပြုလုပ်ဘဲ လွတ်လပ်ခွင့်ပေးကာ စိတ်နှောက် တွေဝေနေသော ရဟန်းဟူ၍ အသိအမှတ် ပြုရသော အမူဠ ဝိနည်းကို ပေးထားရန် မြတ်စွာဘုရားသည် ခွင့်ပြုတော်မူခဲ့ပေ၏။ ထို အမူဠ ဝိနည်းကို။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

များစွာသော ရဟန်းတို့သည် ဂဂ္ဂ မည်သော စိတ်မနှံ့သော ရဟန်းကို ရူးသွပ်သဖြင့် စိတ်ဖောက်ပြန်မှု လွှမ်းမိုးနှိပ်စက်သဖြင့် လွန်လွန်ကျူးကျူး ကျင့်ကြံမှုတို့ကို အစွဲပြု၍ အာပတ်ဖြင့် စောဒနာကြပါကုန်သည်၊ "အရှင်ဘုရား.... ဤသို့ သဘောရှိသော အာပတ်သို့ ရောက်သည်ကို စဉ်းစားတော်မူလော့" ဟု စောဒနာကြပါသည်၊

အရှင်ဂဂ္ဂသည် ထို ရဟန်းတို့ကို ဤသို့ ပြန်ကြား လျှောက်ထားပါသည် "ငါ့ရှင်တို့.... ငါသည် ရူးသွပ်၍ နေပါသည် စိတ်ဖောက်ပြန်ခြင်း အပြင်း နှိပ်စက်၍ နေပါသည် ထိုသို့ ရူးသွပ်ခြင်း စိတ်ဖောက်ပြန်ခြင်းဖြင့် ရဟန်းတို့အား မလျောက်ပတ်သော များစွာသော ပြုမှား ပြောမှား အမှုများကို ပြုမိ ပြောမိပါသည် ထို ပြုမှား ပြောမှား အမှုများကို ငါသည် မအောက်မေ့နိုင်ပါ

လွန်စွာ လွန်စွာ တွေဝေ ရှုံးသွပ်သဖြင့် ပြုမှား ပြောမှားခြင်း ဖြစ်ပါသည်” ဟု ပြန်ကြား လျှောက်ထားပါသော်လည်း စောဒနာမြဲစောဒနာ၍ နေကြပါသည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် မိမိပြုသော အမှုကို သတိမရ အမှတ်မရအောင် ရှုံးသွပ် မေ့လျော့နေသော ဥမ္မတ္တက ရဟန်းအား “ဥမ္မတ္တကသမ္မုတိ” ပေးဘို့ရန် အမူဠှ ဝိနည်းကို ပေးဘို့ရန် သဗ္ဗညုမြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပါသည် အရှင်ဘုရား။

ဂဂ ရဟန်းဝတ္ထု ပြီး၏

---

## အမူဠှ ဝိနည်း မတရားပေးခြင်း သုံးမျိုး

ပုစ္ဆာ။ ။ကတိ အာဝုသော အဓမ္မိကာနိ အမူဠှဝိနယဿ ဒါနာနိ၊ ဝိဘဇိတွာ ကထေဟိ။

ဝိဿဇ္ဇနာ။ ။တီဏိ ဘန္တေ အဓမ္မိကာနိ အမူဠှဝိနယဿ ဒါနာနိ၊ ဣဓ ဘန္တေ ဘိက္ခု အာပတ္တိံ အာပန္နော ဟောတိ၊ တမေနံ စောဒေတိ သံဃော ဝါ သမ္ဗဟုလာ ဝါ ဧကပုဂ္ဂလော ဝါ “သရတာ-ယသ္မာ ဧဝရူပိံ အာပတ္တိံ အာပဇ္ဇိတာ”တိ၊ သော သရမာနောဝ ဧဝံ ဝဒေတိ “န ခေါ အဟံ အာဝုသော သရာမိ ဧဝရူပိံ အာပတ္တိံ အာပဇ္ဇိတာ”တိ။ အဿ သော သရမာနောဝ ဧဝံ ဝဒေတိ “သရာမိ ခေါ အဟံ အာဝုသော ယထာ သုပိနန္တေနာ” တိ။ အဿ သော အနုမ္မတ္တကောဝ ဥမ္မတ္တကာလယံ ကရောတိ “အဟမ္ပိ ခေါ ဧဝံ ကရောမိ၊ တုမှေပိ ဧဝံ ကရောထ၊ မယှမ္ပိ ဧတံ ကပ္ပတိ၊ တုမှာကမ္ပေတံ ကပ္ပတီ”တိ။ တဿ သံဃော အမူဠှဝိနယံ ဒေတိ၊ အဓမ္မိကံ ဘန္တေ အမူဠှဝိနယဿ ဒါနံ။ ဣမာနိ ခေါ ဘန္တေ တီဏိ အဓမ္မိကာနိ အမူဠှဝိနယဿ ဒါနာနိ။

အမေး။ ။တရားနှင့် မညီညွတ်သော မတရားသဖြင့် ပေးသော အမူဠှဝိနယ ပေးခြင်းတို့သည် အဘယ်နှစ်မျိုး ရှိပါ ကုန်သနည်း ထို မတရား

သဖြင့် ပေးသော အမမှိက အမှူဋ္ဌဝိနယ ပေးခြင်းတို့ကို ရှင်းလင်း၍ ဖြေကြား ပါလော့ ငါ့ရှင်။

အဖြေ။ ။တရားမဝင်သော မတရားသဖြင့် ပေးအပ်သော အမှူဋ္ဌ ဝိနည်းပေးခြင်းတို့သည် သုံးမျိုး သုံးစား ရှိပါကုန်သည်၊ သုံးမျိုးသုံးစား ဟူသည်မှာ—

(၁) ဤသာသနာတော်၌ တစုံတယောက်သော ရဟန်းသည် အာပတ်သို့ ရောက်ပါ သင့်ပါသည်၊ ထိုအာပတ် သင့်ရောက်သော ရဟန်းကို သံဃာတော်ကဖြစ်စေ များစွာသော ရဟန်းတော်တို့က ဖြစ်စေ ရဟန်းတပါးက ဖြစ်စေ "အရှင်ဘုရားသည် ဤသို့ သဘောရှိသော အာပတ်သို့ ရောက်သည် သင့်သည်ကို စဉ်းစား အောက်မေ့ပါလော့" ဟု ပြောကြားသည်ရှိသော် တယောက်သော ရဟန်းသည် အောက်မေ့ပါလျက် သတိရပါလျက် "ငါသည် ဤသို့ သဘောရှိသော အာပတ်သို့ ရောက်သည် သင့်သည် ဟု သတိမရ မအောက်မေ့မိပါ" ဟု ပြောကြားသော ရဟန်းတပါး၊

(၂) တယောက်သော ရဟန်းသည် အောက်မေ့ နိုင်ပါလျက် သတိရ ပါလျက် "ငါ့ရှင်တို့ ငါသည် ဤအမှုမျိုးကို အိပ်မက်ထည်းမှာ ယောင်ယောင် လွန်ကျူးမိသည် ဟု အောက်မေ့ပါသည်" ဟု ပြောကြားသော ရဟန်း တပါး၊

(၃) မရူးသွပ်ပါဘဲလျက် ရူးကျွန်ယောင်ပြု၍ "ငါသည်လည်း ဤသို့ သဘောရှိသော လွန်ကျူးမှုကို ပြုအံ့ သင်တို့လည်း ပြုကြကုန်လော့ ငါ့အား လည်း ဤသို့သော အမှုအခင်း အပ်သကဲ့သို့ သင်တို့အားလည်း အပ်စပ်ပေ သည်" ဟု ရူးကျွန်ယောင်ပြုသော ရဟန်းတပါး၊

ဤရဟန်း သုံးပါးအား သံဃာသည် အမှူဋ္ဌ ဝိနည်းကို ပေးသည်ရှိသော် မတရားသော ပေးခြင်း ဖြစ်ပါသည်၊ ဤသို့လျှင် အမှူဋ္ဌ ဝိနည်းကို တရားမဝင် သော ပေးခြင်းတို့သည်ကား သုံးမျိုးသုံးစား သုံးပါး အပြား ရှိပါကုန်သည် အရှင်ဘုရား။

အမှူဋ္ဌ ဝိနည်း မတရားပေးခြင်း သုံးမျိုး ပြီး၏

## တရားသဖြင့်ပေးခြင်း သုံးမျိုး

ပုစ္ဆာ။ ။ကတိ အာဝုသော ဓမ္မိကာနိ အမူဠှဝိနယဿ ဒါနာနိ၊ ဝိဘဇိတ္ဗာ ကထေဟိ။

ဝိဿဇ္ဇနာ။ ။တီဏိ ဘန္တေ ဓမ္မိကာနိ အမူဠှဝိနယဿ ဒါနာနိ၊ ဣဓ ဘန္တေ ဘိက္ခု ဥမ္မတ္တကော ဟောတိ စိတ္တဝိပရိယာသကတော တေန ဥမ္မတ္တကေန စိတ္တဝိပရိယာသကတေန ဗဟုံ အဿာမဏကံ အဇ္ဈာစိဏ္ဏံ ဟောတိ ဘာသိတပရိက္ကန္တံ၊ တမေနံ စောဒေတိ သံဃော ဝါ သမ္ဗဟုလာ ဝါ ဧကပုဂ္ဂလော ဝါ "သရတာ-ယသ္မာ ဧဝရူပိံ အာပတ္တိံ အာပဇ္ဇိတာ"တိ၊ သော အဿ-ရမာနောဝ ဧဝံ ဝဒေတိ "န ခေါ အဟံ အာဝုသော သရာမိ ဧဝရူပိံ အာပတ္တိံ အာပဇ္ဇိတာ"တိ။ အညော ပိ အဿရ-မာနောဝ ဧဝံ ဝဒေတိ "သရာမိ ခေါ အဟံ အာဝုသော ယထာ သုပိနန္တေနာ"တိ။ အညော ပိ ဥမ္မတ္တကောဝ ဥမ္မတ္တကာလယံ ကရောတိ "အဟမ္ပိ ဧဝံ ကရောမိ၊ တုမှေပိ ဧဝံ ကရောထ၊ မယှမ္ပိ ဧတံ ကပ္ပတိ၊ တုမှာကမ္ပေတံ ကပ္ပတီ"တိ။ ဧသံ ဘန္တေ တိဏ္ဏံ ဘိက္ခူနံ သံဃော အမူဠှဝိနယံ ဒေတိ၊ ဓမ္မိကံ ဘန္တေ အမူဠှဝိနယဿ ဒါနံ။ ဣမာနိ ခေါ ဘန္တေ တီဏိ ဓမ္မိကာနိ အမူဠှဝိနယဿ ဒါနာနိ။

အမေး။ ။တရားနှင့် ညီညွတ်သော တရားသဖြင့် ပေးသော အမူဠှ ဝိနည်းကို ပေးခြင်းတို့သည် အဘယ် နှစ်ပါး ရှိပါကုန်သနည်း၊ ထိုဓမ္မိက အမူဠှ ဝိနည်းကို ပေးခြင်းတို့ကို ဝေဘန် ရှင်းလင်း၍ ဖြေကြားပါလော့ ငါ့ရှင်။

အဖြေ။ ။မြတ်စွာဘုရား အလိုတော်ကျ တရားဝင်သော အမူဠှ ဝိနည်းတို့ကို ပေးခြင်းတို့သည် သုံးမျိုးသုံးစား ရှိပါကုန်သည်၊ သုံးမျိုးသုံးစား တို့ ဟူသည်မှာ—

(၁) ဤသာသနာတော်၌ တစုံ တယောက်သော ရဟန်းသည် ရူးသွပ် ခြင်း စိတ်၏ ဖောက်ပြန်ခြင်းဖြင့် နှိပ်စက်အပ်သည် ဖြစ်ပါသည် ထိုရူးသွပ်

ခြင်း စိတ်ဖောက်ပြန်ခြင်းဖြင့် ရဟန်းတော်တို့အား မလျောက်ပတ်သော များစွာသော ကာယကံမှု ဝစီကံမှုတို့ကို ပြုမှားပြောမှား ရှိခဲ့ပါသည် ထိုကဲ့သို့ ရူးသွပ်သော ရဟန်းကို သံဃာတော်က ဖြစ်စေ များစွာသော ပုဂ္ဂိုလ်တို့က ဖြစ်စေ တဦးတယောက်သော ပုဂ္ဂိုလ်က ဖြစ်စေ "အရှင်သည် ဤကဲ့သို့ သဘောရှိသော အာပတ်သို့ ရောက်သည် ဟု အောက်မေ့တော် မူပါလေ့"ဟု စောဒနာပါသည် သို့စောဒနာသောအခါ ထိုဥမ္မတ္တက ရဟန်းသည် တကယ် ပင် သတိမရ မအောက်မေ့နိုင်သဖြင့် "ငါ့ရှင်တို့ ငါသည် ဤသို့ သဘောရှိ သော အာပတ်သို့ ရောက်သည် သင့်သည် ဟု မအောက်မေ့နိုင်ပါ" ဟု အမှန် အတိုင်းပင် ပြောကြားခဲ့ပါသည်၊

(၂) အခြားတပါးသော ဥမ္မတ္တက ရဟန်းသည်ကား "ငါ့ရှင်တို့....၊ ငါသည် အိပ်မက်ထည်းမှာ ယောင်ကဲ့သို့ မထင်မရှား သတိမရ, အမှတ်မရ" ဟု ပြောကြားပါသည်၊

(၃) အခြား တပါးသော ဥမ္မတ္တကရဟန်းသည် တကယ် ကေန်ပင် ရူးသွပ်သည် ဖြစ်၍ ရူးသွပ်သော သူတို့ ပြောကြားသော အမူအရာအတိုင်း "ငါသည်လည်း ဤအမှုကို ပြုပါအံ့ သင်တို့လည်း ပြုပါကုန် ငါ့အားလည်း အပ်ပါသည် သင်တို့အားလည်း အပ်ပါသည်" ဟု ရောက်တတ် ရာရာ ပြော ကြားပါသည်၊

ထိုသို့ပြောကြားသော ရဟန်းသုံးမျိုးအား သံဃာတော်သည် ရူးသွပ် သော ဥမ္မတ္တကရဟန်းကိုသာ ပေးရသည့် အမူဠ္ဍ ဝိနည်းကို ပေးခဲ့ပါသည် သို့ပေးလျှင် ဘုရားအလိုတော်ကျ ဓမ္မိက အမူဠ္ဍ ဝိနည်းပေးခြင်း ဖြစ်ပါသည်၊

ဤသို့လျှင် မြတ်စွာဘုရား အလိုတော်ကျ တရားအားလျော်သော ဓမ္မိက အမူဠ္ဍ ဝိနည်းပေးခြင်းတို့သည် သုံးမျိုး သုံးစား ရှိပါကုန်သည် အရှင် ဘုရား။

တရားသဖြင့်ပေးခြင်း သုံးမျိုး ပြီး၏

---

## ဝန်မခံဘဲ နိဂ္ဂဟကံများ မပြုရခြင်း

ပုစ္ဆာ။ ။အပ္ပဋိညာယ အာဝုသော ဘိက္ခုနံ တဇ္ဇနီယာဒိနိ ကမ္မာနိ ကရောန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဂဇပေ ဘန္တေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ အပ္ပဋိညာယ ဘိက္ခူနံ ကမ္မာနိ အကံသု တဇ္ဇနီယာဒီနိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။စွပ်စွဲခံရသော ရဟန်းတို့က မိမိတို့ အပေါ်၌ စွပ်စွဲသော အာပတ် အပြစ်ကို ကျူးလွန်မိပါသည်, ဟုတ်ပါသည်, မှန်ပါသည် ဟု ဝန်ခံခြင်း မရှိဘဲ ထို ဝန်မခံသော ရဟန်းတို့အား တဇ္ဇနီယ အစရှိသော နှိပ်ကွပ်သော နိဂ္ဂဟကံ ခုနစ်မျိုးကို ပြုသော ရဟန်းသံဃာအား ဒုက္ကဋ်အာပတ် သင့်စေ ဟု မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထို ဒုက္ကဋ် အာပတ်ကို ဘယ်မြို့။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ ဆဗ္ဗဂ္ဂီ ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ကံ အပြုခံရမည့် ရဟန်းတို့က "ထို အာပတ်သို့ ရောက်ပါသည် သင့်ပါသည်" ဟု ဝန်မခံကြပါဘဲလျက် တဇ္ဇနီယ အစရှိသော ကံခုနစ်ပါးတို့ကို ပြုမှားကြပါကုန်သည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် ကံအပြုခံရမည့် ရဟန်းတို့က ဝန်ခံခြင်း ပဋိညာဉ် မရှိပါဘဲလျက် တဇ္ဇနီယ အစရှိသော ကံခုနစ်ပါးကို ပြုသော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်စေ ဟု သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ဝန်မခံဘဲ နိဂ္ဂဟကံများ မပြုရခြင်း ပြီး၏။

---

## တရားမဝင်သော ဝန်ခံမှုများ

ပုစ္ဆာ။ ။ကထံ အာဝုသော အဓမ္မိကံ ဟောတိ ပဋိညာတကရဏံ။

ဝိဿဇ္ဇနာ။ ။အညထာ ဘန္တေ အာပတ္တိံ အာပဇ္ဇန္တဿ အညထာ ပဋိဇာနန္တဿ ယထာ သော ပဋိဇာနာတိ၊ တထာ သံဃော ကာရေတိ၊ ဧဝံ ခေါ ဘန္တေ အဓမ္မိကံ ဟောတိ ပဋိညာတကရဏံ။

အမေး။ ။ဝန်ခံသည့်အတိုင်း အာပတ်ကို ပြုသော, အာပတ်ကို ကုစားစေသော ပဋိညာတကရဏ ဝိနည်းသည် အဘယ်သို့ ပြုသည်ရှိသော် တရားနှင့် မညီသော အဓမ္မိက ပဋိညာတကရဏ ဖြစ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။တခြား တပါးသော အာပတ် သင့်ပါလျက် တခြား တပါးသော အာပတ် သင့်သည် ဟု အလွဲလွဲ အချော်ချော် ဝန်ခံသော ရဟန်းအား ထိုရဟန်း ဝန်ခံသည့်အတိုင်း သံဃာသည် ဆုံးဖြတ်ခဲ့သည်ရှိသော် တရားမဝင်သော အဓမ္မိက ပဋိညာတကရဏ ဖြစ်ပါသည်၊

အနည်းငယ်မျှ ရှင်းပြ လျှောက်ထားလိုပါသည်၊ ရဟန်းတပါးသည် ပါရာဇိက အာပတ်သို့ ရောက်သည် ဆိုပါစို့၊ ထိုရဟန်းကို သံဃာက မေးမြန်းသည့် အခါ ထိုရဟန်းက "မိမိသည် ပါရာဇိက အာပတ်သို့ မသင့်မရောက်ပါ သံဃာဒိသိသ် အာပတ် (သို့မဟုတ်) ထုလ္လစ္စည်း အာပတ် ပါစိတ်အာပတ် ပါဋိဒေသနီအာပတ် ဒုက္ကဋ်အာပတ် ဒုဗ္ဘာသိအာပတ်သို့ ရောက်ပါသည်" ဟု အလွဲကို ဝန်ခံပါသည်၊ ထိုရဟန်း ဝန်ခံသည့်အတိုင်း သင့်ရင်းစွဲ ပါရာဇိက အာပတ်ဖြင့် မဆုံးဖြတ်ကြဘဲ ထိုရဟန်း အလွဲလွဲအချော်ချော် ဝန်ခံရာသို့ လိုက်၍ သံဃာဒိသိသ်အာပတ် ထုလ္လစ္စည်းအာပတ် ပါစိတ်အာပတ် ပါဋိဒေသနီအာပတ် ဒုက္ကဋ်အာပတ် ဒုဗ္ဘာသိအာပတ်ဖြင့် သံဃာတော်က ဆုံးဖြတ်ခဲ့သည်ရှိသော် တရားအား မလျော်သော အဓမ္မိက ပဋိညာတကရဏ ဖြစ်ပါသည်၊

ဤသို့လျှင် တခြား တပါးသော အာပတ်သို့ သင့်ပါ ရောက်ပါလျက် မိမိ ရောက်သော သင့်သော အာပတ်မှ တခြားတပါးသော အာပတ်ဖြင့် ဝန်ခံသော ရဟန်းအား ထို ရဟန်း ဝန်ခံသည့်အတိုင်း သံဃာတော်က ဆုံးဖြတ်လျှင် ထိုသို့ ဝန်ခံသည့်အတိုင်း ဆုံးဖြတ်ခြင်း တည်းဟူသော ပဋိညာတကရဏသည် ဘုရား အလိုတော်ကျ-မဟုတ် မတရားသော တရားမဝင်သော ပဋိညာတကရဏ ဖြစ်ပါသည် အရှင်ဘုရား။

တရားမဝင်သော ဝန်ခံမှုများ ပြီး၏

---

## တရားဝင်သော ဝန်ခံမှုများ

ပုစ္ဆာ။ ။ကထံ အာဝုသော ဓမ္မိကံ ဟောတိ ပဋိညာတကရဏံ။

ဝိဿဇ္ဇနာ။ ။ယံ ဘန္တေ အာပတ္တိံ အာပဇ္ဇန္တဿ တမေဝ ပဋိဇာနန္တဿ တေနေဝ သံဃော ကာရေတိ၊ ဧဝံ ခေါ ဘန္တေ ဓမ္မိကံ ပဋိညာတကရဏံ။

အမေး။ ။အဘယ်သို့ ပြုသည်ရှိသော် ပဋိညာတကရဏသည် တရားသဖြင့် ပြုသော တရားနှင့် ညီသော ပဋိညာတကရဏ ဖြစ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။အကြင် အာပတ်သို့ ရောက်သော ရဟန်းအည် မိမိ ရောက်ရာ အာပတ်ကို ဟုတ်တိုင်းမှန်ရာ ဝန်ခံခဲ့သည်ရှိသော် ထိုရဟန်း ဝန်ခံသည့်အတိုင်း သံဃာတော်က ဆုံးဖြတ်လျှင် တရားအားလျော်သော ပဋိညာတကရဏ ဝိနည်း ဖြစ်ပါသည်၊

ဥပမာ ရဟန်းတပါးသည် ပါရာဇိက အာပတ်သို့ ရောက်သည်ဆိုပါစို့၊ ထို ရဟန်းကို သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ်က မေးမြန်းသောအခါ ထို ရဟန်းသည် "အိမ်း.... ဟုတ်ပြီ ပါရာဇိက အာပတ်သို့ ငါရောက်သည်" ဟု ဖြေဆိုလေရာ ထိုကဲ့သို့ မှန်သည့်အတိုင်း ဝန်ခံသော ရဟန်းအား ထိုရဟန်း ဝန်ခံသည့်အတိုင်း ပါရာဇိက အာပတ်ဖြင့် သံဃာက ဆုံးဖြတ်လျှင် ဓမ္မိက ပဋိညာတကရဏ ဝိနည်း ဖြစ်ပါသည်၊

ထို့အတူ သံဃာဒိသိသ်, ထုလ္လစ္စည်း, ပါစိတ်, ပါဋိဒေသနီ, ဒုက္ကဋ်, ဒုဗ္ဘာသိအာပတ်သို့ ရဟန်းတပါးသည် ရောက်သည်ရှိသော် ထို ရဟန်းကို သံဃာတော်က စောဒနာသောအခါ ဟုတ်မှန်သည့်အတိုင်း သံဃာဒိသိသ်။ပ။ ဒုဗ္ဘာသိအာပတ်သို့ ရောက်ကြောင်း ဝန်ခံသည်ရှိသော် ထိုရဟန်း ဝန်ခံသည့်အတိုင်း သံဃာတော်က ဆုံးဖြတ်တော်မူပါလျှင် တရားဝင်သော ဓမ္မိက ပဋိညာတကရဏ ဖြစ်ပါသည်၊

ဤသို့လျှင် အကြင် အာပတ်သို့ ရောက်သော ရဟန်းအား မိမိရောက်သော အာပတ်ကို ဟုတ်တိုင်းမှန်ရာ ဝန်ခံလျှင် ထို ရဟန်း ဝန်ခံသော အာပတ်ဖြင့် သံဃာတော်က ဆုံးဖြတ်ခြင်းသည် တရားအားလျော်သော ဓမ္မိက ပဋိညာတကရဏ ဝိနည်း ဖြစ်ပါသည် အရှင်ဘုရား။

တရားဝင်သော ဝန်ခံမှုများ ပြီး၏

---

## ယေဘုယျသိကာ ဝိနည်း ခွင့်ပြုခဏ်း

ပုစ္ဆာ။ ။ယေဘုယျသိကာယ အာဝုသော အဓိကရဏံ ဝူပသမေတုံ ဘဂဝတာ ကတ္ထ အနုညာတံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတံ။

ဝိသဇ္ဇနာ။ ။ရာဂဇပဟော ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ အနုညာတံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ ဘဏ္ဍနဇာတာ ကလဟဇာတာ ဝိဝါဒါပန္နာ အညမညံ မုခသတ္တီဟိ ဝိတုဒန္တာ ဝိဟရိံသု၊ န သက္ကောန္တိ တံ အဓိကရဏံ ဝူပသမေတုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတံ။

အမေး။ ။ဓမ္မဝါဒီ ပုဂ္ဂိုလ်များစွာတို့၏ အလိုဆန္ဒသို့လိုက်၍ ဆုံးဖြတ်လျက် အဓိကရုဏ်းကို ငြိမ်းစေရန် မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပေ၏၊ ထိုယေဘုယျသိကာ ဝိနယဖြင့် အဓိကရုဏ်းကို ငြိမ်းစေရန် မြတ်စွာဘုရားသည် ဘယ်မှို ။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ခွင့်ပြုတော်မူအပ်ပါသည်၊

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေတော်မူစဉ် များစွာသော ရဟန်းတို့သည် ခိုက်ရန်အတင်း ငြင်းခုံခြင်း ရှိကြကုန်သည်ဖြစ်၍ မျက်မှောက်မျက်ကွယ် ဤနှစ်သွယ်၌ တိုင်ပင်ခြင်း, ငြင်းခုံခြင်း, ဆန့်ကျင်သော စကားကို ပြောကြားခြင်း ရှိကြကုန်သည် ဖြစ်၍ အချင်းချင်း နှုတ်လှံ ထိုးသည်ဖြစ်၍ နေကြပါကုန်သည်၊ မိမိတို့ တွေ့ကြုံနေသော အဓိကရုဏ်းကို ငြင်းခုံနေခြင်းဖြင့် ငြိမ်းအေးစေခြင်းငှါ မစွမ်းနိုင် ရှိကြပါကုန်သည်၊

ထိုသို့သော မူခင်းကိစ္စကြောင့် ယေဘုယျသိကာ ခေါ်သော ဓမ္မဝါဒီ ပုဂ္ဂိုလ်တို့၏မဲများရာသို့လိုက်၍ ဆုံးဖြတ်ရမည့် အဓိကရုဏ်းကို ငြိမ်းသတ်ရမည့် အကြောင်းကို သဗ္ဗညုမြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပါသည် အရှင်ဘုရား။

ယေဘုယျသိကာ ဝိနည်း ခွင့်ပြုခဏ်း ပြီး၏

---

## ဓမ္မဝါဒီ မဲများရာဖြင့် ဆုံးဖြတ်ရပုံ

ပုစ္ဆာ။ ။ကထံ အာဝုသော အဓိကရဏံ ယေဘုယျသိကာယ ဝူပသမေတဗ္ဗံ။

ဝိသဇ္ဇနာ။ ။ပဉ္စဟိ ဘန္တေ အင်္ဂေဟိ သမန္နာဂတော ဘိက္ခု သလာကဂ္ဂါဟာပကော သမ္မန္နိတဗ္ဗော၊ တေန ဘန္တေ သလာကဂ္ဂါဟာပ-

ကေန သလာကာ ဂါဟာတဗ္ဗာ ယထာ ဗဟုတရာ ဘိက္ခူ
ဓမ္မဝါဒိနော ဝဒန္တိ တထာ တံ အဓိကရဏံ ဝူပသမေတဗ္ဗံ၊ ဧဝံ
ခေါ ဘန္တေ ယေဘုယျသိကာယ အဓိကရဏံ ဝူပသမေတဗ္ဗံ။

အမေး။ ။ဓမ္မဝါဒီ ပုဂ္ဂိုလ်တို့၏ ဆန္ဒမဲများရာသို့ လိုက်၍ ဆုံးဖြတ်ကာ အဓိကရုဏ်းကို ငြိမ်းစေလိုသည်ရှိသော် အဘယ်သို့ပြု၍ ငြိမ်းစေရပါသနည်း ငါ့ရှင်။

အဖြေ။ ။သံဃာတော်တို့သည် အချင်းချင်း ငြင်းခုံများသဖြင့် အဓိကရုဏ်း မငြိမ်းနိုင် ရှိပါမူ ထိုသံဃာတော်ထည်းမှ အင်္ဂါငါးပါးနှင့် ပြည့်စုံသော

(၁) ဆန္ဒာဂတိ မလိုက်စားခြင်း၊

(၂) ဒေါသာဂတိ မလိုက်စားခြင်း၊

(၃) မောဟာဂတိ မလိုက်စားခြင်း၊

(၄) ဘယာဂတိ မလိုက်စားခြင်း၊

(၅) ဆန္ဒမဲ စာရေးတံမဲ ယူပြီး, မယူပြီးသည်ကို ခွဲခြားစွာ သိရှိခြင်း၊

ဤ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းကို စာရေးတံ မဲပေးသော ရဟန်း ဟူ၍ သံဃာတော်က ဉတ်ကမ္မဝါစာဖြင့် သမုတ်၍ ပေးရပါမည်၊

ထိုစာရေးတံမဲပေး ရဟန်း ဟု သမုတ်ခြင်းခံရသော ရဟန်းတော်သည်–

(၁) အကယ်၍ ထိုသံဃပရိသတ်၌ အလဇ္ဇီရဟန်းတို့ များပြားသည် ဖြစ်အံ့ ရဟန်းတပါးတပါးထံသို့ ကပ်၍ "ဤကား အဓမ္မဝါဒီ မဲတည်း ဤကား ဓမ္မဝါဒီမဲတည်း အလိုရှိရာကို ယူလော့" ဟု ပြောဆို၍ မဲယူပြီးသောအခါ မည့်သူ့ အားမျှ မပြပါလင့် ဟု ပြောဆို၍ မဲပေးခြင်း၊

(၂) အကယ်၍ ထိုသံဃပရိသတ်၌ ဗာလရဟန်းတို့ များပြားသည် ဖြစ်အံ့ ရဟန်း တပါးတပါး၏ နားရင်းသို့ ကပ်၍ တိုးတိုးသက်သာ "ဤကား

အဓမ္မဝါဒီမဲတည်း ဤကားဓမ္မဝါဒီမဲတည်း အလိုရှိရာကို ယူလော့” ဟု ပြော ဆို၍ မဲယူပြီးသောအခါ “မည်သူ့အားမျှ မပြပါလင့်” ဟု ပြောဆို၍ မဲပေးခြင်း၊

(၃) အကယ်၍ ထိုသံဃပရိသတ်၌ ဓမ္မဝါဒီရဟန်းတို့ များပြားသည် ဖြစ်အံ့ ပွင့်ပွင့်လင်းလင်း မဲပေးခြင်း တည်းဟူသော စာရေးတံမဲ ယူစေခြင်း, မဲပေးခြင်း သုံးမျိုးတို့တွင် ပရိသတ်အလိုက် တမျိုးမျိုးဖြင့် စာရေးတံမဲ ပေးရပါမည်၊

အချုပ်အားဖြင့် အကြင်နည်းဖြင့် မဲပေးပါမူ တရားသဖြင့် ပြောဆိုလေ့ ရှိသော ဓမ္မဝါဒီပုဂ္ဂိုလ်တို့ များပြား၏ ထိုနည်းဖြင့် စာရေးတံမဲကို ပေးရပါ မည်၊

ထိုသို့ စာရေးတံမဲ ပေးပြီးလျှင် ဓမ္မဝါဒီပုဂ္ဂိုလ်များစွာတို့ ဆုံးဖြတ်သည့် အတိုင်း ထိုအဓိကရုဏ်းကို ငြိမ်းသတ်ရပါမည်၊ ဤသို့လျှင် ယေဘုယျသိကာ ခေါ်သော အဓိကရုဏ်း ငြိမ်းကြောင်း သမထဖြင့် ဆိုင်ရာ အဓိကရုဏ်းကို ငြိမ်းသတ်ရပါမည် အရှင်ဘုရား။

ဓမ္မဝါဒီ မဲများရာဖြင့် ဆုံးဖြတ်ရပုံ ပြီး၏

---

### မတရား မဲပေးခြင်း ဆယ်မျိုး

ပုစ္ဆာ။ ။ကတိ အာဝုသော အဓမ္မိကာ သလာကဂ္ဂါဟာ။

ဝိဿဇ္ဇနာ။ ။ဒသ ဘန္တေ အဓမ္မိကာ သလာကဂ္ဂါဟာ၊ ဩရမတ္တကဉ္စ အဓိကရဏံ ဟောတိ၊ န စ ဂတိဂတံ ဟောတိ၊ န စ သရိတ-သာရိတံ ဟောတိ၊ ဇာနာတိ 'အဓမ္မဝါဒီ ဗဟုတရာ' တိ၊ အပ္ပေဝ နာမ အဓမ္မဝါဒီ ဗဟုတရာ အဿုတိ၊ ဇာနာတိ 'သံဃော ဘိဇ္ဇိဿတီ' တိ၊ အပ္ပေဝ နာမ သံဃော ဘိဇ္ဇေယျာတိ၊ အဓမ္မေန ဂဏှန္တိ၊ ဝဂ္ဂါ ဂဏှန္တိ၊ န စ ယထာဒိဋ္ဌိယာ ဂဏှန္တိ၊ ဣမေ ခေါ ဘန္တေ ဒသ အဓမ္မိကာ ကလာကဂ္ဂါဟာ။

အမေး။ ။တရားနှင့် မညီသော မဲပေးခြင်း, မဲယူခြင်းတို့သည် အဘယ်မျှ ရှိပါကုန်သနည်း ငါ့ရှင်။

အဖြေ။ ။တရားနှင့် မလျော်သော မဲပေးခြင်း, မဲဆန္ဒ ယူခြင်းတို့သည် ဆယ်မျိုး ရှိပါကုန်သည်၊

ဆယ်မျိုးဟူသော်ကား—

(၁) မပြောပလောက်သော အဓိကရုဏ်း အတွက် မဲဆန္ဒပေးခြင်း, မဲဆန္ဒ ယူခြင်းတပါး၊

(၂) နှစ်ကျောင်း သုံးကျောင်းသို့ ပြောင်းရွှေ့ရောက်သော အဓိကရုဏ်းမျိုး မဟုတ်သည်၌ မဲဆန္ဒပေးခြင်းတပါး၊

(၃) ကိုယ်တိုင်လည်း ဓမ္မအခင်းကို စဉ်းစားပြီး သူတပါးအားလည်း စဉ်းစားစေပြီး မဟုတ်သည်၌ မဲဆန္ဒပေးခြင်း, ယူခြင်းတပါး၊

(၄) အဓမ္မိက ပုဂ္ဂိုလ်တွေ များသည်ကို သိပါလျက် မဲဆန္ဒပေးခြင်း တပါး၊

(၅) မတရားသော အဓမ္မဝါဒီ ပုဂ္ဂိုလ်တွေ များလိမ့်မည် ဟု မဲဆန္ဒပေး ခြင်း, ယူခြင်းတပါး၊

(၆) သံဃာ ကွဲပြားလတ္တံ့သည်ကို သိပါလျက် မဲဆန္ဒပေးခြင်း, ယူခြင်း တပါး၊

(၇) သံဃာ ကွဲပြားလိမ့်မည်လော ဟု ယုံမှားသံသယ ရှိလျက် မဲဆန္ဒ ပေးခြင်း, ယူခြင်းတပါး၊

(၈) အဓမ္မဝါဒီ ပုဂ္ဂိုလ်တို့သည် မတရားသော နည်းလမ်းဖြင့် ပုဂ္ဂိုလ် တပါးလျှင် မဲဆန္ဒနှစ်လိပ်, သုံးလိပ် ယူခြင်း, ပေးခြင်းတပါး၊

(၉) ဓမ္မဝါဒီ ပုဂ္ဂိုလ်တို့သည် အားနည်းသဖြင့် နှစ်ပါး, သုံးပါးမှ မဲဆန္ဒ တလိပ်ကို ပေးခြင်း, ယူခြင်းတပါး၊

(၁၀) ဓမ္မဝါဒီ ပုဂ္ဂိုလ်တို့သည် များရာ အဓမ္မဝါဒီ ပုဂ္ဂိုလ်တို့ကို ကြောက် လန့်သဖြင့် မိမိတို့ ယူနေကျ ဓမ္မဝါဒီ မဲဆန္ဒကို မယူခြင်းတပါး၊

ဤသို့လျှင် တရားအား မလျော်သော စာရေးတံ မဲပေးခြင်း, စာရေးတံ မဲယူခြင်းတို့သည် ဆယ်မျိုး ဆယ်စား ဆယ်ပါး အပြား ရှိပါကုန်သည် အရှင် ဘုရား။

မတရား မဲပေးခြင်း ဆယ်မျိုး ပြီး၏

## တရားသဖြင့် မဲပေးခြင်း ဆယ်မျိုး

ပုစ္ဆာ။ ။ကတိ အာဝုသော ဓမ္မိကာ သလာကဂ္ဂါဟာ။

ဝိဿဇ္ဇနာ။ ။ဒသ ဘန္တေ ဓမ္မိကာ သလာကဂ္ဂါဟာ ဝုတ္တာဝိပရိယာယေန။

အမေး။ ။တရားနှင့် ညီသော စာရေးတံ မဲယူခြင်း, ဆန္ဒမဲပေးခြင်းတို့သည် ဘယ်နှစ်မျိုး ရှိပါကုန်သနည်း ငါ့ရှင်။

အဖြေ။ ။တရားတော်နှင့် လျော်သော စာရေးတံ မဲပေးခြင်း, စာရေးတံ မဲယူခြင်းတို့သည် ယခင် လျှောက်ဆိုခဲ့ပြီးသော အဓမ္မိက စာရေးတံ မဲပေးခြင်း, မဲယူခြင်း ဆယ်မျိုးမှ အပြန်အားဖြင့် ဆယ်မျိုးပင် အတိုင်းအရှည် ရှိပါကုန်သည် အရှင်ဘုရား။

တရားသဖြင့် မဲပေးခြင်း ဆယ်မျိုး ပြီး၏

---

## တဿပါပိယသိကာ ဝိနည်းကို ခွင့်ပြုခဏ်း

ပုစ္ဆာ။ ။ပါပုဿန္နဿ အာဝုသော ဘိက္ခုဿ တဿ ပါပိယသိကာ ကမ္မံ ကာတုံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ ဥပဝါဠံ ဘိက္ခုံ အာရဗ္ဘ ပညတ္တံ၊ ဥပဝါဠော ဘန္တေ ဘိက္ခု သံဃမဇ္ဈေ အာပတ္တိယာ အနုယုဉ္ဇိယမာနော အဝဇာနိတွာ ပဋိဇာနာတိ၊ ပဋိဇာနိတွာ အဝဇာနာတိ၊ အညေနညံ ပဋိစရတိ၊ သမ္ပဇာနမုသာ ဘာသတိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ယုတ်မာသည့် အမှု များသော ရဟန်းအား တဿ ပါပိယသိကာ ကံကို ပြုရန် မြတ်စွာဘုရား ခွင့်ပြု ပညတ်တော်မူခဲ့ပေ၏၊ ထို တဿ ပါပိယသိကာ ကံကို ဘယ်မြို့ ။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်အရပ်၌ ဥပဝါဠ ရဟန်းကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊ ဥပဝါဠ ရဟန်းသည် သံဃာ၏ အလည်၌ အာပတ်ဖြင့်မေးမြန်း စိစစ်လတ်သည်ရှိသော် ဝန်ခံပြီးမှ ကွယ်ပြန်ပါသည် ကွယ်ပြီး ငြင်းဆန်ပြီးမှ တဖန် ဝန်ခံပြန်ပါသည် အဖျင်းဖျင်း ပြောကြား ပါသည် သိလျက် ချွတ်ယွင်းသော မုသား စကားကိုလည်း ပြောကြား ပါသည်၊

ဤသို့သော မှုခင်းကိစ္စကြောင့် ထို ယုတ်မာသည်ထက် ယုတ်မာလှသော ရဟန်းအား တဿပါပိယသိကာ ကံကို ပြုရန် သဗ္ဗညုမြတ်စွာဘုရား ပညတ် တော်မူအပ်ပါသည် အရှင်ဘုရား။

တဿပါပိယသိကာ ဝိနည်းကို ခွင့်ပြုခဏ်း ပြီး၏

---

## တရားဝင်သော ကံ ပြုခြင်းငါးမျိုး

ပုစ္ဆာ။ ။ကတိ အာဝုသော ဓမ္မိကာနိ တဿပါပိယသိကာ ကမ္မဿ ကရဏာနိ။

ဝိဿဇ္ဇနာ။ ။ပဉ္စိမာနိ ဘန္တေ ဓမ္မိကာနိ တဿပါပိယသိကာ ကမ္မဿ ကရဏာနိ။ အသုစိ စ ဟောတိ၊ အလဇ္ဇီ စ၊ သာနုဝါဒေါ စ၊ တဿ သံဃော တဿပါပိယသိကာ ကမ္မံ ကရောတိ ဓမ္မေန သမဂ္ဂေန၊ ဣမာနိ ခေါ ဘန္တေ ပဉ္စ ဓမ္မိကာနိ တဿ ပါပိယသိကာ ကမ္မဿ ကရဏာနိ။

အမေး။ ။တရားနှင့် ညီညွတ်သော တဿပါပိယသိကာ ကံကို ပြုခြင်း တို့သည် အဘယ်နှစ်မျိုး အဘယ်နှစ်စား အပြားရှိပါကုန်သနည်း ငါ့ရှင်။

အဖြေ။ ။တရားအားလျော်သော တဿပါပိယသိကာ ကံကို ပြုခြင်း တို့သည် ငါးမျိုး ရှိပါကုန်သည် အရှင်ဘုရား၊

(၁) ကာယကံ ဝစီကံ မစင်ကြယ်သော ရဟန်းအား တဿပါပိယ သိကာ ကံကို ပြုခြင်းတပါး၊

(၂) အလဇ္ဇီရဟန်းအား တဿပါပိယသိကာ ကံကို ပြုခြင်းတပါး၊

(၃) စွပ်စွဲဘွယ်နှင့် တကွ ဖြစ်သော သာနုဝါဒ ရဟန်းအား တဿပါပိယသိကာ ကံကို ပြုခြင်းတပါး၊

(၄) မြတ်စွာဘုရား တရားတော် ဝိနည်းတော် ရှိသောအတိုင်း တဿပါပိယသိကာ ကံကို ပြုခြင်းတပါး၊

(၅) သံဃာသည် တညီတညွတ်တည်း သမဂ္ဂဖြစ်၍ တဿပါပိယသိကာ ကံကို ပြုခြင်းတပါး၊

ဤသို့လျှင် တရားအားလျော်သော မြတ်စွာဘုရား အလိုတော်ကျ တဿပါပိယသိကာ ကံ ပြုခြင်းတို့သည် ငါးမျိုး ငါးစား အပြား ရှိပါကုန်သည် အရှင်ဘုရား။

တရားဝင်သော ကံ ပြုခြင်းငါးမျိုး ပြီး၏

---

## ကံ အပြုခံရသော ပုဂ္ဂိုလ်၏ ကျင့်ဝတ် (၁၈) ပါး

ပုစ္ဆာ။ ။တဿ ပါပိယသိကာကမ္မကတေန အာဝုသော ဘိက္ခုနာ ကတိသု ဝတ္တေသု သမ္မာ ဝတ္တိတဗ္ဗံ။

ဝိဿဇ္ဇနာ။ ။တဿ ပါပိယသိကာကမ္မကတေန ဘန္တေ ဘိက္ခုနာ အဋ္ဌာ-ရသသု ဝတ္တေသု သမ္မာ ဝတ္တိတဗ္ဗံ။ န ဥပသမ္ပာဒေတဗ္ဗံ၊ န နိဿယော ဒါတဗ္ဗော၊ န သာမဏေရော ဥပဋ္ဌာပေတဗ္ဗော၊ ဧဝမာဒီသု ဘန္တေ အဋ္ဌာရသသု ဝတ္တေသု သမ္မာ ဝတ္တိတဗ္ဗံ။

အမေး။ ။တဿပါပိယသိကာ ကံ ပြုထားသော ရဟန်းသည် အဘယ်မျှသော ကျင့်ဝတ်တို့၌ ကောင်းမွန်ရှိသေစွာ လိုက်နာ၍ ကျင့်သုံးရပါသနည်း ငါ့ရှင်။

အဖြေ။ ။တဆယ့်ရှစ်ပါးသော ဝတ်အကျင့်တို့၌ ကောင်းမွန် ရိုသေစွာ လိုက်နာကျင့်သုံးရပါမည်၊ တဆယ့်ရှစ်ပါး အမြွက်မျှ လျှောက်ထားရပါမူ မိမိကိုယ်တိုင်က ဥပဇ္ဈာယ် ဆရာပြု၍ ပဉ္စင်းခံ မပေးရခြင်း, နိဿယည်းဆရာ မပြုမလုပ်ရခြင်း, သာမဏေယ်တို့ကို မမွေးမမြူရခြင်း, ဘိက္ခုနောဝါဒက

သမ္မုတိကို မသာယာရခြင်း, ပင်ကိုယ်က သမ္မုတိ ရပြီးသော ပုဂ္ဂိုလ်ဖြစ်လင့် ကစား ဘိက္ခုနီမများကို အဆုံးအမ ဩဝါဒ မပေးရခြင်း ဤသို့ အစရှိသော တဆယ့်ရှစ်ပါးသော ဝတ်အကျင့်တို့၌ ရိုသေကျိုးနွံစွာ လိုက်နာကျင့်ကြံရ ပါသည် အရှင်ဘုရား။

ကံ အပြုခံရသောပုဂ္ဂိုလ်၏ ကျင့်ဝတ် (၁၈) ပါးပြီး၏

---

## အဓိကရုဏ်း လေးပါး

ပုစ္ဆာ။ ။ကတိ အာဝုသော အဓိကရဏာနိ သမထေဟိ ဝူပသမေတဗ္ဗာနိ။

ဝိဿဇ္ဇနာ။ ။စတ္တာရိမာနိ ဘန္တေ အဓိကရဏာနိ သမထေဟိ ဝူပသမေတဗ္ဗာနိ၊ ဝိဝါဒါဓိကရဏံ အနုဝါဒါဓိကရဏံ အာပတ္တာဓိကရဏံ ကိစ္စာဓိကရဏံ၊ ဣမာနိ ဘန္တေ စတ္တာရိ အဓိကရဏာနိ သမထေဟိ ဝူပသမေတဗ္ဗာနိ။

အမေး။ ။ငြိမ်းစေကြောင်း ဖြစ်သော သမထတို့ဖြင့် ငြိမ်းသတ်အပ် ကုန်သော မှုခင်းကိစ္စ အဓိကရုဏ်းတို့သည် အဘယ် နှစ်ပါး ရှိပါကုန်သနည်း ငါ့ရှင်။

အဖြေ။ ။ငြိမ်းစေကြောင်း ဖြစ်သော သမထ ခုနစ်ပါးတို့ဖြင့် အသီး အသီး ငြိမ်းစေအပ် ငြိမ်းသတ်အပ်ကုန်သော အဓိကရုဏ်းတို့သည်——

(၁) ဓမ္မ, အဓမ္မ-ဝိနယ, အဝိနယ စသည်ဖြင့် ငြင်းခုံမှု တည်းဟူသော ဝိဝါဒါဓိကရုဏ်း တပါး၊

(၂) သီလပျက်စီးခြင်း,အကျင့် အာစာရ ပျက်စီးခြင်း,အယူ၏ ဖောက် ပြန် ပျက်စီးခြင်း, အသက်မွေးမှု၏ ဖောက်ပြန် ပျက်စီးခြင်း ဤ ပျက်စီးခြင်း ဝိပတ္တိလေးပါးတို့ဖြင့် စွပ်စွဲခြင်း တည်းဟူသော အနု ဝါဒါဓိကရုဏ်း တပါး၊

(၃) အာပတ် ငါးပါး, အာပတ် ခုနစ်ပါး တည်းဟူသော အာပတ္တာ ဓိကရုဏ်း တပါး၊

(၄) သံဃာသည် ပြုသင့် ပြုရသော အပလောကနကံ, ဉတ္တိကံ ဉတ္တိ ဒုတိယကံ, ဉတ္တိစတုတ္ထကံ တည်းဟူသော ကိစ္စာဓိကရုဏ်း တပါး၊

ဤသို့လျှင် သမထ ခုနစ်ပါးတို့ဖြင့် ထိုက်သည်အားလျော်စွာ ငြိမ်းစေပြီးစေအပ်ကုန်သော အဓိကရုဏ်းတို့သည် လေးမျိုး လေးစား လေးပါး အပြားရှိပါကုန်သည် အရှင်ဘုရား။

အဓိကရုဏ်းလေးပါး ပြီး၏

---

## ဝိဝါဒါဓိကရုဏ်း၏ အကြောင်းရင်းမူလ

ပုစ္ဆာ။ ။ကိံ အာဝုသော ဝိဝါဒါဓိကရဏဿ မူလံ။

ဝိဿဇ္ဇနာ။ ။ဆ ဘန္တေ ဝိဝါဒမူလာနိ ဝိဝါဒါဓိကရဏဿ မူလံ၊ တီဏိ ပိ အကုသလမူလာနိ ဝိဝါဒါဓိကရဏဿ မူလံ၊ တီဏိ ပိ ကုသလမူလာနိ ဝိဝါဒါဓိကရဏဿ မူလံ၊ ဣဒံ ဘန္တေ ဝိဝါဒါဓိကရဏဿ မူလံ။

အမေး။ ။ဤ ငါတို့၏ ယူဆအပ်သော တရားသည်သာလျှင် တရားစစ် တရားမှန်တည်း သင်တို့ ယူဆသော တရားသည်ကား တရားစစ် တရားမှန် မဟုတ် ဓမ္မ မဟုတ် စသည်ဖြင့် ငြင်းခုံသော ဝိဝါဒါဓိကရုဏ်း၏ အကြောင်းရင်း မူလကား အဘယ်ပါနည်း ငါ့ရှင်။

အဖြေ။ ။ဓမ္မ, အဓမ္မ စသည် ငြင်းခုံခြင်း ဝိဝါဒါဓိကရုဏ်း ဖြစ်ပေါ် ရင်း အကြောင်းရင်းတို့သည်ကား—

၁။ အမျက်ထွက်ခြင်း, ရန်ငြိုးဖွဲ့ခြင်းကြောင့်လည်း ဝိဝါဒါဓိကရုဏ်း ဖြစ်နိုင်ပါသည်၊

၂။ သူတပါးကျေးဇူးကို ချေဖျက်ခြင်း, သူတပါးကို အပြိုင်မူခြင်း ကြောင့်လည်း ဝိဝါဒါဓိကရုဏ်း ဖြစ်နိုင်ပါသည်၊

၃။ သူတပါး စည်းစိမ်ကို ငြူစူခြင်း, မိမိစည်းစိမ်ကို လျှို့ဝှက်ခြင်း ကြောင့်လည်း ဝိဝါဒါဓိကရုဏ်း ဖြစ်နိုင်ပါသည်၊

၄။ ကောက်ကျစ် စဉ်းလဲခြင်း, လှည့်ဖျားခြင်း ဤတရားအစုကြောင့် လည်း ဝိဝါဒါဓိကရုဏ်း ဖြစ်နိုင်ပါသည်၊

၅။ အလိုဆိုး ရမ္မက်ဆိုးရှိခြင်း, အယူဖောက်ပြန် ပျက်စီးခြင်း ဤတရားကြောင့်လည်း ဝိဝါဒါဓိကရုဏ်း ဖြစ်နိုင်ပါသည်၊

၆။ မိစ္ဆာအယူ၌ စွဲမြဲစွာယူခြင်း ဤတရားကြောင့်လည်း ဝိဝါဒါ မိကရုဏ်းဖြစ်ရပါသည်၊ လောဘကြောင့်လည်း ဝိဝါဒါမိကရုဏ်း ဖြစ်ပါသည် ဒေါသကြောင့်ရှင်း မောဟကြောင့်ရှင်း အလောဘကြောင့်ရှင်း အဒေါသ ကြောင့်ရှင်း အမောဟကြောင့်ရှင်း ဓမ္မ, အဓမ္မစသည် ငြင်းခုံမှု ဝိဝါဒါ မိကရုဏ်းဖြစ်ပါသည်၊

သို့ရကား ဆိုခဲ့ပြီးသော ကောဓ, ဥပနာဟ အစရှိသော တရား ခြောက်ပါး, လောဘ ဒေါသ မောဟ တည်းဟူသော အကုသိုလ်မူလ သုံးပါး, အလောဘ အဒေါသ အမောဟ တည်းဟူသော ကုသိုလ်မူလ သုံးပါး ဤ တရားအစုသည် ဝိဝါဒါမိကရုဏ်း ဖြစ်ပေါ်ခြင်း၏ အကြောင်းရင်းများဖြစ်ကြ ပါသည် အရှင်ဘုရား။

ဝိဝါဒါမိကရုဏ်း၏ အကြောင်းရင်းမူလ ပြီး၏

---

## အနုဝါဒါမိကရုဏ်း၏ အကြောင်းရင်းမူလ

ပုစ္ဆာ။ ။ကိံ ပနာဝုသော အနုဝါဒါမိကရဏဿ မူလံ။

ဝိဿဇ္ဇနာ။ ။ဆ ဘန္တေ အနုဝါဒမူလာနိ အနုဝါဒါမိကရဏဿ မူလံ၊ တီဏိ ပိ အကုသလမူလာနိ အနုဝါဒါမိကရဏဿ မူလံ၊ တီဏိ ပိ ကုသလမူလာနိ အနုဝါဒါမိကရဏဿ မူလံ၊ ကာယော ပိ အနုဝါဒါမိကရဏဿ မူလံ၊ ဝါစါ ပိ အနုဝါဒါ-မိကရဏဿ မူလံ၊ ဣဒံ ခေါ ဘန္တေ အနုဝါဒါမိကရဏဿ မူလံ။

အမေး။ ။အာပတ် စသည်ဖြင့် စွပ်စွဲခြင်း အနုဝါဒါမိကရုဏ်း၏ အ ကြောင်းရင်း မူလကား အဘယ်ပါနည်း ငါ့ရှင်။

အဖြေ။ ။သီလဝိပတ္တိ အစရှိသော ဝိပတ္တိလေးပါးတို့ဖြင့် စွပ်စွဲခြင်း အစရှိသော အနုဝါဒါမိကရုဏ်း၏ အကြောင်းရင်း တရားများကား—

အမျက်ထွက်ခြင်း,ရန်ငြိုးဖွဲ့ခြင်းကြောင့်လည်း အာပတ်စသည်ဖြင့် စွပ်စွဲ ခြင်း အနုဝါဒါမိကရုဏ်း ဖြစ်နိုင်ပါသည်၊ သူတပါးကျေးဇူးကို ခြေဖျက်ခြင်း, ဂုဏ်ပြိုင်ပြုခြင်း ဤတရားစုကြောင့်လည်း ဣဿာ, မစ္ဆရိယ ဤတရားနှစ်ပါး ကြောင့်လည်း အနုဝါဒါမိကရုဏ်း ဖြစ်နိုင်ပါသည်၊ မာယာ, သာဌေယျ

ဤတရားအစုကြောင့်လည်း အနုဝါဒါဓိကရဏ်း ဖြစ်နိုင်ပါသည်၊ အလိုရမ္မက်, မိစ္ဆာအယူ ဤတရားအစုကြောင့်လည်း အနုဝါဒါဓိကရဏ်း ဖြစ်နိုင်ပါသည်၊ မိမိ၏အယူကို ပြင်းစွာစွဲလမ်းခြင်း ဤတရား အစုကြောင့်လည်း အနုဝါဒါဓိကရဏ်း ဖြစ်နိုင်ပါသည်၊ သူတဘက်သားကို လောဘစိတ် ပြဋ္ဌာန်း၍လည်း အနုဝါဒါဓိကရဏ်း ဖြစ်နိုင်ပါသည်၊ သူတဘက်သား အပေါ်၌ ဒေါသရှေ့ရှု၍လည်း အာပတ်ဖြင့် စွပ်စွဲခြင်း အနုဝါဒါဓိကရဏ်း ဖြစ်နိုင်ပါသည်၊ မသိမလိမ်မာမှု မောဟကြောင့်လည်း စွပ်စွဲခြင်း အနုဝါဒါဓိကရဏ်း ဖြစ်နိုင်ပါသည်၊ သာသနာတော်ကို ကောင်းစားလိုသောစိတ်ဖြင့် အလောဘပြဋ္ဌာန်း၍ ၎င်း အဒေါသ, အမောဟ ပြဋ္ဌာန်း၍၎င်း စွပ်စွဲခြင်း အနုဝါဒါဓိကရဏ်း ဖြစ်ပေါ်နိုင်ပါသည်၊ စွပ်စွဲခံရမည့် ပုဂ္ဂိုလ်က အမြင်မတော် ကြည့်မကောင်း အောင် အရုပ်အဆင်း ဆိုးဝါးခြင်းကြောင့်လည်း စွပ်စွဲခြင်း အနုဝါဒါဓိကရဏ်း ဖြစ်နိုင်ပါသည်၊ စွပ်စွဲခံရမည့် ပုဂ္ဂိုလ်၏ ရိုင်းပြသော ပြောဆိုမှု ဝါစာစကား ကြောင့်လည်း စွပ်စွဲခြင်း အနုဝါဒါဓိကရဏ်း ဖြစ်နိုင်ပါသည်၊

သို့ရကား ဆိုအပ်ပြီးသော ကောဓ, ဥပနာဟ, မက္ခ, ပလာသ, ဣဿာ, မစ္ဆရိယ, မာယာ, သာဌေယျ, ပါပိစ္ဆ, မိစ္ဆာဒိဋ္ဌိ, အာဒါနဂ္ဂါဟ, ဒုပ္ပဋိနိဿဂ္ဂ- တည်းဟူသော အနုဝါဒ မူလ ခြောက်ပါး လောဘ ဒေါသ မောဟ တည်းဟူ သော အကုသိုလ်မူလ သုံးပါး, အလောဘ အဒေါသ အမောဟ တည်းဟူ သော ကုသိုလ်မူလသုံးပါး, အမြင်မတော် ကြည့်၍ မလျော်သောအဆင်း, သူတဘက်သား နားမချမ်းသာအောင် ပြောခြင်းအသံ ဤတရားအစုသည် အနုဝါဒါဓိကရဏ်း ဖြစ်ပေါ်ခြင်း၏ အကြောင်းရင်းတရားတို့ ဖြစ်ပါသည် အရှင်ဘုရား။

အနုဝါဒါဓိကရဏ်း၏ အကြောင်းရင်းမူလ ပြီး၏

---

## အာပတ္တာဓိကရဏ်း၏ အကြောင်းရင်းမူလ

ပုစ္ဆာ။ ။ကိံ ပနာဝုသော အာပတ္တာဓိကရဏဿ မူလံ။

ဝိဿဇ္ဇနာ။ ။ဆ ဘန္တေ အာပတ္တိသမုဋ္ဌာနာ အာပတ္တာဓိကရဏဿ မူလံ၊ အတ္ထိ ဘန္တေ အာပတ္တိ ကာယတော သမုဋ္ဌာတိ န ဝါစတော န စိတ္တတော၊ အတ္ထိ ဘန္တေ အာပတ္တိ ဝါစတော သမုဋ္ဌာတိ န ကာယတော န စိတ္တတော၊ အတ္ထိ ဘန္တေ အာပတ္တိ ကာယ-

တော စ ဝါစတော စ သမုဋ္ဌာတိ န စိတ္တတော၊ အတ္ထိ ဘန္တေ အာပတ္တိ ကာယတော စ စိတ္တတော စ သမုဋ္ဌာတိ န ဝါစတော၊ အတ္ထိ ဘန္တေ အာပတ္တိ ဝါစတော စ စိတ္တတော စ သမုဋ္ဌာတိ န ကာယတော၊ အတ္ထိ ဘန္တေ အာပတ္တိ ကာယတော စ ဝါစတော စ စိတ္တတော စ သမုဋ္ဌာတိ၊ ဣမာနိ ဘန္တေ ဆ အာပတ္တိ သမုဋ္ဌာနာနိ အာပတ္တာဓိကရဏဿ မူလံ။

အမေး။ ။အာပတ် ခုနစ်ပါး တည်းဟူသော အာပတ္တာဓိကရုဏ်း၏ အကြောင်းရင်း မူလကား အဘယ်ပါနည်း ငါ့ရှင်။

အဖြေ။ ။အာပတ် သင့်ခြင်း တည်းဟူသော အာပတ္တာဓိကရုဏ်း၏ အကြောင်းရင်းတို့သည်ကား—

(၁) အချို့ အာပတ်သည် နှုတ်နှင့် စိတ် မပါဘဲ ကာယဒွါရ သက်သက် ကြောင့်လည်း သင့်နိုင်ပါသည်၊

(၂) အချို့ အာပတ်သည် ကိုယ်နှင့် စိတ် မပါဘဲ ဝစီဒွါရသက်သက် ကြောင့်လည်း သင့်နိုင်ပါသည်၊

(၃) အချို့ အာပတ်သည် စိတ်မပါဘဲ ကာယဒွါရ, ဝစီဒွါရ နှစ်ပါး ကြောင့်လည်း သင့်နိုင်ပါသည်၊

(၄) အချို့ အာပတ်သည် နှုတ်မပါဘဲ ကာယဒွါရ, မနောဒွါရ နှစ်ပါး နှင့် စပ်၍လည်း သင့်နိုင်ပါသည်၊

(၅) အချို့ အာပတ်သည် ကိုယ်မပါဘဲ ဝစီဒွါရ, မနောဒွါရ နှစ်ပါး သက်သက်ကြောင့်လည်း သင့်နိုင်ပါသည်၊

(၆) အချို့သော အာပတ်သည် ကာယ, ဝစီ, မနော တည်းဟူသော သုံးပါးသော ဒွါရနှင့်စပ်၍ သင့်နိုင်ပါသည်၊

သို့ဖြစ်သောကြောင့် အာပတ်သင့်ခြင်း၏ အကြောင်းရင်းမူလ တရားတို့သည်ကား ၁-ကာယ၊ ၂-ဝါစာ၊ ၃-ကာယဝါစာ၊ ၄-ကာယစိတ္တ၊ ၅-ဝါစာစိတ္တ၊ ၆-ကာယဝါစာစိတ္တ ဤသို့ အားဖြင့် ခြောက်ပါး အပြားရှိပါကုန်သည် အရှင်ဘုရား။

အာပတ္တာဓိကရုဏ်း၏ အကြောင်းရင်းမူလ ပြီး၏

## ကိစ္စာဓိကရုဏ်း၏ အကြောင်းရင်းမူလ

ပုစ္ဆာ။ ။ကိံ ပန္နာဝုသော ကိစ္စာဓိကရဏဿ မူလံ။

ဝိဿဇ္ဇနာ။ ။ကိစ္စာဓိကရဏဿ ဘန္တေ ဧကံ မူလံ သံဃော။

အမေး။ ။သံဃ ကိစ္စ တည်းဟူသော ကိစ္စာဓိကရုဏ်း၏ အကြောင်း ရင်း မူလကား အဘယ်ပါနည်း ငါ့ရှင်။

အဖြေ။ ။သံဃ ကံ လေးပါး တည်းဟူသော ကိစ္စာဓိကရုဏ်း၏ အ ကြောင်းရင်း တရားကား သံဃာတော် တည်းဟူသော ဝါပါးသာလျှင် ဖြစ်ပါ သည် အရှင်ဘုရား။

ကိစ္စာဓိကရုဏ်း၏ အကြောင်းရင်းမူလ ပြီး၏

---

ပုစ္ဆာ။ ။သမထံ အာဝုသော ပုစ္ဆိဿံ၊ သနိဒါနံ သနိဒ္ဒေသံ။
သမုက္ကဋ္ဌပဒါနံ အာဝုသော ကတိ အာပတ္တိယော။

ဝိဿဇ္ဇနာ။ ။သမထံ ဘန္တေ ဝိဿဇ္ဇိဿံ၊ သနိဒါနံ သနိဒ္ဒေသံ။
သမုက္ကဋ္ဌပဒါနံ ဘန္တေ ဒွေ အာပတ္တိယော။

အမေး။ ။နိဒါန်း နိဒ္ဒေသနှင့် တကွသော သမထက္ခန္ဓကကို မေးမြန်း ပေအံ့၊ သမထက္ခန္ဓကလာ မြတ်စွာဘုရား၏ ပညတ်တော်တို့နှင့် သက်ဆိုင် သော အာပတ်တို့သည် အကျဉ်းချုပ်အားဖြင့် အဘယ်မျှ ရှိပါကုန်သနည်း ငါ့ရှင်။

အဖြေ။ ။နိဒါန်း အကျယ် နိဒ္ဒေသနှင့် တကွသော သမထက္ခန္ဓကကို ဖြေကြားလျှောက်ထားပါအံ့၊ ဤသမထက္ခန္ဓကဌ် မြတ်စွာဘုရား၏ မုခပါဌ် မြတ်သော စကားတော် အစဉ်တို့နှင့် စပ်သော အာပတ် အစုတို့သည်ကား အကျဉ်းချုပ်အားဖြင့် ဉက္ကောဋနက ပါစိတ် ခီယနက ပါစိတ်,ဒုက္ကဋ် အာပတ် ဤနှစ်ရပ်သော အာပတ်တို့သာ ရှိပါကုန်သည် အရှင်ဘုရား။

**သမထက္ခန္ဓက ပြီး၏**

## ၅-ရဋ္ဌကဝဂ္ဂ၊ ကဥ္စန္ဓက

### ရေချိုးရာ၌ ပယ်မြစ်မှု နှင့် ခွင့်ပြုမှုများ

ပုစ္ဆာ။ ။နဟာယန္တေန အာဝုသော ဘိက္ခုနာ ရုက္ခေ ဝါ ထမ္ဘေ ဝါ ကုဋ္ဋေ ဝါ ကာယံ ဥဂ္ဃံသေန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ နဟာယမာနာ ရုက္ခေ ပိ ထမ္ဘေ ပိ ကုဋ္ဋေ ပိ ကာယံ ဥဂ္ဃံသေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။သစ်ပင်၌ဖြစ်စေ တိုင်၌ဖြစ်စေ နံရံ၌ဖြစ်စေ ရေချိုးသော ရဟန်းသည် ကိုယ်ကို ပွတ်တိုက်၍ ရေချိုးလျှင် ဒုက္ကဋ် အာပတ် သင့်စေ ဟု မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထို ပညတ်ချက်ကို ဘယ်မြို့။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ရေချိုး ကုန်သည်ရှိသော် သစ်ပင်၌ရင်း တိုင်၌ရင်း နံရံ၌ရင်း ကိုယ်ကိုရင်း လက်ရုံးကိုရင်း ပေါင်ကိုရင်း ပွတ်တိုက်ကြပါကုန်သည်၊ ထိုအခါ များစွာသော လူအပေါင်းတို့က “လက်ဝှေ့ လက်ပမ်းသမားတို့ကဲ့သို့ပါတကား” အစရှိသည်ဖြင့် ကဲ့ရဲ့ရှုတ်ချစကား ပြောကြားကြပါကုန်သည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့် သစ်ပင်၌ရင်း တိုင်၌ရင်း နံရံ၌ရင်း ပွတ်တိုက်၍ ရေချိုးသော ရဟန်း၏ ဒုက္ကဋ် အာပတ် သုံးမျိုးကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ဂန္ဓဗ္ဗဟတ္ထကေန ဝါ အာဝုသော ကုရုဝိန္ဒကသုတ္တိယာ ဝါ မလ္လကေန ဝါ နဟာယန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ ဆဗ္ဗဂ္ဂိယေဝ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ ဂန္ဓဗ္ဗဟတ္ထကေန ပိ ကုရုဝိန္ဒက-

သုတ္တိယာ ပိ မလ္လကေန ပိ နဟာယိ ံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ချေးပွတ်စရာ ပြုလုပ်ထားသော သစ်သားလက်ဖြင့်ရင်း ချေးပွတ်စရာ ပြုလုပ်ထားသော မှတ်ကျောက် ချိပ်လုံးဖြင့်ရင်း ခွေးသွားစိပ်ထုထားသော ချေးပွတ်စရာဖြင့်ရင်း ကိုယ်၌ ချေးတွန်းလျက် ရေချိုးသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထို ဒုက္ကဋ် အာပတ်ကို ဘယ်မြို့။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ ဆဗ္ဗဂ္ဂီရဟန်းတို့ကိုပင် အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

ဆဗ္ဗဂ္ဂီရဟန်းတို့သည် လူဝတ်ကြောင်များ၏ အသုံးအဆောင်ဖြစ်သော ချေးတွန်းစရာ သစ်သားလက်ဖြင့်လည်း ရေချိုးကြပါကုန်သည်၊

လူများ၏ အသုံးအဆောင်ဖြစ်သော မှတ်ကျောက်မှုန့်ဖြင့် ချိပ်ကို ရောစပ်၍ ပြုလုပ်ထားအပ်သော ချေးတွန်းစရာ အလုံးအဖွဲ့ဖြင့်လည်း ရေချိုးကြပါကုန်သည်၊

လူတို့၏ အသုံးအဆောင် ဖြစ်သော ခွေးသွားစိပ် သဏ္ဌာန် ပြုလုပ်ထားသော ချေးတွန်း ကိရိယာဖြင့်လည်း ရေချိုး ကြပါကုန်သည်၊

ထိုအခါ များစွာသော လူအပေါင်းတို့က "လူဝတ်ကြောင်တို့ကဲ့သို့ပါတကား" ဟု ကဲ့ရဲ့စကား ပြောကြား ကြပါကုန်သည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ထို ဒုက္ကဋ်အာပတ် သုံးမျိုးကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ပါဏိနာ အာဝုသော ပရိကမ္မံ ကာတုံ ဘဂဝတာ ကတ္ထ အနုညာတံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ အနုညာတံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ ပိဋ္ဌိပရိကမ္မံ ကာတုံ ကုက္ကုစ္စာယိ ံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတံ။

အမေး။ ။ရေချိုးသော ရဟန်းသည် လက်ဖနောင့် လက်ဖဝါးဖြင့် ချေးတွန်းရန် မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပေ၏၊ ထို ခွင့်ပြုချက်ကို ဘယ်မြို့။ ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ခွင့်ပြု ပညတ်တော် မူအပ်ပါသည်၊

များစွာသော ရဟန်းတို့သည် မြတ်စွာဘုရားက ဆဗ္ဗဂ္ဂီရဟန်းတို့၏ မသင့်မလျော်သော ရေချိုးမှု အမျိုးမျိုးကြောင့် ဆိုင်ရာဆိုင်ရာ ဒုက္ကဋ် အာပတ်ဖြင့် ပညတ်တော် မူလတ်သည်ရှိသော် မိမိတို့ကိုယ်ကို မိမိတို့၏ လက်ဖဝါး လက်ဖနောင့်ဖြင့်ပင် ချေးတွန်းရန် အလို့ငှါ ကုက္ကုစ္စဖြစ်၍ မပြုလုပ် ဝံ့ဘဲ ရှိကြပါသည်၊

ထိုအခါ မြတ်စွာဘုရား၏ ထံမှောက်သို့ သွားရောက်၍ ရဟန်းတော်တို့ လျှောက်ထားကြပါသည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့် လက်ဖဝါး လက် ဖနောင့်ဖြင့် ရေချိုးသောအခါ ချေးတွန်းခြင်းအမှုကို သဗ္ဗညုမြတ်စွာဘုရား ခွင့်ပြုတော် မူခဲ့ပါသည် အရှင်ဘုရား။

ရေချိုးရာ၌ ပယ်မြစ်မှု နှင့် ခွင့်ပြုမှုများ ပြီး၏

---

## လက်ဝတ်တန်းဆာ စသည်ကို တားမြစ်ခြင်း

ပုစ္ဆာ။ ။ဝလ္လိကံ ဝါ အာဝုသော ပါမင်္ဂံ ဝါ ကဏ္ဍသုတ္တကံ ဝါ ကဋိသုတ္တကံ ဝါ ဩဝဋ္ဋိကံ ဝါ ကာယုရံ ဝါ ဟတ္ထာဘရဏံ ဝါ အင်္ဂုလိမုဒ္ဒိကံ ဝါ ဓာရေန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ ဝလ္လိကာဒီနိ ဓာရေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။နားသံသီး, နားသံကွင်းကိုဎင်း စလွယ်ကြိုးကိုဎင်း လည်ဆွဲ ကြိုးကိုဎင်း ခါးကြိုးကိုဎင်း လက်ကောက်ကိုဎင်း လက်ကြပ်ကိုဎင်း လက်ဝတ် တန်းဆာကိုဎင်း လက်စွပ်ကိုဎင်း ဝတ်ဆင် သုံးဆောင်သော ရဟန်းအား

ဒုက္ကဋ်အာပတ်ကို မြတ်စွာဘုရား ပညတ်တော် မူခဲ့ပေ၏၊ ထို ဒုက္ကဋ်အာပတ်တို့ကို ဘယ်မျိုး။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊

ဆဗ္ဗဂ္ဂီရဟန်းတို့သည် လူဝတ်ကြောင်များကဲ့သို့ နားသံသီး, နားသံကွင်းကိုငှင်း စလွယ်ကြိုးကိုငှင်း လည်ဆွဲတန်းဆာကိုငှင်း ခါးကြိုးတန်းဆာကိုငှင်း လက်ကြပ်ကိုငှင်း လက်ကောက်ကိုငှင်း အခြားတပါးသော လက်ဝတ်တန်းဆာကိုငှင်း လက်စွပ်ကိုငှင်း ဆင်မြန်း ဝတ်ရုံကြပါသည်၊

ထိုအခါ များစွာသော လူအပေါင်းတို့က "ဤရဟန်းတို့သည် ကာမစည်းစိမ်ကို သုံးဆောင် ခံစားကြသော လူဝတ်ကြောင်များကဲ့သို့ ပါတကား" ဟု ကဲ့ရဲ့စကား ရှုတ်ချစကား ပြောကြားကြပါကုန်သည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် နားသံသီး, နားသံကွင်း စသည်ကို ဆင်မြန်း ဝတ်ဆင်သော ရဟန်းအား ဒုက္ကဋ်အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူခဲ့ပါသည် အရှင်ဘုရား။

လက်ဝတ်တန်းဆာ စသည်ကို တားမြစ်ခြင်း ပြီး၏။

---

## ဆံရှည် ထားမှုကို တားမြစ်ခြင်း

ပုစ္ဆာ။ ။ဒီဃေ အာဝုသော ကေသေ ဓာရေန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ ဒီဃေ ကေသေ ဓာရေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။လက်နှစ်သစ်ထက် ပိုလွန်၍ ဆံပင်ရှည် ထားသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို ပညတ်တော် မူခဲ့ပေ၏၊ ထို ဒုက္ကဋ်အာပတ်ကို ဘယ်မျိုး။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊ ဆဗ္ဗဂ္ဂီရဟန်းတို့သည် လက်နှစ်သစ်ထက် ရှည်လျားသော ဆံပင်တို့ကို ထားကြပါကုန်သည် ထိုအခါ များစွာသော လူအပေါင်းတို့က "ဤရဟန်းတို့သည် ကာမ စည်းစိမ်ကို ခံစား သုံးဆောင်သော လူဝတ်ကြောင်တို့ကဲ့သို့ ပါတကား" ဟု ကဲ့ရဲ့ရှုတ်ချ စကား ပြောကြား ကြပါကုန်သည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် သဗ္ဗညုမြတ်စွာဘုရားသည် အနုဇာနာမိ ဘိက္ခဝေ ဒုမာသိကံ ဝါ ဒုဝင်္ဂုလံ ဝါ—ချစ်သားတို့....ဆံပင်ကို လအပိုင်းအခြား အားဖြင့် နှစ်လသာလျှင် ထားရမည် အတိုင်းအရှည် အားဖြင့် လက်နှစ်သစ် သာလျှင် ထားရမည် နှစ်လပင် မပြည့်သေးသော်လည်း လက်နှစ်သစ်ရှိသော ဆံပင်ကိုပယ်ဖြတ်ရမည် လက်နှစ်သစ်ပင် မပြည့်သေးသော်လည်း နှစ်လ ကာလရှိလျှင်ဆံပင်ကို ပယ်ဖြတ်ရမည်၊

ထိုသို့ ကာလအားဖြင့် နှစ်လ ကာလထက် အပိုအလွန် မထားရ ပရိစ္ဆေဒ ပမာဏ အားဖြင့် လက်နှစ်သစ်ထက် ပိုလွန်၍ မထားရ ထားသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်စေ- ဟု န ဘိက္ခဝေ ဒီဃာ ကေသာ ဓာရေတဗ္ဗာ၊ ယော ဓာရေယျ အာပတ္တိ ဒုက္ကဋဿ ဟု သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူပါသည် အရှင်ဘုရား။

ဆံရှည် ထားမှုကို တားမြစ်ခြင်း ပြီး၏

---

## ဆံပင်ကို ဖိးလိမ်းမှု မပြုရ

ပုစ္ဆာ။ ။ကောဋ္ဌေနဝါ အာဝုသော ဖဏကေနဝါ ဟတ္ထဖဏကေနဝါ ကေသေ သြသဏ္ဍေန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ ဆဗ္ဗဂ္ဂိယေဝ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ ကောစ္ဆာဒီဟိ ကေသေ သြသဏ္ဍေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဝက်မှင်ဘီးဖြင့် ဖြစ်စေ ဘီးဖြင့် ဖြစ်စေ လက်ဖြင့် ဖြစ်စေ ဆံပင်ကို ဖီးသပ်ပြုပြင်သော ရဟန်းအား ဒုက္ကဋ် အာပတ်ကို မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထို ပညတ်ချက်ကို ဘယ်မြို့ ။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဝက်မှင်ဘီးဖြင့်ရင်း ပကတိ ရိုးရိုး အသားဘီးဖြင့်ရင်း လက်ဘီးဖြင့်ရင်း မိမိတို့၏ ဆံပင်တို့ကို ပြင်ဆင်ကြပါကုန်သည်၊

ထို့မှတပါး ဖယောင်းနှင့်ရောသော ဆီဖြင့်ရင်း ဆီနှင့်ရောသော ရေဖြင့်ရင်း မိမိတို့၏ ဆံပင်ကို ပြုပြင်ကြပါကုန်သည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် ထိုဒုက္ကဋ်အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ဆံပင်ကို ဖီးလိမ်းမှု မပြုရခြင်း ပြီး၏

---

## မှန် မကြည့်ရန် ပညတ်ခြင်း

ပုစ္ဆာ။ ။အာဒါသေ ဝါ အာဝုသော ဥဒကပတ္တေ ဝါ မုခနိမိတ္တံ ဩလောကေန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ အာဒါသေ ပိ ဥဒကပတ္တေ ပိ မုခနိမိတ္တံ ဩလောကေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။မှန်ထည်း၌ဖြစ်စေ ကြည်လင်သော ရေခွက်ထည်း၌ဖြစ်စေ မိမိ၏ မျက်နှာရိပ်ကို ကြည့်ရှုသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို သဗ္ဗညု မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထို ဒုက္ကဋ် အာပတ်ကို ။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ ဆဗ္ဗဂ္ဂီရဟန်းတို့ကိုပင် အကြောင်း ပြု၍ ပညတ်တော်မူအပ်ပါသည်၊

ဆဗ္ဗဂ္ဂီရဟန်းတို့သည် လူဝတ်ကြောင်များကဲ့သို့ပင် ကြေးမုံ မှန်အပြင်၌ ၎င်း ကြည်လင်သော ရေခွက်၌၎င်း မိမိတို့၏ မျက်နှာရိပ်ကို ကြည့်ရှုပြင်ဆင် ကြပါကုန်သည်၊

ထိုသို့သော ကိစ္စကြောင့် မှန်ကြည့်သော ရဟန်း၏ ဒုက္ကဋ် အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

မှန် မကြည့်ရန် ပညတ်ခြင်း ပြီး၏

---

## အနာရောဂါရှိလျှင် မှန် ကြည့်ရန် ခွင့်ပြုခြင်း

ပုစ္ဆာ။ ။အာဗာဓပစ္စယာ ပနာဝုသော အာဒါသေ ဝါ ဥဒကပတ္တေ ဝါ မုခ-နိမိတ္တံ ဩလောကေတုံ ဘဂဝတာ ကတ္ထ အနုညာတံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ အညတရံ ဘိက္ခုံ အာရဗ္ဘ အနုညာတံ၊ ဘဂဝတိ ဘန္တေ ရာဇဂဟေ ဝိဟရတိ အညတရဿ ဘိက္ခုနော မုခေ ဝဏော အဟောသိ၊ သော ဘိက္ခူ တေဒဝေါစ "ကီဒိသော မေ အာဝုသော ဝဏော" တိ၊ ဘိက္ခူ ဝေမာဟံသု "ဒေိသော တေ အာဝုသော ဝဏော" တိ၊ သော န သဒ္ဒဟတိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတံ။

အမေး။ ။မျက်နှာ၌ အနာပေါက်၍ နေသော ရဟန်းသည် ရေခွက်၌ ဖြစ်စေ မှန်၌ဖြစ်စေ မိမိမျက်နှာရိပ်ကို ကြည့်ရှုရန် မြတ်စွာဘုရား ခွင့်ပြု တော်မူခဲ့ပေ၏၊ ထိုခွင့်ပြုချက်ကို ဘယ်မြို့။ ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ မထင်မရှားသော အညတရ ရဟန်း တပါးကို အကြောင်းပြု၍ ခွင့်ပြုတော်မူအပ်ပါသည်၊

မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတပါး၏ မျက်နှာ၌ ဝက်ခြံ အမာ ပေါက်လျက် ရှိပါသည် ထိုရဟန်းသည် တပါးသော ရဟန်းတို့ကို "ငါ့ရှင်တို့.... ငါ၏ အနာသည် ဘယ်ကဲ့သို့ နေပါ သနည်း" ဟု မေးမြန်းပါသည်၊ ရဟန်းတော်တို့က "ငါ့ရှင်....သင်၏ အနာ

သည် ဤပုံ ဤပန်း ဖြစ်၍နေသည်”ဟု အမှန်ကိုပင် ပြောကြားကြသော်လည်း ထိုရဟန်းသည် မယုံကြည်ဘဲ ရှိပါသည်၊ ထိုအကြောင်းကို မြတ်စွာဘုရားအား ရဟန်းတော်တို့ လျှောက်ထားကြပါသည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် မျက်နှာ၌ အမာ စသည် ပေါက်ရောက်ခြင်း ဟူသော အကြောင်းကြောင့် ကြေးမုံ မှန်အပြင်၌သော်၎င်း ကြည်လင်သော ရေခွက်၌သော်၎င်း မိမိမျက်နှာကို ကြည့်ရှုရန် သဗ္ဗညု မြတ်စွာဘုရား ခွင့်ပြုတော်မူအပ်ပါသည် အရှင်ဘုရား။

အနာရောဂါရှိလျှင် မှန် ကြည့်ရန် ခွင့်ပြုခြင်း ပြီး၏

---

## ပေါင်ဒါ့မျက်နှာချေစသည် မလိမ်းကျံရခြင်း

ပုစ္ဆာ။ ။မုခါလေပနာဒိနိ အာဝုသော ကရောန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ မုခါလေပနာဒိနိ အကံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။မျက်နှာ၌ လွှင်မှုန့်ခြယ်ခြင်း လိမ်းကျံခြင်း စသည်ကို ပြုသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထို ဒုက္ကဋ် အာပတ်ကို ။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

ဆဗ္ဗဂ္ဂီရဟန်းတို့သည် မျက်နှာကို လွှင်မှုန့်ခြယ်ခြင်း မျက်နှာချေ ခြယ်ခြင်း လက်သည်းဆိုးခြင်း အစရှိသော လူဝတ်ကြောင်တို့ကဲ့သို့သော အမှုတို့ကို ပြုကြပါကုန်သည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ထို ဒုက္ကဋ် အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ပေါင်ဒါ့ မျက်နှာချေစသည် မလိမ်းကျံရခြင်း ပြီး၏

## ပွဲလမ်းသဘင်များကို တားမြစ်ခြင်း

ပုစ္ဆာ။ ။နစ္စံ ဝါ အာဝုသော ဂီတံ ဝါ ဝါဒိတံ ဝါ ဒဿနာယ ဂစ္ဆန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ နစ္စံ ပိ ဂီတံ ပိ ဝါဒိတံ ပိ ဒဿနာယ ဂစ္ဆိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ကို ကြည့်ရှုနားထောင်သော ရဟန်းအား ဒုက္ကဋ်အာပတ်ကို မြတ်စွာဘုရား ပညတ်တော် မူခဲ့ပေ၏၊ ထို ဒုက္ကဋ်အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊

မြတ်စွာဘုရား သခင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေတော်မူစဉ် ရာဇဂြိုဟ်ပြည်၌ တောင်ထိပ်သဘင်ပွဲ ရှိပါသည် ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ကို ကြည့်ရှုနားထောင် ရန် အလို့ငှါ တပျော်တပါး သွားကြပါသည် ထိုအခါ လူတို့က ကဲ့ရဲ့ရှုတ်ချ အပြစ်တင်ကြပါသည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ကို ကြည့်ရှုနားထောင်ရန် သွားသော ရဟန်း၏ ဒုက္ကဋ်အာပတ်ကို သဗ္ဗညု မြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ပွဲလမ်းသဘင်များကို တားမြစ်ခြင်း ပြီး၏

---

## အာပတ်သင့်သောအချက်,မသင့်သောအချက်ကို ခွဲပြခြင်း

ပုစ္ဆာ။ ။ကထံ အာဝုသော နစ္စာဒီနိ ပဿန္တဿ အာပတ္တိ ဟောတိ၊ ကထံ ပန အနာပတ္တိ။

ဝိဿဇ္ဇနာ။ ။နစ္စံ ဝါ ဘန္တေ ဂီတံ ဝါ ဝါဒိတံ ဝါ ဒဿနာယ ဂစ္ဆတိ အာပတ္တိ ဒုက္ကဋဿ၊ ယတ္ထ ဌိတော ပဿတိ ဝါ သုဏာတိ ဝါ အာပတ္တိ

> ဒုက္ကဋဿ၊ ဒဿနူပစာရံ ဝိဇဟိတွာ ပုနပ္ပုနံ ပဿတိ အာပတ္တိ ဒုက္ကဋဿ၊ အာရာမေ ဌိတဿ ပဿတော အနာပတ္တိ၊ ဝိဟာရတော ပန ဝိဟာရံ ပဿိဿာမီတိ ဂစ္ဆတော အာပတ္တိယေဝ၊ ယတ္ထ ဌိတော ပဿတိ ဝါ သုဏာတိ ဝါ အာပတ္တိ ဒုက္ကဋဿ၊ အာသနသာလာယ နိသိန္နော ပဿတိ အနာပတ္တိ၊ ပဿိဿာမီတိ ဝုဋ္ဌဟိတွာ ဂစ္ဆတိ အာပတ္တိ ဒုက္ကဋဿ၊ ယတ္ထ ဌိတော ပဿတိ ဝါ သုဏာတိ ဝါ အာပတ္တိ ဒုက္ကဋဿ၊ ပတိပထံ ဂစ္ဆန္တော ပဿတိ အနာပတ္တိ၊ ဂီဝံ ပရိဝတ္တေတွာ ပဿတော ပန အာပတ္တိ ဘဝန္တေ။

အမေး။ ။ကျောင်းတိုက် အတွင်း၌ဖြစ်စေ ဆွမ်းစားရာ အရပ်ဌာန၌ ဖြစ်စေ ကခြင်း,သီခြင်း, တီးမှုတ်ခြင်းတို့ကို မရှောင်မလွှဲသာ ပက်ပင်းပါတွေ့နေသဖြင့် မြင်သည်ရှိသော် အဘယ်သို့ ရှုမြင်သည့် ပုဂ္ဂိုလ်အား အာပတ်သင့်၍ အဘယ်သို့ ရှုမြင်သော ပုဂ္ဂိုလ်အား အာပတ်မှ လွတ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ကခြင်း,သီခြင်း,တီးမှုတ်ခြင်း ရှိရာ မြို့ရွာအတွင်းသို့ ကြည့်ရှုနားထောင်ရန် အလို့ငှါ သွားသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်ပါသည်၊

ထို ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ ရှိရာအရပ်၌ ရပ်တည်၍ ထိုင်၍ ကြည့်ရှုသော ရဟန်းအား, နားထောင်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်ပါသည်၊

မြင်လောက်သော ဥပစာ, ကြားလောက်သော ဥပစာကို စွန့်လွှတ်ပြီးမှ ထပ်ခါ ထပ်ခါ ကြည့်သော ရဟန်းအားလည်း ဒုက္ကဋ်အာပတ် သင့်ပါသည်၊

မိမိနေရင်း ကျောင်းတိုက်အတွင်း၌ မိမိတည်နေစဉ် ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ ရောက်လာသည်ကို ကြည့်ရှုသော်ကား အာပတ်မသင့် ဖြစ်ပါသည်၊

တခြားတပါးသော ကျောင်းတိုက်အတွင်း၌ ပွဲလမ်းသဘင်ရှိ၍ ကြည့်ရှုနားထောင်ရန် အလို့ငှါ သွားရောက်သော ရဟန်းအားဇင်း ထိုပွဲလမ်းသဘင်ရှိရာကျောင်းတိုက်သို့ ရောက်ရှိ၍ ကြည့်ရှု နားထောင်သော ရဟန်းအားဇင်း ဒုက္ကဋ်အာပတ် သင့်ပါသည်၊

မြို့တွင်း, ရွာတွင်း ဆွမ်းစားကျောင်းဝယ် မိမိနေစဉ် အလိုအလျောက် ရောက်ရှိလာသော ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ကို ကြည့်ရှု နားထောင်သော ရဟန်းအား အာပတ် မသင့် ဖြစ်ပါသည်၊

ထို မြို့တွင်း, ရွာတွင်း ဆွမ်းစားကျောင်း၏ အနီးအပါး၌ ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ ရှိသည်ကို တမင်သက်သက် ကြည့်ရှုရန် ထ၍သွားသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်ပါသည်၊ ကြည့်ရှု နားထောင်သော အခါမှာ လည်း ဒုက္ကဋ်အာပတ် သင့်ပါသည်၊

ခရီးသွားခိုက် ခရီး၌ ပက်ပင်းပါ တွေ့ဆုံ ခရီးရင်ဆိုင် ကြုံသဖြင့် ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ကို ကြည့်ရှုနားထောင်သော ရဟန်းအား အာပတ် မသင့် ဖြစ်ပါသည်၊

ခရီးသွားခိုက် မိမိ၏ နောက်မှ ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ လိုက်ပါလာသည်ကို တမင်သက်သက် ကြည့်ရှုနားထောင်လိုသော စိတ်ဖြင့် လှည့်လည်ကြည့်ရှု နားထောင်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်ပါသည်၊

ဤသို့လျှင် အရံအတွင်း အရံပ၌ ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ကို ကြည့်ရှုနားထောင်သော ရဟန်းအား ဤနည်းအားဖြင့် အာပတ်သင့်၍ ဤဆိုအပ်ပြီးသော အခြင်းအရာဖြင့် အာပတ် မသင့်ခြင်း ဖြစ်ပါသည် အရှင်ဘုရား။

အာပတ်သင့်သောအချက်, မသင့်သောအချက်ကို ခွဲပြခြင်း ပြီး၏

---

## တရားတော်ကို သီချင်းလို မဆိုရခြင်း

### သီချင်းလို သီဆိုမှု၌ အပြစ်ငါးပါး

ပုစ္ဆာ။ ။အာယတကေန အာဝုသော ဂီတဿရေန ဓမ္မံ ဂါယန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ အာယတကေန ဂီတဿရေန ဓမ္မံ ဂါယိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။အလွန်ရှည်လျားစွာ ဆွဲငင်၍ ဆိုသော သီချင်းသံဖြင့် တရားတော်ကို သီဆိုသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို မြတ်စွာဘုရား ပညတ်တော် မူခဲ့ပေ၏၊ ထိုဒုက္ကဋ်အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

ဆဗ္ဗဂ္ဂီရဟန်းတို့သည် အလွန် ရှည်လျားစွာသော သီချင်းသံဖြင့် တရားတော်ကို သီဆိုကြပါကုန်သည်၊ ထိုအခါ များစွာသော လူအပေါင်းတို့က "ငါတို့ လူဝတ်ကြောင်များ သီချင်းဆိုကြကုန်သကဲ့သို့ ဤသာကီဝင်မင်းသား ဘုရားသားတော်တို့သည်လည်း ရှည်လျားစွာသော သီချင်းသံဖြင့် တရား တော်ကို ရွတ်ဆိုကြပါကုန်သည်" ဟု ကဲ့ရဲ့ရှုတ်ချစကား ပြောကြားကြပါ ကုန်သည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် သဗ္ဗညုမြတ်စွာဘုရားသည် ရှည်လျား သော သီချင်းသံဖြင့် တရားကို ရွတ်ဆိုခြင်း၌——

(၁) မိမိ ကိုယ်တိုင်ပင် ထိုအသံ၌ သာယာတပ်မက်ခြင်း၊

(၂) တပါးသော သူတို့လည်း ထိုအသံ၌ လောဘတဏှာ ပြင်းထန်း၍ သာယာ တပ်မက်ခြင်း၊

(၃) သဒ္ဓါတရားရှိသော ဥပါသကာ ဒါယကာတို့ အကဲ့ရဲ့ အရှုတ်ချ ခံရခြင်း၊

(၄) အသံကောင်းအောင် ပြုပြင်ရသဖြင့် သမာဓိ ပျက်ပြားခြင်း၊

(၅) နောင်လာ နောက်သားတို့ မြင်သည်ကို, ကြားသည်ကို အတုယူ၍ အမှားလမ်းသို့ လိုက်ပါခြင်း၊

ဤအပြစ်ငါးပါးကို ထင်ရှားစွာ ပြတော်မူလျက် ရှည်လျားစွာသော သီချင်းသံဖြင့် တရားတော်ကို ရွတ်ဆိုသော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်စေ ဟု သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

တရားတော်ကို သီချင်းလို မဆိုရခြင်း ပြီး၏

## သစ်သား သပိတ် တားမြစ်ခဏ်း

### ရာဇဂြိုဟ်ပြည်၌ အရှင်ပိဏ္ဍောလ မထေရ် တန်ခိုးပြခြင်း

ပုစ္ဆာ။ ။ဒါရုပတ္တံ အာဝုသော ဓာရေန္တဿ ဒုက္ကဋ္ဌ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ အာယသ္မန္တံ ပိဏ္ဍောလဘာရဒ္ဒါဇံ အာရဗ္ဘ ပညတ္တံ၊ အာယသ္မာ ဘန္တေ ပိဏ္ဍောလဘာရဒ္ဒါဇော ဆဝဿ ဒါရုပတ္တဿ ကာရဏာ ဂိဟီနံ ဥတ္တရိမနုဿဓမ္မံ ဣဒ္ဓိပါဋိဟာရိယံ ဒဿေတိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။သစ်သား သပိတ်ကို ဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ်ကို မြတ်စွာဘုရားသည် ဘယ်မြို့ဒေသ။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်၌ ရှင်ပိဏ္ဍောလဘာရဒ္ဒါဇ မထေရ်ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

အနည်းငယ် လျှောက်ထားလိုပါသည်၊ မြတ်စွာဘုရားသခင် ရာဇဂြိုဟ်ပြည်မှန် ဝေဠုဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူသောအခါ ရာဇဂြိုဟ်သူဌေးအား ဂင်္ဂါမြစ်ဆိပ်သို့ ရေချိုးသွားသောအခါ စန္ဒကူးအနှစ်ကို ရခဲ့ ဖြစ်ခဲ့ပါသည်၊

ထိုအခါ ရာဇဂြိုဟ်သူဌေးသည် ထိုစန္ဒကူးတုံးကို သပိတ်ထွင်းစေပါသည်၊ ပွတ်စာများကို မိမိသုံးစွဲပြီးလျှင် ထွင်းပြီးသော သပိတ်ကို ဝါးအဆက်ဆက်ချည်နှောင်၍ ဝါးထိပ်၌ တင်ထားပြီးလျှင်—

"ဤလောကဝယ် ရဟန္တာစင်စစ် ဖြစ်ကြသော ပုဂ္ဂိုလ်တို့သည် ဤသပိတ်ကို ယူဆောင်ကြပါစေသတည်း ဤသပိတ်သည် လှူပြီးသပိတ် ဖြစ်သည်" ဟု ကျေညာပါသည်၊

ထိုအခါ ပူရဏကဿပ, မက္ခလိဂေါသာလ အစရှိသော တိတ္ထိဆရာကြီးခြောက်ယောက်တို့သည် အသီးအသီး လာရောက်ပြီးလျှင် ရာဇဂြိုဟ်သူဌေးအား မိမိတို့သည် ရဟန္တာဖြစ်ကြောင်း ဤသပိတ်ကို မိမိတို့ ရထိုက်ကြောင်း အမျိုးမျိုးပြောကြားပါသော်လည်း ရာဇဂြိုဟ်သူဌေးက "အရှင်မြတ်တို့သည်

ရဟန္တာစင်စစ် ဖြစ်ကြပါမူ တန်ခိုးအဘိညာဉ်ဖြင့် ကောင်းကင်သို့ ကြွ၍ ထို သပိတ်ကို ယူနိုင်ကြောင်း” လျှောက်ထားပါသည်၊

ထိုအခါ အရှင်မဟာမောဂ္ဂလ္လာန်နှင့် အရှင်ပိဏ္ဍောလ မထေရ်တို့သည် ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံဝင်အံ့သောအခါ သေသောက်ကြူးတို့၏ ကဲ့ရဲ့ ပြောင်လှောင်သော—

“လောက၌ ရဟန္တာ ဟူ၍ မရှိပါတကား.... ရာဇဂြိုဟ်သူဌေး၏ စန္ဒကူး သပိတ်သည် ခုနစ်ရက် လည်ခဲ့ပြီ ယနေ့တိုင်ပင် ရဟန္တာတပါးမျှ မပေါ်ပေါက် သေးပါတကား” ဟု ပြက်ရယ် ပြောင်လှောင်စကား ပြောကြသည်ကို ကြား တော်မူကြ၍ အရှင်ပိဏ္ဍောလ မထေရ်သည် အရှင်မဟာမောဂ္ဂလ္လာန် မထေရ် အား—

“အရှင်ဘုရားသည် တန်ခိုးအဘိညာဉ်နှင့် ပြည့်စုံတော်မူ၍ အရှင်ဘုရား သည် ထိုသပိတ်ကို ယူဆောင်တော်မူပါ” ဟု လျှောက်ထားပါသည်၊

အရှင်မောဂ္ဂလ္လာန်က “အရှင်ပိဏ္ဍောလသည် တန်ခိုးအဘိညာဉ်နှင့် ပြည့် စုံပါသည် ထို သပိတ်ကို အရှင်ပိဏ္ဍောလ ဆောင်ယူပါချေ” ဟု အခွင့်ပြုတော် မူပါသည်၊ ထိုအခါ အရှင်ပိဏ္ဍောလသည် တန်ခိုးအဘိညာဉ်ဖြင့် ကောင်းကင် သို့ ပြန်တက်၍ ထိုစန္ဒကူးသပိတ်ကို ယူဆောင်ပါသည်၊

ထိုအခိုက် ရာဇဂြိုဟ်သူဌေးသည် သားမယားနှင့်တကွ မိမိအိမ်၌ ရပ် တည်လျက် ကောင်းကင်သို့ လက်အုပ်ချီမိုး ရှိခိုးလျက် ရှိနေပါသည် ရှိခိုး ပြီးလျှင် မိမိ အိမ်ဝင်းသို့ ကြွတော်မူပါမည့်အကြောင်း လျှောက်ထားသည့် အတိုင်း အရှင်ပိဏ္ဍောလသည် ရာဇဂြိုဟ်သူဌေးအိမ်ဝင်းသို့ ကြွတော်မူပါသည် ရာဇဂြိုဟ်သူဌေးသည် ထိုစန္ဒကူးသပိတ်၌ မွန်မြတ်သော ခဲဖွယ်တို့ကို ပြည့်စေ၍ ရှင်ပိဏ္ဍောလအား ဆက်ကပ် လှူပါသည်၊

များစွာသော လူအပေါင်းတို့သည် “အရှင်ပိဏ္ဍောလသည် ရာဇဂြိုဟ် သူဌေး၏ စန္ဒကူးသပိတ်ကို ဆောင်ခဲ့လေပြီ” ဟု ကောင်းတင်းစကား ကြား သဖြင့် ကျယ်လောင်သောအသံ, မြင့်သောအသံ ရှိကြကုန်၍ ဈာန်အဘိညာဉ် တန်ခိုးအရာကို ကြည့်ရှုဖူးမျှော်လိုကြသဖြင့် အရှင်ပိဏ္ဍောလ နောက်မှ ဆူညံ စွာ လိုက်ပါကြပါသည်၊

အရှင် ပိဏ္ဍောလသည် ဝေဠုဝန်ကျောင်းသို့ ကြွတော် မူသောအခါ မြတ်စွာဘုရားသည် ဆူညံသော လူသံကို ကြားတော်မူသဖြင့် အရှင်အာနန္ဒာ အား မေးမြန်းတော် မူသည်တွင် အရှင်အာနန္ဒာသည် ထိုအကြောင်းအရာ တို့ကို ပြန်ပြောင်း လျှောက်ထားပါသည်၊

ထိုအခါ မြတ်စွာဘုရားသည် သံဃာ့အလယ်၌ အရှင်ပိဏ္ဍောလကို....

"ချစ်သား....ယုတ်ညံ့သော စန္ဒကူးသပိတ် ဟူသော အကြောင်းကြောင့် အသင် ချစ်သားသည် လူတို့အား ဥတ္တရိမနုဿဓမ္မ အမည်ရသည့် ဈာန်မဂ်ဖိုလ် တန်ခိုးပြာဋိဟာကို သင်ချစ်သား ပြသည် မှန်ပါ၏လော" ဟု မေးမြန်းတော် မူပါသည်၊

"မှန်ပါကြောင်း" မြတ်စွာဘုရားအား လျှောက်ထားသောအခါ လွန်စွာ့ လွန်စွာ ကဲ့ရဲ့တော်မူပြီးလျှင်....

န စ ဘိက္ခဝေ ဒါရုပတ္တော ဓာရေတဗ္ဗော၊ ယော ဓာရေယျ အာပတ္တိ ဒုက္ကဋဿ——

"ချစ်သားတို့ ထို စန္ဒကူးသပိတ်ကို အစိတ်စိတ်ခွဲပြီးလျှင် ရဟန်းတော်တို့ မျက်စဉ်းနှင့် ရောစ၍ ကြိတ်စရာ အသီးသီး ဝေဘန်၍ ယူကြလေ၊ မည်သည့် ရဟန်းမျှ သစ်သားဖြင့် ပြီးသော သပိတ်ကို မကိုင်ဆောင်ရ အကြင်ရဟန်း သည် သစ်သားသပိတ်ကို ကိုင်ဆောင်ငြားအံ့၊ ထိုရဟန်းအား ဒုက္ကဋ်အာပတ် သင့်စေ ဟု သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူခဲ့ပါသည် အရှင်ဘုရား။

သစ်သားသပိတ် တားမြစ်ခဏ်း ပြီး၏

---

## သံသပိတ် နှင့် မြေသပိတ်ကိုသာ ခွင့်ပြုခြင်း

ပုစ္ဆာ။ ။ဘဂဝတာ အာဝုသော ဥစ္စာဝစေ ပတ္တေ ပဋိက္ခိပိတွာ အယော ပတ္တော ဘူမိပတ္တော တိ ဣမေယေဝ ဒွေ ပတ္တာ ကတ္ထ အနုညာတာ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတာ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ အာရဗ္ဘ အနုညာတာ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ ဥစ္စာဝစေ ပတ္တေ ဓာရေသုံ

သောဝဏ္ဏမယာ ရူပိယမယာ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတာ။

အမေး။ ။ရွှေဖြင့် ပြီးသော သပိတ်, ငွေဖြင့်ပြီးသော သပိတ် အစရှိသော အမျိုးမျိုးသော သပိတ်တို့ကို မြတ်စွာဘုရားသည် ပယ်ဖျက်တားမြစ်တော်မူပြီးလျှင် သံသပိတ်, မြေသပိတ် တည်းဟူသော ဤနှစ်မျိုးသော သပိတ်တို့ကိုသာလျှင် ခွင့်ပြုတော်မူခဲ့ပေ၏၊ ထို သပိတ် နှစ်မျိုးကို ဘယ်မှို့။ ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ ဆဗ္ဗဂ္ဂီ ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရွှေဖြင့်ပြီးသော သပိတ်, ငွေဖြင့်ပြီးသော သပိတ် တည်းဟူသော ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော သပိတ်တို့ကို ဆောင်ကြပါကုန်သည် များစွာသော လူဒါယကာတို့ ကဲ့ရဲ့ခံရပါသည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် ထို ရွှေသပိတ်, ငွေသပိတ် အစရှိသော မြတ်မြတ် ယုတ်ယုတ် အမျိုးမျိုးသော သပိတ်ကို ပယ်ရှားပြီးလျှင် သဗ္ဗညု မြတ်စွာဘုရားသည် သံသပိတ်, မြေသပိတ် တည်းဟူသော သပိတ်နှစ်မျိုးကို ခွင့်ပြုတော် မူပါသည် အရှင်ဘုရား။

သံသပိတ်နှင့် မြေသပိတ်ကိုသာ ခွင့်ပြုခြင်း ပြီး၏

---

## သပိတ်သိမ်းဆည်းမှု နှင့် စပ်ဆိုင်ရာများ

ပုစ္ဆာ။ ။သောဒကံ အာဝုသော ပတ္တံ ပဋိသာမေန္တဿ စ သြတာပေန္တဿ-
စ ဥဏှေ ပတ္တံ နိဒဟန္တဿ စ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ သောဒကံ ပတ္တံ ပဋိသာမေသုံ၊ သြတာပေသုံ၊ ဥဏှေ ပတ္တံ နိဒဟိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ရေနှင့်တကွသော ရေစိုနေသော သပိတ်ကို သိမ်းဆည်းသော ရဟန်းအားရင်း ရေစိုနေသော သပိတ်ကို နေလှန်းသော ရဟန်းအားရင်း နေပူထည်း၌ သပိတ်ကို ပစ်ထားသော ရဟန်းအားရင်း ဒုက္ကဋ်အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူခဲ့ပေ၏၊ ထို ဒုက္ကဋ် အာပတ် သုံးမျိုးကို ဘယ်မြို့။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊

များစွာသော ရဟန်းတို့သည် ရေရှိသော သပိတ်ကို သိုမှီးသိမ်းဆည်းကြပါသည် သို့ ရေရှိသော သပိတ်ကို သိုမှီးသိမ်းဆည်းခြင်းဖြင့် သပိတ်သိုးလျက်ရှိပါသည်၊

ထို များစွာသော ရဟန်းတို့သည်ပင် ရေရှိသော သပိတ်ကို နေပူ၌ လှန်းကြပါသည်၊

များစွာသော ရဟန်းတို့သည် သပိတ်ကို နေပူ၌ ပစ်၍ထားကြပါသည် သို့ဖြင့် သပိတ်အဆင်း ပျက်စီးခဲ့ပါသည်၊

ထိုသို့သော မူခင်း ကိစ္စကြောင့် ထို ဒုက္ကဋ် အာပတ် သုံးမျိုးကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

သပိတ်နှင့် စပ်ဆိုင်ရာများ ပြီး၏

---

**လူခေါင်းခွံ သပိတ်ပြုလုပ်မှုနှင့် အလုံးစုံ ပံသုကူစတင် ဆောင်မှုများ**

ပုစ္ဆာ။ ။ဆဝသီသပတ္တံ အာဝုသော မာရေန္တဿ စ သဗ္ဗပံသုကူလိကဿ စ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ အညတရံ ဘိက္ခုံ အာရဗ္ဘ ပညတ္တံ၊ အညတရော ဘန္တေ ဘိက္ခု သဗ္ဗပံသုကူလိကော အဟောသိ၊ သော ဆဝသီသဿ ပတ္တံ မာရေသိ၊ အညတရာ ဣတ္ထိ ပဿိတွာ

ဘီတာ ဝိဿရမကာသိ "အဘုံ မေ ပိသာစော ဝတာယ"န္တိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။လူ၏ ဦးခေါင်းခွံကို သပိတ်ပြု၍ ဆောင်သော ရဟန်းအား ၎င်း အလုံးစုံ ပံသုကူဓုတင်ဆောင်သော ရဟန်းအား၎င်း ဒုက္ကဋ်အာပတ်ကို မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထို ဒုက္ကဋ်အာပတ်ကို ဘယ်မြို့။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ အညတရ ရဟန်းတပါးကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊

မထင်မရှား အညတရ ရဟန်းတပါးသည် အလုံးစုံ ပံသုကူဓုတင်ကို ဆောင်ယူသော ပုဂ္ဂိုလ်ဖြစ်ပါသည် ထိုရဟန်းသည် လူ၏ ဦးခွံဖြင့်ပြီးသော သပိတ်ကို ဆောင်ယူ၍ မြို့တွင်းသို့ လှည့်လည်ပါသည်၊

အမျိုးသမီးတယောက်သည် ထိုရဟန်းကို မြင်သောအခါ "အဘုံ မေ ပိသာစော ဝတာယံ".... "အကျိုးမဲ့ ပျက်စီးချေပြီတကား မြေဘုတ်ဘီလူးကြီး ပါတကား" ဟု ကြောက်လန့်သော အသံကို ပြုပါသည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် လူဦးခေါင်းခွံဖြင့် ပြီးသော သပိတ်ကို ဆောင်ယူသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို၎င်း အလုံးစုံ ပံသုကူဆောင်သော ရဟန်းအား ဒုက္ကဋ် အာပတ်ကို၎င်း သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

လူခေါင်းခွံ သပိတ်ပြုလုပ်မှုနှင့်အလုံးစုံ ပံသုကူဓုတင် ဆောင်မှုများ ပြီး၏

---

## စားကြွင်း, စားဖတ်, အရိုးအရင်းများ

ပုစ္ဆာ။ ။စလကာနိ ဝါ အာဝုသော အဋ္ဌိကာနိ ဝါ ဥစ္ဆိဋ္ဌောဒကံ ဝါ ပဋ္ဌေန နီဟရန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ စလကာနိ ပိ အဋ္ဌိကာနိ ပိ ဥစ္ဆိဋ္ဌော ဒကံ ပိ ပဋ္ဌေန နီဟရိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။စားဖတ်, ဝါးဖတ်, အမှိုက်သရိုက်တို့ကိုင်း အရိုးအရင်းတို့ကိုင်း လုပ်ဆေးရေကိုင်း သပိတ်ထည်း၌ ထည့်၍ သပိတ်ဖြင့်ဆောင်သော ရဟန်းအား ဒုက္ကဋ် အာပတ်ကို ပညတ်တော်မူခဲ့ပေ၏ ထို ဒုက္ကဋ် အာပတ် သုံးမျိုးတို့ကို ဘယ်မြို့။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

များစွာသော ရဟန်းတို့သည် စားဖတ် ဝါးဖတ်တို့ကိုင်း ငါးရိုး အမဲရိုးတို့ကိုင်း လုပ်ဆေးရေကိုင်း သပိတ်ဖြင့် ဆောင်ယူကြပါကုန်သည်၊

ထိုအခါ များစွာသော လူအပေါင်းတို့က "ဤသာကီဝင်မင်းသား ဘုရားသားတော်တို့မှာ အကြင် သပိတ်ဖြင့်ပင် စားကုန်၏ ထို သပိတ်သည်ပင် ထွေးခံဖြစ်၍ နေခဲ့ကုန်ပြီတကား" ဟု ကဲ့ရဲ့စကား ပြောကြားကြပါကုန်သည်၊

ထိုသို့သော မှုခင်းကိစ္စတို့ကြောင့် ထို ဒုက္ကဋ် အာပတ် သုံးမျိုးတို့ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

စားကြွင်း, စားဖတ်, အရိုးအရင်းများ ပြီး၏

---

## ဘိနပ်ထည့်စရာ အိတ် ခွင့်ပြုခြင်း

ပုစ္ဆာ။ ။ဥပါဟနတ္ထဝိကာ အာဝုသော ဘဂဝတာ ကတ္ထ အနုညာတာ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတာ။

ဝိဿဇ္ဇနာ။ ။အန္တရာ စ ဘန္တေ ရာဇဂဟံ အန္တရာ စ ဝေသာလိံ အညတရံ ဘိက္ခုံ အာရဗ္ဘ အနုညာတာ၊ အညတရော ဘန္တေ ဘိက္ခု ဥပါဟနာယော ကာယဗန္ဓနေန ဗန္ဓိတွာ ဂါမံ ပိဏ္ဍာယ ပါဝိသိ၊ အညတရော ဥပါသကော တံ ဘိက္ခုံ အဘိဝါဒေန္တော ဥပါ-ဟနာယော သီသေန ဃဋ္ဋေတိ၊ သော ဘိက္ခု မင်္ကု အဟောသိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတာ။

အမေး။ ။ဘိနပ်ထည့်စရာ ဘိနပ်အိတ်ကို မြတ်စွာဘုရားသည် ဘယ်မြို့ ဒေသ။ပ။ ခွင့်ပြုတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်နှင့် ဝေသာလီပြည်အကြား ခရီးဒေသစာရီ ကြွချီတော်မူသော အခါဝယ် မထင်မရှား အညတရ ရဟန်းတပါးကို အကြောင်းပြု၍ ခွင့်ပြုတော်မူအပ်ပါသည်၊

မထင်မရှားသော ရဟန်းတပါးသည် မိမိဘိနပ်တို့ကို ခါးပန်းကြိုးဖြင့် ဖွဲ့ချည်၍ ရွာတွင်းသို့ ဆွမ်းခံဝင်ပါသည် ဥပါသကာ ဒါယကာတယောက်သည် ထိုရဟန်း၏ အနီး အပါးသို့ ကပ်၍ ရှိခိုးဝတ်ပြုသည်ရှိသော် ဘိနပ်တို့ကို ဦးခေါင်းဖြင့် တိုက်မိ ခိုက်မိ ပါသည်၊ ထိုအခါ ထိုရဟန်းမှာ မျှားစွာ မျက်နှာမသာမယာ အားနာ စိတ်မကောင်းဖြစ်ရပါသည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် ဘိနပ်ထည့်စရာ ဘိနပ်အိတ်ကို သဗ္ဗညု မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပါသည် အရှင်ဘုရား။

ဘိနပ်ထည့်စရာ အိတ် ခွင့်ပြုခြင်း ပြီး၏

---

**ရေစစ် နှင့် စပ်ဆိုင်ရာများ**

**ခရီးသွား ရဟန်းနှစ်ပါးဝတ္ထု**

ပုစ္ဆာ။ ။အဒ္ဓါနမဂ္ဂပ္ပဋိပန္နေန အာဝုသော ပရိဿာဝနံ ယာစိယမာနေန န ဒဒန္တဿ စ အပ္ပဋိဿာဝနကေန အဒ္ဓါနံ ပဋိပဇ္ဇန္တဿ စ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။အန္တရာ စ ဘန္တေ ရာဇဂဟံ အန္တရာ စ ဝေသာလိံ အညတရံ ဘိက္ခုံ အာရဗ္ဘ ပညတ္တံ၊ အညတရော ဘန္တေ ဘိက္ခု ပရိဿာဝနံ ယာစိယမာနော န အဒါသိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ယူဇနာခွဲရှိသော ခရီးရှည်ကို သွားနေစဉ် တပါးသော ရဟန်းတို့က မိမိ၌ရှိသော ရေစစ်ကို ငှါးရမ်းသည်ရှိသော် ရေစစ်ကို မငှါးရမ်းဘဲ နေသော ရဟန်းအားလည်း၊ ရေစစ်မပါဘဲ ထိုသို့သော ခရီးရှည်ကို သွားသော ရဟန်းအားလည်း၊ ဒုက္ကဋ် အာပတ်ကို မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏။ ထို ဒုက္ကဋ် အာပတ်ကို ။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်နှင့် ဝေသာလီပြည် အကြား ခရီးဒေသစာရီ ကြွတော်မူသောအခါ အညတရ ရဟန်းတပါးကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

မြတ်စွာဘုရားသခင် ရာဇဂြိုဟ်ပြည်မှ ဝေသာလီပြည်သို့ ခရီးဒေသစာရီ ကြွတော် မူသောအခါ ရဟန်း နှစ်ပါးတို့သည် ကောသလတိုင်း ဇနပုဒ် တို့၌ အဓွန့်ရှည်သော ခရီးကို သွားနေဆဲ ဖြစ်ကြပါသည်၊

ထိုရဟန်းနှစ်ပါးတို့တွင် တပါးသော ရဟန်းသည် မအပ်မလျော်သော အကျင့်ကို ကျင့်ကြံပါသည်၊ အဖော်ရဟန်းသည် "ငါ့ရှင်.... ဤသို့သော အမှု ကို မပြုမကျင့်ပါလင့် ဤအမှုသည် မအပ် မစပ်ပါ" ဟူ၍ ပြောကြားသည် ရှိသော် ရန်ငြိုးဖွဲ့လျက် ရှိပါသည်၊

ထိုအခါ အဖော်ရဟန်းသည် ရေမွတ်သိပ်လှသဖြင့် ထိုရန်ငြိုးဖွဲ့သော ရဟန်းအား ရေစစ်ကို ပေးပါမည့်အကြောင်း တောင်းပန်သော်လည်း ရေစစ် မပေးဘဲ ရှိပါသည်၊ ထိုရဟန်းသည် ရေစစ် မပါဘဲ ရေသောက်လျှင် အာပတ် သင့်မည်ကို စိုးရိမ်သဖြင့် ရေမသောက်ဘဲ ရှိရာ ရေမွတ်သိပ်လှန်း အားကြီး သဖြင့် ပျံလွန်တော်မူခဲ့ပါသည်၊

ထို ရန်ငြိုးဖွဲ့သော ရဟန်းသည် ရဟန်းတော်တို့နှင့် တွေ့ရှိ၍ ထိုအ ကြောင်းကို ပြောကြားသောအခါ ဘုရားထံမှောက် ဤအမှုအခင်း ရောက် သည်ရှိသော်....

"သင်ချစ်သားသည် ရေစစ်ကို တောင်းရမ်းပါလျက် မပေးဘူးဆိုသည် မှန်ပါ၏လော" ဟု မေးမြန်းတော် မူသည် ရှိသော်—

"မှန်ကန်ပါကြောင်း" လျှောက်ထား သောအခါ မြတ်စွာဘုရားသခင် သည် လွန်စွာ့လွန်စွာ ကဲ့ရဲ့ရှုတ်ချတော်မူပြီးမှ အဓွန့်ရှည်သော ခရီးသို့သွား သော ရဟန်းသည် မိမိ၌ပါသော ရေစစ်ကို အဖော်ရဟန်းက တောင်းလျှင် ပေးရမည် မပေးလျှင် ဒုက္ကဋ်အာပတ် သင့်စေ ဟူ၍ငင်း အဓွန့်ရှည်သော ခရီးသို့သွားသော ရဟန်းသည် ရေစစ်မပါဘဲ မသွားရ အယုတ်သဖြင့် မိမိ၌ ရေစစ်မရှိပါမူ သင်္ကန်းစွန်းဖြင့် သော်လည်း ရေကိုစစ်၍ သောက်အံ့ ဟု ဆောက်တည်၍ သွားရမည် ထိုသို့မှ မသွားသော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်စေဟူ၍ငင်း သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူခဲ့ပါသည် အရှင်ဘုရား။

ရေစစ်နှင့် စပ်ဆိုင်ရာမျာ း ပြီး၏

## ပန်းမွေ့ရာ၌ အိပ်ခွင့်မပြုခြင်း

ပုစ္ဆာ။ ။ပုပ္ဖါဘိကိဏ္ဏေ အာဝုသော သယနေ သယန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ဝေသာလိယံ ဘန္တေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ ပုပ္ဖါဘိကိဏ္ဏေသု သယနေသု သယိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ ပန်းတို့ဖြင့် ဖြန့်ခင်းထားသော အိပ်ရာ၌ အိပ်သော ရဟန်းအား ဒုက္ကဋ်အာပတ်ကို မြတ်စွာဘုရားသည် ဘယ်မြို့။ပ။ ငါ့ရှင်။

အဖြေ။ ။ဝေသာလီပြည် အရပ်၌ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ပန်းအမျိုးမျိုး ကြဲဖြန့်၍ထားသော အိပ်ရာထဲ၌ ကျိန်းစက်ကြပါကုန်သည်၊

ဒါယကာတို့ ကျောင်းစဉ် ဒေသစာရီ လှည့်လည်သောအခါ ထိုအခြင်းအရာကို မြင်ကြသဖြင့် "လူဝတ်ကြောင်တို့ကဲ့သို့ ပါတကား" ဟု များစွာ ကဲ့ရဲ့ရှုတ်ချ စကား ပြောကြားကြပါသည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် ထို ဒုက္ကဋ်အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ပန်းမွေ့ရာ၌ အိပ်ခွင့်မပြုခြင်း ပြီး၏

---

## တခွက်ထည်းစား, တအိပ်ရာထည်း အိပ်ခြင်းများ

ပုစ္ဆာ။ ။ဧကဘာဇနေ ဝါ အာဝုသော ဘုဉ္ဇန္တာနံ ဧကထာလကေ ဝါ ပိဝန္တာနံ ဧကတ္ထရဏပါဝုရဏာနံ ဝါ တုဝဋ္ဋာနံ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ဝေသာလိယံ ဘန္တေ ဆဗ္ဗဂ္ဂိယေဝ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ ဧကဘာဇနေ ပိ ဘုဉ္ဇိံသု၊ ဧက-

ထာလကေ ပိ ပိဝိံသု၊ ကေမဠကေ ပိ တုဝဋ္ဋေသုံ၊ ကေတ္ထ-
ရဏာ ပိ တုဝဋ္ဋေသုံ၊ ကေပါဝုရဏာ ပိ တုဝဋ္ဋေသုံ၊ ကေတ္ထ-
ရဏပါဝုရဏာပိ တုဝဋ္ဋေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။တခုတည်းသော ခွက်၌ စားသော ရဟန်းတို့အားရင်း တခုတည်းသော ရေခွက်၌ သောက်သော ရဟန်းတို့အားရင်း တခုတည်းသော အခင်းအရုံ ရှိကုန်လျက် လျှောင်းစက် အိပ်သော ရဟန်းတို့အားရင်း ဒုက္ကဋ်အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူခဲ့ပေ၏။ ထို ဒုက္ကဋ်အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။ဝေသာလီပြည် အရပ်၌ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

ဆဗ္ဗဂ္ဂီရဟန်းတို့သည် တခုတည်းသော စားဖျတ်၌လည်း နှစ်ပါး, သုံးပါး စားကြပါသည် တခုတည်းသော သောက်ရေခွက်၌လည်း နှစ်ပါး, သုံးပါး သောက်ကြပါသည် တခုတည်းသော ညောင်စောင်း တခုတည်းသော အခင်း တခုတည်းသော အခြုံ၌လည်း နှစ်ပါး, သုံးပါး လျှောင်းစက် အိပ်ကြပါသည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် ထို ဒုက္ကဋ်အာပတ်တို့ကို သဗ္ဗညုမြတ်စွာ ဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

တခွက်ထည်းစား, တအိပ်ရာထည်း အိပ်ခြင်းများ ပြီး၏

---

## ယပ်တောင် သုံးမျိုး ခွင့်ပြုခြင်း

ပုစ္ဆာ။ ။စာမရိဗီဇနိံ အာဝုသော ပဋိက္ခိပိတွာ တိဿော ဗီဇနိယော ဘဂဝတာ ကတ္ထ အနုညာတာ၊ ကိသ္မိံ စ ဝတ္ထုသ္မိံ အနုညာတာ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အနုညာတာ၊ သာဝတ္ထိယံ ဘန္တေ ဘဂဝတိ ဝိဟရတိ သံဃဿ စာမရိဗီဇနီ ဥပ္ပန္နာ အဟောသိ၊ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတာ။

အမေး။ ။မြင်းမီးကဲ့သို့သော စာမရီမည်သော သားကောင်၏အမြီး ဖြင့် ပြုလုပ်ထားသော ခြင် ခြောက်စရာ ယပ်ကို ပယ်မြစ်တော်မူပြီးလျှင်

လျှော်မျှင်ဖြင့် ပြီးသောယပ်, ပန်းရင်းမျှင်ဖြင့် ပြီးသောယပ်, ဒေါင်းမြီးဖြင့် ပြီးသောယပ် ဟူသော သုံးခုသော ခြင်နှင်စရာ ခြင်ခြောက်စရာ ယပ်တို့ကို မြတ်စွာဘုရားသည် ဘယ်မြို့ဒေသ၌ ဘယ်သို့သော အကြောင်းဝတ္ထုကြောင့် ခွင့်ပြုတော် မူခဲ့ပါသနည်း ငါ့ရှင်၊

အဖြေ။ ။သာဝတ္ထိပြည်၌ များစွာသော ရဟန်းတို့ကို အကြောင်း ပြု၍ ပညတ်တော်မူအပ်ပါသည်။

မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူစဉ် သံဃာတော်အား စာမရီသားမြီးဖြင့် ပြီးသော သားမြီးယပ် ရရှိပါသည်၊

ထို အကြောင်းကို ရဟန်းတော်တို့ ဘုရားထံမှောက် သွားရောက်၍ စာမရီသားမြီးယပ်ကို ဆောင်သင့်,မဆောင်သင့် လျှောက်ထားကြသောအခါ သဗ္ဗညုမြတ်စွာဘုရားသည်——

န ဘိက္ခဝေ စာမရိဗီဇနီ ဓာရေတဗ္ဗာ၊ ယော ဓာရေယျ၊ အာပတ္တိ ဒုက္ကဋဿ။ အနုဇာနာမိ ဘိက္ခဝေ တိဿော ဗီဇနိယော ဝါကမယံ ဥသီရမယံ မောရပိဉ္ဆမယံ။

“ချစ်သားတို့.... စာမရီ သားမြီးဖြင့် ပြီးသော ယပ်ကို မဆောင်ရ မသုံးရ၊ အကြင် ရဟန်းသည် သုံးဆောင်ငြားအံ့ ဒုက္ကဋ် အာပတ် သင့်စေ” ဟူ၍ရင်း၊

“ချစ်သားတို့.... လျှော်မျှင်ဖြင့် ပြီးသော ယပ်ကိုရင်း ပန်းရင်းမြက်စည်း ဖြင့် ပြီးသော ယပ်ကိုရင်း ဥဒေါင်းမြီးစည်းဖြင့် ပြီးသော ယပ်ကိုရင်း ဤ ယပ်ဝန်းသုံးပါးတို့ကို ခွင့်ပြုသည်” ဟု သဗ္ဗညုမြတ်စွာဘုရားသည် သုံးပါး သော ယပ်ဝန်းတို့ကို ခွင့်ပြုတော်မူခဲ့ပါသည် အရှင်ဘုရား။

ယပ်တောင်သုံးမျိုး ခွင့်ပြုခြင်း ပြီး၏

---

## လက်သည်း, ခြေသည်း အရှည်မထားရခြင်း

ပုစ္ဆာ။ ။ဒီဃေ အာဝုသော နခေ ဓာရေန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အညတရံ ဘိက္ခုံ အာရဗ္ဘ ပညတ္တံ၊ အည- တရော ဘန္တေ ဘိက္ခု ဒီဃေ နခေ ဓာရေသိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။လက်ချောင်း, ခြေချောင်း အသားများထက် ပိုလွန်၍ ရှည်သော လက်သည်း ခြေသည်းကို ဆောင်သော ရဟန်း လက်သည်း ခြေသည်းကို ထားသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို မြတ်စွာဘုရား ပညတ် တော်မူခဲ့ပေ၏၊ ထို ဒုက္ကဋ် အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ မထင်မရှားသော ရဟန်းတပါးကို အ ကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

မထင်မရှားသော ရဟန်းတပါးသည် ရှည်လျားသော ခြေသည်း, လက် သည်းတို့ဖြင့် မြို့တွင်း ရွာတွင်းသို့ ဆွမ်းခံဝင်ခဲ့ပါသည်၊ တယောက်သော မိန်းမသည် ထို ရဟန်းကို မြင်၍ မအပ် မလျော်သော အကျင့်ကို ကျင့်ကြံ ဘို့ရန် တိုက်တွန်းပြောဆိုသောအခါ ထိုရဟန်းက မအပ်ကြောင်း ပြန်ကြား ပြောဆိုပါသည်၊

ထိုအခါ ထိုမိန်းမက "မိမိအလိုသို့ မလိုက်ပါလျှင် ဖောက်ပြန် ကျယ် လောင်သော အသံကို ပြုအံ့" ဟု ပြောဆိုသည်ရှိသော် ထိုရဟန်းက "စဉ်းစား ၍သာ ပြောပါ" ဟု ပြန်ကြားပြောဆိုသောအခါ ထို မာတုဂါမသည် "ဤ ရဟန်းသည် ငါ့အား ဖောက်လွှဲ ဖောက်ပြန် ကျင့်ကြံသည်" ဟု ပြောဆို ပြီးလျှင် မိမိကိုယ်ကို မိမိကုတ်ဖဲ့ပစ်ပါသည်၊

ထိုအခါ အရပ်သားတို့ ဝိုင်းဝန်းလာပြီးလျှင် ထိုရဟန်းကို ဖမ်းနှောင်ကြ ပါသည် ထို မာတုဂါမ၏ လက်သည်းကို ကြည့်သောအခါ လက်သည်းထည်း၌ သွေးစ, သွေးနကိုဒုင်း အရေကိုဒုင်း အရပ်သားတို့ မြင်ကြပါသည်၊

ထိုအခါ များစွာသော အရပ်သားတို့သည် "ဤမာတုဂါမသည်ပင်လျှင် မိမိကိုယ်ကို မိမိကုတ်ဖဲ့၍ ဤရဟန်းက ဖောက်ပြားစွာ ပြုကျင့်ဟန် ပြောကြား သည်၊ ရဟန်းကား တစုံတရာ အပြစ်မရှိ" ဟု အမြင်မှန် ရကြ၍ ထို ရဟန်းကို လွှတ်လိုက်ပါသည်၊

ထိုရဟန်းသည် ကျောင်းသို့ ရောက်သောအခါ အဖော်ရဟန်းတို့အား ထိုအကြောင်းကို ပြန်ကြား ပြောဆိုပါသည်၊ ရဟန်းတော်တို့မှတဆင့် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားသော မှုခင်းကိစ္စကြောင့် ရှည်လျားသော လက်သည်း, ခြေသည်းတို့ကို ဆောင်သော ထားသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

လက်သည်း, ခြေသည်း အရှည်မထားရခြင်း ပြီး၏

---

## ဆံပင်ကို ကတ်ကျေးဖြင့် မဖြတ်ရခြင်း

ပုစ္ဆာ။ ။ကတ္တရိကာယ အာဝုသော ကေသေ ဆေဒါပေန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ ကတ္တရိကာယ ကေသေ ဆိန္ဒိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။အနာ ရောဂါ ဟူသော အကြောင်းမရှိပါဘဲ ဆံပင်ကို ကတ်ကျေးဖြင့် ကိုက်ဖြတ်စေသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို သဗ္ဗညု မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထို ဒုက္ကဋ် အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

ဆဗ္ဗဂ္ဂီရဟန်းတို့သည် အနာရောဂါ တည်းဟူသော အကြောင်းမရှိပါဘဲ လူဝတ်ကြောင်များကဲ့သို့ ကတ်ကျေးဖြင့် ဆံပင်ကို ကိုက်ဖြတ်ကြပါကုန်သည် လူဒါယကာတို့က "ဤရဟန်းတော်တို့သည်ကား ကာမစည်းစိမ်ကို ခံစားသော လူဝတ်ကြောင်တို့ကဲ့သို့ ပါတကား" ဟု မျှားစွာ ရှုတ်ချ ကဲ့ရဲ့ကြပါကုန်သည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် ထို ဒုက္ကဋ် အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ဆံပင်ကို ကတ်ကျေးဖြင့် မဖြတ်ရခြင်း ပြီး၏

## နှာခေါင်းမွေး အရှည်မထားရခြင်း

ပုစ္ဆာ။ ။ဒီဃေ အာဝုသော နာသိကာလောမေ ဓာရေန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ ဒီဃာနိ နာသိကာလောမာနိ ဓာရေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။နှာခေါင်း၏ အပြင်ဘက်သို့ ထွက်နေသည်တိုင်အောင် နှာခေါင်းမွေးတို့ကို ရှည်လျားစွာ ထားသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထို ဒုက္ကဋ် အာပတ်ကို ဘယ်မြို့။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

များစွာသော ရဟန်းတို့သည် နှာခေါင်း၏အပြင်ဘက်သို့ ထွက်လောက်အောင်ပင် ရှည်လျားသော နှာခေါင်းမွေးတို့ကို ထားကြပါသည်၊ ထိုအခါ လူဝတ်ကြောင်တို့က "မြေဘုတ်ဘီလူးတို့နှင့် တူလှချေတကား" ဟု ကဲ့ရဲ့စကား ပြောကြားကြပါသည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် ထို ဒုက္ကဋ် အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

နှာခေါင်းမွေး အရှည်မထားရခြင်း ပြီး၏

---

## နားဖာကလော် ဆယ်မျိုးခွင့်ပြုခြင်း

ပုစ္ဆာ။ ။ဥစ္စာဝစာ အာဝုသော ကဏ္ဏမလဟရဏိယော ပဋိက္ခိပိတွာ ဒသ ကဏ္ဏမလဟရဏိယော ဘဂဝတာ ကတ္ထ အနုညာတာ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတာ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ အာရဗ္ဘ အနုညာတာ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ ဥစ္စာဝစာ ကဏ္ဏမလဟရဏိယော

မာရေဿံ သောဝဏ္ဏမယံ ရူပိယမယံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတာ။

အမေး။ ။ရွှေဖြင့် ပြီးသော နားဖာကလော်, ငွေဖြင့်ပြီးသော နားဖာကလော် အစရှိသော အမျိုးမျိုး အစားစားသော နားဖာကလော်တို့ကို ပယ်မြစ်တော်မူပြီးလျှင် ဆယ်မျိုးသော နားဖာကလော်တို့ကိုသာလျှင် မြတ်စွာဘုရားသည် ခွင့်ပြုတော်မူခဲ့ပေ၏၊ ထို နားဖာကလော် ဆယ်မျိုးတို့ကို ဘယ်မျှို ။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပယ်မြစ် ခွင့်ပြုတော်မူအပ်ပါသည်၊

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရွှေဖြင့် ပြီးသော နားဖာကလော်, ငွေဖြင့် ပြီးသော နားဖာကလော် အစရှိသော အမျိုးမျိုး အဘိုးထိုက်တန်သော နားဖာကလော်တို့ကို ဆောင်ယူ သုံးစွဲကြပါသည် လူဒါယကာတို့ မြင်သော အခါ "ဤ ရဟန်းတော်တို့သည်ကား လူဝတ်ကြောင်တို့ကဲ့သို့ပါတကား" ဟု မျှားစွာ ရှုတ်ချကဲ့ရဲ့ကြပါသည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် သဗ္ဗညုမြတ်စွာဘုရားသည် ရွှေဖြင့်ပြီးသော နားဖာကလော်, ငွေဖြင့်ပြီးသော နားဖာကလော် အစရှိသော အမျိုးမျိုးသော နားဖာကလော်တို့ကို ပယ်ရှားတော်မူပြီးလျှင် အရိုးဖြင့် ပြီးသော နားဖာကလော်, အစွယ်ဖြင့် ပြီးသော နားဖာကလော် အစရှိသော နားဖာကလော်ဆယ်မျိုးကို ခွင့်ပြုတော်မူခဲ့ပါသည် အရှင်ဘုရား။

နားဖာကလော် ဆယ်မျိုးခွင့်ပြုခြင်း ပြီး၏

---

**သက်န်း အာယောဂပတ် ဖွဲ့၍ထိုင်မှု**

ပုစ္ဆာ။ ။သံဃာဋိပလ္လတ္ထိကာယ နိသီဒန္တဿ အာဝုသော ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ သံဃာဋိပလ္လတ္ထိကာယ နိသီဒိံသု၊

သံဃာဝဋ္ဋိယာ ပတ္တာ လုဉ္စိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။သင်္ကန်း အာယောဂပတ် ဖွဲ့လျက် ထိုင်နေသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထို ဒုက္ကဋ်အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

ဆဗ္ဗဂ္ဂီရဟန်းတို့သည် သင်္ကန်း အာယောဂပတ် ဖွဲ့လျက် ထိုင်နေကြပါကုန်သည်၊ သို့ ထိုင်နေခြင်းကြောင့် သင်္ကန်း၏ အထပ်အလွှာတို့သည် စုတ်ကုန်ပြဲကုန်ပါသည်။

ထိုသို့သော မှုခင်းကိစ္စကြောင့် ထို ဒုက္ကဋ် အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

သင်္ကန်း အာယောဂပတ် ဖွဲ့၍ထိုင်မှု ပြီး၏

---

## ခါးပန်းကြိုး မပါဘဲ မသွားရခြင်း

ပုစ္ဆာ။ ။အကာယဗန္ဓနေန အာဝုသော ဂါမံ ပဝိသန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အညတရံ ဘိက္ခုံ အာရဗ္ဘ ပညတ္တံ၊ အညတရော ဘန္တေ ဘိက္ခု အကာယဗန္ဓနော ဂါမံ ပိဏ္ဍာယ ပါဝိသိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ခါးပန်းကြိုး မစည်းဘဲ ရွာတွင်းသို့ ဝင်သော ရဟန်းအား ဒုက္ကဋ် အာပတ်ကို မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထို ဒုက္ကဋ် အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ အညတရ ရဟန်းတပါးကိုအကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

မထင်မရှား အညတရ ရဟန်းတပါးသည် ခါးပန်းကြိုး မပါဘဲ မြို့တွင်းသို့ ဆွမ်းခံဝင်ပါသည်၊ မခိုင်မမြဲ လျော့လျဲသဖြင့် မြို့တွင်းဝယ် လေတိုက်သောအခါ ထိုရဟန်း၏ သင်းပိုင်သည် ကျွတ်၍ ကျခဲ့ပါသည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် ခါးပန်းကြိုး မပါဘဲ မြို့တွင်း ရွာတွင်းသို့ ဝင်ရောက်သော ရဟန်း၏ ဒုက္ကဋ် အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ခါးပန်းကြိုး မပါဘဲ မသွားရခြင်း ပြီး၏

---

## လူဝတ်ကြောင်တို့ကဲ့သို့ ဝတ်,ရုံ ဆင်မြန်းမှုများ တားမြစ်ခြင်း

ပုစ္ဆာ။ ။ဂိဟိနိဝတ္ထံ အာဝုသော နိဝါသေန္တဿ စ၊ ဂိဟိပါရုတံ ပါရုပန္တဿ စ၊ သံဝေလ္လိယံ နိဝါသေန္တဿ စ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ ဂိဟိနိဝတ္ထံ နိဝါသိံသု၊ ဂိဟိပါရုတမ္ပိ ပါရုပိံသု၊ သံဝေလ္လိယမ္ပိ နိဝါသိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။လူဝတ်ကြောင်တို့၏ ဝတ်ပုံ ဝတ်နည်းဖြင့် သင်းပိုင်ကို ဝတ်သော ရဟန်းအားရင်း လူဝတ်ကြောင်တို့၏ ရုံပုံ ရုံနည်းဖြင့် ကိုယ်ရုံကို ရုံသော ရဟန်းအားရင်း ခါးတောင်းကျိုက်၍ ခါးပုံထိုး၍ သင်းပိုင်ကို ဝတ်သော ရဟန်းအားရင်း ဒုက္ကဋ်အာပတ်ကို မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထို ဒုက္ကဋ်အာပတ်ကို ဘယ်မြို့။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊

ဆဗ္ဗဂ္ဂီရဟန်းတို့သည် လူတို့ကဲ့သို့ သင်းပိုင်ကို ဆင်နှာမောင်းကဲ့သို့လည်း တွဲလျားကျစေ၍ ဝတ်ကြပါကုန်သည် လေးထောင့်ကျစေ၍လည်း ဝတ်ကြပါကုန်သည် ထန်းရွက်ယပ်ဝန်းကဲ့သို့ အဝန်းပေါ်စေ၍လည်း ဝတ်ကြပါကုန်သည် အတွန့်အရာပေါင်း များစွာ ပေါ်စေ၍လည်း ဝတ်ကြပါကုန်သည်၊

အပေါ်ရုံ သင်္ကန်းကိုလည်း လူများ ဆင်မြန်း ဝတ်ရုံဘိသကဲ့သို့ အမျိုးမျိုး ဝတ်ရုံကြပါကုန်သည်၊ သင်းပိုင်ကိုလည်း လူဝတ်ကြောင်တို့ကဲ့သို့ အောက်ပိုး ကျိုက်၍ ဝတ်ကြပါကုန်သည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် ထို ဒုက္ကဋ်အာပတ်ကို သဗ္ဗညု မြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

လူဝတ်ကြောင်တို့ကဲ့သို့ ဝတ်,ရုံ ဆင်မြန်းမှုများ တားမြစ်ခြင်း ပြီး၏

---

## ဆိုင်း, ထမ်းပိုးဖြင့် ထမ်းဆောင်မှု တားမြစ်ခြင်း

ပုစ္ဆာ။ ။ဥဘတော ကာဇံ အာဝုသော မာရေန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ ဥဘတော ကာဇံ မာရေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ရှေ့,နောက် နှစ်ဘက်လုံး ဝန်ရှိသော ထမ်းပိုးကို ထမ်း ဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ်ကို မြတ်စွာဘုရား ပညတ်တော်မူခဲ့ ပေ၏၊ ထို ဒုက္ကဋ်အာပတ်ကို ဘယ်မြို့။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ ဆဗ္ဗဂ္ဂီ ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊

ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ရှေ့ဘက်, နောက်ဘက် နှစ်ဘက်လုံး ဝန်ရှိသော ထမ်းပိုးကို ဆောင်ကြပါသည်၊ ထိုအခါ များစွာသော လူဝတ်ကြောင်တို့က "မင်း၏ ဝန်ထမ်း ယောက်ျားတို့နှင့် တူလှချေတကား" ဟု ကဲ့ရဲ့စကား ပြော ကြားကြပါသည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် ထို ဒုက္ကဋ်အာပတ်ကို သဗ္ဗညုမြတ်စွာ ဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ဆိုင်း, ထမ်းပိုးဖြင့် ထမ်းဆောင်မှု တားမြစ်ခြင်း ပြီး၏

## ရုပ်ဝါဒ ကျမ်းများကို သင်ကြား, ပို့ချမှု တားမြစ်ခြင်း

ပုစ္ဆာ။ ။လောကာယတံ အာဝုသော ပရိယာပုဏန္တဿ စ ဝါစေန္တဿ စ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ လောကာယတံ ပရိယာပုဏိံသု ပိ ဝါစေသုံ ပိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။လောကာယတ မည်သော **"ရုပ်ဝါဒ"** ကျမ်းကို ရှေးခေတ်အခါက ဘတပါက မည်သော ဆရာက တီထွင်ရေးသားထားခဲ့၏၊ ထိုလောကယတ မည်သော ရုပ်ဝါဒကျမ်း၌ **ကျီးသည် ဖြူ၏ အရိုး ဖြူသောကြောင့်တည်း** စသည်ဖြင့် လောက၌ ထင်ရှားသော သိလွယ်သော အကြောင်းအရာတို့ကို ဖော်ပြလျက် **သတ္တဝါသည် သေသောအခါကာလ၌ အလုံးစုံပင် မြေဓာတ်, ရေဓာတ် ဖြစ်၍ ပျောက်ပျက် သွားလေသည်၊ တမလွန်လောက နတ်ရွာ နိဗ္ဗာန်မည်သည် မရှိ** ဤသို့ စသည်ဖြင့် တမလွန်လောက နတ်ရွာနိဗ္ဗာန်တို့ကို ပယ်ရှားလျက် **ရုပ်ဝါဒ** အကြောင်းအရာတို့ကို ဖော်ပြရေးသားထား၏၊

**ယခုခေတ်ကာလ၌ အနောက်နိုင်ငံများမှ တီထွင်လိုက်သော ရုပ်ဝါဒကျမ်းများနှင့် အလားတူပင် ဖြစ်၏၊**

ဘုရားရှင် လက်ထက်တော် အခါကာလက ခြောက်ယောက်သော တိတ္ထိ ဆရာကြီးတို့တွင် သုံးယောက်မြောက်ဖြစ်သော **အဇိတကေသကမ္ဗလ** မည်သော ဆရာကြီး တီထွင် ဟောကြားသော တရားများသည်လည်း ရုပ်ဝါဒ၌ အရေးကြီးသော အချက်အလက်များပင် ဖြစ်၏။

ထိုသို့သော **ရုပ်ဝါဒကျမ်း, လောကာယတကျမ်း**ကို အလေးအမြတ်ပြု၍ သင်ယူသော ရဟန်းအားဋင်း အလေးအမြတ်ပြု၍ သူတပါးအား သင်ကြားပေးသော ရဟန်းအားဋင်း ဒုက္ကဋ်အာပတ်ကို မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထို ဒုက္ကဋ်အာပတ်ကို ဘယ်မှို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊

မြတ်စွာဘုရား လက်ထက်တော်အခါ "အဇိတ" မည်သော တိတ္ထိဆရာကြီး၏ ဝါဒမျိုးဖြစ်သော—

"ပေးအပ်သော အလှူမည်သည် မရှိ ထိုအလှူ၏ အကျိုးသည်လည်း မရှိ ပူဇော်အပ်သော အလှူသည်လည်း မရှိ ထိုပူဇော်အပ်သော အလှူ၏ အကျိုးသည်လည်း မရှိ အမိဟူ၍လည်း မရှိ အဘဟူ၍လည်း မရှိ ပြုအပ်သော ကောင်းမှု ကုသိုလ်ကံ၏ အကျိုးမရှိ တမလွန်လောကဟူ၍လည်း မရှိ၊

"မည်သည့် သတ္တဝါမဆို ပထဝီ, အာပေါ, တေဇော, ဝါယော ဟု ဆိုအပ်သော မဟာဘုတ်လေးပါးဖြင့် သာလျှင်ပြီး၏ စုတိပြတ်ကျွေ သေလွန်သော အခါ ပထဝီဓာတ်သည် မြေကြီးသို့ ပေါင်း၍ သွားလေသည် အာပေါဓာတ်သည် ရေသို့ တေဇောဓာတ်သည် သဘောတူရာ မီးသို့ ပေါင်း၍ သွားလေသည် ဝါယောဓာတ်သည်လည်း သဘောတူရာ လေသို့ ပေါင်း၍ သွားလေသည်၊ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် တည်းဟူသော ဤ ဣန္ဒြေခြောက်ပါး အသိဓာတ်တရားတို့သည် ကောင်းကင်မှာပင် ပျောက်ကွယ်လေတော့သည်၊ စုတိပြတ်ကျွေ သေလွန်သည်မှ နောက်ကာလ၌ သတ္တဝါဟူ၍မရှိ ပြတ်တော့သည်ပင် ဖြစ်တော့သည်" ဟု အဇိတ၏ ဝါဒရှိပါသည်၊

ထိုအဇိတ၏ ဝါဒမျိုးကဲ့သို့သော လောကာယတ ကျမ်းမျိုးကို ဘုရားရှင်လက်ထက်တော်အခါက ဆဗ္ဗဂ္ဂီရဟန်းတို့သည် အနှစ်သာရ ရှိသော အနေဖြင့် သင်လည်း သင်ယူကြပါကုန်သည် သူတပါးတို့အားလည်း ပို့ချကြပါကုန်သည်၊

ထိုအခါ မြတ်စွာဘုရားသည် သံဃာ့အလည်၌ **"ချစ်သားတို့....၊ လောကာယတကျမ်း၌ အနှစ်သာရရှိ၏ ဟု မှတ်ထင်သော ပုဂ္ဂိုလ်သည် ဤသာသနာတော်ဝယ် သီလ, သမာဓိ, ပညာ တည်းဟူသော ဂုဏ်ကျေးဇူးတို့ဖြင့် ပွါးစီးခြင်းသို့ ရောက်နိုင်ပါအံ့လော"** ဟု မေးမြန်းတော်မူသည်ရှိသော် **"မရောက်နိုင်ပါကြောင်း"** ရဟန်းတို့ ပြန်ကြား လျှောက်ထားပါသည်။

ထိုသို့သော မှုခင်းကိစ္စကြောင့် လောကာယတ အမည်ရသော "စာတုမဟာဘူတိက" ရုပ်ဝါဒကျမ်းကို သင်ကြားသောရဟန်း, ပို့ချသော ရဟန်း၏ ဒုက္ကဋ်အာပတ် နှစ်မျိုးကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ရုပ်ဝါဒကျမ်းများကို သင်ကြား, ပို့ချမှု တားမြစ်ခြင်း ပြီး၏

## တိရစ္ဆာနဝိဇ္ဇာ အတတ်ပညာရပ်များကို တားမြစ်ခြင်း

ပုစ္ဆာ။ ။တိရစ္ဆာနဝိဇ္ဇံ အာဝုသော ပရိယာပုဏန္တဿ စ ဝါစေန္တဿ စ ဒုက္ကဋ္ဌံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ တိရစ္ဆာနဝိဇ္ဇံ ပရိယာပုဏိံသု ပိ ဝါစေသုံ ပိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။အင်္ဂဝိဇ္ဇာ, တိတ်နိမိတ်ဟောခြင်း, ဗေဒင်ဟောခြင်း, ဆေးကုခြင်း အစရှိသော မဂ် ဖိုလ် နိဗ္ဗာန်ရောက်ကြောင်း ဖြစ်သော အကျင့်နှင့် ဖီလာ ကန့်လန့်ဖြစ်သော အတတ်ပညာ, တိရစ္ဆာနဝိဇ္ဇာ အတတ်ပညာမျိုးကို အလေးအမြတ်ပြု၍ သင်ယူသော ရဟန်းအားငှင်း သင်ကြား ပြသပေးသော ရဟန်းအားငှင်း ဒုက္ကဋ်အာပတ်ကို မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထို ဒုက္ကဋ်အာပတ်ကို ဘယ်မြို့။ပ။ ငါ့ရှင်၊

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊

ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် မဂ်ဖိုလ်အား ကျေးဇူးမများဘဲ မဂ်ဖိုလ်၏ ဖီလာ ကန့်လန့်ဖြစ်သော အင်္ဂဝိဇ္ဇာ, ယတြာ, ဗေဒင်, ခါတ်ရိုက်ခြင်း, မန္တာန် မန်းမှုတ်ခြင်း အစရှိသော တိရစ္ဆာနဝိဇ္ဇာကို ကိုယ်တိုင်လည်း အနှစ်သာရ အမြတ်တနိုး ထား၍ သင်ယူကြပါကုန်သည်၊ သူတပါးတို့ကိုလည်း အနှစ်သာရ အမြတ်တနိုး ပြု၍ သင်ပြကြပါကုန်သည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် ထို ဒုက္ကဋ်အာပတ် နှစ်မျိုးကို သဗ္ဗညု မြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

တိရစ္ဆာနဝိဇ္ဇာ အဘဘ်ပညာရပ်များကို တားမြစ်ခြင်း ပြီး၏

---

## ချေဆတ်ရာ၌ ဇီဝတု အသက်ရှည်ပါစေ (ဆိတ်ဖွား) ဟု ဆိုကြမှု

ပုစ္ဆာ။ ။ခိပိတေ အာဝုသော "ဇီဝ"တိဝဒန္တဿ ဒုက္ကဋ္ဌံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိသဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ ဘဂဝါ ဘန္တေ မဟတိယာ ပရိသာယ ပရိဝုတော ဓမ္မံ ဒေသေန္တော ခိပိ၊ ဘိက္ခူ "ဇီဝတု ဘန္တေ ဘဂဝါ၊ ဇီဝတု သုဂတော"တိ ဥစ္စာသဒ္ဒံ မဟာသဒ္ဒံ အကံသု၊ တေန သဒ္ဒေန ဓမ္မကထာ အန္တရာ အဟောသိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ချေသော အခါကာလ၌ "အသက်ရှည်ပါစေ" ဟု လောက ဝတ်စကားဖြင့် ပြောဆိုသော ရဟန်းအား ဒုက္ကဋ်အာပတ်ကို သဗ္ဗညုမြတ်စွာ ဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထိုဒုက္ကဋ်အာပတ်ကို ဘယ်မြို့။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းစံ တော်မူစဉ် များစွာသော ရဟန်းအပေါင်း ခြံရံလျက် တရားဟောတော်မူ သော အခိုက် ခေတ်မညီမညွတ်သဖြင့် ချေဆတ်တော် မူပါသည်၊ ထိုအခါ များစွာသော ရဟန်းတို့က "ဇီဝတု ဘန္တေ ဘဂဝါ၊ ဇီဝတု သုဂတော—ဘုန်း တော် နေဝန်း ထွန်းတောက်ပတော်မူသော ရှင်တော် မြတ်ဘုရား....၊ ရှင်ပင်ဘုရားသည် အသက်ရှည်ထွေ တည်နေတော် မူပါစေသတည်း" ဟု ကျယ်လောင်သော အသံ မြင့်သော အသံကို ပြုကြပါသည်၊ သို့ဖြင့် မြတ်စွာဘုရား တရားစကားတော်၏ အကြားခြားမှု ဖြစ်ပါသည်၊

ထိုအခါ မြတ်စွာဘုရားသည်....

"ချစ်သားတို့ အကြင်ပုဂ္ဂိုလ်သည် ချေဆတ်၏၊ ထို ချေဆတ်သော ပုဂ္ဂိုလ်ကို "ဇီဝတု" ဆိုခါမျှဖြင့် ထိုပုဂ္ဂိုလ်သည် အသက်ရှည်ထွေ တည်နေပါ မည်လော သို့မဟုတ် သေမြဲပင် သေပါမည်လော" ဟု မြတ်စွာဘုရား မေးမြန်း တော်မူအခါ—

"ထိုသို့ မဖြစ်နိုင်ပါကြောင်း" ပြန်ပြောင်း၍ လျှောက်ဆိုပါသည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် အကျိုးမရသော လူတဘက်သား ချေလျှင် "ဇီဝတု ဇီဝတု-အသက်ရှည်ပါစေ, အသက်ရှည်ပါစေ" ဟု ပြောဆိုသော ရဟန်း၏ ဒုက္ကဋ်အာပတ်ကို သဗ္ဗညု မြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ချေဆတ်ရာ၌ ဇီဝတု ဆိတ်ဖွား ဟု ဆိုကြမှု ပြီး၏

---

## ကျင်ကြီး, ကျင်ငယ် စည်းကမ်းမရှိ စွန့်မှုများ

ပုစ္ဆာ။ ။အာရာမေ အာဝုသော ပဿာဝဝစ္စာနံ တဟံ တဟံ ကရဏံ ပဋိက္ခိပိတွာ ကေမန္တံ ကာတုံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ အာရာမေ တဟံ တဟံ ပဿာဝံ အကံသု၊ တဟံ တဟံ ဝစ္စံ အကံသု၊ အာရာမော ဒုဿိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ကျောင်းတိုက် အရံအတွင်း၌ ကျင်ကြီး, ကျင်ငယ်တို့ကို ထိုထိုအရပ်၌ ပေါက်လွတ်ပဲစား စွန့်ခြင်းကို ပယ်မြစ်တော်မူပြီးလျှင် သင့်တင့်လျောက်ပတ်သော အရပ်၌သာလျှင် စွန့်ရန် မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထိုပညတ်ချက်ကို ဘယ်မြို့။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

များစွာသော ရဟန်းတို့သည် သိက္ခာပုဒ် မပညတ်မီ ရှေးကာလ၌ အရံတွင်းဝယ် ထိုထိုအရပ်တို့၌ စည်းမရှိ ကမ်းမရှိ ပေါက်လွတ်ပဲစား ကျင်ကြီး, ကျင်ငယ်တို့ကို စွန့်ကြပါကုန်သည်၊ သို့ဖြင့် ကျောင်းတိုက် အရံ တခုလုံး ပုပ်သိုးခဲ့ပါသည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် ထိုသို့ သင့်တင့်လျောက်ပတ်သော အရပ်၌ ကျင်ကြီး, ကျင်ငယ်စွန့်ဘို့ရန် သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ကျင်ကြီး, ကျင်ငယ် စည်းကမ်းမရှိ စွန့်မှုများ ပြီး၏

## ခုဒ္ဒကဝတ္ထုက္ခန္ဓကဥ် အာပတ် အကျဉ်းချုပ်

ပုစ္ဆာ။ ။ခုဒ္ဒကဝတ္ထုံ ပုစ္ဆိဿံ၊ သနိဒါနံ သနိဒ္ဒေသံ။
သမုက္ကဋ္ဌပဒါနံ အာဝုသော ကတိ အာပတ္တိယော။

ဝိဿဇ္ဇနာ။ ။ခုဒ္ဒကံ ဝိဿဇ္ဇိဿံ၊ သနိဒါနံ သနိဒ္ဒေသံ၊
သမုက္ကဋ္ဌပဒါနံ ဘန္တေ တိဿော အာပတ္တိယော။

အမေး။ ။နိဒါန်း နိဒ္ဒေသနှင့်တကွသော ခုဒ္ဒကဝတ္ထုက္ခန္ဓကကို မေးမြန်းပေအံ့၊ ဤ ခုဒ္ဒကဝတ္ထုက္ခန္ဓကလာ မြတ်စွာဘုရား၏ ပညတ်တော်များနှင့် သက်ဆိုင်သော အာပတ်တို့သည် အကျဉ်းချုပ်အားဖြင့် အဘယ်မျှ ရှိပါကုန်သနည်း ငါ့ရှင်။

အဖြေ။ ။နိဒါန်း နိဒ္ဒေသနှင့်တကွသော ခုဒ္ဒကဝတ္ထုက္ခန္ဓကကို ဖြေကြား လျှောက်ထားပါအံ့၊ ဤခုဒ္ဒကဝတ္ထုက္ခန္ဓကဥ် မြတ်စွာဘုရား၏ မုခပါဌ်ဥ် မြတ်သော စကားတော်အစဉ်နှင့် စပ်သွယ်သော အာပတ် အမျိုးအစားတို့သည် (၁) ထုလ္လစ္စည်းအာပတ် (၂) ပါစိတ် အာပတ် (၃) ဒုက္ကဋ် အာပတ် အားဖြင့် အကျဉ်းချုပ်အားဖြင့် သုံးမျိုး သုံးစား သုံးပါးသာ ရှိပါကုန်သည် အရှင်ဘုရား။

ခုဒ္ဒကဝတ္ထုက္ခန္ဓက ပြီး၏

# ၆-သေနာသနက္ခန္ဓက

## ကျောင်းငါးမျိုး ခွင့်ပြုခြင်း

ပုစ္ဆာ။ ။ပဥ္စ အာဝုသော လေဏာနိ ဘဂဝတာ ကတ္ထ အနုညာတာနိ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတာနိ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ အနုညာတာနိ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ ဘဂဝန္တံ ဥပသင်္ကမိတွာ ဧတ-ဒဝေါစုံ "ရာဇဂဟကော ဘန္တေ သေဋ္ဌိ ဝိဟာရေ ကာရာပေတု-ကာမော၊ ကထံ နု ခေါ ဘန္တေ ပဋိပဇ္ဇိတဗ္ဗ"န္တိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတာနိ။

အမေး။ ။ပုန်းအောင်း၊ မှီခိုရာဖြစ်သော ငါးမျိုးသော ကျောင်းအဆောက်အဦတို့ကို မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့သည်မှာ ဘယ်မြို့။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ခွင့်ပြုတော်မူအပ်ပါသည်၊

အနည်းငယ် လျှောက်ထားပါဦးအံ့၊ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူသောအခါ ရဟန်းတော်များအတွက် ငါးမျိုးသော ဝိဟာရ, အဍ္ဍယောဂ, ပါသာဒ, ဟမ္မိယ, ဂုဟာ တည်းဟူသော ကိန်းအောင်းမွေ့လျော်ဘွယ်ရာ ကျောင်းတို့ကို ခွင့်မပြုရသေးသဖြင့် များစွာသော ရဟန်းတော်တို့သည် တောတောင် သစ်ပင်ရင်း အစရှိသော ထိုထိုအရပ်ဒေသတို့၌ ကိန်းအောင်းမွေ့လျော် နေတော်မူကြပါသည်၊

ထိုများစွာသော ရဟန်းတော်တို့သည် နံနက်အခါ၌ မိမိတို့ကိန်းအောင်းရာ တော, တောင်, ရှို, မြောင်း, ဟင်းလင်းအပြင်, သစ်ပင်ရင်း, လွင်တီးခေါင် အစရှိသည်တို့မှ ငြိမ်သက်သော တည်ကြည်သော ဣန္ဒြေ, ကြည်ညိုဘွယ်ရှိသော ရှေ့သို့တက်ခြင်း, နောက်သို့ဆုတ်ခြင်း, တူရူကြည့်ခြင်း, တစောင်းကြည့်ခြင်း ဤသို့ အစရှိသော ရဟန်းတို့ ဣန္ဒြေဖြင့် မိမိတို့ ကိန်းရာမှ ထွက်ခဲ့ကြပါကုန်သည်၊

ထိုအခြင်းအရာကို အရှံဥယျာဉ်သို့ သွားသော ရာဇဂြိုဟ် သူဌေး မြင်သည်ရှိသော် ထိုရဟန်းတို့၏ "ဣရိယာပထသမ္ပန္န" ဂုဏ်ကို ကြည်ညိုလှ သဖြင့် ထို ရဟန်းတို့ အထံသို့ ချဉ်းကပ်ပြီးလျှင်——

"အကယ်၍ ဘုရားတပည့်တော် ကျောင်းဆောက်လှူပါမူ အရှင်တို့ သည် ဘုရားတပည့်တော်၏ ကျောင်း၌ သီတင်းသုံး နေတော်မူကြပါမည် လော" ဟု လျှောက်ထားသော အခါ——

"ဒါယကာ သူဌေး....မြတ်စွာဘုရားသည် ကျောင်းပစ္စည်းတို့ကို ခွင့်ပြု တော်မမူအပ်သေးပါ" ဟူ၍ မိန့်ကြားတော်မူလျှင်——

"သို့တပြီးကား.... မြတ်စွာဘုရားအား မေးလျှောက်ပြီးလျှင် တပည့် တော်အား ပြန်ကြားတော်မူကြပါ" ဟု လျှောက်ထားခဲ့ပါသည်၊

ထိုအခါ မျာစွာသော ရဟန်းတို့သည် ဘုရားထံမှောက် သွားရောက်ကြ ပြီးလျှင်——

"ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား....ရာဇဂြိုဟ် သူဌေး သည် ကျောင်းတို့ကို ဆောက်လုပ် လှူဒါန်းလိုပါသည် ဘုရားတပည့်တော်တို့ သည် မည်သို့ ကျင့်ကြံပြောရပါမည်နည်း" ဟု လျှောက်ထားကြပါသည်၊

ထိုသို့သော အကြောင်းကိစ္စကြောင့် 'အနုဇာနာမိ ဘိက္ခဝေ ပဉ္စ လေဏာနိ'အစရှိသည်ဖြင့်——

"ချစ်သားတို့....ကျောင်းရှည်ကိုဝှင်း, တဘက်ရပ်မိုးသော ကျောင်းကို ဝှင်း, လေးထောင့်ပြာသာဒ်ကိုဝှင်း, ပြာသာဒ်ဦးပြည်းကိုဝှင်း, လိုဏ်ဂူကိုဝှင်း ဤဆိုအပ်ပြီးသော ငါးပါးသော ပုန်းအောင်းရာ, ကိန်းအောင်းရာ ကျောင်း တို့ကို ငါဘုရား ခွင့်ပြုတော်မူသည်" ဟု သဗ္ဗညုမြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ ပါသည် အရှင်ဘုရား။

ကျောင်း ငါးမျိုး ခွင့်ပြုခြင်း ပြီး၏

---

## ရာဇဂြိုဟ်သူဌေး၏ နေ့ချင်းပြီး ကျောင်းပေါင်းခြောက်ဆယ်

ပုစ္ဆာ။ ။ကထံ အာဝုသော ဝိဟာရာ ပဌမံ ဥပ္ပန္နာ၊ ကထဉ္စ တေ ပတိဋ္ဌာပိ တာ။

ဝိသဇ္ဇနာ။   ။ကောပနေဝ ဘန္တေ ရာဇဂဟကေန သေဋ္ဌိနာ သဋ္ဌိဝိဟာရာ ပတိဋ္ဌာပိတာ၊ တေ ဣမေ ဘန္တေ သဋ္ဌိဝိဟာရာ ဗုဒ္ဓပ္ပမုခဿ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ပတိဋ္ဌာပိတာ။

အမေး။   ။ဤသာသနာ၌ ကျောင်းအဆောက်အဦတို့သည် ရှေးဦး အစက အဘယ်သို့ ဖြစ်ပေါ်လာခဲ့ပါသနည်း၊ ထိုဖြစ်ပေါ်လာခဲ့သော ကျောင်းတို့ကို အဘယ်နည်းဖြင့် လှူဒါန်း၍ တည်ထားခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။   ။ဤသာသနာတော်၌ ကျောင်းပစ္စည်းတို့ ရှေးဦးစွာ ဖြစ်ပေါ်ပုံမှာ ယခင်က လျှောက်ထားခဲ့သော အတိုင်း သဗ္ဗညုမြတ်စွာဘုရား ငါးမျိုးသော ကျောင်းတို့ကို ခွင့်ပြုတော်မူသောအခါ ရဟန်းတော်တို့သည် ရာဇဂြိုဟ်သူဌေးအား ပြန်ကြားကြပါသည်၊

ထိုအခါ ရာဇဂြိုဟ်သူဌေးသည် တနေ့တည်း ပင်လျှင် ခြောက်ဆယ်သော ကျောင်းတို့ကို ပန္နက်ရိုက်စတင်၍ တည်ခဲ့ပါသည်၊ ထို ခြောက်ဆယ်သော ကျောင်းတို့ကို ပြီးဆုံးစေပြီးလျှင် ဘုရားအမှူးရှိသော သံဃာတော်တို့အား ဆွမ်းဘောဇဉ် လှူဒါန်းပြီးသည်၏ အဆုံး၌—

"ရှင်တော်မြတ်ဘုရား.... တပည့်တော်သည် ကောင်းမှုကုသိုလ် နတ်ရွာ နိဗ္ဗာန်ကို လိုလားလှသဖြင့် ဤခြောက်ဆယ်သော ကျောင်းတို့ကို ဆောက်လုပ်ခဲ့ပါပြီ၊ ထိုခြောက်ဆယ်သော ကျောင်းတို့ကို ဘုရားတပည့်တော်သည် ပုဂ္ဂလိကပင် လှူရမည်လော....သံဃိကပင် လှူရမည်လော....အဘယ်သို့လျှင် ထိုခြောက်ဆယ်သော ကျောင်းတို့ကို လှူရပါမည်နည်း" ဟု မြတ်စွာဘုရား အား လျှောက်ထားပါသည်၊

ထိုအခါ မြတ်စွာဘုရားက တေန ဟိ တွံ ဂဟပတိ တေ သဋ္ဌိဝိဟာရေ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ပတိဋ္ဌာပေဟိ၊

"ဒါယကာ.... သို့တပြီးကား ထိုခြောက်ဆယ်သော ကျောင်းတို့ကို အကျိုးတရား ပွါးသည်ထက် ပွါး-များသည်ထက် များစိမ့်သောငှါ ရောက်ပြီး, ရောက်ဆဲ, ရောက်လတ္တံ့ဖြစ်သော သံဃာအား စာတုဒ္ဒိသသံဃိက လှူလေ" ဟု သဗ္ဗညုမြတ်စွာဘုရား မိန့်ကြားတော်မူသည့်အတိုင်း ထို ရာဇဂြိုဟ်

သူဌေးသည် ထို ခြောက်ဆယ်သော ကျောင်းတို့ကို ဤမြတ်စွာဘုရား သာသနာတော်ဝယ် အစအဦးဆုံး တနေ့ချင်း တည်ဆောက်၍ ထို ခြောက်ဆယ်သော ကျောင်းတို့ကို "အာဂတာနာဂတ" အကျိုးကြီးလှသော စာတုဒ္ဒိသ သံဃိက အလှူဖြင့် လှူဒါန်းခဲ့ပါသည် အရှင်ဘုရား။

ရာဇဂြိုဟ်သူဌေး၏ နေ့ချင်းပြီး ကျောင်းပေါင်းခြောက်ဆယ် ပြီး၏

---

## ကျောင်းလှပတင့်တယ်စေမှု၌ ပယ်မြစ်ချက်နှင့် ခွင့်ပြုချက်

ပုစ္ဆာ။ ။ဝိဟာရေ အာဝုသော ပဋိဘာနကမ္မံ ပဋိက္ခိပိတ္ဝာ မာလာကမ္မာဒိနိ ဘဂဝတာ ကတ္ထ အနုညာတာနိ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတာနိ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ အာရဗ္ဘ အနုညာတာနိ။ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ ဝိဟာရေ ပဋိဘာနစိတ္တံ ကာရာပေသုံ ဣတ္ထိရူပကံ ပုရိသရူပကံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတာနိ။

အမေး။ ။ကျောင်းအဆောက်အဦ၌ မိန်းမရုပ်, ယောကျ်ားရုပ် စသော ပန်းချီ ဆေးရေးရုပ်တို့ကို ပယ်မြစ်တော်မူပြီးလျှင် ခြူးပန်း, ခြူးနွယ် အစရှိသော အလှအပ အတင့်အတယ် အမှုကို ပြုလုပ်နိုင်ရန် မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပေ၏၊ ထို ခွင့်ပြုချက်ကို ဘယ်မြို့။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပယ်မြစ်ခြင်း, ခွင့်ပြုခြင်း ပြုတော်မူခဲ့ပါသည်၊

ဆဗ္ဗဂ္ဂီရဟန်းတို့သည် မိမိတို့ကျောင်း၌ မိန်းမရုပ်, ယောကျ်ားရုပ် အစ ရှိသော ပန်းချီ ဆေးရေးရုပ်တို့ဖြင့် အဆန်းတကြယ် ပြုလုပ်စေပါကုန်သည်၊ ကျောင်းကြည့် ကျောင်းစဉ် လှည့်လည်ကြသော ဒါယကာတို့ မြင်ကြသော အခါ မျှားစွာ ကဲ့ရဲ့ ရှုတ်ချ ပြစ်တင်ကြပါသည်၊

ထိုသိသော မှုခင်း ကိစ္စကြောင့် ကျောင်းကန် အဆောက်အဦ၌ မိန်းမရုပ်, ယောကျ်ားရုပ် အစရှိသော ပန်းချီဆေးရေးရုပ်တို့ဖြင့် အဆန်းတကြယ် ပြုလုပ်မှုကို ပယ်မြစ်တော်မူပြီးလျှင် ခြူးပန်း, ခြူးနွယ်, မကရ်းသွား အစရှိသော ပန်းချီဆေးရေးမှုတို့ကိုသာ သဗ္ဗညုမြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပါသည် အရှင်ဘုရား။

ကျောင်း လှပ တင့်တယ်စေမှု၌ ပယ်မြစ်ချက်နှင့် ခွင့်ပြုချက် ပြီး၏

---

## သီတင်းကြီးပုဂ္ဂိုလ်အား ဦးစားပေး၍ ရှိသေရန် ခါမင်းဝတ္ထု ဟောခြင်း

ပုစ္ဆာ။ ။ယထာဝုဍ္ဎံ အာဝုသော အဘိဝါဒနာဒီနိ စ အဂ္ဂါသနာဒီနိ စ အနုဇာနိတွာ သံဃိကံ ယထာဝုဍ္ဎံ ပဋိဗာဟန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ၊

ဝိဿဇ္ဇနာ။ ။အန္တရာ စ ဘန္တေ ဝေသာလိံ အန္တရာ စ သာဝတ္ထိံ ဆဗ္ဗဂ္ဂိယာနံ ဘိက္ခူနံ အန္တေဝါသိကေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာနံ ဘန္တေ ဘိက္ခူနံ အန္တေဝါသိကာ ဘိက္ခူ ဗုဒ္ဓပ္ပမုခဿ သံဃဿ ပုရတော ပုရတော ဂန္တွာ ဝိဟာရေ ပဋိဂ္ဂဟေသုံ၊ သေယျာယော ပဋိဂ္ဂဟေသုံ "ဣဒံ အမှာကံ ဥပဇ္ဈာယာနံ ဘဝိဿတိ၊ ဣဒံ အမှာကံ အာစရိယာနံ ဘဝိဿတိ၊ ဣဒံ အမှာကံ ဘဝိဿတီ" တိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ကြီးကုန် ကြီးကုန်သော ရဟန်းတို့အား အစဉ်အတိုင်း ရှိခိုးခြင်း, နေရာထ၍ ပေးခြင်း, လက်အုပ်ချီခြင်း, အရိုအသေပြုခြင်းတို့ကိုလည်းကောင်း နေရာဦး နေရာမြတ် စသည်တို့ကိုလည်းကောင်း ခွင့်ပြုတော်မူပြီးလျှင် သံဃိက ကျောင်း, အိပ်ရာ, နေရာကို သီတင်းကြီးစဉ်အတိုင်း ရသင့်ပါလျက် မရအောင်တားမြစ်၍ သိမ်းဆည်းသော ရဟန်းအား ဒုက္ကဋ် အာပတ်ကို မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထို ဒုက္ကဋ် အာပတ်ကို ဘယ်မြို့။ပ။ ငါ့ရှင်။

အဖြေ။ ။ဝေသာလီပြည်နှင့် သာဝတ္ထိပြည်အကြား အဓွန့်ရှည်သော ခရီးကို သွားရောက်တော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့၏ အန္တေဝါသိက တပည့်ဖြစ်သော ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

အနည်းငယ် လျှောက်ထားပါဦးအံ့၊ မြတ်စွာဘုရားသည် ဝေသာလီပြည်မှ သာဝတ္ထိပြည်သို့ ကြွတော်မူသောအခါ လမ်းခရီးအကြား၌ ဆဗ္ဗဂ္ဂီရဟန်းတို့၏ တပည့်ဖြစ်ကုန်သော ရဟန်းတို့သည် ဘုရားအမှူးရှိသော သံဃာတော်တို့၏ ရှေ့မှ အလျင်တဆော သွားနှင့်ပြီးလျှင် "ဤနေရာသည် ငါတို့၏ ဥပဇ္ဈာယ်ဆရာများ အတွက်ဖြစ်သည် ဤနေရာသည် ငါတို့၏ နိဿယည်းဆရာများ အတွက် ဖြစ်သည် ဤနေရာသည် ငါတို့ အတွက်ဖြစ်သည်" ဟု ကျောင်းဦး,နေရာဦးတို့ကို ရှေးဦးစွာ သိမ်းဆည်း ဦးယူနှင့်ကြပါသည်၊

ထိုအခါ အရှင်သာရိပုတ္တရာသည် ဘုရားအမှူးရှိသော သံဃာတော်တို့၏ နောက်ဆုံးမှ အားလုံးသော ဂိလာနရဟန်း, သီတင်းကြီး ရဟန်းတို့ကို စောင့်ရှောက် လိုက်ပါခဲ့သဖြင့် ရဟန်းတို့ အရပ်ရပ်သော ကျောင်းနေရာတို့ကို ဦးပြီး သိမ်းဆည်းပြီးသောအခါမှ ရောက်ရှိပါသည်၊ သို့ဖြင့် ရှင်သာရိပုတ္တရာသည် နေရာမရသဖြင့် တခုတည်းသော သစ်ပင်ရင်းဝယ် တညလုံးထိုင်၍ နေရပါသည်၊

နံနက်မိုးသောက် ရောက်လတ်သောအခါ မြတ်စွာဘုရားသခင်သည် ချောင်းဟန့်တော်မူပါသည် ရှင်သာရိပုတ္တရာသည်လည်း တဖန် ချောင်းဟန့်၍ အသံပြုပါသည်၊ "ဤအရပ်၌ အဘယ်သူနည်း" ဟု မြတ်စွာဘုရားက မေးမြန်းတော် မူသည်ရှိသော် "ဘုရားတပည့်တော် သာရိပုတ္တရာ ဖြစ်ကြောင်း" ပြန်ပြောင်း လျှောက်ထားပါသည်၊ "အဘယ့်ကြောင့် သင်ချစ်သားသည် ဤအရပ်၌ ထိုင်၍ နေဘိသနည်း" ဟု မေးမြန်းတော်မူသည်တွင် အကြောင်းအရာကို ပြန်ပြောင်း လျှောက်ထားပါသည်၊

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းသံဃာတို့ကို စည်းဝေးစေပြီးလျှင် ဖြစ်ခြင်းတကို မေးမြန်းတော် မူပြီးလျှင် ဆဗ္ဗဂ္ဂီရဟန်းတို့၏ အန္တေဝါသိက တပည့်တို့အား ရှုတ်ချ ကဲ့ရဲ့တော်မူပြီးလျှင် ရှေး **တိတ္တိရ** (ခါမင်း) ဇာတ်ကို ဟောပြတော် မူပြီးသည်၏ အဆုံး၌....

"ချစ်သားတို့....၊ တိတ္တိရဇာတ်လာ ခါမင်း,ဆင်မင်း,မျောက်မင်းတို့သည် တိရစ္ဆာန်ပင် ဖြစ်လျက် ကြီးသူကို ငယ်သူက ရိုသေလေးစားလျက် နေကြကုန်သေး၏၊ သင်ချစ်သားတို့သည် ဤ ဓမ္မ, ဝိနယ သာသနာတော်ကြီးမှာနေပါလျက် အချင်းချင်း ကြီးသူကို မရိုမသေ, မလေးမစားဘဲ နေခြင်းသည် တင့်တယ်ပါသလော" ဟု ကဲ့ရဲ့ ရှုတ်ချတော်မူပြီးလျှင်....

အနုဇာနာမိ ဘိက္ခဝေ ယထာဝုဍ္ဎံ အဘိဝါဒနံ ပစ္စုဋ္ဌာနံ အဉ္ဇလိကမ္မံ သာမိစိကမ္မံ အဂ္ဂါသနံ အဂ္ဂေါဒကံ အဂ္ဂပိဏ္ဍံ၊ န စ ဘိက္ခဝေ သံဃိကံ ယထာဝုဍ္ဎံ ပဋိဗာဟိတဗ္ဗံ၊ ယော ပဋိဗာဟေယျ၊ အာပတ္တိ ဒုက္ကဋဿ—

"ချစ်သားတို့.... ဤငါဘုရား၏ သာသနာတော်ဝယ် သီတင်းကြီးစဉ် အတိုင်း ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, လက်အုပ် ချီမိုးခြင်း, အရိုအသေပြုခြင်း, နေရာဦး, ဆွမ်းဦး, ရေဦးကို ပေးရမည် ဟု ခွင့်ပြုတော် မူပြီးလျှင် ချစ်သားတို့.... သံဃိကကျောင်းအရံ၌ သီတင်းကြီးစဉ်ကို မတားမြစ်ရ တားမြစ်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်စေ" ဟု သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည်အရှင်ဘုရား။

ခါမင်းဝတ္ထု ဟောခြင်း ပြီး၏

---

## ရဟန်းတပါးတည်း နှစ်ကျောင်း လက်ခံမှု

ပုစ္ဆာ။ ။ကေန အာဝုသော ဒွေ ပဋိဗာဟန္တဿ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အာယသ္မန္တံ ဥပနန္ဒံ သကျပုတ္တံ အာရဗ္ဘ ပညတ္တံ၊ အာယသ္မာ ဘန္တေ ဥပနန္ဒော သကျပုတ္တော ဧကော ဒွေ ပဋိဗာဟိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။တပါးတည်းသော ရဟန်းဖြစ်ပါလျက် ကျောင်းနှစ်ခုတို့၌ နေရာ နှစ်ခုကို သိမ်းပိုက်လျက် အခြားသော ရဟန်းတို့အား နေထိုင်ခွင့် မရအောင် တားမြစ်သော ရဟန်းအား ဒုက္ကဋ်အာပတ်ကို မြတ်စွာဘုရား ပညတ်တော် မူခဲ့ပေ၏၊ ထို ဒုက္ကဋ်အာပတ်ကို ဘယ်မြို့။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ သာကီဝင် မင်းသားဖြစ်သော အရှင်ဥပနန္ဒ မထေရ်ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊

အရှင်ဥပနန္ဒ မထေရ်သည် သာဝတ္ထိပြည်၌လည်း တကျောင်း လက်ခံ၍ သာဝတ္ထိပြည်၏ အနီး ရွာငယ်၌လည်း တကျောင်း လက်ခံထားပါသည်၊ ဤသို့ နှစ်ကျောင်း လက်ခံထား၍ ထိုနှစ်ကျောင်းဝယ် လာရောက်သော တခြားသော ရဟန်းတို့အား တားမြစ်ခြင်း ပြုပါသည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် ရဟန်းတပါးတည်းက နှစ်ကျောင်းကို သိမ်းပိုက်ပြီးလျှင် လာရောက်သော ရဟန်းတို့အား တားမြစ်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်စေ ဟု သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ရဟန်းတပါးတည်း နှစ်ကျောင်း လက်ခံမှု ပြီး၏

---

## သီတင်းငယ်-ဆရာ နှင့် သီတင်းကြီး-တပည့် နေထိုင်နည်း

ပုစ္ဆာ။ ။နဝကေန အာဝုသော ဥဒ္ဒိသန္တေန သမကေ ဝါ အာသနေ နိသီဒိတုံ ဥစ္စတရေ ဝါ ဓမ္မဂါရဝေန၊ ထေရေန ပန ဘိက္ခုနာ ဥဒ္ဒိသာပေန္တေန သမကေ ဝါ အာသနေ နိသီဒိတုံ နီစတရေ ဝါ ဓမ္မဂါရဝေန ဘဂဝတာ ကတ္ထ အနုညာတံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတံ။

ဝိသဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ အနုညာတံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ အာယသ္မတော ဥပါလိဿ သန္တိကေ ဝိနယံ ပရိယာပုဏိံသု၊ အာယသ္မာ ဘန္တေ ဥပါလိ ဌိတကောဝ ဥဒ္ဒိသတိ ထေရာနံ ဘိက္ခူနံ ဂါရဝေန၊ တတ္ထ ဘန္တေ ထေရာ စေဝ ဘိက္ခူ ကိလမိံသု အာယသ္မာ စ ဥပါလိ ကိလမိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတံ။

အမေး။ ။သီတင်းငယ်, ဝါငယ် ဖြစ်သော ရဟန်းသည် တရားတော်, ဝိနည်းတော်ကို သင်ကြားပို့ချရာ၌ သီတင်းကြီး ရဟန်းတို့ရှိသော်လည်း ထိုသီတင်းကြီးရဟန်းတို့နှင့် ညီတူညီမျှ နေရာ၌ ထိုင်နေရန် အလို့ငှါရင်း တရား

တော်ကို ရိုသေလေးစားသောအားဖြင့် မိမိက မြင့်မြတ်သော နေရာ၌ ထိုင်နေရန် အလိုင့်ှါငင်း မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပေ၏၊

သီတင်းကြီးဖြစ်သော ရဟန်းသည် သီတင်းငယ် ဖြစ်သော ရဟန်းက သင်ကြားပို့ချရာ၌ နာယူသည်ရှိသော် ထိုသီတင်းငယ် ရဟန်းနှင့် ညီတူညီမျှဖြစ်သောနေရာ၌ ထိုင်နေရန်အလိုင့်ှါငင်း တရားတော်ကို ရိုသေလေးစားသောအားဖြင့် ထိုသီတင်းငယ် ထိုင်နေသော နေရာထက် နိမ့်သောနေရာ၌ ထိုင်နေရန် အလိုင့်ှါငင်း မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပေ၏၊ ထိုခွင့်ပြုချက်ကို ဘယ်မှို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူသောအခါ ဝိနည်းဒေသနာတော်ကို များစွာ ချီးမွမ်းစကား ဟောကြားပါသည် ဝိနည်းကျမ်းကို သင်ယူခြင်း၏ ကျေးဇူးစကားကို များစွာ ဟောကြားပါသည် အရှင်ဥပါလိ၏ ဂုဏ်ကျေးဇူးတို့ကို ထုတ်ကာ ထုတ်ကာ ဖော်ပြကာ ဖော်ပြကာ ချီးကျူးစကား ဟောကြားတော်မူပါသည်၊

ထိုအခါ ရဟန်းတော်တို့သည် အရှင်ဥပါလိအထံ၌ သီတင်းကြီး, သီတင်းလတ်, သီတင်းငယ် အများပင် ဝိနည်းကို သင်ယူလျက် ရှိကြပါကုန်သည်၊

ထိုသို့ သင်ယူရာ၌ သီတင်းကြီး မထေရ်တို့သည် တရားတော်၌ ရိုသေလေးစားသော အားဖြင့် ရပ်၍သာလျှင် ဝိနည်းကို သင်ယူကြပါကုန်သည်၊ အရှင်ဥပါလိ မထေရ်သည်လည်း သီတင်းကြီး မထေရ်တို့အား ရိုသေလေးစားသော အားဖြင့် ရပ်၍ သာလျှင် ဝိနည်းတရားကို ပို့ချ ပြသပါသည်၊

သို့ဖြင့် သီတင်းကြီး မထေရ်တို့သည်လည်း ပင်ပန်းကြပါကုန်သည်၊ သီတင်းငယ်ဖြစ်သော စာချဆရာ အရှင်ဥပါလိသည်လည်း ပင်ပန်းနွမ်းနယ်လှပါသည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် သဗ္ဗညုမြတ်စွာဘုရားသည် သီတင်းငယ် စာချ စာပြ ဖြစ်သော ရဟန်းသည် သီတင်းကြီးတို့အား ရိုသေသော အားဖြင့် သီတင်းကြီးတို့နှင့် ညီမျှ တန်းတူသော နေရာ၌ဖြစ်စေ တရားတော်

ကို ရှိသေလေးစားသောအားဖြင့် သီတင်းကြီးပုဂ္ဂိုလ်တို့ထက် မြင့်မြတ်သော နေရာ၌ဖြစ်စေ နေထိုင်ရန် အလိုငှါရင်း၊ သီတင်းကြီးဖြစ်သော စာသင်ရဟန်းတော်သည် သီတင်းငယ်နှင့် တူမျှသော နေရာ၌ရင်း တရားတော်၌ ရှိသေလေးစားသော အားဖြင့် စာချ, စာပြဆရာ၏ အောက် ယုတ်နိမ့်သော,သီတင်းငယ်အောက် ယုတ်နိမ့်သော နေရာ၌ နေထိုင်ရန် အလိုငှါ သဗ္ဗညုမြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပါသည် အရှင်ဘုရား။

သီတင်းငယ်-ဆရာနှင့် သီတင်းကြီး-တပည့် နေထိုင်နည်း ပြီး၏

## တန်းတူ နေထိုင်ရေး ခွင့်ပြုခြင်း

ပုစ္ဆာ။ ။တိဝဿန္တရေန အာဝုသော သဟ နိသီဒိတုံ ဘဂဝတာ ကတ္ထ အနုညာတံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ အနုညာတံ၊ သမ္ဗဟုလာနံ ဘန္တေ ဘိက္ခူနံ တေဒဟောသိ "ကိတ္တာဝတာ-နု ခေါ သမာနာသနိကော ဟောတီ"တိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတံ။

အမေး။ ။သုံးဝါအတွင်း၌ တည်ရှိသော နှစ်ဝါကြီး, နှစ်ဝါငယ် ဖြစ်သော ပုဂ္ဂိုလ်တို့နှင့် ညီမျှသောနေရာ၌ နေထိုင်ရန် မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့သည်မှာ ဘယ်မြို့။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ခွင့်ပြုတော်မူအပ်ပါသည်၊

အရှင်ဥပါလိထံ များစွာသော ရဟန်းတို့ ဝိနည်းတရားတော် သင်ယူသောအခါ ရပ်တည်ပြီးလျှင် ဝိနည်းတရားတော် သင်ယူချိန်ကို စောင့်ဆိုင်း၍ နေကြရပါသည် သို့ဖြင့် ရဟန်းသံဃာတော်တို့ ပင်ပန်းနွမ်းနယ်လှပါသည်၊

ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားသောအခါ—

"ချစ်သားတို့....နေရာအတူနေနိုင်သော ရဟန်းတို့သည် တပေါင်းတည်း တစုတည်း နေခြင်းငှါ ခွင့်ပြုတော်မူသည်" ဟု ခွင့်ပြုတော်မူသည်ရှိသော်

ရဟန်းတော်တို့၏ စိတ်၌ "အဘယ်မျှ အတိုင်းအရှည်ရှိသော ထေရ်စဉ် ဝါစဉ်ဖြင့် နေရာတူ နေနိုင်သနည်း" ဟု အကြံဖြစ်၍ မြတ်စွာဘုရားအား လျှောက်ထားသောအခါ သုံးဝါ၏အတွင်း နှစ်ဝါကြီး နှစ်ဝါငယ်, တဝါကြီး တဝါငယ် ရဟန်းနှင့် တခုတည်းသော နေရာ, တူညီသောနေရာ၌ အတူတကွ တပေါင်းတည်းနေထိုင်ရန် အလို့ငှါ သဗ္ဗညုမြတ်စွာဘုရား ခွင့်ပြုတော်မူအပ် ပါသည် အရှင်ဘုရား။

တန်းတူ နေထိုင်ရေး ခွင့်ပြုခြင်း ပြီး၏

---

## ခုတင်တခု၊ အင်းပျဉ်တချ၌ နှစ်ပါးသာ နေထိုင်ခွင့်ပြုခြင်း

ပုစ္ဆာ။ ။မဉ္စေ စ အာဝုသော ပီဌေ စ ဒွိန္နံ ယေဝ နိသီဒိတုံ ဘဂဝတာ ကတ္ထ အနုညာတံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ သမာနာသနိကေ အာရဗ္ဘ ပညတ္တံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ သမာနာသနိကာ မဉ္စေ နိသီဒိတွာ မဉ္စံ ဘိန္ဒိံသု၊ ပီဌေ နိသီဒိတွာ ပီဌံ ဘိန္ဒိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတံ။

အမေး။ ။ခုတင် (ခံတင်) ညောင်စောင်းထက်၌၎င်း အင်းပျဉ် ထက်၌၎င်း နှစ်ပါးသော ရဟန်းတို့သာ ထိုင်နေရန် မြတ်စွာဘုရား ခွင့်ပြုတော် မူခဲ့ပေ၏၊ ထို ခွင့်ပြုချက်ကို ဘယ်မြို့။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ များစွာသော သမာနာသနိက နေရာ အတူနေထိုင်သော နှစ်ဝါကြီး နှစ်ဝါငယ်, တဝါကြီးတဝါငယ် ရဟန်းတို့ကို အကြောင်းပြု၍ ခွင့်ပြုတော်မူအပ်ပါသည်၊

များစွာသော နေရာတူ နေနိုင်သော ရဟန်းတော်တို့သည် နေရာ တခု တည်း၌ စုပေါင်းကာ များစွာနေသဖြင့် ညောင်စောင်းကျိုးခဲ့ပါသည်၊ အင်း ပျဉ်တခုတည်း၌ များစွာ စုပေါင်းနေသဖြင့် အင်းပျဉ် ကျိုးခဲ့ပါသည်၊ ထိုအခါ မြတ်စွာဘုရားသည်—

"အနုဇာနာမိ ဘိက္ခဝေ တိဝဂ္ဂဿ မဉ္စံ တိဝဂ္ဂဿ ပီဌံ—ချစ်သားတို့.... ညောင်စောင်းတခု အင်းပျဉ်တခုမှာ နေရာတူနေနိုင်သော ရဟန်းသုံးပါးသာ နေထိုင်စေ" ဟု ခွင့်ပြုတော်မူခဲ့ပါသည်၊

ထိုအခါ ညောင်စောင်းတခု အင်းပျဉ်တခု၌ နေရာတူနေနိုင်သော ရဟန်းသုံးပါးတို့ စုပေါင်း၍ နေပြန်လျှင် ရှေးနည်းအတူ ညောင်စောင်း, အင်းပျဉ်ကျိုးခဲ့ ပဲ့ခဲ့ပြန်ပါသည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့်—

အနုဇာနာမိ ဘိက္ခဝေ ဒုဝဂ္ဂဿ မဉ္စံ ဒုဝဂ္ဂဿ ပီဌံ—ဟု ချစ်သားတို့.... ဝါတူနေနိုင်သော ရဟန်းနှစ်ပါးလျှင် ညောင်စောင်းတခု, အင်းပျဉ်တခု နေထိုင်မှုကို သဗ္ဗညုမြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပါသည် အရှင်ဘုရား။

ခုတင်တခု, အင်းပျဉ်တခု၌ နှစ်ပါးသာ နေထိုင်ခွင့်ပြုခြင်း ပြီး၏

---

## နေရာဆန့်လျှင် နေထိုင်ခွင့်ပြုခြင်း

ပုစ္ဆာ။ ။ဒီဃာသနေ ပနာဝုသော အသမာနာသနိကေဟိ ပိ နိသီဒိတုံ ဘဂဝတာ ကတ္ထ အနုညာတံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ အနုညာတံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ ဒီဃာသနေ အသမာနာသနိကေဟိ သဟ နိသီဒိတုံ ကုက္ကုစ္စာယိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတံ။

အမေး။ ။သုံးပါး စသည့် နေလောက်အောင် ရှည်လျားသော နေရာဌာန၌မူကား "သမာနာသနိက" နေရာတူ နေကောင်းသော ပုဂ္ဂိုလ်များ မဟုတ်စေကာမူ ပဏ္ဍုက်, ဥဘတောဗျည်း, မာတုဂါမတို့ မဟုတ်လျှင် အခြားသော ပုဂ္ဂိုလ်အားလုံးနှင့် အတူတကွ နေထိုင်နိုင်ရန် မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပေ၏၊ ထို ခွင့်ပြုချက်ကို ဘယ်မြို့။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ခွင့်ပြုတော်မူအပ်ပါသည်၊

များစွာသော ရဟန်းတို့သည် သုံးပါး, သုံးပါးထက် အလွန်ဆန့်သော တန်းလျားအစရှိသည်၌ နေရာတူ မနေနိုင်သော ပုဂ္ဂိုလ်တို့နှင့် အတူတကွ နေထိုင်ဘို့ရန် အပ်သလော, မအပ်သလော ဟု အလို့အလို့ရှိကြပါကုန်သည်၊

ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားသောအခါ သဗ္ဗညု မြတ်စွာဘုရားသည် မာတုဂါမ မဟုတ်, ပဏ္ဍုက် မဟုတ်, ဥဘတောဗျည်း မဟုတ်သော ပုဂ္ဂိုလ်တို့နှင့် သုံးပါး, သုံးပါးထက် အလွန်ဆန့်သော တန်းလျား ရှည် အစရှိသည်တို့၌ တပေါင်းတည်း တတန်းတည်း နေထိုင်ဘို့ရန် သဗ္ဗညု မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပါသည် အရှင်ဘုရား။

နေရာဆန့်လျှင် နေထိုင်ခွင့်ပြုခြင်း ပြီး၏

---

## ဂရုဘဏ် ပစ္စည်းကို မပေးကမ်းနိုင်ခြင်း

ပုစ္ဆာ။ ။ပဉ္စ အာဝုသော အဝိဿဇ္ဇိယာနိ ဘဂဝတာ ကတ္ထ ပညတ္တာနိ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တာနိ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ ပညတ္တာနိ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ သံဃိကံ သေနာသနံ ဝိဿဇ္ဇေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ငါးမျိုးသော သံဃိက ဂရုဘဏ် ပစ္စည်းတို့ကို မပေးကမ်းရ မစွန့်ကြဲရ ဟု မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထို ပညတ်ချက်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

မြတ်စွာဘုရားသခင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်း မွေ့လျော် တော်မူစဉ် သာဝတ္ထိပြည်မှ မနီးမဝေး တခုသော ရွာငယ်ကျောင်း၌ များစွာသော ရဟန်းတို့သည် အာဂန္တုကရဟန်း, ဂမိက ရဟန်းတို့အတွက် နေရာခင်းခြင်း ကိစ္စဖြင့် များပြားလှရကား တညီတညွတ်တည်း တိုင်ပင် ပြီးလျှင် အလုံးစုံ ရှိသမျှ သံဃိကအိပ်ရာ, အခင်း, အရုံ စသည်ကို တခုသော ပုဂ္ဂိုလ်အား ဝိုင်းဝန်းစုရုံး၍ ပေးကြပါသည်၊

အာဂန္တုက ရဟန်းတို့ လာရောက်၍ "ငါ့ရှင်တို့.... ငါတို့အား နေရာခင်း ပေးကြကုန်လော့" ဟု ပြောကြားသောအခါ "သံဃိက ခုတင် (ခံတင်)

ကျောင်းဆောင်, အိပ်ရာ, နေရာ မရှိ အလုံးစုံ ရှိသမျှသော,အိပ်ရာ,နေရာ ခုတင် (ခံတင်) ကျောင်းဆောင်ကို တပါးသော ရဟန်းအား ပုဂ္ဂလိက အဖြစ်ဖြင့် ပေး၍ပြီးချေပြီ” ဟု ပြန်ကြားလျှောက်ထားသည်တွင်—

များစွာသော ရဟန်းတို့က “သံဃိက ဖြစ်သော အိပ်ရာ, နေရာ, ခုတင် (ခံတင်) ကျောင်းဆောင်ကို ငါ့ရှင်တို့သည် စွန့်ကြပါသလော” ဟု မေးမြန်းသည်ရှိသော် “စွန့်ပါဘိကြောင်း” ပြန်ပြောင်း၍ လျှောက်ထားသော ဝတ္ထုဝယ် ထို ငါးဖြာသော ဂရုဘဏ် ပစ္စည်းအရပ်ရပ်ကို မစွန့်ကောင်း မစွန့်ထိုက်ပါဘဲလျက် စွန့်လှူသော ပုဂ္ဂိုလ်အား စွန့်လှူရာလည်း မရောက် စွန့်လှူခဲ့သည်ရှိသော် ထုလ္လစ္စည်းအာပတ် သင့်စေ ဟု သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ဂရုဘဏ် ပစ္စည်းကို မပေးကမ်းနိုင်ခြင်း ပြီး၏

---

## ဂရုဘဏ် ပစ္စည်းကို ဝေဘန်ခွဲခြမ်းမှု မပြုနိုင်ခြင်း

ပုစ္ဆာ။ ။ပဉ္စ အာဝုသော အဝေဘင်္ဂိယာနိ ဘဂဝတာ ကတ္ထ ပညတ္တာနိ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တာနိ။

ဝိဿဇ္ဇနာ။ ။ကီဋာဂိရိသ္မိံ ဘန္တေ အဿဇိပုနဗ္ဗသုကေ ဘိက္ခူ အာရဗ္ဘ ပညတ္တာနိ၊ အဿဇိပုနဗ္ဗသုကာ ဘန္တေ ဘိက္ခူ သံဃိကံ သေနာသနံ ဝိဘဇိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တာနိ။

အမေး။ ။ငါးမျိုးသော သံဃိက ဂရုဘဏ် ပစ္စည်းတို့ကို ခွဲခြမ်း၍ မယူရ ခွဲဝေ၍ မယူရ ခွဲဝေ၍ ယူသော်လည်း အထမမြောက် ဟု မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထို ပညတ်ချက်ကို ဘယ်မှို။ပ။ ငါ့ရှင်။

အဖြေ။ ။ကီဋာဂိရိ အရပ်၌ အဿဇိပုနဗ္ဗသုက ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

မြတ်စွာဘုရားသည် သာဝတ္ထိပြည်မှ ကီဋာဂိရိဇနပုဒ်သို့ များစွာသော ရဟန်းအပေါင်းတို့နှင့်၎င်း အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလ္လာန်တို့နှင့် ၎င်း ဒေသစာရီ ကြွချီတော်မူပါသည်၊

အဿဇိပုနဗ္ဗသုက ရဟန်းတို့သည် ထို သတင်းကို ကြားလတ်သည် ရှိသော် "သာရိပုတ္တရာ, မောဂ္ဂလ္လာန်တို့သည် ယုတ်မာသော အလိုရှိကုန်၏ အလိုဆိုး၏ အလိုသို့ လိုက်ကုန်၏" ဤသို့ အစရှိသည်ဖြင့် အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလ္လာန်တို့၏ အပေါ်၌ ဂုဏ်မဲ့ကို, မစ္ဆရိယတရား များပြားလှ၍ ရှိ သမျှသော သံဃိက အိပ်ရာ, နေရာ, ခုတင် (ခံတင်) ညောင်စောင်း စသည်ကို ဝေဘန်၍ယူဘို့ရန် တညီတညွတ်တည်း တိုင်ပင်ဆုံးဖြတ်ကြ၍ ဝေဘန်၍ ယူကြပါသည်၊

သဗ္ဗညုမြတ်စွာဘုရား ကီဋာဂိရိ ဇနပုဒ်သို့ ရောက်ရှိသောအခါ အဿဇိ ပုနဗ္ဗသုက ရဟန်းတို့ထံ များစွာသော ရဟန်းတို့ကို စေလွှတ်၍ "ဘုရား အမှူး ရှိသော သံဃာတော်တို့နှင့်တကွ ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလ္လာန်တို့ ရောက်ရှိ လာကြောင်း နေရာခင်းရမည် ဖြစ်ကြောင်း" ဘုရား မိန့်ကြားတော်မူသည် တွင် တမန် ရဟန်းတို့ ရောက်ရှိ၍ အဿဇိပုနဗ္ဗသုက ရဟန်းတို့အား ပြောကြား သော အခါ—

"ငါတို့သည် ရှိသမျှသော သံဃိက ခုတင် (ခံတင်) ညောင်စောင်း, အိပ်ရာ, နေရာ တို့ကို ဝေဘန်၍ ယူပြီးကြကုန်ပြီ၊ သာရိပုတ္တရာ, မောဂ္ဂလ္လာန် တို့သည် ယုတ်မာသော အလိုရှိကုန်၏ အလိုဆိုး၏ အလိုသို့ လိုက်ပါကုန်၏ မြတ်စွာဘုရား ကြွလာခြင်းမှာ ကောင်းသော ကြွလာခြင်းပင် ဖြစ်ပါသည်၊ ဘုရားအလိုတော်ရှိရာ ကျောင်း၌ သီတင်းသုံးတော်မူလိမ့်မည် ငါတို့သည် သာရိပုတ္တရာ, မောဂ္ဂလ္လာန်တို့အတွက် နေရာခင်း၍ မပေးနိုင်" ဟု ပြောကြား ကြပါသည်၊

ထိုအခါ တမန် ရဟန်းတို့က "ငါ့ရှင်တို့သည် သံဃိက အိပ်ရာ, နေရာ, ခုတင် (ခံတင်) ညောင်စောင်းကို ဝေဘန်၍ ယူကြပါသလော" ဟု မေးမြန်း သည်တွင် "ဟုတ်မှန်ကြောင်း" ဝန်ခံသဖြင့် ဘုရားထံမှောက် ပြန်ကြား လျှောက်ထားသောအခါဝယ် ထို ငါးဖြာသော အဝေဘဂိယ ပစ္စည်းတို့ကို မဝေဘန်ကောင်း ဝေဘန်သော်လည်း ဝေဘန်ရာ မမြောက်ကြောင်း၊ အကြင် ရဟန်းသည် ဝေဘန်ငြားအံ့ ထို ရဟန်းအား ထုလ္လစ္စည်း အာပတ် သင့် ကြောင်း သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ဂရုဘဏ် ပစ္စည်းကို ဝေဘန်ခွဲခြမ်းမှု မပြုနိုင်ခြင်း ပြီး၏

### သံဃိက ကျောင်းပစ္စည်းကို လှူဒါန်းရာမှ တခြားဌာနသို့ မသုံးစွဲနိုင်ခြင်း

ပုစ္ဆာ။ ။အညတြ ပရိဘောဂံ အာဝုသော အညတြ ပရိဘုဥ္ဇန္တဿ ဒုက္ကဋ္ဌံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။အာဠဝိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ အညတရဿ ဥပါသကဿ ဝိဟာရ-ပရိဘောဂံ သေနာသနံ အညတြ ပရိဘုဥ္ဇိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။အခြားတပါးသော ကျောင်း၌ သုံးဆောင်ရန် လှူဒါန်း၍ ထားသော သံဃိက သေနာသန အသုံးအဆောင် ပစ္စည်းကို အခြားတပါးသော ကျောင်းသို့ အခိုက်အတန့်မျှ မဟုတ်ဘဲ အစဉ်ထာဝရ ယူဆောင်၍ သုံးဆောင်သော ရဟန်းအား ဒုက္ကဋ် အာပတ်ကို မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထို ဒုက္ကဋ် အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။အာဠဝီပြည် အရပ်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

များစွာသော ရဟန်းတို့သည် ဥပါသကာ ဒါယကာတယောက် လှူဒါန်း၍ ထားသော သေနာသနပရိဘောဂ ကျောင်း အသုံးအဆောင်ဖြစ်သော သံဃိက အခင်း စသည်ကို အခြားတပါးသော အရပ်သို့ ရွှေ့ပြောင်း၍ သုံးဆောင်ကြပါသည်၊

ထိုအခါ ထိုဒါယကာက များစွာကဲ့ရဲ့ ရှုတ်ချစကား ပြောကြားပါသည်၊ ထိုသို့သော မူခင်းကိစ္စကြောင့် ထိုဒုက္ကဋ်အာပတ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

သံဃိက ကျောင်းပစ္စည်းကို လှူဒါန်းရာမှ တခြားဌာနသို့ မသုံးစွဲနိုင်ခြင်း ပြီး၏

---

### ဘိနပ်စီးခြင်းစသည်ဖြင့် အိပ်ရာ, နေရာပေါ် သို့ မတက်ရခြင်း

ပုစ္ဆာ။ ။အဓောတေဟိ စ အာဝုသော အလ္လေဟိ စ ပါဒေဟိ သေနာသနံ အက္ကမန္တဿ စ သဉပါဟနေန သေနာသနံ အက္ကမန္တဿ စ ဒုက္ကဋ္ဌံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိသဇ္ဇနာ။ ။အာဋဝိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ အဓောတေဟိ ပါဒေဟိ သေနာသနံ အက္ကမိံသု၊ အလ္လေဟိ စ ပါဒေဟိ သေနာသနံ အက္ကမိံသု၊ သဥပါဟနာ ပိ သေနာသနံ အက္ကမိံသု၊ သေနာသနံ ဒုဿိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ခြေထောက်ကို ဆေးကြောခြင်း မပြုဘဲ ထိုမဆေးကြော ရသေးသော ခြေထောက်တို့ဖြင့် အိပ်ရာ နေရာပေါ်သို့ နင်းတက်သော ရဟန်း အားရှင်း ဆေးကြောထား၍ ရေစိုနေသော ခြေထောက်တို့ဖြင့် အိပ်ရာနေရာ ပေါ်သို့ နင်းတက်သော ရဟန်းအားရှင်း ဘိနပ်စီးလျက် အိပ်ရာနေရာပေါ်သို့ နင်းတက်သော ရဟန်းအားရှင်း ဒုက္ကဋ်အာပတ်ကို မြတ်စွာဘုရား ပညတ်တော် မူခဲ့ပေ၏၊ ထို ဒုက္ကဋ်အာပတ်ကို ဘယ်မြို့။ပ။ ငါ့ရှင်။

အဖြေ။ ။အာဋဝီပြည် အရပ်၌ များစွာသော ရဟန်းတို့ကို အကြောင်း ပြု၍ ပညတ်တော်မူအပ်ပါသည်၊

များစွာသော ရဟန်းတို့သည် ခြေကိုမဆေးမကြောကုန်ဘဲ အခင်း,အရုံ, နေရာတို့ကို နင်းကြပါကုန်သည်၊ ခြေဆေးပြီးစ စိုစွတ်သော ခြေတို့ဖြင့်လည်း အခင်း, အိပ်ရာ, နေရာတို့ကို နင်းကြပါကုန်သည်၊ ဘိနပ်စီးကုန်လျက်လည်း အိပ်ရာ, နေရာ, သံဃိက အခင်းတို့ကို နင်းကြပါကုန်သည်၊ အိပ်ရာ နေရာ အခင်းတို့သည် ညစ်နွမ်းခဲ့ကြပါကုန်သည်၊

ထိုသို့သော မှုင်းကိစ္စကြောင့် ထို ဒုက္ကဋ် အာပတ် သုံးမျိုးကို သဗ္ဗညု မြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ဘိနပ်စီးခြင်းစသည်ဖြင့် အိပ်ရာ, နေရာပေါ်သို့ မတက်ရခြင်း ပြီး၏

---

## စည်းကမ်းမရှိ တံတွေးထွေးမှု, မှီ၍ထိုင်မှု မပြုရခြင်း

ပုစ္ဆာ။ ။ပရိကမ္မကတာယ အာဝုသော ဘူမိယာ နိဋ္ဌုဘန္တဿ စ ပရိကမ္မကတံ ဘိတ္တိံ အပဿယန္တဿ စ ဒုက္ကဋံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိသဇ္ဇနာ။ ။အာဠဝိယံ ဘန္တေ သမ္ဗဟုလေဝ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ ပရိကမ္မကတာယ ဘူမိယာ နိပဇ္ဇိတုံ သု၊ ပရိကမ္မကတံ ဘိတ္တိံ အပဿယိတုံ သု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။အပြေအပြစ် အညီအညွတ် ပြုလုပ်ထားသော သမန်သလင်း မြေပြင်ပေါ်၌ တံတွေးထွေးသော ရဟန်းအားရင်း အညီအညွတ် အပြေ အပြစ် ပြုလုပ်၍ ဆေးသုတ်ထားသော, သို့မဟုတ် ပန်းချီဆေးရေးထားသော နံရံကို သင်္ကန်းအခုအခံမပါဘဲ အသားဖြင့် ထိစေလျက် မှီသော ရဟန်းအား ရင်း ဒုက္ကဋ် အာပတ်ကို မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထို ဒုက္ကဋ် အာပတ်ကို ဘယ်မြို့၊ပ။ ငါ့ရှင်။

အဖြေ။ ။အာဠဝီပြည် အရပ်၌ များစွာသော ရဟန်းတို့ကိုပင် အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

များစွာသော ရဟန်းတို့သည် အပြေအပြစ် အညီအညွတ် ပြုအပ်သော သမန်သလင်း မြေပြင်စသည်၌ အညစ်အကြေး တံတွေး ထွေးကြပါ ကုန်သည်၊

များစွာသော ရဟန်းတို့သည်ပင်လျှင် အပြေအပြစ် ပြုပြင်စီရင်အပ် သော နံရံကို မှီရာ တံကဲပျဉ် မပါဘဲ မှီကြပါကုန်သည်၊

သို့ မှီခြင်းဖြင့် နံရံ အပြင်သည်လည်း ညစ်နွမ်းခဲ့ပါသည် အောက် အညီအညွတ် ပြုအပ်သောမြေပြင်သည်လည်း ညစ်နွမ်းခဲ့ပါသည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့် ထို ဒုက္ကဋ် အာပတ် နှစ်မျိုးကို သဗ္ဗညုမြတ်စွာဘုရား ပညတ် တော်မူအပ်ပါသည် အရှင်ဘုရား။

စည်းကမ်းမရှိ တံတွေးထွေးမှု, မှီ၍ထိုင်မှု မပြုရခြင်း ပြီး၏

---

**သေနာသနက္ခန္ဓက၌ အာပတ် အကျဉ်းချုပ်**

ပုစ္ဆာ။ ။သေနာသနက္ခန္ဓကံ ပုစ္ဆိဿံ, သနိဒါနံ သနိဒ္ဒေသံ။ သမုက္ကဋ္ဌပဒါနံ အာဝုသော ကတိ အာပတ္တိယော။

ဝိဿဇ္ဇနာ။ ။သေနာသနက္ခန္ဓကံ ဝိဿဇ္ဇိဿံ၊ သနိဒါနံ သနိဒ္ဒေသံ။
သမုက္ကဋ္ဌပဒါနံ ဘန္တေ တိဿော အာပတ္တိယော။

အမေး။ ။နိဒါန်း နိဒ္ဒေသနှင့်တကွသော သေနာသနက္ခန္ဓကကို မေး မြန်းပေအံ့၊ သေနာသနက္ခန္ဓကလာ မြတ်စွာဘုရား ပညတ်တော်မူအပ်သော ပညတ်ချက်တို့နှင့် စပ်ဆိုင်သော အာပတ်တို့သည် အကျဉ်းချုပ်အားဖြင့် အဘယ်မျှ ရှိပါကုန်သနည်း ငါ့ရှင်။

အဖြေ။ ။နိဒါန်း နိဒ္ဒေသနှင့် တကွသော သေနာသနက္ခန္ဓကကို ဖြေ ကြား လျှောက်ထားပါမည်၊ ဤ သေနာသနက္ခန္ဓကဥ္ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်သော စကားတော်တို့နှင့် စပ်ဆိုင်သော အာပတ်တို့ သည်ကား အကျဉ်းချုပ်အားဖြင့် ဒုက္ကဋ် အာပတ်, ပါစိတ်အာပတ်, ထုလ္လစ္စည်း အာပတ် အားဖြင့် သုံးပါး အပြား ရှိပါကုန်သည် အရှင်ဘုရား။

**သေနာသနက္ခန္ဓက ပြီး၏**

# ၇-သံဃဘေဒကက္ခန္ဓက

## သာကီဝင် မင်းသား (၆)ဦးနှင့် ဥပါလိ ရဟန်းပြုခဏ်း

ပုစ္ဆာ။ ။ကထံ အာဝုသော ဆန္နံ သကျကုမာရာနံ သဟ ဥပါလိကပ္ပကေန ပဗ္ဗဇ္ဇာ အဟောသိ၊ ကထဥ္စ နေသံ ဝိသေသော ဥဒပါဒိ။

ဝိဿဇ္ဇနာ။ ။ဘဂဝါ ဘန္တေ ဥပါလိံ ကပ္ပကံ ပဌမံ ပဗ္ဗာဇေသိ၊ ပစ္ဆာ တေ သကျကုမာရေ၊ အထ ဘန္တေ အာယသ္မာ ဘဒ္ဒိယော တေနေဝ အန္တရဝဿေန တိဿော ဝိဇ္ဇာ သစ္ဆာကာသိ၊ အာယသ္မာ အနုရုဒ္ဓေါ ဒိဗ္ဗစက္ခုံ ဥပ္ပါဒေသိ၊ အာယသ္မာ အာနန္ဒော သောတာပတ္တိဖလံ သစ္ဆာကာသိ၊ ဒေဝဒတ္တော ပေါထုဇ္ဇနိကံ ဣဒ္ဓိံ အဘိနိပ္ဖါဒေသိ။ ဧဝံ ခေါ ဘန္တေ ဆန္နံ သကျကုမာရာနံ ဥပါလိကပ္ပကေန သဟ ပဗ္ဗဇ္ဇာ အဟောသိ၊ ဧဝဥ္စ ပန ဘန္တေ တေသံ ဝိသေသာဓိဂမော အဟောသိ။

အမေး။ ။ဥပါလိ မည်သော ဆတ္တာသည်နှင့်တကွ ခြောက်ယောက်သော သာကီဝင် မင်းသားတို့အား ရဟန်းပြုခြင်းသည် အဘယ်သို့သော နည်းဖြင့် ဖြစ်ခဲ့ပါသနည်း၊ ထို သာကီဝင်မင်းသား ရဟန်းတို့အား တရားထူး ဖြစ်ပေါ်ခြင်းသည် အဘယ်သို့သော နည်းဖြင့် ဖြစ်ပေါ်ခဲ့ ရရှိခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။မြတ်စွာဘုရားသခင်သည် အနုပိယ မည်သော နိဂုံး၌ သီတင်းသုံး နေတော်မူသောအခါ ကပိလဝတ်ပြည် သာကီဝင်မင်းထည်းမှ ဘဒ္ဒိယ မင်းသား အမှူးပြုသော မင်းသားခြောက်ဦးနှင့်တကွ ဥပါလိ ဆတ္တာသည်တို့သည် ဘုရားထံမှောက် သွားရောက်ကြပါသည်၊

ဘုရားထံမှောက် ရဟန်းပြုရန် ရောက်ရှိကြသောအခါ သာကီဝင် မင်းသားတို့က မြတ်စွာဘုရားအား လျှောက်ထားကြသည်မှာ—

"ရှင်တော်ဘုရား.... တပည့်တော်တို့ သာကီဝင်မင်းသားတို့ မည်သည်မှာ လွန်စွာ လွန်စွာ မာန် မာနကြီးကြပါကုန်သည် ဤ ဥပါလိ ဆတ္တာသည် သည် ရှည်လျားစွာသော အခါကာလပတ်လုံး တပည့်တော်တို့၏ အလုပ်အကျွေး "ဥပဋ္ဌာက, ပရိစာရက" ဖြစ်ခဲ့ပါသည်၊

ရှင်တော်ဘုရားသည် ဥပါလိ ဆတ္တာသည်ကို ရှေးဦးစွာ ရဟန်းပြုပေးတော်မူပါ နောက်မှ တပည့်တော်တို့ သာကီဝင်မင်းသား ခြောက်ဦးကို ရဟန်းပြုပေးတော်မူပါ၊ သို့ပြုပေးလျှင် တပည့်တော်တို့သည် ဥပါလိအား ရှိခိုးခြင်း, ခရီးဦး ကြိုဆိုခြင်း, အရိုအသေပြုခြင်းဖြင့် တပည့်တော်တို့ သာကီဝင်မင်းတို့၌ ဖြစ်တတ်သော မာန်မာန တရားကို ပယ်ရှားပြီး ဖြစ်ပါလိမ့်မည် ဟု လျှောက်ထားသည့်အတိုင်း သဗ္ဗညု မြတ်စွာဘုရားသည် ဥပါလိ ဆတ္တာသည်ကို ရှေးဦးစွာ ရှင်ရဟန်းပြုပေးပါသည် နောက်မှ ဘဒ္ဒိယမင်းသား အမှူးပြုသော သာကီဝင်မင်းသား ခြောက်ဦးတို့ကို ရှင်ရဟန်း ပြုပေးပါသည်၊

ထိုအခါ ရဟန်းပြုကြသော ပဌမဝါတွင်း၌ပင်လျှင် အရှင်ဘဒ္ဒိယ မထေရ်သည် ဝိဇ္ဇာသုံးပါးကို မျက်မှောက်ပြုရပါသည် အရှင်အနုရုဒ္ဓါသည် ဒိဗ္ဗစက္ခုအဘိညာဉ်ကို ဖြစ်စေခဲ့ပါသည် အရှင်အာနန္ဒာသည် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခဲ့ရပါသည် အရှင်ဒေဝဒတ်သည် ပုထုဇဉ်တို့၌ ရသင့်ရထိုက်သော တန်ခိုး အဘိညာဉ် လောကီစျာန်ကို ရရှိစေပါသည်၊

ဤသို့လျှင် ဥပါလိ ဆတ္တာသည်နှင့်တကွ သာကီဝင်မင်းသား ခြောက်ဦးတို့၏ ရှင်ရဟန်းပြုခြင်းသည် ဖြစ်ခဲ့ပါသည်၊ ထို သာကီဝင်မင်းသားတို့၏ ဤဆိုအပ်ပြီးသောအတိုင်း စျာန် မဂ်ဖိုလ် တည်းဟူသော တရားအထူး ရခြင်း ဖြစ်ခဲ့ပါသည် အရှင်ဘုရား။

သာကီဝင် မင်းသား(၆)ဦး နှင့် ဥပါလိ ရဟန်းပြုခဏ်း ပြီး၏

---

## ပကာသနီယ ကံ ခွင့်ပြုခြင်း

ပုစ္ဆာ။ ။ပကာသနီယကမ္မံ အာဝုသော ကာတုံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ ဒေဝဒတ္တံ အာရဗ္ဘ ပညတ္တံ၊ ဒေဝဒတ္တော ဘန္တေ "သရာဇိကာယ မံ ဘဂဝါ ပရိသာယ ခေဠာသကဝါဒေန အပသာဒေတိ၊ သာရိပုတ္တမောဂ္ဂလ္လာနေဝ ဥက္ကံသတီ"တိ ကုပိတော အနတ္တမနော ဘဂဝတိ အာဃာတံ ဗန္ဓိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ရဟန်း၏ စိတ်သဘောထား အခြေအနေ ပြောင်းလဲပုံ စသည်ကို လူအများသိအောင် ကျေညာစေရသော ပကာသနီယ ကံကို မြတ်စွာဘုရားသည် ဘယ်မြို့။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ ရှင်ဒေဝဒတ်ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

ရာဇဂြိုဟ်ပြည်၌ မြတ်စွာဘုရားသည် မင်းနှင့်တကွသော များစွာသော ပရိသတ်လေးပါး ဝန်းရံလျက် တရားဟောတော် မူနေဆဲအခါ ရှင်ဒေဝဒတ်သည် ပရိသတ် အလည်မှထ၍—

"ရှင်တော်ဘုရားသည် အသက်အရွယ် ကြီးရင့်တော်မူပါပြီ ပရိသတ်ကို ကြောင့်ကြမဲ့ ဂရုမစိုက်ဘဲ ဒိဋ္ဌဓမ္မသုခဝိဟာရ ဖြစ်ရန် ဈာန်မဂ်ဖိုလ်ချမ်းသာဖြင့် နေတော်မူပါ တပည့်တော်ကို ဂိုဏ်းသံဃာကို လွှဲအပ်တော်မူပါ" ဟု လျှောက်ထားသည်တွင်—

"ဒေဝဒတ်....မသင့်၊ သင်သည် ဂိုဏ်းသံဃာကို စောင့်ရှောက်ဘို့ရန် မကြံလင့်" ဟု သုံးကြိမ်တိုင်တိုင် တားမြစ်ပါသော်လည်း လျှောက်ထားမြဲ လျှောက်ထားသဖြင့် မြတ်စွာဘုရားက—

"သာရိပုတ္တရာ, မောဂ္ဂလ္လာန်တို့အားပင်သော်မှလည်း ငါဘုရားသည် ဂိုဏ်းသံဃာကို မနှင်းအပ်ပါပေ သင်ကဲ့သို့ ယုတ်မာလှသော သူတပါး၏ တံတွေးကို စားမျိုလေ့ရှိသော ပုဂ္ဂိုလ်အား ငါဘုရားသည် အဘယ်မှာလျှင် ဂိုဏ်းသံဃာကို နှင်းအပ်ပါအံ့နည်း" ဟု မောင်းမဲတော် မူပါသည်၊

ဒေဝဒတ်သည် "မင်းနှင့်တကွသော ပရိသတ် လေးပါးအလည်၌ ငါ့ကို ဘုရားကိုယ်တော်မြတ်သည် တံတွေးစား ဝါဒဖြင့် ရက်ရက်စက်စက် မောင်းမဲ ဘိလေခြင်း.... သာရိပုတ္တရာ, မောဂ္ဂလ္လာန်တို့ကိုသာလျှင် ချီးမြှောက်ဘိ လေခြင်း" ဟု ပြင်းစွာအမျက်ထွက်၍ ဘုရားကိုယ်တော်မြတ် အပေါ်၌ ရန်ငြိုးဖွဲ့ခဲ့ပါသည်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် ပကာသနီယ ကံကို ဒေဝဒတ်အား ပြုလုပ်ရန် သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ပကာသနီယ ကံ ခွင့်ပြုခြင်း ပြီး၏

## ပကာသနီယ ကံ ကို ကျေညာစေခြင်း

ပုစ္ဆာ။ ။ဒေဝဒတ္တဿ အာဝုသော ပကာသနီယကမ္မံ ကာရာပေတွာ ကထံ ဘဂဝါ ပကာသေတုံ အာဏာပေသိ။

ဝိဿဇ္ဇနာ။ ။ဘဂဝါ ဘန္တေ ဒေဝဒတ္တဿ ပကာသနီယကမ္မံ ကာတုံ ပညပေတွာ အာယသ္မန္တံ သာရိပုတ္တံ အာမန္တေသိ "တေန ဟိ တွံ သာရိပုတ္တ ဒေဝဒတ္တံ ရာဇဂဟေ ပကာသေဟိ"တိ၊ ဧဝံ ခေါ ဘန္တေ ဒေဝဒတ္တဿ ပကာသနီယကမ္မံ ကတွာ ဒေဝဒတ္တံ ရာဇဂဟေ ပကာသေတုံ ဘဂဝါ အာဏာပေသိ။

အမေး။ ။ရှင်ဒေဝဒတ်အား ပကာသနီယ ကံကို ပြုစေပြီးလျှင် မြတ်စွာဘုရားသည် ထို ရှင်ဒေဝဒတ်၏ သဘောရင်းကို လူများသိစေရန် ကျေညာစေရန် အလို့ငှါ ဘယ်သို့လျှင် မိန့်တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။မြတ်စွာဘုရားသည် ရှင်ဒေဝဒတ်ကို ကမ္မဝါစာဖြင့် ပကာသနီယ ကံကို ပြုစေပြီးသောအခါ အရှင်သာရိပုတ္တရာကို "ချစ်သား သာရိပုတ္တရာ....ထိုသို့ ပကာသနီယ ကံ ပြုပြီးရကား သင်ချစ်သားသည် ရာဇဂြိုဟ်ပြည်တွင်းသို့ ဝင်ရောက်၍ ဒေဝဒတ်ကို ဘုရားအလိုတော်နှင့် တခြားတပါးဖြစ်ကြောင်း ထင်ရှားအောင် ပြောကြားလေ" ဟု မိန့်ကြား အာဏာထားတော်မူပါသည်၊

ထိုအခါ အရှင်သာရိပုတ္တရာက "တပည့်တော်သည် ရှေးအခါက ဒေဝဒတ်၏ ဂုဏ်ကျေးဇူးစကား ပြောကြားခဲ့ပါသည် ယခု ဒေဝဒတ်၏ ကျေးဇူးမဲ့ကို ပြောရမည်မှာ အဘယ်သို့ ပြောရပါမည်နည်း ဘုရား" ဟု မဝံ့မစား လျှောက်ထားသည်ရှိသော်——

"ရှေးအခါက ဒေဝဒတ်၏ ဂုဏ်ကျေးဇူးစကားကို သင်ချစ်သား ပြောကြားသည်မှာလည်း ဟုတ်မှန်သည်ကိုပင် ပြောကြားသည် မဟုတ်ပါလော" ဟု မေးမြန်းတော်မူပါသည်၊

ဟုတ်မှန်ပါကြောင်း ပြန်ပြောင်းလျှောက်ထားရာ "ယခုလည်း ဒေဝဒတ်သည် ဘုရား,တရား,သံဃာ၏ အလိုနှင့် ဆန့်ကျင်၍ ပြောဆိုကြောင်း ဟုတ်မှန်သည့်အတိုင်း ထင်ရှားအောင် ပြောကြား ပြရမည်" ဟု မိန့်ကြားတော်မူခဲ့ပါသည်၊

ဤသို့လျှင် ဒေဝဒတ်အား ပကာသနီယ ကံကို ပြုပြီးစေပြီးသည်ရှိသော် သဗ္ဗညုမြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာကို ရာဇဂြိုဟ်ပြည်၌ ဒေဝဒတ်ကို ထင်ရှားစွာ ပြဘို့ရန် အာဏာ ထားတော်မူခဲ့ပါသည် အရှင်ဘုရား။

ပကာသနီယ ကံကို ကျေညာစေခြင်း ပြီး၏

---

## ဒေဝဒတ် ကျောက်တုံး လှိမ့်ချခြင်း

ပုစ္ဆာ။ ။ကထံ အာဝုသော ဒေဝဒတ္တေန ဒုဋ္ဌစိတ္တေန ဝဓကစိတ္တေန တထာဂတဿ ရုဟိရုံ ဥပ္ပါဒေတွာ ပဌမံ အာနန္တရိယံ ကမ္မံ ဥပစိတံ။

ဝိဿဇ္ဇနာ။ ။ဘဂဝါ ဘန္တေ ဂိဇ္ဈကူဋဿ ပဗ္ဗတဿ ဆာယာယံ စင်္ကမိ၊ အထ ဘန္တေ ဒေဝဒတ္တော ဂိဇ္ဈကူဋံ ပဗ္ဗတံ အာရုဟိတွာ မဟတိံ သိလံ ပဝိဇ္ဈိ "ဣမာယ သမဏံ ဂေါတမံ ဇီဝိတာ ဝေါရောပေဿာမိ"တိ၊ အထ ခေါ ဘန္တေ ဒွေ ပဗ္ဗတကူဋာနိ သမာဂန္တွာ တံ သိလံ သမ္ပဋိစ္ဆိံသု၊ တတော ပပတိကာ ဥပ္ပတိတွာ ဘဂဝတော ပါဒေ ရုဟိရုံ ဥပ္ပါဒေသိ။ ဧဝံ ခေါ ဘန္တေ ဒေဝဒတ္တေန ဒုဋ္ဌေန ဝဓကစိတ္တေန တထာဂတဿ ရုဟိရုံ ဥပ္ပါဒေတွာ ပဌမံ အာနန္တရိယကမ္မံ ဥပစိတံ။

အမေး။ ။အရှင်ဒေဝဒတ်သည် မြတ်စွာဘုရား အပေါ်၌ ပြစ်မှားသောစိတ်, သေစေလိုသောစိတ်ဖြင့် မြတ်စွာဘုရား၏ ကိုယ်တော်ဝယ် သွေးစိမ်း တည်အောင် ဘယ်နည်းဖြင့် ပြုလုပ်၍ သေသည်၏ အခြားမဲ့၌ အပါယ်ငရဲသို့ ကျစေနိုင်သော ကြီးလေးသော "အာနန္တရိယ"ကံကြီးကို ရှေးဦးစွာ ဆည်းပူးဖြစ်ပွါးစေခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။မြတ်စွာဘုရားသခင် ရာဇဂြိုဟ်ပြည် အရပ်၌ သီတင်းသုံးနေတော်မူသောအခါ ဂိဇ္ဈကုဋ်တောင်ရိပ်၌ လူးလာတုံ့ခေါက် စင်္ကြံရှောက်၍ ကြွတော်မူနေဆဲဖြစ်ပါသည်၊

ထိုအခါ ရှင်ဒေဝဒတ်သည် ပဌမဦးစွာ အဇာတသတ်မင်းထံမှ "အဘိမာရ" အမည်ရသော သူသတ်သမားတို့ကို စေလွှတ်၍လည်း မအောင်မြင်

နာဠေ့ာဂိရိ ဆင်ကို စေလွှတ်၍လည်း မအောင်မြင်သဖြင့် မိမိကိုယ်တိုင်ပင် မြတ်စွာဘုရားကို သေကျေအောင် သတ်ဖြတ်မည် ဟူသော ရည်ရွယ်ချက်ဖြင့် ဘုရားကိုယ်တော်မြတ် ဂိဇ္ဈကုဋ်တောင်ခြေရင်း စင်္ကြံကြွနေတော်မူသောအခါ ဂိဇ္ဈကုဋ်တောင်ပေါ်သို့ တက်ရောက်၍ "ဤကျောက်ဖြင့် ရဟန်းကြီး ဂေါတမကို ဇီဝိတိန္ဒြေမှ ချမည်" ဟူသော နှလုံးသွင်းဖြင့် ကြီးစွာသော ကျောက်တုံးကို လှိမ့်၍ ချပါသည်၊

ထိုအခါ တောင်ထွဋ်ကြီး နှစ်ခုသည် အလိုလို လာရောက်ဆုံပြီးလျှင် ထိုကျောက်တုံးကြီးကို ခံလင့်ကြပါကုန်သည်၊ ထို ကျောက်တုံးမှ ကျောက်အစိတ် ကျောက်စရစ်သည် ကောင်းကင်သို့ ပျံတက်၍ မြတ်စွာဘုရား၏ ခြေတော်၌ ထိခိုက်ပြီးလျှင် သွေးစိမ်းကို တည်စေပါသည်၊

ဤသို့လျှင် ဒေဝဒတ်သည် သတ်ဖြတ်လိုသော ဝဓကစိတ်, ပြစ်မှားလိုသော ပဒုဋ္ဌစိတ်ဖြင့် မြတ်စွာဘုရား၏ ကိုယ်တော်၌ သွေးစိမ်းကို တည်စေပြီးလျှင် စုတေသည်မှ အခြားမဲ့၌ ငရဲသို့ ကျေန်ကျရောက်စေတတ်သော အာနန္တရိယ ကံ ကို ပဌမဦးစွာ ဆည်းပူးအားထုတ်အပ်ပါသည် အရှင်ဘုရား။

ဒေဝဒတ် ကျောက်တုံး လှိမ့်ချခြင်း ပြီး၏

---

## တိက ဘောဇဉ် ပညတ်ခြင်း

ပုစ္ဆာ။ ။ကုလေသု အာဝုသော တိကဘောဇနံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ ဒေဝဒတ္တံ အာရဗ္ဘ ပညတ္တံ၊ ဒေဝဒတ္တော ဘန္တေ ပရိဟီနလာဘသက္ကာရော သပရိသော ကုလေသု ဝိညာပေတွာ ဝိညာပေတွာ ဘုဉ္ဇိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။ဒါယကာတို့ အိမ်တို့၌ မအပ်စပ်သော ပင့်ဘိတ်ခြင်းဖြင့် ပင့်ဘိတ်အပ်သော ဘောဇဉ်ကို သုံးပါးသာ တပေါင်းတည်း အလှူခံ၍ သုံးဆောင်နိုင်သော တိက ဘောဇဉ်ကို မြတ်စွာဘုရား ပညတ်တော်မူခဲ့ပေ၏၊ ထို တိက ဘောဇဉ်ကို ဘယ်မြို့ ဒေသ၌။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ ရှင်ဒေဝဒတ်ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

ရှင်ဒေဝဒတ်သည် မြတ်စွာဘုရားအား သွေးစိမ်းတည်အောင် ပြုပြီးသော အခါမှစ၍ များစွာသော လူအပေါင်းတို့ အကြည်ညိုမဲ့သဖြင့် ယုတ်လျော့သော လာဘ်ပူဇော်သက္ကာရ ရှိရကား ပရိသတ်နှင့်တကွ ဒါယကာတို့အိမ်သို့ တောင်းကာ တောင်းကာ လှည့်လည်ကျက်စား စားသောက်၍ နေပါသည်၊

ထိုအခါ များစွာသော ဒါယကာတို့က "ကောင်းသောအရသာကို မည်သူသည် မနှစ်သက်ဘဲ ရှိအံ့နည်း၊ အဘယ့်ကြောင့် ဤရဟန်းတော်တို့သည် ထိုထို ဒါယကာတို့ အိမ်တို့၌ တောင်းကာ ရမ်းကာ စားသောက်၍ နေကြကုန်ဘိသနည်း" ဟု ကဲ့ရဲ့စကား ပြောကြားကြပါကုန်သည်၊

ထိုသို့သော မူခင်းကိစ္စကြောင့် တိက ဘောဇဉ်ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

တိက ဘောဇဉ် ပညတ်ခြင်း ပြီး၏

---

**သံဃာ သင်းမခွဲရန် သြဝါဒ ပေးတော်မူခြင်း**

ပုစ္ဆာ။ ။အလံ ဒေဝဒတ္တ၊ မာ တေ ရုစ္စိ သံဃဘေဒေါ၊ ဂရုကော ခေါ ဒေဝဒတ္တ သံဃဘေဒေါတိ အာဒိကော အာဝုသော သြဝါဒေါ ဘဂဝတာ ကတ္ထ ဒိန္နော၊ ကိံသမ္ဘိ ဝတ္ထုသ္မိံ ဒိန္နော။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ ဒေဝဒတ္တံ အာရဗ္ဘ ဒိန္နော၊ ဒေဝဒတ္တော ဘန္တေ သံဃဘေဒါယ ပရက္ကမိ စက္ကဘေဒါယ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဒိန္နော။

အမေး။ ။"ချစ်သား ဒေဝဒတ်....သံဃာကွဲပြားခြင်းကို သင် မနှစ်သက်လင့် သံဃာကွဲပြားအောင် ပြုခြင်း, သံဃာကို ခွဲခြင်းသည် အလွန် အပြစ်ကြီးလေး၏" ဤသို့ အစရှိသည်ဖြင့် အဆုံးအမ သြဝါဒကို မြတ်စွာဘုရားသည် ဒေဝဒတ်အား ပေးခဲ့သည်မှာ အဘယ်သို့သော အကြောင်းဝတ္ထုကြောင့် ပေးတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ ရှင်ဒေဝဒတ်ကို အကြောင်းပြု၍ ပေးတော်မူအပ်ပါသည်၊

ရာဇဂြိုဟ်ပြည်၌ မြတ်စွာဘုရား သီတင်းသုံး နေတော်မူစဉ် ရှင်ဒေဝဒတ်သည် သံဃဘေဒက သိက္ခာပုဒ်တုန်းက လျှောက်ထားခဲ့သော အတိုင်း ငါးပါးသော ဝတ္ထုတို့ကို ဘုရားထံမှောက် လျှောက်သော်လည်း အခွင့်မရသဖြင့် မြို့တွင်းရွာတွင်းသို့ လှည့်လည်ကာ ဤငါးဖြာသော ဝတ္ထုတို့ကို ပြ၍ ဝါကြွားလျက် ရှိပါသည်၊

ရဟန်းတော်တို့က "အရှင်ဒေဝဒတ်သည် အဘယ့်ကြောင့် သံဃာသင်းကွဲအောင်, သာသနာ ကွဲပြားအောင် အားထုတ်ပါဘိသနည်း" ဟု ကဲ့ရဲ့ကြပါသည် ကဲ့ရဲ့ပြီးလျှင် မြတ်စွာဘုရားအား လျှောက်ထားပါသည်၊ "ဟုတ်မှန်ပါသလား" ဟု မေးမြန်းတော်မူသောအခါ ဟုတ်မှန်ကြောင်း ဒေဝဒတ်ပြန်ကြား ဝန်ခံသဖြင့်....

အလံ ဒေဝဒတ္တ၊ မာ တေ ရုစ္စိ သံဃဘေဒေါ၊ ဂရုကော ခေါ ဒေဝဒတ္တ သံဃဘေဒေါ—

မတော်ဘူး ဒေဝဒတ်....သင်သည် သံဃာသင်းကွဲခြင်းကို အလိုမရှိလေလင့် သံဃာကို သင်းကွဲစေခြင်းသည် လွန်စွာ့ လွန်စွာ အပြစ်ကြီးလှသည်၊ ချစ်သား ဒေဝဒတ်....အကြင်ပုဂ္ဂိုလ်သည် ညီညွတ်သော သံဃာကို သင်းခွဲ ငြားအံ့ ထိုပုဂ္ဂိုလ်သည် "ကပ္ပဋ္ဌိတိက" အမည်ရသော ရောမ အကုသိုလ်ကြီးကို ပွါးစေသည် မည်သည်၊ သို့ကြောင့် မတော်ဘူး ဒေဝဒတ်....သင်ချစ်သားသည် သံဃာ သင်းကွဲခြင်းကို အလိုမရှိလင့်....၊

ဤသို့ သဗ္ဗညုမြတ်စွာဘုရား ကြီးမားသော မဟာကရုဏာတော်ဖြင့် ဩဝါဒ ပေးသနားတော် မူခဲ့ပါသည် အရှင်ဘုရား။

သံဃာ သင်းမခွဲရန် ဩဝါဒ ပေးတော်မူခြင်း ပြီး၏

---

## ဓမ္မသံဝေဂ ဥဒါန်း ကျူးရင့်တော်မူခြင်း

ပုစ္ဆာ။ ။"သုကရံ သာဓုနာ သာဓုံ၊ သာဓုံ ပါပေန ဒုက္ကရံ။
ပါပံ ပါပေန သုကရံ၊ ပါပမရိယေဟိ ဒုက္ကရ"န္တိ–

အာဝုသော ဣဒံ ဥဒါနံ ဘဂဝတာ ကတ္ထ ဥဒါနိတံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဥဒါနိတံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ ဒေဝဒတ္တံ ယေဝ အာရဗ္ဘ ဥဒါနိတံ၊ အာယသ္မာ ဘန္တေ အာနန္ဒော ပုဗ္ဗဏှသမယံ နိဝါသေတွာ ပတ္တစီဝရမာဒါယ ရာဇဂဟံ ပိဏ္ဍာယ ပါဝိသိ၊ အဒ္ဒသ ခေါ ဘန္တေ ဒေဝဒတ္တော ယေနာယသ္မာ အာနန္ဒော တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ အာယသ္မန္တံ အာနန္ဒံ ဧတဒဝေါစ "အဇ္ဇတဂ္ဂေ ဒါနာဟံ အာဝုသော အာနန္ဒ အညတြေဝ ဘဂဝတာ အညတြေဝ ဘိက္ခုသံဃာ ဥပေါသထံ ကရိဿာမိ သံဃကမ္မံ ကရိဿာမိ"တိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဥဒါနိတံ။

အမေး။ ။ကောင်းသော အမှုကို ပြုလုပ်ရန်မှာ သူတော်ကောင်းအား လွယ်ကူလှပါပေ၏၊ ကောင်းသောအမှုကို ပြုလုပ်ရန် သူယုတ်မာအား ခဲယဉ်းလှပါပေစွ၊ မကောင်းသော အမှုကို ပြုလုပ်ရန် သူယုတ်မာအား လွယ်ကူလှပါပေ၏၊ မကောင်းသော အမှုကို ပြုလုပ်ရန် အရိယာ သူတော်ကောင်းတို့မှာ ခဲယဉ်းလှပါပေစွတကား ဟူသော ဤ ဓမ္မသံဝေဂ ဥဒါန်းကို မြတ်စွာဘုရားသည် ဘယ်မြို့။ပ။ ကျူးရင့်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ ရှင်ဒေဝဒတ်ကိုပင် အကြောင်းပြု၍ ကျူးရင့်တော် မူအပ်ပါသည်၊

အရှင်အာနန္ဒာသည် ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံဝင်တော်မူပါသည်၊ ထိုအခါ ရှင်ဒေဝဒတ်သည် ရှင်အာနန္ဒာရှိရာသို့ လာရောက်ပြီးလျှင် "ငါ့ရှင် အာနန္ဒာ....ယနေ့မှ အစပြု၍ ငါသည် ဘုရားနှင့် ခွဲခွါပြီး ရဟန်းသံဃာတော်နှင့်ခွဲခွါပြီး အသီးအခြား ဥပုသ်ပြုပေအံ့ အသီးအခြား ပဝါရဏာ, အသီးအခြား သံဃကံ ပြုပေအံ့" ဟု ပြောကြားပါသည်၊

ထိုအခါ အရှင်အာနန္ဒာသည် ဆွမ်းခံရာမှ ပြန်လာ၍ မြတ်စွာဘုရားအား ထိုအကြောင်းကို လျှောက်ထားသောအခါ မြတ်စွာဘုရား ကိုယ်တော်မြတ်သည်....

သုကရံ သာဓုနာ သာဓုံ၊ သာဓုံ ပါပေန ဒုက္ကရံ။
ပါပံ ပါပေန သုကရံ၊ ပါပမရိယေဟိ ဒုက္ကရံ။ ။

"သူတော်ကောင်းမှသာ ကောင်းသော အမှုကို ပြုလုပ်လွယ်ပေသည် သူယုတ်မာသည်ကား ကောင်းသော အမှုကို ပြုလုပ်ဘို့ရန် ခဲယဉ်းလှပေသည်၊ သူယုတ်မာသည် ယုတ်မာသော အမှုကို ပြုလုပ်ရန် လွယ်ကူလှပါပေသည်တကား ယုတ်မာသော အမှုကို သူတော်ကောင်းတို့အဘို ပြုလုပ်ရန် ခဲယဉ်းလှပါပေစွတကား" ဟု ဤမြေမသံဝေဂဥဒါန်းကို သဗ္ဗညုမြတ်စွာဘုရား ကျူးရင့်တော် မူခဲ့ပါသည် အရှင်ဘုရား။

ဓမ္မသံဝေဂ ဥဒါန်း ကျူးရင့်တော်မူခြင်း ပြီး၏

---

## နောက်လိုက် ရဟန်းတို့အား ထုလ္လစ္စည်းအာပတ် ပညတ်ခြင်း

### ဒေဝဒတ်၏ နောက်ပိုင်းဖြစ်ထွေ

ပုစ္ဆာ။ ။ဘေဒါနုဝတ္တကာနံ အာဝုသော ဘိက္ခူနံ ထုလ္လစ္စယံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ အာယသ္မာ ဘန္တေ သာရိပုတ္တော ဘဂဝန္တံ ဥပသင်္ကမိတွာ တေဒဝေါစ "သာဓု ဘန္တေ ဘေဒါနုဝတ္တကာ ဘိက္ခူ ပုန ဥပသမ္ပဇ္ဇေယျုံ"န္တိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။သံဃာကွဲပြားအောင် ပြုလုပ်သော သံဃဘေဒက ရဟန်း၏ အယူဝါဒကို လက်ခံ၍ သံဃာကွဲပြားအောင် ပြုလုပ်သော ထို သံဃဘေဒက ရဟန်း၏ နောက်သို့ အတုလိုက်၍ ကျင့်သော ရဟန်းတို့အား ထုလ္လစ္စည်းအာပတ်ကို မြတ်စွာဘုရား ပညတ်တော် မူခဲ့ပေ၏၊ ထို ထုလ္လစ္စည်း အာပတ်ကို။ပ။ ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ ငါးရာသော ရဟန်းတို့ကို အကြောင်းပြု၍ ရှင်သာရိပုတ္တရာ၏ လျှောက်ထားချက်အရ ပညတ်တော်မူအပ်ပါသည်၊

အနည်းငယ် လျှောက်ထားလိုပါသည်၊ ရှင်ဒေဝဒတ်သည် မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်၌ သီတင်းသုံး နေတော်မူသောအခါ ငါးပါးသော ဝတ္ထုတို့ကို တောင်း၍ မရသည်နှင့် ဥပုသ်ပြုသော သံဃာတို့၏ အလည်၌ သံဃာအစည်း

အဝေးတွင် ထ၍ “ငါ့ရှင်တို့ ငါတို့သည် ငါးပါးသော ဝတ္ထုတို့ကို ရဟန်းကြီး ဂေါတမထံ တောင်းရမ်း ပါကုန်သည် ငါးပါးသော ဝတ္ထုတို့ ဟူသည်မှာ....

(၁) ရဟန်းတော်မှန်သမျှ အသက်ထက်ဆုံး အာရညကင် ဓုတင် ဆောက်တည်ရမည်၊

(၂) ပိဏ္ဍပါတ် ဓုတင် ဆောက်တည်ရမည်၊

(၃) ပံသုကူ ဓုတင် ဆောက်တည်ရမည်၊

(၄) ရုက္ခမူ ဓုတင် ဆောက်တည်ရမည်၊

(၅) အသက်ထက်ဆုံး သက်သတ်လွတ် စားရမည်၊

ဤငါးပါးတို့တွင် တပါးပါးကို မလိုက်လျောသော ရဟန်းအား အာပတ် သင့်စေရန် မြတ်စွာဘုရားအား တောင်းပန်လျှောက်ထားသော်လည်း ထို ငါးပါးသော ဝတ္ထုကို ရဟန်းကြီး ဂေါတမသည် ပယ်ရှားခဲ့လေသည်၊ ငါတို့ သည် ထိုငါးပါးသော ဝတ္ထုတို့ကို ကျင့်ကြံ လိုက်နာကြပါကုန်သည် ငါတို့ အယူကို နှစ်သက်ကြသော ရဟန်းတို့သည် စာရေးတံ မဲ ဆန္ဒကို ယူကြကုန်” ဟု ထ၍ ပြောကြားပါသည်၊

ထိုအခါ ဝေသာလီပြည် ဝဇ္ဇီတိုင်းသား ငါးရာသော ရဟန်းငယ် နားမ လည်သူတို့သည် ဒေဝဒတ်၏ အယူကို အယူကောင်းမှတ်၍ ဒေဝဒတ်၏ မဲဆန္ဒ ကို ယူကြပါကုန်သည်၊ ထိုအခါ ဒေဝဒတ်သည် ငါးရာသော ရဟန်းငယ် လူမမယ်တို့ကို ခေါ်ယူ၍ ဂယာသီသ သို့ သွားပါသည်၊

ထိုအကြောင်းကို ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလ္လာန်တို့ မြတ်စွာဘုရား ထံမှောက် သွားရောက် လျှောက်ထားသည်တွင်——

“ချစ်သား သာရိပုတ္တရာ, ချစ်သား မောဂ္ဂလ္လာန်တို့.... သင် ချစ်သားတို့ သည် ထို ငါးရာသော ရဟန်းငယ် လူမမယ်တို့ အပေါ်၌ သနားမှ မသနားကြ လေကုန်ခြင်း....ယခုပင် လိုက်ပါသွား၍ ရဟန်းငယ် လူမမယ်တို့ကို ကယ်ဆယ် ကြကုန်လော့” ဟု မြတ်စွာဘုရား မိန့်ကြားတော်မူသည့်အတိုင်း ရှင်သာရိ ပုတ္တရာ, ရှင်မောဂ္ဂလ္လာန်တို့ ဂယာသီသ တောအုပ်သို့ ကြွတော်မူကြပါသည်၊

ထိုအခါ မြတ်စွာဘုရား၏ အနီးအပါး၌ ရဟန်းတပါးသည် သည်းစွာ ငိုကြွေး၍ နေပါသည် မြတ်စွာဘုရားက "ချစ်သား.... အဘယ်ကြောင့် ငိုကြွေး၍ နေပါသနည်း" ဟု မေးမြန်းပါသည်၊

"ရှင်တော်ဘုရား.... ရှင်တော်ဘုရား၏ အဂ္ဂသာဝက နှစ်ဆူ ဖြစ်တော်မူကြသော အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလ္လာန်တို့လည်း ရှင်ဒေဝဒတ် နောက်သို့ ကောက်ကောက်ပါအောင် လိုက်ပါကြလေကုန်ပြီ သို့ကြောင့် ဘုရားတပည့်တော် ငိုကြွေးပါကြောင်း" လျှောက်ထားသည်တွင် ရှင်ဒေဝဒတ် နောက်သို့ အဂ္ဂသာဝကနှစ်ပါး လိုက်သွားဘို့ အကြောင်းမရှိကြောင်း နှစ်သိမ့်စေတော်မူရပါသည်၊

အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလ္လာန်တို့ ဂယာသီသ တောအုပ်သို့ ရောက်သောအခါ ရှင်ဒေဝဒတ်သည် များစွာသော ရဟန်းပရိသတ် ခြံရံလျက် တရားဟောဆဲ ရှိပါသည်၊ ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလ္လာန်တို့ လာသည်ကို မြင်လတ်သည်ရှိသော် "ချစ်သားတို့....ကြည့်ကြပါကုန်လော့ ရဟန်းဂေါတမ ၏ အဂ္ဂသာဝကကြီး နှစ်ဆူပင် သော်မှ ငါ၏တရားကို လိုလားနှစ်သက်သဖြင့် လိုက်ပါလာကြကုန်ပြီ" ဟု ပြောပြပါသည်၊

ထိုအခါ ဒေဝဒတ်၏ အဖော် ကောကာလိက ရဟန်းက "ငါ့ရှင် ဒေဝဒတ်....သာရိပုတ္တရာ, မောဂ္ဂလ္လာန်တို့ကို အရောမဝင်ပါလင့် ထိုသာရိပုတ္တရာ, မောဂ္ဂလ္လာန်တို့သည် အလိုဆိုး ရမ္မက် ရှိကြပါကုန်သည်" ဟု ပြောပြပါသည်၊ ဒေဝဒတ်ကလည်း "မစိုးရိမ်ပါလင့်....ငါ့ရှင်ကောကာလိက၊ သာရိပုတ္တရာ, မောဂ္ဂလ္လာန်တို့သည် ငါ၏တရားကို နှစ်သက်၍ လိုက်ပါလာခြင်း ဖြစ်ကြပါသည် ကောင်းသောလာခြင်းဖြစ်ပါသည်" ဟု ပြောကြားပါသည်၊

အနီးအပါးသို့ ရောက်လာသောအခါ ရှင်ဒေဝဒတ်သည် အရှင်သာရိပုတ္တရာကို နေရာထက်ဝက်ပေး၍ ဘိတ်ကြားပါသည် အရှင်သာရိပုတ္တရာက လည်း• "တန်ပါပြီ ငါ့ရှင်....ရှိပါစေ" ဟု ပြောကြား၍ လျှောက်ပတ်သော အရပ်၌ နေပါသည်၊ အရှင်မောဂ္ဂလ္လာန်လည်း ထို့အတူ လျှောက်ပတ်သော အရပ်၌ နေပါသည်၊

ထိုအခါ ရှင်ဒေဝဒတ်သည် အရှင်သာရိပုတ္တရာကို "ငါ့ရှင်သာရိပုတ္တရာ.... ဤရဟန်းပရိသတ်ကား ထိန, မိဒ္ဓ ကင်းသောပရိသတ်, စင်ကြယ်သော ပရိသတ် ဖြစ်ပါသည် ဤရဟန်း ပရိသတ်၌ ငါ့ရှင် တရားဟောကြားပါ ငါ၏

ခါးကား ညောင်းညာလှပါသည် အနည်းငယ် ဆန့်တန်းဦးမည်” ဟု ဘုရားရှင်၏ လေသံမျိုးဖြင့် ပြောကြားခဲ့ပါသည် ရှင်သာရိပုတ္တရာသည် “ကောင်းပါပြီ” ဟု ဝန်ခံခဲ့ပါသည်၊ ရှင်ဒေဝဒတ်လည်း သင်္ကန်းကြီးကို ခင်း၍ ခေတ္တမျှ လျောင်းစဉ် အိပ်ပျော်ခြင်းသို့ ရောက်ပါသည်၊

ထိုအခါ ငါးရာသော ရဟန်းတို့ကို အရှင်သာရိပုတ္တရာသည်“**အာဒေသနာ ပါဋိဟာရိယ**” အမည်ရှိသော ဆုံးမနည်းမျိုးဖြင့် ဆုံးမ ဟောကြားပါသည် အရှင်မဟာမောဂ္ဂလ္လာန်သည် တန်ခိုး ဣဒ္ဓိပတ်ကိုပြခြင်း ရှေးရှိသောဆုံးမနည်းဖြင့် ဆုံးမတော်မူခဲ့ပါသည်၊ သို့ဖြင့် ထိုငါးရာသော ရဟန်းငယ်တို့ သောတာပန် တည်ကြပါသည် ထိုအခါ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလ္လာန်တို့သည် ထိုသောတာပန် ရဟန်းငါးရာတို့ကို ခေါ်ဆောင်၍ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းသို့ ပြန်ကြွတော်မူခဲ့ပါသည်၊

ရှင်သာရိပုတ္တရာ,ရှင်မောဂ္ဂလ္လာန်တို့ ပြန်ကြွတော်မူသောအခါ ကောကာလိက သည် ဒေဝဒတ် ထံသို့ လာ၍ ဒူးဖြင့် ရင်ပပ်ကို တိုက်ပြီးလျှင်——

“သို့ဖြစ်ခြင်းကြောင့် ရှေးဦးစွာ ငါ ပြောကြားသည် မဟုတ်ပါလော သာရိပုတ္တရာ,မောဂ္ဂလ္လာန်တို့ကို အရောမဝင်လင့် ဟု ငါပြောကြားသည် မဟုတ်ပါလော ယခု သင့် ရဟန်းငယ် ငါးရာကို သာရိပုတ္တရာ, မောဂ္ဂလ္လာန်တို့ ခေါ်ဆောင်၍ သွားချေပြီ” ဟု ပြောပါသည်၊ သို့ဖြင့် ရှင်ဒေဝဒတ်မှာ လောလောပူသော သွေး ထိုနေရာ၌ပင် အန်ခဲ့ပါသည်၊

အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလ္လာန်တို့သည် ဘုရားထံမှောက် သွားရောက်ပြီးလျှင် မြတ်စွာဘုရားကို ရှိသေစွာရှိခိုး၍ အရှင်သာရိပုတ္တရာက——

“သာဓု ဘန္တေ ဘေဒါနုဝတ္တကာ ဘိက္ခူ ပုန ဥပသမ္ပဇ္ဇေယျုံ”န္တိ——

“ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူသော မြတ်စွာဘုရား....၊ ဘုရားတပည့်တော် လျှောက်ထားတောင်းပန်လိုပါသည် သံဃဘေဒ-သံဃာ သင်းကွဲအောင် ပြုလုပ်သော ဒေဝဒတ်၏ နောက်လိုက် နောက်ပါ ဤရဟန်း ငါးရာတို့ကို နောက်တဖန်ထပ်၍ ရဟန်းခံတော်မူပါဘုရား” ဟု လျှောက်ထားသည်တွင်——

“ချစ်သား သာရိပုတ္တရာ....၊ နောက်ထပ် ရဟန်းခံဘို့ မသင့်ပါ ရဟန်းအဖြစ်ကား မပျက်ပါ၊ သို့တပြီးကား သင်ချစ်သားသည် ဘေဒါနုဝတ္တက

ခေါ်သော ဒေဝဒတ်၏နောက်သို့ မသိ၍ ယောင်မှား လိုက်ပါမိသော ဤရဟန်းငါးရာတို့ကို သင့်ရောက်သော ထုလ္လစ္စည်းအာပတ်ကို ဒေသနာ ကြားပါစေ" ဟု သဗ္ဗညု မြတ်စွာဘုရားသည် ထို ထုလ္လစ္စည်းအာပတ်ကို ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

နောက်လိုက် ရဟန်းတို့အား ထုလ္လစ္စည်းအာပတ် ပညတ်ခြင်း ပြီး၏

---

## သံဃာ ကွဲပြားခြင်း, အက်ကြောင်းထင်ခြင်း နှစ်မျိုး ရှင်းပြချက်

ပုစ္ဆာ။ ။ကိတ္တာဝတာ နု ခေါ အာဝုသော သံဃရာဇိ ဟောတိ နော စ သံဃဘေဒေါ၊ ကိတ္တာဝတာ စ ပန သံဃရာဇိ စေဝ ဟောတိ သံဃဘေဒေါ စ။

ဝိဿဇ္ဇနာ။ ။ကေတော ဘန္တေ ဧကော ဟောတိ၊ ကေတော ဒွေ စတုတ္ထော အနုဿာဝေတိ၊ သလာကံ ဂါဟေတိ "အယံ ဓမ္မော အယံ ဝိနယော ဣဒံ သတ္ထုသာသနံ ဣမံ ဂဏှထ ဣမံ ရောစေထာတိ"၊ ဧဝေနေဝ ဘန္တေ နယေန စတုန္နံ ဝါ ပဉ္စန္နံ ဝါ ဆန္နံ ဝါ သတ္တန္နံ ဝါ အဋ္ဌန္နံ ဝါ သံဃရာဇိ ဟောတိ၊ နော စ သံဃဘေဒေါ။ ကေတော ဘန္တေ စတ္တာရော ဟောန္တိ၊ ကေတော စတ္တာရော၊ နဝမော အနုဿာဝေတိ၊ သလာကံ ဂါဟေတိ "အယံ ဓမ္မော အယံ ဝိနယော ဣဒံ သတ္ထုသာသနံ ဣမံ ဂဏှထ ဣမံ ရောစေထာ"တိ၊ ဧဝံ ခေါ ဘန္တေ သံဃ-ရာဇိ စေဝ ဟောတိ သံဃဘေဒေါ စ။ ဧဝံ ခေါ ဘန္တေ သံဃ-ရာဇိ ဟောတိ၊ နော စ သံဃဘေဒေါ၊ ဝေဠု ပန ဘန္တေ သံဃရာဇိ စေဝ ဟောတိ သံဃဘေဒေါ စ။

အမေး။ ။အဘယ်မျှလောက်ဖြင့် သံဃာကွဲပြားရန် အရေး အကြောင်းမျှသာထင်၍ သံဃာကား မကွဲပြားသေး ဟု ဆိုရပါသနည်း၊ အဘယ်မျှလောက်ဖြင့်ကား သံဃာကွဲပြားရန် အရေး အကြောင်းလည်းထင်၍ သံဃာလည်း ကွဲပြားသည် ဟု ဆိုရပါသနည်း ငါ့ရှင်။

အဖြေ။ ။တဘက်သော သံဃာအစု၌ ရဟန်းတပါးရှိ၍ တဘက်သော အစု၌ နှစ်ပါးရှိပြီးလျှင် လေးပါးမြောက် ရဟန်းက "ဤကား ဓမ္မ

ဤကား ဝိနယ ဤကား မြတ်စွာဘုရား အဆုံးအမတည်း ဤမဲဆန္ဒကို ယူလော့ ဤမဲဆန္ဒကို နှစ်သက်လော့” ဟု ပြောကြားခြင်း, ဤနည်းအတူ တဘက်မှ နှစ်ပါး, တဘက်မှလည်း နှစ်ပါး၊ တဘက်မှ နှစ်ပါး, တဘက်မှလည်း သုံးပါး၊ တဘက်မှလည်း သုံးပါး, တဘက်မှလည်း သုံးပါး၊ တဘက်မှ သုံးပါး, အခြားတဘက်မှ လေးပါးရှိ၍ ရှစ်ယောက်မြောက် ရဟန်းသည် “ဤကား ဓမ္မတည်း ဤကား ဝိနယတည်း ဤကား မြတ်စွာဘုရား အဆုံးအမ သြဝါဒတည်း ဤအယူကို ယူလော့ ဤအယူကို နှစ်သက်လော့” ဟု ပြောကြားခြင်း ဤသို့လျှင် နှစ်ဘက်ပေါင်းမှ သံဃာ လေးပါး, ငါးပါး, ခြောက်ပါး, ခုနစ်ပါး, ရှစ်ပါးရှိ၍ အယူကွဲပြားသော်လည်း သံဃာကွဲပြားဘို့ အရေးအကြောင်းမျှသာဖြစ်၍ သံဃာကွဲပြားခြင်း မဖြစ်ပါ၊

တဘက် သံဃာအစုမှ လေးပါးရှိ၍ အခြားတဘက်မှလည်း သံဃာ လေးပါးရှိပြီးလျှင် ကိုးယောက်မြောက်သော ရဟန်းတပါးက “ဤကား တရားတည်း ဤကား ဝိနည်းတည်း ဤကား မြတ်စွာဘုရား၏ အဆုံးအမ သြဝါဒတည်း ဤအယူကို ယူကြကုန်လော ဤအယူကို နှစ်သက်ကြကုန်လော” ဟု ပြောကြားငြားအံ့၊ ဤနည်းဖြင့် တဘက်မှ လေးပါး, တဘက်မှ ငါးပါး၊ နှစ်ဘက် ငါးပါးစီ ဤသို့ စသည်ဖြင့် ကိုးပါး, ကိုးပါးထက် အလွန်ရှိလျှင် သံဃာ ကွဲပြားရာ အရေးအကြောင်းလည်း ဖြစ်၍ သံဃာလည်း စင်စစ် ကွဲပြားပါသည်၊

ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် သံဃာ ကွဲပြားရန် အရေးအကြောင်းမျှ ဖြစ်၍ သံဃာ ကွဲပြားသည် မမည်ခြင်း, သံဃာကွဲပြားရန် အရေးအကြောင်းလည်းဖြစ်၍ သံဃာသည်လည်း စင်စစ်ပင် နှစ်ဘက် ထက်ခြမ်း ကွဲပြားခြင်း ဖြစ်ပါသည် အရှင်ဘုရား။

သံဃာ ကွဲပြားခြင်း, အက်ကြောင်းထင်ခြင်း နှစ်မျိုး ရှင်းပြချက် ပြီး၏

---

## သံဃာ ကွဲပြားပြီ ဟု ဆိုရသည့် အခြေအနေ

ပုစ္ဆာ။ ။ကိတ္တာဝတာ နု ခေါ အာဝုသော သံဃော ဘိန္နော ဟောတိ။

ဝိဿဇ္ဇနာ။ ။ဣဓ ဘန္တေ ဘိက္ခူ အဓမ္မံ ဓမ္မောတိ ဒီပေန္တိ၊ တေ ဣမေဟိ အဋ္ဌာရသဟိ ဝတ္ထူဟိ အပကဿန္တိ၊ အဝပကဿန္တိ၊

အာဝေနိ ဥပေါသထံ ကရောန္တိ၊ အာဝေနိ ပဝါရဏံ ကရောန္တိ၊ အာဝေနိ သံဃကမ္မံ ကရောန္တိ၊ ဧဝံ ခေါ ဘန္တေ သံဃော ဘိန္နော ဟောတိ။

အမေး။ ။အဘယ်မျှလောက်ဖြင့် သံဃာသည် ကွဲပြားပြီ ဟု ဆိုရပါသနည်း ငါ့ရှင်။

အဖြေ။ ။ဤသာသနာတော်၌ ရဟန်းတော်တို့သည် အဓမ္မကို ဓမ္မ ဟု, ဓမ္မကို အဓမ္မ ဟု, အဝိနယကို ဝိနယ ဟု, ဝိနယကို အဝိနယ ဟု ဤသို့ အစရှိသည်ဖြင့် တဆဲ့ရှစ်ပါးသော ဘေဒကရ ဝတ္ထုတို့ဖြင့် ပြောကြားကြ ပြကြပါသည်၊ မိမိတို့ အယူဝါဒသို့ လိုက်ပါကြရန် ဆွဲဆောင်ကြပါသည်၊ သို့ ဆွဲဆောင်ပြီးလျှင် အသီးအခြား ခွဲခြား၍ ဥပုသ်ကံ, ပဝါရဏာကံ ထိုမှ တပါးသော သံဃကံကြီး, ကံငယ်တို့ကို ပြုကြပါကုန်သည်၊ ဤနည်းဖြင့် ဤသို့ဖြစ်လျှင် သံဃာကွဲပြားသည် မည်ပါသည် အရှင်ဘုရား။

သံဃာ ကွဲပြားပြီ ဟု ဆိုရသည့်အခြေအနေ ပြီး၏

---

## သံဃာ ညီညွတ်နေသည့် အခြေအနေ

ပုစ္ဆာ။ ။ကိတ္တာဝတာ နု ခေါ အာဝုသော သံဃော သမဂ္ဂေါ ဟောတိ။

ဝိဿဇ္ဇနာ။ ။ဣဓ ဘန္တေ ဘိက္ခူ အဓမ္မံ အဓမ္မောတိ ဒီပေန္တိ၊ ဓမ္မံ ဓမ္မောတိ ဒီပေန္တိ၊ အဝိနယံ အဝိနယောတိ ဒီပေန္တိ။ပ။ ဒုဋ္ဌုလ္လံ အာပတ္တိံ ဒုဋ္ဌုလ္လာ အာပတ္တီတိ ဒီပေန္တိ၊ အဒုဋ္ဌုလ္လံ အာပတ္တိံ အဒုဋ္ဌုလ္လာ အာပတ္တီတိ ဒီပေန္တိ၊ တေ ဣမေဟိ အဋ္ဌာရသဟိ ဝတ္ထူဟိ န အပကဿန္တိ၊ န အဝပကဿန္တိ၊ န အာဝေနိ ဥပေါသထံ ကရောန္တိ၊ န အာဝေနိ ပဝါရဏံ ကရောန္တိ၊ န အာဝေနိ သံဃကမ္မံ ကရောန္တိ၊ ဧတ္တာဝတာ ခေါ ဘန္တေ သံဃော သမဂ္ဂေါ ဟောတိ။

အမေး။ ။အဘယ်မျှလောက်ဖြင့် သံဃာသည် ညီညွတ်နေသည် ဟု ဆိုရပါသနည်း ငါ့ရှင်။

အဖြေ။ ။ဤသာသနာတော်၌ ရဟန်းတော်တို့သည် ဓမ္မကို ဓမ္မဟူ၍ ပြကြပါကုန်သည် ဓမ္မမဟုတ်သည်ကို ဓမ္မ မဟုတ် ဟူ၍ ပြကြပါကုန်သည် မြတ်စွာဘုရား ဝိနည်းတရား ဟုတ်သည်ကို ဟုတ်သည့်အတိုင်း, ဝိနည်းတရား မဟုတ်သည်ကို မဟုတ်သည့်အတိုင်း (ပေယျာလ) ရုန့်ရင်းသော အာပတ်ကို ရုန့်ရင်းသော အာပတ် ဟူ၍သာလျှင် ယထာဘူတ ပြောဆို ပြသကြပါသည်၊ မရုန့်ရင်း မကြမ်းတမ်းသော အာပတ်ကို မရုန့်ရင်း မကြမ်းတမ်းသော အာပတ် ဟူ၍သာ ယထာဘူတ မှန်သည့်အတိုင်းသာလျှင် ပြကြပါကုန်သည်၊

ထို ရဟန်းတော်တို့သည် ဤဆိုအပ်ပြီးသော တဆယ့်ရှစ်ရပ်သော ဓမ္မ ဝတ္ထုတို့ဖြင့် တပါးနှင့် တပါး ကွဲပြားအောင် မဆွဲဆောင်ကြဘဲ အတူတကွ ဥပုသ်, ပဝါရဏာ, ကံကြီး, ကံငယ်ကို ပြုကြကုန်ငြားအံ့၊ ဤမျှဆိုလျှင်ပင် သံဃာတော်သည် ညီညွတ်သည် ဟု ဆိုရပါသည် အရှင်ဘုရား။

သံဃာ ညီညွတ်နေသည့် အခြေအနေ ပြီး၏

---

## သံဃာ သင်းခွဲမှု အပြစ်ကြီး

ပုစ္ဆာ။ ။သမဂ္ဂံ အာဝုသော သံဃံ ဘိန္ဒိတွာ ကိံ သော ပသဝတိ။

ဝိဿဇ္ဇနာ။ ။သမဂ္ဂံ ခေါ ဘန္တေ သံဃံ ဘိန္ဒိတွာ ကပ္ပဋ္ဌိတိကံ ကိဗ္ဗိသံ ပသဝတိ၊ ကပ္ပံ နိရယမှိ ပစ္စတိ။

အမေး။ ။အညီအညွတ် ဖြစ်နေသော သံဃာကို ကွဲပြားအောင် ပြု လုပ်သည်ရှိသော် ထို သံဃာကို ကွဲပြားအောင် ပြုလုပ်သော သံဃဘေဒက ပုဂ္ဂိုလ်သည် အဘယ်မျှကြီးလေးသော မကောင်းမှု ကံကို ဖြစ်ပွါးစေပါသနည်း ငါ့ရှင်။

အဖြေ။ ။ညီညွတ်နေသော သံဃာကို ရှင်ဒေဝဒတ်ကဲ့သို့ ကွဲပြား အောင် ပြုလုပ်သော သံဃဘေဒက ရဟန်းသည် ကမ္ဘာပတ်လုံး အဝီစိငရဲ၌ ကျက်ရပါသည် **ကပ္ပဋ္ဌိတိက** အကုသိုလ်မျိုးကို ဆည်းပူးပွါးများစေသည် မည် ပါသည်၊ သို့ပွါးများသည့်အတိုင်း ကမ္ဘာပတ်လုံး မဟာအဝီစိ ငရဲ၌ ကျက်ရ မည် ခံရမည် ဖြစ်ပါသည် အရှင်ဘုရား။

သံဃာ သင်းခွဲမှု အပြစ်ကြီး ပြီး၏

## သံဃာ ညီညွတ်အောင် ပြုလုပ်မှု အကျိုး

ပုစ္ဆာ။ ။ဘိန္နံ ခေါ အာဝုသော သံဃံ သမဂ္ဂံ ကတွာ ကိံ သော ပသဝတိ။

ဝိဿဇ္ဇနာ။ ။ဘိန္နံ ခေါ ဘန္တေ သံဃံ သမဂ္ဂံ ကတွာ ဗြဟ္မံ ပုညံ ပသဝတိ၊ ကပ္ပံ သဂ္ဂမှိ မောဒတိ။

အမေး။ ။ကွဲပြားနေသော သံဃာကို ညီညွတ်အောင် ပြုလုပ်သည် ရှိသော် ထို သံဃာညီညွတ်အောင် ပြုလုပ်သော ပုဂ္ဂိုလ်သည် အဘယ်မျှ ကြီးမား မြင့်မြတ်သော ကောင်းမှုကံကို ပွါးစေသည် မည်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ကွဲပြားနေသော သံဃာကို ညီညွတ်အောင် ပြုလုပ်သည် ရှိသော် ထို သံဃာညီညွတ်အောင် ပြုလုပ်သော ပုဂ္ဂိုလ်သည် လွန်စွာ့ လွန်စွာ မြတ်လှစွာသော မဟာကုသိုလ်ကို ဆည်းပူးပွါးများစေသည် မည်ပါသည် ထိုသို့ သံဃာညီညွတ်အောင် ပြုလုပ်သော ပုဂ္ဂိုလ်သည် ကပ်ကမ္ဘာပတ်လုံး နတ်ရွာ၌ နှစ်လိုအားရမ်း ဝမ်းမြောက်စွာ နေရပါသည် အရှင်ဘုရား။

သံဃာ ညီညွတ်အောင် ပြုလုပ်မှု အကျိုး ပြီး၏

---

## အာပတ် အကျဉ်းချုပ်

ပုစ္ဆာ။ ။သံဃဘေဒံ ပုစ္ဆိဿံ၊ သနိဒါနံ သနိဒ္ဒေသံ။
သမုက္ကဋ္ဌပဒါနံ အာဝုသော ကတိ အာပတ္တိယော။

ဝိဿဇ္ဇနာ။ ။သံဃဘေဒံ ဝိဿဇ္ဇိဿံ၊ သနိဒါနံ သနိဒ္ဒေသံ။
သမုက္ကဋ္ဌပဒါနံ ဘန္တေ ဒွေ အာပတ္တိယော။

အမေး။ ။နိဒါန်း အကျယ်နိဒ္ဒေသနှင့် တကွသော သံဃဘေဒ ကက္ခန္ဓကကို မေးမြန်းပေအံ့၊ ဤ သံဃဘေဒကက္ခန္ဓကလာ မြတ်စွာဘုရား၏ ပညတ်တော်စကားရပ်များနှင့် သက်ဆိုင်သော အာပတ်တို့သည် အကျဉ်းချုပ် အားဖြင့်အဘယ်မျှ ရှိပါကုန်သနည်း ငါ့ရှင်။

အဖြေ။ ။နိဒါန်း နိဒ္ဒေသနှင့်တကွ သံဃဘေဒကက္ခန္ဓကကို ဖြေကြား လျှောက်ထားပါမည်၊ ဤ သံဃဘေဒကက္ခန္ဓက၌ မြတ်စွာဘုရား၏ ရွေနူတ်

တော်ထွက် စကားတော်တို့နှင့် စပ်ဆိုင်သော အာပတ်အမျိုးအစားတို့သည် ကား မြတ်စွာဘုရား ခွင့်ပြုသော တိက ဘောဇဉ်ကို လွန်ကျူး၍ ဂဏ ဘောဇဉ်ကို သုံးဆောင်သော ရဟန်းတို့အား ပါစိတ်အာပတ်, ရှင်ဒေဝဒတ် နောက်သို့ လိုက်ပါသော ငါးရာသော ရဟန်းတော်ငယ်များကဲ့သို့ သံဃ ဘေဒက ရဟန်းနောက်သို့ လိုက်ပါသော ရဟန်းတို့အား ထုလ္လစ္စည်းအာပတ် ဤသို့ အားဖြင့် ဤသံဃဘေဒကက္ခန္ဓကဥ် အကျဉ်းအားဖြင့် အာပတ် အမျိုး အစား နှစ်ပါးရှိပါသည် အရှင်ဘုရား။

**သံဃဘေဒကက္ခန္ဓက ပြီး၏**

# ၈—ဝတ္တက္ခန္ဓက

## အာဂန္တုက (ဧည့်သည်) ရဟန်းတို့၏ ကျင့်ဝတ်များ

ပုစ္ဆာ။ ။အာဂန္တုကာနံ အာဝုသော ဘိက္ခူနံ ဝတ္တံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္မဟုလေ အာဂန္တုကေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ အာဂန္တုကာ ဘန္တေ ဘိက္ခူ သဥပါဟနာ ပိ အာရာမံ ပဝိသိံသု၊ ဆတ္တပဂ္ဂဟိတာ ပိ အာရာမံ ပဝိသိံသု၊ သြဂုဏ္ဌိတာ ပိ အာရာမံ ပဝိသိံသု၊ သီသေ ပိ စီဝရံ ကရိတွာ အာရာမံ ပဝိသိံသု၊ ပါနီယေန ပိ ပါဒေ ဓောဝိံသု၊ ဝုဍ္ဎတရေ ပိ အာဝါသိကေ ဘိက္ခူ နာဘိဝါဒေသုံ၊ န ပိ သေနာသနံ ပုစ္ဆိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "တေန ဟိ ဘိက္ခဝေ အာဂန္တုကာနံ ဘိက္ခူနံ ဝတ္တံ ပညပေဿာမိ၊ ယထာ အာဂန္တုကေဟိ ဘိက္ခူဟိ သမ္မာ ဝတ္တိတဗ္ဗံ၊ အာဂန္တုကေန ဘိက္ခဝေ ဘိက္ခုနာ ဣဒါနိ အာရာမံ ပဝိသိဿာမီတိ ဥပါဟနာ သြမုဉ္စိတွာ နီစံ ကတွာ ပပ္ဖောဋေတွာ ဂဟေတွာ ဆတ္တံ အပနာမေတွာ သီသံ ဝိဝရိတွာ သီသေ စီဝရံ ခန္ဓေ ကတွာ သာဓုကံ အတရမာနေန အာရာမော ပဝိသိတဗ္ဗော" ဧဝ-မာဒိနာ ဘန္တေ အာဂန္တုကာနံ ဘိက္ခူနံ ဝတ္တံ ပညတ္တံ။

အမေး။ ။အခြား တပါးသော ကျောင်းတိုက်မှ ရောက်လာခါစ ဖြစ်သော ဧည့်သည် အာဂန္တု ရဟန်းတို့သည် လိုက်နာ ကျင့်သုံးရမည့် ကျင့်ဝတ်ကို မြတ်စွာဘုရား ပညတ်တော်မူခဲ့သည်မှာ ဘယ်မြို့ဒေသ ဘယ်ဌာန၌ ပညတ်တော်မူခဲ့ပါသနည်း၊ ထိုပြင် ထိုကျင့်ဝတ်များကို အဘယ်သို့သော နည်းဖြင့် ဝေဘန်၍ ပညတ်တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ များစွာသော အာဂန္တုက ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

များစွာသော အာဂန္တုက ရဟန်းတို့သည် တိုက်တာတပါး အရပ်တပါးသို့ သွားရောက်သောအခါ ဘိနပ်စီးကုန်လျက်လည်း အရံတွင်းသို့ ဝင်ကြပါ

ကုန်သည် ထီးဆောင်းကုန်လျက်လည်း အရံတွင်း, ကျောင်းတိုက်တပါး တွင်းသို့ ဝင်ကြပါကုန်သည် ဦးခေါင်းမြီး ခြုံကုန်လျက် အရံတွင်းသို့ ဝင်ရောက်ကြပါကုန်သည် ဦးခေါင်းပေါ်၌ သင်္ကန်းကို တင်လျက်လည်း သူတပါး ကျောင်းတိုက် အရံတွင်းသို့ ဝင်ကြပါကုန်သည် သောက်ရေ, သုံးဆောင်ရေ ခွဲခြားစွာ မမေးမြန်းဘဲ သောက်ရေဖြင့်လည်း ခြေကို ဆေးကြောကြပါကုန်သည် သီတင်းကြီးဖြစ်သော အာဝါသိက ရဟန်းတို့ကိုလည်း ရှိမခိုးဘဲ လျစ်လျူရှုသွားကြပါကုန်သည် ရောက်ရှိသော ကျောင်းတိုက်၌ မိမိနေရမည့် နေရာကိုလည်း မမေးမမြန်း ရှိကြပါကုန်သည်၊

အာဂန္တုက ရဟန်းတပါးသည် ရှေးက ရဟန်းတစုံတယောက် မနေဘူးသော ကျောင်း၌ မည်သူ့မျှ မပန်ကြား မမေးမြန်းဘဲ ဝင်ရောက်၍ အဆောတလျင်နေသောအခါ ခေါင်လျှောက်မှ မြွေတကောင်သည် ထိုရဟန်း၏ ပခုံးထက်သို့ ကျရောက်သောအခါ သည်းထန်စွာ လန့်ဖြန့်၍ အော်ခဲ့ပါသည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့် မြတ်စွာဘုရားသည်——

"ချစ်သားတို့.... သို့တပြီးကား အာဂန္တုရဟန်းတို့ ရိုသေလေးနာစွာ လိုက်နာကျင့်ကြံရန် အာဂန္တုက ဝတ်ကို ပညတ်တော်မူမည်" ဟု မိန့်ကြားတော်မူပြီးလျှင် အာဂန္တုကဝတ်ကို ပညတ်တော်မူခဲ့သည်မှာ——

ယခုအခါ တိုက်တာ အရံတွင်းသို့ ဝင်တော့မည် ဟု ဆိုလျှင်ပင် ဘိနပ်ကိုလည်း ချွတ်ရမည် မိမိစီးလာသော ဘိနပ်ကို ချွတ်ပြီးလျှင် နှိမ့်ပြီး ခါပြီးလျှင် ထိုဘိနပ်ကို ရိုသေစွာ ကိုင်ရမည် ထီးဘိနပ်ကို ကိုင်ပြီးလျှင် ထီးကိုလည်း ရုတ်သိမ်းရမည် ထီးကို ရုတ်သိမ်းပြီးလျှင် ဦးခေါင်းမြီး ခြုံထားသည်ကိုလည်း ဖွင့်ရမည် ဦးခေါင်းထက်၌ ရှိသော သင်္ကန်းကိုလည်း ပခုံးထက်သို့ ချပြီးမှ ရိုသေလေးနာစွာ "ပါသာဒိက" ဂုဏ်ကို ဆောင်၍ အဆောတလျင် ပြာပြာသလဲ မဟုတ်ဘဲ အရံတွင်းသို့ ဝင်ရောက်ရမည်၊

အရံတွင်းသို့ ရောက်ရှိသောအခါ အာဝါသိက ရဟန်းတို့ နေရာကို မှတ်သား စဉ်းစား သွားပြီးလျှင် သင့်တင့်လျောက်ပတ်သော အရပ်၌ သပိတ် သင်္ကန်းကို ထားရမည် အာဝါသိက ရဟန်းကြီးကိုလည်း ရှိခိုးရမည် သုံးရေ သောက်ရေကိုလည်း သိသာ ခြားနားအောင် မေးမြန်းရမည် သောက်ရေဖြင့် အလိုရှိလျှင် သောက်ရေကို မေးမြန်းပြီးမှ သောက်ရမည် သုံးဆောင်ရေကို

လည်း ထိုအတူ မေးမြန်းပြီးမှ ခြေလက် ဆေးကြောရမည် ခြေဆေးသော အခါ တဘက်သော လက်ဖြင့် ရေကို လောင်း၍ တဘက်သောလက်ဖြင့် ခြေကို ဆေးကြောရမည် ခြေဆေးသော လက်ဖြင့်ပင် ရေလောင်းခြင်း ရေ လောင်းသော လက်ဖြင့်ပင် ခြေဆေးခြင်းမျိုး မပြုရ၊

ထို့နောက် မိမိပါလာသော ဘိနပ်ကို အာဝါသိက ရဟန်းတို့ သုံးဆောင် နေကြဖြစ်သော ဘိနပ်သုတ်သည့် အဝတ်စုတ်, အဝတ်ပုဆိုးကြမ်း မေးမြန်း ပြီးမှ သုတ်ရမည် သို့သုတ်သောအခါ ရှေးဦးစွာ ခြောက်သောအဝတ်ဖြင့် သုတ်ရမည် ထို့နောက်မှ စိုသောအဝတ်ဖြင့် သုတ်ပြီးလျှင် ဘိနပ်သုတ်သော ပုဆိုးကြမ်းကို ဖွပ်လျှော်ပြီးမှ သင့်တော်ရာ အရပ်၌ လှန်း၍ ထားရမည်၊

ဤသို့ စသည်ဖြင့် အာဂန္တုက ဧည့်သည် ရဟန်းတို့ လိုက်နာကျင့်ကြံ ရမည့် ဝတ်ပေါင်းများစွာကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

အာဂန္တုက (ဧည့်သည်) ရဟန်းတို့၏ ကျင့်ဝတ်များ ပြီး၏

---

## အာဝါသိက (ကျောင်းရှင်) ရဟန်းတို့၏ ကျင့်ဝတ်များ

ပုစ္ဆာ။ ။အာဝါသိကာနံ အာဝုသော ဘိက္ခူနံ ဝတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ၊ ကထဉ္စ ပန ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ အာဝါသိကေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ သမ္ဗဟုလာ ဘန္တေ အာဝါသိကာ ဘိက္ခူ အာဂန္တုကေ ဘိက္ခူ ဒိသွာ နေဝ အာသနံ ပညပေသုံ၊ န ပါဒေါဒကံ ပါဒပီဌံ ပါဒကထလိကံ ဥပနိက္ခိပိံသု၊ န ပစ္စုဂ္ဂန္တွာ ပတ္တစီဝရံ ပဋိဂ္ဂ-ဟေသုံ၊ န သေနာသနံ ပညပေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ—

"အာဝါသိကေန ဘိက္ခဝေ ဘိက္ခုနာ အာဂန္တုကံ ဘိက္ခုံ ဝုဍ္ဎတရံ ဒိသွာ အာသနံ ပညပေတဗ္ဗံ၊ ပါဒေါဒကံ ပါဒပီဌံ ပါဒကထလိကံ ဥပနိက္ခိပိတဗ္ဗံ၊ ပစ္စုဂ္ဂန္တွာ ပတ္တစီဝရံ ပဋိဂ္ဂဟေ-

တဗ္ဗံ၊ ပါနီယေန ပုစ္ဆိတဗ္ဗော” ဝေမာဒိနာ ဘန္တေ အာဂါသိ-
ကာနံ ဘိက္ခူနံ ဝတ္တံ ဘဂဝတာ ပညတ္တံ။

အမေး။ ။အာဂါသိက ဖြစ်သော ကျောင်းနေ ရဟန်းတို့သည် အာဂန္တုက ဧည့်သည် ရဟန်းတို့ ရောက်လာသောအခါ လိုက်နာ ပြုကျင့်ရမည့် ကျင့်ဝတ်ကို မြတ်စွာဘုရား ပညတ်တော်မူခဲ့သည်မှာ ဘယ်မြို့ဒေသ ဘယ်ဌာန ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ပညတ်တော် မူခဲ့ပါသနည်း၊ ထို့ပြင် ထို အာဂါသိကပုဂ္ဂိုလ်တို့ လိုက်နာ ကျင့်သုံးရမည့် ကျင့်ဝတ်ကို ဘယ်ပုံဘယ်နည်း ဖြင့် ညွှန်ပြ၍ပညတ်တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ များစွာသော အာဂါသိက ကျောင်းနေ ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊

ဝတ်ကို ပညတ်မီ အာဂါသိက ကျောင်းနေ ရဟန်းတို့သည် အာဂန္တုက ရဟန်းတို့ လာသည်ကို မြင်ပါလျက် နေရာလည်း ခင်း၍ မပေးကြပါကုန် ခြေဆေးရေ, ခြေဆေးအင်းပျဉ်, ခြေပွတ်အိုးခြမ်း တို့ကိုလည်း မထားကြပါ ကုန် ခရီးဦးလည်း မကြိုဆိုကြကုန် သောက်ရေဖြင့်လည်း မမေးမြန်းကြကုန် သီတင်းကြီးဖြစ်သော အာဂန္တုက ရဟန်းတို့ကို မြင်ပါလျက်လည်း ရှိမခိုးကြပါ ကုန် ဤသို့သော မှုခင်းကိစ္စကြောင့် သဗ္ဗညုမြတ်စွာဘုရားသည်—

“ချစ်သားတို့....သို့တပြီးကား အာဂါသိက ကျောင်းနေ ရဟန်းတို့ လိုက်နာရန် ဝတ်တရားကို ပညတ်တော် မူမည်ဟု မိန့်ကြားတော်မူပြီးလျှင် အာဂါသိကကျောင်းနေ ရဟန်းသည် အာဂန္တုက သီတင်းကြီးရဟန်း ဝင်လာ သည်ကို မြင်သည်ရှိသော် ရှေးဦးစွာ နေရာခင်းရမည် ခြေဆေးရည်, ခြေဆေး အင်းပျဉ်, ခြေပွတ်အိုးခြမ်းတို့ကို ထားရမည် ခရီးဦးကြိုဆိုပြီးလျှင် သပိတ် သင်္ကန်းတို့ကို လှမ်း၍ ယူရမည် သောက်ရေဖြင့် မေးမြန်းရမည်”

ဤသို့ အစရှိသည်ဖြင့် များစွာသော အာဂါသိက ကျောင်းနေ ရဟန်း တော်တို့ လိုက်နာ ကျင့်ကြံရမည့် ဝတ်တရားများကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော်မူခဲ့ပါသည် အရှင်ဘုရား။

အာဂါသိက (ကျောင်းရှင်) ရဟန်းဘို့၏ ကျင့်ဝတ်များ ပြီး၏

## ခရီးသွားဆဲ ရဟန်းတို့၏ ကျင့်ဝတ်များ

ပုစ္ဆာ။ ။ဂမိကာနံ အာဂုသော ဘိက္ခူနံ ဝတ္တံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ၊ ကထဉ္စပန ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဂမိကေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ သမ္ဗဟုလာ ဘန္တေ ဂမိကာ ဘိက္ခူ ဒါရုဘဏ္ဍံ မတ္တိကာဘဏ္ဍံ အပ္ပဋိသာမေတွာ ဒွါရဝါတပါနံ ဝိဝရိတွာ သေနာသနံ အနာပုစ္ဆာ ပက္ကမိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "ဂမိကေန ဘိက္ခဝေ ဘိက္ခုနာ ဒါရုဘဏ္ဍံ ပဋိသာမေတွာ ဒွါရဝါတပါနံ ထကေတွာ သေနာသနံ အာပုစ္ဆာ ပက္ကမိတဗ္ဗံ" ဧဝမာဒိနာ ဘန္တေ အာကာရေန ဘဂဝတာ ဂမိကာနံ ဘိက္ခူနံ ဝတ္တံ ပညတ္တံ။

အမေး။ ။ခရီးသွားမည့်ဆဲဆဲ ဖြစ်နေသော ဂမိက ရဟန်းသည် ပြုကျင့်ရမည့် ကျင့်ဝတ်ကို မြတ်စွာဘုရား ပညတ်တော် မူခဲ့သည်မှာ ဘယ်မြို့ ဒေသ ဘယ်ဌာန၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အကြောင်း ဝတ္ထု လွန်ကျူးမှုကြောင့် ပညတ်တော်မူခဲ့ပါသနည်း၊ ထို ဂမိက ရဟန်း၏ ကျင့်ဝတ်ကို ဘယ်ပုံဘယ်နည်းဖြင့် ညွှန်ကြားလျက် ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ များစွာသော ဂမိက ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူအပ်ပါသည်၊

ဝတ်ကို မပညတ်မီ ခရီးသွားအံ့ဆဲဆဲ ဖြစ်သော ဂမိက ရဟန်းတို့သည် မိမိတို့ နေရင်းကျောင်းဝယ်ရှိသော သစ်ဘဏ္ဍာ, မြေဘဏ္ဍာ အစရှိသော ကျောင်း အသုံးအဆောင်တို့ကိုလည်း မသိုမှီးမသိမ်းဆည်းကြဘဲ တံခါးမ, လေ သာပြူတင်း တံခါးတို့ကိုလည်း မပိတ်မဆို့ကြဘဲ ကျောင်းနေရာအတွက် အနီး အပါးရှိသော ရဟန်းသာမဏေ လူဥပါသကာ တို့ကိုလည်း မပြောကြား မပန် ဆိုကြဘဲ အရပ်တပါးသို့ ခရီးသွားကြပါသည်၊

သို့ သွားခြင်းဖြင့် ကျောင်း၌ ရှိရင်းစွဲဖြစ်သော သစ်ဘဏ္ဍာ, မြေဘဏ္ဍာ အစရှိသော သံဃအသုံးအဆောင်တို့ ပျက်စီးခဲ့ကြပါသည် အိပ်ရာနေရာတို့

လည်း မိုဃ်းမလုံ လေမလုံ ဖြစ်ခဲ့ပါသည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့် သဗ္ဗညုမြတ်စွာဘုရားသည် ဂမိက ရဟန်းတို့အတွက် ခရီးသွား ရဟန်းတို့ အတွက် လိုက်နာရမည့် ကျင့်ဝတ်ကို ပညတ်ခဲ့သည်မှာ....

"ချစ်သားတို့ ခရီးသွားအံ့ဆဲဆဲ ဖြစ်သော ရဟန်းသည် မိမိနေရင်း ကျောင်း၌ရှိသော သစ်ဘဏ္ဍာ, မြေဘဏ္ဍာ အစရှိသော ကျောင်းအသုံးအ ဆောင်များကို ရှိသေစွာ သိုမှီးသိမ်းဆည်းရမည်၊ တံခါးမ, လေသာနန်းတံခါး တို့ကိုလည်း သေချာစွာ ပိတ်ဆို့ရမည်၊

၎င်းပြင် မိမိတို့ကျောင်းမှာ ရှိသော အိပ်ရာ, နေရာများကိုလည်း အနီး အပါး၌ ရှိသော ရဟန်းကိုဖြစ်စေ, ရဟန်းမရှိလျှင် သာမဏေကို, သာမဏေ မရှိလျှင် ဉပါသကာ အရံစောင့်ကို ပြောကြား ပန်ကြားပြီးမှ သွားရမည်၊

ပန်ကြား ပြောဆိုစရာ ဉပါသကာ အရံစောင့်, သာမဏေ, ရဟန်း တဦးတယောက်မျှ မရှိပါမူကား မိမိကိုယ်တိုင်ပင် လေးခုသော ကျောက်တုံး အုတ်ခဲတုံးတို့အပေါ်၌ ညောင်စောင်းကိုထားရမည်၊ ညောင်စောင်း ခုတင် (ခံတင်)ပေါ် ညောင်စောင်း ခုတင်(ခံတင်) ကိုဆင့်၍ ထားရမည်၊ ထို အပေါ်မှ သစ်ဘဏ္ဍာ, မြေဘဏ္ဍာတို့ကို ခြ လွတ်ရန် စုပုံထားပြီးလျှင် အိပ်ရာ နေရာတို့ကိုလည်း ထို အပေါ်၌ပင်ပုံ၍ ရှိသေစွာ တံခါးကို ပိတ်ပြီးလျှင် အချပ်တပါးသို့ ဖဲသွားရမည်၊

ဤသို့အစရှိသည်ဖြင့် ခရီးသွား ရဟန်းတို့ လိုက်နာ ကျင့်သုံးရန် ဝတ် တရားများကို သဗ္ဗညု မြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ခရီးသွားဆဲ ရဟန်းတို့၏ ကျင့်ဝတ်များ ပြီး၏

---

## ဆွမ်းကျွေးရာ၌ တရားဟောကြားရန် ခွင့်ပြုခြင်း

ပုစ္ဆာ။ ။ဘတ္တဂ္ဂေ အာဝုသော အနုမောဒိတုံ ဘဂဝတာ ကတ္ထ အနုညာတံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ အနုညာတံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ ဘတ္တဂ္ဂေ နာနုမောဒိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတံ။

အမေး။ ။ဆွမ်းကျွေး လှူဒါန်းရာ ဆွမ်းကပ်ရာ ဆွမ်းစားရာ ဌာန၌ အနုမောဒနာ တရားကို ဟောကြားရန် မြတ်စွာဘုရား ခွင့်ပြုတော် မူခဲ့သည်မှာ ဘယ်မြို့။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ခွင့်ပြုတော် မူအပ်ပါသည်၊

များစွာသော ရဟန်းတို့သည် အနုမောဒနာဝတ်ကို မြတ်စွာဘုရား ခွင့်ပြုတော် မမူသေးမီ မြို့တွင်း, ရွာတွင်း, ဆွမ်းစားစရပ်, ဆွမ်းစားကျောင်း ဆွမ်းစားရာ အိမ်တို့၌ "ဆွမ်းအနုမောဒနာ" တရားကို မဟောကြားဘဲ ဆွမ်းစားပြီးလျှင် ပြန်ခဲ့ကြပါကုန်သည်၊

ထိုကို အကြောင်းပြု၍ များစွာသော ဒါယကာတို့က ကဲ့ရဲ့ရှုတ်ချစကား "တရားကလေးမျှ မဟောကြားခဲ့ပါတကား" စသည်ဖြင့် ပြောကြားကြပါသည် ထိုသို့သော မှုခင်းကိစ္စကြောင့် အနုမောဒနာဝတ်ကို သဗ္ဗညုမြတ်စွာဘုရား ခွင့်ပြု ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ဆွမ်းကျွေးရာ၌ တရားဟောကြားရန် ခွင့်ပြုခြင်း ပြီး၏

---

## ဆွမ်းစားရာ၌ ၁၀ ကျင့်ဝတ်များ

ပုစ္ဆာ။ ။ဘိက္ခူနံ အာဝုသော ဘတ္တဂ္ဂဝတ္တံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ ဒုန္နိဝတ္ထာ ဒုပ္ပါရုတာ အနာကပ္ပသမ္ပန္နာ ဘတ္တဂ္ဂံ ဂစ္ဆိံသု၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "သစေ အာရာမေ ကာလော အာရောစိတော ဟောတိ၊ တိမဏ္ဍလံ ပဋိစ္ဆာဒေန္တေန ပရိမဏ္ဍလံ နိဝါသေတွာ ကာယဗန္ဓနံ ဗန္ဓိတွာ သဂုဏံ ကတွာ သံဃာဋိယော ပါရုပိတွာ ဂဏ္ဌိကံ ပဋိမုဉ္စိတွာ

ခေါဝိတွာ ပတ္တံ ဂဟေတွာ သာခုကံ အတရမာနေန ဂါမော ပဝိသိတဗ္ဗော”တိ ဧဝမာဒိနာ ဘန္တေ ဘတ္တဂ္ဂဝတ္တံ ပညတ္တံ။

အမေး။ ။ရဟန်းတို့အား မြို့တွင်း, ရွာတွင်း, ဆွမ်းစားရာ ဌာန၌ လိုက်နာ ကျင့်သုံးရမည့် ဝတ်တရားတို့ကို မြတ်စွာဘုရား ပညတ်တော် မူခဲ့ သည်မှာဘယ်မြို့။ပ။ သနည်း၊ ထို ကျင့်ဝတ်တရားတို့ကို ဘယ်ပုံ ဘယ်နည်း ဖြင့် ဝေဘန်၍ ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ် တော်မူအပ်ပါသည်၊

ဆဗ္ဗဂ္ဂီရဟန်းတို့သည် မကောင်းသော ဝတ်ခြင်း, မကောင်းသော ရုံခြင်း, မတင့်တယ်သော အသွင်အပြင် ရှိကြကုန်သည်ဖြစ်၍ မြို့တွင်း, ရွာတွင်း, ဆွမ်းစား စရပ်သို့ သွားကြပါကုန်သည် ဤမျှသာမကသေး ရှေ့မှ ကျော်တက်၍လည်း မထေရ်ကြီးတို့၏ ရှေ့မှ သွားကြပါကုန်သည် မထေရ်ကြီး တို့ကို တိုးဝှေ့၍လည်း နေကြပါကုန်သည် သတင်းငယ်တို့ကိုလည်း နိုင်လို မင်းထက် နေရာဖြင့် မြစ်တားကြပါကုန်သည် သင်္ကန်းကြီးကိုလည်း ဖိခါ ထိုင်လျက် မြို့တွင်း ရွာတွင်း၌ နေကြပါကုန်သည်၊ ထိုသို့သော မှုခင်းကိစ္စ ကြောင့် သဗ္ဗညုမြတ်စွာဘုရားသည်—

“ချစ်သားတို့....သို့တပြီးကား ရဟန်းတော်တို့၏ မြို့တွင်း, ရွာတွင်း, ဆွမ်းစားရာ နေရာဌာန၌ လိုက်နာကျင့်သုံးရမည့် ဝတ်တရားကို ငါဘုရား ပညတ်တော်မူမည်” ဟု မိန့်ကြားတော် မူပြီးလျှင် မြို့တွင်း ရွာတွင်း သွားရောက်ရန် အခါကို ကြားလျှောက်သည်ရှိသော် ကျောင်းတိုက် အတွင်း ၌ပင် အဝန်းညီစွာ သင်းပိုင်ကို ဝတ်ပြီးလျှင် သင်္ကန်းတို့ကို ထပ်၍ ရုံပြီးလျှင် ကမ္ပတ်သီးတို့ကို တပ်၍ သပိတ်ကိုလည်း ဆေးကြောပြီး ရိုသေစွာ တည်ငြိမ် သော ဣန္ဒြေဖြင့် မဆောမလျင် ရွာတွင်းသို့ ဝင်ရမည် သေခိယနှင့်အညီ ရွာတွင်းသို့ သွားရမည်” ဤသို့ အစရှိသည်ဖြင့် ရဟန်းတော်တို့ လိုက်နာ ကျင့်သုံးရမည့် ဆွမ်းစားရာဌာန၌ များစွာသော ဝတ်တရားတို့ကို သဗ္ဗညု မြတ်စွာဘုရား ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

ဆွမ်းစားရာဌာန၌ ကျင့်ဝတ်များ ပြီး၏

## ကျောင်း၌ ပြုလုပ်ဖွယ် ကျင့်ဝတ်များ

ပုစ္ဆာ။ ။ဘိက္ခူနံ အာဝုသော သေနာသနဝတ္တံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ၊ ကထဉ္စ တံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ အာရဗ္ဘ ပညတ္တံ၊ ဆဗ္ဗဂ္ဂိယာ ဘန္တေ ဘိက္ခူ ဘိက္ခူသု အဇ္ဈောကာသေ စီဝရံ ကရောန္တေသု ပဋိဝါတေ အင်္ဂဏေ သေနာသနံ ပပ္ဖောဋေသုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "ယသ္မိံ ဝိဟာရေ ဝိဟရတိ၊ သစေ သော ဝိဟာရော ဥက္လာပေါ ဟောတိ၊ သစေ ဥဿဟတိ သောဓေတဗ္ဗော" တိ ဧဝမာဒိနာ ဘန္တေ ဘိက္ခူနံ သေနာသနဝတ္တံ ဘဂဝတာ ပညတ္တံ။

အမေး။ ။ရဟန်းတို့အား ကျောင်းတို့၌ ပြုလုပ်ဆောင်ရွက်သင့်သော သေနာသန ကျင့်ဝတ်တို့ကို မြတ်စွာဘုရား ပညတ်တော် မူခဲ့သည်မှာ ဘယ်မြို့။ပ။ သနည်း၊ ထို ကျင့်ဝတ်တရားတို့ကို ဘယ်ပုံ ဘယ်နည်းဖြင့် အကျယ် ဝေဘန်၍ ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည်၌ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

ဆဗ္ဗဂ္ဂီရဟန်းတို့သည် များစွာသော ရဟန်းတို့ ဟင်းလင်းအပြင် လွင်တီးကောင်၌ သင်္ကန်းချုပ်နေကြစဉ် လေညာ အရပ်မှနေ၍ ခုတင် (ခံတင်) ညောင်စောင်း အိပ်ရာ နေရာ စသည်တို့ကို ခါကြပါကုန်သည် သို့ဖြင့် သင်္ကန်းချုပ်သော ရဟန်းတို့ မြူမှုန့်ဖြင့် ပြွမ်းကြရပါသည်၊ ထိုသို့သော မှုခင်းကိစ္စကြောင့် သဗ္ဗညုမြတ်စွာဘုရားသည် ရဟန်းတော်တို့၏ နေရာကျောင်းတို့၌ လိုက်နာ ကျင့်သုံးရမည့် ဝတ်ကို ပညတ်တော်မူခဲ့သည်မှာ—

အကြင်ကျောင်း၌ မိမိနေ၏ စွမ်းဆောင်လည်း စွမ်းဆောင်နိုင်၏ ထို ကျောင်း၌လည်း အညစ်အကြေး အမှိုက်သရိုက် ထူပြော၏၊ ထိုအခါ သုတ်သင်ရမည့် ကျောင်းကို သုတ်သင်သောအခါ ရှေးဦးစွာ သပိတ်သင်္ကန်းကို ထုပ်၍ သင့်လျော် လျောက်ပတ်သော နေရာ၌ ထားရမည်၊ ထို့နောက် အိပ်ရာခင်း, နိသီဒိုင်, ထို့နောက် ဘုံသျှိ, ခေါင်းအုံး, ထို့နောက် ခုတင် (ခံတင်)

ညောင်စောင်း, ထို့နောက် ညောင်စောင်းခြေ, ထို့နောက် ထွေးခံ ပြွန်ရှို့, ထို့နောက် မှီရာတံကဲပျဉ်, ထို့နောက် မြေအခင်းတို့ကို အစဉ်အတိုင်း ထုပ်ပြီးမှ သင့်တင့်လျောက်ပတ်သော အရပ်၌ ထားပြီးလျှင် နေရာကျောင်း၌ အကယ်၍ အမိုက်သရိုက် ထူပြောသည်ရှိသော် အထက် မျက်နှာကြက် ပြတန် (ဗိတာန်) မှ အစပြု၍ သုတ်သင်ရမည် ထို့နောက် လေသာနန်းတံခါး ပြူတင်း ပေါက်တို့ကို အထောင့်မကျန် သုတ်သင်ရမည် အပြေအပြစ် ပြုအပ်သော နံရံ၌ အမိုက်သရိုက် အညစ်အကြေး စွန်းငြိသည်ရှိသော် အဝတ်ကို ရေဖြင့် သုတ်၍ ညှစ်၍ သုတ်သင် ရှင်းလင်းရမည် ဤသို့ အစရှိသည်ဖြင့်ဝင်း....

အကယ်၍ အရှေ့အရပ်မှ မြူမှုန်နှင့်တကွ လေတိုက်လာသည်ရှိသော် အရှေ့အရပ်ရှိ လေသာနန်းတံခါးတို့ကို ပိတ်ရမည် အနောက်အရပ်, တောင် အရပ်, မြောက်အရပ်တို့မှ မြူမှုန်နှင့်တကွ လေလာသည်ရှိသော် ထို လေ လာရာ အရပ်မှ လေသာနန်းပြတင်းတို့ကို ပိတ်ဆို့ရမည် အေးသော အခါ ကာလ ဖြစ်လျှင် နေ့အခါ လေသာတံခါးပေါက်တို့ကို ဖွင့်ရမည် ညအခါ ပိတ်ရမည် ပူအိုက်သောအခါ ဖြစ်လျှင် နေ့အခါ လေသာတံခါးတို့ကို ပိတ်၍ ညအခါမှ ဖွင့်ရမည် ဤသို့ အစရှိသည်ဖြင့်ဝင်း....

များစွာသော သေနာသနဝတ်တို့ကို သဗ္ဗညုမြတ်စွာဘုရား ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ကျောင်း၌ ပြုလုပ်ဖွယ် ကျင့်ဝတ်များ ပြီး၏

---

## အာပတ် အကျဉ်းချုပ်

ပုစ္ဆာ။ ။သမာစာရံ ပုစ္ဆိဿံ၊ သနိဒါနံ သနိဒ္ဒေသံ။
သမုက္ကဋ္ဌပဒါနံ အာဝုသော ကတိ အာပတ္တိယော။

ဝိဿဇ္ဇနာ။ ။သမာစာရံ ဝိဿဇ္ဇိဿံ၊ သနိဒါနံ သနိဒ္ဒေသံ။
သမုက္ကဋ္ဌပဒါနံ ဘန္တေ ဧကာ အာပတ္တိ။

အမေး။ ။ကျင့်ဝတ်ဆိုင်ရာ ဝတ္တက္ခန္ဓကကို နိဒါန်း နိဒ္ဒေသနှင့်တကွ မေးမြန်းပေအံ့၊ ဤ ဝတ္တက္ခန္ဓကလာ မြတ်စွာဘုရား၏ ပညတ်တော်တို့နှင့်

သက်ဆိုင်သော အာပတ်တို့သည် အကျဉ်းချုပ်အားဖြင့် အဘယ်မျှ ရှိပါကုန်သနည်း ငါ့ရှင်။

အဖြေ။ ။နိဒါန်း နိဒ္ဒေသနှင့်တကွသော ဝတ္တက္ခန္ဓကကို ဖြေကြားလျှောက်ထားပါအံ့၊ ဤခန္ဓက၌ သဗ္ဗညုမြတ်စွာဘုရား၏ မုခပါဌ် စကားတော်မြတ်တို့နှင့် စပ်ဆိုင်သော အာပတ်အစုကား ပညတ်တော်မူချက် ဝတ်တရားတို့ကို မလိုက်နာသည်ရှိသော် **ဝတ္တဘေဒ** ဒုက္ကဋ် အာပတ်သင့်စေ ဟု ပညတ်တော်မူလိုရင်း ဖြစ်ရကား ဒုက္ကဋ် အာပတ် တပါးသာ ရှိပါသည် အရှင်ဘုရား။

**ဝတ္တက္ခန္ဓက ပြီး၏**

# ၉-ပါတိမောက္ခဋ္ဌပနက္ခန္ဓက

## အာပတ်တန်းလန်း ပုဂ္ဂိုလ်ရှိလျှင် ပါတိမောက် မပြရခြင်း

ပုစ္ဆာ။ ။သာပတ္တိကေန အာဝုသော ပါတိမောက္ခံ သုဏန္တဿ ပါတိမောက္ခံ ဌပေတုံ ဘဂဝတာ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အညတရံ ပုဂ္ဂလံ ဒုဿီလံ ပါပဓမ္မံ အာရဗ္ဘ ပညတ္တံ၊ အညတရော ဘန္တေ ပုဂ္ဂလော ဒုဿီလော ပါပဓမ္မော တဒဟုပေါသထေ သံဃမဇ္ဈေ နိသိန္နော အဟောသိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ပညတ္တံ။

အမေး။ ။အာပတ်ရှိသော ရဟန်းသည် အာပတ်ရှိလျက် ဥပုသ်ပြုရာ, ပါတိမောက် ပြရာ၌ ပါတိမောက်ကို နာယူနေသည်ရှိသော် ထို အာပတ်ရှိလျက် ပါတိမောက်ကို နာယူနေသော ရဟန်းအား ထိုရဟန်း၏ မျက်မှောက်၌ ပါတိမောက်ကို မပြဘဲ ရပ်ဆိုင်းထားရန်, ကန့်ကွက်ရန် အလို့ငှါ မြတ်စွာဘုရား ခွင့်ပြု ပညတ်တော်မူခဲ့ပေ၏၊ ထို ခွင့်ပြု ပညတ်တော်မူခဲ့သည်မှာ ဘယ်မြို့။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ မထင်မရှား အညတရ ဒုဿီလ ပုဂ္ဂိုလ်တပါးကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည်၊

အနည်းငယ် လျှောက်ထားလိုပါသည်၊ မြတ်စွာဘုရား သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ဥပုသ်နေ့၌ များစွာသော ရဟန်းအပေါင်း ခြံရံလျက် တရားဟောနေတော်မူဆဲ ဖြစ်ပါသည်၊ ထိုအခါ အရှင်အာနန္ဒာသည် ပဌမယံလွန်မြောက်သော အခါ "မြတ်စွာဘုရား.... ပဌမယံ လွန်မြောက်ခဲ့ပါပြီ ရဟန်းတော်များလည်း ထိုင်နေရသည်မှာ ကြာမြင့်လှပါပြီ ရဟန်းတော်များအား ပြနေကျ ဩဝါဒ ပါတိမောက်ကို ပြတော်မူပါ" ဟု လျှောက်ထားပါသည်၊ ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ဆိတ်ဆိတ်သာ နေတော်မူပါသည် မဇ္ဈိမယံ လွန်သောအခါ၌လည်း တကြိမ် ပစ္ဆိမယံ လွန်သောအခါ၌လည်း တကြိမ် ဤသို့ သုံးကြိမ်တိုင်တိုင် လျှောက်

ထားပါသော်လည်း မြတ်စွာဘုရားသည် ဆိတ်ဆိတ်သာ နေတော်မူပြီးလျှင် သုံးကြိမ်မြောက်၌ကား—

အပရိသုဒ္ဓါ အာနန္ဒ ပရိသာ.... ချစ်သား အာနန္ဒာ ယခု စည်းဝေးသော ပရိသတ်ကား မစင်မကြယ်ရှိလှသည်—

ဤသို့ မိန့်တော်မူလျှင် အရှင်မဟာမောဂ္ဂလ္လာန်မထေရ်သည် စေတော ပရိယ အဘိညာဉ်ဖြင့် အလုံးစုံသော ပရိသတ် အဝင်အပါ ရဟန်းတို့၏ စိတ်ကို စူးစမ်း ဆင်ခြင်တော်မူသည်ရှိသော် ထို ဒုဿီလ, ပါပဘိက္ခု, အရေခြုံ ရဟန်းကို မြင်တော်မူသောအခါ ထို ဒုဿီလပုဂ္ဂိုလ်အထံသို့ သွားရောက်၍—

"ဥဋ္ဌေဟိ အာဝုသော—ထလော့, ထွက်လော့, ငါ့ရှင်၊ ဒိဋ္ဌောသိ ဘဂဝတာ—သင့်ကို မြတ်စွာဘုရား သိမြင်တော်မူအပ်လေပြီ၊ သင်သည် ရဟန်းတို့နှင့် အတူတကွ ကံကြီး, ကံငယ် ပြုလုပ်ထိုက်သူမဟုတ်" ဟူ၍ ပြောဆိုပါသော်လည်း သုံးကြိမ်တိုင်တိုင် ပြောဆိုပါလျက်နှင့် မထွက်ဘဲ ရှိသည်တွင် အရှင်မဟာမောဂ္ဂလ္လာန်သည် ထို ဒုဿီလ ပါပပုဂ္ဂိုလ်ကို ချိုင်းမှ မ-၍ တံခါးမုခ် ပြင်ဘက်သို့ ထုတ်ပြီးလျှင် မင်းတုတ်ကို ချ၍ ထားခဲ့ပြီး နောက် သဗ္ဗညုဘုရားထံမှောက် ပြန်ရောက်၍—

"ရှင်တော်ဘုရား....ထို ဒုဿီလ ပါပပုဂ္ဂိုလ်ကို ထုတ်ပစ်ခဲ့ပြီးပါပြီ ပါတိ မောက် ပြတော်မူပါ" ဟု လျှောက်ထားသောအခါ သဗ္ဗညုမြတ်စွာဘုရား သည်—

"အံ့ပါဘိ ချစ်သား မောဂ္ဂလ္လာန်....ထို ဒုဿီလ ပါပ ပုဂ္ဂိုလ်သည် ချိုင်းကို မ-၍ ထုတ်ယူရသည်တိုင်အောင် နေမှ နေနိုင်ပါဘိ" ဟု ကဲ့ရဲ့ရှုတ်ချ တော်မူပြီးနောက် သမုဒ္ဒရာ၌ ထင်ရှားရှိသော အံ့ဘွယ်ရှစ်ပါးနှင့် ဥပမာ ပြုပြီးလျှင် သာသနာတော်၏ အံ့ဘွယ်ရှစ်ပါးကို ဟောကြားတော် မူပြီးသော အခါ မြတ်စွာဘုရားတို့သည် မစင်ကြယ်သော ပရိသတ်၌ ဩဝါဒ ပါတိမောက် ပြရိုးထုံးစံ မရှိကြောင်း မိန့်ကြားတော် မူပြီးလျှင် "ချစ်သားတို့....၊ ယခု အချိန်မှစ၍ သင်ချစ်သားတို့သည် ငါဘုရား၏ အာဏာ ပါတိမောက်ကို ပြကြကုန်လော့" ဟု မိန့်ကြားတော်မူပြီးနောက် "ချစ်သားတို့ အကြင်

ရဟန်းသည် အာပတ်ထင်ရှား ရှိလျက်နှင့် ပါတိမောက် ပြသောအခါ သံဃ ဥပုသ်ပြသောအခါ ပါတိမောက်ကို ကြားနာငြားအံ့ ထိုရဟန်း၏ ဥပုသ်ကို ဟန့်တားဘို့ရန် ငါဘုရား ခွင့်ပြုတော်မူ၏” ဟု သဗ္ဗညုမြတ်စွာဘုရား ခွင့်ပြု ပညတ်တော် မူခဲ့ပါသည် အရှင်ဘုရား။

အာပတ်ဘန်းလန်း ပုဂ္ဂိုလ်ရှိလျှင် ပါတိမောက် မပြရခြင်း ပြီး၏

---

## အာပတ် အကျဉ်းချုပ်

ပုစ္ဆာ။ ။ဌပနံ အာဝုသော ပုစ္ဆိဿံ၊ သနိဒါနံ သနိဒ္ဒေသံ။
သမုက္ကဋ္ဌပဒါနံ အာဝုသော ကတိ အာပတ္တိယော။ ။

ဝိဿဇ္ဇနာ။ ။ဌပနံ ဝိဿဇ္ဇိဿံ၊ သနိဒါနံ သနိဒ္ဒေသံ။
သမုက္ကပဋ္ဌဒါနံ ဘန္တေ ဧကာ အာပတ္တိ။

အမေး။ ။နိဒါန်း နိဒ္ဒေသနှင့် တကွဖြစ်သော ပါတိမောက္ခဋ္ဌပနက္ခန္ဓက ကို မေးမြန်းပေအံ့၊ ဤ ပါတိမောက္ခဋ္ဌပနက္ခန္ဓကလာ မြတ်စွာဘုရား၏ ပညတ် တော်နှင့် သက်ဆိုင်သော အာပတ်တို့သည် အကျဉ်းချုပ်အားဖြင့် အဘယ်မျှ ရှိပါကုန်သနည်း ငါ့ရှင်။

အဖြေ။ ။နိဒါန်း နိဒ္ဒေသနှင့် တကွသော ပါတိမောက္ခဋ္ဌပနက္ခန္ဓကကို ဖြေကြား လျှောက်ထားပါအံ့၊ ဤ ပါတိမောက္ခဋ္ဌပနက္ခန္ဓကဌ် သဗ္ဗညုမြတ်စွာ ဘုရား၏ ရွှေနှုတ်တော်ထွက် မှန်မြတ်လှသော စကားတော်တို့နှင့် စပ်ဆိုင်သော အာပတ် အမျိုးအစားကား ဒုက္ကဋ်အာပတ် တမျိုးသာလျှင် ရှိပါသည် အရှင် ဘုရား။

**ပါတိမောက္ခဋ္ဌပနက္ခန္ဓက ပြီး၏**

# ၁၀–ဘိက္ခုနီက္ခန္ဓက

## ဂရုဓမ်ံ ရှစ်ပါးဖြင့် ရဟန်းအဖြစ် ခွင့်ပြုခြင်း

### မိထွေးတော် ဂေါတမီ ဝတ္ထု

ပုစ္ဆာ။ ။အဋ္ဌဟိ အာဝုသော ဂရုဓမ္မေဟိ ဥပသမ္ပဒါ ဘဂဝတာ ကတ္ထ အနုညာတာ၊ ကဿ အနုညာတာ၊ ကိသ္မိံ စ ဝတ္ထုသ္မိံ အနုညာတာ။

ဝိဿဇ္ဇနာ။ ။ဝေသာလိယံ ဘန္တေ မဟာပဇာပတိယာ ဂေါတမိယာ အနုညာတာ၊ မဟာပဇာပတိ ဘန္တေ ဂေါတမီ သူနေဟိ ပါဒေဟိ ရဇောကိဏ္ဏေန ဂတ္တေန ဒုက္ခီ ဒုမ္မနာ အဿုမုခီ ရုဒမာနာ ဗဟိဒွါရကောဋ္ဌကေ အဋ္ဌာသိ၊ အထ ခေါ ဘန္တေ အာယသ္မာ အာနန္ဒော မဟာပဇာပတိံ ဂေါတမိံ တံ ကာရဏံ ပုစ္ဆိတွာ ဘဂဝန္တံ စတုက္ခတ္တုံ ယာစိ မာတုဂါမဿ တထာ-ဂတပ္ပဝေဒိတေ ဓမ္မဝိနယေ အာဂါရသ္မာ အနာဂါရိယံ ပဗ္ဗဇ္ဇံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတာ။

အမေး။ ။ရှစ်ပါးသော ဂရုဓမ္မတို့ဖြင့် ရဟန်းအဖြစ်ကို မြတ်စွာဘုရား ခွင့်ပြုတော် မူခဲ့သည်မှာ ဘယ်မြို့ဒေသ ဘယ်ဌာနၨ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ခွင့်ပြုတော် မူခဲ့ပါသနည်း၊ ဘယ်သို့သော အမှုအခင်း အကြောင်းရင်းကြောင့် ခွင့်ပြုတော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဝေသာလီပြည်၌ မိထွေးတော် မဟာပဇာပတိ ဂေါတမီ အား ခွင့်ပြုတော် မူအပ်ပါသည်၊

အနည်းငယ် လျှောက်ထားလိုပါသည်၊ မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံ ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ မဟာပဇာပတိ ဂေါတမီသည် ဘုရားထံမှောက် သွားရောက်၍ အမျိုးသမီး မာတုဂါမများ မြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းအဖြစ်ရဘို့ရန် သုံးကြိမ် သုံးဖန် လျှောက်ထားသော်လည်း သဗ္ဗညုမြတ်စွာဘုရား ခွင့်ပြုတော် မမူခဲ့ပါ၊

မြတ်စွာဘုရားသည် ကပိလဝတ်ပြည်မှ ဝေသာလီပြည်သို့ ကြွတော်မူသောအခါ မဟာပဇာပတိ ဂေါတမီသည် သာကီဝင် မင်းသမီးငါးရာနှင့်တကွ ဆံတို့ကို ချပြီးလျှင် ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ဆင်လျက် ခြေလျင်ခရီးဖြင့်သာ ဝေသာလီပြည် မဟာဝုန်တော သဗ္ဗညုမြတ်စွာဘုရား သီတင်းသုံးရာကျောင်းတိုက်သို့ လိုက်ပါသွားပြီးလျှင် ဘုရား၏ ခွင့်ပြုချက်မရဘဲ ဆံရိပ်ခြင်း ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ခြင်းကို ပြုမိသည်အတွက် မိမိ၌ အပြစ်ရှိသကဲ့သို့ ထင်မှတ်၍ ဘုရားထံသို့ တိုက်ရိုက် မဝင်ရောက်ဝံ့ဘဲ တံခါးမုခ်၏ အပြင်ဘက်မှပင်လျှင် ဖူးဖူးရောင်သော ခြေတို့ဖြင့်ရင်း မှုံမှုန့်ကပ်သော ကိုယ်တို့ဖြင့်ရင်း ဆင်းရဲခြင်း, နှလုံးမသာယာခြင်း ဖြစ်လျက် မျက်ရည်တို့ဖြင့် ပြည့်သောမျက်နှာရှိလျက် ငိုကြွေးလျက် တည်နေပါသည်၊

အရှင်အာနန္ဒာသည် မဟာပဇာပတိ ဂေါတမီအထံသို့ လာပြီးလျှင် အကြောင်းအကျိုးကို မေးမြန်းတော်မူပြီးနောက် "မိထွေးတော် မဟာပဇာပတိ ဂေါတမီ၊....မြတ်စွာဘုရားကို သွား၍ မေးလျှောက်ပါဦးမည် ခဏတ္တခဏ ဆိုင်းတွ ငံ့လင့် တည်နေနှင့်ပါ" ဟု မိန့်ကြားပြီးလျှင် ဘုရားထံမှောက် သွားရောက်၍ မာတုဂါမ အမျိုးသမီးများ ဤသာသနာတော်ဝယ် ရဟန်းပြုခွင့် ရဘို့ရန် သုံးကြိမ်တိုင်တိုင် တောင်းပန်သော်လည်း သဗ္ဗညုမြတ်စွာဘုရား ခွင့်ပြုတော် မမူခဲ့ပါ၊

ထိုအခါ အရှင်အာနန္ဒာသည် ပရိယာယ် အကြောင်း တမျိုးဖြင့် မြတ်စွာဘုရားအား တိုးလျှိုးတောင်းပန်လိုသဖြင့်....

"ရှင်တော်ဘုရား၊....အမျိုးသမီး မာတုဂါမများသည် ဤသာသနာတော်၌ ဝင်ရောက် ရဟန်းပြုလျှင် သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်, အရဟတ္တဖိုလ် တို့ကို မျက်မှောက် ပြုခြင်းငှါ ထိုက်တန်ပါ၏လားဘုရား" ဟု လျှောက်ထားသောအခါ ထိုက်တန်ကြောင်း မြတ်စွာဘုရားက ပြန်ပြောင်း မိန့်ကြားပါသည်၊ ထိုအခါ အရှင်အာနန္ဒာသည်—

ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....၊ အမျိုးသမီးမာတုဂါမများသည် ဤသာသနာတော်၌ ဝင်ရောက်ရဟန်း ပြုလျှင် သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်, အရဟတ္တဖိုလ် တိုင်မြောက် ဆိုက်ရောက်ခြင်း မျက်မှောက်ပြုခြင်းငှါ စွမ်းနိုင်သည် ဖြစ်ပါမူ

မဟာပဇာပတိဂေါတမီ မိထွေးတော်ကြီးသည် ရှင်တော်ဘုရားအပေါ်၌ လွန်စွာ့ လွန်စွာ ကျေးဇူးများလှပါသည် ရှင်တော်ဘုရားကို ခြေတော်နှင့် သွားနိုင်သည်တိုင်အောင် စောင့်ရှောက်တော်မူခဲ့ပါပေသည် ကျွေးမွေး သုတ်သင် ပြင်ဆင်ခဲ့ပါပေသည်၊

ရှင်တော်ဘုရားကို မယ်တော် စွန့်ပစ်၍ ဘဝ တမလွန် နတ်ရွာစံသော အခါ မဟာပဇာပတိ ဂေါတမီသည် သားတော်အရင်းဖြစ်သော နန္ဒမင်းသား ကို အထိန်းတော်တို့ထံ အပ်နှံ၍ မိမိကိုယ်တိုင်ပင် ရှင်တော်ဘုရားကို နို့ချိုအေး တိုက်ကျွေးခဲ့ပါသည်၊ သို့စဉ် ကျေးဇူးများလှသော မိထွေးတော် မဟာပဇာပတိ ဂေါတမီကဲ့သို့သော အမျိုးကောင်းသမီးတို့အား ဤဘုရား သာသနာတော်၌ ရဟန်းပြုဘို့ရန် ခွင့်ပြုတော်မူပါဘုရား ဟု လျှောက်ထား တောင်းပန်ပါသည်၊

ထိုအခါ မြတ်စွာဘုရားသည် ချစ်သား အာနန္ဒာ.... မိထွေးတော် မဟာ ပဇာပတိဂေါတမီသည် ဂရုဓံ ရှစ်ပါး တရားတော်များကို အကယ်၍ ခံယူ ကျင့်သုံး လိုက်နာသည် ဖြစ်ပါအံ့ ထိုသို့ ဂရုဓံ တရားရှစ်ပါးကို လိုက်နာကျင့် သုံးခြင်းသည်ပင်လျှင် မိထွေးတော် မဟာပဇာပတိ ဂေါတမီ၏ ရဟန်းခံခြင်း ဖြစ်စေ ဟု သဗ္ဗညုမြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပါသည် အရှင်ဘုရား။

မိထွေးတော် ဂေါတမီ ဝတ္ထု ပြီး၏

---

## သာကီဝင်မင်းသမီး ငါးရာတို့ ရဟန်းပြုဘို့ ခွင့်ပြုခြင်း

ပုစ္ဆာ။ ။ဘိက္ခုနိဟိ ဖာဝုသော ဘိက္ခုနိယော ဥပသမ္ပာဒေတုံ ဘဂဝတာ ကတ္ထ အနုညာတံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတံ။

ဝိဿဇ္ဇနာ။ ။ဝေသာလိယံ ဘန္တေ မဟာပဇာပတိံ ဂေါတမိံ အာရဗ္ဘ အနုညာတံ၊ မဟာပဇာပတိ ဘန္တေ ဂေါတမီ ဘဂဝန္တံ ဧတ-ဒဝေါစ "ကထာဟံ ဘန္တေ ဣမာသု သာကိယာနီသု ပဋိပဇ္ဇာမီ" တိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတံ။

အမေး။ ။ဘိက္ခုနီမတို့ကို ရဟန်းတော်တို့က ရဟန်းပြုပေးရန် အလို့ ငှါ မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့သည်မှာ ဘယ်မြို့ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို

အကြောင်းပြု၍ ဘယ်သို့သော မှုခင်းကိစ္စကြောင့် ခွင့်ပြုတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဝေသာလီပြည် အရပ်၌ မိထွေးတော် မဟာပဇာပတိ ဂေါတမီကို အကြောင်းပြု၍ ခွင့်ပြုတော်မူအပ်ပါသည်၊

မိထွေးတော် မဟာပဇာပတိ ဂေါတမီသည် မိမိကိုယ်တိုင်က ဂရုဓမ် ရှစ်ပါး တရားကို လက်ခံခြင်းဖြင့် ပဉ္စင်းအဖြစ်ကို ရယူပြီးသောအခါ မြတ်စွာဘုရား ထံမှောက်သို့ သွားရောက်၍——

"ရှင်တော်ဘုရား.... တပည့်တော်မနှင့် အတူတကွ လိုက်ပါလာကြသော ဤသာကီဝင် မင်းသမီး ငါးရာတို့၌ တပည့်တော်မ မည်သို့ မည်ပုံ ကျင့်ကြံရပါ မည်နည်း" ဟု လျှောက်ထားသောအခါ မြတ်စွာဘုရားသည် ထိုသာကီဝင် မင်းသမီး ငါးရာတို့ကို ရဟန်းတော်တို့က ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်း ပြု၍ ပေးဘို့ရန် ခွင့်ပြုတော်မူခဲ့ပါသည် အရှင်ဘုရား။

သာကီဝင်မင်းသမီး ငါးရာတို့ ရဟန်းပြုဘို့ ခွင့်ပြုခြင်း ပြီး၏။

---

## ဘိက္ခု, ဘိက္ခုနီ သံဃာနှစ်ဘက်လုံး၌ ရဟန်းပြုရခြင်း

ပုစ္ဆာ။ ။ကေတော ဥပသမ္ပန္နာယ အာဝုသော ဘိက္ခုနိသံဃေ ဝိသုဒ္ဓါယ ဘိက္ခုသံဃေ ဥပသမ္ပာဒေတုံ ဘဂဝတာ ကတ္ထ အနုညာတံ၊ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ အနုညာတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ အနုညာတံ၊ သမ္ဗဟုလာ ဘန္တေ ဘိက္ခူ ဘိက္ခုနီနံ အန္တရာယိကေ ဓမ္မေ ပုစ္ဆိံသု၊ ဥပသမ္ပဒါပေက္ခာယော ဝိတ္ထာယိံသု၊ မင်္ကူ အဟေသုံ၊ န သက္ခိံသု ဝိဿဇ္ဇေတုံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ အနုညာတံ။

အမေး။ ။ဘိက္ခုနီသံဃာ၌ အန္တရာယိက ဓမ္မတို့ကို မေးမြန်းစစ်ဆေး ပြီး၍ စင်ကြယ်သော အခါ ဘိက္ခုနီသံဃာက ရှေးဦးစွာ ရဟန်းခံပေးပြီးလျှင် ထိုသို့ ဘိက္ခုနီသံဃာ၌ရဟန်း ဖြစ်ပြီးသော ဘိက္ခုနီမကို ဘိက္ခုသံဃာ၌

အပြည့်အစုံ တဖန်ပြန်၍ ရဟန်းပြုပေးခြင်းငှါ မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ပေ၏၊ ထိုသို့ ခွင့်ပြုတော်မူခဲ့သည်မှာ ဘယ်မြို့။ပ။ ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ခွင့်ပြုတော်မူအပ်ပါသည်၊

မြတ်စွာဘုရားသခင်သည် ဝေသာလီပြည်မှ သာဝတ္ထိပြည်သို့ ရောက်တော်မူသောအခါ ရဟန်းတော်တို့သည် ဘိက္ခုနီမတို့အား ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်းခံပေးသောအခါ ဘိက္ခုနီမတို့နှင့် စပ်ဆိုင်သော အမျိုးသမီးအချင်းချင်းသာ မေးမြန်း၍ သင့်လျော်လျောက်ပတ်သော အန္တရာယိကဓမ္မ အကြောင်းအရာများကို မေးမြန်းတော်မူကြပါသည်၊

ဘိက္ခုနီမလောင်းလျာ သိက္ခမာန်တို့သည် ဝိသာဘာဂ ပုဂ္ဂိုလ်ချင်းဖြစ်သဖြင့် ထို အန္တရာယိက ဓမ္မတို့ကို မေးမြန်းတော်မူသည်ရှိသော် ရှုံတိ ရှုံတို ရှိကြပါကုန်သည် မျက်နှာ မသာမယာ ရှိကြပါကုန်သည် အပြည့်အစုံ ဖြေကြားခြင်းငှါ မလျောက်ဝံ့သည်ဖြစ်၍ မစွမ်းနိုင်ကြပါကုန်၊

ထိုသို့သော မှုခင်းကိစ္စကြောင့် သဗ္ဗညုမြတ်စွာဘုရားသည် ဘိက္ခုနီသံဃာတဘက်က အန္တရာယိကဓမ္မ ရန်ဘေး ရှိသမျှ စစ်မေးသဖြင့် ဆေးကြောသုတ်သင် စင်ကြယ်ပြီး၍ ဘိက္ခုနီသံဃာက ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်းခံပေးပြီးသော ဘိက္ခုနီမကို တဖန်ထပ်၍ ဘိက္ခုသံဃာ၌ ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်းပြုဘို့ရန် အလို့ငှါ သဗ္ဗညုမြတ်စွာဘုရား ခွင့်ပြုတော်မူအပ်ပါသည် အရှင်ဘုရား။

ဘိက္ခု, ဘိက္ခုနီ သံဃာ နှစ်ဘက်လုံး၌ ရဟန်းပြုရခြင်း ပြီး၏

## အာပတ် အကျဉ်းချုပ်

ပုစ္ဆာ။ ။ဘိက္ခုနိက္ခန္ဓကံ ပုစ္ဆိဿံ၊ သနိဒါနံ သနိဒ္ဒေသံ။
သမုက္ကဋ္ဌပဒါနံ အာဝုသော ကတိ အာပတ္တိယော။

ဝိဿဇ္ဇနာ။ ။ဘိက္ခုနိက္ခန္ဓကံ ဝိဿဇ္ဇိဿံ၊ သနိဒါနံ သနိဒ္ဒေသံ။
သမုက္ကဋ္ဌပဒါနံ ဘန္တေ ဒွေ အာပတ္တိယော။ ။

အမေး။ ။နိဒါန်း နိဒ္ဒေသနှင့် တကွသော ဘိက္ခုနိက္ခန္ဓကကို မေးမြန်းပေအံ့၊ ဘိက္ခုနိက္ခန္ဓကလာ မြတ်စွာဘုရား၏ ပညတ်တော် စကားရပ်တို့နှင့် စပ်ဆိုင်သော အာပတ်တို့သည် အကျဉ်းချုပ်အားဖြင့် ဘယ်နှစ်ပါး အပြား ရှိပါကုန်သနည်း ငါ့ရှင်။

အဖြေ။ ။နိဒါန်း နိဒ္ဒေသနှင့် တကွ ဘိက္ခုနိက္ခန္ဓကကို ဖြေကြား လျှောက်ထားပါမည်၊ ဤ ဘိက္ခုနိက္ခန္ဓကဌ် သဗ္ဗညုမြတ်စွာဘုရား၏ ရွှေနှုတ်တော်ထွက် မုခပါဠ် စကားတော်မြတ်တို့နှင့် စပ်ဆိုင်သော အာပတ် အစုတို့သည်ကား ပါစိတ်အာပတ်, ဒုက္ကဋ်အာပတ် ဤသို့လျှင် အကျဉ်းချုပ်အားဖြင့် နှစ်မျိုး နှစ်စား နှစ်ပါးသာ ရှိပါကုန်သည် အရှင်ဘုရား။

**ဘိက္ခုနိက္ခန္ဓက ပြီး၏**

# ၁၁—ပဉ္စသတိကက္ခန္ဓက

## ပဌမ သံဂါယနာ စပ်ဆိုင်ရာ အကျဉ်းချုပ်

ပုစ္ဆာ॥ ॥ပဉ္စသတိကံ ပုစ္ဆိဿံ၊ သနိဒါနံ သနိဒ္ဒေသံ॥
သမုက္ကဋ္ဌပဒါနံ အာဝုသော ကတိ အာပတ္တိယော॥

ဝိဿဇ္ဇနာ॥ ॥ပဉ္စသတိကံ ဝိဿဇ္ဇိဿံ၊ သနိဒါနံ သနိဒ္ဒေသံ॥
သမုက္ကဋ္ဌပဒါနံ ဘန္တေ န ကတမာ အာပတ္တိ॥ ॥

အမေး॥ ॥မြတ်စွာဘုရား ပရိနိဗ္ဗာန် စံယူပြီးသောအခါ သုံးလကျော် လေးလအတွင်းသို့ ရောက်သော အခါကာလ၌ မြတ်စွာဘုရား လေးဆဲ့ငါးဝါ ကာလပတ်လုံး ဟောကြား ထားခဲ့သော တရားတော်, ဝိနည်းတော်တို့ကို သံဂါယနာတင်ရန် အရှင်မဟာကဿပသည် နှိုးဆော် တိုက်တွန်းပြီးလျှင် သံဃာတော် ငါးရာတို့ကို ရွေးချယ်၍ ရှင်မဟာကဿပ အမှူးရှိသော ထို သံဃာတော် ငါးရာတို့ သံဂါယနာတင်ခဲ့ပုံ အကြောင်းအရာများကို ပြဆိုထား သော ပဉ္စသတိကက္ခန္ဓကကို နိဒါန်း နိဒ္ဒေသနှင့် တကွ မေးမြန်းပေအံ့၊ ဤ ပဉ္စသတိကက္ခန္ဓက၌ မြတ်စွာဘုရား၏ ပညတ်တော်များနှင့် သက်ဆိုင်သော အာပတ်တို့သည် အဘယ်မျှ ရှိပါကုန်သနည်း ငါ့ရှင်॥

အဖြေ॥ ॥နိဒါန်း နိဒ္ဒေသနှင့်တကွ ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီး နောက် သုံးလမြောက်မှ အစပြု၍ ပရိကံ အဝင်ဖြင့် စီမံခဲ့သော ငါးရာသော မထေရ်မြတ်တို့ ပဌမ သံဂါယနာ တင်ပုံကို ဖော်ပြသော ပဉ္စသတိကက္ခန္ဓကကို ဖြေကြား လျှောက်ထားပါမည်၊ ဤခန္ဓက၌ ပါရှိသော ရှေးဝိနည်း ဒေသနာ တော်တို့မှလာသော သဗ္ဗညု ရွှေနှုတ်တော်ထွက် စကားရပ်တို့နှင့် စပ်ဆိုင်သော အာပတ်အစုကား တစုံတခုမျှ မရှိ ဖြစ်ပါသည် အရှင်ဘုရား॥

**ပဉ္စသတိကက္ခန္ဓက ပြီး၏**

# ၁၂—သတ္တသတိကက္ခန္ဓက

## ဒုတိယ သံဂါယနာ စပ်ဆိုင်ရာ အကျဉ်းချုပ်

ပုစ္ဆာ။ ။သတ္တသတိကံ ပုစ္ဆိဿံ၊ သနိဒါနံ သနိဒ္ဒေသံ။
သမုက္ကဋ္ဌပဒါနံ အာဝုသော ကတိ အာပတ္တိယော။

ဝိဿဇ္ဇနာ။ ။သတ္တသတိကံ ဝိဿဇ္ဇိဿံ၊ သနိဒါနံ သနိဒ္ဒေသံ။
သမုက္ကဋ္ဌပဒါနံ ဘန္တေ န ကတမာ အာပတ္တိ။ ။

အမေး။ ။မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးနောက် အနှစ်တရာ မြောက်သော အခါကာလ၌ အရှင်ယသ နှိုးဆော်၍ ရဟန္တာ ခုနစ်ရာတို့ ပါဝင်လျက် ဒုတိယ သံဂါယနာကို တင်ကြ၏၊ ထို ရဟန္တာ ခုနစ်ရာ ပါဝင်သော ဒုတိယ သံဂါယနာတင်ပုံ အကြောင်းအရာ များကို ဖော်ပြထားသော "သတ္တသတိကက္ခန္ဓက" ကို နိဒါန်း နိဒ္ဒေသနှင့် တကွ မေးမြန်းပေအံ့၊ ထို သတ္တသတိကက္ခန္ဓက၌ မြတ်စွာဘုရား၏ ပညတ်တော်များနှင့် သက်ဆိုင်သော အာပတ်တို့သည် အဘယ်မျှ အပြားရှိပါကုန်သနည်း ငါ့ရှင်။

အဖြေ။ ။နိဒါန်း နိဒ္ဒေသနှင့်တကွ ခုနစ်ရာသော ရဟန္တာ မထေရ်မြတ်တို့ ဒုတိယသံဂါယနာ တင်ပုံကို ပြသော သတ္တသတိကက္ခန္ဓကကို ဖြေကြားလျှောက်ထားပါမည်၊ ဤခန္ဓက၌ မြတ်စွာဘုရား ရွှေနှုတ်တော်ထွက် စကားတော်နှင့် စပ်ဆိုင်သော အာပတ် အမျိုးအစားကား တစုံတခုမျှ မရှိဖြစ်ပါသည် အရှင်ဘုရား။

ဒုတိယ သံဂါယနာ စပ်ဆိုင်ရာ အကျဉ်းချုပ် ပြီး၏

**စူဠဝါပါဠိတော် အမေးအဖြေ ပြီးပြီ**

## ယခု သံဂါယနာတင်သည့် ဝိနည်းပိဋကတော်ကို

# စိစစ်ခက်းမျာ:

### ဝိနည်းဒေသနာတော်ကို အဘယ်ပုဂ္ဂိုလ် ဟောကြားပညတ်ခဲ့သနည်း

ပုစ္ဆာ။ ။ကဿ အာဝုသော ဝစနံ။

ဝိဿဇ္ဇနာ။ ။ဘဂဝတော ဘန္တေ ဝစနံ အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အမေး။ ။ဤဆဋ္ဌသံဂါယနာ ပဌမသန္နိပါတ စ၍ ဖွင့်သော နေ့ရက်မှ စ၍ မေးခဲ့ဖြေခဲ့သော ဥဘတောဝိဘင်း, ခန္ဓကတို့၌ ပါဝင်သော ပညတ်တော် ပညတ်ချက်, ခွင့်ပြုချက် ဩဝါဒစကားရပ် အစုသည် အဘယ်ပုဂ္ဂိုလ်၏ စကား ဖြစ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ပူဇော်အထူးကို ခံတော် မူထိုက်သော မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် ဥဇုယျခ်ါးပါး ခပ်သိမ်းသော တရားတို့ကို ပိုင်းခြား ကုန်စင် သိမြင်တော်မူသော သဗ္ဗညု ရှင်တော်ဘုရား၏ စကားတော် စင်စစ် ဖြစ်ပါသည် အရှင်ဘုရား။

---

### သိက္ခာ သုံးပါးကို ကျင့်သုံးဆဲ ပုဂ္ဂိုလ်

ပုစ္ဆာ။ ။ကေ အာဝုသော သိက္ခန္တိ။

ဝိဿဇ္ဇနာ။ ။သေက္ခာ စ ဘန္တေ ပုထုဇ္ဇနကလျာဏကာ စ သိက္ခန္တိ။

အမေး။ ။ဤမြတ်စွာဘုရား၏စကားတော်နှင့် စပ်လျဉ်း၍ သိက္ခာပုဒ် သုံးပါး ပြည့်စုံအောင် ကျင့်ဆဲဖြစ်သော ပုဂ္ဂိုလ်တို့ကား အဘယ်ပုဂ္ဂိုလ်တို့ ဖြစ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်လေးယောက်, အောက် ဖလဋ္ဌာန် ပုဂ္ဂိုလ် သုံးယောက် ခုနစ်ပါးသော အရိယာပုဂ္ဂိုလ်တို့နှင့် တကွ ကလျာဏ ပုထုဇဉ် သီလဝန် အရှင်သူမြတ်တို့သည် ဤ ဝိနည်းဒေသနာတော်လာ သိက္ခာတရား တို့ကို ကျင့်သုံးဆဲ ဖြစ်တော် မူကြပါကုန်သည် အရှင်ဘုရား။

## ကျင့်သုံးပြီး ပုဂ္ဂိုလ်

ပုစ္ဆာ။ ။ကေ အာဝုသော သိက္ခိတသိက္ခာ။

ဝိဿဇ္ဇနာ။ ။အရဟန္တော ဘန္တေ သိက္ခိတသိက္ခာ။

အမေး။ ။ဘယ်ပုဂ္ဂိုလ်တို့သည် သိက္ခာသုံးပါးကို အပြည့်အစုံ ကျင့်ပြီးသော ပုဂ္ဂိုလ်များ ဖြစ်ပါကုန်သနည်း ငါ့ရှင်။

အဖြေ။ ။ရဟန္တာ အရှင်သူမြတ်တို့သည် သိက္ခာသုံးပါးကို အပြည့်အစုံ အကုန်မချန် ကျင့်ပြီး ပုဂ္ဂိုလ်တို့ ဖြစ်တော်မူကြပါကုန်သည် အရှင်ဘုရား။

---

## ဝိနည်းပညတ်တော် တည်ရာပုဂ္ဂိုလ်

ပုစ္ဆာ။ ။ကတ္ထ အာဝုသော ဌိတံ။

ဝိဿဇ္ဇနာ။ ။သိက္ခာကာမေသု ဘန္တေ ဌိတံ။

အမေး။ ။ဘယ်ပုဂ္ဂိုလ်တို့၏ သန္တာန်၌ တည်ပါသနည်း ငါ့ရှင်။

အဖြေ။ ။သိက္ခာ သုံးပါးကို လိုလား တောင့်တတော် မူကြသော ရှင်ရာဟုလာ မထေရ်, ထိုမထေရ်ကဲ့သို့ပင် သိက္ခာ သုံးပါးကို လိုလား တောင့်တတော်မူကြသော ထိုမထေရ်မြတ်၏ ညီတော် အစဉ်အဆက် ဖြစ်တော်မူကြသော သိက္ခာကာမ မထေရ်သူမြတ်တို့၏ သန္တာန်၌ တည်ရှိပါသည် အရှင်ဘုရား။

---

## ဝိနည်းဒေသနာကို စောင့်ဆောင်ခဲ့သည့် ပုဂ္ဂိုလ်များ

ပုစ္ဆာ။ ။ကေနာဝုသော အာဘတံ။

ဝိဿဇ္ဇနာ။ ။ပရမ္ပရာယ ဘန္တေ အာဘတံ။

အမေး။ ။ဤ ဝိနည်းဒေသနာစကားတော်ကို အဘယ်ပုဂ္ဂိုလ်သည် မပျောက်မပျက်ရအောင် ဆောင်ရွက်လာခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဤ ဝိနည်းဒေသနာတော်လာ ဓမ္မက္ခန္ဓာပေါင်း နှစ်သောင်း တထောင် (၂၁၀၀၀) တို့ကို ပဌမသံဂါယနာ တင်ရာကာလ အရှင်မဟာကဿပ, အရှင်ဥပါလိ, အရှင်အာနန္ဒာ မထေရ် သူမြတ်တို့မှ အစ ယခုအခါ ဆဌသံဂါယနာ တင်ရာကာလ သံဂီတိပါမောက္ခ, သံဂီတိနာယက, သံဂီတိကာရက မထေရ်သူမြတ်တို့တိုင်အောင် အဆက်ဆက်သော ထေရဝါဒီ မထေရ်သူမြတ်တို့ မပျောက်မပျက်ရအောင် စောင့်ဆောင် ထိန်းသိမ်းတော်မူခဲ့ကြပါသည် အရှင်ဘုရား။

# ပဌမသန္နိပါတ, အခါတော် ဆိုင်ရာ ဝိနယပိဋက အမေးအဖြေ ပြီးပြီ

---

စိရံ တိဋ္ဌတု သဒ္ဓမ္မော၊

နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်။ ၂၆-၁၂-၅၅